www.burmeseclassic.com

ရွှေစာပေတိုက်

# ဇဝန

## ဝတ္ထုတိုပေါင်းချုပ်(၂)




www.burmeseclassic.com

www.burmeseclassic.com

ရွှေစာပေတိုက်

BURMESE CLASSIC .com

# ဝေဒ

## ဝတ္ထုတိုပေါင်းချုပ် (၂)

ရွှေစာပေတိုက်
၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း- ၂၂၁၉၅၇၊ ၂၈၂၀၂၃။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ··· ၄၈၁/၂၀၀၂ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ··· ၉၀၃/၂၀၀၂ (၁၀)

ပထမအကြိမ်
၂၀၀၂၊ နိုဝင်ဘာလ
အုပ်ရေ (၁၀၀၀)
တန်ဖိုး - ၁၅၀၀ ကျပ်
အဖုံးဒီဇိုင်း - ရွှေ

ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ၊ အမှတ်(၅)၊ တင့်ဆန်းလမ်း၊
ဌတ္တလစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မှ ထုတ်ဝေ၍
ဦးနိုင်နိုင်ဦး၊ ရွှေပုံနှိပ်တိုက် (၀၅၇၀၁)၊ အမှတ်(၅)၊ ကြာညိုလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်၊ ဖုန်း- ၂၉၂၀၂၃ တွင် ပုံနှိပ်သည်။

ရွှေစာပေတိုက်
၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း-၂၂၁၉၅၇၊ ၂၉၂၀၂၃။

## မာတိကာ

ဇဝန၏ စာပေဘဝဖြစ်စဉ်အကျဉ်း
ရွှေစာပေ၏ အမှာစာ
၁။ ချစ်ရွှေလှာ ၁
၂။ ချစ် - ချစ် - ချစ်လို့ ၁၅
၃။ ကျွန်မလူ ၂၉
၄။ သတို့သမီး ၄၃
၅။ မဖိုခေါ်သံ ၅၉
၆။ ပြေးနိုင်မှ လွတ်မပေါ့ ၇၉
၇။ ထင်မိယောင်များ ၉၇
၈။ ကျွန်တော့်မိန်းမ ၁၀၃
၉။ အိုကြာကွေး ၁၂၁
၁၀။ ဝတ်လုံတော်ရ ၁၃၉
၁၁။ ရောင်နီပေါ်တွန်လာခဲ့ပြီ ၁၆၃
၁၂။ ဇာတ်လိုက်လုပ်မယ် ၁၇၉
၁၃။ အရုပ်ဆိုးမ ၂၀၃
၁၄။ ကျေးဇူးရှင် ၂၂၁
၁၅။ သူနိုးပါတော့ ၂၄၃

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဆရာဇဝန၏ စာပေဘဝဖြစ်စဉ်အကျဉ်း

၁၉၁၁ခုနှစ် (၁၂၇၃ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ရက်) တနင်္ဂနွေနေ့တွင် ပြည်မြို့၌ မွေးဖွားခဲ့သည်။

ဆရာကြီးသည် အသက်(၁၃)နှစ်အရွယ်၊ ၁၉၂၄ ခုနှစ်၊ ဂတန်းကျောင်းသားဘဝတွင် ဘားမားဘွိုင်းမဂ္ဂဇင်း၌ 'ဓာနည်ဘွား' ဝတ္ထုဖြင့် စာပေလောကသို့ စတင်ခြေချနိုင်ခဲ့သည်။ ၁၉၂၇၊ ဖွန်လထုတ် လန်ဒန်အတ်မဂ္ဂဇင်းတွင် 'ရန်ကုန်သူ' ဝတ္ထုတိုကို 'ဇဝန' ကလောင်အမည်ဖြင့် စတင်ရေးသားခဲ့သည်။ ဆရာဇဝနသည် တက္ကသိုလ်ကျောင်းသားဘဝတွင် ကာတွန်းဦးဟိန်စွန်း၊ ကာတွန်းဦးဘဂျမ်း၊ ပန်းချီဦးစံဝင်း၊ ဆရာဦးဝန် (မင်းသုဝဏ်) တို့နှင့် တစ်တန်းတည်းတက်ခဲ့သူ၊ အနုပညာမိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ ပုဂံကျောင်းဆောင်တွင်နေစဉ် သိပ္ပံမောင်ဝထုတ်ဝေခဲ့သော ပုဂံလက်သီးစာစောင်ကို ဆက်လက်ထုတ်ဝေရာ၌ ပါဝင်ခဲ့သည်။

ဆရာဇဝနသည် ဝတ္ထုတို/ရှည်၊ ဆောင်းပါးမျိုးစုံတို့ကို ရေးသားခဲ့သည်သာမက သတင်းစာ အယ်ဒီတာ၊ မဂ္ဂဇင်းအယ်ဒီတာ၊ ဂျာနယ်အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာ၊ ကာတွန်းဆရာ၊ ဓာတ်ပုံဆရာ...၊ ဇာတ်ခုံပေါ်တက်၍လည်း ပြဇာတ်တချို့တွင် ပါဝင်သရုပ်ဆောင်ခြင်း စသဖြင့် အနုပညာဘဝမျိုးစုံတွင် ကျင်လည်ခဲ့သည်။ ဇဝနဂျာနယ်၊ ဇဝနသတင်းစာတို့ကို ကိုယ်တိုင်ထုတ်ဝေခဲ့ပြီး သောကြာစာစောင်၊ ကြေးမုံသတင်းစာ စတင်ထုတ်ဝေရာတွင်လည်း ပါဝင်ခဲ့သည်။ စာရေးဆရာအသင်းတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။

၁၉၈၃၊ မတ်လ(၈)ရက်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ခါနီးအထိ (သောင်းပြောင်းထွေလာ၊ သုတစွယ်စုံ) မဂ္ဂဇင်းတို့တွင် ဆောင်းပါးများရေးသားခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ရွှေစာပေ၏ အမှာစာ

မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့သော ဟာသစာရေးဆရာဟူ၍ လက်ချိုးရေတွက်၍ ရလောက်အောင်ပင် နည်းပါးလှပါသည်။ ယင်းတို့ထဲတွင် 'ဆရာဇဝန' သည် အထင်ရှားဆုံး၊ စာရေးအား အကောင်းဆုံးဖြစ်သည့်အပြင် အနုပညာဘဝမျိုးစုံတို့တွင် ကျင်လည်ခဲ့ဖူးသော ရှားရှားပါးပါး ဟာသစာရေးဆရာပင်ဖြစ်ပါသည်။

*'ဇဝနကား တိုင်းသိ၊ နိုင်ငံသိ စာရေးဆရာဖြစ်သည်ကို အထူးပြောရန်မလိုပေ၊ ဇဝနဆိုသောနာမည်မှာ ဆရာတော်ဘွဲ့ဆန်ဆန်ဖြစ်သော်လည်း နာမည်နှင့်လိုက်လျောစွာ ဟာသဝိဇ္ဇာဟုလည်း အသိအမှတ် ပြုထားကြသည်'* ဟု ဇဝနဂျာနယ် ထုတ်ဝေရာတွင် ဗိုလ်ချုပ်အောင်ဆန်းကပင်လျှင် အမှာစာရေးသား မှတ်ချက်ပြုဖူးသည်။

ယခုစာအုပ်တွင် ဆရာဇဝန၏ ဝတ္ထုတိုများစွာမှ မဂ္ဂဇင်းမျိုးစုံတွင် ရေးသားခဲ့သော ဟာသဝတ္ထုတို (၁၅)ပုဒ်ကို ရွေးချယ် ဖော်ပြထားပါသည်။ ဆက်လက်၍လည်း ထုတ်ဝေသွားရန် စီစဉ်ထားပါသည်။ ဟာသရသကို ပေးစွမ်းနိုင်သောစာများ ရှားပါးနေသော ယခုလိုအချိန်မျိုးတွင် ဆရာဇဝန၏စာအုပ်သည် ဟာသစာပေ ပြန်လည်ဦးမော့လာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်မည်ဖြစ်သည့်အပြင် စာဖတ်သူတို့အား ဘဝအမောပြေစေနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ရွှေစာပေ

## ချစ်ရွှေလှ

ဖေခင်၏ စာကိုဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် တင်ညွန့်၏စိတ်ထဲတွင် ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို မအီမလည်ကြီး ဖြစ်၍နေလေ၏။ သို့ရာတွင် တင်ညွန့်မှာ အမှန်အားဖြင့် ဝမ်းမနည်းချေ။ မိမိနှင့် ဂုဏ်ရည်တူဖြစ်လျက် ရုပ်ရည်မှာလည်း ချောမောသန့်စင်သည့်အပြင် လက်ရှိအလုပ်အကိုင်နှင့်ဖြစ်သော လူပျိုတစ်ဦးတစ်ယောက်၏ စာပေးခံရခြင်းမှာ ဘာမှရှက်စရာ၊ ဝမ်းနည်းစရာမဟုတ်သည်ကို တင်ညွန့်သည် ကောင်းစွာစဉ်းစားမိလေ၏။ ထိုသို့ဝမ်းနည်းစရာမဟုတ်ဘဲလျက် ရှက်ကြောက်ဝမ်းနည်းသလိုလို ဖြစ်ပွားမိခြင်းမှာ မိန်းမတို့မွေတာ ရှက်စရာမဟုတ်သည်ကို ကြံကြံဖန်ဖန်တွေး၍ ရှက်တတ်ခြင်း၊ သာမညအားဖြင့် ရှက်စရာကောင်းခြင်းကိုပင် တစ်ဆိတ်တစ်အိတ်ဖွဲ့၍ အရှက်အကြောက်ကြီးခြင်းတို့ကြောင့် ရှက်စရာကြီးဟု အောက်မေ့မိခြင်းဖြစ်လေ၏။

အမှန်အတိုင်း ထုတ်ဖော်ရေးသားရမည်ဆိုသော် ထိုသို့ လူပျိုတစ်ဦးတစ်ယောက်ထံမှစာကို အပျိုတည်းဟူသော တင်ညွန့်၏လက်ထဲသို့ ရောက်ရှိလာခြင်းသည် တင်ညွန့်အား ဝမ်းသာ၍မဆုံးနိုင်ကဲ ရှိစေတော့၏။

တစ်ဦးတစ်ယောက်သော ယောက်ျားပျို၏ချစ်ခြင်းကို ခံယူရရှိခြင်းသည် တစ်စုံတစ်ခုသော ကောင်းသည့် အချက်ကလေးသော်သည်းကောင်း၊

www.burmeseclassic.com



အချက်ကလေးများသော်လည်းကောင်း ရှိ၍သာလျှင် ယောက်ျားပျိုကလေးတို့၏ ချစ်ကြိုက်ခြင်းကို ခံယူရရှိခြင်းပင်ဖြစ်ပေရာ ထိုသို့ ဖေခင်ချစ်ကြိုက်ခြင်းခံရခြင်းသည် မိမိ၌ တစ်စုံတစ်ရာ ကောင်းသောအချက်ရှိ၍သာ ဖြစ်လေသည်ဟု တင်ညွန့်၏စိတ်ထဲတွင် ယူဆမိပေ၏။ ထိုသို့ချစ်ခြင်းသည် မိမိ၏ရုပ်ရည်လှပခြင်းကြောင့်လော၊ ဥစ္စာပစ္စည်းရှိသည်ဟု ထင်မြင်ခြင်းကြောင့်လောဟူသောမေးခွန်းများသည် တင်ညွန့်၏ဦးနှောက်တွင်းဝယ် တစ်ခုပြီးတစ်ခုပေါ်ပေါက်လာလေ၏။

'ငါလှလို့ ငါ့ကိုချစ်တာ၊ ရည်းစားစာ ပေးတာပဲ' ဟူသော စိတ်မျိုးသည် ရည်းစားစာပေးခြင်းခံရသူတို့၏ စိတ်ထဲ၌ ရှိမြဲမွေ့တာဖြစ်ပေရာ တင်ညွန့်မှာ မိမိ၌ စွဲမက်လောက်အောင် လှပသောရုပ်အဆင်းနှင့် အရည်အချင်းရှိ၍သာလျှင် ထိုသို့ စာပေးခြင်းဖြစ်သည်ဟု ယူဆမိပေ၏။ ထိုသို့ ယူဆခြင်းသည် ရည်းစားထားမိသူတိုင်း၏ စိတ်၌ဖြစ်တတ်သောကြောင့်လောဟု စဉ်းစားဖွယ်ရာရှိ၏။

တင်ညွန့်သည် မိမိကိုယ်ကို လှသည်၊ ချောသည်ဟု ယခင်က မထင်မိခဲ့ပေ။ ဖေခင်၏စာကို ရသည့်အခါတွင်မှ မိမိ၏အလှဂုဏ်ကို မာနတက်ကြွမိသည့်အပြင် ဖေခင်၏စာထဲ၌လည်း 'နှမ၏ လှပသောရုပ်ပါရုံကို မြင်ရသည့်နေ့မှစ၍ မောင့်မှာ မနေနိုင်၊ မထိုင်နိုင် ဒေးမှိုင်တွေဝေ၍...' အစရှိသဖြင့် ရေးလိုက်သည့်စာကလည်း နတ်ရှူးဖုံဆော်သလို တင်ညွန့်၏မာနကို ပိုမိုတက်ကြွအောင် မြှောက်ပင့်ပေးလိုက်သကဲ့သို့ ရှိချေတော့၏။ မိန်းကလေးပေါင်း မြောက်မြားစွာရှိသည့်အထဲမှ မိမိသာလျှင် ဖေခင်၏အချစ်ကို ခံယူရခြင်းသည် ရွေးကောက်ပွဲ မကျင်းပရဘဲလျက် အားလုံးသော မိန်းကလေးတို့ထက် မိမိသာသည်ဟု ရွေးချယ်လိုက်ခြင်းခံရသကဲ့သို့ ရှိပေ၏။

ထိုသို့ တင်ညွန့်သည် ဖေခင်၏စာကို အထပ်ထပ်ဖတ်ရင်း ဝမ်းသာ၍မဆုံးနိုင်ဘဲရှိရာက ငါဘယ်လို စာပြန်လိုက်ရပါမည်နည်းဟူသော ပြဿနာသည် တင်ညွန့်အား ဝေခွဲဆုံးဖြတ်၍မရနိုင်သကဲ့သို့ ရှိစေလေတော့၏။ အမှန်အားဖြင့် တင်ညွန့်သည် ဖေခင်၏စာကို ပြန်ရာတွင် ချစ်သည်၊ မချစ်ဘူးဟူသော အချက်နှစ်ခုတွင် တစ်ခုခုကို ရေးသားလိုက်ရန်ပင်ရှိလေ၏။ ထိုအချက်များကို



ရေးသားရန်မှာ ရှေးဦးစွာ မိမိ၏စိတ်ထဲတွင် ဖေခင်အား ချစ်၊ မချစ်ကို မေးမြန်းရန်ရှိလေရာ ထိုမေးခွန်း၏အဖြေမှာ ချစ်သည်ဟူ၍ပင် ဖြစ်ဖြစ်၊ မချစ်ဟူ၍ဘဲဖြစ်ဖြစ် ထိုအကြောင်းနှင့်ပတ်သက်ပြီး စာရေးရမည်ကိုပင် ရှက်၍နေသောကြောင့် ဘာမျှမရေး၊ ဘာမျှမပြန်ဘဲ နေလိုက်မည်ဟု စိတ်ကူးမိ၏။

သို့ရာတွင် ဖေခင်၏စာထဲ၌ ပါရှိသည့်အချက်များအရ ဖေခင်မှာ မိမိ၏အဖြေကို အလွန်တောင့်တလျက်ရှိသည့်ပြင် မိမိအတွက် အတော်ပင် သနားဖွယ်ရာဖြစ်၍နေသည်မှာ အကယ်ပင်ဖြစ်လိမ့်မည်ဟု ယုံကြည်ခြင်းအားဖြင့် ဖေခင်၏စိတ်ထဲတွင် ရှင်းလင်းကျေနပ်သွားစေရန် စာပြန်ကြားသင့်သည်ဟု နှလုံးပြုမိလေ၏။ ထိုသို့နှလုံးပြုကာ စာပြန်ရန် ဆုံးဖြတ်ပြီးသည့်နောက်တွင် ဖေခင်အား ချစ်၊ မချစ်ဆိုသည့်အချက်ကို ဆုံးဖြတ်ဖို့ လို၍နေလေ၏။

သို့ဖြစ်၍ ဖေခင်အား ချစ်သလောဟူသော မေးခွန်းကို ရှေးဦးစွာ တင်သွင်းလိုက်ရာတွင် အဖြေကိုပေးရန် ရှက်သကဲ့သို့လည်းကောင်း၊ အဖြေမရှိသကဲ့သို့လည်းကောင်း၊ မေးခွန်းတင်သွင်းရန်ပင် မလိုသကဲ့သို့လည်းကောင်း စိတ်ထဲ၌ဖြစ်ပွားလာသဖြင့် ထိုသို့စိတ်၌ဖြစ်ခြင်းသည် မချစ်ခြင်းကို ပြသခြင်းပင်ဖြစ်သည့်အတွက် ချစ်ကြောင်း စာထဲတွင်ထည့်ရေးဖို့မလိုဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။ ထိုသို့ဖေခင်အား မိမိချစ်ကြောင်းကို စာပြန်ရန်မရှိလျှင် မချစ်သည့်အကြောင်းကို ဘပြန်ရန်ရှိရာ အကယ်ပင်မချစ်ဘူးလောဟု မေးခွန်းကို တင်သွင်းလိုက်ပြန်သည့်အခါတွင် မည်သို့ဖြေရမည်ကို မသိသကဲ့သို့ ရှိသွားမိလေ၏။

အကယ်ပင် မချစ်ဘူးလောဟု ဆိုပြန်သည်ရှိသော် မချစ်ဘူးဟူသော အဖြေကိုပေးရန် တင်ညွန့်၌ များစွာဝန်လေးနေပေတော့၏။ သို့ရာတွင် ချစ်သည်ဟု မဖြေနိုင်သည့်အတွက် မချစ်ဘူးဟူ၍သာ ဖြေဆိုရန်ရှိသည့်အပြင် ချစ်သည်ဟုဆိုပြီးမှ ပြင်၍မရနိုင်။ မချစ်ဘူးဆိုပြီး ပြင်လျှင်ရနိုင်သေးသည်ဟု ဆင်ခြေပေးကာ မချစ်ကြောင်း စာပြန်ရန် စိတ်ပိုင်းဖြတ်မည်ပြုပြီးမှ အကယ်၍ မိမိက မချစ်ဘူးဟု ဆိုလိုက်သဖြင့် ဖေခင်စိတ်လျှော့၍သွားကာ၊ မိမိကိုပယ်ရှားသွားပြီးသည့်အခါကျမှ မိမိစိတ်ထဲ၌ မေတ္တာစိတ်ဝင်၍လာလျှင် ယခင်စကားကိုပယ်၍

www.burmeseclassic.com



ရနိုင်မည်မဟုတ်၊ ပယ်၍ရနိုင်သည်ဆိုစေကာမူ မိမိချစ်ကြိုက်လာသည့်အခါတွင်မှ မိမိအပေါ်တွင် ဖေခင်အချစ်စိတ်ကုန်ကာ အခြားတစ်ဦးတစ်ယောက်အပေါ်တွင် ၎င်း၏အချစ်ကို အပ်နှင်းမိနေပြီဖြစ်ခဲ့သော် မိမိမှာ ကြီးစွာစိတ်မချမ်းသာစရာ ဖြစ်ရတော့မည်ကို စဉ်းစားမိပြန်သည်။ သို့ရာတွင် တင်ညွန့်သည် မိမိ၏စိတ်ကို မိမိနိုင်နင်းသည်ဟုယုံကြည်ကာ မိမိ တစ်ခါဆုံးဖြတ်မိလျှင် ပြင်မည်မဟုတ်ဟု အောက်မေ့လျက် မချစ်ကြောင်းကို စာပြန်ကြားလိုက်ရန် အဆုံးသတ် ဆုံးဖြတ်လိုက်လေ၏။

ထိုသို့ ဆုံးဖြတ်ချက်ချပြီးသည့်နောက် မိမိသည်မချစ်ဟူ၍ သာမည အားဖြင့် ပြန်၍မဖြစ်နိုင်၊ အဘယ်အကြောင်းကြောင့် မချစ်နိုင်သည်ကို အကြောင်းပြအပ်သည်ဟု နှလုံးပြုကာ မချစ်နိုင်သည့်အကြောင်းများကို ရှာလေ၏။ တင်ညွန့်သည် မိမိစဉ်းစားရသည့်အကြောင်းများကို အခြေအနေ ခိုင်လုံ၊ မခိုင်လုံ ဝေဖန်ပြီးနောက် ခိုင်လုံပြီဟု သဘောရသည်နှင့်တစ်ပြိုင်နက် စာရေးရန် ပြင်လေ၏။

တင်ညွန့်သည်စာရေးလျှင် ပြီးစလွယ် လက်ရေးသော့ဖြင့် ပေါ့ပေါ့ဆဆ ရေးလေ့ရှိပေ၏။ တင်ညွန့်၏စာများတွင် များသောအားဖြင့် ပုဒ်မ၊ ပုဒ်ထီး၊ ပုဒ်ဖြတ်စသည်တို့ထက် ဖျက်ရာက များလေ့ရှိပေ၏။ တစ်ခါတစ်ရံ စာများ ကျန်သည့်နေရာတွင် ကျန်လျက်၊ တစ်ခါတစ်ရံ စာတစ်လုံးကို နှစ်ထပ်ရေးသည့်အခါ ရေးလေ့ရှိရာ တင်ညွန့်၏စာကို ဖတ်ရသူမှန်သမျှ မျက်မှောင်ကြုတ်ကာ မျက်နှာကြက်ကိုမော်၍ စဉ်းစားရလောက်အောင် ဖြစ်စေလေတော့၏။

ထိုသို့သောအကြောင်းများကြောင့် တင်ညွန့်၏စာများမှာ လူဖတ်များသောစာများသာ ဖြစ်ပေ၏။ ထိုသို့လူဖတ်များခြင်းမှာ စာအရေးကောင်းခြင်းကြောင့်မဟုတ်ဘဲ အဓိပ္ပာယ်မရှင်း၊ စဉ်းစား၍မရ၊ ဖတ်ရှု၍မသဲကွဲသည့်အတွက် 'ဒီစကားဟာ ဘာကိုဆိုလိုတာလဲ' ဟု အခြားသူများအား မေးမြန်းပြသရသည့်အတွက်ပင်ဖြစ်ပေ၏။ အကယ်၍သာ တင်ညွန့်လက်ရေးနှင့် သတင်းစာထုတ်ခဲ့လျှင် လူအများဆုံးဖတ်သောသတင်းစာဟု ကြော်ငြာ၍ အကောင်းဆုံးဖြစ်မည်မှာ မလွဲသောအကြောင်းအရာပင် ဖြစ်ပေ၏။



တင်ညွန့်သည် မိမိ၏စာများအကြောင်းကို ကိုယ်တိုင်ကောင်းစွာသိပေ၏။ သို့ဖြစ်သည့်အလျောက် မိမိရေးရိုးရေးစဉ်အတိုင်း ဖေခင်ထံစာပြန်လိုက်လျှင် အဓိပ္ပာယ်မရှင်းသည့်အတွက် မိမိကချစ်သည်ဟု ဆိုလိုသကဲ့သို့ ထင်မြင်သွားမည်ကိုလည်းကောင်း၊ မိမိ၏ မချစ်နိုင်သည့်အကြောင်းပြချက်များကို တလွဲထင်ကာ စိတ်ဆိုးသွားမည်ကိုလည်းကောင်း စိုးရိမ်မိသည့်အတွက် ရေးဦးစွာ စာတစ်ရွက်ဖြင့် အကြမ်းရေးလေ၏။

*'ကိုဖေခင်ရှင့်'*

*ကိုဖေခင်ထံမှ ပေးစာကို ကျွန်မ ဘယ်လိုပြန်ရမည်မသိပါ။ (အမှန်အတိုင်း ပြောခြင်းဖြစ်ပါသည်) ကိုဖေခင်နှင့်ကျွန်မမှာ မောင်ရင်းနှမကဲ့သို့ လွန်စွာချစ်ကြတဲ့လူများဖြစ်တာကို ကျွန်မကောင်းစွာသိပါတယ်။ သို့သော်လည်း ကျွန်မစိတ်ထဲမှာ ဒီအခြေအနေတိုင်း တော်လောက်ပြီလို့ အောက်မေ့ပါသည်။ ဒီစခန်းကို တိုး၍မတက်စေလိုပါ။ ဖွင့်၍ရေးရမည်ဆိုလျှင် ကိုဖေခင်ကို ကျွန်မ အထူးပဲချစ်ပါသည်။ ကြိုက်တော့မကြိုက်နိုင်ပါ။*

*ဘာဖြစ်လို့ မကြိုက်သလဲဆိုတာတော့ ကျွန်မ အကြောင်းမပြချင်ပေမယ့် ကိုဖေခင် အင်မတန်သိချင်နေမှာမို့ ရေးလိုက်ရပါတော့သည်။ ကျွန်မ အကြောင်းပြချက်များသည် ကိုဖေခင်၏စိတ်ကို ထိခိုက်နာကျင်စေလေမည်လား မသိပါ။ သို့သော် ကျွန်မ မချစ်ကြိုက်ရခြင်းမှာ ကျွန်မ၏အပြစ်မဟုတ်ဘူးလို့ အောက်မေ့ပါသည်။ ပထမဆုံးအချက်မှာ ကျွန်မစိတ်ထဲမှာ ယောကျ်ားဆိုလျှင် ယောကျ်ားပီသစေချင်ပါသည်။ ကိုဖေခင်မှာ ကြောက်ရွံ့တတ်ပြီး မိန်းမရှာနှင့် အင်မတန်တူသည်ဟု အောက်မေ့ပါသည်။ ကျွန်မကို စိတ်မဆိုးပါနှင့်။ ကျွန်မစိတ်ထဲက ထင်မြင်ခြင်းမှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကျွန်မအပြစ်လို့ ဆိုနိုင်ပါ့မလား။ နောက်ပြီး ဒုတိယအချက်ကတော့ ကိုဖေခင်ဟာ ကိုဖေခင်ရတဲ့ ဝင်ငွေကလေးနဲ့ အိုးအိမ်ထူထောင်ပြီး တင့်တင့်တယ်တယ် နေနိုင်မည့်ပုံမရပါ။ ကျွန်မ ငွေကိုမက်၍ ရေးလိုက်ခြင်းမဟုတ်ပါ။ 'ထမင်းရည်ကို အတူလျက်ရ လျက်ရ' ဆိုတဲ့စကားမျိုးကို ကျွန်မ မယုံနိုင်ပါ။ ကျွန်မ*

www.burmeseclassic.com



ကိုဖေခင်ကို တကယ်ချစ်ဦးတော့၊ ငွေမရှိလျှင်ကား မယူနိုင်ဘဲ တင့်တင့်တယ်တယ် နေနိုင်သည့် အခြေအနေထိ စောင့်ပါဦးမည်။

ကျွန်မရေးလိုက်တာကို စဉ်းစားကြည့်လျှင် ဟုတ်ကြောင်းကို တွေးမိပါလိမ့်မည်။ စာကိုဖတ်၍ စိတ်မပျက်ပါနှင့်။ ကျွန်မ ဘွင်းဘွင်းကြီး ရေးတတ်၊ ပြောတတ်သည့်ဝါသနာအတိုင်း ရေးလိုက်၍ ကိုဖေခင်စိတ်ထဲမှာ ထိခိုက်နာကျင်ခဲ့လျှင် များစွာဝမ်းနည်းစွာဖြင့် စိတ်မဆိုးရန် တောင်းပန်ပါသည်။ ကျွန်မထက်သာသည့် မိန်းကလေးများထဲက ကိုဖေခင်အား ချစ်နိုင်မည့်သူ ရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ညွန့်

ထိုအကြမ်းရေးလိုက်သည့်စာမှာ မည်သူမျှ ဖတ်နိုင်မည်မဟုတ်ပေ။ တင်ညွန့်မှုကား မိမိစာကို ကောင်းစွာပြန်လည်ဖတ်နိုင်ကာ ထိုသို့ပြန်လည်ဖတ်ရှုပြီးသည်တွင် မိမိရေးသားလိုက်ပုံများကို များစွာကျေနပ်မိလေ၏။ စာထဲ၌ မိမိစိတ်၌ ရှိသမျှတို့ကို ပြောင်ပြောင်တင်းတင်း ဘွင်းဘွင်းကြီး ရေးလိုက်ပြီဖြစ်၏။ ပြောင်ပြောလျှင် အခံရခက်သည့်အတိုင်း တင်ညွန့်သည် ဖေခင်၏စိတ်ကို သက်သာစေနိုင်သမျှ သက်သာလောက်အောင် ကြိုးစားပြီး ရေးသားလိုက်ပေ၏။ ထိုထက်ပင် ပြောင်ဖွင့်ဖော်ကာ မိမိသည် ဖေခင်အား ကြိုက်ချင်ပါသော်လည်း ထိုသို့ ချစ်ကြိုက်ရန် လန့်မိသည်ဟု ဖြည့်စွက်ရေးသားလိုက်ဦးမည်ဟု စိတ်ကူးမိသေးပြီးမှ မတော်ဘူးထင်ပါရဲ့လေဟု အောက်မေ့ကာ မထည့်ဘဲ ထားလိုက်လေတော့၏။

ထိုသို့ ယခုရေးပြီးသည့်အတိုင်း ကျေနပ်လောက်ပြီဖြစ်၍ တင်ညွန့်သည် စာတစ်ရွက်အသစ်ထုတ်ကာ အလှကူး၍ ရေးလေ၏။ ယခုရေးရာတွင် ကြောင်ခြစ်သကဲ့သို့ မဟုတ်တော့ဘဲ ကျောင်း၌ လက်ရေးလှသင့်စဉ်က ရေးခဲ့ရသည့်နည်းအတိုင်း လူတိုင်းဖတ်နိုင်မည့် စာလုံးလုံးဝိုင်းဝိုင်းကြီးများကို ပြတ်သားစွာ ရေးလေ၏။ ထိုသို့ရေးရာတွင် အထူးကြိုးစားအားထုတ်၍ ရေးရသည့်အတိုင်း ငယ်မူငယ်ကျင့်ကလေးများပေါ်လာကာ လျှာဖျားကလေးကို



လက်ဝဲဘက် နှုတ်ခမ်းထောင့်စွန်းတွင်ထုတ်ကာ နှုတ်ခမ်းကို စေ့ထားပြီးလျှင် မျက်လုံးနှင့်ခေါင်းသည် ကလောင်တံရွေ့သွားရာသို့ အစဉ်တစိုက်လိုက်၍ နေလေတော့၏။

တင်ညွန့်မှာ ထိုစာကလေးတစ်စောင်ကို ပြီးအောင် ချွေးဒီးဒီးကျလုခမန်း အပင်တပန်း ရေးသားရလေ၏။ စာရေးပြီးသည့်အခါတွင် တင်ညွန့်မှာ သက်မကြီးများပင် ချမိပြီးနောက် တစ်ခေါက် ပြန်လည်ဖတ်မည်အပြုတွင် အခန်းတွင်းသို့ ဝင်လာသောခြေသံများကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မိမိ၏မောင်ကလေးဖြစ်သူ အုန်းမောင်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ရေးထားသောစာကို လက်ဝါးနှင့် အုပ်ထားလိုက်လေ၏။ အုန်းမောင်မှာ အထူးမျက်စိရှင်သူတစ်ယောက်ဖြစ်သဖြင့် တင်ညွန့်မှာ လျှို့ဝှက်သည့်ကိစ္စ မှန်သမျှ အမြဲသတိထားရ၏။

'မမ ဒီနေ့သတင်းစာ ဖတ်ရပြီလား'

တင်ညွန့်သည် အဖြေမပေးသေး။ မိမိ၏စာကို ဖုံးထားသည်မှာ လုံမလုံ ဦးစွာကြည့်ရှုလိုက်ပြီးမှ 'ငါမနက်ထဲက လက်ဖက်ရည်သောက်ရင်း ဖတ်ပြီးပြီ' ဟု စိတ်မပါတပါ ဖြေလိုက်လေ၏။

'ဒို့... ဒီအကြောင်းကို မမ ဖတ်မိရဲ့လား'

'ဘယ်အကြောင်းလဲ'

'ကိုဖေခင် အကြောင်းလေ'

တင်ညွန့်မှာ ဖေခင်၏နာမည်ကို ပြောသံကြားရလျှင် မျက်နှာပျက်၍ သွားလေ၏။ နံနက်က သတင်းစာဖတ်ရစဉ်က ကမန်းကတန်း ဖတ်လိုက်ရသဖြင့် ဖေခင်၏အကြောင်းကို မတွေ့မိပေ။ ထိုသို့ မတွေ့ခဲ့ရသော်လည်း ယခု ဖေခင်၏အကြောင်းကို ကြားရသည့်အခါတွင် ဖေခင်လို လူစားတစ်ယောက် သတင်းစာထဲ၌ ပါနိုင်ရန်မှာ မော်တော်ကား အတိုက်ခံရခြင်း၊ ဓားထိုးခံရခြင်း၊ ဓာတ်ရထားပေါ်မှလိမ့်ကျခြင်း စသည့် ထိခိုက်မှုတစ်စုံတစ်ရာကြောင့်သာလျှင် ပါနိုင်လိမ့်မည်ဟု အောက်မေ့မိကာ စိတ်ထဲတွင် ပူပန်ခြင်းအနည်းငယ်ဖြစ်မိကာ 'ဒဏ်ရာ တော်တော်ကြီးသတဲ့လား' ဟု မေးလိုက်မိလေ၏။

www.burmeseclassic.com



'ဒဏ်ရာ မကြီးလှပါဘူး၊ ထိတောင်ထိမယ် မထင်ဘူး၊ ဟောဒီမှာ ဖတ်ကြည့်စမ်း'ဟု ဆိုကာ အုန်းမောင်သည် လက်ထဲ၌ပါလာသော သတင်းစာကို တင်ညွန့်၏မျက်မှောက်တွင် ချ၍ပေးပြီးလျှင် **'နာမည်ကျော် လူဆိုးတစ်ယောက် လက်ရဖမ်းမိခြင်း'** ဟူသော ခေါင်းစဉ်ဖြင့် သတင်းကို လက်ထောက်၍ ပြလိုက်သဖြင့် တင်ညွန့်သည် ကမန်းကတန်း ဖတ်ကြည့်လိုက်လေ၏။

*ယမန်နေ့ နေ့လယ်တစ်နာရီအချိန်ခန့်တွင် ဂိုက်တဝေးကုမ္ပဏီမှ ခင်းကျင်းပြသထားသောမှန်ခန်းကြီးကို အစောင့်ပြုလုပ်သူအလစ်တွင် ခဲနှင့်ပေါက်ခွဲပြီး နေ့ခင်းကြောင်တောင်ကြီးတွင် လုယက်မှုဖြစ်ပွားရာ ထိုအနီးအနားတစ်ဝိုက်တွင် အတော်ကလေး လှုပ်လှုပ်ရှားရှားဖြစ်သွားကြောင်း၊ ခဲနှင့်ပေါက်ခွဲလုယက်ပြေးသူများမှာ တာမွေအရပ်မှ အသက်(၃၂)နှစ်ခန့်ရှိ စံဖဲဆိုသူနှင့် အရိုးကုန်းမှ အောင်ကြီးဆိုသူတို့ဖြစ်ကြကြောင်း၊ ၎င်းတို့သည် မှန်ခန်းကြီးကို ခဲနှင့်ခွဲလိုက်စဉ် အနီးအနား၌ လမ်းသွားလမ်းလာများရှိကြသော်လည်း ထိုသူတို့မှာ ရုတ်တရက်အံ့အားသင့်ကာ ကြက်သေသေ၍ ငေးစိုက်ကြည့်နေမိကြသည်ဆိုကြောင်း၊ ထိုနောက် ခဲနှင့်ပစ်ခွဲသူများသည် မှန်ခန်းကြီးထဲမှ ပစ္စည်းများကို ဆွဲယူထွက်ပြေးသည်ကို တွေ့ကြရမှ 'သူခိုး... သူခိုး... ပတ်ကရိုး... ပတ်ကရိုး'ဟု အော်ရန် သတိရကြကြောင်း၊ သို့ရာတွင် ထိုသူ၏လက်တွင် ဓားများကို တွေ့မြင်ရသည့်အတွက် မလိုက်ရဲဘဲ ရှိကြသည်ဆိုကြောင်း၊ ထိုအချိန်တွင် ဦးဘိုးလှိုင်ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်သော ကိုဖေခင်ဆိုသူသည် နေ့လယ်လက်ဖက်ရည်သောက်ရန် အလုပ်ဆင်း၍လာခိုက်နှင့် ရင်ဆိုင်တွေ့ရှိသဖြင့် အတင်းဝင်၍ဖမ်းရာ စံဖဲဆိုသူကို လက်ရဖမ်းဆီးရမိလိုက်ကြောင်း၊ အောင်ကြီးမှာမူ လွတ်၍ပြေးကြောင်း၊ တရားခံစံဖဲမှာ သုံးခွမြို့ပုလိပ်တို့ အလိုရှိနေသော နာမည်ကျော်လူဆိုး ဝရမ်းပြေးတစ်ယောက်ဖြစ်သည်ဆိုကြောင်း၊ အောင်ကြီးဆိုသူကိုမူ ပုလိပ်တို့ ဖမ်းဆီးရန် လိုက်လံစုံစမ်းနေဆဲဖြစ်ကြောင်း...။*

တင်ညွန့် သတင်းစာကိုဖတ်၍အပြီးတွင် အုံးမောင်က 'ဘယ်လိုလဲမမ၊ ကျွန်တော်အစက ကိုဖေခင်ကို ဒီလောက်သတ္တိရှိုကာယ်မထင်ဘူး၊ လူကြည့်ရတာ ပျော့ခွေခွေနဲ့၊ နောက်ပြီး'ဟု စကားမဆုံးမီ တင်ညွန့်က 'သွားစမ်းဟယ်၊



နင် ဒီနေရာနားလာပြီး စကားများ မနေစမ်းပါနဲ့၊ ငါ အလုပ်များနေတယ်ဆိုတာ နင်မသိဘူးလား'ဟု ပြောလိုက်လေ၏။

အမှန်ပင် တင်ညွန့်မှာ အလုပ်များ၍နေလေ၏။ အလုပ်များစရာအချက်တစ်ခုမှာ ဖေခင်ထံ မိမိပေးရန်စာကို အသစ်ပြင်၍ရေးရန် ဖြစ်ပေ၏။ မိမိ၏စာထဲတွင် ဖေခင်အား ကြောက်တတ်၍တတ်ပြီး မိန်းမရှာနှင့်တူသည် ဆိုသောအချက်ကို ဖျက်ပစ်ဖို့ရန် အကြောင်းပေါ်၍လာလေ၏။ သို့ဖြစ်၍ ဒီအကြောင်းကို ငါအစကပဲ သိရပါတော့လားဟု ရေရွတ်မိကာ အသစ်တဖန်ပြန်၍ရေးရပြန်လေ၏။

ထိုအကြောင်းကို ဖျက်လိုက်ရာတွင် စာမှာ တို၍သွားလေရာ စာရှည်စေရန် ဖေခင်၏ပိုက်ဆံဥစ္စာအခြေအနေနှင့် မိမိ၏မချစ်ကြိုက်နိုင်ခြင်းကို ဖွဲ့နွဲ့ရေးရန်သာလျှင် ရှိလေတော့၏။ ထိုသို့ပြင်၍ရေးရာတွင် တင်ညွန့်မှာ မိမိ၏စာကို မကြိုက်နိုင်စရာ အချက်နှစ်ခုကို တွေ့ရလေ၏။ ပထမအချက်မှာ မိမိလည်း ငွေကိုမက်ပုံ ပိုမိုထင်ရှားစေသကဲ့သို့ ရှိနေခြင်းဖြစ်ပြီးလျှင် ဒုတိယအချက်မှာ မိမိသည် ဖေခင်အား ယခင်ထက် ရာခိုင်နှုန်း (၅၀)ခန့် အချစ်တိုး၍လာသည်ကို ချက်ချင်းပေါ်ပေါက်တွေ့ရှိလာခြင်းပင် ဖြစ်ပေတော့သည်။ သို့ရာတွင် တင်ညွန့်မှာ အခြားရေးစရာ အကြောင်းမရှိသဖြင့် ထိုအကြောင်းများကိုသာ မဖြစ်နိုင်သည့်ဘက်က အရေးသာအောင် ကြိုးစားပြီးရေးလိုက်ရလေ၏။

တင်ညွန့်မှာ ထိုသို့ရေးရင်းနှင့်ပင် တစ်နေကုန်တော့မည်ဖြစ်လေ၏။ စာကိုလည်း တစ်ရက်ဆိုင်း၍ မထားလိုဘဲ အမြန်ဆုံးနည်းဖြင့် ဖေခင်၏လက်ထဲသို့ ရောက်စေလို၏။ အကယ်၍သာ ဤစာကို နံနက်က မိမိထည့်နိုင်မည်ဆိုလျှင် အင်းစိန်နှင့်ရန်ကုန်မှာ လော်ကယ်စာပို့ရှိသည့်အလျောက် ယခုညနေထည့်လိုက်မှ မနက်ဖြန်နံနက်စောစော ဖေခင်၏လက်ထဲသို့ စာရောက်မည်ဖြစ်သောကြောင့် အချိန်ကုန်မခံနိုင်၊ စာကိုနောက်ထပ် မပြင်နိုင်တော့ဘဲ စာအိတ်ပိတ်လိုက်လေ၏။

ထိုအခိုက်တွင် အိမ်အောက်ထပ်မှ အသံများကိုကြားသဖြင့် မိမိ၏မောင်အကြီးဖြစ်သူ ကျော်စိန် အလုပ်မှပြန်လာသည်ကို သိရပြီးလျှင် ကျော်စိန်

www.burmeseclassic.com

သည် လက်ဖက်ရည်သောက်ပြီး အဝတ်အစားလဲ၍ ရန်ကုန်သို့ ပြန်လည်သွားလိမ့်မည်ကိုသိသဖြင့် ထိုစာကိုထည့်လိုက်ရန် ကျော်စိန်အား ပေးလိုက်လို၍ 'ကိုကို...'ဟု အော်၍ ခေါ်လိုက်လေ၏။

'အညွန့်ရေ ခေါ်သလားဟေ့၊ အေး... လာပြီ'

မကြာမီပင် ကျော်စိန်သည် အပေါ်ထပ်သို့ တက်ရောက်လာကာ 'ဟေ့... ဟိုဒင်း ကြားပြီလား' ဟု မေးလိုက်ရာ ဖေခင်၏အကြောင်းကို ဆိုလို သည်ကို သိရှိသည့်အလျောက် တင်ညွန့်က 'သိပြီးပါပြီ၊ မနက်က သတင်းစာထဲမှာ ပါလာတယ်' ဟု ဖြေလိုက်လေ၏။

'ကိုဖေခင့် အကြောင်းလေ'

'ဟုတ်ပါတယ်'

'ဒါပေမယ့် ဒီအကြောင်းတော့ ဖတ်ရမှာမဟုတ်ဘူး'

'ဘယ်ဒင်းလဲ'

'ကိုဖေခင် ပွဲသွားပြီဆရာ၊ ဒီကနေ့ နေ့လယ်က သူနဲ့လက်ဖက်ရည်ဆိုင်မှာတွေ့တယ်၊ အညွန့်ကိုတောင် တွေ့တဲ့အကြောင်း ပြောလိုက်ပါလို့တောင်မှာလိုက်သေးတယ်၊ သူ့အကြောင်း ဒီနေ့သတင်းစာတွေထဲမှာ အကုန်ပါတယ်၊ သူ့နာမည်ပါတော့ ကုမ္ပဏီနာမည်လဲ အချောင်ကြော်ငြာရတာပေါ့၊ သူ့တို့ကုမ္ပဏီကတော့ သူနဲ့ပတ်သက်ပြီး ပို့က်တဝေးကို ကုန်တွေသွင်းဖို့ နေရာကျတဲ့အတွက် ဒီနေ့ပဲ လခတိုးပေးလိုက်ပြီ၊ ကိုဖေခင်ကြီးတော့ အခုရတဲ့လခနဲ့ မိန်းမကောင်းကောင်းယူနိုင်ပြီ၊ ဘယ်နေ့ သတင်းကြားရမလဲ မသိဘူး'

'ဒါဖြင့် သူကော်တာပေါ့နော်၊ ဝမ်းသာပါတယ်'

'သူဆိုတာတော့ ဝမ်းသာလို့ မဆုံးဘူးပေါ့၊ ဒါနဲ့ခုတင်က ကိုကို့ခေါ်တာဘာလုပ်ဖို့လဲ'

'အို... ဘာမှမဟုတ်ပါဘူး' ဟု တင်ညွန့်က ပြောလိုက်လေ၏။ တင်ညွန့်မှာ ပြင်ဆင်ချက်ပြုလုပ်ထားသောစာကို ယခုတစ်ဖန်ပြန်၍ ထပ်မံပြင်ဆင်ထည့်သွင်းရန် လိုနေပြန်သည်ကို တွေ့ရသဖြင့် မူလပြင်ဆင်ချက်အတိုင်း မပေးလိုက်နိုင်ဘဲရှိလေ၏။ ဖေခင် လခတိုး၍ရပြီကို သိရှိခြင်းသည် သားမယား



တစ်ယောက်ကို တင့်တင့်တယ်တယ်မကျွေးနိုင်ဟူသော စွပ်စွဲချက်ကို ပျက်ပြားစေလေ၏။ သို့အားဖြင့် တင်ညွန့်မှာ ဖေခင်၏အချစ်ကို ငြင်းပယ်ရန်မှာ ၎င်းအား လုံးလုံးမေတ္တာမသက်နိုင်ဟူသော အကြောင်းပြချက်ဖြင့် တင်းတင်းမာမာ ရေးလိုက်ရန်သာ ရှိလေတော့၏။ ထိုသို့မချစ်နိုင်ဟု ရေးလိုက်ရန်မှာလည်း ထိုအကြောင်းကို အထပ်ထပ်စဉ်းစားလေလေ၊ တကယ်ပင် 'မိမိစိတ်ထဲ၌ မချစ်ဘဲနေရှာသလားဟု တဖြည်းဖြည်း မသေမချာ ရှိလာလေလေ ဖြစ်လေတော့၏။

တင်ညွန့်သည် ကျော်စိန်အားကြည့်ကာ 'ကိုကို့ကိုခေါ်တာ စာတစ်စောင် ထည့်ပေးခိုင်းမလို့' ဟု ပြောပြီးနောက် 'ဒါပေမယ့် အခုမှ စိတ်တစ်မျိုးပြောင်းသွားလို့ အသစ်ပြန်ရေးမယ်လို့ စိတ်ကူးတယ်' ဟု ပြောပြလေ၏။

'အို... ဘာလုပ်ဖို့ အသစ်ရေးနေတော့မလဲ၊ ရေးချင်တာရှိတဲ့ဟာကို အောက်နားက ဆက်ပြီး ရေးလိုက်ပါတော့လား၊ မိန်းကလေးတွေစာရေးရင် ဒီလိုချည်းရေးတတ်တာပဲ'

'ဟင့်အင်း၊ ဒီလိုမဖြစ်ဘူး၊ အသစ်ရေးမှဖြစ်မှာ'

'ဒါဖြင့်ရင် ကိုကိုတော့ မစောင့်နိုင်ဘူး၊ ရေးပြီးရင် ကိုယ်ဘာသာကိုယ်သွားထည့်တော့၊ ဒါမှမဟုတ်ရင် အုန်းမောင်ကို ခိုင်း'ဟု ဆိုကာ ကျော်စိန်သည် အခန်းထဲမှထွက်သွားပြီး အပြင်သို့ထွက်ရန် အဝတ်အစားလဲ၍နေလေ၏။

တင်ညွန့်သည် စိတ်အိုက်စွာဖြင့် တတိယမွှ သုံးကြိမ်မြောက်သောစာကို ရေးပြန်လေ၏။ ထိုစာမှာ ပြင်ဆင်ချက်တွေများ၍နေကာ စာသားဘာမျှမရှိဘဲ အလွန်တိုတောင်းနေသည်ကို တွေ့ရလေ၏။ ဖေခင်၏အချစ်ကို ငြင်းပယ်ရန် တစ်ခုတည်းသာ ကျန်ရှိတော့သည်ဖြစ်သော ဆင်ခြေကန်ရန် အချက်က စောစောက အတော်ပင်နိုင်လုံတင်းမာခဲ့သော်လည်း ယခု ထိုအကြောင်းကို ရေးလိုက်ရသည်အခါတွင် မူလကလောက် မတင်းမာရုံမျှမက မူလရှိရင်းစွဲ၏ တစ်ဝက်မျှပင် မတင်းမာဘဲရှိချေ၏။ သို့ဖြစ်၍ တင်ညွန့်မှာ ထိုစာကိုပင် ပေးလိုသောစိတ်မရှိတော့ဘဲ ဖေခင်၏အချစ်ကို လက်မခံဘဲ နေမည့်အတူတူ စာဖြင့်ရေး၍ ဖေခင်အား စိတ်မကောင်းခြင်းကို ဖြစ်စေခြင်းထက် စာမပေးဘဲ နေလိုက်ခြင်းဖြင့် ၎င်း၏အချစ်ကို လက်မခံကြောင်း

www.burmeseclassic.com



သိစေခြင်းသည်သာလျှင် ပိုမို၍ကောင်းလိမ့်မည်ဟု နှလုံးပြုကာ စာမရေးဘဲ နေလိုက်ရန် ကြံမိလေ၏။

ထိုအခိုက်တွင် ကျော်စိန် အိမ်အောက်ထပ်သို့ ဆင်းသွားသောခြေသံများကိုကြားရပြီးလျှင် ကျော်စိန်နှင့်အုန်းမောင်ညီအစ်ကိုနှစ်ယောက် အငြင်းအခုံ ပြုလုပ်နေသံကို ကြားလိုက်ရလေ၏။

'ဟင့်အင်း... ငါပြန်ပြီးမတက်ချင်ဘူး၊ မင်းကိုယ်တိုင် သွားပြီးပေးပါလား၊ ဘာလဲ လူပျင်းကလေး၊ မင်းအိမ်ပေါ်မှာ အစကတည်းက ရှိစဉ်တုန်းက ဘာဖြစ်လို့ မပေးသလဲ'

'ကျွန်တော် မေမေ့စာမှတ်လို့ ယူထားမိတာ၊ သူ့လက်ရေးက ပီမှမပီဘဲနဲ့၊ ဒါ ဘယ်သူရေးတာမှတ်လို့လဲ၊ ကျောက်ပေါက်မာနဲ့ငနဲမ မမြရှင်ရေးတဲ့စာ၊ သိလား၊ သူရေးရင် ဒါမျိုးချည်းပဲ'

တင်ညွန့်သည် မိမိအားပေးရန်ဖြစ်သည့်စာနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်နေခြင်းကိုသိသောကြောင့် 'မောင်လေးရေ... မမဖို့စာလားဟေ့၊ အိမ်ပေါ်ယူခဲ့ပါလားကွယ်' ဟု အော်၍ပြောလိုက်လေ၏။

'ဟုတ်ကဲ့'

'လိမ္မာသားနဲ့ကွယ်၊ အိမ်ပေါ်ယူခဲ့ပါလား'

'ဒီစာအတွက်နဲ့တော့ အိမ်ပေါ်တက်ရတာ ခြေညောင်းတယ်၊ နောက်ပြီး တခြားဟာလဲမဟုတ်ဘူး၊ မိမြရှင်ပေးတဲ့စာ၊ အလကားစာကြီး'

'အုန်းမောင်၊ နင်ဘာလို့ သူများကို မိုက်မိုက်ရိုင်းရိုင်းခေါ်ရတာလဲ' ဟု တင်ညွန့်သည် အုံးမောင်အား အော်လိုက်လေ၏။ သို့ရာတွင် တင်ညွန့်၏အော်သံမှာ ပြင်းထန်ခြင်းမရှိချေ။ ၎င်းကိုယ်တိုင်ကလည်း မမြရှင်ကို အတော်မုန်းတီးနေသူတစ်ယောက်ဖြစ်၏။

တင်ညွန့်သည် ထိုင်ရာမှထပြီး လှေကားသို့ရောက်လာကာ အောက်သို့ဆင်းလေ၏။ အုံးမောင်သည်လည်း စာကိုကြည့်၍ တက်လာလေရာ လှေကားတစ်ဝက်တွင် တွေ့ကြလေ၏။ တင်ညွန့်သည် အုံးမောင်လက်ထဲမှ စာကို ဆတ်ခနဲဆွဲယူလိုက်ပြီး မိမိအခန်းဆီသို့ ပြန်၍သွားလေ၏။



တင်ညွန့်သည် အခန်းထဲသို့ရောက်လျှင် စာကိုဖောက်၍ဖတ်လိုက်ရာ ထိုသို့ဖတ်ရင်း၊ ဖတ်ရင်း မျက်နှာရှုံ့မဲ့၍ လာလေ၏။ မမြရှင်မှာ မိမိနှင့်မသင့်တင့်သူတစ်ယောက်ဖြစ်လေရာ အောက်ပါစာကိုဖတ်ရသည့်တွင် တင်ညွန့်မှာ အံ့အားသင့်၍သွားလေ၏။

*'မနေ့တုန်းက မြနဲ့မသန်းမေနဲ့ တွေ့ကြတယ်၊ မသန်းမေက ညွန့်အကြောင်းတွေ ဘာပြောသလဲသိရဲ့လား၊ သူ့အပြောကတော့ ညွန့်ဟာ ကိုဖေခင်ကို အမိဖမ်းနေတယ်တဲ့၊ ကိုဖေခင်ကလဲ ညွန့်ဘက်ပါချင်ချင်ပဲတဲ့၊ ဒါပေမယ့် တကယ်တမ်းတော့ ကိုဖေခင်က သူ့ကိုပဲ ချစ်တာပါပဲတဲ့၊ သူ့ဆီက မျက်နှာသာပေးဖို့ကလေး စောင့်နေတာပဲတဲ့၊ သူကချိုလိုက်ရင်၊ သူ့ဘက် တစ်ခါတည်းပြိုလာပြီး ညွန့်ကို တစ်ခါတည်း မေ့ပစ်လိုက်မှာပါပဲတဲ့၊ သူကလဲ ကိုဖေခင် တစ်အိမ်ထောင်ပြီး ကျေးမွေးနိုင်မယ့်အချိန်ကို စောင့်နေတာတဲ့'*

တင်ညွန့်သည် မဟုတ်မမှန် လီဆယ်ရေးလိုက်သော မြရှင်၏စာကို အထပ်ထပ်ဖတ်လေ၏။ ထိုသို့ဖတ်ရင်း ရင်ထဲ၌ တစ်ဆို့ဆို့ကြီးဖြစ်လာကာ တစ်စုံတစ်ခုသောအရာကို လွန်စွာတောင့်တမိပြီး ထိုအရာ သူတစ်ပါးလက်ထဲရောက်သွားမည်ကို အလွန်စိုးရိမ်သကဲ့သို့ မနာလိုဖြစ်ပွားလာလေ၏။ သို့ဖြစ်သည့်အတိုင်း တတိယအကြိမ် ပြင်ဆင်ချက်ထည့်သွင်းထားသောစာကို တစ်ခါတည်းဖျက်ဆီးလိုက်ပြီး စာတစ်ရွက်ကိုထုတ်ကာ ရေးရိုးရေးစဉ်လက်ရေးဖြင့် စာတိုက်သိမ်းချိန်အမီ အမြန်နှင့်ထင်ရှားအောင်ရေးလေ၏။ လက်ရေးသော့ဖြင့် ဖေခင်ဖတ်၍ မရနိုင်စေကာမူ ထိပ်ဆုံး၌ရေးထားသည့် **'ချစ်လှစွာသော ကိုကိုခင်'** ဟူသည့်စာကိုဖတ်ရလျှင် ကျေနပ်ပြီဟုယူဆကာ စာအဆုံးတွင် *'နက်ဖြန် ဆက်ဆက်လာခဲ့ပါ၊ ချိုသာသည့် သတင်းစကား ကြားရပါစေမည်'* ဟု နိဂုံးသတ်ကာ စာအိတ်ကိုပိတ်၍ အမြန်ဆင်းခဲ့လေ၏။

'ဒီစာထည့်မလို့လား၊ ကျွန်တော်ထည့်ပေးမယ်လေ' ဟု လမ်းတွင် အုန်းမောင်က ဆီး၍ပြောလေ၏။

'အို... နေပေစေ၊ ဒီစာကို သိပ်အပင်ပန်းခံပြီး ရေးရတာ၊ အရေးကြီးတဲ့စာကို ငါလက်နဲ့ထည့်ရမှ စိတ်ချမယ်' ဟုဆိုကာ ရွှင်လန်းစွာနှင့် ထွက်ခွာသွားလေသတည်း။ ။

*သူရိယမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၁၉၃၈။*

www.burmeseclassic.com

## ချစ် — ချစ် — ချစ်လို့

ဘသင်မှာ သူ့ကိုမြင်လျှင် မိန်းကလေးကပင် စတင်၍ ချစ်ချင်ကြိုက်ချင်လောက်အောင် ရုပ်ရည်ချောမောသန့်ပြန့်သူတစ်ဦး ဖြစ်သလောက် ဆိုးဝါးလှသော အဖျက်အဆီးကြီးတစ်ခု ရှိနေ၏။ ထိုအဖျက်အဆီးကား ဥစ္စာကြောင့်လည်းမဟုတ်၊ ပညာကြောင့်လည်းမဟုတ်ပဲ အမိဝမ်းတွင်းက ပါလာသော စကားထစ်ငေါ့ ဆွံ့အခြင်းပင် ဖြစ်သည်။ အကယ်၍သာ ဘသင်သည် မိမိ၏ပရိယေသနဝမ်းစာအတွက် တစ်စုံတစ်ရာ လုပ်ကိုင်ရှာဖွေ စားသောက်ရမည်ဆိုလျှင် ထိုအဖျက်အဆီးကြီးကြောင့် အနှောင့်အယှက်တစ်ခု ဖြစ်နေစရာရှိပေ၏။ သို့ရာတွင် ချမ်းသာသောဖခင်ကြီး၏ တစ်ဦးတည်းသောသားအဖြစ် အမွေအနှစ် စုပုံရရှိလိုက်သဖြင့် မတောင့်မတ၊ မကြောင့်မကြ နေထိုင်နိုင်ကာ အားလပ်သည့်အချိန်များတွင် အခြားဝါသနာပါသော ပျော်ရွှင်မှုတို့အပြင် သတင်းစာပဟေဠိအမျိုးမျိုးကို ဖြေဆိုခြင်းဖြင့် အချိန်ကို အသုံးချလေ့ရှိပေ၏။ သို့အားဖြင့် ဘသင်သည် အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ်တွင် 'အော[...] အမည်ပါသော မြန်မာပြည်၌ ထင်ရှားကျော်ကြားသူဆိုလျှင် နှစ်ဒါဇင်[...]လောက်ကိုကား မစဉ်းစားဘဲနှင့် သွက်သွက်ကြီးဖြေနိုင်၏။ ကလေးများကို၊ ချစ်စနိုးခေါ်သော စကားနှစ်လုံးရှိသည့်အမည်ဟု ဆိုလျှင် ငခွေး၊ [...]ုံးပေ၊ တာတေ၊

www.burmeseclassic.com



ပူစူး၊ ဝက်ကြီး၊ ဘုဘို၊ အပါ၊ ထိပ်ပိတ်၊ ကျော်ရွှဲ၊ တောက်တဲ့၊ အိမ်မြှောင်၊ စသဖြင့် ဗလာစာအုပ် ငါးမျက်နှာနှင့်နှစ်ကြောင်းတိတိ ရေးစွမ်းနိုင်၏။ ဒုစရိုက်ဆယ်ပါးတွင် တစ်ပါးအပါအဝင် ရေချိုးရာ၌သုံးသော အရာဝတ္ထု၊ ပုဂံခေတ်က ဆံထုံး ထုံးနည်း စသည်တို့တွင် တစ်မြို့လုံး၌ ခင်လေးမြင့်ကလွဲ၍ ဘသင်လောက်သိသူ တစ်ဦးမျှမရှိချေ။

ခင်လေးမြင့်မှာလည်း ဘသင်ကဲ့သို့ ပဟေဠိဝါသနာအိုးတစ်ဦး ဖြစ်လေရာ မြို့မစာဖတ်အသင်းတွင် မကြာခဏတွေ့ကြရင်း မိန်းကလေးများ အသုံးပြုသည့် စကားငါးလုံးပါသည့် အထည်တစ်မျိုးကို ဘသင်က ခင်လေးမြင့်အား မေးမြန်းရ၍ ဘသင်ကလည်း စကား (၁၂)လုံးပါသည့် မြန်မာသူပုန် ခေါင်းဆောင်ကြီးတစ်ဦးကို ခင်လေးမြင့်အား ဖြေ၍ပေးရ၏။

ဤသို့ ပဟေဠိကို အကြောင်းပြု၍ ဘသင်နှင့်ခင်လေးမြင့်တို့ ညနေတိုင်း စာဖတ်သင်း၌ တွေ့ကြရာတွင် ဘသင်သည် မိမိ၏ အဈ္ဈတ္တသန္တာန် အတွင်း၌ ကိန်းအောင်းနေသော အာရုံတစ်ခု နိုးကြားခြင်းပြုလာသည်ကို တွေ့ရှိရကာ မိမိသည် ခင်လေးမြင့်အား ချစ်ခင်၊ နှစ်သက်၊ စုံမက်၊ မြတ်နိုး၊ စွဲလမ်း၊ ကြိုက်ချစ်၊ တပ်မက်၊ တိမ်းညွတ်နေသည်ကို သိရလေ၏။

ဤသို့လျှင် ဘသင်၏မေတ္တာစိတ်မှာ တစ်နေ့တခြား အုံကြွ၍လာလေရာ မိမိ၏မေတ္တာကို ထုတ်ဖော်ဖွင့်ဟ၍ ပြောမည်ကြံတိုင်း စကားထစ်၍ နေခြင်းကြောင့် 'ဟ...ဟ...ဟော့' ဟူ၍ လေချဉ်တက်သည်နှင့် မခြားသော အသံမျိုးကလွဲ၍ မည်သည့်စကားလုံးမှ ထွက်မလာဘဲရှိလေ၏။ သို့အားဖြင့် မိမိသည် ခင်လေးမြင့်၏အချစ်ကိုရနိုင်ရန် မိမိ၏ ဆွံ့၊ ထစ်နေခြင်းကို အမြန်ဆုံး ပျောက်အောင်လုပ်မှ ဖြစ်တော့မည်။ ရန်ကုန်သို့သွား၍ အထစ်ရောဂါကု စပါယ်ရှယ်လစ်တစ်ယောက်နှင့် ကုမှဖြစ်မည်ဟု ဆုံးဖြတ်ကာ ရန်ကုန်သို့ လာရောက်၍ ဆရာဝန်နှင့် တွေ့ဆုံလေ၏။

'ကဲ... ဆိုစမ်း' ဟု ဆရာဝန်က မေးလိုက်၏။

'ကျွန်... ကျွန်.... ကျွန်... ကျွ... ကျွ... ကျ... ကျ... ကျိုကျို'

'အင်း... ခင်ဗျား'

'ဘ... ဘ... ဘ... ဘတ်... ဘတ်... ဘတ်'



'တော်ပါပြီ... တော်ပါပြီ'

'တော် တော်... တော်... တော်... ဟုတ်... ဟုတ်... ဟုတ်ကဲ့'

ဆရာဝန်သည် ဘသင်မျက်လုံးကြီးပြူးလိုက်၊ တံထွေးမျိုချလိုက် မေးကြောဆွဲကာ 'ဘ...ဘ...ဘ' လုပ်နေလိုက်နှင့် ဖြစ်နေပုံကိုကြည့်နေပြီး နောက် ဘသင်အား သေချာစွာစစ်ဆေးကြည့်ရှုလေ၏။

'များသောအားဖြင့် ရိုးရိုးစကားပြောရာမှာ ဆွံ့အ နေ၊ ထစ်နေတဲ့ လူများဟာ သီချင်းဆိုတဲ့အခါမှာ လုံးဝထစ်ငေါ့ခြင်းမရှိဘဲ ဆည်းလည်းသံ ကလေးများနဲ့မခြား အင်မတန်သာယာပြေပြစ်လေ့ရှိတယ်၊ တဆိတ် ဆိုစမ်းပါ'

ဘသင်သည် ဤအကြံပေးချက်ကို အတော်သဘောကျကာ ခေတ္တမျှ စဉ်းစားပြီးနောက် မျက်စိကိုမှိတ်ပြီးလျှင် လွတ်ခနဲအသံကို ညှစ်ထုတ်လိုက်လေ၏။

'ချစ်မေတ္တာ ဖြိုးကြွလာ... မိုးနတ်မယ်လှသူဇာ... ကြည်နူးစွာ ဖူးစာဖက်နဲ့... အကြောင်းဆက်နိုင်အောင်သာ ဒေဝါသိကြားမစပါ'

'အား... ဟုတ်ပြီ... ဆက်ပါဦး'

'ဘရဏီပုံနှုန်း... ပြုံးတဲ့မူရာ... ခုံးမျက်စချိုကာ... စန္ဒာလမင်း... အဆင်းညီစွာ... ဝင်းဝင်းပပဖြာ'

'ဒီလိုဆိုတော့လဲ ချောနေပါကလား၊ ဒီမိန်းကလေးဟာ တကယ်ရှိတယ် ထင်တယ်'

ဘသင်က ခေါင်းညိတ်လိုက်ပြီးလျှင် မိမိ၏အတွင်းအကျႌအိတ်ထဲမှ ဓာတ်ပုံကလေးတစ်ပုံကို ထုတ်၍ပြရာ ဆရာဝန်က သေချာစွာစိုက်ပြီး ကြည့်နေလေ့၏။

ဘသင်သည် တေးကြူသည့်အသံဖြင့် 'ဟုတ်ကဲ့ဆရာ... အဲဒါက ကျွန်တော့်အချစ်ကလေးပါ... ရက်ဆား... ဆွိတီ' ဟုဆိုလေ၏။

'ဟုတ်ပြီ၊ ဟုတ်ပြီ'

'သူ့အပေါ်မှာ မောင့်အချစ်ဟာ...' ဟု ဘသင်ကစပြန်ရာ ဆရာဝန်က လက်ကာလိုက်ပြီးလျှင် 'ကဲ... ကဲ ပြောချင်တာကို စာနဲ့ရေးစမ်းပါ' ဟု ရေးပြနိုင်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘသင်သည် ဆရာဝန်၏စကားအတိုင်း ရေး၍ စာရွက်ကို လှမ်းပေးလိုက်လေ၏။

ဆရာဝန်သည် စာရွက်ကိုကြည့်ကာ 'အင်း… ဒီမိန်းကလေးကို ခင်ဗျား ပိုးနေ၊ ပန်းနေ၊ လှည့်နေ၊ ကြူနေ၊ ညှုနေ၊ ရစ်နေ၊ ဂေါ်နေသော်လည်း မေတ္တာရှိတဲ့အကြောင်းကို ပြောမယ်လို့ကြံတိုင်း၊ ရည်ရွယ်တိုင်း၊ စိတ်ကူးတိုင်း၊ အားထုတ်တိုင်း၊ ကြိုးစားတိုင်းဟာ ပြောချင်တဲ့စကားတွေဟာ ထစ်နေ၊ ငေါ့နေ၊ ဆွံ့နေ၊ အနေ၊ လေးနေ၊ ထိုင်းနေ၊ ဆို့နေ၊ တစ်နေတယ်ဆိုပါတော့'

ဘသင်သည် 'ဟုတ်… ဟုတ်… ဟုတ်…ဟုတ်' ဟု အဆုံးမသတ်နိုင်ဘဲ 'ကဲ့' အစား ခေါင်းညိတ်ချလိုက်လေ၏။

'အင်း… ဒါကတော့ ထူးခြားတဲ့ကိစ္စရယ်လို့ ယူဆစရာမလိုပါဘူး၊ အချစ်ဓာတ်ဆိုတာ ဆွံ့ထစ်နေသူကိုမပြောနဲ့၊ လူကောင်းပကတိများရဲ့ လျှာခင်ကြောများအပေါ်မှာတောင် သာမန်အတိုင်းမဟုတ်ဘဲ ထစ်ငေါ့၊ ဖောက်ပြန်ချို့ယွင်းစေတတ်တဲ့ သဘောရှိတယ်၊ စကားထစ်နေတဲ့ သဘောရှိတယ်၊ စကားထစ်နေသူတွေဆိုရင်တော့ အချစ်နဲ့ပတ်သက်လာတဲ့အခါ ရာခိုင်နှုန်း ကိုးဆယ့်ခုနစ်ဒသမငါးခြောက်ကိုးလောက်ဟာ ဆိုဒါပုလင်းအဖုံး ကျွတ်မထွက်လာခင် ဗို့ဗမာသီချင်းဆိုရအောင် ဟန်ပြင်နေတဲ့အသံမျိုးထွက်စမြဲပဲ၊ အဲဒီတော့ ကုလို့ရနိုင်တာတစ်နည်းပဲရှိတယ်'

'ဘ… ဘ… ဘ… ဘတ်… ဘတ်'

'ဘယ်လိုလဲဆိုတာပြောမယ်၊ ထစ်ငေါ့တယ်ဆိုတာ စိတ်နဲ့ပတ်သက်တယ်၊ ရှက်တတ်၊ ကြောက်တတ်ခြင်းကြောင့် ဖြစ်ရတယ်၊ ဒါဟာလဲ မိမိကိုယ်ကို နှိမ့်ချအထင်သေးတဲ့စိတ်ဓာတ်ကြောင့် ရှက်ကြောက်ခြင်းဖြစ်ရတာပဲ၊ တစ်ဖန် အဲဒီလိုစိတ်ရှိခြင်းဟာလဲ စိတ်အလိုဆန္ဒကို ဖိနှိပ်ထားရခြင်းကြောင့်ဖြစ်တာပဲ၊ ဒီတော့ ဆရာဆီကိုလာကြတဲ့ ဆိုဒါပုလင်းနဲ့တူသူမှန်သမျှကို မိမိနဲ့လုံးဝမသိကျွမ်းတဲ့ သူစိမ်းပြင်ပြင် လူသုံးယောက်ကို နေ့တိုင်းနေ့တိုင်း ကိုယ်ကစတွေ့ပြီး ဖွင့်အသိဖွဲ့ စကားပြောခိုင်းတယ်၊ ဒါကို နေ့စဉ်လေ့ကျင့်သွားမယ်ဆိုရင် မကြာခင် ရှက်တတ်၊ ကြောက်တတ်တာ ပျောက်သွားပြီး ထစ်တာ အ တာလဲ နင်နေရစ်ခဲ့၊ ငါသွားတော့မယ် ဖြစ်တော့တာပဲ'



ဘသင်သည် ဆရာဝန်အား အခမဲ့သီချင်းဆိုပြခဲ့ရသည့်အပြင် ထိုသို့ဆိုရသည်ကိုပင် ဆရာဝန်အား စမ်းသပ်ခဟူ၍ ကျပ်သုံးစက္ကူပြားရေ အချပ်ကြီးသုံးချပ်နှင့် အငယ်ကလေးနှစ်ရွက်ပေးကာ ဆရာဝန်ထံမှ ထွက်ခဲ့လေ၏။

ဘသင်သည် အင်းစိန်သို့ပြန်ရန် ဘူတာရုံသို့လာရင်း ဆရာဝန်ညွှန်ကြားသည့်စကားများကို တစ်လမ်းလုံး စဉ်းစား၍လာလေ၏။ ထိုသို့စဉ်းစားလေလေ၊ ထိုအကြံပေးချက်တို့ကို မနှစ်သက်နိုင်လေလေ ဖြစ်မိ၏။ တစ်နေ့လျှင် သူစိမ်းတစ်ရံဆံ သုံးယောက်တိတိကို အတင်းအသိဖွဲ့၍ စကားပြောရမည့်အလုပ်ကို အတော်ပင်ဝန်လေးမိလေ၏။

သို့သော် ထိုတာဝန်ကြီးကို ကြောက်ရွံ့နေလျှင် ခင်လေးမြင့်နှင့်လွဲရမည်အရေးက ပို၍ကြီးလေးနေသည့်အတွက် ဘာပဲဖြစ်ဖြစ် ယနေ့အဖို့ မိမိသွားရင်းလာရင်း အိမ်မရောက်မီအတွင်း လူသုံးယောက်ကို ဆရာမှာသည့်အတိုင်း အတင်းအသိဖွဲ့ပြီး စကားပြောတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ဘသင်တက်ရောက်မိသောရထားတွဲမှာ မိမိမှတစ်ပါး အခြားတစ်ဦးတစ်ယောက်မျှမရှိဘဲ မီးရထားထွက်ခါနီးမှ ထွားထွားကြိုင်းကြိုင်းနှင့် ရုပ်ခပ်ဆိုးဆိုးလူကြီးတစ်ယောက် တက်လာသည်ကို တွေ့ရလေ၏။ ဘသင်သည် ထိုလူကြီး၏ရုပ်လက္ခဏာကို အကဲခတ်ကာ စကားစတင်ပြောရန် မရဲတရဲရှိနေလေ၏။ သို့ရာတွင် မိမိ၏အမိန့်ဌာန်ကို မဖျက်သာသဖြင့် ဘာပဲဖြစ်ဖြစ် ပြောမည်ဟု နှလုံးပြုကာ ထိုသူဘက်သို့ ကိုင်းညွတ်လိုက်စဉ် ထိုသူက မိမိအား စကားစ၍ပြောလေ၏။

'ဒီ… ဒီ… ဒစ်… ဒစ်… ဒီနေ့' ဟူသော အသံများကို စ၍ကြားလိုက်ရရာတွင် ဘသင်မှာ မျက်လုံးပြူးသွားလေ၏။ 'ဒစ်… ဒစ်… ဒီနေ့… န… န… နေတော်… တော်တော်…သ…သ…သ…တယ်…န…နော' ဟု ဆက်၍ကြားလိုက်ရရာတွင် ဘသင်မှာ မျက်ခွက်တည့်တည့်ကို ဂျိုးလူးဝစ် လက်သီးအထိခံရသည့်အလား နောက်သို့ပက်လက်လန်ကာ နောက်မှီတွင်ခေါင်းတင်၍ မော့လျက် နဖူးကိုလက်နှင့်အုပ်၍ အတန်ကြာ အမောဖြေနေလိုက်လေ၏။

မိမိအား ထစ်ထစ်ငေါ့ငေါ့နှင့် မနည်းအားထုတ်၍ စကားပြောရသူတစ်ဦးအား 'ဟ…ဟ…ဟ…ဟုတ်ဟုတ်… ဟုတ်ကဲ့' ဟု ဖြေလိုက်မိသော်၊

www.burmeseclassic.com

www.burmeseclassic.com



သေးသေးကွေးကွေး လူတစ်ယောက်ဖြစ်ပါမှုကား မထောင်းသာလှ။ ယခုကဲ့သို့ တုတ်တုတ်နိုင်နိုင် မျက်နှာပေါက်ဆိုးဆိုးကြီးကို ဖြေရမည့်အမှုမှာ အသက်ဘေးနှင့်နီးလှသည်ကို တွေးမိလေ၏။

သို့ရာတွင် လူစိမ်းတစ်ဦးတစ်ယောက် မိမိအား ကောင်းမွန်စွာ စကားပြောနေသည်ကို ပြန်၍မဖြေက ရိုင်းရာကျမည်ပြင် ထိုသူ၏စိတ်တွင် တစ်မျိုးတစ်မည်ထင်ကာ ထစ်ထစ်နှင့်ပြန်၍ဖြေခြင်းထက် လုံးဝမဖြေဘဲ နေခြင်းက ပို၍ဆိုးနေမည်လားဟု စိုးရိမ်စရာ ဖြစ်ရပြန်လေ၏။ သို့ဖြစ်၍ ဘသင်သည် ပြန်၍ခေါင်းထောင်မျက်စိဖွင့်ကာ ဘာလုပ်ရမည်ကို စဉ်းစားရင်း ထိုသူအား စိုက်ကြည့်နေရာ ၎င်း၏မျက်နှာမှာ ဒေါသထွက်၍ ထွက်၍လာပုံကို အကဲခတ်မိလေ၏။

'ကျုပ်... ကျုပ်... ကောင်းကောင်း... ကကကောင်း ကောင်း... မေးနေတာ၊ ခင်... ခင်... ခင်ဗျား...နား...နား...ပင်း...နေသလား'

ဤတွင် ဘသင်သည် ရုတ်တရက်ဖြတ်ထိုးဉာဏ်ရရှိကာ မိမိ၏ပါးစပ်ကို ဟ၊ လျှာခင်ကိုလက်ညှိုးထိုးပြပြီး 'အဘားဘား... ဘား... ဘား' ဟု အသံထွက်ပြလိုက်လေ၏။

ထိုအခါမှ ထိုလူကြီး၏မျက်နှာတွင် ဒေါသအရိပ်အရောင်ကင်းစင်လာပြီးလျှင် 'ဟင်...'ခနဲ သက်ပြင်းချကာ 'အ...အ...အ... နေသလား... စ...စ...စိတ်မဆိုး...ဘ...ဘ...ပါ ဟာနဲ့...ဗ...ဗ...ဗ...ဗျာ...ဒုတ်... ဒုတ်...ဒုတ်...ဘာ...ဘတ်...ဘတ်...ဂ...ဂ...ဂတ်ဂတ်... သြော' ဟု ပြန်ပြောကာ ပါလာသောသတင်းစာကို ပြန်၍ဖတ်နေလိုက်တော့မှ ဘသင်သည် စိတ်ချမ်းသာရာ ရသွားလေ၏။

ကြည့်မြင်တိုင်ဘူတာတွင် ထိုလူကြီးဆင်း၍သွားရာ ဘသင်မှာ အဖော်မရှိဘဲ ဖြစ်နေပြီးနောက် ရထားထွက်ခါနီးမှ လူတစ်ယောက် တက်လာသဖြင့် စကားပြောဖော်ရပြီဟု ဝမ်းသာသွားလေ၏။

ထိုသူကား ခေါင်းပေါင်းကို ခေါင်းတွင်မပေါင်းဘဲ လည်ပင်းတွင် ကင်းထောက်စကောက်များ ပဝါစည်းသကဲ့သို့ စည်းထားပြီးလျှင် ဆံပင်ကို နောက်လှန်ချထားသည်ကို တွေ့ရလေ၏။ ထိုသူသည် ဘသင်ကိုလည်းမကြည့်၊



မည်သူ့ကိုမျှလည်း အတွေ့မခံလိုသကဲ့သို့ ရထားတွဲထောင့်တွင် အသာကုပ်၍ နေပြီး မီးရထားထွက်ကာမှ ထိုင်ရာမှမတ်တတ်ရပ်ကာ ဘသင်အား ခါးကို ညွတ်၍ အလေးပြုလေ၏။

ဘသင်သည် အသိမဟုတ်ဘဲ မိမိအား ဤသို့နှုတ်ဆက်သည့်အတွက် အံ့အားသင့်နေပြီးမှ ယောင်ယမ်း၍ခေါင်းညိတ်နှုတ်ဆက်လိုက်ပြီးလျှင် စကားစတင်ပြောရန် စိတ်ပိုင်းဖြတ်ကာ 'ဒ...ဒီ... ဒီကနေ့... နေကလေး...အ... အ...တ...တ...ကော်သ...သ...သ...သာ... တယ်နော်' ဟုစကားစလိုက်၏။

'ကျုပ်...ဒီကနေ့ နေသာရမယ်လို့ အမိန့်ချထားတယ်'ဟု ထိုသူက လက်မထောင်၍ပြောပြီးလျှင် ဘသင်အား ပရိတ်ရေနှင့် ဖျန်းသကဲ့သို့ လက်ဖြင့်ဖြန့်တောက်ဟန်ပြုကာ 'အောင်စေ...အောင်စေ...အားလုံး... အောင်စေ' ဟု ဆိုလေ၏။

'ခ...ခ...ခဗျား...ဘတ်ဘတ်ဘတ်...ဘာ...ဘာ...လုပ်... ထထထထတာလဲ...'

'ကျုပ် တိုင်းသူပြည်သားအားလုံး အေးချမ်းသာယာပါစေ၊ ကျောက သားလဲအေးပါစေ၊ ရင်ကသားလဲအေးပါစေလို့ မေတ္တာပို့တာ၊ ကျုပ်တို့ဟာ ဗြဟ္မစိုဟာရတရားကို စောင့်ရှောက်ရတယ်၊ ကျုပ်ကားဆိုတော့... အခြားဟုတ်ပါရိုးလား၊ ရွှေတွင်းငွေတွင်း၊ ကျောက်စိမ်းတွင်း၊ ရေနံတွင်း၊ ခဲမဖြူတွင်းတွေပိုင်စိုးတဲ့ အယုဒ္ဓယ ယိုးဒယားမင်းသားကြီး စိန်အောင်မင်း ဆိုတာ ကျုပ်ပဲ၊ ကျုပ်ကို သိကြားမင်းကိုယ်တိုင် လေယာဉ်ပြန်ရထားနဲ့ ပင့်လာခဲ့တယ်'

ဘသင်ကား ငါတော့ ခက်ချေပြန်ပြီ။ သူကလဲ အရူး၊ ငါကလဲ အ အ၊ ခွတော့ကျကုန်ပါပြီဟု စိတ်ထဲ၌ပူလိုက်မိလေ၏။

အယုဒ္ဓယဘုရင်ကြီးသည် ဘသင်အား ခြေဆုံးခေါင်းဆုံး ကြည့်၍ အကဲခတ်နေပြီးနောက် 'လူသတ်ဝါဒနဲ့ ပတ်သက်ပြီးတော့ ကိုယ့်လူ ဘယ်လို သဘောရသလဲ'ဟု မေးလိုက်၏။

'မ... မ... မကြိုက်ဘူး'

'လူသတ်တာကောင်းတယ်၊ လူကိုသတ်ပြီး ယဇ်ပူဇော်တာ အရှေ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရဲ့ထုံးစံပဲ၊ ဘုရားတည်မယ်၊ တိုင်းသစ်ပြည်သစ် တည်မယ်ဆိုရင် အောင်အမည်ပါတဲ့လူကို စတေးရတယ်၊ ကိုယ့်လူနာမည် ဘယ်လိုခေါ်သလဲ'

'ဘတ်… ဘတ်… ဘတ်… ဘတ်… သင်'

'အောင်ညွှန့် မဟုတ်ဘူးလား'

'မ… မ… မ… ဘတ်… သင်… ပါပဲ'

'အင်း… ဒီလိုဆိုရင် လူသတ်ဝါဒ ဘယ်လောက်ကောင်းတယ်ဆိုတာ လက်တွေ့ပြမယ်၊ လာ… လာ' ဟု ဆိုကာ အယုဒ္ဒယဘုရင်ကြီးသည် ဘသင်ကိုလက်ဆွဲ၍ အိမ်သာခန်းထဲသို့ ခေါ်သွားသဖြင့် ဘသင်မှာ ကြောက်ကြောက်လန့်လန့်နှင့် ပါသွားလေ၏။

'ဗား… ပါသလား'

'မ…မ…မ…မ…' ဘသင်မှာ ထိတ်လန့်သဖြင့် သာ၍စကားထစ်နေလေ၏။ သို့ရာတွင် ထိတ်လန့်နေရုံနှင့်မပြီး အရှုံးလက်တွင် အသက်ပါရအံ့သောဘေးကြီးကား နီးကပ်လွန်းလှသဖြင့် ထိုဘေးမှလွတ်မြောက်နိုင်ရန် ကြိုးစားဖို့လိုပေ၏။

ဘသင်သည် မိမိ၏လက်ကို ဆုပ်ကိုင်ထားသည့် အယုဒ္ဒယဘုရင်၏လက်ထဲမှလွတ်အောင် ရုန်းလိုက်ပြီးလျှင် ထိုသို့လွတ်သည်နှင့်တစ်ပြိုင်နက် အယုဒ္ဒယဘုရင်အား အိမ်သာနံရံတွင် တအားတွန်းဖိထားလိုက်လေ၏။ ထိုသို့တွန်းဖိထားရာတွင် အားခြင်းမျှရကား ကြာမြင့်စွာတွန်းထား၍ မဖြစ်နိုင်သည်ကိုတွေ့ရသဖြင့် တစ်ချက်ဆောင့်တွန်းလိုက်ပြီးလျှင် အိမ်သာအပြင်ဘက်သို့ လျှင်မြန်စွာထွက်ကာ တံခါးကို ကိုယ်လုံးနှင့်အပြင်ဘက်မှဖိထား၍ တံခါးမင်းတုပ်ကို အထဲကပြန်၍မလှန်နိုင်အောင် လက်နှင့်ဖိထားရလေ၏။

အရှုံးတို့မည်သည် ရှိးရှိးအခါထက် ဒေါသဖြစ်အောင် ပြုလုပ်မိသည့်အခါများတွင် ပို၍ကြမ်းတတ်သည့်အတိုင်း ဘသင်အဖို့ အယုဒ္ဒယဘုရင်ကြီးလွတ်မသွားစေရန် (ဝါ) သူ့လက်မှလွတ်မြောက်ဖို့ရန် စောစောကထက် ယခုအခြေအနေမှာ ပို၍အရေးကြီးနေသည်ကို ရိပ်မိလေ၏။

သို့အားဖြင့် မီးရထားသည် ကမာရွက်သို့အရောက်တွင် ဘသင်မှာ ဆက်လက်၍တွန်းဖိထားရန် အားမရှိတော့ဘဲ မီးရထားရပ်လိုက်သည်နှင့်



တစ်ပြိုင်နက် မီးရထားထိုင်ခုံတန်းလျားအောက်သို့ ပြေးဝပ်၍ပုန်းနေလိုက်လေ၏။

အယုဒ္ဒယဘုရင်ကြီးကား အတွင်းမှနေ၍ ကိုယ်စောင်းတိုက်ပြီး ဖွင့်နေရာက အပြင်မှဖိတွန်းထားခြင်းမရှိသည်ကို တွေ့ရ၍တံခါးမင်းတုပ်ကို မလိုက်ပြီး ထွက်လာလေ၏။

ထိုသို့ထွက်လာရာတွင် မည်သူကိုမျှ မတွေ့ရဘဲရှိရာတွင် ပုန်းနေသည်ဟု မထင်ဘဲ 'ခွေးမသား… ဆင်းပြေးပြီ' ဟု ယူဆကာ ရထားတွဲပေါ်မှဆင်းကာ မြင်မြင်သမျှလူများကို ဆွဲရမ်းသောင်းကျန်းနေသဖြင့် ဘူတာပလက်ဖောင်းတစ်ခုလုံး ဆူပွက်သွားလေ၏။

ဘသင်က ကြိမ်ထိုးထားသဖြင့် ဆိုဖာအောက်သို့ ပြေးဝင်၍ပုနေသော ခွေးကလေးကဲ့သို့ မထွက်ရဲဘဲ ပုမြဲပုနေရာ တွဲပေါ်သို့တက်လာသောခြေသံများကို ကြားရသဖြင့် ချောင်းကြည့်လိုက်ရာတွင် မိန်းမထဘီနားနှင့် ဖြူဖွေးသောခြေထောက်များကို တွေ့ရလေ၏။

ထို့နောက် မီးရထားလက်မှတ်စစ် တက်လာရာတွင် 'စောစောက ဘူတာထဲမှာ ဘာဖြစ်တာလဲ' ဟု မေးလိုက်သောမိန်းမသံကို ကြားရလေ၏။

'အရူးတစ်ယောက် လွတ်ပြေးလို့' ဟု လက်မှတ်စစ်၏ဖြေသံကို ကြားရပြီး လက်မှတ်စစ်ဆင်းသွားသည်ကို တွေ့လိုက်ရလေ၏။

ထို့နောက် 'ဘုရား…ဘုရား… ကံကောင်းလို့ အရူးနဲ့မတွေ့ရတာဘဲ' ဟူသောအသံ၊ မိန်းမကြီးထိုင်ချလိုက်သည့်အသံ၊ သတင်းစာဖတ်ရန် စက္ကူဖြန့်လိုက်သည့်အသံ၊ မီးရထားထွက်လာသံတို့ကို ကြားရလေ၏။

ဘသင်သည် တစ်သက်နှင့်တစ်ကိုယ် မီးရထားခပေး၍ ခုံအောက်ကဝပ်ပြီး ခရီးမသွားခဲ့ဖူးချေ။ ယခုခေတ်မှာ အဆန်းထွင်သောခေတ်ပင်ဖြစ်သော်လည်း ဘသင်သည် ထိုသို့ အဆန်းထွင်၍ခရီးသွားခြင်းမျိုးကိုကား မကြိုက်ပါ။ မီးရထားလည်း ထွက်နေပြီ။ အရူး၏ရန်ကိုလည်း မကြောက်ရတော့ပြီ။ သို့ဖြစ်၍ ခုံအောက်ကထွက်၍ လူတန်းစေ့ခရီးသွားဖို့ကို စိတ်ပိုင်းဖြတ်မိလေ၏။

သို့သော် ထိုသို့ထွက်ဖို့ရန် မလွယ်လှချေ။ မိန်းမကြီးသည် မိမိတစ်ယောက်တည်းရှိသည်ဟူသောအမှတ်ဖြင့် 'စိတ်ချလက်ချနေခိုက် ခုံအောက်က

www.burmeseclassic.com

www.burmeseclassic.com



လူထွက်လာသည်ကိုမြင်ရလျှင် လန့်ဖျပ်သွားတတ်စမြဲပင်ဖြစ်ရာ သတင်းစာတွင်အာရုံစိုက်နေခိုက် သတင်းစာမျက်နှာကွယ်နေသဖြင့် မိမိကိုမမြင်နိုင်စဉ်ထွက်ဖို့အရေးကြီးပေ၏။

သို့အားဖြင့် ဘသင်သည် အသံမကြားရအောင် ခုံအောက်က တွားရွ၍ထွက်လာရာ ထိုအခိုက်တွင် မိန်းမကြီးသည် မိမိထိုင်နေသည့်ဖက်က မီးရထားမီးခိုးပြာမှုန်စင်သဖြင့် ဘသင်ပုန်းနေသည့်ခုံဘက်သို့ ပြောင်းအထိုင်၊ ဘသင်ကလည်း ခပ်သုတ်သုတ်အထွက်၊ ခြေနှင့်ခေါင်း ဝင်၍ဆောင့်လိုက်မိလေ၏။

'ဟဲ့… ပလုတ်တုတ်'ဟု လန့်အော်ရာက ငုံ့ကြည့်လိုက်သည်နှင့် မိန်းမကြီးသည် 'အမလေး… အရူးပါတော့'ဟု တစ်ချက်မျှ အော်နိုင်ပြီး တက်ချက်၍သွားကာ ခုံပေါ်တွင်ထိုင်ရက် လဲကျသွားလေ၏။

ဘသင်မှာ ကပျာကယာ ထွက်လာပြီးရပ်၍ကြည့်ကာ မိန်းမကြီးကို သတိရအောင်လုပ်ရကောင်းမည်လော၊ ရထားပေါ်ကခုန်၍ချရလျှင်ကောင်းမည်လောဟု မကြံတတ်အောင်ရှိနေလေ၏။

ဘသင်သည် မျက်လုံးကြီးကလယ်ကလယ်နှင့် ဟိုကြည့်ဒီကြည့်လုပ်နေရာက မီးရထားမျက်နှာကြက်ရှိ ဆက်သွယ်ရေးသံကြိုးကွင်းကိုတွေ့ရှိရာ မည်သို့စိတ်ကူးပေါက်သွားသည်မသိ ထိုသံကြိုးကွင်းကိုဆွဲလိုက်လေ၏။

မြန်မာပြည်မီးရထားကုမ္ပဏီသည် ခရီးသည်များ အပျင်းပြေ တစ်ခါဆွဲလျှင် ငါးဆယ်ကျပ်နှုန်းဖြင့် ဈေးသက်သက်သာသာ စီမံဖန်တီးထားသော်လည်း မည်သူမျှ ဟုတ်တိပတ်တိ မဆွဲမိကြဖူးချေ။ ထို့ကြောင့်လည်း ထိုသို့ဆွဲလိုက်လျှင် မည်သို့ဖြစ်ရတွေ့ရသည်ကို အတွေ့အကြုံနည်းပါးသူသာ များကြလေသည်။ ဘသင်သည် သံကြိုးကွင်းကို ဆွဲလိုက်မိပြီးသည်နှင့်တစ်ပြိုင်နက် ဒဏ်ငွေဆယ်ကျပ် တပ်ရိုက်လိမ့်မည်ဟူသောကြော်ငြာကို မြင်လိုက်ရသည်နှင့် စောစောကပြူးနေသောမျက်လုံးမှာ ပြူး၍သွားလေတော့၏။

ထိုနောက် သံလမ်းပေါ်တွင် ရထားဘီးများတရွတ်ဆွဲ၍ ရပ်လိုက်သဖြင့် ကျီ…ကျွီ… ဟူသောအသံများသည် ဘသင်၏အသည်းဆိုင်ကို ကျဉ်၍သွားစေတော့၏။ ထိုနောက် ရတ်တရက်ရထားကြီးရပ်တန့်သွားပြီးလျှင်



ရထားတွဲတိုင်းမှ ခေါင်းများပြူထွက်လာပြီး ကြည့်နေကြသည်ကိုလည်းကောင်း၊ ရထားလမ်းဘေးလယ်ကွက်များထဲမှ လူများပေါ်ပေါက်လာကြသည်ကိုလည်းကောင်း မိမိဆီသို့စူးစိုက်ကြည့်နေကြသည့် မျက်လုံးပေါင်းလေးသိန်းရှစ်သောင်းရှိလိမ့်မည်ထင်ရအောင် တွေ့ရှိရရာတွင် မြန်မာပြည်၌ လူဦးရေ ၁၇သန်းရှိသည်ဆိုသည်မှာမဟုတ်နိုင်။ မိမိအနီးတစ်ဝိုက် မျက်စိတစ်ဆုံးအတွင်းမှာပင် သိန်းပေါင်းများစွာရှိနေပြီဟု ထင်မြင်မိလေ၏။

ဘသင်၏အခြေအနေကား အကျပ်ရိုက်နေတော့၏။ သံကြိုးကွင်းကိုလည်းဆွဲမိ၊ သူ့တွဲထဲတွင်လည်း မိန်းမတစ်ယောက်မေ့နေ၊ သူ့ကိုလည်း လူတွေဝိုင်းထားရကား ခေါင်းအရှုပ်ဆုံးပဟေဠိကို ဖြေရသည်ထက်ပင် အကြံအိုက်ကာ မျက်စိတွေပြာဝေသွားလေတော့၏။

ဤတွင်ဘသင်မှာ မိမိသည် မည်သို့ဖြစ်၍ မည်သို့ပျက်သည်ကို ပြန်၍စဉ်းစားမရနိုင်ဘဲ နောက်စက္ကန့်လောက်တွင် မိမိသည် လယ်ကွင်းထဲတွင် အိုလံပစ်အပြေးချန်ပီယံကပ္ပလီ ထိုင်၍ငိုရလောက်သောခြေလှမ်းဖြင့် တအားကျုံးပြေးနေလျက် နောက်ကလူအုပ်ကြီးသည် တပျော်တပါး 'သူခိုး… သူခိုး…ဒါကူး… မိန်းမတစ်ယောက် ရထားပေါ်မှာသတ်သွားလို့' ဟူ၍ အော်ဟစ်ပြီး လိုက်လာကြသည်ကိုတွေ့ရလေ၏။

ဘသင်သည် ဟိုက်စကူး၌လည်းကောင်း၊ တက္ကသိုလ်၌လည်းကောင်း အပြေးတွင် နှစ်စဉ်ပန်းဆွတ်ခဲ့သဖြင့် နောက်ကလိုက်လာသောလူအုပ်ကြီးကို လယ်တစ်ကွက်ပြီးတစ်ကွက် အလျားပေါင်းများစွာဖြတ်၍နိုင်လာခဲ့လေ၏။ သို့ရာတွင် ရှေ့မှနေ၍ ခက်ရင်းသုံးချောင်းခွကြီးကိုင်ကာ ဆီး၍ရပ်နေသော ဝက်သားတရုတ်ကြီးကို အမြင့်ခုန်၍လည်းကောင်း၊ အလျားခုန်၍လည်းကောင်း လွတ်မြောက်နိုင်ဖို့ရန်ကား ခဲယဉ်း၍နေလေရာ အနီးသို့ရောက်ကာမှ ရုတ်တရက်အားဖြင့် ငယ်စဉ်ကထုပ်ဆီးတိုးတမ်း ကစားခဲ့မှုသည်ကို သတိရ၍ အရှေ့ဘက်သို့ စွတ်ပြေးမည်ပြုပြီး ထိုဖက်သို့ တရုတ်ကြီးအလိုက်တွင် အနောက်ဘက်သို့ လှည့်၍သုတ်ရာ တရုတ်ကြီးမှာ အရှိန်လွန်ပြီး ဘိုင်းခနဲလဲကျသွားမှ ဘသင်လည်း ခက်ရင်းခွစာဘဝမှ လွတ်မြောက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား နေဝင်ရီးရီကလေးဖြစ်ပေ၏။ အင်းစိန်မြို့ရုံးကြီးလမ်းပေါ်တွင် မလှုပ်တလှုပ်နှင့် စုတ်ပြတ်နွမ်းနယ်စွာ လမ်းလျှောက်နေသော လူတစ်ယောက်၏သဏ္ဌာန်ကို ဝင်လုဆဲဆဲနေရောင်တွင် မည်းမည်း... မည်းမည်းနှင့် မြင်ရလေ၏။ ထိုမလှုပ်တလှုပ်သဏ္ဌာန်သည် မစ္စဘီလ်လမ်းထဲသို့ ချိုးဝင်သွားပြီးနောက် ခြံဝတွင် 'ဘသင်'ဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် တံခါးကလေးကို တွန်းဖွင့်ကာ အတွင်းသို့ဝင်သွားလေ၏။

ဘသင်ကား တစ်ကိုယ်လုံး မလှုပ်ချင် မသယ်ချင်အောင်ဖြစ်နေကာ အိမ်ထဲသို့ရောက်၍ ရေတစ်ခွက်သောက်လိုက်ပြီးနောက် ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ကာ မျက်စိမှိတ်ပြီး မှိန်းနေရလေ၏။

ထိုသို့ အမောဖြေနေရသည်မှာ မည်မျှကြာသွားသည်မသိ၊ အမောပြေသလိုလိုရှိလာခိုက် လှုပ်ရှားသံကြားသဖြင့် မျက်စိဖွင့်လိုက်ရာ အခန်းထဲတွင် မီးများလင်းနေသည်သာမက မိန်းမပျိုတစ်ဦးပါ ရောက်ရှိနေသည်ကို မြင်ရလေ၏။

ဘသင်မှာ ပြေးရလွှားရနှင့် လန့်ဖျပ်မောပန်း၍လာခဲ့ရာ ထိုမိန်းမပျို၏ မျက်နှာမြင်ရသည်တွင် အမောပြေသွားရုံမက စောစောက အသက်တစ်ဖျား ထိတ်လန့်ဖွယ်တွေ့ခဲ့ရခြင်းသည် ဘသင်၏ဘဝကို တစ်ခါတည်း ပြောင်းလဲသွားစေ၏။

'အို... မြင့်ပါလား၊ ဘယ်တုန်းကရောက်နေလဲ'

'မကြာသေးပါဘူး၊ ကိုဘသင် မှိန်းနေတာတွေ့ရလို့ အဘိဓာန်စာအုပ်ကြည့်ရင်းစောင့်နေတာ၊ ကိုဘသင် ဘယ်လိုဖြစ်လာတာတုန်း၊ အဝတ်အစားတွေလဲ ကြေမွ၊ ပေကျံ စုတ်ပြတ် ဖရိုဖရဲဖြစ်လို့'

'လူကော မေးပါဦး၊ မောပန်းနွမ်းနယ်၊ နုံးချည့်ပျော့ခွေ၊ ယိုင်လဲလုမတတ်ဘဲ'

'မြင်ရတာ ခင့်စိတ်ထဲမှာ ကြေကွဲဝမ်းနည်း၊ လှိုက်ဆို့၊ ညှိုးငယ်အားလျော့၊ နောက်ကျို၊ ပူဆွေးလိုက်တာ'

ခင်လေးမြင့်၏စကားသည် ဘသင်အား အားတက်သွားစေကာ အထစ်ခြင်းကို လုံးဝပျောက်ကင်းသွားစေတော့၏။ ထိတ်လန့်ခြင်းကို တွေ့ရ



ပြီးနောက် ဝမ်းမြောက်ခြင်းကို တွေ့ရခြင်းသည် ဘသင်အား မှော်အတတ်ဖြင့် ဆေးကုလိုက်သကဲ့သို့ရှိကာ ဘသင်မှာ မိမိသည် မဆွံ့၊ မထစ်တော့ဘဲ 'တောင်ပေါ်ကရှမ်းကလေး၊ လျှော်ထမ်းလို့လာ၊ တိုတဲ့လျှော်ကတို၊ ရှည်တဲ့လျှော်ကရှည်'ဆိုသောစကားကို အခေါက်ခေါက်၊ အပြန်ပြန်ဆိုနိုင်သည့် အခြေသို့ ရောက်နေပြီကို အလိုလိုရိပ်မိလေတော့၏။

ဤတွင် ဘသင်သည် ခင်လေးမြင့်၏ လက်ကလေးနှစ်ဘက်ကို ဆွဲ၍ ချုပ်ကိုင်လိုက်ပြီးလျှင် 'တောင်ပေါ်ကရှမ်းကလေး' ထက် အရေးကြီးသော စကားကိုဆိုရန် စိတ်ပိုင်းဖြတ်လိုက်လေ၏။

'မြင့်နဲ့မောင်နဲ့ သိကျွမ်းချစ်ခင်နေကြတာမှာ ရိုးရိုးမိတ်ဆွေချစ်ချစ်ကြတာထက်မကဘဲ ကြီးမားခိုင်မြဲနက်နဲတဲ့မေတ္တာနဲ့ မောင်က ချစ်ခင်နေတယ်ဆိုတာကို မြင့်စိတ်ထဲမှာ စူးစမ်းရိပ်မိမယ်ဆိုတာ မောင်ယုံပါတယ်၊ အဲဒီမေတ္တာဓာတ်ဟာ တစ်နေ့တခြား နိုးကြား၊ ကြီးမား၊ ရင့်သန်၊ ထွားကြိုင်း၊ အုံကြွလာတဲ့အတွက် တစ်ဦးချင်းနေရတဲ့ဘဝကြီးကို တော်လှန်ပြီးတော့ မောင့်မေတ္တာဓာတ်နဲ့ မြင့်မေတ္တာဓာတ်တွေကို စုစည်းပေါင်းဖွဲ့ကြပါစို့ မြင့်ရယ်'ဟု သွက်သွက်ကြီးပြောလိုက်လေ၏။

'ခင်ကလဲ မောင့်ကိုတွေ့ရကတည်းက ချစ်ခင်၊ နှစ်သက်၊ စုံမက်မြတ်နိုး ကြင်နာခဲ့တာပါပဲ၊ မောင်ဘယ်နေ့ မောင့်စိတ်ထဲမှာရှိတာကို ဖွင့်ဟထုတ်ဖော်ပြီး ပြောပါ့မလဲလို့ စောင့်စား၊ မျှော်ငံ့၊ မျှော်လင့်တောင့်တ၊ နားစွင့်၊ အာရုံပြုနေခဲ့တာပါပဲ'

'အို... ဒီလိုကြားလိုက်ရတာ မောင်သိပ်ဝမ်းသာတာပဲ'ဟု ဆိုကာ ဘသင်သည် ခင်လေးမြင့်၏ကိုယ်ကလေးကို တအားသိမ်းကျုံး၍ ပွေ့ဖက်လိုက်လေ၏။ ။

*စာရေးဆရာမဂ္ဂဇင်း၊ နိုဝင်ဘာလ ၁၉၄၇။*

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မလူ

'ဟိုက်… ခက်တော့တာပဲ၊ ဘယ့်နှယ်လုပ်ပါ့မလဲ၊ သားရေအိတ် မရှိတော့ဘူး' ဟု အေးကြည်သည် အိပ်ရာထဲမှလူးလဲ၍ထကာ အလန့်တကြား ပြောလိုက်လေ၏။

နှစ်ယောက်အိပ်ကုတင်ကြီးပေါ်တွင် အေးကြည်နှင့်အတူတူအိပ်နေသူ သိန်းတင်သည် အေးကြည်၏ကျယ်လောင်စွာ ပြောလိုက်သောအသံကိုကြား၍ ညည်းတွားသောအသံဖြင့် အိပ်ရာမှထ၍ထိုင်ကာ မိမိဘေးတွင် ငုတ်တုတ်မှိုင်၍ ထိုင်နေသောအေးကြည်ကို ကြည့်နေပြီးမှ 'မအေးကြည်… အိပ်မက်မက်ပြီး ယောင်နေသလား၊ အခုတလော ည… ည ဘာတွေဖြစ်ရတာလဲ' ဟု မေးလိုက်လေ၏။

'အိပ်မက်မက်နေတာမဟုတ်ဘူး၊ တကယ်ပြောတာ၊ ကျွန်မ လက်ကိုင်သားရေအိတ်မရှိတော့ဘူး၊ ငွေတွေအကုန်ပါသွားတယ်'

ထိုအခါမှ သိန်းတင်၏မျက်နှာတွင် ပူပင်စိုးရိမ်သောလက္ခဏာ ပေါ်ပေါက်လာကာ 'ဟုတ်ရဲ့လား… ညနေကပဲ မြင်သေးတယ်၊ မှတ်တယ်' ဟု ပြောလေ၏။

'ညနေက ပါလာသလား၊ မပါလာဘူးလား မမှတ်မိတော့ဘူး၊ ကျွန်မမှတ်မိတာ ရုပ်ရှင်ရုံလက်မှတ်ဝယ်တုန်းက ဖွင့်မိတာ တစ်ခါပဲ မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီနောက် အပြန်ဘတ်(စ်)ကားခ မသိန်းတင်ပဲ ထုတ်ပေးလိုက်တယ် မဟုတ်လား'

ထိုသို့အေးကြည်က ပြောလိုက်ပြီး နှစ်ယောက်သား ငြိမ်သက်တွေဝေ၍ စဉ်းစားနေကြလေ၏။ တစ်ခဏမျှကြာသောအခါ သိန်းတင်သည် အိပ်ရာပေါ်မှဆင်း၍ မီးကိုဖွင့်လိုက်လေ၏။ ထိုနောက်တစ်ယောက်ကို တစ်ယောက် စိုးရိမ်ပူပန်သောမျက်လုံးများဖြင့် ခေတ္တခဏမျှစိုက်ကြည့်နေကြပြီး တစ်ခန်းလုံး မွှေနှောက်ရှာဖွေကြလေ၏။

အခန်းကလေးမှာ ဘာမျှမကျယ်၊ ရှာစရာနေရာလည်း လွန်စွာမများရကား ငါးမိနစ်ကျော်ကျော်ခန့်အကြာတွင် နှစ်ယောက်သား ခုတင်ပေါ်၌ပြန်၍ထိုင်ကာ ခြေတွဲလဲချလျက် စိတ်ပျက်လက်ပျက် ဖြစ်၍နေကြလေ၏။

'ကျွန်မတစ်သက် ဒီတစ်ခါတည်း ပစ္စည်းပျောက်ဖူးတယ်၊ ပျောက်မယ့်ပျောက်တော့ နှစ်ယောက်စလုံးရှိတဲ့ငွေတွေ တစ်အိတ်ထဲစုပြီးသား ပျောက်တာပဲ'ဟု အေးကြည်က ညည်းညူသံဖြင့် ပြောလေ၏။

'စဉ်းစားစမ်းပါဦး... မအေးကြည်ရဲ့၊ ဘယ်နေရာအထိ ကိုင်ထားတာ သတိရသေးသလဲ'

'နောက်ဆုံးမှတ်မိတာ ရုပ်ရှင်ရုံပဲ၊ ဈေးသစ်တုန်းကလဲ ရှိတာပဲ၊ ရုပ်ရှင်ကပြန်ပြီးတဲ့နောက် မုန့်ဆိုင်ခဏဝင်တယ်မဟုတ်လား၊ ဒီတုန်းကလဲ မသိန်းတင်ရှိတဲ့အံကြွေကို ထုတ်ပေးလိုက်တာပဲ'ဟု အေးကြည်က ပြောပြပြီးနောက် ဆက်လက်၍ 'ခက်တာပဲ၊ စနေနေ့ကျရင် ထမင်းလခ ပေးရတော့မယ်၊ မပေးနိုင်ရင် ဒေါ်ခင်ခင်ကြီးက ဘယ်လိုပြောဦးမလဲမသိဘူး'ဟု ညည်းလေ၏။

'ဒေါ်ခင်ခင်ကြီး ဘယ်လိုပြောတာထက် သူ့ကို ဘယ်လိုပြောရပါမလဲဆိုတာက အရေးကြီးနေတယ်၊ သူ့ကိုတော့ အသိပေးလို့ မဖြစ်သေးဘူးထင်တယ်၊ သူ့ပိုက်ဆံရတော့မှာ မဟုတ်ဘူးထင်ပြီး ထမင်းကောင်းကောင်း မကျွေးဘဲနေဦးမယ်'

'ဟုတ်တယ်... အဲ့ဒါခက်တာပဲ၊ ဘယ်သူဆီက ငွေချေးရပါ့မလဲ မသိဘူး၊ လခထုတ်ခါစဆိုတော့ အလုပ်တိုက်က ငွေတင်ကြိုထုတ်လို့လဲ မဖြစ်သေးဘူး၊ ချေးစရာလူလဲ မမြင်ဘူး'



'အခုညတော့ ဘာမှတွေးမနေနဲ့တော့ ညအိပ်ပျက်ရုံပဲရှိမယ်၊ ကဲ... အိပ်တော့၊ မနက်ဖြန်မှပဲ ရှာသင့်ရှာရအောင် ကြိုးစားရမှာပဲ'

အေးကြည်မှာ ထိုညတွင် ကောင်းစွာမအိပ်ရပေ။ အိပ်ပျော်သည့်တစ်ခဏ၌လည်း အလုပ်တိုက်မှငွေများ ဖျောက်ပစ်သည့်အတွက် တိုက်ရှင်က ဆူပူကြိမ်းမောင်းခံရသည်ဟု အိပ်မက်မကောင်းမြင်မက်ရာ နံနက်မိုးလင်းမှ တကယ်မဟုတ်ဘဲ အိပ်မက်ဖြစ်သည်ကိုသိရ၍ စိတ်ထဲ၌ အပူအပင်သက်သာသွားမိလေ၏။ သိန်းတင်လည်း သန်းဝေကာ အိပ်ရာမှနိုးလာလေ၏။

'အမလေး... မသိန်းတင်ရယ်၊ ညကများ မက်လိုက်တဲ့ အိပ်မက်တွေ...'

'ဩော်... ကျွန်မလဲ သိန်းထီပေါက်တယ်မက်တယ်၊ ထီပေါက်လို့ တိုက်ရှင်က ကျွန်မကို လာပြီးလူပျိုစကားပြောတာနဲ့၊ ကျွန်မလဲ လက်နှိပ်စက်ရိုက်တဲ့ တိုက်ပရိုက်တာကြီးနဲ့ ကောက်ပေါက်လိုက်တာ...'

အေးကြည်သည် နားမထောင်တော့ဘဲ စိတ်ပျက်စွာထွက်၍သွားရာ သိန်းတင်လည်း ပြုံးလျက် ကုတင်ပေါ်မှ ဆင်းလာခဲ့လေ၏။

ထို့နောက် လက်ဖက်ရည်အတူတူ သောက်ကြရာတွင် သိန်းတင်က 'စိတ်မလျှော့နဲ့ဦးလေ၊ လိုက်ပြီးရှာမှ မရှာရသေးဘဲဟာ၊ မနေ့က သွားခဲ့တဲ့နေရာတွေလိုက်ပြီးရှာရင် တွေ့ချင်တွေ့မှာပေါ့၊ ကဲ... ကဲ လက်ဖက်ရည်သောက်ပြီး သွားကြမယ်'ဟု ပြောလေ၏။

နာရီဝက်ခန့်ကြာသောအခါ သိန်းတင်နှင့်အေးကြည်တို့သည် မြို့ထဲသို့ရောက်ရှိလာကြကာ ရှေးဦးစွာ မိမိတို့ကြည့်ခဲ့သော ရုပ်ရှင်ရုံမန်နေဂျာအား မေးမြန်းစုံစမ်းနေသည်ကို တွေ့ရလေ၏။

'ခက်သားပဲ... ရုပ်ရှင်ရုံဆိုတာ လူအများ ဝင်ထွက်သွားလာနေကြတာပဲ၊ ခင်ဗျားကို့ချည့် လာတာမဟုတ်ဘူး၊ ခင်ဗျားတို့ မေ့ကျန်ရစ်ခဲ့တာ ရုပ်ရှင်ရုံထဲမှာ အမှန်ဖြစ်တယ်ဆိုရင်တော့ ရဖို့ခဲယဉ်းတယ်၊ တစ်ခါတစ်ခါတော့လဲ မေ့ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေ တွေ့တာပဲ၊ ယနေ့တော့ဖြင့် ဘာမှ မတွေ့ရဘူး'ဟု မန်နေဂျာက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အေးကြည်တို့မှာ ဘာမျှမပြောနိုင်တော့ပဲ နှုတ်ဆက်ပြီးထွက်ခဲ့ကြကာ ဈေးသစ်ကြီးတွင် မိမိတို့ဝင်ရောက်ခဲ့သည့် အထည်ဆိုင်ကြီးများနှင့် မုန့်ဆိုင်ကိုသွားရောက်မေးမြန်းလေ၏။ သို့ရာတွင် ထိုဆိုင်များမှာလည်း ပစ္စည်းပျောက်ထိန်းသိမ်းသောရုံများ မဟုတ်ရကား၊ ရုပ်ရှင်ရုံ မန်နေဂျာကဲ့သို့ပင် ပြန်၍ပြောလိုက်ကြသဖြင့် စိတ်ပျက်စွာထွက်၍ လာခဲ့ကြရရှာလေ၏။

'ကဲ… မသိန်းတင်၊ ကျွန်မတို့တော့ လမ်းဆုံးပြီထင်တယ်၊ ဘယ်လိုလုပ်ဖို့ နည်းလမ်းများရှိသေးသလဲ'

'တခြားနည်းလမ်းတော့မရှိဘူး၊ နောက်ဆုံးမတတ်နိုင်ရင် ဂါတ်ကိုတိုင်ချက်ပေးပြီး ရလိုရငြား မျှော်လင့်ရုံပဲရှိတော့တာပဲ'

အေးကြည်မှာ ဂါတ်ကိုတိုင်၍ကား ပြန်ပြီးရလိမ့်မည်ဟု များစွာမထင်မိပေ။ သို့ရာတွင် အခြားနည်းလမ်းကား မရှိပြီဖြစ်သည့်အတွက် သိန်းတင်၏အကြံကို သဘောတူလိုက်ကာ အနီးဆုံး ပုလိပ်ဌာနသို့ သွားရောက်ကြလေ၏။

ဌာနအခန်းထဲတွင် ခန့်ထည်ထွားကြိုင်းသော ပုလိပ်အမှုထမ်းတစ်ဦးနှင့် ကျနစွာဝတ်ဆင်ထားသော အရပ်ဝတ်အရပ်စားနှင့် လူတစ်ယောက်ကို တွေ့ကြရလေ၏။ ထိုလူသည် အေးကြည်ကိုမြင်သည်နှင့်တစ်ပြိုင်နက် နှစ်သက်သဘောကျသောအမူအရာဖြင့် စိုက်၍ကြည့်ရှုနေမိလေ၏။ ၎င်း၏ကြည့်ရှုပုံမှာ မိန်းမကို တစ်ခါမျှမမြင်ဘူးသကဲ့သို့လည်းကောင်း၊ အေးကြည်လိုလှပသူကလေးကို ယခုမှ ရှေးဦးစွာ တွေ့ဖူးသကဲ့သို့လည်းကောင်း၊ ထင်ရပေ၏။ အေးကြည်ကလည်း ၎င်းအား လှမ်း၍ကြည့်မိကာ ပြည့်ဝပြုံးရွှင်သောမျက်နှာ၊ ကြည်လင်သောမျက်လုံးနှင့် နှာတန်ပေါ်သူတစ်ယောက်ဖြစ်သည်ကို သတိပြုမိပေ၏။

ထိုနောက် ဂါတ်စာရေးအား အကျိုးအကြောင်း တိုင်ကြားသဖြင့် ဂါတ်စာရေးလည်း 'သားရေအိတ်အညို၊ အင်္ဂလိပ်လို-အီးကေ-စာလုံးရေးထားသည်၊ ငွေတစ်ရာငါးဆယ်ပါသည်' စသဖြင့် ပါးစပ်ကလည်းဆို၊ လက်ကလည်းရေးနှင့် တိုင်ချက်ဖွင့်နေလေ၏။



တိုင်ချက်ရေးသားပြီးသည့်နောက် ဂါတ်စာရေးသည် မိန်းမပျိုအားရင်းနှီးဖော်ရွေလိုသည့်သဘောဖြင့် 'ခင်ဗျားတို့ကလဲ တယ်ပြီးပေါ့လျော့ကြတာကိုး၊ အထဲမှာ ငွေတွေပါတယ်ဆိုရင် ပြန်ရဖို့တော့ အတော်ခဲယဉ်းတာပဲ'ဟု ဆိုလေ၏။

'ဒီလိုတစ်ခါမှ မဖြစ်ဖူးပါဘူး၊ ဒီတစ်ခါ ဘယ်လိုများဖြစ်ရတယ်မသိဘူး'ဟူသော အေးကြည်၏အသံသည် ခပ်လှမ်းလှမ်းမှ နားစိုက်နေသောယောကျ်ားပျိုအား ကရုဏာသက်မိစေလေ၏။

'ခက်တာက ဒီငွေမရရင် ထမင်းလခပေးစားတဲ့ အိမ်ရှင်က အငတ်ထားမှာ စိုးရိမ်ရတယ်၊ သိပ်ပြီးဆိုးတဲ့ မိန်းမကြီး၊ ပျောက်သွားတဲ့ငွေတွေဟာလဲ နှစ်ယောက်စလုံးရှိသမျှ အကုန်ပဲ'

ဂါတ်စာရေးသည် သနားသောအမူအရာဖြင့် မိန်းကလေးများအားကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေလေ၏။ ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ ထိုင်နေသော ယောကျ်ားပျိုသည် ထ၍လာပြီးလျှင်…

'ဗျို့… ကိုသာဒင်၊ ဒီအမှုကို ကျွန်တော်လိုက်မယ်၊ ကျွန်တော်လဲ အားနေတာပဲ၊ ခုတစ်လော ခါးပိုက်နှိုက်မှု၊ ခိုးမှုတွေပေါ်နေတာ သိပ်စိတ်ရှုပ်စရာကောင်းတယ်၊ ဒီကောင်တွေတော့ ဒီတစ်ခါမိရင် အသေပဲ'ဟု ဆိုလေ၏။

ဂါတ်စာရေးသည် အံ့အားသင့်သောအမူအရာဖြင့် ထိုသူအား ကြည့်နေပြီးမှ 'ကိုလှရွှေ၊ ခင်ဗျား ဒီအမှုလိုက်မယ်ဆိုတာ ဟုတ်ပါပြီ၊ ဒါပေမယ့်…'ဟု စကားမဆုံးမီ ထိုသူက စကားကိုဖြတ်၍ 'အို… ကိစ္စမရှိပါဘူး၊ မိုလ်ကြီးလာရင် အကျိုးအကြောင်းသာပြောလိုက်၊ ကျွန်တော်လဲ တယ်လီဖုန်းလှမ်းဆက်လိုက်မယ်'ဟုပြောလေ၏။

ထိုနောက် လှရွှေသည် မိန်းကလေးများဘက်သို့ လှည့်လိုက်လေ၏။ ၎င်းတို့မှာ လှရွှေ၏ပထမစကားကိုကြား၍ အားတက်နေကြကာ ထိုသူသည် ဤမျှမကသော အမှုကြီးများကိုပင် နိုင်နင်းစွာ စုံစမ်းနေကျလူတစ်ယောက်ဖြစ်မှာပဲဟု အောက်မေ့မိကြလေ၏။

'ကျေးဇူးတင်ပါတယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'အို… တင်ဖို့မဟုတ်ပါဘူး၊ ဝတ္ထုရေးရှိတဲ့အတိုင်း ဆောင်ရွက်ရတာပါ၊ ဒါထက် ဘယ်နေရာဆီမှာ ထားမိခဲ့တယ်လို့ နည်းနည်းပါးပါး အမှတ်မရဘူးလား'

အေးကြည်က မိမိတို့ရောက်ခဲ့သမျှနေရာ ရှာဖွေမေးမြန်းခဲ့သမျှအကြောင်းတို့ကို ပြန်ပြောင်းပြောပြ၍ သိန်းတင်က ကျန်သောစကားများကို ပြည့်စုံအောင် ဝင်၍ထောက်လေ၏။

လှရွှေသည် အလုံးစုံကြားရပြီးနောက် 'အို… ဘာမှပူပန်မနေကြပါနဲ့၊ ဒီကောင်တွေ ကျွန်တော်စုံစမ်းပါဦးမယ်၊ တစ်ယောက်မေးလိုက်ရင် သဲလွန်စတော့ရမှာပဲ၊ ဒင်းတို့ ဖုံးမထားရဲဘူး' ဟု ဆိုလေ၏။

'ကျွန်မတို့ကော လိုက်ခဲ့ရမှာလား' ဟု သိန်းတင်က မေးလေ၏။

'လိုက်ခဲ့ရမှာပေါ့၊ အခုပဲ သွားကြစို့' ဟု ဆိုပြီးနောက် 'ကဲ… ကိုသာဒင်၊ နေရစ်ခဲ့ပေတော့' ဟု နှုတ်ဆက်၍ထွက်ခဲ့ရာ ဂါတ်စာရေးသည် ပြုံးလျက် 'အရေးတော်ပုံ အောင်ပါစေ' ဟု နှုတ်ဆက်လိုက်လေ၏။

အေးကြည်နှင့်သိန်းတင်တို့ နှစ်ယောက်စလုံးမှာ စုံထောက်ဝတ္ထုများကို နှစ်သက်စွာဖတ်ကြသူများဖြစ်ကြရာ မိမိတို့ဖတ်ခဲ့သမျှ ဝတ္ထုထဲတွင် ပါဝင်သည့် စုံထောက်များ၏ရုပ်လက္ခဏာမှာ ယခုမိမိတို့ တွေ့နေရသူလောက် ပျော့ရွှင်ကြည်လင်သောအမူအရာ၊ ချိုသာသောမျက်နှာ မရှိကြပါတကားဟု တွေးမိကြလေ၏။ ထိုအပြင်လှရွှေ၏ အပြုအမူများမှာ ဝတ္ထုစုံထောက်များကဲ့သို့မဟုတ် သာမန်လူရိုးရိုးနှင့် မခြားနားသည်ကို တွေ့ရသဖြင့် စုံထောက်ဆိုတာ လူမသိအောင်နေမှ အောင်မြင်နိုင်တာပဲဟု နှလုံးပြုမိကြလေ၏။

'အဲဒါ အောင်ကဲတို့ လူသိုက်ရဲ့လက်ချက်ဖြစ်မှာပဲ၊ ခုတစ်လောလက်ဆွဲသားရေအိတ်ကို အလစ်သုတ်ပြေးကြတာ သိပ်များနေတယ်၊ ဒီကောင်တွေ အင်မတန်လည်တယ်၊ လာ… သိမ်ကြီးဈေး အရင်သွားကြမယ်' ဟု ဆိုပြီးလျှင် အေးကြည်နှင့်သိန်းတင်တို့အား မိမိ၏ကားပေါ်သို့တက်ရန် တံခါးကိုဖွင့်ပေးလိုက်လေ၏။

သိမ်ကြီးဈေးထောင့်သို့ရောက်သောအခါ ကားကိုရပ်ထားပြီးလျှင် လှရွှေသည် ကားပေါ်မှမဆင်းဘဲ 'ဟော… ဟို ရွှေဘာဘူဆိုင်နားမှာ မယောင်



မလည်နဲ့ ရပ်နေတဲ့အကောင်ကို မြင်သလား၊ ရုတ်တရက် ကြည့်လိုက်ရင် တောသားလိုလို၊ ဘာလိုလိုနဲ့၊ ဒီအကောင်ကို ကြည့်နေ' ဟု နောက်သို့ လှည့်ပြောလိုက်လေ၏။

တောသားကဲ့သို့သောသူသည် လမ်းကိုဖြတ်၍ကူးရန် ကြောက်ရွံ့သောအမူအရာဖြင့် ဟိုဟိုဒီဒီကြည့်နေပြီးမှ အရဲစွန့်၍ ဖြတ်ကူးသွားပုံကို မြင်ရလေ၏။

'ကဲ… ကားပေါ်မှာနေရစ်ခဲ့ကြ၊ ကျွန်တော်သူ့နောက် လိုက်ဦးမယ်' ဟု ပြောပြောဆိုဆို လှရွှေသည် တံခါးဖွင့်၍ဆင်းသွားလေ၏။

တစ်ခဏမျှကြာသောအခါ မကျေနပ်သောအမူအရာဖြင့် လှရွှေပြန်ရောက်၍လာပြီး 'လက်မတင်ကလေး လွတ်သွားတယ်၊ ကျွန်တော်လဲရောက်ရော ဘတ်စကားပေါ်တက်ပြေးတာပဲ' ဟုဆိုပြီး 'လိုက်ရင်တော့ မိမှာပဲ၊ ဒါပေမယ့် လိုက်မှန်းသိရင် ပစ္စည်းကို လက်ပြောင်းပစ်မှာစိုးရိမ်ရတယ်၊ ကဲ… ပြန်လှည့်ကြဦးစို့' ဟု ဆိုပြီး ကားပေါ်သို့ တက်၍စက်နှိုးလေ၏။

ကားပေါ်တွင် လှရွှေက အေးကြည်အား အိတ်ထဲတွင် ပါသမျှပစ္စည်းကို ဘာတစ်ခုမျှမကျန် ပြောရန် မေးလေ၏။ သေးသေးနုပ်နုပ်ပစ္စည်း တစ်စုံတစ်ရာ မေ့လျော့ကျန်နေရုံနှင့် အကြီးအကျယ်လွဲမှားနိုင်သည်ဟု ပြောပြလေ၏။ အေးကြည်လည်း အိတ်ထဲ၌ပါရှိသွားသမျှတို့ကို ပြောပြရာ လှရွှေသည် ဖောက်ပြီးသား စာအိတ်တစ်ခုပေါ်၌ ရေးမှတ်လေ၏။

ထိုနောက် ကားထွက်လာပြီးလျှင် လှရွှေသည် ပျော်ပွဲစားရုံတစ်ခုရှေ့သို့ရောက်သောအခါ တစ်စုံတစ်ရာသတိရသကဲ့သို့ 'နေဦး… ဒီအထဲဝင်ကြဦးစို့၊ ဒီဆိုင်မှာ တော်တော်လူစုံတယ်၊ သတင်းတော့ရမှာပဲ' ဟု ဆိုပြီး ကားရပ်လိုက်လေ၏။

ဆိုင်ထဲသို့ရောက်သောအခါ စားပွဲတစ်ခုတွင်ထိုင်ကြ၍ လှရွှေက အစားအစာများ ရက်ရောစွာ မှာယူကျွေးမွေးလေ၏။

အေးကြည်သည် လှရွှေအား ကြည်ညိုသောမျက်နှာနှင့် ကြည့်နေရာက 'ဒီဆိုင်မှာ ပြန်ပြီးရနိုင်မယ်လို့ ထင်လို့လား' ဟု မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဝင်တဲ့ထွက်တဲ့လူတွေ အကဲခတ်နေတာပဲ၊ သဲလွန်စ တစ်ခုနှစ်ခုတော့ရပြီ၊ နေဦး… ပိုက်ဆံသိမ်းတဲ့မိန်းကလေးကို သွားမေးလိုက်ဦးမယ်၊ သူက ဆိုင်ထိုင်ဆိုတော့ အမြဲတွေ့မြင်နေရတာ'ဟု ပြောပြောဆိုဆို ထ၍သွားလေ၏။

သိန်းတင်သည် လှရွှေအားကြည့်နေပြီး 'မအေးကြည်လူက အနိပ်သားပဲ'ဟု ခပ်ပြုံးပြုံးပြောလေ၏။

'ကျွန်မလူလို့ မပြောပါနဲ့၊ အခုမှတွေ့ရတာ'

'နို့… မနိပ်ဘူးလား'

'နိပ်တာ၊ မနိပ်တာကို ပြောတာမဟုတ်ပါဘူး၊ ကျွန်မလူ ဆိုတာကိုသာ ပြောတာပါ'ဟုဆိုပြီးလျှင် 'လူကတော့ အတော်ချောတဲ့လူပဲ'ဟု ခပ်တိုးတိုးဖြေလေ၏။

'သူ့ကြည့်ရတာ မအေးကြည်ကို သဘောကျနေပုံရလို့ ပြောတာပါ၊ စိတ်မရှိပါနဲ့'

'အို… မနောက်စမ်းပါနဲ့'ဟု အေးကြည်က ရှက်သွေးတက်ကြွသောမျက်နှာကလေးဖြင့် ပြန်၍ပြောလေ၏။

မကြာမီ လှရွှေပြန်လာပြီးလျှင် 'သတင်းတော့ရခဲ့ပြီ၊ သူရိယတိုက်က ကျွန်တော့်မိတ်ဆွေ သတင်းထောက်တစ်ယောက်ဆီ သွားပြီးစုံစမ်းစရာရှိသေးတယ်၊ လာ သွားကြစို့'ဟု ဆိုလေ၏။

သတင်းစာတိုက်သို့ရောက်သောအခါ လှရွှေသည် အေးကြည်တို့အားကားပေါ်၌ နေရစ်စေခဲ့ပြီးလျှင် တိုက်ပေါ်သို့တက်သွားလေ၏။ လှရွှေသည် တိုက်ပေါ်၌ မိနစ်(၂၀)ခန့်မျှ ကြာလေ၏။

ထို့နောက် လှရွှေပြန်ရောက်လာကာ 'ကဲ… သတင်းတော့ဖြင့် အစုံရပြီ၊ မနေ့က မအေးကြည်တို့ ရောက်ခဲ့တယ်ဆိုတဲ့နေရာတွေပဲ ပြန်ပြီးကြည့်ကြဦးစို့၊ အရေးကြီးတဲ့သဲလွန်စ ရချင်ရမယ်'ဟု ပြောပြလေ၏။

အေးကြည်နှင့်သိန်းတင်တို့မှာ စုံထောက်ကြီးနှင့်ထက်ချပ်မကွာလိုက်နေရသော်လည်း မောပန်းသည်ဟု မထင်မိကြချေ။ သို့ရာတွင် မိမိရောက်ခဲ့သည့်နေရာများကို ပြန်လည်သွားရောက်ပြီးဆုံးသည့်နောက်တွင် အတော်ကလေး မောပန်းသွားကြပြီး နံနက်စာ မစားကြရသေးသည့်အတွက် ဆာလောင်စပြုလာကြလေ၏။



'ကဲ… ကျွန်မတို့ ဆက်ပြီးလိုက်ရဦးမလား၊ မနက်စာလဲ မစားခဲ့ရသေးဘူး'ဟု သိန်းတင်က ပြောလေ၏။

'အို… ဒီလိုဆိုရင် ကျွန်တော်ကျွေးပါ့မယ်'

'နေပါစေရှင်… အားနာစရာကြီး'

'အားမနာပါနဲ့၊ ကျွန်တော့်စေတနာကို ပါရမီဖြည့်စမ်းပါ၊ ကျွန်တော်လဲ မစားရသေးပါဘူး'

ဟိုတယ်သို့ ရောက်ကြသောအခါတွင် လှရွှေမှာ မိမိ၏အလုပ်ဝတ္တရားကိုပင် လုံးဝမေ့လျော့ကာ အသိမိန်းကလေးနှစ်ယောက်နှင့် အပျော်ထွက်လာရသကဲ့သို့ အောက်မေ့နေမိလေ၏။

'ဘယ့်နှယ်လဲ… မြန်မြန်ပြန်ရဖို့ နီးရဲ့လား'

'ရမှာပါပဲ၊ ဒါပေမယ့်… အချိန်အပိုင်းအခြားနဲ့တော့ဖြင့် ကတိမထားပါရစေနဲ့၊ ဒီလိုအမှုမျိုးဆိုတာ တစ်ခါတစ်ခါ ထင်ကြေးနဲ့အများကြီး လွဲတတ်တယ်၊ ဒါထက်… သားရေအိတ်ပြန်မရခင် သုံးဖို့ဆွဲဖို့လိုတယ်ဆိုရင် ငွေနှစ်ဆယ်လောက် ကျွန်တော့်ဆီက ယူထားလေ၊ သားရေအိတ်ရတော့ ပြန်ပေးတာပေါ့'

'ကျေးဇူးတင်ပါတယ်ရှင်၊ နေပါစေ၊ မတော်လို့ သားရေအိတ်ပြန်မရရင်…'

'ဘယ့်နှယ်ကြောင့် ပြန်မရဘူးလို့ ဆိုနိုင်သလဲ'

လှရွှေ၏မျက်နှာတွင် ၎င်းအား ရွှတ်ချပြောဆိုသည့်သဘောကို သက်ရောက်စေသည့်စကားအတွက် စိတ်ဆိုးသွားပုံရသောကြောင့် အေးကြည်မှာ မနေသာတော့ဘဲ လှရွှေစိတ်ဆိုးပြေစေရန် ငွေနှစ်ဆယ်ကို ယူ၍ထားလိုက်ရလေ၏။

စားသောက်ပြီးစီးကြသည့်အခါတွင် လှရွှေသည် အေးကြည်တို့အားအိမ်အရောက် လိုက်၍ပို့ပြီးနောက် 'မနက်ဖြန် သတင်းကောင်းကြားဖို့ကိုသာ မျှော်လင့်ပေတော့'ဟု ပြောဆိုနှုတ်ဆက်၍ ထွက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အေးကြည်နှင့်သိန်းတင်နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသောအခါ သိန်းတင်က ကျေးဇူးတင်စရာသိပ်ကောင်းတာပဲ၊ သူ့ခမျာ စေတနာကြောင့် ကြိုးစားလိုက်ရတာ အတော်မောရှာမယ်၊ မြန်မြန်ရှာတွေ့နိုင်ပါစေလို့ ဆုတောင်းရတာပဲ ဟု ဆိုလေ၏။

အေးကြည်သည် ဘာမျှမပြောဘဲ တွေဝေစဉ်းစားနေလေ၏။

'ဘာလဲ... မအေးကြည်... မြန်မြန်သားရေအိတ်ပြန်တွေ့ရင် သူနဲ့သွားလာမနေရမှာစိုးလို့ စနေနေ့လောက်ကျမှ တွေ့စေချင်နေသလား'

အေးကြည်သည် မိမိအားမေးသည်ကို သိသော်လည်း စကားကို မကြားသဖြင့် 'ရှင်... မသိန်းတင် ဘာပြောသလဲ၊ ကျွန်မ စဉ်းစားနေတာနဲ့ မသဲကွဲဘူး' ဟုဆိုလေ၏။

'စဉ်းစားနေတယ်ဆိုတာ ယုံပါတယ်၊ ဒါပေမယ့် သားရေအိတ်ကို မဟုတ်ဘူး၊ တခြားဟာ စဉ်းစားတာမဟုတ်လား' ဟု သိန်းတင်က ဆို၍ပြုံးလေ၏။

* * *

နောက်တစ်နေ့တွင် လှရွှေသည် စောစောစီးစီး အေးကြည်တို့ထံသို့ ရောက်၍လာလေ၏။

'ဩော်... ကိုလှရွှေ သားရေအိတ်တွေ့ခဲ့ပြီလား'

'တွေ့ထားပြီဆိုပါတော့၊ ညနေမစောင်းခင် ရမှာပါပဲ၊ ဖြစ်ပုံက ကျွန်တော်လိုက်နေတဲ့လူ ထွက်ပြေးလို့ ပွကျနေတာ'

'အို... ဒါပေမယ့် ဝေးဝေးမပြေးပါဘူး၊ ကမာရွတ်နဲ့ ထောက်ကြံ့ ဒီနှစ်နေရာ တစ်ခုခုဖြစ်မှာပဲ'

'ဒါဖြင့် မလိုက်နိုင်တော့ဘူးပေါ့'

'ဟာ...ဒီနေရာတွေလောက် ဘာဝေးတာလဲ၊ တစ်ခါက အမှုတစ်ခုနဲ့ ကျွန်တော် မိုးကုတ်အထိတောင် လိုက်သေးတာပဲ၊ လိုက်ခဲ့ကြပါလား၊ ကားနဲ့ပဲ'

အေးကြည်မှာ ထိုစကားကို 'မငြင်းလိုပေ။ ၎င်း၏စိတ်ထဲတွင် ရွှင်လန်းလှုပ်ရှား၍ နေလေတော့၏။ သိန်းတင်မှုကား ကားစီး၍လိုက်ရမည်ကို



သဘောကျသော်လည်း သားရေအိတ်ရအောင် မရှာနိုင်သေးသည်ကို မကျေနပ် သကဲ့သို့ရှိနေလေ၏။

'အလကားပါပဲ ထင်ပါတယ် မအေးကြည်ရယ်၊ သားရေအိတ် ဘယ်မှာလဲဆိုတာ သိမယ်လဲ မထင်ပါဘူး၊ ကျွန်မတို့နဲ့ ပျော်ပျော်ပါးပါး သွားနေတာလားမသိဘူး'

'အို... မသိန်းတင်ကလဲ ကျေးဇူးကန်းတဲ့စကားမျိုးတွေ မပြောစမ်းပါနဲ့၊ စေတနာကောင်းနဲ့လုပ်တာပါ'

'ကြည့်လေ... ကြည့်'

သိန်းတင်၏ မသင်္ကာခြင်းမှာ ကားထွက်လာသည်နှင့် တစ်ပြိုင်နက် တဖြည်းဖြည်း တိုးလာလေတော့၏။ အကြောင်းမူကား အေးကြည်သည် နောက်မှာပင် မထိုင်တော့ဘဲ ရှေ့ကယှဉ်တွဲ၍ထိုင်ကာ လမ်းတစ်လျှောက်လုံး နှစ်ယောက်သား စကားပြောမရပ်ဘဲ သားရေအိတ်နှင့်ဆိုင်သောစကား တစ်ခွန်းမှမပါဘဲရှိသည်ကို ကြားနေရလေ၏။ သို့အားဖြင့် သိန်းတင်သည် အေးကြည်အား သားရေအိတ်ကို ပေါ့လျော့စွာ ကိုင်ရကောင်းလားဟု စိတ်ဆိုးလျက် ဒေါ်ခင်ခင်ကြီးနှင့်လည်း မည်သို့မျက်နှာချင်းဆိုင်ရပါမည်နည်းဟု တွေးပူနေမိလေတော့၏။

ကမာရွတ်ဘူတာသို့ရောက်သောအခါ အိမ်တစ်အိမ်ရှေ့တွင် ကားရပ်၍ လှရွှေ ဝင်သွားပြီးခဏအကြာတွင် ထွက်လာကာ 'မရှိတော့ဘူး၊ ထောက်ကြံ့ကို ပြေးပြီ၊ ဒီတစ်ခါတော့ ဒီကောင်အမိပဲ' ဟုဆို၍ ကားပေါ်သို့ လျင်မြန်စွာတက်ရောက် မောင်းနှင်ပြန်လေ၏။

ထောက်ကြံ့သို့သွားရာလမ်းတစ်လျှောက်တွင် သိန်းတင် စိတ်ပိုမို၍ ရှုပ်လာသလောက် အေးကြည်နှင့်လှရွှေတို့မှာ တိုး၍ပျော်ရွှင်လျက်ရှိကြလေ၏။ သို့ဖြစ်ရကား ထောက်ကြံ့သို့ရောက်ရှိစုံစမ်းပြန်ရာတွင် လှရွှေက 'ရန်ကုန် ဘက် ပြန်ပြေးပြီတဲ့' ဟု ပြောရာ၌ အေးကြည်မှာ အနည်းငယ်မျှ စိတ်နှင့်အနှောင့် အယှက်မဖြစ်ဘဲ 'ကဲ... ပြန်လှည့်ကြဦးစို့' ဟု ခေါ်၍ ဂါတ်သို့သွားကြလေ၏။

ဂါတ်သို့ရောက်သောအခါ လှရွှေသည် အေးကြည်တို့အား ကားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပင် ထားခဲ့ပြီးနောက် ဂါတ်ထဲသို့ဝင်သွားပြီး ဂါတ်စာရေးအား 'ဘယ်နှယ့်လဲ၊ သားရေအိတ် ရနိုင်စရာအကြောင်းရှိရဲ့လား'ဟု မေးလိုက်လေ၏။

ဂါတ်စာရေးသည် ပြုံး၍နေပြီး အံဆွဲထဲက သားရေအိတ်တစ်ခုကို ထုတ်ပြကာ 'ဟောဒီမှာ'ဟု ဆိုလိုက်လေ၏။

လှရွှေသည် ဝမ်းသာအားရ သားရေအိတ်ကိုဆွဲယူပြီးလျှင် အပြင်သို့ ထွက်၍ ကားထဲမှအေးကြည်တို့အား ခေါ်လိုက်လေ၏။

အေးကြည်တို့သည် သားရေအိတ်ကိုမြင်သည်နှင့်တစ်ပြိုင်နက် 'ဟာ… အဟုတ်ပါပဲ၊ အဲဒါ ကျွန်မသားရေအိတ်ပဲ'ဟု ဝမ်းသာအားရ ပြေးလာပြီး လှရွှေလက်ထဲမှ ဆွဲယူလေ၏။

'အဲဒါ… ပြန်ပို့လိုက်တာ နာရီဝက်လောက်ပဲရှိဦးမယ်၊ ဒီကောင်ဟာ ကျုပ်လိုက်နေပြီဆိုတာသိရလို့ သူ့လက်ထဲမထားရဲဘဲ မိန်းမကြီးတစ်ယောက် ကောက်ရတဲ့အနေမျိုးနဲ့ ဂါတ်ကို မိန်းမကြီးတစ်ယောက်လွှတ်ပြီး ပို့လိုက်တယ်၊ ဒါပေမယ့်… ဒီကောင်ကို ဒီလိုနဲ့ ချမ်းသာမပေးနိုင်သေးဘူး၊ ဒီည သန်းခေါင် မကျော်ခင် အမိဖမ်းပြီးချုပ်မယ်'ဟု ဆိုပြီးနောက် 'ငွေတွေ… ရေကြည့်ပါဦး'ဟု ပြောလေ၏။

အေးကြည်သည် ပိုက်ဆံများရေတွက်ကြည့်ပြီးနောက် ပြုံးပြုံးကလေး မော်ကြည့်ကာ 'ကိုလှရွှေ ပြန်ရအောင်လုပ်နိုင်တာ သိပ်အံ့ဩစရာကောင်းတာပဲ၊ ဝတ္ထုထဲမှာဖတ်ရတဲ့ စုံထောက်တွေတောင် ဒါလောက်မစွမ်းဘူး'ဟု ချီးမွမ်းလေ၏။

ထိုအခါမှ သိန်းတင်က 'ကျွန်မ တောင်းပန်ပါရစေ၊ ကျွန်မစိတ်ထဲမှာတောင် ပြန်မရနိုင်ဘဲ ညာနေတာလို့ ကိုလှရွှေကို အထင်လွဲမိသေးတယ်၊ စိတ်မဆိုးပါနဲ့'ဟု ဆိုလေ၏။

'အို… ဒီလိုဆိုရင် စိတ်ဆိုးတယ်၊ ဒီည ရုပ်ရှင်လိုက်ပြီးပြရမှ ကျေနိုင်မယ်'

အေးကြည်နှင့်သိန်းတင်တို့မှာ ဝမ်းမြောက်ပျော်ရွှင်နေကြကာ လှရွှေ၏စကားကို မငြင်းနိုင်ကြဘဲ ရုပ်ရှင်သွားရန် စောင့်နေကြမည့်အကြောင်း ပြောဆိုနှုတ်ဆက်၍ပြန်ခဲ့ကြလေ၏။



လှရွှေသည် မိမိလာ၍ခေါ်မည်ဟု ပြောလိုက်သည့်အချိန်တွင် ဆက်ဆက်ရောက်လာခဲ့လျှင် ၎င်းနှင့်အေးကြည်တို့၏ဇာတ်လမ်းသည် ထိုနေရာတွင် အဆုံးသတ်၍ လှရွှေက မိမိ၏ရှာဖွေစုံထောက်ပုံတို့ကို စားမြုံ့ပြန်ပြီး ခွဲခွာကြဖို့ပင်ရှိပေတော့၏။ သို့ရာတွင် လှရွှေမှာ(၁၀)မိနစ်ခန့် နောက်ကျသွားရာ ထိုနောက်ကျသော (၁၀)မိနစ်အချိန်တွင် အေးကြည်မှာ စောင့်နေရသည်ကို ပျင်းသဖြင့် သတင်းစာတစ်စောင် ကောက်ယူဖတ်ရှုနေရာတွင် ကြော်ငြာကလေးတစ်ခုကို တွေ့လိုက်ရသဖြင့် အံ့အားသင့်၍သွားလေ၏။

**ဆုငွေ ၁၅၀ ပေးမည်။**

မိန်းမကိုင် လက်ဆွဲသားရေအိတ်တစ်လုံး ထောင့်တွင် အင်္ဂလိပ်လို အီး-ကေ ဟု စာတန်းထိုးထားသည်။ ငွေစက္ကူ-၁၀တန်-၁၅ချပ်နှင့် အကြွေများ၊ လက်ကိုင်ပဝါတစ်ထည်၊ ပေါင်ဒါနှင့်ဒန်ဘူးတစ်ခု၊ တို့ပတ်တစ်ခု၊ ဆံညှပ်တစ်ခုနှင့် အဖိုးတန်သော စာရွက်စာတမ်းများ ပါရှိသွားသည်။ သားရေအိတ်ပြန်ပို့သူအား ပါသောငွေအားလုံး ဆုငွေအဖြစ်ပေးမည်။

*လှရွှေ၊*
*၂၆၊ ဖယ်ရာလမ်း၊*
*ရန်ကုန်။*

အေးကြည်သည် သတင်းစာကိုဖတ်ပြီး အံ့အားသင့်နေပြီးမှ 'လက်စသတ်တော့ ဒီလိုကိုး၊ ဒီလိုဆိုရင် သူ့ကိုငွေတွေ တဖြည်းဖြည်း ပြန်ပြီးဆပ်ရတော့မှာပဲ' ဟု ဆိုလေ၏။

'ဒါကြောင့် အစက ကျွန်မ မပြောလား၊ သူဟာ စုံထောက် ဟုတ်မယ်လို့ အစကတည်းက မထင်ခဲ့ဘူး၊ သတင်းစာတိုက်သွားတာလဲ ကြော်ငြာထည့်ရအောင် သွားတာပဲ၊ အစအဆုံး ကျွန်မတို့ကို လိမ်နေတာ' ဟု ဆိုပြီးလျှင် 'ကြည့်နေ၊ သူလာပါစေဦး'ဟု ကြိမ်းလေ၏။

'မသိန်းတင် နေပါ၊ ကျွန်မ ကြည့်ပြီးပြောပါ့မယ်'

သိန်းတင်သည် ရုပ်ရှင်မသွားတော့ဟုဆိုပြီး အဝတ်အစားများ ပြန်ချွတ်ပစ်ရင်း အတွင်းခန်းသို့ဝင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ လှရွှေရောက်လာရာ အေးကြည်၏ စိတ်ဆိုးနေသော အမူအရာကိုတွေ့ရ၍ 'ဘာဖြစ်လို့လဲ၊ နည်းနည်းနောက်ကျသွားလို့ စိတ်ဆိုးနေသလား' ဟုမေးလေ၏။

အေးကြည်သည် စကားမပြောဘဲ ကြော်ငြာကို ထိုးပြလိုက်လေ၏။

'စိတ်ဆိုးရင်လဲ ခံရတော့မှာပဲ မအေးကြည်ရယ်၊ ကျုပ် စုံထောက်မဟုတ်တာ အမှန်ပါပဲ၊ ကျုပ်အဖေက အင်စပက်တော်ပဲ၊ သူနဲ့တွေ့ရအောင် ဂါတ်ကိုလာရင်း မအေးကြည်မျက်နှာကို မြင်မြင်ချင်းပဲ ကျုပ်စိတ်ထဲမှာ'

နာရီဝက်ခန့်ကြာသောအခါ အေးကြည်သည် ပြုံးရွှင်သောမျက်နှာဖြင့် အတွင်းခန်းသို့ဝင်လာပြီး သိန်းတင်အား 'ကဲ··· ဒေါ်ပွမနေ့နဲ့တော့၊ ကျွန်မလူကို ကျွန်မ ကျေနိုင်ရင် မသိန်းတင်လဲ ကျေနိုင်ရမယ်၊ ကျေရုံတင် မကသေးဘူး၊ မင်္ဂလာဆောင်တဲ့အခါ အပျိုရံလုပ်ဖို့ အခုကတည်းက အသင့်ပြင်ထားပေတော့' ဟု ပြောလိုက်လေ၏။ ။

*သူရိယမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၄၀။*

## သတို့သမီး

'ကျွန်မကို···ကယ်ပါ···ကယ်ပါ၊ လွတ်အောင်လုပ်စမ်းပါ' ဟု အလွန်ထိတ်လန့်ကြောက်ရွံ့သောအမူအရာဖြင့် ကားပေါ်သို့အတင်းပြေးတက်လာသော မိန်းမပျိုကလေးတစ်ဦးတစ်ယောက်ကို တွေ့ရလျှင် မည်သည့် ဒရိုင်ဘာမဆို အောင်စိန်ကဲ့သို့ ပြုလုပ်မည်မှာမလွဲချေ။

အောင်စိန်မှာ ဒရိုင်ဘာပင်ဖြစ်သော်လည်း လူအများအထင်သေးခံရလေ့ရှိသော ကြမ်းပိုးကိုဏ်းဝင်ထဲကမဟုတ်ဘဲ မိမိ၏ကိုယ်ပိုင်ငွေ အနည်းငယ်မျှနှင့် ဘိလပ်သို့ပြန်သွားသည့် မျက်နှာဖြူတစ်ဦးထံမှ စျေးသက်သာစွာနှင့် ဝယ်ယူရရှိလိုက်သော တစ်ပတ်နွမ်းကားလေးကို ကိုယ်တိုင်မောင်း၍ ပရိုက်ဗိတ် တက္ကစီဆွဲနေသောသူ တစ်ယောက်ဖြစ်ပေ၏။

ထိုသို့ ကိုယ်ပိုင်ဥစ္စာအင်အားကလေးဖြင့် ဖြောင့်မှန်စွာ ရှာဖွေစားသောက်နေသူ တစ်ဦးဖြစ်သည့်အတိုင်း အောင်စိန်သည် အခြားသောဒရိုင်ဘာများကဲ့သို့ လက်ဖက်ရည်ဆိုင်တွင် ဟေးလားဝါးလားနှင့် အချိန်ကုန်၍မနေတတ်ချေ။ အော်ဒါမလိုက်ရသဖြင့် ကားစတင်းတွင် ရပ်နေရသည့်အခါ မည်သည့်အခါမျှ အလကားနေလေ့မရှိဘဲ ကားစတင်းတွင် လာ၍ရောင်းသည့် သတင်းစာကုလားများထံမှ သတင်းစာကို တစ်ပြားနှစ်ပြားပေး၍ အငှားဖတ်ရှု

www.burmeseclassic.com

www.burmeseclassic.com



ကာ မြို့ရေးရွာရေး၊ တိုင်းရေး၊ ပြည်ရေးအတွက် အမြဲတမ်းကြည့်ရှု အကြံထုတ်နေတတ်သူတစ်ယောက်ဖြစ်ပေ၏။

ထိုနေ့တွင် သော်မဆင်လမ်းမှ အငြိမ်းစားဝန်ထောက်ကြီး ဦးထွန်းအောင်၊ ဒေါ်ဒေါ်ရှင်တို့၏သမီး မသိန်းနွဲ့နှင့် ပျဉ်းမနားမြို့ မြေပိုင်ရှင်သူဋ္ဌေးဦးဘသော်တို့ လက်ထပ်မည့်သတင်းကို သတင်းစာ၌ ဖတ်ရှုတွေ့ရှိရလေရာ ထိုမင်္ဂလာဆောင်တွင် ကားများကို အသင့်ငှားရန်ထားမည်ပင်ဖြစ်သော်လည်း မည်သည့်မင်္ဂလာဆောင်မဆို ငှားထားသောကားများ ခရီးလွန်နေစဉ် အရေးတကြီး ပြေးရန်လွှားရန်ကိစ္စများ ပေါ်ပေါက်တတ်သည့်အတိုင်း မိမိလည်း ထိုအိမ်ရှေ့တွင် ကားသွား၍ဆိုက်ထားက ယခု အလကားနေရသည်နှင့်စာလျှင် အော်ဒါရကောင်းရနိုင်သေးသည်ဟု နှလုံးပြုကာ ထိုအိမ်ရှေ့သို့သွားရောက်၍ ကားဆိုက်ထားရင်း ငှားလာသောသတင်းစာတွင် မဖတ်ရသေးသည့်သတင်းများကို ဆက်လက်ဖတ်ရှုနေလေ၏။ ထိုအခိုက်တွင် 'ကျွန်မကိုကယ်ပါ' ဟူသော အသံကိုကြားလိုက်ရသောအခါ ထိတ်လန့်အံ့အားသင့်ပြီး ကြည့်နေမိလေ၏။

ဒရိုင်ဘာတို့မည်သည်မှာ လူအမျိုးမျိုးနှင့် တွေ့ကြုံနေကြရ၍ လူအကြောင်း ကောင်းကောင်းသိသူများ ဖြစ်ကြပေ၏။ သို့ရာတွင် အထူးသဖြင့် မကောင်းမှုဖြင့်အသက်မွေးသော မိန်းကလေးများကိုသာ အတွေ့များ၊ အကြုံများကြလေရာ မိန်းမနှင့်ပတ်သက်လာသောအခါ မိန်းကလေးတစ်ယောက်တည်းသွားလာခြင်းကို တွေ့ရမြင်ရလျှင် မည်သို့ပင်မိန်းမကောင်းကလေးတစ်ယောက်ဖြစ်စေကာမူ မည်သည့်အခါမျှ အကောင်းဟု မထင်တတ်ကြသည်သာလျှင်များကြပေ၏။

အောင်စိန်မှာမူ ထိုမိန်းမပျိုလေး၏ သစ်လွင်သောအဝတ်အစားများကိုလည်းကောင်း၊ သားနားစွာ ပြုပြင်ဖြီးလိမ်းထားသော မျက်နှာကိုလည်းကောင်း တွေ့ရှိရခြင်းအားဖြင့် အထင်သေးခြင်းမဖြစ်မိဘဲ မည်သူများပေနည်းဟု သိလိုသောစိတ်ဖြစ်ပေါ်မိလျက် 'ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကလဲ' ဟု မေးလိုက်လေ၏။



'ကျွန်မ... လက်ထပ်မယ့်သတို့သမီး... မသိန်းနွဲ့' ဟူသော အဖြေကိုသာကြားလိုက်ရသည်တွင် အောင်စိန်သည် အနည်းငယ်မျှ ဆိုင်းငံ့စဉ်းစားနေခြင်းမပြုတော့ဘဲ လက်ထဲရှိသတင်းစာကို ဘေးသို့ပစ်လိုက်ကာ 'လာ... လာ... တက် တက်' ဟုဆိုရင်း တံခါးကိုဖွင့်ပေးပြီး ကားပေါ်သို့ မိန်းမပျိုကလေးရောက်သည်နှင့် တစ်ပြိုင်နက် ကားတံခါးကိုပြန်ပိတ်၍ လျင်မြန်စွာစက်နှိုးမောင်းနှင်သွားလေ၏။

အောင်စိန်မှာ သတင်းစာတွင် ဖတ်ရှုရကတည်းက မသိန်းနွဲ့နှင့်လက်ထပ်မည့်သူမှာ မြေပိုင်ရှင်သူဋ္ဌေးတစ်ယောက်ဖြစ်သည်ကို တွေ့ရခြင်းအားဖြင့် အသက်အရွယ် အလွန်ကွာခြားမည်မှာမလွဲဟု တထစ်ချယူမှတ်ခဲ့ရာ ယခုကဲ့သို့ သတို့သမီးပြေးလာသည်ကို တွေ့ရသည့်အခါတွင် အသက်အရွယ်ကြီးသူနှင့် မပေါင်းသင်းလို၍ ထွက်ပြေးလာခြင်းဖြစ်သည်ဟု ရိပ်မိပြီး ကားပေါ်သို့တင်၍ မောင်းနှင်ပြေးခဲ့ခြင်း ဖြစ်ပေတော့သည်။

အောင်စိန်သည် မည်သည့်နေရာဟူ၍ ရည်ရွယ်ချက်မရှိဘဲ အတော်ဝေးလံ၍ မျက်ခြည်ပြတ်လောက်သည့် နေရာကိုရောက်ရှိမှ နောက်သို့လှည့်ကာ 'ဘယ်သွားမလဲ' ဟု မေးလိုက်လေ၏။

မိန်းမပျိုကလေးသည် ရုတ်တရက်အဖြေမပေးနိုင်ဘဲ ငေးမော၍ကြည့်နေပြီးမှ 'ကျွန်မ... ဘယ်ကိုသွားရမှန်း မသိဘူး၊ လွတ်တဲ့နေရာ တစ်ခုခုကို ပို့ပါ' ဟု ပြောလေ၏။

အောင်စိန်မှာ ထိုကိစ္စကို ကားမောင်းနေရင်း တိုင်ပင်၍မဖြစ်၊ ခဏခဏနောက်သို့လှည့်၍ စကားပြောရလျှင် ကားတိုက်မည်ကိုသိ၍ ကားကိုထိုးပြီးရပ်လိုက်ရာ မိန်းမပျိုကလေးသည် အလန့်တကြား အောင်စိန်၏လည်ပင်းကိုလှမ်းဖက်ရင်း 'ဘာလဲ... ဘာလဲ... ဘယ်သူတွေ တွေ့လို့လဲ' တုန်တုန်ယင်ယင် မေးလေ၏။

'ဘယ်သူမှ မလိုက်ပါဘူး၊ တိုင်ပင်မလို့ပါ' ဟု ဆိုမှ မိန်းမပျိုကလေးသည် ရှက်ကိုးရှက်ကန်းနှင့် လက်ကိုဖြေ၍ နောက်သို့ပြန်မှီပြီး ထိုင်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်စိန်မှာ မိန်းမပျိုကလေး၏အတွေ့အထိကို ခံစားလိုက်ရသည့်အတွက် ရုတ်တရက်စကားမပြောနိုင်ဘဲ ရှိနေပြီးမှ 'အသိရှိတယ် မဟုတ်လား၊ အသိအိမ် သွားမလား' ဟု မေးလိုက်လေ၏။

'အသိတွေတော့ရှိပါရဲ့၊ အသိတွေဆီသွားနေရင် ချက်ချင်းပြန်တွေ့သွားမှာပဲ၊ တခြားလဲ ဘယ်သွားရမှန်းမသိဘူး' ဟု ဆိုပြီးလျှင် အောင်စိန်၏ မျက်နှာကို သေချာစွာအကဲခတ်၍နေပြီးနောက် မတော်မတရားလုပ်မည့် လူစားထဲကမဟုတ်ဟု ယုံကြည်စိတ်ဖြစ်ပေါ်ကာ 'ရှင့်ကို ကျွန်မ အားကိုးပါရစေရှင်၊ ရှင်ကျွန်မကို ကယ်ဆယ်လက်စနဲ့ ဆက်ပြီး ကယ်ဆယ်ပါတော့' ဟု တောင်းပန်လေ၏။

အောင်စိန်မှာ မသိန်းနွဲ့အား တစ်နည်းနည်းနှင့် မိမိလျှို့ဝှက်ထားခြင်းဖြင့် မိမိအပေါ်တွင် အပြစ်ရောက်မည်၊ မရောက်မည်ကို မတွေးတောနိုင်မစဉ်းစားနိုင်တော့ဘဲ ၎င်း၏သနားစရာအသံကလေးကို ကြားရခြင်းဖြင့် စိတ်၌ထိခိုက်သွားကာ 'ဒီလိုဆိုရင် ကျုပ်တို့ဆီမှာ လိုက်ပြီးနေမလား၊ ကျုပ်အိမ်မှာတော့ ကျုပ်အမေတစ်ယောက်တည်း ရှိတာပဲ' ဟု ပြောလေ၏။

မိန်းမပျိုကလေးသည် ခေတ္တမျှစဉ်းစားနေပြီးမှ 'ဒီလိုဆိုရင်လဲ ကျေးဇူးတင်ပါတယ်ရှင်၊ ကောင်းမယ်ဆိုရင် သင့်သလို စီမံပေးပါတော့' ဟု ပြောလိုက်လေ၏။

အောင်စိန်မှာ ထိုနေ့အဖို့ မိမိမျှော်လင့်ချက်နှင့်မကိုက်။ ကားခမရ။ ဒုက္ခသည်ကလေးတစ်ယောက်ကို ကယ်ဆယ်လိုက်ရခြင်းပင် ဖြစ်ပေတော့သည်ဟု တွေးမိသော်လည်း ကားခမရမှုကို ဝမ်းမနည်း၊ လှပချောမောသော မိန်းမပျိုကလေးတစ်ယောက်ကို တွေ့ရခေါ်ရခြင်းကိုပင် ကျေနပ်လျက်ရှိသည့်အပြင် ထိုမိန်းမပျိုကလေးမှာ အထက်တန်းစားထဲမှ ဖြစ်သည့်အတွက် တစ်နေ့နေ့ကျလျှင် မိမိ၏ကားခထက်ပို၍ ရနိုင်လိမ့်မည်ဟုမျှော်လင့်ကာ မသိန်းနွဲ့အား အိမ်သို့ခေါ်ပြေးလေ၏။

နောက်တစ်နေ့ နံနက်တွင် အောင်စိန်သည် ကားစတင်းသို့ အရောက်နောက်ကျနေသည်ကိုတွေ့ရပေ၏။ အိမ်တွင်ဧည့်သည် မိန်းမပျိုကလေးတစ်ယောက်ရောက်ရှိနေခြင်းကိုထောက်သော် ခါတိုင်းကဲ့သို့ အချိန်မမှန်ဘဲ



နောက်ကျနေခြင်းမှာ အံ့သြဖွယ်မရှိဖြစ်ပေ၏။ ကားစတင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် သတင်းစာထဲတွင် ထူးထူးခြားခြားသတင်းတွေ့ရမည်လားဟု သတင်းစာတစ်စောင်ကို ငှား၍ကြည့်ရှုရှာဖွေရာ မိမိမျှော်လင့်သည့်အတိုင်းပင် 'မင်္ဂလာဆောင်သတို့သမီး ပျောက်ဆုံးသွားခြင်း' ဟူသော စာလုံးကြီးများကိုတွေ့ရလေ၏။

အောင်စိန်သည် စိတ်အားထက်သန်စွာ သတင်းကိုလျှောက်၍ ဖတ်ကြည့်ရာတွင် 'သတို့သမီးမှာ မည်သည့်အချိန်တွင်ထွက်သွားသည်ကို မသိရသော်လည်း နောက်ဆုံးတွေ့ရ မြင်ရသည့်အချိန်ကို ထောက်ရှုခြင်းအားဖြင့် ညနေ မင်္ဂလာမဆောင်မီကလေးတွင် ကပ်၍ထွက်ပြေးသွားသည်ဟု ယုံကြည်ရကြောင်း၊ သတို့သမီးမှာ တစ်ယောက်တည်း ထွက်ပြေးသွားသည်၊ တစ်ဦးတစ်ယောက်နှင့် လိုက်သွားသည်ကို အသေအချာမသိရသော်လည်း အများကမူ သတို့သမီး၌ ငယ်ချစ်ရည်းစားဟောင်းရှိ၍ ၎င်းနှင့်လိုက်ပြေးခြင်းဖြစ်မည်ဟု အများကယူဆနေကြောင်း၊ သတို့သမီးကို ယခုထိရှာဖွေ၍ မတွေ့သေးကြောင်း' ကို ဖတ်ရှုရသည်တွင် အောင်စိန်သည် ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။

မိမိနှင့်မသိန်းနွဲ့ တွေ့သည့်အချိန်မှာ နံနက်(၁၁)နာရီမျှသာရှိသေးရာ သတင်းစာ၌ရေးသားထားသည်နှင့် လွဲနေ၍တစ်ကြောင်း၊ ငယ်ချစ်ရည်းစားနှင့်လိုက်ပြေးသွားသည် ဟူ၍တစ်ကြောင်း၊ ဤအကြောင်းတို့သည် အောင်စိန်အား မပြုံးမရယ်ဘဲ မနေနိုင်အောင် ဖြစ်စေလေ၏။ ထိုသို့ တွေ့ရခြင်းဖြင့် သတင်းစာများသည် မကြာခဏ အလွဲလွဲအမှားမှား ဖြစ်တတ်သည်ကို အောင်စိန်ကဲ့သို့ လူတစ်ယောက်ကပင် သဘော်ပြုံးပြုံးမိကာ မိမိကားကို မကြာမကြာ ငှား၍စီးနေကြဖြစ်သော သတင်းထောက်ကိုချစ်တင်နှင့်တွေ့လျှင် ထိုအကြောင်းကိုပြော၍ နောက်လိုက်ဦးမည်ဟု စိတ်ကူးမိလေ၏။

ထိုသို့ သတင်းထောက်ကိုချစ်တင်ကို တွေးမိစဉ်မှာပင် ပြန့်အနံ့လန်ခြားကလေးနှင့်ရောက်လာသော ကိုချစ်တင်ကို တွေ့လိုက်ရသောအခါ အောင်စိန်မှာ များစွာအံ့အားသင့်၍နေပြီးမှ 'ဆရာကိုချစ်တင်၊ ခင်ဗျားတော့ အသက်ရှည်...' ဟု စကားမဆုံးမီ...

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်လူ… စကားများမနေနဲ့၊ သိပ်အရေးကြီးတဲ့သတင်းတစ်ခု လိုက်စုရာရှိနေတယ်၊ မြန်မြန်မောင်းစမ်းပါ'ဟု ပြောပြောဆိုဆို လန်ခြားပေါ်မှ ကိုချစ်တင်ဆင်းလာပြီး ကုလားကိုပိုက်ဆံပေး၍ ကားပေါ်သို့တက်လိုက်သည်ကိုတွေ့ရသဖြင့် အောင်စိန်မှာမိမိစကားကို မဆက်နိုင်၊ ပြောမည့်စကားကိုပင် မေ့သွားကာ ကားကိုအရင်စက်နှိုးပြီးနောက် 'ဘယ်လဲဆရာ'ဟု မေးလိုက်လေ၏။

'ပုလိပ်ရုံးကြီးကို'

အောင်စိန်သည် အလုပ်အကြောင်း ကောင်းစွာနားလည်နေသူတစ်ယောက်ဖြစ်သည်နှင့်အညီ စကားအပိုထပ်၍ မမေးတော့ဘဲ လျင်မြန်စွာမောင်း၍ ထွက်လာလေ၏။ အောင်စိန်မှာ ကိုချစ်တင်သည် အလွန်အရေးကြီးသော သတင်းတစ်ခုကို လိုက်နေကြောင်းသိရ၍ ထိုအကြောင်းကို များစွာသိချင်လှပေတော့၏။ သို့ရာတွင် မိမိအလုပ်ကို ဦးစွာကျေပွန်အောင် လုပ်ဖို့ရှိသည်ကို နှလုံးပြုမိသဖြင့် ပုလိပ်ရုံးကြီးသို့ ကားဆိုက်၍ ရပ်လိုက်သည့်အခါကျမှ 'ဆရာနေပါဦး… ဘယ်လိုသတင်းလဲဆိုတာ ပြောခဲ့စမ်းပါဦး' ဟု **မေးလေ၏။**

'ကျုပ်ပြောနေဖို့ အချိန်မရဘူး၊ သိချင်ရင် အပေါ်လိုက်ခဲ့…၊ ဒီ..အမ်.. ရုံး ကိုလိုက်ခဲ့'ဟု ပြောပြောဆိုဆို ကိုချစ်တင်ဆင်းသွားလေ၏။ အောင်စိန်မှာ အလွန်ပင်သိချင်လှသဖြင့် ကားကိုအတန်းတွင် ရပ်ထားခဲ့ပြီးနောက် ကိုချစ်တင်၏နောက်သို့ အမြန်လိုက်သွားလေ၏။

ဒီစတြိတ်တရားသူကြီး၏ ရုံးသို့ရောက်သောအခါ ရုံးခန်းထဲတွင် တရားသူကြီး၏ရှေ့၌ မိန်းမပျိုတစ်ဦးနှင့်ယောကျ်ားပျိုတစ်ဦး နှစ်ဦးသဘောတူလက်ထပ်၍ လက်မှတ်ရေးထိုးနေကြသည်ကို တွေ့ရလေ၏။ ကိုချစ်တင်သည် ၎င်းတို့၏အကြောင်းကို သတင်းလဲယူရင်း၊ အသိသက်သေအဖြစ်လည်း လက်မှတ်ရေးထိုးရန် လိုက်လာခြင်းဖြစ်သည်ကို တွေ့ရလေရာ ထိုချစ်သူနှစ်ဦးတို့မှာ အတော်အရေးပါအရာရောက်လိမ့်မည်ဟု အောင်စိန်၏စိတ်၌ ယုံကြည်မိလေ၏။



ချစ်သူနှစ်ဦးတို့သည်လည်း မိမိတို့ကိစ္စကို လျင်မြန်စွာပြီးစီးအောင် ပြုလုပ်ကြပြီးနောက် လူသူမသိစေရန် လျင်မြန်စွာပျောက်ကွယ်သွားကြလေ၏။ ထိုနောက် ကိုချစ်တင် ထွက်လာသည့်အခါကျမှ အောင်စိန်က 'ဆရာ… ဘယ်သူတွေလဲဗျ'ဟု မေးလိုက်လေ၏။

'ဒီနေ့သတင်းစာထဲမှာပါတဲ့ လက်ထပ်မယ့်ဆဲဆဲ ထွက်ပြေးတဲ့ သတို့သမီး မသိန်းနွဲ့ဆိုတာ သူပေါ့၊ ဟိုဟာက သူ့ရည်းစား မောင်မောင်လွင်ဆိုတာ'ဟု ပြောပြရာ ထိုစကားကိုကြားရသည်နှင့်တစ်ပြိုင်နက် အောင်စိန်မှာ မျက်လုံးပြူး၍သွားလေ၏။

အောင်စိန်မှာ အိမ်၌ရှိသူလည်း သတို့သမီးမသိန်းနွဲ့ဟု သိရလေရာ ယခုမိန်းကလေးသည် အစစ်အမှန်ဖြစ်ခဲ့လျှင် အိမ်ကဟာ မည်သူနည်းဟု စဉ်းစား၍ မရနိုင်လောက်အောင်ရှိလျက် 'ဟင်… ဒါဖြင့် အိမ်က'ဟု ဆိုလိုက်မိ၍ ကိုချစ်တင်က 'ဘာဖြစ်လို့လဲ'ဟု မေးလိုက်မှ ထိုစကားကို ပြော၍မဖြစ်ကြောင်း၊ မည်သူမျှအသိပေး၍ မဖြစ်သေးကြောင်း ရုတ်တရက်စဉ်းစားမိကာ စကားကို အဆက်ကောင်းအောင် လွှဲပြောင်း၍ပြောလိုက်လေ၏။

အောင်စိန်သည် ကိစ္စများပြီးစီးချောမောသည်နှင့်တစ်ပြိုင်နက် အိမ်သို့ လျင်မြန်စွာ ပြန်၍လာလေ၏။ အိမ်တွင်ရှိသော မသိန်းနွဲ့သည် မည်သူနည်း အဘယ်ကြောင့် ဟန်ဆောင်၍နေသနည်း။ အိမ်က 'မသိန်းနွဲ့'သည် မသိန်းနွဲ့ အစစ်လော၊ ယခု လက်ထပ်သွားသည့်မိန်းကလေးသာလျှင် အစစ်လောဟု သိလိုလှသဖြင့် ၎င်းအား ပေါ်အောင်မေးမြန်းမည်ဟု ရည်ရွယ်၍လာခဲ့ခြင်း ဖြစ်ပေ၏။

မသိန်းနွဲ့သည် မနက်က ပြုံးပြုံးရွှင်ရွှင်နှင့်ထွက်သွားသော အောင်စိန်၏မျက်နှာနှင့် ယခု မှုန်ကုပ်ကုပ်ဖြင့် ပြန်၍လာသောမျက်နှာကို ခွဲခြားတွေ့မြင်ရသည်တွင် စိုးရိမ်ပူပန်ခြင်းဖြစ်မိကာ ညှိုးငယ်သောမျက်နှာဖြင့် စိုက်၍ကြည့်နေမိလေ၏။

'ဒီမှာ… ခင်ဗျားဘယ်သူလဲ၊ မှန်မှန်ပြောစမ်းပါ'

'ကျွန်မ… ကျွန်မ… မသိန်းနွဲ့လေ၊ ဘယ်သူထင်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား… မသိန်းနွဲ့မဟုတ်ဘူး၊ မသိန်းနွဲ့အစစ်ကို တွေ့ခဲ့ရပြီ၊ အခုပဲ ရုံးမှာ လက်ထပ်သွားကြတယ်'

မိန်းမပျိုသည် ညှိုးငယ်တွေဝေနေရာမှ မျက်ရည်ကလေးများ ယိုစီး၍ ကျလာကာ 'ကျွန်မ… မသိန်းနွဲ့အစစ်မဟုတ်ဘူးဆိုတာ မှန်ပါတယ်'ဟု ပြောလေ၏။

အောင်စိန်သည် ဒေါသနှင့်ဆက်လက်မေးလိုက်မည် ကြံစည်မိပြီးမှ ငိုယိုနေသောမျက်နှာကလေးကိုမြင်ရသဖြင့် မမေးရက်နိုင်ဘဲ စိတ်ညွတ်ပျောင်းသွားလေတော့၏။

'ကဲ… အကျိုးအကြောင်းပြောပြစမ်းပါဦး၊ ဘယ်လိုဖြစ်ပြီး ဒီလိုပြော၊ ဒီလို ထွက်ပြေးလာတာလဲ'

မိန်းမပျိုကလေးသည် အောင်စိန်၏ ပျော့ပျောင်းသောလေသံကို ကြားရ၍ အားတက်လာပြန်ကာ မျက်ရည်ကလေးများသိမ်းပြီးလျှင် 'ကျွန်မ နာမည်အရင်းက မလှဝင်းတဲ့၊ အလုပ်ကတော့ ပန်းဆိုးတန်းမှာရှိတဲ့ ပိုးစစ်နန်းတော်တိုက်မှာ လုပ်ရတယ်၊ ကျွန်မတို့တိုက်က မင်္ဂလာဆောင်တိုင်းလိုလို သတို့သမီးဝတ်ဖို့ အဝတ်အစားတွေ၊ တခြားအသုံးအဆောင်တွေ အမြဲချုပ်လုပ်ပေးနေရတယ်၊ ကျွန်မအလုပ်က ဒါတွေလဲရောင်းရတယ်၊ ဝယ်သူကိုဝတ်ပြီးပြရတယ်၊ ရောင်းပြီးတော့လဲ မင်္ဂလာဆောင်မယ့် သတို့သမီးဆီကို သွားပြီး ဆင်ပေးရတယ်'ဟု ပြောပြီး ခေတ္တရပ်နားလိုက်လေ၏။

'မနေ့က်တော့ ကျွန်မ အဝတ်အစားဆင်ပေးရအောင် အသွားမှာ သတို့သမီးဝတ်ဖို့ သတို့သားက လက်ဖွဲ့တဲ့ လက်ဝတ်လက်စားတွေထဲက စိန်ဆွဲကြိုးတစ်ကုံး ပျောက်သွားတယ်၊ ဒီဆွဲကြိုးဟာ ကျွန်မ မခိုးတာအမှန်ဘဲ၊ ဒါပေမယ့် ဘယ့်နှယ့် ဘယ့်နှယ် ကျွန်မလက်ကိုင်အိတ်ကလေးထဲ ရောက်နေမှန်းမသိဘူး၊ ပျောက်တယ်ဆိုပြီးရှာကြတော့မှ ကျွန်မသိရတော့ ပြန်ပေးရင်လဲ အပြစ်ရှိတော့မယ်၊ မပေးရင်လဲ အပြစ်ရှိတော့မယ်ဆိုတာသိပြီး သူတို့မရိပ်မိခင် ကြောက်ကြောက်နဲ့ ထွက်ပြေးခဲ့တာပဲ၊ ကျွန်မ ဆင်းပြေးတာနဲ့ တစ်ပြိုင်နက် သူတို့သိပြီး လိုက်ကြတော့မှာပဲလို့ စိုးရိမ်တာနဲ့ အိမ်ကိုမပြန်ရဲဘဲ ဒီကိုလိုက်လာရတာပဲ'



'အိမ်ကဘယ်မှာလဲ'

'ကျွန်မ… သူငယ်ချင်းတွေနဲ့နေတယ်၊ ဗိုလ်အောင်ကျော်လမ်းက မိန်းကလေးဟိုစတယ်မှာ'

'နို့… အဲဒီဆွဲကြိုးကော'

လှဝင်းသည် မိမိ၏လက်ကိုင်အိတ်ကလေးကို ထ၍ယူပြီးလျှင် အိတ်ထဲမှဆွဲကြိုးကို ထုတ်၍ပေးလေ၏။ အောင်စိန်သည် ဆွဲကြိုးကို အတန်ကြာကြည့်ပြီးနောက် ကြံရာမရသကဲ့သို့ ကုလားထိုင်ပေါ်တွင် ထိုင်၍စဉ်းစားနေလေ၏။

လှဝင်းသည် ဤဆွဲကြိုးကို အကယ်ပင် ခိုးသည်ဖြစ်စေ၊ မခိုးသည်ဖြစ်စေ၊ ၎င်းအပေါ်၌ အမှုကားရှိနေပြီ။ လှဝင်းကိုကြည့်ခြင်းအားဖြင့် ခိုးတတ်သည့် မိန်းမစားထဲကတော့မဟုတ်ဟု အောင်စိန်၏စိတ်ထဲ၌ ယုံကြည်မိ၏။ သို့ရာတွင် ၎င်း၏လက်ထဲတွင် ဆွဲကြိုးကိုတွေ့နေရခြင်းကို မည်သည့်ပုလိပ်ကမှ မခိုးဟု ယုံကြည်မည်မဟုတ်။ ထိုသို့ တွေ့နေရခြင်းဖြင့် အပြစ်လည်းကြီးလေး၍ နေလေပြီ။ အပြစ်ရှိ၍နေသောမိန်းကလေးတစ်ယောက်ကို မိမိ၏အိမ်၌ထား၍ မဖြစ်နိုင်၊ မိမိအပေါ်၌ပင် အမှုပတ်၍ လာတော့မည်။ သို့ဖြစ်၍ မြန်မြန်နှင်ချမှ ဖြစ်တော့မည်ဟု တွေးမိလေ၏။

သို့ရာတွင် အောင်စိန်မှာ ထိုသို့နှင်ရန် စိတ်ကိုတင်း၍မရတော့ချေ။ လှဝင်း၏ညှိုးငယ်သောမျက်နှာ၊ သနားဖွယ်တောင်းပန်သောအသံကလေးတို့သည် အောင်စိန်၏စိတ်ကို နူးညွတ်ပျော့ပျောင်း နေခဲ့စေလေပြီဖြစ်၏။ လှဝင်းအပေါ်၌ ကြီးစွာကရုဏာသက်၍နေခဲ့ပြီဖြစ်၍ မနှင်ရက်နိုင်တော့ဘဲ အပြစ်ကိုလွတ်အောင် ပြုလုပ်ရန်ကိုသာ အကြံထုတ်ရပြန်လေတော့၏။

ထိုသို့ အကြံထုတ်ရာတွင် 'ငါးချောင်း' ခေါ် ဘိုးတုတ်နှင့် သတင်းထောက် ကိုချစ်တင်တို့ကို ပြေး၍သတိရမိလေ၏။ အရေးရှိလျှင် ဤမိတ်ဆွေနှစ်ဦးတို့သည် များစွာအကူအညီရသည်ကို ကောင်းစွာသိခဲ့ဖူးပြီဖြစ်၏။

'ငါးချောင်း'ခေါ် ဘိုးတုတ်မှာ ခါးပိုက်နှိုက်နာမည်ကြီးတစ်ယောက်ဖြစ်၍ ၎င်း၏လက်ငါးချောင်းကို မှည့်ခေါ်ထားခြင်းဖြစ်ပေ၏။ ဘိုးတုတ်မှာ ယခုအခါ ခါးပိုက်နှိုက်အလုပ်ကိုစွန့်လွှတ်၍ လူကောင်းတစ်ယောက် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ခါးပိုက်နှိုက်များ၊ သူခိုးများအပေါ်တွင် ဩဇာရှိသူ တစ်ယောက် ဖြစ်သဖြင့် တစ်နည်းနည်းအားဖြင့် အကူအညီပေးနိုင်မည်ဟု ယုံကြည်ကာ လှဝင်း၏ဆွဲကြိုးကို တောင်းယူလာပြီးလျှင် ဘိုးတုတ်နှင့် ကိုချစ်တင်တို့အား လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ခေါ်၍ အကျိုးအကြောင်း ပြောပြလေ၏။

'ဒီတော့... ငါက ဘယ့်နှယ်လုပ်ပေးစေချင်သလဲ' ဟု ဘိုးတုတ်က မေးလေ၏။

'မင်းမှာ တပည့်တွေပေါတယ်၊ အဲဒီတော့ မင်းတပည့်တစ်ယောက် ယောက်ကို ဟိုအိမ်ထဲ ခိုးဝင်နိုင်းပြီး ဒီပစ္စည်းပြန်ပေးစေချင်တာပဲ'

'ဒီဒင်း... ဟာ... မင်းပြောသလောက်မလွယ်ဘူး၊ ခိုးတုန်းကမမိ၊ ပြန်ပို့မှမိနေရင် အချောင်ထောင်ကျနေမယ်'

ထိုအခါမှ ကိုချစ်တင်သည် တစ်စုံတစ်ခုစဉ်းစားမိဟန်ဖြင့် 'မင်းနေ ပါစေ၊ ဒီကိစ္စကို ငါလုပ်မယ်' ဟု ဘိုးတုတ်အား ပြောပြီးနောက် အောင်စိန်အား 'ဒီလိုလုပ်... ကျုပ်တို့ သတင်းစာဆရာဆိုတာ ဘယ်အိမ်မဆို ဝင်လို့ထွက်လို့ ဖြစ်တယ်၊ အခုလိုအိမ်မျိုးတော့ ခိုးရာလိုက်ပြေးတဲ့အကြောင်း သတင်းမေး ရအောင် အသွားမျိုးနဲ့သွားရင် ဝင်ဖို့ ဘာမှမခဲယဉ်းဘူး၊ ကျကျနနတောင် ဧည့်ခံဦးမယ်၊ အဲဒီတော့ ကျုပ်သွားပြီး သတင်းယူတဲ့အနေနဲ့ အလစ်မှာ ဆိုဖာကြီးနောက်မှီကြားထဲ ချထားခဲ့မယ်' ဟု ပြောပြလေ၏။

ထိုအကြံမှာ လွန်စွာလွယ်ကူဖြစ်မြောက်နိုင်သည့်အတိုင်း အောင်စိန်မှာ ကျေနပ်သဘောတူမိကာ 'ကဲ... ဒါဖြင့်ရော့... ဆရာ၊ ဟောဒီမှာ ဆွဲကြိုး၊ ဆရာ့ကျေးဇူး တစ်သက်လုံးမမေ့ဘူး' ဟု ဆို၍ ဆွဲကြိုးကိုထုတ်ပေးလေ၏။

ထိုအခိုက်တွင် ဘိုးတုတ်က 'မှန်းစမ်း... မှန်းစမ်း' ဟု ဆိုပြီး ကြားဖြတ်၍ လှမ်းယူကာ ဆွဲကြိုးကို သေချာစွာကြည့်လေ၏။

'ဒီဆွဲကြိုး အဟုတ်ပဲလား'

'အဟုတ်ပေါ့ကွာ'

'ဟာ... ဟုတ်ပါ့မလားကွ၊ ဒါ... စိန်အစစ်မှ မဟုတ်ဘဲ၊ ဓာတု ဗေဒစိန်တွေပဲ၊ နောက်ပြီး ကြိုးကလဲ ရွှေအစစ်မဟုတ်ဘူး၊ အိန္ဒိယက အခု



ပေါ်တဲ့ အော်ရီယင့်ဆိုတဲ့ ရွှေအတုနဲ့ လုပ်ထားတာ၊ ဒီရွှေဟာ မှတ်တင်ခံ၊ ငရဲမီးအစား ခံတယ်၊ တစ်ခုလုံးမှ ဘာမှမတန်ဘူး'

'ဟင်...' ဟု ကိုချစ်တင်နှင့် အောင်စိန်တို့က ဆိုမိကြလေ၏။ ဘိုးတုတ်မှာ နှိုက်နေကျဖြစ်၍ အတုနှင့်အစစ် ကောင်းစွာသိသူဖြစ်၍ အောင်စိန်မှာ မငြင်းနိုင်ဘဲရှိလေ၏။

'ဒါဖြင့်ရင် တစ်ခုခုတော့ အကြောင်းရှိနေပြီ၊ အိမ်ကလူကို ပြန်ပြီး မေးဦးမှပဲ'

'အံမာ... ကိုယ်လူက အခုကတည်းကပဲ အိမ်ကလူလေး ဘာလေးနဲ့ ခေါ်နေပြီလား' ဟု ကိုချစ်တင်က ဆိုလေ၏။

'ဆရာ... မသိဘူးဆရာ... တော်တော့ကို နိပ်တာ၊ ကျွန်တော် အတော်ပဲစွဲနေတယ်၊ နို့မဟုတ်ရင် သူ့အတွက် ဒီလောက် အပင်ပန်းခံနေပါ့ မလား၊ သိရကတည်းက ဘာဖြစ်ဖြစ်ဆိုပြီး ဂါတ်ကိုပို့လိုက်ပြီ'

'မင်းဟာ အသာနေစမ်းပါဦး၊ ဒီတော့ မင်းဘယ်လိုဆက်ပြီး လုပ် မှာလဲ' ဟု ဘိုးတုတ်က မေးလေ၏။

'ဒီနေ့တော့ အချိန်မရှိဘူးဗျာ၊ မနက်ဖြန်မနက်စောစော ဒီဆိုင်မှာ တွေ့ကြသေးတာပေါ့၊ ဒီကနေ့ မလှဝင်းဆီက အကျိုးအကြောင်း နောက်ထပ် သိရမှာပေါ့'

ထိုသို့ပြောဆို ခွဲခွာခဲ့ကြပြီးနောက် အောင်စိန် အိမ်သို့ရောက်၍ လှဝင်းအား အကျိုးအကြောင်းပြောပြမေးမြန်းရာ လှဝင်းသည် အတန်ကြာ စဉ်းစားနေပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ပြလေ၏။

'ဒီလိုရှင့်... ကျွန်မ မသိန်းနွဲ့ကို ဆင်ပြင်ပေးနေတုန်း ကိုအုံးဖေဆိုတဲ့ လူတစ်ယောက်လဲရှိတယ်၊ လက်ဝတ်လက်စားတွေကို မှန်ဗီရိုပေါ်မှာ တင်ထား တယ်၊ ကျွန်မလက်ကိုင်အိတ်လဲ အဲဒီပေါ်မှာပဲ ချထားတယ်၊ ဆွဲကြိုးကို စောစောက တွေ့ရသေးတယ်၊ တပ်မယ်ကြံတော့ မရှိတော့ဘူး၊ ဒါနဲ့ ဟိုရှာ ဒီရှာနဲ့ ရှာကြတုန်း အခန်းထဲမှာ ကျွန်မနှင့်ကိုအုံးဖေနဲ့ကျန်ရစ်ပြီး ကိုအုံးဖေက ကျွန်မ အိတ်ဖွင့်ကြည့်ပြီး ကျွန်မကိုခေါ်ပြတယ်'

www.burmeseclassic.com

www.burmeseclassic.com



'နို့… ဒီကတည်းက သူကမစွပ်စွဲဘူးလား'

'မစွပ်စွဲဘူး၊ ဒါ မလှဝင်း သားရေအိတ်လား၊ ရော့… ရော၊ မြန်မြန်ယူပြီးပြေးပေတော့၊ တွေ့သွားရင် ဒုက္ခပဲလို့ဆိုတာနဲ့ ကျွန်မလဲ မစဉ်းစားတတ်တော့ဘဲ ဆင်းပြေးလာမိတာပဲ'

အောင်စိန်သည် ကြာကြာစဉ်းစားမနေဘဲ 'ဒါဖြင့် အဲဒီလူရဲ့အကြံပဲ၊ သူခိုးထားပြီး မလှဝင်းကို ယုန်ထင်ကြောင်ထင်ဖြစ်အောင် လုပ်တာ၊ ဒီကောင်တော့ ဒုက္ခရောက်အောင် လုပ်လိုက်မှပဲ' ဟု ဆိုလေ၏။

နောက်နေ့တွင် ကိုချစ်တင်၊ ဘိုးတုတ်နှင့်အောင်စိန်တို့တွေ့ပြီး တိုင်ပင်ကြရာ ကိုချစ်တင်က 'ဟော့… ဒီလိုလုပ်၊ ကိုယ်တို့ အုံးဖေအိမ်ကို သွားပြီး ရှာကြမယ်' ဟု ဆိုလေ၏။

'ဘယ့်နှယ့်လုပ်ပြီး ဝင်မလဲ၊ သူမရှိတုန်း ရှာရတာမခက်ဘူးလား' ဟု အောင်စိန်ကမေး၍ ကိုချစ်တင်စဉ်းစားနေစဉ် ဘိုးတုတ်က 'ဘာခက်သလဲကွ၊ မလှဝင်းလက်ရေးနဲ့ ကိုအုံးဖေ ဟိုနေ့ကဆွဲကြိုးအကြောင်း ပြောရအောင်၊ ဘယ်ဟိုတယ်ကို လာခဲ့ပါ၊ အခုလိုက်ခဲ့ပါ၊ စောင့်နေမယ်ဆိုတဲ့ စာရေးပြီး ခေါ်လိုက်တာပေါ့၊ ဆရာကိုချစ်တင်နဲ့ ငါနဲ့ရှာမယ်၊ စာထဲမှာ ယခုလာသူနှစ်ယောက်ကို အိမ်မှာစောင့်ခိုင်းထားပြီး ယခုလွှတ်လိုက်သောကားနှင့်လိုက်ခဲ့ပါလို့ ရေးလိုက်တာပေါ့' ဟု အကြံပေးလေ၏။

အတန်ကြာသောအခါ အုံးဖေသည် အောင်စိန်မောင်းသော ပရိုက်ဗိတ်တက္ကစီနှင့် လိုက်ပါ၍လာလေ၏။ အုံးဖေအိမ်တွင် ကျန်ရစ်ခဲ့ကြသော ကိုချစ်တင်နှင့်ဘိုးတုတ်တို့မှာ တစ်အိမ်လုံးလက်ရာမပျက် လှန်လှော၍ ရှာကြလေ၏။ ဘိုးတုတ်မှာ အခိုးအဝှက် ကျွမ်းကျင်သူတစ်ယောက်ဖြစ်သော်လည်း ဆွဲကြိုးထားရာကိုကား ရှာ၍မရနိုင်ဘဲ အုံးဖေအား အရှုံးပေးရတော့မည့် အခြေအနေသို့ရောက်၍ နေလေတော့၏။

ဟိုတယ်တွင် လှဝင်းနှင့်အုံးဖေတို့ စကားပြောနေကြသည်ကို အပြင်မှ ကားနှင့်စောင့်နေသောအောင်စိန်မှာ မနေလိုနိုင်၊ စိတ်မချနိုင်ဖြစ်၍နေလေတော့၏။ ဟိုတယ်ပေါ်မှဆင်းလာပြီး ကားပေါ်တက်၍ ပြန်ထွက်လာသောအခါ 'ဒီဆွဲကြိုးကို အလှပဲဆင်ပါတော့၊ အလှလည်ပင်းမှာမြင်ရရင် ဝမ်းသာမှာပဲ၊



ရောင်းပစ်လိုက်ရင်လဲ ရတဲ့ငွေ အလှပဲသုံးပါ၊ အလှအပေါ်မှာ ဒီလောက်မေတ္တာစေတနာထားပါတယ်' ဟု အုံးဖေပြောသောစကားကို အောင်စိန်ကြားသောအခါ ကားကိုသစ်ပင်နှင့်ဝင်တိုက်ပြီး သတ်ပစ်လိုက်ရကောင်းမည်လား၊ ဂါတ်ရှေ့တွင်ရပ်၍ ပုလိပ်လက်အပ်ရကောင်းမည်လားဟု တွေးမိလေ၏။ သို့ရာတွင် မည်သည့်အကြံမျှ ကြံ၍မဖြစ်နိုင်သည်ကို စဉ်းစားမိကာ လှဝင်း အမိန့်ပေးသည့်အတိုင်း အုံးဖေ၏အိမ်သို့ ပြန်၍မောင်းရလေ၏။

အုံးဖေ၏အိမ်သို့ရောက်၍ ကားဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက် နောက်မှကားတစ်စင်းလိုက်လာပြီး အိမ်ရှေ့တွင်ရပ်သည်ကို တွေ့ကြရလေ၏။ ကားပေါ်မှ ဆင်းလာသောသူများမှာ ပုလိပ်အရာရှိများဖြစ်ကြသည်ကို တွေ့ရသောအခါ အားလုံးအံ့အားသင့်သွားကြလေ၏။

'ဟော့… မင်းတို့ မပြေးကြနဲ့၊ အိမ်ထဲကိုဝင်၊ ကားပေါ်က ဒရိုင်ဘာလဲလိုက်ခဲ့' ဟု အင်စပက်တော်ကအမိန့်ပေးသဖြင့် အောင်စိန်ပါ ကားပေါ်မှ ဆင်းရကာ သုံးဦးသား ပုလိပ်များရှေ့ကနေ၍ ငြိမ်သက်စွာ အိမ်ထဲသို့ ဝင်ခဲ့ရလေ၏။

အိမ်ထဲသို့ရောက်သောအခါ အင်စပက်တော်သည် ဘိုးတုတ်ကို မြင်ရလျှင် ပြုံး၍သွားကာ 'ဟုတ်ပါပြီ၊ ဒီကောင် ဒီအလုပ် ပြန်ပြီးလုပ်နေပြန်ကိုး' ဟု မိမိ၏ အဖော်အရာရှိအား ပြောပြလေ၏။ သို့ရာတွင် ကိုချစ်တင်ကို တွေ့သောအခါ အံ့အားသင့်သွားကြလေ၏။ ကိုချစ်တင်မှာ သတင်းထောက်ဖြစ်၍ ပုလိပ်များနှင့် သိနေသူဖြစ်ရာ အရာရှိနှစ်ဦးမှာ ထိုအမှုတွင် ကိုချစ်တင်ပါ၍နေခြင်းကို အံ့သြ၍မဆုံးနိုင်ဘဲရှိကြလေ၏။

ကိုချစ်တင်လည်း ထိုသို့ ပုလိပ်ဘက်ကလူများနှင့် တွေ့နေရသည့်အတွက် အတော်ပင်မျက်နှာပူ၍နေမိလေ၏။

'ဘယ့်နှယ်… ကိုချစ်တင်၊ ခင်ဗျား ဒီလူတွေနဲ့ ဘယ်လိုပေါင်းနေတာလဲ'

ကိုချစ်တင် ခေတ္တမျှစဉ်းစားနေပြီးမှ 'မေးမနေပါနဲ့တော့ဗျာ… မြင်တဲ့အတိုင်းပဲ၊ ခင်ဗျားတို့ ဝတ္တရားရှိသလို လုပ်ကြပေတော့' ဟု ပြောလိုက်သဖြင့် ပုလိပ်အရာရှိများမှာ ပို၍အံ့အားသင့်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရာရှိတစ်ယောက်က 'ဟေ့ကောင်… လာခဲ့'ဟု ဘိုးတုတ်ကိုခေါ်၍ စမ်းသပ်ရှာဖွေကြည့်လေ၏။ ဘိုးတုတ်မှာ ယခင် ခါးပိုက်နှိုက် ဖြစ်ခဲ့သော်လည်း ယခု လူကောင်းတစ်ယောက်ဖြစ်နေသည့်အတွက် ထိုသို့ စမ်းသပ်ခံရခြင်းကို များစွာမနှစ်သက်သော အမူအရာမျိုးကိုပြကာ ငြင်းဆန်နေရာ ကိုချစ်တင်က ရှာပါစေလေဟုဆိုမှ ငြိမ်၍ခံနေလေ၏။

ထိုသို့ တစ်ယောက်ပြီးတစ်ယောက် စမ်းသပ်ကြည့်ရှုရာ အောင်စိန်၏အလှည့်သို့ရောက်သောအခါ လှဝင်းမှာအောင်စိန်အား မိမိပေးထားလိုက်သော ဆွဲကြိုးကို ၎င်း၏ကိုယ်ထဲတွင် ရှာ၍တွေ့သွားမည်ကို စိုးရိမ်ပူပန်မိကာ 'ဒီမှာရှင့်… သူတို့မှာအပြစ်မရှိပါဘူး၊ ကျွန်မ ခိုးတာ၊ ကျွန်မကို အပြစ်ပေးပါ'ဟု ပြောလိုက်ရာ ပုလိပ်မှာ အံ့အားသင့်သွားကြလေ၏။

'မင်းခိုးတယ်ဆိုပေမယ့် ဒီအမှုမှာ လေးယောက်စလုံးနဲ့ ပတ်သက်နေတယ်၊ ဒါကြောင့် လေးယောက်စလုံးအပေါ်မှာ အရေးယူရလိမ့်မယ်၊ ရုံးကျမှ အပြစ်မရှိရင်မရှိသလို ထုချေကြလေတော့'ဟု ပုလိပ်တစ်ယောက်က ပြောလိုက်လေ၏။

ထို့နောက် တစ်ယောက်စီထွက်ခိုင်းရာ ဘိုးတုတ်၏အလှည့်သို့ ရောက်သောအခါ အကိုင်မခံ ငြင်းဆန်နေပြန်သဖြင့် ဘိုးတုတ်အား ငယ်နိုင်ဖြစ်နေသည့်အတွက် 'ဟေ့… ရှန်းမနေနဲ့၊ ငြိမ်ငြိမ်လိုက်ခဲ့'ဟု ဆိုပြီးနောက် ပြောင်ချော်ညှဉ်းဆဲသည့်အမူအရာဖြင့် အနီးရှိစားပွဲတစ်လုံးမှ ဦးထုပ်တစ်ခုကို ယူ၍ 'ရော့… ဒါဆောင်း'ဟု ဆိုကာ ခေါင်းပေါ်သို့ အတင်းစွပ်လိုက်လေ၏။

'ဒါ ကျုပ်ဦးထုပ်မဟုတ်ဘူး'

'မဟုတ်ပေမယ့် အခုထဲက အကျင့်လုပ်ထား၊ ထောင်ထဲကျရင် မင်းတော့ ဒီဦးထုပ်ဆောင်းရမှာပဲ' ဟု ဆိုပြီး ဦးထုပ်ကိုအတင်းဆွဲ၍ စွပ်လိုက်ပြန်လေ၏။

ဦးထုပ်မှာ ဘိုးတုတ်ခေါင်းနှင့်မတော်ဘဲ သေးငယ်နေသဖြင့် ဘိုးတုတ်မှာ မျက်ရည်ထွက်အောင် နာကျင်သွားသောကြောင့် ဦးထုပ်ကိုအတင်းပြန်၍ချွတ်ကာ ဒေါသဖြင့် လက်နှစ်ဘက်နှင့် ဆွဲ၍ဖြဲလိုက်ရာ ဦးထုပ်ပြဲ၍



မသွားသော်လည်း အထဲက သားရေပတ်ပြတ်၍သွားပြီး အထဲ၌ဝှက်ထားသော စိန်ဆွဲကြိုးတစ်ကုံး ထွက်ကျလာ၏။

ထိုအခါမှ ပုလိပ်များနှင့်တကွ အောင်စိန်တို့လေးဦးမှာ အံ့အားသင့်သွားကြပြီးလျှင် အံ့ဖွယ်မှ မျက်လုံးပြူးသွားရာ ပြေးပေါက်ကိုရှာလေ၏။ သို့ရာတွင် မျက်စိရှင်သော ပုလိပ်တစ်ယောက်၏လက်သည် အံ့ဖော်၏ပခုံးကို ဖမ်း၍ဆုပ်ကိုင်လိုက်မိပြီးသား ဖြစ်နေလေ၏။

ကိုချစ်တင်၊ ဘိုးတုတ်၊ အောင်စိန်နှင့်လှဝင်းတို့မှာ တရားခံပေါ်လာပြီဖြစ်၍ ထိုအမှုမှလွတ်ကင်းကာ ရုံးတင်ခြင်းမခံရသော်လည်း နောက်တစ်လခန့်အကြာတွင် ဒီစကြိတ်တရားသူကြီးရုံးသို့ ရောက်လာကြရသည်ကို တွေ့ကြရလေ၏။

ထိုလေးဦး ယခုရောက်လာကြခြင်းမှာ တရားခံများအဖြစ်ရောက်လာကြခြင်းမဟုတ်ဘဲ ကိုချစ်တင်နှင့် ဘိုးတုတ်တို့က သက်သေအဖြစ် ရောက်လာကြခြင်းဖြစ်၍ အောင်စိန်နှင့်လှဝင်းတို့မှာ လက်မှတ်ရေးထိုးမည့် သတို့သား၊ သတို့သမီးအဖြစ်ရောက်လာကြခြင်းပင် ဖြစ်ပေတော့သတည်း။ ။

*သူရိယမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၃၉။*

www.burmeseclassic.com

www.burmeseclassic.com



## မဖိုးခေါ်သံ

ဘုသက်ကဲ့သို့ အတီးအမှုတ် ဂီတဘက်တွင် အထူးဝါသနာပါ၍ မည်သူမဆို မနားမနေကြိုးစားပါက ရွှေတံဆိပ်ရချန်ပီယံဘွဲ့ကို ရနိုင်မည်ပင်ဖြစ်သော်လည်း ဘသက်မှာမူ ကျောင်းသားဘဝကတည်းက တီးလာခဲ့သော ဘင်ဂျိုသံသည် ယခုထက်တိုင် ဒန့်ဒလန့်ဒန်ကမတက်နိုင်သေးဘဲ ကျောင်းသားဘဝကတည်းက ပြောင်လှောင်မှည့်ခေါ်ခံရကာ ရရှိခဲ့သည့် 'ဒန့်ဒလွန်သီး' ဟူသောဘွဲ့ကို ယခုထိ ယှဉ်ပြိုင်လုယူမည့်သူ မပေါ်သေးဘဲ ရှိလေ၏။

ဘသက်သည် မည်သူ၏ ပြောင်လှောင်ခြင်းကိုမျှ ဂရုမစိုက်ချေ။ မိမိ၏ ဘင်ဂျိုကိုသာ အထူးနှစ်သက် အနာရှုံ့ဖွဲ့လမ်းလျက် အချိန်အားလပ်သည့် အခါတိုင်း ဘင်ဂျိုကလေးနှင့်သာ ကြည်နူးပျော်ရွှင်လျက်ရှိလေ၏။

ဘသက်၏ဘင်ဂျိုသံကို ကြားရသူတိုင်း နှလုံးနာ အော်ဂလီဆန်မိကြလျက် နားနှစ်ဖက်ပိတ်၍ ပြေးကြရသူသာ များကြလေတော့၏။ တစ်အိမ်သားလုံးကလည်း မနှစ်သက်ကြချေ။ သို့ရာတွင် ဘသက်မှာ ဖခင်ဖြစ်သူကိုလွဲ၍ မည်သူ့စကားကိုမျှ နားမထောင်။ ဘသက်ကိုသာလျှင် တစ်အိမ်သားလုံးက ကြောက်၍နေကြရသဖြင့် မိမိတို့၏ မနှစ်သက်ခြင်းကို မပြောရဲမဆိုရဲ ရှိကြလေ၏။

www.burmeseclassic.com



ဘသက်၏ ဖခင်ဖြစ်သူကသာလျှင် 'ခွေးမသား… အလုပ်အကိုင်ရှာမယ်များဖြင့် မကြံဘူး၊ တစ်နေ့တစ်နေ့ အချိန်ရှိသ၍ တတုံတုံ၊ တတောင်တောင်နဲ့ပဲ ပြီးနေတာပဲ၊ နင် ဒီဘင်ဂျိုတီးတတ်လို့ ဘာသွားပြီးအသုံးချမလဲ၊ မသာအိမ်၊ အလှူအိမ်၊ ဘုန်းကြီးပျံသွားပြီး တတုံတုံနဲ့ လက်ဖက်တစ်ရိုးပဲစားရမယ်၊ နောက်ကို ငါ့ရှေ့ဘင်ဂျိုတီးသံကြားရရင် နင်ရော၊ ဘင်ဂျိုရော အိမ်ထဲက ကန်ထုတ်မယ်' ဟု ပြောသဖြင့် ဘသက်မှာ ဖခင်ကြီးရှိသည့်အခါ မတီးရဲဘဲ အမြီးကုပ်၍နေရပြီးလျှင် မရှိသည့်အခါများတွင် တစ်အိမ်လုံး၊ တစ်ရပ်လုံး မည်သူ့ကိုမျှဂရုမစိုက်ဘဲ တစ်နေ့လုံး 'ဒန့်ဒလွန့်သီး' လုပ်၍နေလေတော့၏။

အခါတစ်ပါး၌ ဘသက်၏မိဘများနှင့် တစ်အိမ်သားလုံး မန္တလေးသို့ ဘုရားဖူးသွားကြရာ ဘသက်မှာ တစ်ယောက်တည်း အိမ်စောင့်အဖြစ်ဖြင့် ကျန်ရစ်ခဲ့သဖြင့် ဘင်ဂျိုတစ်လုံးနှင့် ပျော်မြူး၍မဆုံးနိုင်ဘဲ ရှိလေ၏။

တစ်နေ့တွင် ဘသက်သည် ပန်းခြံထဲ၌ ပက်လက်ကုလားထိုင်တစ်လုံးထုတ်၍ထိုင်ကာ အပျင်းထုတ်နေစဉ် အိမ်ချင်းကပ်လျက်ရှိသော တစ်ဖက်ခြံထဲမှ 'ကြူကြူမွှေးတဲ့ ခွာညိုလွှာ… လေယူရာတိမ်း ယိမ်းနွဲ့ကာ…. ချစ်သူကိုကိုချီးလှည့်ပါ…. ဖျိုပျိုပန်ဆင်စရာ….' ဟူသော တေးသံကိုကြားလိုက်သဖြင့် မွေ့ဟောက်လို ငေါက်ခနဲ ခေါင်းထောင်၍ထလိုက်လေ၏။

ထိုအသံမှာ ကြည်လင်သာယာသော မိန်းမသံဖြစ်လေ၏။ ဘသက်မှာ ထိုအိမ်တွင် လူငှားမရှိသည်မှာ အတန်ကြာပြီဖြစ်၍ ထိုသို့ သီချင်းဆိုသံကြားလိုက်ရသည့်တွင် သိချင်မြင်ချင်စိတ် ပြင်းထန်စွာဖြစ်လာကာ ထိုင်ရာမှထပြီး ခြံနှစ်ခုကို ခြားနားထားသော ခြံစည်းရိုးနားသို့ သွားရောက်၍ တစ်ဖက်ခြံထဲသို့ လှမ်းမျှော်ကြည့်ရှုလိုက်ရာ ရုပ်ရည်ဖြူစင်လျက် ယဉ်စစရှိသောမိန်းမပျိုကလေးတစ်ယောက်နှင့် ၎င်း၏ခြေရင်းတွင် လှည့်ပတ်ပြေးလွှား ကစားနေသော ခွေးကလေးတစ်ကောင်ကို တွေ့မြင်ရသဖြင့် ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားလေ၏။

ဘသက်သည် ထိုအိမ်ထဲသို့ လှမ်း၍ကြည့်လိုက်ရာ တံခါးများဖွင့်လျက် ဆင်ပြင်ထားသည်ကို တွေ့ရသဖြင့် လူငှားရောက်ရှိနေပြီကို သိရကာ



မိမိမှာ ဘင်ဂျိုကိုသာ ဂရုစိုက်၍နေမိခြင်းကြောင့် လူသစ်ရောက်၍လာခြင်းကိုပင် မသိလိုက်ရသည့်အတွက် အစကတည်းက မသိလိုက်ရတာ နာတာပဲဟု အောက်မေ့မိလေ၏။ သို့ရာတွင် ဘသက်မှာ အိမ်အနီးအနားတွင် မိန်းမပျိုကလေးတစ်ယောက် ရောက်ရှိလာခြင်းကိုသိရကာ မိမိ၏နေထိုင်ရခြင်းသည် ပိုမို၍ စိုပြည်ရွှင်လန်းသာယာစရာ ဖြစ်ပေါ်လာပြီဟု တွေးမိခြင်းဖြင့် ဝမ်းမြောက်မိလေ၏။ ထိုမျှမကသေး။ ၎င်းတေးသံမှာ မိမိအား သူမကို တွေ့မြင်၍သွားစေသည့်အတွက် မသံပေးလိုက်ခြင်းပင်ဖြစ်ပေသည်ဟု နှလုံးပြုမိ၍ ပိုမို၍ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။

သို့ဖြစ်၍ မိန်းမပျိုကလေး၏ မသံပေးလိုက်ခြင်းကို မိမိကလည်း ပြန်လည်၍ ဖိုသံပေးမှပဲဟု နှလုံးပြုလျက် 'အဟမ်း'ဟု ချောင်းဟန့်ခြင်းဖြင့် ဖိုသံပေးရကောင်းမည်လော၊ သီချင်းကောက်၍ဆိုကာ ဖိုသံပေးလိုက်ရ ကောင်းမည်လောဟု စိတ်ကူးပြီးမှ မိမိ၏ဘင်ဂျိုကို ပြေး၍သတိရကာ အိမ်ထဲသို့ အမြန်သွားရောက်ဆွဲထုတ်ယူလာပြီး စောစောက မိမိထိုင်သည့်ကုလားထိုင်ကို မိန်းမပျိုကလေးရှိရာမှ အသေအချာမြင်နိုင်မည့်နေရာသို့ ရွှေ့ပြောင်းပြီးနောက် ဘင်ဂျိုကိုပိုက်၍ စတိုင်ကျကျ ထိုင်လိုက်လေ၏။

ဘသက်သည် မိန်းမပျို၏တေးသံကို နားစိုက်နေပြီးနောက် ဆုံးသည်နှင့်တစ်ပြိုင်နက် ဘင်ဂျိုကိုစတင်၍ခေါက်ကာ 'စောင်းအချေအတင်မှာလေ…'ဟု ကွဲအက်သောအသံနက်ကြီးဖြင့် သီချင်းကောက်၍ဆိုလိုက်ရာ မိန်းမပျိုကလေးမှာ သမင်မကလေးကဲ့သို့ လန့်၍သွားလေ၏။

ဘသက်၏ ဘင်ဂျိုသံမှာ နားထောင်၍မကောင်းဟု အများသိရှိကြသည်ထက် သီချင်းသံမှာသာ၍ပင် နားမခံနိုင်စရာရှိလေရာ 'စောင်းအချေအတင်မှာလေ…' ဟု စလိုက်သည့်အသံသည် မိန်းမပျိုကလေး၏နားထဲ၌ လူတစ်ယောက်အားခုတ်ခံရသဖြင့် 'အမယ်လေး….'ဟု အော်လိုက်သံကြားရသကဲ့သို့ရှိသဖြင့် အိမ်ထဲသို့ အမြန်ဝင်၍ပြေးရန် ဂျင်မီ… ဂျင်မီဟု ခွေးကလေးအား စိုးရိမ်ကြီးစွာဖြင့် ခေါ်လေ၏။

ဘသက်၏သီချင်းသံနှင့် ဘင်ဂျိုသံမှာ အရပ်ပျက်သကဲ့သို့ရှိသဖြင့် ဂျင်မီသည် မိမိ၏သခင်မ မခေါ်မီကပင် လန့်ဖျပ်ကာ ကဆုန်ပေါက်၍ အိမ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးနှင့်လေ၏။ ဘသက်ဖန်တီးလိုက်သောအသံများမှာ မည်မျှမခံရပ်နိုင်ဖွယ်ရှိသနည်းဟူမူ ဂျင်မီသာမက ထမင်အိုး၊ ဟင်းအိုး ခိုး၍နိုက်စားရန် ခြံထဲသို့ဝင်လာသော ကြောင်နက်ကလေးပင် အသက်ဘေးကိုကြောက်၍ မာလကာပင်တစ်ပင်ပေါ်သို့ ကုပ်ကပ်ပြေးတက်ပြီး၊ အခြားသစ်ပင် တစ်ပင်ပေါ်တွင် အိပ်တန်းတက်မည် ကြံနေကြသော ဆက်ရက်နှင့်စာကလေးများလည်း လန့်ဖျပ်ပြီး တရှန်းရှန်း ပျံသန်းပြေးကြလေ၏။

မိန်းမပျိုကလေးမှာ လန့်ဖျပ်၍သွားရာက ဆက်လက်၍ဆိုသောတေးသံနှင့် တဒေါင်ဒေါင်မြည်သောအသံတို့ကို ကြားရသဖြင့် လူသတ်မှုတော့ဖြင့် မဟုတ်တန်ရာဟု နှလုံးပြုကာ၊ ထိုအသံများ ထွက်ပေါ်လာရာဖက်ဆီသို့ လှမ်းမျှော်ကြည့်ရှုလေ၏။ ဘသက်သည် မိန်းမပျိုကလေးကို မျှော်မှန်းကြည့်ရှုလျက် ဘင်ဂျိုတီးနေရာမှ မိမိဖက်သို့ မိန်းမပျိုကလေး၏မျက်နှာ လှည့်လာသည်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် မိမိမသိမြင်သည့်ဟန်ဆောင်၍ မျက်နှာကိုလွှဲပြီးလျှင် ရုပ်ရှင်မင်းသားဟန် စတိုင်ကျကျထိုင်၍ အခြားဖက်သို့ကြည့်ကာ အစွမ်းကုန် ပါးစပ်ရောလက်ပါ ကြိုးစားလိုက်လေ၏။

မိန်းမပျိုကလေးသည် ဘသက်ကိုမြင်ရသည်နှင့်တစ်ပြိုင်နက် ရှုံ့ရှာသည့်အမူအရာဖြင့် အသံကျယ်စွာ 'ထွီ' ခနဲ တံတွေးထွေးလိုက်လေ၏။ သို့ရာတွင် ၎င်း၏တံတွေးထွေးသံမှာ စစ်ထဲ၌ဗုံးကြဲနေသည့်အထဲတွင် ပျောက်အိုးဝင်၍ဖောက်သလို ဘသက်ဖန်တီးသောအသံများအကြားတွင် မထင်မရှားပျောက်ပျက်သွားလေတော့၏။

'မောင်မောင့်စောင်းသံ.... နားဝင်ပီယံအေးစေဖို့၊ သလွန်ကတီပျံလေးဆီက၊ မေးစက်လို့မျှော်... နားစိုက်လိုက်ကြပါတော့... တစ်ပါးမကိုင်ရှုံ့အလှဖန်ဖန် .... ဟဒယသွင်းကြပါလိမ့်.... ဒန့်ဒလန့်တန့်.... ဒွန့်နယ်လန့်တန့်....'

မိန်းမပျိုကလေးသည် နားမခံနိုင်သဖြင့် နားပိတ်၍အိမ်ထဲသို့ ဝင်ပြေးလေ၏။ သို့ရာတွင် ဘသက်၏အသံသည် နားပိတ်ထားသည့်တိုင်အောင် 'လက်သံတော်ကြားရှင်လေ.... ရွှေနားပန်ဆင်....' ဆိုသည့် အသံကြောင့်၊ အသံနက်ကြီးသည် နားမပန်ဆင်ချင်လျှင် မနေရအောင် မိန်းမပျိုကလေး၏



နားထဲသို့ ဖောက်ထွင်း၍ဝင်ရောက်လေရာ မိန်းမပျိုကလေးမှာ ဘယ်နည်းနှင့် ထိုအသံများကို နှိမ်နင်းရပါမည်နည်းဟု အကြံထုတ်လျက် ခြံထဲသို့ ပြန်၍ထွက်လာလေ၏။

'ဒီမှာရှင့်... နားငြီးတယ်၊ တော်ပါတော့'ဟု မိန်းမပျိုကလေးက အော်လိုက်သော်လည်း ထိုအသံမှာ ယခင်ကကဲ့သို့ပင် ပျောက်ကွယ်သွားပြန်ပြီး ဘသက်မှာ မကြားရဘဲရှိလေ၏။

မိန်းမပျိုကလေးသည် ပို၍ဒေါသဖြစ်လာကာ ကျောက်ခဲနှင့်ပေါက်ရန် ကျောက်ခဲရှာရာ ကျောက်ခဲမတွေ့ရဘဲ မိုးရွာထားသဖြင့် ရွှံ့တစ်ပိုင်းဖြစ်နေသော မြေကြီးခဲတစ်ခဲကို မြက်ပင်တန်းလန်းနှင့်ဆွဲ၍ခွာကာ ခြံစည်းရိုးနားသို့ကပ်ပြီး ဘသက်ရှိရာဆီသို့ လှမ်း၍ပစ်လိုက်လေ၏။ မိန်းမပျိုကလေးသည် ထိုသို့ပစ်လိုက်သော်လည်း ဘသက်ကို ထိမှန်စေလို၍မဟုတ်ဘဲ ဘသက်၏ အနီးအနားသို့ကျရောက်၍ ဘသက်သိရအောင် ပစ်လိုက်ခြင်းပင်ဖြစ်ပေ၏။ သို့ရာတွင် လူတိုင်းလိုပင် တစ်စုံတစ်ရာကို ထိအောင်ပစ်ပါက မှန်နိုင်ခဲ၍ လွဲအောင်ပစ်ခါမှ မထိလိုသောအရာကို ထိမှန်တတ်သည့်အတိုင်း မြေကြီးခဲသည် မြက်ပင်တန်းလန်းနှင့် ဘသက်ဆီသို့ တည့်တည့်ကြီးတန်း၍သွားကာ 'ချောမေနှမတို့မှာတော့ အကြောတွေရှုလို့ပါချင်...'ဟု ဖွင့်၍ဆိုလိုက်သော ပါးစပ်ပေါက်ကို တည့်တည့်ကြီးဝင်၍ ဆို့လေတော့၏။

ဘသက်၏အသံများမှာ မျက်လှည့်ပြဘိသည့်အလား ပျောက်၍သွားလေ၏။ မိန်းမပျိုကလေးသည် မိမိမမှန်းဘဲ ထိမှန်သွားသည်ကို သိရသည်နှင့် တစ်ပြိုင်နက် ကြောက်လန့်အံ့အားသင့်သွားကာ ခြံစည်းရိုးကိုကွယ်၍ထိုင်ပြီး ပုန်းရန်ကြံလိုက်သော်လည်း ခဲပစ်ပြီး လက်ကိုရုပ်လိုက်ရာတွင် အင်္ကျီလက်ဖျားကို ခြံစည်းရိုးကာထားသောသံဆူးနှင့် ငြိ၍နေသည့်အတွက် ပုန်း၍မလွတ်နိုင်ဘဲ အမိခံလိုက်ရလေ၏။

ဘသက်သည် ပါးစပ်ထဲသို့ဝင်သော မြေကြီးခဲများကို ထွေးထုတ်ကာလျှာကို ရှပ်အင်္ကျီလက်နှင့်သုတ်ပြီးလျှင် တရှူးရှူး၊ တရှဲရှဲ ဒေါသဖြစ်လျက် ဘင်ဂျိုကို ကုလားထိုင်ပေါ်တွင် တင်ထားပြီး ခြံစည်းရိုးဆီသို့ လျှောက်၍လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့… ရွှံ့နဲ့ပစ်တာ ဘယ်သူလဲ၊ မင်းလား'

'ဟုတ်တယ်'ဟု မိန်းမပျိုက မျက်နှာပြောင်ပြောင်ဖြင့် ပြောလိုက်လေ၏။

'ဘာပြုလို့ ရွှံ့နဲ့ပစ်ရတာလဲ'

'ကျောက်ခဲ ရှာမရလို့' ဟု ဘောက်ကျကျဖြေလိုက်သဖြင့် ဘသက်မှာ ဘာစကားပြောရမည်ကိုပင် မသိသကဲ့သို့ ဖြစ်သွားလေ၏။

မိန်းမပျိုကလေးသည် ဘသက်အား နီးနီးကပ်ကပ်ကြည့်ရသည်တွင် အသံဆိုးဝါးသလောက် ရုပ်ရည်သန့်ပြန့်ကာ လူချောတစ်ယောက်ဖြစ်သည်ကို တွေ့ရသည့်ပြင် ကြမ်းပိုးတေလေအစားထဲက မဟုတ်ဘဲ ဂုဏ်သရေနှင့်နေသူတစ်ယောက်ဖြစ်သည်ကို အဝတ်အစားအားဖြင့် သိရှိရ၍ အားနာသွားသော်လည်း မိမိအပြစ်ကို ဖုံးအုပ်လိုသေးသဖြင့် 'ကျွန်မ ရှင့်ကို မှန်အောင်ပစ်တာမဟုတ်ဘူး၊ ရှင်ဆိုတဲ့ သီချင်းသံနဲ့ ဘင်ဂျိုသံ နားငြီးလွန်းလို့ တိတ်အောင်လုပ်တာ၊ မတော်တဆ လူကိုမှန်သွားတာပါ'ဟု ပြောပြလေ၏။

ဘသက်သည် ခဲမှန်ခံရခြင်းကို စိတ်ကျေ၍သွားသော်လည်း မိမိအဆိုနှင့်အတီးကို ပုတ်ခတ်ခြင်းခံရခြင်းကြောင့် 'ဗျာ… ကျုပ်အသံ နားငြီးတယ်ဆိုရင် မင်းနားထဲမှာ နားဖာချေးတွေ ဆို့နေလို့ပဲ၊ ကသည်းတစ်ယောက်ခေါ်ပြီး နားဖာချေး ကလော်ခိုင်းချေ၊ ကျုပ်အသံကို လူတိုင်းချီးမွမ်းတယ်၊ မင်းတစ်ယောက်တည်းသာ ကျွဲပါးစောင်းတီး နားဖာချေးတွေဆို့ပြီး ကောင်းမှန်း ဆိုးမှန်းမသိတာ'ဟု ပြောလိုက်လေ၏။

'ရှင့်အသံ ရှင်တစ်ယောက်တည်းကြိုက်တာ၊ ဘယ်သူမှမကြိုက်ဘူး၊ ကျွန်မက ရွှံ့နဲ့ပစ်တာ တော်သေးတယ်၊ အရပ်က ခဲနဲ့ဝိုင်းပေါက်ရင် တိုက်တစ်လုံးဆောက်နေရမယ်'ဟု ပြောပြီးနောက် 'အံမယ်… ရှင်ကကျွန်မကို ကျွဲပါးစောင်းတီးလေး ဘာလေးမပြောပါနဲ့၊ ကျွန်မ ရှင့်ထက် သီချင်းနားလည်တယ်သိလား၊ မဟာဂီတစာအုပ်ကြီးတစ်ဝက်လောက် ကျွန်မသိတယ်၊ နားလည်ရဲ့လား ကိုဟာဝါရဲ့'ဟု ဆိုလေ၏။

'ကျုပ်နာမည် ကိုဟာဝါမဟုတ်ဘူး၊ ဘသက်'ဟု ပြောပြီးနောက် 'ဒီမှာ ကျုပ်ပြောပြဦးမယ်၊ မိန်းကလေးရဲ့'ဟု ဆိုရာ မိန်းမပျိုကလေးက…



'ကျွန်မကို မိန်းကလေးလို့ မခေါ်ပါနဲ့၊ ကျွန်မမှာ နာမည်ရှိပါတယ်' ဟု ဆိုလေ၏။

'ရှိပေမယ့် ကျုပ်မှ မသိဘဲ'

'မသိရင် မှတ်ထား… စမ်းရီတဲ့ရှင့်'

'ဒီမှာ စမ်းရီတဲ့ရှင့် ရဲ့…'

'တဲ့ရှင့် မပါပါဘူး၊ စမ်းရီ… စမ်းရီ'

'မစမ်းရီ… မိန်းကလေးတစ်ယောက်ဖြစ်ရဲ့သားနဲ့ အခုလို ယောကျာ်းတစ်ယောက်ကို မလေးမခန့် ပြောလားဆိုလား၊ ရွှံ့နဲ့ပစ်လားလုပ်တာ ကိုယ့်ကိုယ်ကိုတွေးပြီး ရှက်ဖို့ကောင်းပါတယ်'

'ဒီမှာ… ကိုဘသက်ရဲ့၊ ရှင့်အသံကြီးလဲ ရှင်တွေးပြီး ရှက်ဖို့ကောင်းပါတယ်'

'ဘာ…'ဟု ဘသက်သည် မျက်လုံးပြူးဒေါသကြီးနှင့်ပြောကာ 'မင်း ဒီလိုလုပ်တာ၊ ဒီလိုပြောတာ ကျုပ်မခံနိုင်ဘူး၊ ဂါတ်ကိုတိုင်ရလိမ့်မယ်' ဟု ပြောလေ၏။

'ဟုတ်ကဲ့၊ ရှင် ဒီလိုဆူညံ အော်ဟစ်နေတာလဲ ရပ်ရွာဆူပူမှုနဲ့ ပုလိပ်ကို တိုင်ရလိမ့်မယ်၊ သိရဲ့လားရှင့်'

ဘသက်သည် ဒေါပွကာ 'ကောင်းပြီ၊ သိကြရရောပေါ့'ဟု ဆိုကာ ချာခနဲလှည့်သွားလေ၏။ စမ်းရီသည်လည်း 'ဟုတ်ကဲ့၊ ရှင်လဲ သိရရောပေါ့' ဟု ဆိုကာ ဆောင့်အောင့်၍ခြေနင်းလျက် အိမ်ဘက်သို့ လှည့်၍သွားလေ၏။ သို့ရာတွင် တစ်ယောက်ကိုတစ်ယောက် အညံ့မခံ၍ ပြောကြခြင်းဖြစ်သည့်အလျောက် မည်သူမျှ ဂါတ်သို့မရောက်ကြချေ။

စမ်းရီမှာ မိမိကပင် ခဲနှင့်ပေါက်ရသော်လည်း တစ်ညနေလုံး မကျေနိုင် မချမ်းနိုင်ဖြစ်၍နေလျက် နောက်ထပ် ဘင်ဂျိုသံကြားရလျှင် ခဲနှင့် ထပ်၍ပေါက်ဦးမည်ဟု အားခဲ၍ထားလေ၏။ သို့ရာတွင် ဘသက်သည် နောက်ထပ်ခဲပေါက်ခံရမည်ကို ကြောက်၍လော၊ သို့မဟုတ် စမ်းရီ၏ ခဲပေါက်လိုခြင်းကို မပေါက်ရစေဘဲ ထိုသို့မပေါက်ရသဖြင့် မကျေနိုင်မချမ်းနိုင် ဖြစ်စေလို၍လောမသိ။ ဘင်ဂျိုသံမှာ ကြွက်လျှောက်သံလောက်မှ မကြားရတော့ဘဲ ရှိလေ

www.burmeseclassic.com



၏။ ထိုသို့တစ်ခါတည်း အသံတိတ်၍သွားသဖြင့် စမ်းရီမှာ မိမိအနိုင်ရပြီဟု ယူဆကာ ကျေနပ်ဝမ်းသာလျက် ရှိလေတော့သည်။

ညဖက်သို့ရောက်လာသောအခါ စမ်းရီသည် ဘင်ဂျိုသံပေါ်လာဦးမည်လောဟု ဂရုစိုက်၍နေမိလေ၏။ သို့သော်လည်း ဘာသံမျှပေါ်၍မလာတော့ချေ။ ထိုအခါမှ စမ်းရီ၏စိတ်သည် တစ်မျိုးတစ်မည် ဖောက်ပြန်၍လာလေ၏။

ညနေက ဘသက်အား ရန်တွေ့လိုက်ခြင်းကို ထောက်ချင့်ရခြင်းအားဖြင့် စမ်းရီမှာ စိတ်ဆတ်သူကလေးတစ်ယောက်ဖြစ်သည်ဟု ထင်မြင်ဖွယ်ရာရှိသော်လည်း အမှန်အားဖြင့် မိမိ၏ပျော်ရွှင်ကြည်နူးနေခြင်းကို နှောင့်ယှက်သည်ဟုယူဆကာ ရုတ်တရက် ဒေါသထွက်သွားခြင်းဖြစ်၍ နဂိုစိတ်မှာ မိန်းကလေးပီသ၍ သဘောထားနူးညံ့သူကလေး တစ်ယောက်ပင် ဖြစ်ပေ၏။ သို့ဖြစ်သည့်အလျောက် စောစောက ဒေါသအရှိန်မပြေသေးဘဲ ဘသက်နောက်ထပ်ဘင်ဂျိုတီးလျှင် ရန်တွေ့ဖို့ရန် စိတ်ကူးထားခြင်းသည် ဒေါသအရှိန်နှင့်အတူတူ တဖြည်းဖြည်းပြေပျောက်၍လာကာ ဘသက်၏ဘင်ဂျိုသံ မကြားရခြင်းကိုပင် စိတ်ထဲတွင် ဟာတာပေါ့ပျက်ဖြစ်လျက် တစ်စုံတစ်ခုလို၍ နေသလိုလို အောက်မေ့မိလေ၏။

စမ်းရီသည် ညနေကအဖြစ်ကို ပြန်၍တွေးမိလေ၏။ မိမိမျက်စိထဲတွင် ရွံ့မှန်၍ မဲ့ရွဲ့သွားသော ဘသက်၏မျက်နှာကိုမြင်မိကာ တွေးပြီးပြုံးမိလေ၏။ ထိုသို့ပြုံးမိရာက မတော်တဆ မျက်စိကိုထိမှန်သွားလျှင် မျက်စိကန်း၍သွားမည်ကိုတွေးမိလျက် အကယ်၍ မျက်စိကန်းသွားလျှင် လူပျိုလူချောတစ်ယောက်မှာ အဆင်းမလှဖြစ်သွားမည်ကို စိုးရိမ်မိပြီး ယခုကဲ့သို့ ရွံ့နှင့်ထိမှန်သွားခြင်းပင်လျှင် မျက်စိကိုထိခိုက်၍များ သွားလေရော့မည်လားဟု ပူပန်မိလေ၏။

မိမိသည် ဘသက်အား ရွံ့နှင့်ပေါက်ခြင်းမှာ မိမိတစ်ကိုယ်တည်း သီချင်းတညည်းညည်းနှင့် ကြည်နူးနေသည်ကို နှောင့်ယှက်ပိတ်ပင်သကဲ့သို့ ရှိခြင်းကြောင့် ပြုလုပ်မိခြင်းဖြစ်သည်ကို တွေးမိသောအခါ ဘသက်မှာ မိမိ၏ ပိတ်ပင်လိုက်ခြင်းအားဖြင့် မိမိ၏စိတ်၌ ဒေါသဖြစ်သကဲ့သို့ပင် ဖြစ်ရှာချေမည်ဟု ကိုယ်ချင်းစာမိလေ၏။ အမှန်အားဖြင့် ဘသက်သည် မိမိတတ်သမျှ မှတ်သမျှ



ဘင်ဂျိုတီးခေါက်ကာ သဘာဝမွေကြီး၏ ဖန်တီးပေးသမျှ ရှုရှိုက်ပသည့်အသံနှင့် သီဆိုခြင်းဖြစ်ပြီးလျှင် မိမိ၏တေးသံနှင့် မိမိကြည်နူးနေခြင်းမှာ အခြားမည်သူကမျှ လာရောက်ပိတ်ပင်ရန်မလို၊ မကြားလိုလျှင် မိမိနားကိုသာ မိမိပိတ်ပင်ထားရန်လိုသည်ဟု စမ်းရီ၏စိတ်ထဲတွင် စဉ်းစားဉာဏ်ဝင်ရောက်မိလေ၏။

သို့ဖြစ်၍ စမ်းရီသည် ဘသက်အား တောင်းပန်ရလျှင်ကောင်းမည်လားဟု စိတ်ကူးကြည့်ရာ အကယ်၍တောင်းပန်ခဲ့လျှင် မိမိက အရှုံးပေးရာရောက်မည်ဖြစ်၍ ဘသက်သည် တမင်အရွဲ့တိုက်၍ ယခုထက်တိုးပြီး ဆူညံမည်ကို စိုးရိမ်မိသည့်အတွက် ၄င်းကိုမူကား မတောင်းပန်ဘဲ အကယ်၍ သူမနေနိုင်ဘဲ သူ့စိတ်ပျော်ခြင်းအလို့ငှာ နောက်ထပ်တီးလျှင် မိမိဘာမျှ မကန့်ကွက်ဘဲ အမှတ်တမဲ့ နေလိုက်ရန်သာရှိသည်ဟု နှလုံးပြုလိုက်လေ၏။

သို့ရာတွင် ဘသက်၏ဘင်ဂျိုသံကို တစ်ညလုံး မကြားရတော့ချေ။ နောက်တစ်နေ့နံနက်၌လည်း မကြားရ၊ နေ့လယ်ချိန်လောက်၌လည်း မကြားရတော့သောကြောင့် စမ်းရီမှာ စိတ်မကောင်းဖြစ်မိလေ၏။ မိမိသည် သူတစ်ထူး၏ ပျော်ရွှင်ခြင်းကို နှောင့်ယှက်ပိတ်ပင်ကာ စိတ်ညစ်ညူးစေလေပြီဟု တွေးမိလေ၏။

စမ်းရီမှာ ဘသက်၏အကြောင်းကိုသာ တွေးတောနေမိရုံမျှမကဘဲ ဘသက်၏ခြံထဲသို့ မကြာမကြာ လှမ်းမျှော်၍ကြည့်မိလေ၏။ သို့ရာတွင် ကြည့်သည့်အခါတိုင်း လူအရိပ်အခြေ ဘာကိုမျှမတွေ့ရသဖြင့် မိမိပြောလိုက်သည့်အတွက်ရှက်၍ အိမ်ထဲက မထွက်ရဲလေရော့သလား။ နှမ်မှုတ်သင်ယူသူကဲ့သို့ ရွာပြင်ကိုထွက်ပြီး အနှောင့်အယှက်မရှိ၊ တီးခတ်နေလေရော့သလားဟု ဒွိဟဖြစ်မိလေ၏။ သို့ရာတွင် ညနေပိုင်းအချိန်လောက်တွင် ခြံထဲ၌ လူတစ်ယောက်ကို တွေ့မြင်ရသဖြင့် အသေအချာကြည့်ရာ ဘသက်ဖြစ်သည်ကို သိရသောကြောင့် ဝမ်းသာအားရသလိုလို ဖြစ်မိလေ၏။

ဘသက်သည် အပေါ်အင်္ကျီဝတ်ဆင်ထားသည်ကို တွေ့ရသောကြောင့် လမ်းထွက်ရန် ပြင်နေသည်ကိုသိရလေ၏။ သို့ရာတွင် တစ်ခုခုစဉ်းစားရာ စဉ်းစား၍နေလေသလော သို့မဟုတ် စမ်းရီ မမြင်မြင်အောင် ကိုယ်ရှောင်ပြု၍နေသလောမသိ။ ခြံထဲ၌ ဟိုဟိုဒီဒီကြည့်ရှုကာ အတန်ကြာလမ်းသလားနေသည်

www.burmeseclassic.com



ကို တွေ့ရလေ၏။ စမ်းရီသည်လည်း စိတ်ထဲတွင် မည်သို့ဖြစ်ပေါ်လာသည်မသိ၊ ခြံထဲသို့ဆင်းခဲ့လေ၏။ စမ်းရီ ခြံထဲသို့ဆင်းသည်နှင့်တစ်ပြိုင်နက် ဂျင်မီသည်လည်း ပျော်မြူးစွာ အိမ်ထဲမှပြေးထွက်လာပြီး စမ်းရီ၏ရှေ့ကနေ၍ ပြေးလေ၏။

ထိုအခိုက်တွင် ဘသက်သည် အကြံထုတ်၍ ပြီးစီးသကဲ့သို့ လမ်းပေါ်သို့ထွက်သွားလေ၏။ စမ်းရီသည် ဘသက်လျှောက်သွားသည်ကို ရပ်တန့်၍ကြည့်နေမိလေ၏။ ထိုနောက် ဘသက်ပျောက်ကွယ်သွားမှ ဂျင်မီကိုကြည့်ရာ ခြံထဲတွင် မမြင်ရသောကြောင့် ဂျင်မီ… ဂျင်မီဟု အော်၍ခေါ်လိုက်ရာ ဝမ်းသာပျော်မြူးစွာဖြင့် တဝုတ်ဝုတ်ဟောင်၍ ထူးလိုက်သော ဂျင်မီ၏အသံကို ဘသက်၏ခြံဘက်ဆီမှ ကြားရသဖြင့် ခြံစည်းရိုးအောက်မှငုံ့လျှိုး၍ ကူးပြေးသည်ကို သိရှိရကာ ဂျင်မီအားခေါ်ငင်ရန် ခြံစည်းရိုးဆီသို့ လျှောက်သွားလေ၏။ ဂျင်မီ သည် ထိုသို့ခြံကူးတတ်သောဝါသနာရှိသည့်အတိုင်း စမ်းရီလိုက်လာပြီး မိမိအား အတင်းဆွဲခေါ်မည်ကို စိုးရိမ်သည့်အလား ဘသက်၏အိမ်ဖက်သို့ ပြေးသွားကာ မပိတ်မိဘဲပွင့်၍နေသော တံခါးပေါက်တစ်ခုမှနေ၍ အိမ်ထဲသို့ ဝင်ပြေးလေ၏။

စမ်းရီသည် ဂျင်မီဝင်သွားသည်ကို မြင်လိုက်ရသည်တွင် အကယ်၍ ဂျင်မီရုတ်တရက်ပြန်၍မလာဘဲရှိပြီး ဘသက်အပြန်တွင် တွေ့ရှိသွားချေက မိမိအပေါ်တွင်ထားသည့်ရန်ညှိုးဖြင့် ခွေးကလေးကို ဖိ၍ရိုက်နက် နှိပ်စက်လေတော့မည်ဟု စိုးရိမ်မိကာ ဂျင်မီအား သွားရောက်ဆွဲခေါ်ရန် ဘသက်၏ခြံထဲသို့ ကျူးကျော်ဝင်ရောက် လိုက်ပါသွားလေ၏။

စမ်းရီသည် ဘသက်၏အိမ်ဖက်သို့ ရောက်ရှိသည့်အခါကျမှ အိမ်ထဲသို့ ရုတ်တရက်မဝင်ရဲဘဲ ရှိလေ၏။ အကြောင်းသော်ကား အကယ်၍ မိမိဝင်ရောက်၍အသွားတွင် အိမ်သူအိမ်သားတစ်ယောက်ယောက်နှင့် တွေ့ရှိချေက အခွင့်မတောင်းဘဲ ဝင်ရောက်ခြင်းအတွက် ဖောက်ထွင်းဝင်ရောက်မှုဖြင့် အရေးယူခံမည်ကို စိုးရိမ်မိခြင်းကြောင့် ဖြစ်ပေ၏။ ယမန်နေ့က ဘသက်အား မိမိပြောလိုက်သည့်စကားများကြောင့် အခြားသူများက အရေးမယူကြစေကာမူ ဘသက်မူကား လက်စားချေရန်အချက်ရ၍ ထိုသို့ပြုလုပ်မည်မှာ ဧကန်မုချပင် ဖြစ်တော့သည်ဟု တွေးမိလေ၏။ သို့ဖြစ်၍ မိမိကိုယ်ကိုကာကွယ်နိုင်ရန်



အိမ်ရှေ့မှနေ၍ ရှေးဦးစွာ 'ဒီမှာရှင့်… အိမ်ရှင်တို့'ဟု ကျယ်လောင်စွာ ခေါ်လိုက်လေ၏။

စမ်းရီ၏ခေါ်လိုက်ခြင်းကို မည်သူမျှပြန်လည်၍မထူး၊ အိမ်ကြီးကပင် ပွဲတင်မခတ်သည့်အတွက် စမ်းရီသည် အတန်ကြာ တွေဝေနေပြီးမှ တစ်အိမ်လုံး မည်သူမျှရှိဟန်မတူဟု စဉ်းစားမိလေ၏။ ထို့သို့စဉ်းစားမိသည့်အတိုင်း ယမန်နေ့က မိမိနှင့်ဘသက် စကားများနေစဉ်ကလည်း မည်သူမျှမထွက်လာ၊ ယနေ့ တစ်နေ့လုံးလည်း ဘသက်မှလွဲ၍ မည်သူ့ကိုမျှမမြင်ရသဖြင့် မိမိထင်မြင်ချက်မှာ မှန်လေပြီဟုယူဆကာ အိမ်ထဲသို့ဝင်ရန် မကြောက်မရွံ့တော့ဘဲ ဘသက်တစ်ကိုယ်တည်း ထိုအိမ်ကြီးတစ်လုံးနှင့် နေဟန်တူသည်ဟု တွေးတောကာ ရဲတင်းစွာ အိမ်ထဲသို့ဝင်သွားလေ၏။

စမ်းရီသည် ဘသက်၏အိမ်ထဲသို့ရောက်ရှိကာ ဂျင်မီကိုရှာဖွေရာတွင် ဆိုဖာပေါ်သို့ တက်ရောက်၍နေကာ မိမိကိုကြည့်ပြီး အမြီးနန့်နေသော ဂျင်မီကို တွေ့ရသဖြင့် ဆွဲယူရန်ကပ်သွားရာတွင် ဆိုဖာပေါ်၌ ဂျင်မီ၏ခြေရာများ ထပ်၍နေလျက် ခုတင်ပေါ်တွင် ဘသက်၏ဘင်ဂျိုကိုတွေ့ရပြီး ကြိုးများပြတ်လျက် ဆိတ်သားရေလည်း ကွဲပေါက်စုတ်ပြတ်နေသည်ကို တွေ့ရသောကြောင့် အံ့အားသင့်၍သွားလေ၏။

ထို့သို့ သားရေပေါက်၍နေသည်ကိုတွေ့ရခြင်းဖြင့် ဂျင်မီကိုက်ဆွဲသည့်အတွက် ထိုသို့ဖြစ်ရလေပြီဟု တထစ်ချ ယူဆလိုက်မိ၏။ စမ်းရီသည် ယမန်နေ့ ညနေကကဲ့သို့ ဒေါသထွက်လျက်ပင် ရှိနေခဲ့သေးပါမူ သခင်၏စိတ်ကိုသိ၍ ဂျင်မီကပင် ဘင်ဂျိုကို ဖျက်ဆီးပေးလေသည်ဟု ဂျင်မီကိုပင် ပိုမိုယုယုယယ ပြုလုပ်မိမည်ပင်ဖြစ်သော်လည်း ယခုမှာမူ ထိုစိတ်မပေါ်ပေါက်ဘဲ အထူးပင် စိတ်မကောင်းဖြစ်မိကာ 'ဂျင်မီ… နင် သူများပစ္စည်းကို ဘာပြုလို့ဒီလို လုပ်ရတာလဲ၊ နင်လုပ်တာ မမ စိတ်ဆိုးခံရတော့မယ်'ဟု ခွေးကလေးကို ဆုံးမပြီး ဘင်ဂျိုကို ကောက်ယူကြည့်ရှုလေ၏။

ဘင်ဂျိုမှာ အတော်ပင်ပျက်စီးသည်ကို တွေ့ရလေ၏။ စမ်းရီသည် မိမိပြုပြင်၍ ဖြစ်သောအရာဖြစ်လျှင် ကိုယ်တိုင်ပြင်ဆင်ပေးလိုက်မည်ပင် ဖြစ်ပေ၏။ ယခုမူ မိမိဘာမျှမလုပ်တတ်သောကြောင့် မည်သို့ပြုပြင်ရမည်ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးရာက တူရိယာရောင်းသောဆိုင်တစ်ဆိုင်ကို သတိရ၍ ထိုဆိုင်သို့ သွားရောက်ပြသကာ သားရေပြာအဟောင်း တပ်၍ရလျှင်ရ၊ မရခဲ့လျှင်လည်း အသစ်နှင့်ပင် လဲ၍တပ်တော့မည်ဟု နှလုံးပြုကာ ဘင်ဂျိုကို စက္ကူနှင့်ပတ်၍ မိမိသိရှိသည့်ဆိုင်သို့ ယူသွားလေ၏။

အဆင်သင့်ပင် ထိုဆိုင်၌ ဘသက်၏ ဘင်ဂျိုသားရေပြားကဲ့သို့ ခပ်ဟောင်းဟောင်းဖြစ်နေသော သားရေပြားကိုရရှိ၍ လဲလှယ်တပ်ဆင်ကာ ကြိုးသစ်လဲပြီးလျှင် အမြန်ပြန်၍လာခဲ့လေ၏။

စမ်းရီသည် ဘသက်၏အိမ်သို့ပြန်လည်ရောက်လာရာတွင် မိမိထွက်လာခိုက် ဘသက်ပြန်လည်၍ရောက်ရှိနေပါက အခက်ကျချေတော့မည်ဟု စိုးရိမ်ကာ မဝင်ရဲဘဲ ငါ့ဒီဘင်ဂျိုကြီး ဘယ်နည်းနှင့် အိမ်ထဲကိုသွင်းရပါမလဲဟု ကြံရာမရရှိနေလေ၏။ နောက်မှ 'ဟယ်… ဘာပဲဖြစ်ဖြစ် တွေ့လဲတွေ့ရော ပေါ့၊ တွေ့တော့ကော ဘာဖြစ်သလဲ၊ ငါသူ့ပစ္စည်းခိုးတာလဲမဟုတ်ဘူး၊ သူ့ဘင်ဂျိုကို ဂျင်မီဖျက်ဆီးပစ်လို့ သူမတိုင်ခင်ကဘဲ ငါပြင်ပေးတာ၊ ငါ့ဝတ္တရားရှိသလောက် ငါဆောင်ရွက်တာပဲ၊ သူနဲ့တွေ့လဲ ဒီအတိုင်းပြောရမှာပဲ' ဟု နှလုံးပြုကာ အိမ်ထဲသို့ဝင်သွားလေ၏။

အိမ်ထဲသို့ရောက်သည့်အခါတွင် ဘသက်ပြန်၍မရောက်သေးသည်ကိုတွေ့ရမှ စိတ်အေး၍သွားကာ ဘင်ဂျိုကို မူလနေရာအတိုင်း နေရာတကျပြန်၍ထားလိုက်ပြီးနောက် ဆိုဖာပေါ်ရှိ ဂျင်မီခြေရာများကို ပွတ်သပ်ဖျောက်ဖျက်ပစ်ရင်း ဘသက် အခုထက်ထိ ပြန်မရောက်သေးတာထောက်တော့ ခပ်ကြာကြာသွားရမယ့်ကိစ္စရှိလို့ပဲ၊ သူမလာခင် တစ်ယောက်တည်းနေတာပဲလား၊ မယားရှိတဲ့လူလား၊ သူ့အကြောင်း သိရအောင် အိမ်ထဲလျှောက်ကြည့်ဦးမယ် ဟု စိတ်ကူးမိလေ၏။

ဤနေရာတွင် စမ်းရီအစား ယောကျ်ားတစ်ယောက်ယောက်သာ ဆိုပါမူ ထိုသို့ပြုလုပ်ပေးပြီး အမြန်ပြန်ထွက်၍လာခဲ့မည်ပင်ဖြစ်ပေ၏။ စမ်းရီမှာမူ မိန်းမသားဖြစ်သည့်အတိုင်း သူတစ်ပါး၏ အတွင်းအပြင်ကို သိလိုသော ဗီဇကလေး၏ တိုက်တွန်းလှုံ့ဆော်ချက်ဖြင့် အခန်းထဲရှိပစ္စည်းများကို လျှောက်၍ ကြည့်လေရာ ထိုသို့ကြည့်ရှုရာတွင် စားပွဲပေါ်ရှိပန်းအိုးဘေးတွင် ထောင်၍ထား



သောမိန်းမဓာတ်ပုံကလေးတစ်ခုကို တွေ့ရှိရသဖြင့် စိတ်ထဲတွင် အကြောင်းမဲ့ ထကြွလှုပ်ရှားသွားကာ စိုက်၍ကြည့်မိလေ၏။

ထိုမိန်းမပုံမှာ အသက်ငယ်ငယ်ရွယ်ရွယ်ပင် ရှိပုံရသော်လည်း ဤမိန်းမကဲ့သို့ အရုပ်ဆိုးသောမိန်းမကို စမ်းရီတစ်သက်တွင် တစ်ခါမျှ မတွေ့ဖူးဘဲ မျက်မှန်ကြီးကလည်း တပ်ထားပြန်သဖြင့် စမ်းရီသည် ပုံကိုကြည့်ပြီး မျက်နှာမဲ့ရွဲ့မိလေ၏။ ထိုသို့ အရုပ်ဆိုးသောမိန်းမရုပ်ပုံဖြစ်သော်လည်း စမ်းရီမှာ မျက်နှာမခွာနိုင်ဘဲစိုက်၍ကြည့်ရှုရာက အင်္ဂလိပ်စာဖြင့် ကိုဘသက်သို့ နုနု၏ မေတ္တာဖြင့်ပေးသောပုံဟု ရေးသားထားသည်ကိုတွေ့ရသောကြောင့် ဘသက်၏ရည်းစားပဲဟု တထစ်ချမှတ်ယူလိုက်ပြီး ထိုမိန်းမကို အလိုလို မနာလိုသကဲ့သို့ ဖြစ်မိကာ 'ဒီရုပ်ကြီးများ နုနုလို့မှည့်တာ အံ့ပါရဲ့'ဟု တီးတိုးစွာ အသံထွက်မိလေ၏။

ထိုအခိုက်တွင် မိမိနောက်မှ ခြေသံကြားလိုက်ရသဖြင့် လန့်ဖျပ်၍သွားကာ ဓာတ်ပုံကိုလျင်မြန်စွာချထားလိုက်ပြီး ချာခနဲလှည့်ကြည့်လိုက်သည်တွင် ဘသက်နှင့်မျက်နှာချင်းဆိုင်မိနေသဖြင့် 'အို…'ဟု အသံထွက်လျက် ဆက်၍ မပြောနိုင်။ ခွင့်မပြုဘဲဝင်မိခြင်းကို တောင်းပန်ရန်အားထုတ်သော်လည်း စကားမထွက်နိုင်ဘဲ မျက်နှာထား ခပ်ပျက်ပျက်ဖြစ်၍နေလေတော့၏။

'သြော်… မစမ်းရီပါကလား၊ အလည်လာသလား'

'ဟုတ်ကဲ့' ဟု ဖြေပြီးမှ 'မဟုတ်ဘူးရှင့်…'ဟု ချက်ချင်းဆက်၍ စကားပြင်ကာ 'ကျွန်မ ရှင်းပါရစေ… ဟို… ဒီ… အဲဒါဂျင်မီ အပြစ်ပါပဲ' ဟု ပြောလိုက်ရာ ဘသက်မှာ စဉ်းစား၍မရသောမျက်နှာဖြင့် 'ဘာလဲ… ဘယ်ဂျင်မီလဲ… စပယ်ယာလိုက်နေတဲ့ ဂျင်မီလား'ဟု မေးလိုက်လေ၏။

'မဟုတ်ဘူးရှင့်… ကျွန်မ ခွေးကလေးကိုပြောတာ'

'သြော်… ခွေးကလေးနာမည်လား၊ အို… ဘာမှရှင်းနေဖို့ မလိုပါဘူး၊ အခုလိုတွေ့ရတာပဲ ဝမ်းသာလှပါပြီ၊ မနေ့ကပဲ ကျုပ်အပြစ်ကို တောင်းပန်မလို့၊ အချိန်မရှိလို့ အခုမှပဲ…'ဟု ဘသက်၏စကားမဆုံးမီ…

'အို… မဟုတ်ပါဘူး၊ ကျွန်မအပြစ်ပါပဲ၊ ကျွန်မကပဲ တောင်းပန်ဖို့ လိုတာပါ၊ အမှန်မှာတော့ ကျွန်မကိုက ဒေါသထွက်လွယ်'ဟု စမ်းရီပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



တန်းလန်းမှာပင် ဂျင်မီအခန်းထဲသို့ဝင်လာသည်ကို တွေ့ကြရသည့်အတွက် စမ်းရီ၏စကားလက်စပြတ်သွားကာ 'သူပဲရှင့်၊ ဂျင်မီဆိုတာ'ဟု ပြောပြပြီးနောက် 'အင်မတန်ဆော့တယ်၊ ကိုဘသက် အပြင်ထွက်သွားတုန်းက တံခါးပွင့်ကျန်ရစ်ခဲ့ပြီး သူဝင်သွားတာမြင်လိုက်ရလို့ ကျွန်မလဲ လိုက်လာပြီးတော့...' ဟု ဘင်ဂျိုပြင်ရသည့်အကြောင်းကို ရှင်းလင်းပြောပြမည်ပြုသည်တွင် ဘသက်သည် လောကွတ်ကြီးစွာဖြင့် 'အို... အရေးမကြီးပါဘူး၊ ဝင်ချင်ဝင်၊ ထွက်ချင်ထွက်၊ ဝင်နိုင်ထွက်နိုင်ပါတယ်၊ သိပ်ချစ်စရာကောင်းတာကလေးပဲ' ဟု ပြောပြရာ စမ်းရီမှာ ဘသက်၏ ထူးခြားစွာပြောင်းလဲလာသော အပြုအမူကို အံ့ဩမိကာ စိုက်၍ကြည့်မိလေ၏။

ထိုသို့ကြည့်ရှုရာတွင် ယမန်နေ့က ဘင်ဂျိုနှင့်တွေ့ရစဉ်က မိမိ၏စိတ်ထဲ၌ ရှုံ့ရှာခဲ့မိခြင်းမျိုးပပျောက်လျက် ဘင်ဂျိုကိုဖယ်၍ ဘသက်၏တစ်ကိုယ်တည်းကို ခြံ၍ကြည့်ရလျှင် မိမိသာမက အခြားမိန်းမပျိုကလေးတိုင်းနှစ်သက်လောက်သော ရုပ်ရည်၊ အပြုအမူရှိသူတစ်ယောက်ပင်ဖြစ်ပေသည်ဟူသောထင်မြင်ခြင်းသည် စမ်းရီ၏စိတ်ထဲတွင် ဝင်စား၍လာလေ၏။

'ကဲ... မစမ်းရီ၊ ကျုပ်တို့ မနေ့က ရန်သူတွေဖြစ်ခဲ့ကြပေမယ့် ဒီနေ့တော့ အသိမိတ်ဆွေဖြစ်လာကြမှပဲ၊ ရောက်တဲ့ပြုတဲ့အခါ ကော်ဖီကလေးတစ်ခွက်လောက် သောက်သွားပါဦး'

'အို... နေပါစေရှင်၊ ကျေးဇူးပါပဲ၊ ဒုက္ခရှာမနေပါနဲ့၊ ဒီနေ့တော့ဖြင့်သည်းခံပါ၊ ကျွန်မအိမ်မှာ အလုပ်တွေ လုပ်စရာရှိသေးလို့'

ဘသက်၏စိတ်ထဲတွင် စမ်းရီပြန်၍သွားချေက မိမိမှာ ကြာကြာစကားမပြောရ၊ ကြည်လင်သောမျက်နှာကလေးကို ကြာကြာမမြင်ရတော့မည်ကို စိုးရိမ်သည့်အတွက် မည်သည့်နည်းနှင့် စမ်းရီရုတ်တရက်ပြန်၍မသွားနိုင်အောင် လုပ်ရပါမည်နည်းဟု အကြံထုတ်ပြီး ရုတ်တရက်အကြံရကာမူးဝေခွေယိုင် နေထိုင်မကောင်းဖြစ်သွားသည့်အမူအရာဖြင့် 'အလို... အလို... ဘယ်လိုများဖြစ်ပါလိမ့်'ဟု ညည်းတွားကာ ခေါင်းကိုလက်နှစ်ဘက်နှင့်ဆုတ်ကိုင်ပြီး အနီးရှိဆိုဖာဆီသို့ သွားရောက်လှဲခွေ၍ ချလိုက်လေ၏။



စမ်းရီမှာ ရုတ်တရက် လန့်ဖျပ်စိုးရိမ်သွားကာ 'အလို... ကိုဘသက်၊ ဘယ့်နှယ်ဖြစ်တာတုန်း'ဟု မေးမြန်းရင်း ဘသက် လဲလျောင်းနေရာသို့လိုက်လာကာ ကိုင်ရတော့မလိုလို၊ ဖက်ရတော့မလိုလိုဖြစ်နေပြီးမှ အပျိုနှင့်လူပျိုဟူသောသိမှတ်ခြင်းကို စိုးရိမ်ခြင်းဖြင့် ပပျောက်စေလျက် ဘသက်၏နဖူးကို စမ်းသပ်၍ 'ကိုဘသက် နေမကောင်းဘူးလား၊ နေပူမိလို့ထင်ပါရဲ့၊ အဲ...အဲ... ခေါင်းကိုဒီဘက်အသာလှဲထား၊ ဟုတ်ပြီ၊ အဲဒီလို ငြိမ်ငြိမ်ကလေးနေလိုက်ဦးနော်...၊ ကျွန်မ ကော်ဖီဖျော်ဖို့ သွားပြီးပြောလိုက်ဦးမယ်၊ ကော်ဖီပူပူကလေး သောက်လိုက်ရရင် သက်သာသွားမှာပဲ'ဟု ပြောလိုက်ရာတွင် ဘသက်က 'အို... ဒုက္ခလဲ မရှာပါနဲ့၊ ကော်ဖီဖျော်ပေးမယ့်လူလဲ ဘယ်သူမှမရှိဘူး၊ တစ်အိမ်လုံးကျုပ်တစ်ယောက်တည်းရှိတာ'ဟု ပြောလိုက်ရာ 'ဒါဖြင့် ကျွန်မ ကိုယ်တိုင်ဖျော်ပေးမယ်' ဟု ဆိုကာ ဘသက်၏ကိုယ်ကို အသာအယာ ချော့မော့ပုတ်သပ်ပြီးလျှင် မီးဖိုချောင်သို့ ပြေးသွားလေ၏။

ဘသက်မှာ အလွန်အမင်းကျေနပ်အားရလျက် တစိမ့်စိမ့်တွေးပြီးကြည်နူးနေလေ၏။ ယမန်နေ့က စမ်းရီကိုတွေ့ရစဉ်တုန်းကမူ စမ်းရီသည်နှုတ်သီးကောင်းလှပါး၊ အထိမခံကြွေပန်းကန်ကလေးများလားဟု ထင်မှတ်ခဲ့မိသော်လည်း ယခုမူ မိမိထင်မြင်ချက်မှားလေပြီဟု တွေးမိကာ ဘယ်အကြောင်းကြောင့် ယခုကဲ့သို့ ပြောင်းလဲသွားလေရော့သနည်းဟု မေးခွန်းထုတ်မိလေ၏။ ဘသက်၏အဖြေမှာ ယောကျ်ားပျိုတို့၏ ကိုယ့်ကိုယ်ကိုအထင်ကြီးလေ့ရှိသည့်စိတ်မျိုးဖြင့် ငါ့ကိုကျသွားပြီထင်ပါရဲ့ဟူ၍သာ အဖြေရရှိလေ၏။ ဘသက်၏အဖြေမှာ မှန်သည်ဟုမဆိုနိုင်စေကာမူ စမ်းရီ၏အပြုအမူကိုကြည့်ရခြင်းအားဖြင့် အမှန်နှင့်မဝေးလှဟု ယူဆဖွယ်ရာရှိလေ၏။

ဘသက်သည် ကိုယ့်စိတ်ကူးနှင့်ကြည်နူးနေရာက စမ်းရီဝင်၍လာသံကို ကြားရသည်နှင့်တစ်ပြိုင်နက် ကြည်လင်နေသောမျက်နှာကို ပြန်၍မှဲ့ရှုံ့ပစ်လိုက်ပြန်လေ၏။

စမ်းရီသည် ကော်ဖီနှစ်ခွက်ဖျော်၍လာကာ 'ကဲ... ကိုဘသက် ကော်ဖီပူပူကလေး သောက်လိုက်ပါဦး၊ ကျွန်မလဲ မသောက်ဘူးဆိုပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုဘသက် သောက်လို့ဝင်အောင် သောက်လိုက်ဦးမယ်' ဟု ဆိုပြီးလျှင် ဘသက်ကို တစ်ခွက်လှမ်း၍ပေးလိုက်လေ၏။

ဘသက်သည် စမ်းရီကိုယ်တိုင်ဖျော်၍ပေးသောကော်ဖီကို သောက်ရသည်တွင် နတ်သုဒ္ဓါတမျှ အရသာရှိ၍သွားကာ ဘာမျှမဖြစ်သည့် ဘသက်သည် ဝေါက်ခနဲခေါင်းထောင်၍ ထလေ၏။

ဘသက်သည် ခေါင်းကိုညိတ်ကာ 'နေလို့တော့ကောင်းသွားပါပြီ' ဟု ဖြေလိုက်ရာ စမ်းရီသည် ဘသက်၏စကား၌အဆက်ရှိသည်ကို စဉ်းစားမိ၍ 'နေလို့တော့ကောင်းသွားပြီ၊ ဘာကတော့ မကောင်းသေးတာလဲ' ဟု မေးလိုက်လေ၏။

ဘသက်သည် ရည်ရွယ်ချက်တစ်စုံတစ်ခုနှင့် ပြောလိုက်ခြင်းဖြစ်၍ ထိုရည်ရွယ်ချက်ကို ထုတ်ဖော်နိုင်ရန် အခွင့်ပေါ်ပေါက်လာသည်ကို တွေ့ရသော်လည်း ပြော၍ဖြစ်နိုင်ပါမည်လားဟု စဉ်းစား၍နေပြီးလျှင် 'အို… မဖြစ်ပါဘူး ထင်ပါရဲ့၊ ဒီအကြောင်းပြောလို့ မဖြစ်နိုင်ဘူး' ဟု ပြောလေ၏။

'ဘာလို့မဖြစ်ရမှာလဲ ကိုဘသက်၊ ပြောစရာရှိတာပြောပေါ့'

'မစမ်းရီ၊ ကျုပ်ပြောတာ စိတ်မဆိုးနဲ့နော်၊ မနေ့တုန်းက မစမ်းရီကို အတော်ပဲစိတ်ဆိုးခဲ့မိတယ်၊ ဒါပေမယ့် သေသေချာချာ တွေးလိုက်တော့ တစ်ယောက်အကြိုက်နဲ့ တစ်ယောက်အကြိုက် မတူနိုင်ဘူးဆိုတာကို သိရပြီး မစမ်းရီကို ပြောမိဆိုမိတာတွေ လွန်တယ်ဆိုတာ စဉ်းစားမိတာပဲ၊ အမှန်အားဖြင့်တော့ ကျုပ် မနေ့က ဆိုတာ၊ တီးတာ မစမ်းရီနားထဲမှာ သာယာမလားလို့ တီးတာပဲ၊ ပြောင်လှောင်လိုတဲ့စိတ်နဲ့ လုပ်တာမဟုတ်တာ အမှန်ပါပဲ၊ ဒါပေမယ့် ကျုပ်နဂိုအသံကလဲ မကောင်း၊ အတီးကလဲ မကောင်းတော့ မစမ်းရီနားကြားပြင်းကတ်မယ်ဆိုလဲ ကတ်ချင်စရာပဲ၊ ဒီလို မစမ်းရီ သာယာစေချင်လို့ တီးတာဟာ မသာယာဘူးဆိုတာသိရတော့ မစမ်းရီကို နောက်ထပ်အနှောင့်အယှက်မပေးတော့ပါဘူးလို့ ဆုံးဖြတ်လိုက်ပြီးပါပြီ' ဟု ဆိုပြီးလျှင် 'အခုမှ အခက်ကြုံနေတော့တာပဲ၊ မစမ်းရီ… မစမ်းရီကိုလဲ ချစ်တယ်၊ ဘင်ဂျိုကိုလဲ မစွန့်နိုင်ဘူးဖြစ်နေတယ်၊ ဘင်ဂျိုကတော့ဖြင့် မပစ်နိုင်တဲ့ငယ်ချစ်ပဲ၊ ဒါပေမယ့် ဘင်ဂျိုမပစ်ရင် မစမ်းရီ မုန်းနေမှာကိုလဲ သိပ်စိုးရိမ်တာပဲ' ဟု ပြောပြလေ၏။



စမ်းရီသည် ဘသက်၏စကားကိုကြားရလျှင် ကျိတ်၍ဝမ်းသာသလိုလိုဖြစ်မိကာ ခဏမျှ တွေဝေနေပြီးနောက် 'အို… ကိုဘသက်၊ ကျွန်မကို ဂရုမစိုက်ပါနဲ့၊ ကိုဘသက် နှစ်သက်တာကို မပစ်ပါနဲ့၊ ကျွန်မလဲ သူတစ်ပါး နှစ်သက်တာကို ကန့်ကွက်မိတာ တွေးပြီးမှားမှန်းသိပါပြီ၊ နောက်ကို ကျွန်မ ဘာမှမပြောပါဘူး၊ တီးပါ… တီးပါ' ဟု ပြောလေ၏။

'မတီးပါဘူးလေ… မတီးတော့ပါဘူး'

'ကျွန်မ ဘယ်လိုမှမအောက်မေ့ပါဘူးဆိုမှပဲရှင်၊ ကိုယ်နှစ်သက်တာ လုပ်နိုင်ပါတယ်၊ ကျွန်မလဲ မနေ့တုန်းက ဒေါသနဲ့ပြောမိတာ၊ ညကျတော့ ဘင်ဂျိုသံကိုလဲ ကြားချင်သလိုလိုဖြစ်နေတယ်' ဟု ပြောလိုက်ရာ ဘသက်မှာ တစ်မျက်နှာလုံး ချိုပြုံးသွားပြီးမှ တစ်စုံတစ်ရာကို သတိရကာ မျက်နှာညှိုးငယ်၍သွားလေ၏။

စမ်းရီသည် ဘသက်၏မျက်နှာကိုစိုက်ကြည့်နေမိသဖြင့် 'ကိုဘသက် ဘာဖြစ်လို့လဲ' ဟု မေးလိုက်လေ၏။

'မစမ်းရီ… ကျုပ်တီးတဲ့ဘင်ဂျိုသံကို မနေ့က မနှစ်သက်ဘူးဆိုတာ သိရတာနဲ့၊ ဒီမနက်တုန်းကပဲ ဘင်ဂျိုပေါ် တက်ခုန်ပြီး သားရေပြားရော၊ ကြိုးတွေရော ဖျက်ဆီးပစ်လိုက်ပြီ' ဟု ပြောလိုက်ရာ စမ်းရီမှာ မျက်လုံးပြူးသွားလေ၏။

ယခုအကြိမ်၌ ဘသက်၏ 'မစမ်းရီ၊ ဘာဖြစ်လို့လဲ' ဟု မေးရန် အလှည့်ကျရောက်လေ၏။

'ကျွန်မ… ကျွန်မစောစောကဝင်လာတုန်းက ဘင်ဂျိုအပျက်ကြီး တွေ့ရတာနဲ့ ဂျင်မီ သားရေတွေစားသလားအောက်မေ့ပြီး ပြင်ထားလိုက်တယ်'

ယခုမှ ဘသက်သည် လွတ်လပ်အားရစွာပြုံးနိုင်ကာ 'နို့… မစမ်းရီ၊ မနေ့တုန်းကတော့ မနှစ်သက်ဘူးဆိုပြီး ဒီနေ့တော့ ဘင်ဂျိုအပျက်ကြီးကို မြင်ရလို့ ဝမ်းသာမသွားတဲ့အပြင် အသစ်ပြင်ပေးတာ ဘာ့ကြောင့်လဲ' ဟု မေးလိုက်လေ၏။

စမ်းရီသည် ရှက်သလိုလိုပြုံးကာ 'စဉ်းစားကြည့်တော့လေ' ဟု ဖြေလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘသက်သည် စဉ်းစား၍ကြည့်လိုက်ရာက တဖြည်းဖြည်းအဓိပ္ပာယ်ပေါ်ပေါက်လာပြီး 'အင်း… သိပြီ… သိပြီ' ဟု ဆိုရာ 'စမ်းရီက 'ကဲ… ဘာလဲ၊ သိရင်ပြောစမ်း' ဟု ပြုံးပြုံးကလေးလုပ်၍ မေးလိုက်လေ၏။

'အင်း… အချစ်… အချစ်… သိပ်ဆန်းတာပဲနော်၊ မချစ်ခင်တုန်းက ဒီဘင်ဂျိုကြီး သိပ်မုန်းနေတာ၊ အခုချစ်တဲ့စိတ်ပေါ်လာတော့ ဒီဘင်ဂျိုကြီးကိုလဲ နှစ်သက်ပြီး ဒီအသံကိုမှ ကြားချင်နေတာပဲ ထင်ပါရဲ့၊ ဟဲ‥ ဟဲ' ဟု ပြောပြီးနောက် 'ကျုပ်လဲ မနေ့ညနေက မုန်းခဲ့ပေမယ့် တစ်ညလုံးတွေးရင်း မစမ်းရီကိုချစ်တဲ့စိတ်နဲ့ ဒီမနက်ကျတော့ ဘင်ဂျိုကြီးကို ဖျက်ပစ်လိုက်တာပဲ'

'အဲဒီလိုဖျက်ပစ်လိုက်ပြီးတော့မှ ဘင်ဂျိုကြီးလဲနှမြော၊ မတီးဘဲကလဲ မနေနိုင်၊ မစမ်းရီ မုန်းမှာလဲစိုးနဲ့၊ ဘယ်ပုံကြံရပါ့မလဲလို့ တစ်နေ့လုံးစိတ်ကူးထုတ်နေကာ အကြံမရနိုင်ဘဲ စိတ်အိုက်အိုက်ရှိတာနဲ့ အပြင်ထွက်သွားတာ အိမ်ကိုပြန်တောင်မပြန်ချင်ဘူး၊ ပြန်ရင် ဒီအကြောင်းတွေတွေးမိပြီး မချိမှာစိုးလို့၊ နောက်တော့မှ စိတ်ရှုပ်ရှုပ်နဲ့ သတိလစ်ပြီး တံခါးတစ်ချပ် မပိတ်မိဘဲ ထွက်လာခဲ့မိတာ သတိရလို့ ပြန်လာခဲ့တာပဲ၊ သြော်… အချစ်… အချစ်' ဟု ပြောဆိုလိုက်ရာ…

'တော်ပါရှင်၊ အချစ်… အချစ်နဲ့ လုပ်မနေစမ်းပါနဲ့၊ ရှင့်မှာချစ်ပြီး သားကြီးနဲ့ပါ' ဟု ဆိုလိုက်ရာ ဘသက်မှာ မျက်လုံးပြူး၍သွားလေ၏။

'ဘုရားရေ… ဘယ်မှာလဲဗျာ၊ မရှိရပါဘူး'

'ဟိုမှာ…' ဟု ဆိုကာ စမ်းရီသည် စားပွဲပေါ်ရှိ ဓာတ်ပုံကလေးကို လက်ညှိုးထိုးပြလိုက်သဖြင့် ဘသက်က ဟက်ဟက်ပက်ပက်ရယ်ကာ 'မလုပ်ပါနဲ့ဗျာ၊ ဘုရားသိကြား၊ မောင်နှမချင်း ကျားကိုက်ပြီးသေနေပါဦးမယ်၊ ကျုပ်နှမဝမ်းကွဲ၊ ကောလိပ်ကျောင်းကပါ' ဟု ပြောလိုက်မှ မစမ်းရီမှာ စောစောက ရင်ထဲတွင် မတင်မကျဖြစ်ပြီး မနာလိုဝန်တိုမိခဲ့သောစိတ်များ ပပျောက်သွားကာ 'စိတ်မဆိုးနဲ့နော်၊ မသိလို့ပြောတာပါ' ဟု ပြောလေ၏။

ဘသက်သည် ပြောင်ချော်ချော်မျက်နှာဖြင့် 'ရှိတ်အရှိုးပါဖူး' ဟု ပြောလိုက်ရာ စမ်းရီက မချိမချဉ်ပြုံးလျက် တွန်းပစ်ရင်း 'ကဲပါ…၊ သီချင်း



တစ်ပုဒ်လောက်ဆိုပြီး တီးစမ်းပါ' ဟု ပြောလိုက်မှ ဘသက်သည် ဘင်ဂျိုကို ကောက်၍ကိုင်လေ၏။

မကြာမီ ဘသက်၏အခန်းထဲမှ 'တူနှစ်ကိုယ်‥ တဲအိုပျက်မှာ နေရ၊ ရွှေပုံပေါ်မှာစံရ၊ ချစ်တာမေတ္တာပဓာနလို့ ဆိုချင်ပါတယ်၊ ဒန့်ဒလန့်ဒန်ဒန့်…' ဟူသောအသံများ ထွက်ပေါ်လာကာ နှစ်ယောက်သား ကြည်နူး၍နေကြသော်လည်း ဂျင်မီမှာ လန့်ဖျပ်ပြေး၊ ကြောင်ကလေးလည်း သစ်ပင်ပေါ်တက်၊ ငှက်များလည်း လန့်ပျံကာ တစ်ရပ်လုံးမှာ ဒန့်သလွန့်သီးသံ ဆူညံ၍နေလေတော့သတည်း။ ။

*မြန်မာ့အလင်းမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၃၀။*

www.burmeseclassic.com

www.burmeseclassic.com



## ပြေးနိုင်မှ လွတ်မဟေ့

တသွင်သွင်စီးဆင်းလျက် ဝဲအော်သံများ ပေါ်ထွက်၍နေသော ဧရာဝတီမြစ်ရေလျဉ်ကို ကမ်းနဖူးတွင်ထိုင်လျက် ကသိုဏ်းရှုသလို စိုက်ကြည့်နေသူတစ်ဦးကို မြင်ရသည့်တွင် မည်သူမည်ဝါဖြစ်သည်ကို ကျွန်တော်မှာ ရုတ်တရက်မမှတ်မိချေ။ အနီးသို့ တဖြည်းဖြည်းရောက်ရှိလာသည့်အခါကျမှ လှထွန်းဖြစ်နေသည်ကိုသိရှိရကာ ၎င်း၏ ရွှင်ပြုံးသာယာခြင်းကင်းမဲ့သော မျက်နှာကို တွေ့မြင်ရခြင်းအားဖြင့် ဒီကောင် ဘာလာလုပ်နေတာလဲဟု စိတ်ထဲကမေးမြန်းမိရင်း အနီးသို့ရောက်သွားမိပေ၏။

'ဟေ့··· လှထွန်း မင်းဘာလာလုပ်နေတာလဲ' ဟု ကျွန်တော်က မေးလိုက်လေ၏။

'ဟင်··· အလကားပါပဲ' ဟု မဖြေချင့်ဖြေချင် ပြန်၍ဖြေလေ၏။

'အလကားရယ်လို့ကွာ··· မဟုတ်တာဘဲ၊ အကြောင်းတစ်ခုခု တော့ရှိရမှာပေါ့'

ထိုအခါမှ လှထွန်းက 'ငါတော့ဖြင့်ကွာ၊ တယ်ပြီးတော့ကောင် ပြောမပြချင်ဘူး သူငယ်ချင်းရာ၊ ငါ့ဒုက္ခနဲ့ ငါစိတ်ညစ်လွန်းလို့ ရေထဲ ဆင်းသေရရင်ကောင်းမလားလို့ စိတ်ကူးနေတယ်' ဟု ပြောပြလေ၏။

www.burmeseclassic.com



'အံ့မယ်… မလုပ်နဲ့ဆရာ၊ တကယ်သေတတ်တယ် ရေအနက်ကြီး'

'အခုနေအခါ… ရယ်စရာပြောပေမယ့် မရယ်နိုင်ဘူး သူငယ်ချင်းရေ၊ သိပ်စိတ်ညစ်နေတာမှ အမှန်ပဲ'

'တကယ်ပဲလား…၊ ဒီလိုဆိုရင်လဲ ငွေလိုရင်ပြောလေ၊ တစ်ဆယ်မျိုးနှစ်ဆယ်မျိုးလောက်တော့ တတ်နိုင်ပါတယ်'

'ငွေ…'ဟု လှထွန်းကကျွန်တော့်အား မျက်လုံးပြူး၍ ကြည့်လျက်ပြောကာ 'ငွေဘာလုပ်ဖို့လဲ၊ ရေနစ်လို့သေတော့မယ့်လူကို ပိုက်ဆံလာပေးလို့ ဘာလုပ်ဖို့လဲ'ဟု ပြန်၍ပြောလိုက်လေ၏။

'နို့… မင်းဟာက ဘယ်လိုဖြစ်တာတုန်း၊ ဒီရောဂါမျိုးဆိုတာ ဖုံးမထားနဲ့၊ စောစောကပြောရင် ဆေးကုလို့ရနိုင်သေးတယ်'

ကျွန်တော်ပြောလိုက်သည့် စကားအတွက် လှထွန်းမှာပို၍ စိတ်ညစ်သွားပုံရလေ၏။ ထိုနောက်မှ လှထွန်းက 'မင်းကလဲကွာ… ငါ့အပေါ်များ တလွဲမထင်စမ်းပါနဲ့၊ ဒီရောဂါမျိုးရှိရင် မင်းတို့မသိခင်က ပျောက်အောင်လုပ်ပြီးပြီ'ဟု ဆိုပြီးမှ ညိုးငယ်သောမျက်နှာနှင့် 'ဒေါ်ဒေါ်ညွန့် မင်းသိလား'ဟု မေးလေ၏။

ကျွန်တော့်မှာ လှထွန်း၏အဒေါ်၊ ဒေါ်ဒေါ်ညွန့်အကြောင်းကို ကောင်းစွာသိသဖြင့် ထိုအသံကိုကြားရုံမျှနှင့် ကြက်သီးထ၍သွားမိပေ၏။ ဒေါ်ဒေါ်ညွန့်မှာ နေရာတကာတွင် ဩဇာပြချင်လျက် သူတစ်ပါးကိစ္စတွင် အမြဲပါဝင် နှောင့်ယှက်လေ့ရှိကာ ကောင်းကောင်းဆိုးဆိုး ၄င်း၏အလိုအတိုင်းဖြစ်အောင်လုပ်လေ့ရှိသူ လူတစ်ယောက်ဖြစ်ပေ၏။ ထို့ကြောင့်လည်း ဒေါ်ဒေါ်ညွန့်၏ယောကျ်ား ဦးထွန်းဖေမှာ ၄င်းရှိနေသမျှ လူ့ပြည်တွင် မိမိမှာလူပိုတစ်ယောက်ဖြစ်သည်ဟုယူဆကာ မြန်မြန်ဘဝတုံး၍ သွားရှာလေရော့သလားဟု မကြာမကြာမသင်္ကာမိလေ၏။

'အဲဒါဘာဖြစ်သလဲ'

'ငါတော့ အခက်ကြုံနေပြန်ပြီကွ…၊ ငါ့ကိုမိန်းမယူဖို့ နားပူသံကျပ်လုပ်နေတာ အတော်ကြာပြီ'



'အို…ဘာဖြစ်သလဲကွ မိန်းမရရင်ကောင်းတာပေါ့၊ ငါတောင်…'

'ဒါပေမယ့် ငါက မိန်းမ မလိုချင်သေးလို့ ခက်နေတာပေါ့ကွာ'ဟု ပြောပြီးနောက် 'တချို့လူတွေက မိန်းမယူဖို့ဆိုရင် ဘာမှမစဉ်းစားဘူး၊ ဒီစကားပြောလိုက်ရင် ချေးနဲ့ နှလုံးနဲ့တွေ့သလို မျက်နှာကလေးကို ချိုသွားကြတာပဲ၊ ငါတော့မရဘူး၊ ငါဟာ မိန်းမရမယ့်အကောင်မျိုးမဟုတ်ဘူးထင်ပါရဲ့'ဟု ဆိုလေ၏။

'မင်း… စိတ်ရှုပ်နေတာ ဒါအတွက်ပဲလား'

'ဒါလောက်နဲ့ဆိုရင် အရေးမကြီးသေးဘူးပေါ့၊ ဒီစကားကို ပြောပြောနေတာကြာပြီ၊ အခုတော့ ဒါလောက်နဲ့ မတော်သေးဘဲ ခင်ဝင်းကိုယူဖို့ အတင်းပြောနေတယ်'

ခင်ဝင်းဟူသော အမည်ကိုကြားလိုက်ရသောအခါ ကျွန်တော်၏စိတ်ထဲတွင် 'မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်၏'ဟု ဇာတ်ကြီးဆယ်ဘွဲ့ထဲက စကားကို အဟုတ်ပင် ယုံကြည်မိပေတော့၏။ အကြောင်းမူကား ကျွန်တော်၏အဖြစ်အပျက်ကို မရှက်မကြောက် ဖွင့်ဖော်၍ပြောရလျှင် ခင်ဝင်းကို ကျွန်တော်ကြိုက်၍နေခြင်းကြောင့် ဖြစ်ပေ၏။

ကျွန်တော်မှာ 'ခင်ဝင်း… ဟုတ်လား'ဟူ၍သာ စကားထောက်နိုင်ပေတော့၏။

'အေးလေကွာ… ရာဇဝတ်ဝန် ဦးသာဒင်ရဲ့သမီးဟာပေါ့ကွာ၊ အဲဒါကို ဒေါ်ဒေါ်ညွန့်က ငါနဲ့သဘောတူနေပြီ၊ သူ့ကိုကြိုက်ဖို့ သူ့ဆီ ရည်းစားစာရေးဖို့ အတင်းတိုက်တွန်းနေတယ်၊ မင်းလဲ ဒေါ်ဒေါ်ညွန့် အကြောင်းကိုအသိသားပဲ၊ သူတစ်ခုကို သဘောကျမိရင် ဘယ်သူမှပြင်လို့ မရဘူး၊ သူဒါကို ကြိုက်တယ်ဆိုရင် သူ့အကြိုက်အတိုင်း လိုက်ရင်လိုက်၊ မလိုက်ရင်တော့မင်းဖြစ်ဖြစ်၊ ငါဖြစ်ဖြစ် ပုရွက်ဆိတ်တွင်းထဲဝင်ပြီး ပုန်းနိုင်ရင်ပုန်းမှပဲ၊ ဒါမှမဟုတ်ရင် လုံးလုံးနားမအေး၊ အသက်ရှုပေါက် ရမှာမဟုတ်ဘူး'

'နို့… အဲဒါ မင်းက ဘယ်လိုကြံသလဲ'

'ဘယ်လိုမှ မကြံနိုင်ဘူး၊ ဒီနေ့မနက်ပဲ၊ ခင်ဝင်းဆီ စာတိုက်ကနေပြီးစာတစ်စောင် ပေးလိုက်ရတော့တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်မှာ မျက်လုံးပြူးသွားကာ 'ဟင်... ဘယ့်နှယ်'ဟု ဆိုလိုက်မိပေ၏။

'ဘယ့်နှယ်လို့ ဆိုမနေနဲ့တော့၊ ငါ့စာကိုလက်ခံပြီး ငါ့ကိုတော့ သူကြိုက်တော့မှာပဲ၊ သူ့စိတ်ထဲက သိပ်မပါတောင် ဒေါ်ဒေါ်ညွှန့် ခြယ်လှယ်ရင် သူလဲငါ့ဘက်ပါတော့မှာပဲ၊ သူကပြန်ပြီးကြိုက်တယ်လို့ဆိုရင် စကားတော့ ရှည်မနေနဲ့တော့ ရှေ့လလား၊ နောက်လလား၊ ယူရဖို့ဟာတော့ ရှူးဝါးပဲ'

ကျွန်တော့်မှာခင်ဝင်းအား မေတ္တာရှိနေသူတစ်ယောက်ဖြစ်သည့်အတွက် ခင်ဝင်းအား လှထွန်းနှင့်လက်ထပ်ပေးစားခြင်းကို များစွာမလိုလားနိုင်ဆုံးသောသူတစ်ယောက်ဖြစ်သော်လည်း ခင်ဝင်းကဲ့သို့သော သူကလေးတစ်ယောက်အား လှထွန်းက မကြိုက်နိုင်ရခြင်းကို မခံချင်သလိုလိုဖြစ်မိပေ၏။

'ဘာ... မင်းက ခင်ဝင်းကိုတောင် မကြိုက်နိုင်သေးဘူးလား'

'ခင်ဝင်းကို ကြိုက်လို့ မကြိုက်လို့လဲ မဟုတ်ပါဘူး၊ မိန်းမကိုလုံးလုံးမယူချင်လို့ပြောတာ၊ ဒီအထဲမှာ ခင်ဝင်းအဖေဦးသာဒင်လို လူကြီးတစ်ယောက်ကို ယောက္ခမတော်ဖို့ဆိုတာ ငါဖြင့် ဘယ်လိုမှ စိတ်ကူးလို့မရဘူး၊ ဒေါ်ဒေါ်ညွှန့်တစ်ယောက်ကိုပဲ အဒေါ်တော်ရတာ စိတ်ပျက်နေရတဲ့အထဲ ဦးသာဒင်ကို ယောက္ခမတော်ရမယ်ဆိုတာ...'ဟုဆိုကာ စကားမဆုံးဘဲ ရပ်ထားလိုက်လေ၏။

ထိုနောက်မှ 'အဲဒါ... ငါဘယ်လို လွတ်အောင်ရုန်းရပါ့မလဲ မသိဘူး'ဟုဆက်၍ပြောလေ၏။

'ဒါကိုမပူနဲ့၊ ဧရာဝတီမြစ်ကြီး တစ်သက်လုံး မခန်းဘူး၊ သေချင်တဲ့နေ့ကို နေ့ကောင်းရက်သာရွေးပြီး ကျွမ်းပစ်သာချလိုက်ပေတော့'

လှထွန်း၏မျက်နှာမှာ အနည်းငယ်ရှုံ့မဲ့သွားကာ 'မလုပ်နဲ့ဆရာ၊ ငါ ရေမကူးတတ်ဘူး'ဟု ဆိုလေ၏။

ထိုအခိုက်တွင် ကျွန်တော်သည် တစုံတစ်ရာ ရုတ်တရက်အကြံရကာ 'ဟေ့... မင်းစာကို ဘယ်တုန်းကထည့်လိုက်တာလဲကွ၊ သေသေချာချာ ပြောစမ်း'ဟု မေးမိလေ၏။



လှထွန်းသည် စဉ်းစားဝေခွဲ၍မရသောအမူအရာဖြင့် 'ဒါကို သေသေချာချာ မပြောနိုင်တော့ဘူးကွ၊ ငါလဲ တစ်နေ့လုံး ခေါင်းရှုပ် အကြံအိုက်နေတာနဲ့...'ဟု ဆိုပြီးမှ 'ထည့်တော့ထည့်လိုက်တာပဲ၊ ဒီညနေပဲ ထင်တယ်'ဟု ပြောလေ၏။

'ညနေထည့်ရင် မနက်ဖြန်မနက်မှပဲ ရောက်မှာပဲ၊ ဒီတော့ ဒီစာကို မရောက်စေချင်ရင် ပြန်ပြီးရအောင် လုပ်ဖို့ရှိတာပဲ'

'အဲ... ဘယ့်နှယ် လုပ်ရမှာလဲ၊ ငါတော့ ဘာမှမလုပ်တတ်ဘူး'

'ဒီလိုဆိုရင် ငါလုပ်ပေးမယ်၊ သဘောကျပြီလား'

လှထွန်းမျက်နှာမှာ ခွေးလျက်လှမတတ် ချိုပြုံး၍သွားပြီးလျှင် 'ကျေးဇူးပါပဲ၊ သူငယ်ချင်းရာ၊ ငါ့အကျိုးဆောင်စမ်းပါ၊ တစ်သက်လုံး မင်းကျေးဇူးကို မမေ့ပါဘူး' ဟု ဝမ်းသာအားရ ကျွန်တော်၏လက်ကိုဆွဲကိုင်၍ ပြောလေ၏။

ကျွန်တော်လည်း 'ဒါဖြင့်ကောင်းပြီ၊ နောက်မှတော့ မင်းစိတ်တစ်မျိုးပြောင်းပြီး ပြင်လို့မရတော့ဘူး'ဟု ဆိုကာ လှထွန်းအား ထိုနေရာတွင်ထားပြီး ထွက်ခဲ့လေ၏။

လှထွန်း၏အကျိုးကိုဆောင်ခြင်းကြောင့် ကျွန်တော်၏အပြုအမူကို မြင့်မြတ်ပါပေသည်ဟု ချီးမွမ်းရန်မရှိပေ။ အမှန်အားဖြင့် ကျွန်တော်မှာ ခင်ဝင်းအား ပိုးပန်းနေသူဖြစ်၍ ခင်ဝင်းထံလှထွန်း၏စာ မရောက်ရန် ကျွန်တော့်အဖို့ အလွန်အရေးကြီး၍နေခြင်းကြောင့် ထိုစာကို ခင်ဝင်းလက်ထဲသို့ မရောက်စေဖို့ရန်မှာ ကျွန်တော်၏တာဝန်ဖြစ်နေပေ၏။

ကျွန်တော့်မှာ ခင်ဝင်းကိုကြိုက်နေသူ တစ်ယောက်ဖြစ်သည်ကို ယခုအကြိမ်ပါဖော်ပြရလျှင် သုံးကြိမ်ရှိပေပြီ။ သို့ရာတွင် ကျွန်တော့်မှာ တစ်ဖက်သတ်ကြိုက်လျက် ကိုယ့်ဖက်က သေချာနေသည့်အစားထဲက မဟုတ်ပေ။ ခင်ဝင်းအား ကျွန်တော်စကားပြောသည့်အခါတိုင်း ခင်ဝင်းသည် ကျွန်တော့်အပေါ်၌ အမြဲဂရုစိုက်သည်ကို သိရပေ၏။ ကျွန်တော်မလာလျှင်လည်း မျှော်လေ့ရှိပေ၏။ သို့ရာတွင် သုံးခွန်းသောစကားဟူ၍ ယဉ်ကျေးသိမ်မွေ့ကာစွာ သုံးနှုန်းအပ်သော ရည်းစားစကားပြောမည်ဟုကြံတိုင်း၊ ထိုစကားစလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဝင်းသည် နေကလဲပူလိုက်တာ၊ မိုးကလဲရွာလိုက်တာ၊ ဂေါ်ဖီထုပ်ကြီးတွေ လှလိုက်တာ စသဖြင့် စကားရောင်လွှဲ၍ သွားလေ့ရှိပေ၏။ ထိုသို့ ရှောင်လွှဲခြင်းမှာ ကျွန်တော့်အား မကြိုက်၍ ဟုတ်မည်မထင်။ ထိုသို့ မထင်တတ်ခြင်းမှာ ကျွန်တော့်လို နောက်ပိုးမျိုးသာမဟုတ်ဘဲ ဂင်္ဂါဝါဠူ သဲစုအမျှသော နောက်ပိုးတို့လည်း ထိုသို့ အထင်ကြီးကြစမြဲကို ကျွန်တော်မငြင်းလိုပေ။ သို့ရာတွင် ကျွန်တော်နှင့်ခင်ဝင်းတို့အဖို့၌ တိုင်ကူးတမ်းကစားသကဲ့သို့ အဖမ်းခံရန် တမင်ပြေး၍နေခြင်းဟု ကျွန်တော်ကောင်းစွာယုံကြည်မိပေ၏။ ထိုမှတစ်ဖန် ခင်ဝင်းသည် ကျွန်တော်တစ်ယောက်တည်း၏ အဖမ်းကိုသာမဟုတ်၊ အခြားသော နောက်ပိုးတို့၏ အဖမ်းကိုလည်း မခံလိုဘဲနေမည်မဟုတ်ချေ။ မိန်းမတို့၏ သဘောမှာ အလွှန်အပြောရခက်လေသည်။ ကျွန်တော်ဖမ်းစဉ်မမိဘဲ လှထွန်းဖမ်းလိုက်ရာတွင် အငိုက်မိမည်ကို ကျွန်တော်မှာ မစိုးရိမ်ဘဲမနေနိုင်ပေ။ လှထွန်းမှာ ကျွန်တော့်ထက် ရုပ်ချော၍လည်းမဟုတ်၊ ဥစ္စာရှိ၍လည်းမဟုတ်သဖြင့် ပူစရာမရှိဟုဆိုနိုင်သော်လည်း မိန်းမသဘောအပြောရခက်သည့်အတိုင်း လှထွန်းကိုကော မကြိုက်နိုင်ဘူးဟုဆိုနိုင်ရန် ခဲယဉ်းပေ၏။

သို့ဖြစ်၍ ကျွန်တော်သည် စာတိုက်သို့ သုတ်ခြေတင်၍ လာခဲ့ပြီးလျှင် တစ်စုံတစ်ရာကို မြိန်ရေရှက်ရေ ပြောနေကြသော စာရေးမကလေးနှစ်ယောက်အား 'ဒီမှာ' ဟု လှမ်း၍ခေါ်လိုက်လေ၏။

'အိုး... မပြောနဲ့တော့ကြည်ရယ်၊ အဲဒီတုန်းကများ အိုင်လေ၊ ယူ့ကို သတိရလိုက်တာ သိလား' ဟု မီးမွေးတိုင်း၊ ဖမွေးတိုင်း မျက်ခုံးမွေးကို ကြွက်ကိုက်ခံရသကဲ့သို့ဖြစ်အောင် နုတ်၍ထားသော စာရေးမကလေးက ကျွန်တော့်အား ဖုတ်လေသည့်ငါးပိ အနံ့ထွက်သည်မှုမထင်ဘဲ ၄င်း၏အဖော်အား ပြောလျက် 'ငနဲကလဲလေ... လက်ကိုင်ပဝါကလေးထုတ် မျက်နှာသုတ်လိုက်၊ အိုင့်ဘက်ကိုလှည့်ပြီး ပြုံးလိုက်နဲ့...' ဟု ဆက်လက်ပြောနေသဖြင့် ကျွန်တော့်မှာ သည်းမခံနိုင်ဘဲ 'ဒီမှာဗျ' ဟု အတောင်နှစ်ဆယ်ခန့်ရှည်သော အသံကြီးနှင့် အော်လိုက်မှ မျက်ခုံးမွေး သေးသေးတင်ထားသည့် မဟာဝါသည် လန့်ဖျပ်ကာ ကျွန်တော့်အားလှည့်ကြည့်လျက် 'ဘယ့်နှယ်လဲရှင်... ဒါလောက်တောင် အော်ရသလား' ဟု ဆိုပြီးမှ 'ဘာလိုချင်သလဲ' ဟု မေးလေ၏။



'ခင်ဗျားတို့... စကားလက်ဆုံကျနေတာ နှောင့်ယှက်တယ်လဲ မအောက်မေ့ပါနဲ့'

'ကဲပါရှင်... ဘာလိုချင်တာလဲပြောစမ်းပါ၊ ရှည်မနေစမ်းပါနဲ့'

'မရှည်ပါဘူးဗျာ... မရှည်ပါဘူး...၊ ကျွန်တော်ရှည်တဲ့အစားထဲက မဟုတ်ပါဘူး၊ တစ်ဆိတ်...'

'ဘာ...' ဟု မျက်ခုံးမွေး သေးသေးကလေးနှစ်ခုကို ကကြီးလိုကွေး၍ မေးလေ၏။

'အင်း... ဟို... ကျွန်တော် ဒီနေ့စာတစ်စောင် ထည့်လိုက်တယ်၊ အဲဒါ ပြန်ယူချင်လို့'

'ဘယ့်နှယ်... ဘာလုပ်ချင်တယ်'

'ကျွန်တော်ထည့်တဲ့စာ ပြန်ယူချင်လို့ပါ...'

'ဟာ... ဥပဒေမရှိဘူး' ဟု ကျွန်တော့်အားပြန်၍ပြောပြီးနောက် 'အဲဒါနဲ့... အိုင်ကလဲ မျက်နှာထားကြီးဆူပြလိုက်ပြီး ချာခနဲမျက်နှာလှည့်လိုက်တာပေါ့' ဟု ၄င်း၏အဖော်အား လှည့်၍ပြောနေပြန်လေ၏။

'အိုင်သာဆိုရင်တော့ ဒီနေရာမှာ တံတွေးတွေးပြလိုက်မှာပဲ'

'ဒီမှာ... အိုင်တွေ... ဖွက်တွေလုပ်မနေစမ်းပါနဲ့ဦး'

'ဘာ... ရှင့်' ဟု မျက်ခုံးမွေးသေးသေးသည် ကျွန်တော့်အား ရန်မူမည်ကဲ့သို့ လှည့်၍ကြည့်ကာ မေးလေ၏။

'ဪ... ဒီလိုပါ၊ စာမှာ ခေါင်းမကပ်ရသေးလို့ပါ၊ စာကိုပြန်ရရင်'

'ခေါင်းမကပ်ရသေးရင် ဟိုရောက်တော့ ဒဏ်ယူတာပေါ့၊ တစ်တိုလာ... တစ်မူး၊ တိုလာခွဲ... သုံးပဲကျတယ်'

'နို့ပြီး လိပ်စာတပ်လိုက်တာလဲ မသေချာသေးဘူး၊ မှားသွားတယ် ထင်တယ်'

'လိပ်စာမသေချာတဲ့စာတွေကို မူလပို့တဲ့လူထံ ပြန်ပြီးပို့လိမ့်မယ်၊ အေးအေးသာ ရှင်ပြန်သွား...၊ နောက်ကျပြန်ပြီး ရမှာပဲ'

'အခုပြန်ရရင်ကော...'

www.burmeseclassic.com

www.burmeseclassic.com



'အို… ဥပဒေမရှိပါဘူးဆိုနေတာ နားမလည်ဘူးလား၊ ရှင်တောသား လား'

ကျွန်တော့်မှာ မီးထွက်၍ပန်းတော့မလောက် ဇောက်ပြောင်ရှုးရှူစွာ စိုက်ကြည့်နေကြသော မျက်စိလေးလုံးရှေ့မှောက်တွင် အမြီးကုပ်လိုက်ရပြီး စိတ်ပျက်လက်ပျက်ဖြင့် လှည့်ထွက်ခဲ့ရလေတော့၏။

သို့ရာတွင် ကျွန်တော့်မှာ လုံးဝစိတ်ပျက် စွန့်ပယ်တတ်သူ မဟုတ်ပေ။ တစ်စုံတစ်ခုဖြစ်ရမည်ဟု သန္နိဋ္ဌာန်ပြုထားလျှင် အဆုံးတိုင်လုပ်ကိုင်တတ်သူဖြစ်သဖြင့် အကြံကိုမလျှော့သေးဘဲ ဆက်၍ကြံစည်စိတ်ကူးပြန်လေ၏။ တရေးနိုးအကြံပေါ်ဆိုသော်လည်း ကျွန်တော့်မှာ အိပ်ရာမဝင်မီ အကြံပေါ်လေ၏။ ကျွန်တော်၏အကြံမှာ အလွန်ကြီးကျယ်လျက် လွယ်လည်းလွယ် လှပေ၏။ စာကိုဖြတ်ယူရန် ဖြစ်ပေ၏။

နောက်တစ်နေ့ နံနက် ၇ နာရီမခွဲမီအချိန်တွင် ကျွန်တော်သည် ဦးသာဒင်၏အိမ်ခြံဝင်းထဲသို့ ရောက်၍နေပေတော့၏။ ထိုအချိန်မှာ ကျွန်တော်တို့၏ မြို့တွင်စာဝေသည့်အချိန်ဖြစ်သော်လည်း အချိန်မှာအနည်းငယ်စော၍ ရာသီဥတု ချမ်းအေးလှ၍လားမသိ၊ ဦးသာဒင်၏အိမ်ရှေ့တံခါးမှာ ပိတ်၍ထားလျက် အိမ်ထဲမှလည်း လူအရိပ်အရောင် ဘာမျှမတွေ့ရဘဲ ရှိချေ၏။ ထို့ကြောင့်လည်း ကျွန်တော့်မှာ ခြံထဲသို့ဝင်ရခြင်း ဖြစ်ပေ၏။

သို့ရာတွင် စောစောစီးစီး အရေးကြီးသည့်ကိစ္စ ပြောဆိုရန်မရှိဘဲ သူတစ်ပါး၏အိမ်ခြံထဲသို့ ဝင်၍နေခြင်းမှာ များစွာမသင်္ကာဖွယ်ရာရှိသည့် အလျောက် ခြံထဲတွင်ရဲရဲတင်းတင်း ကိုယ်လုံးဖော်၍မနေရဲဘဲ ပန်းချုံကလေး တစ်ခု၏အကွယ်တွင် ထိုင်၍ပုန်းနေရလေ၏။ ကျွန်တော့်အား 'မင်း နံနက် စောစောကြီး ပန်းချုံအကွယ်မှာ နာရီဝက်လောက်ထိုင်နေစမ်း၊ ငွေတစ်ဆယ် ပေးမည်' ဟု တစ်ဦးတစ်ယောက်က ခိုင်းလျှင် နေချင်မည်မဟုတ်ပေ။ ယခုမူ ထိုသို့နေရသည်မှာ အတော်ပင်အရသာရှိသကဲ့သို့ အောက်မေ့မိသည့်ပြင် တစ်ချက်တစ်ချက်. ဖင်ကို ခြင်ဝင်၍ကိုက်သည်မှာ စိမ့်ခနဲ၊ ငြိမ့်ခနဲ အရသာ တိုးလေတော့၏။



မကြာမီ သံခွာရိုက်ထားသည့်ဖိနပ်သံ၊ ဂလောက်ဂလောက်နှင့် ခြံထဲသို့ ဝင်လာသောခြေသံကိုကြားရ၍ စာပို့ကုလားဖြစ်မည်ကို အတပ်သိကာ ချုံကွယ်မှလှည့်ထွက်လျက် အိမ်ရှေ့တံခါးဆီသို့ ဟန်ပါပါလျှောက်၍လာခဲ့လေ၏။

'ပို့စမင်း… စာပါသလား' ဟု ကျွန်တော်က မေးလိုက်ရာ စာပို့ကုလားသည် ကျွန်တော့်အား မသင်္ကာသကဲ့သို့ ကြည့်နေပြီးမှ 'ဘရားဆပ်က … စာပါတယ်' ဟု ဆိုလေ၏။

'ပေး… ငါ့ကိုပေး… ငါပေးလိုက်မယ်'

ကုလားသည် မျက်လုံးပြူး၍ကြည့်ကာ ခေါင်းခါပြပြီးလျှင် 'ဘရားဆပ်က သူ့လက်ထဲပေးလို့ ပြောတယ်၊ လူမရှိရင် တံခါးအောက်မှာ ထိုးခဲ့လို့ပြောတယ်'

'ကိစ္စမရှိပါဘူး၊ ငါ့ကိုပဲပေးခဲ့ပါ'

ပို့စမင်းသည် ကျွန်တော်၏စကားကိုလက်မခံဘဲ ပြောပြောဆိုဆို နှင့်ပင် စာတစ်စောင်ကို ထုတ်လိုက်ရာ ကျွန်တော်လိုက်၍ယူမည်အပြု၌ပင် ထိုစာသည်တံခါးအောက်သို့ ရောက်၍သွားလေ၏။ ကျွန်တော့်မှာ စာကိုပြန်၍ရရန် အခက်ကြုံရပြန်လေ၏။ သို့ရာတွင် ကျွန်တော်သည် အကြံမလျှော့သေးချေ။

တံခါးအောက်ကစာကို သံချောင်းကောက်ကလေးဖြင့် ဆွဲ၍ယူလျှင် ရနိုင်သည်ကို လုပ်ဖူးသူတိုင်း သိနိုင်ပေ၏။ သို့ရာတွင် မည်မျှခဲယဉ်းစွာ ဆွဲယူရသည်ကိုလည်း ထိုသူတို့ပင် ကောင်းစွာသိကြမည်ဖြစ်ရာ ကျွန်တော့်မှာ ကြေးနန်းချောင်းကလေးရရန် ရှာရခြင်းမှာ ထိုသူတို့ထက် အခက်အခဲ ပိုလေတော့၏။

သို့ရာတွင် ကံအားလျော်စွာ ကြေးနန်းချောင်းကို ရှာ၍တွေ့ပြီးနောက် အိမ်ရှေ့တံခါးအတက်လှေကားထစ်တွင် ကုလားဘုရားရှိခိုးသလို ပြားပြားဝပ်ရင်း မြေနှင့်မျက်နှာကိုကပ်လျက် တံခါးကြားမှနေ၍ အိမ်အတွင်းသို့ မနည်းထင်အောင်မြင်အောင်ကြည့်ရကာ စာအိတ်ရှိသည့်နေရာကို ဦးစွာ ရှာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စာအိတ်နေရာကိုတွေ့ပြန်သည့်အခါ ကြေးနန်းချောင်းထိုး၍ စာအိတ်ကိုဆွဲယူရသည့်အလုပ်မှာ စာအိတ်ကိုချိတ်မိအောင်ဆွဲ၍ မရနိုင်ခြင်းကြောင့် စိတ်တွင်အခံရခက်သည်ထက် သမံသလင်း အင်္ဂတေနှင့် လက်ချောင်းအဆစ်ကလေးများ ထိပွန်းခြင်းမှာ ပို၍အခံရခက်လှပေ၏။ သို့သော် ကျွန်တော့်မှာအနာမခံက စာပြန်မရဟူ၍နှလုံးပိုက်ကာ မရရအောင်ကြိုးစားရာ မကြာမီတံခါးအောက်မှ စာအိတ်ထောင့်ဖျားတစ်ခု ထွက်ပေါ်လာလေ၏။

ကျွန်တော့်မှာ များစွာဝမ်းမြောက်၍သွားကာ စာအိတ်ကိုလက်ဖြင့်ဆွဲယူမည်အပြုတွင် 'အလို... ကိုအောင်ကဲ၊ ဘာများလုပ်နေတာလဲ' ဟု ကျွန်တော်၏နောက်နားမှ အသံတစ်ခုပေါ်လာသဖြင့် ကျွန်တော့်မှာ တစ်ကိုယ်လုံးတုန်သွားပြီး နောက်သို့လှည့်ကြည့်လိုက်ရာတွင် ခင်ဝင်းဖြစ်နေသည်ကို တွေ့ရသောအခါ သာ၍တုန်သွားလေ၏။

သို့ရာတွင် ကျွန်တော့်မှာ အံ့အားသင့်လျက် ကြက်သေသေနေခြင်းမွှန်ထူငေးမောမိခြင်းမဖြစ်ဘဲ ရတတ်ရာက်အကြံရကာ စာအိတ်ကို ဖျတ်ခနဲဆွဲထုတ်လိုက်ပြီး မျက်လှည့်ဆရာ၏လက်ထက် တစ်နာရီလျှင် ၁၅မိုင် ၃ဖာလုံ ပို၍လျှင်မြန်ခြင်းဖြင့် အင်္ကျီအိတ်ထဲသို့ ထိုး၍ထည့်လိုက်ရင်း မတ်တတ်ရပ်ကာ အပြစ်စင်ကြယ်သော ကလေး၏မျက်နှာမျိုးဖြင့် ခင်ဝင်းအား ကြည့်နေလိုက်လေ၏။

'အလို... ခင်ခင်ဝင်း... မနက်စောစောလမ်းလျှောက်ထွက်ပြီးပြန်လာသလား'

ခင်ဝင်းသည် ကျွန်တော့်အား တစ်စုံတစ်ရာကြံစည်သော အပြုံးမျိုးဖြင့်ပြုံးကာ 'ဘယ့်နှယ်လဲ၊ နံနက်စောစော ကိုနက်ကျော် ဘာပြောလာသလဲ' ဟု ဆိုလေ၏။

ကျွန်တော်သည် ဤနေရာတွင် ရည်းစားစကားပြောရန် အကောင်းဆုံးအချက်ဟုသိရှိကာ ကျိုးကန်းနှင့်ပုစွန်လုံး အမေးအဖြေအတိုင်း 'လှလှဖြူဖြူရွှေနှန်းသူ လိုချင်လို့လာတယ်' ဟု ပြောလိုက်လိုသော်လည်း ကျွန်တော်၏အခြေအနေ၊ အဖြစ်အပျက်ကို ဦးစွာရှင်းလင်းရန် လိုနေသည့်အလျောက် 'တစ်နေ့က အငြင်းအခုံ တစ်ခုဖြစ်နေလို့' ဟု ဖြတ်ထိုးဉာဏ်သုံးပြီးလျှင်...



'ခင်ခင်ဝင်းတို့ အိမ်ရှေ့တံခါးက လှေကားထစ် ဘယ်နှခုရှိသလဲဆိုတာ ငြင်းနေကြတာနဲ့... လှေကားထစ်တွေ လာပြီးတွက်ကြည့်နေတာ' ဟု ပြောလိုက်လေ၏။

'သြော်... ဒီလိုလား' ဟု ခင်ဝင်းကဆိုပြီးလျှင် 'လှေကားထစ်တွက်ကြည့်တာ မတ်တတ်ရပ်ပြီး ကြည့်ရုံနဲ့ သိနိုင်ရက်သားနဲ့ ဒူးထောက်ပြီး တံခါးအောက်ကစာကို ချိတ်ဆွဲယူရလောက်အောင် ခဲယဉ်းသလား' ဟုဆိုလိုက်သည်တွင် ကျွန်တော်မှာ မျက်နှာမပျက်အောင် မနည်းကြ္ကဲဆယ်လျက် ပြောင်လိမ်ရန် ကြံရလေ၏။

'စာ... ဘယ်ကစာတုန်း'

'ရှင်... သိပါတယ်ရှင်၊ ကျွန်မကို မေးဖို့မလိုပါဘူး၊ တံခါးအောက်က စာပေါ့'

'ဟင်... မဟုတ်ရပါကလား၊ ဘယ်မှာလဲ'

'ရှင့်... အိတ်ထဲမှာ... ကျွန်မ မသိဘူးမှတ်လို့လား၊ လိမ်မနေပါနဲ့၊ ပေးပါ'

ကျွန်တော့်မှာ ဤမျှလောက် ဒုက္ခခံလျက်ရအောင်ယူပြီးမှ အလွယ်တကူပြန်၍ပေးဖို့ကို အဘယ်နည်းနှင့်မျှ စိတ်ကူးထဲကိုပင် ထည့်မည်မဟုတ်ပေ။

'မဟုတ်ပါဘူး... ခင်ခင်ဝင်း၊ မှားလို့ဖြစ်ပါလိမ့်မယ်...၊ လှေကားထစ်ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ်မှတ်ထားတဲ့စာရွက်ကလေးကို မြင်လို့နဲ့တူပါတယ်'

ခင်ဝင်းသည် မကျေမနပ်သည့်အမူအရာဖြင့် မြေကိုခြေနှင့်ဆောင့်လေ၏။ ကျွန်တော့်မှာ အတော်ပင်စိတ်ထဲ၌ စိုးရိမ်ပူပန်မိလေတော့၏။ အခက်လည်းကြုံ၍နေလေတော့၏။ ထိုစာကိုခင်ဝင်းအားမပေးပြန်လျှင် ကျွန်တော့်အပေါ်တွင် အမျက်တော်ရှကာ ကျွန်တော့်မှာခွာပြဲရချေတော့မည်။ ပေးလိုက်ပြန်လျှင်လည်း လှထွန်းဘက်စိတ်ယိုင်၍ ကျွန်တော့်မှာ ကျန်ရစ်ဇာတ်ခင်းရချေတော့မည်ဖြစ်ကာ ဘာမျှမကြံတတ်တော့ဘဲ မျက်လုံးပြူး၍နေလေတော့၏။

'ဒါပဲနော်... ကိုအောင်ကဲ၊ ရှင်... ဒီစာကိုပေးရင်ပေး၊ မပေးရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အကြီးအကျယ် စိတ်ဆိုးရလိမ့်မယ်၊ ဒီလို သူများစာတွေကို ယူတာ ကောင်းသလား'

ကျွန်တော့်မှာ ခင်ဝင်း၏စိတ်ဆိုးခြင်းကို မခံနိုင်ပေ။ စာကိုပေးလိုက်ရန် စိတ်သည်ပေါ်ပေါက်မိလေတော့၏။ သို့ရာတွင် ထိုအကြံအတိုင်း လက်က မပါသေးမီ ဖျတ်ခနဲ အိမ်ရှေ့တံခါးပွင့်လာကာ တံခါးဝတည့်တည့်တွင် ရပ်နေသော ဦးသာဒင်ကို တွေ့လိုက်ရရုံနှင့် ကျွန်တော့်မှာ တုန်၍သွားတော့၏။

'ဟော့… ဘာဖြစ်တာလဲ… ဟင်…'

'ဒီမှာ… ဖေဖေ၊ ကိုအောင်ကဲ ရှုးနေလားမသိဘူး၊ ခင့်တို့ စာတစ်စောင် ဘာလုပ်ဖို့လဲမသိဘူး ယူထားတယ်၊ တောင်းလို့လဲမရဘူး'

ဦးသာဒင်၏မျက်နှာမှာ ခရမ်းချဉ်သီးအမှည့်ကဲ့သို့ နီရဲ၍လာကာ လေကားပေါ်မှဆင်း၍လာလေ၏။ ခင်ဝင်းသည် ဦးသာဒင်၏မျက်နှာကို မြင်ရပြီး ကျွန်တော့်မျက်နှာကို အဘယ်မျှလောက်သာ ရှိတော့သနည်းဟု မှန်းဆတိုင်းထွာသကဲ့သို့ကြည့်၍ လှေကားပေါ်သို့တက်လေ၏။

'ဘယ်မလဲ… ဒီစာ… ပြစမ်း'ဟု ဦးသာဒင်၏ အသံသည် မိုးခြိမ်းသကဲ့သို့ တစ်လုံးပြီးတစ်လုံး မြည်ဟိန်းထွက်ပေါ်လာလေ၏။

ကျွန်တော့်မှာ ခင်ဝင်း၏အမိခံရခြင်းဖြင့် ဦးနှောက်မငြိမ်မသက်ဖြစ်နေရသည့်အထဲက ဖိနပ်တိုက်သည့်ဘီးကဲ့သို့ ထောင်၍ထွက်လာသော ဦးသာဒင်၏နှုတ်ခမ်းမွေးနှင့် ကြွေလုံးနှစ်လုံးဆို့ထားသကဲ့သို့ ပြူးထွက်နေသော မျက်လုံးများကိုမြင်နေရသည်တွင် ကျွန်တော်၏မွှန်ထူသွားသော ဦးနှောက်သွေးသည် ခြေထောက်နှစ်ချောင်းအား စက်နိုးပေးလိုက်လေရော့သလားမသိ၊ ဦးသာဒင် ပြေး၍လိုက်သည်ကိုမြင်ရမှ ကျွန်တော်က အရင်ဦးစွာစ၍ ကဆုန်ချပြေးခြင်းကို စဉ်းစားမိလေ၏။

ဦးသာဒင်မှာ အသက်ကြီး၍မပြေးနိုင်ဟု ထင်ရသော်လည်း ရာဇဝတ်ဘက်တွင် လုပ်ကိုင်သူတစ်ဦးဖြစ်သည့်အလျောက် သန်မာဖျတ်လတ်သူဖြစ်၍ ကျွန်တော့်မှာ ၎င်းအားလွတ်အောင် မနည်းပြေးရလေ၏။ သို့ရာတွင် ကျွန်တော့်မှာ လူကိုလွတ်အောင်ပြေးသော်လည်း လမ်းဘေးရှိ ပန်းအိုးကို



လွတ်အောင်မပြေးနိုင်သဖြင့် ခလုတ်တိုက်မိကာ မြေပြင်ကို ရှေ့ရင်အပ်၍ မတ်တတ်က လဲလေ၏။

ကျွန်တော်သည် ပြန်၍ထကာ ပြေးမည်ပြုသော်လည်း တစ်ကိုယ်လုံး ခြေကိုကိုင်၍ရိုက်သည်ထက် ပိုမိုနာကျင်ကာ လဲနေရာမှ မထနိုင်သဖြင့် ဦးသာဒင်က ဂုတ်ကိုဆွဲ၍မြှောက်လိုက်ခြင်းကိုပင် ကျွန်တော်အား ဆွဲထူ၍ ပေးသကဲ့သို့ ကျေးဇူးတင်ရပေတော့၏။

'ကဲ… စာဘယ်မှာလဲ… မြန်မြန်ပေး'

ကျွန်တော်မှာ ခုခံသတ်ပုတ်လိုသောစိတ်၊ သတ်ပုတ်နိုင်သည့် အင်အားကို ကိုယ်ထဲတွင်ရှာ၍မရတော့ဘဲ ဦးသာဒင်အား စာကိုပေးလိုက်ရလေတော့၏။

ကျွန်တော့်မှာ စာကိုပေးအပ်ရတော့မည်ဖြစ်သည့်အတိုင်း မျက်နှာကောင်းရစေရန် 'ကျွန်… ကျွန်တော်… ဒီစာကို ဦးလက်ထဲ ပေးဖို့ဆိုရင်တော့ဖြင့် ဒီလောက်အပန်းမကြီးပါဘူး၊ မခင်ဝင်း တွေ့သွားမှာစိုးလို့သာ…'ဟု ပြောလိုက်လေ၏။

'ဘယ့်နှယ်…'ဟုဆိုရင်း ဦးသာဒင်သည် ကျွန်တော်၏ လက်ထဲက စာကိုလှမ်းယူလိုက်ကာ 'ဩော်… မင်းတကယ်ပဲ၊ မခင်ဝင်းမတွေ့စေချင်လို့လား'ဟုမေးလေ၏။

'ဟုတ်ပါတယ်'

ဦးသာဒင်သည် စာအိတ်ပေါ်က လိပ်စာကိုကြည့်လိုက်ပြီးလျှင် ပြုံး၍သွားကာ 'ဟော့… မင်းဘယ့်နှယ်ကြောင့် မခင်ဝင်းမတွေ့စေဖို့ အရေးကြီးမှန်းသိရသလဲ'ဟုဆိုလေ၏။

ကျွန်တော်မှာ ဦးသာဒင်၏စကားကို နားမလည်ဘဲ 'ဗျာ…' ဟူ၍သာ ဆိုနိုင်လေတော့၏။ နောက်ပြီးမှ အဘယ်အတွက် ဦးသာဒင်က ပြုံးပြုံး ကျွန်တော့်အား ဤကဲ့သို့ ချိုသာစွာပြောသည်ကို ဝေခွဲမရနိုင်သဖြင့် ဦးသာဒင်၏လက်ထဲက စာအိတ်ပေါ်ရှိလိပ်စာကို ခိုး၍ကြည့်လိုက်ရာ ထိုစာမှာ လုထွန်း၏စာမဟုတ်ဘဲ မိန်းမတစ်ယောက်၏လက်ရေးဖြင့် ဦးသာဒင်အမည်တပ်ထားသောစာဖြစ်သည်ကို တွေ့ရသဖြင့် အံ့အားသင့်၍သွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဒင်သည် ကျွန်တော့်အား ပိုမိုချိုပြုံးစွာကြည့်ကာ 'ငါ့လူ… မင်း တယ်တော်တယ်ဟေ့…၊ ဒီစာကို မင်းယူထားလိုက်နှင့်ပေလို့သာပဲ' ဟု ချီးမွမ်းပြီး ကျောကိုပုတ်လိုက်ရာ ကျွန်တော့်မှာ စောစောကမှောက်ရက်လဲကာ လိမ့်၍သွားစဉ်က ထိခိုက်မိသောအနာပေါ်သို့ ဦးသာဒင်၏လက်ဝါး ကျရောက်သဖြင့် မျက်ရည်များပင်လည်၍ သွားလေတော့၏။

ထိုခဏတွင် ဦးသာဒင်၏မျက်နှာမှာ ရှက်သလိုလို၊ ပြုံးသလိုလို ဖြစ်လာပြီး 'ဟေ… မင်း သူများမသိစေနဲ့၊ ငါပြောပြမယ်၊ ငါနောက် အိမ်ထောင်ပြုမလို့ ကြံနေတယ်ကွ၊ ငါ့သမီးလဲ မသိစေချင်ဘူး၊ ငါယူပြီးတော့မှ သူ့ကိုအသိပေးမယ်လို့ စိတ်ကူးနေတာ၊ အဲဒီအကြံအတိုင်း ငါနဲ့မညွှန့်…' ဟု စကားမဆုံးမီ ကျွန်တော်မျက်လုံးပြူးစွာဖြင့် 'ဗျာ… လှထွန်းအဒေါ်… ဒေါ်ဒေါ်ညွှန့်လား' ဟု မေးလိုက်မိလေ၏။

'အေး၊ သူနဲ့ငါ တိတ်တိတ်ကြိုက်နေကြတယ်ကွ၊ အင်္ဂါနေ့နဲ့ သောကြာနေ့တိုင်း သူ့ဆီက စာလာတယ်၊ အဲဒီနေ့တွေကျရင် မနက်မနက် အစောကြီးထပြီး မခင်ဝင်းမတွေ့ခင် စာကိုရအောင် ယူရတယ်၊ ဒီနေ့ ငါ အိပ်ရာထ နည်းနည်းနေမြင့်သွားတာနဲ့ မခင်ဝင်းတွေ့များ တွေ့သွားပြီလားလို့ စိတ်ပူနေတုန်းမှာ မောင်မင်းကြီးသား မင်းကယ်ပေလို့ပဲ…'ဟု ဆိုကာ ကျွန်တော့်အား ချီးမွမ်းကျောပုတ်မည်လုပ်ပြန်သဖြင့် ကျွန်တော့်မှာ ဒဏ်ရာ ဟောင်းကို ထပ်၍မထိရအောင် နောက်သို့ဆုတ်လိုက်ရလေ၏။

ထိုအခါတွင် ခင်ဝင်းသည် ပြေး၍လာပြီး 'ဖေဖေ… မရိုက်ပါနဲ့ ဖေဖေ၊ သူ့ခမျာ အတော်ပဲနာနေပါပြီ'ဟု ကျွန်တော့်အစား တောင်းပန်သည် ကိုတွေ့ရသဖြင့် ခင်ဝင်းသည် ကျွန်တော့်အပေါ်၌ စိတ်မဆိုးဘဲ ဤကဲ့သို့ တောင်းပန်ခြင်းကိုပင် ကျွန်တော့်မှာများစွာ အံ့သြမိလေ၏။

ဦးသာဒင်သည် ခင်ဝင်းအား စကားပြန်၍မပြောသေးဘဲ လက်ထဲက စာကို အင်္ကျီအိတ်ထဲသို့ ဆတ်ခနဲသွင်းလိုက်ပြီးနောက်မှ ကျွန်တော်၏ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဖျားကြည့်ကာ 'ဟေ… မောင်… တော်တော် နာသွားသလား၊ မင်းကပြေးတာကိုကွ…'ဟုဆိုပြီးလျှင် ကျွန်တော်၏နဖူးမှ ယိုစီး၍ကျနေသော သွေးစများကို မြင်သည့်အတွက် 'ဟဲ့… သမီးလုပ်ပါဦး



ကွယ်၊ မောင်အောင်ကဲကို အိမ်ထဲခေါ်ပြီး တင်ချာကလေးများထည့်ပေး လိုက်ပါဦး'ဟု ဆိုလိုက်လေ၏။

မကြာမီ ကျွန်တော်မှာ ခင်ဝင်း၏နုနယ်သောလက်ကလေးများဖြင့် ကျွန်တော်၏ ထိခိုက်သောအနာများကို ပြုစုဆေးထည့်ပေးခြင်းကို စည်းစိမ်နှင့် ခံစားနေရလေတော့၏။

'ခင်ဝင်း ကျုပ်ကို စိတ်ဆိုးသွားသလား…'

ခင်ဝင်းသည် ကျွန်တော်၏မျက်နှာကို စိုက်ကြည့်ပြီးလျှင် 'အစတုန်းက စိတ်ဆိုးချင်တာပေါ့၊ နောက်တော့ ကိုအောင်ကဲ နဖူးက ဒဏ်ရာကိုမြင်ရပြီး ကျွန်မကြောင့်ဖြစ်ရတာပဲဆိုပြီး သိပ်သနားသွားတာပဲ၊ ကျွန်မကိုကော စိတ်ဆိုးလား' ဟုမေးသဖြင့် 'အို… ဘာစိတ်ဆိုးစရာရှိသလဲ၊ စိတ်မဆိုးပါဘူး' ဟု ပြောလိုက်လေ၏။

'နို့… ကိုအောင်ကဲ ဘာဖြစ်လို့ ဟိုစာကို ဒါလောက်တောင် မရမက ယူချင်ရတာလဲ'

'ပြောပြမယ်နော် စိတ်မဆိုးနဲ့'

'မဆိုးပါဘူး'ဟု ပြန်၍ပြောမှ ကျွန်တော့်မှာ စကားပြောရန် ချက်ကောင်းရပြီဟု ဝမ်းမြောက်ကာ 'ဒီလိုခင်ဝင်းရဲ့၊ လှထွန်းက ခင်ဝင်းကို စာပေးလိုက်တယ်လို့ ပြောတယ်၊ ကျုပ်စိတ်ထဲမှာ ကျုပ်ကလွဲရင် ခင်ဝင်း မေတ္တာကို ဘယ်သူ့အပေါ်မှာမှ မတုံ့ပြန်စေချင်တဲ့အတွက် ဒီစာကို ခင်ခင်ဝင်း လက်ထဲမရောက်အောင် ကြံမိတာပဲ'ဟု ပြောပြီးနောက် စိတ်ကိုတင်းကာ 'ခင့်ကို ကျုပ်အင်မတန်ချစ်တယ်ဆိုတာ ပြောဖို့အချက်ရှာတာကြာခဲ့ပြီ၊ အခွင့် ကောင်းကိုပဲ မကြံနိုင်လို့ မပြောခဲ့ရဘူး၊ ဒီတစ်ခါတော့ဖြင့် အချက်ရလို့ ဖွင့်ပြီးပြောလိုက်ရတာပဲ၊ ဘယ့်နှယ်လဲခင်… ကျုပ်မေတ္တာကို လက်ခံနိုင် ရဲ့လား'ဟု မေးလိုက်လေ၏။

ခင်ဝင်းသည် တွေ၍ကြည့်နေပြီးမှ ပြုံး၍လာကာ 'ကိုအောင်ကဲ ကို ဖေဖေရိုက်မှာစိုးလို့ လာပြီးတားတာ ဘာကြောင့်ဆိုတာ မတွေးမိဘူး လား'ဟု မေးလေ၏။

'ရိုက်မှာစိုးတဲ့အတွက်ကြောင့် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ခင်ဝင်းမှာ ဒေါသကလေးဖြင့် နှုတ်ခမ်းစူလိုက်ပြီးမှ 'ရှင့် ချစ်လို့၊ ရှင့်ချစ်လို့'ဟု ဆိုကာ 'ကဲ… ဒီလောက်တောင်အဦး'ဟု ဆို၍ ဘုန်းခနဲ ကျောကိုထုလိုက်သဖြင့် အနာပေါ်လက်ကျပြီး 'ကျွန်တော့်မှာမနည်း အသက်ရှူရလေ၏။

ထို့နောက်မှ ကျွန်တော့်မှာ ရွှင်လန်းလာကာ 'အရင်တုန်းကတော့ ခင့်ကြည့်ရတာ မချစ်ချင်သလိုလိုဘဲ'ဟု ဆိုလိုက်လေ၏။

'အရင်တုန်းကတော့ ကျွန်မစိတ်ကို ဝေခွဲလို့မရခဲ့ဘူး၊ ဒီနေ့ကျမှ ကျွန်မအတွက် ကိုအောင်ကဲ ဒဏ်ရာရသွားတာမြင်ရတော့ သနားသွားပြီး…'

'ချစ်လာတယ် ဆိုပါတော့'ဟု ကျွန်တော်ကပြောလိုက်မိသဖြင့်…

'အခုတော့လဲ တယ်ပြီးပါးတယ်၊ ကဲ… ပါးဦး… ပါးဦး' ဟု ကျောကုန်းကို 'ဘုန်း'လိုက်သောကြောင့် ကျွန်တော့်မှာ မချိသွားဖြဲခံ၍ နေရတော့၏။

နာရီဝက်ခန့်ကြာသောအခါ ကျွန်တော်မှာ ဝမ်းသာ၍မဆုံးသော နှလုံးဖြင့် အိမ်သို့ပြန်လာခဲ့လေ၏။ လမ်းတစ်လျှောက်လုံး ကျွန်တော်၏ စိတ်ထဲမှာ သီချင်းဟစ်အော်၍ ဆိုပြီးလာချင်သလိုလို၊ တစ်ယောက်တည်း အခြောက်တိုက် ခြေကကျ၍လာချင်သလိုလို ဖြစ်နေလေတော့၏။ ထိုအချိန် ထိုအခါတွင် ကျွန်တော့်လောက်ပျော်ရွှင်သူ ကမ္ဘာတွင်မရှိပြီဟု ထင်မိလေ၏။

သို့လျှောက်လာရင်း ခပ်ပြုံးပြုံးလုပ်၍လာသော လှထွန်းကို ရင်ဆိုင် တွေ့ရသဖြင့် ကျွန်တော့်မှာ မျောက်မြင်တိုင်း ခဲနှင့်ပစ်ချင်သလို လှထွန်းမြင်တိုင်း အနာကိုသတိရစေသော စိတ်မျိုးပေါ်မိလေ၏။

'ဟေ… အောင်ကဲ၊ ဟိုစာအတွက် နေပါစေတော့'

'ဘာ…'

'မနေ့က ငါပြောတဲ့စာလေ၊ အဲဒါအတွက် ဒုက္ခရှာမနေနဲ့တော့'

'အင်း… တော်တယ်ကွာ… ၊ မင်းစာအတွက် စာတိုက်က ကောင်မလေးတွေရှေ့မှာလဲ အရှက်ကွဲ၊ ဦးသာဒင် ခြံထဲလဲ မှောက်ရက်လဲပြီး နဖူးကွဲ၊ ဒူးပြဲဖြစ်ရပြီးတော့မှ နေပါစေတော့ဆိုတာ တယ်တော်တယ်၊ စာတိုက်ကိုငါသွားတိုင်း ငါ့ကိုတော့ အလှောင်ခံရတော့မှာပဲ'



'မဟုတ်ဘူးကွာ… သူငယ်ချင်းရာ မနေ့တုန်းက ငါ့စိတ်တွေဟာ မွှန်ထူပြီးတော့ ဘာလုပ်မိလို့ လုပ်မှန်းတောင်မသိဘူး၊ ဒီနေ့မှ ငါပြောတဲ့ စာဟာ မထည့်ရသေးမှန်း သိရတယ်'

ကျွန်တော်မှာ ပက်လက်လှန်၍လဲချင်အောင်ဖြစ်ကာ 'ဘာ…'ဟု ဆိုလိုက်မိလေ၏။

'ငါပြောပြမယ်… ဒီလိုကွ၊ ငါ့စိတ်ထဲမှာ တစ်ကယ်ပဲ ထည့်မိ တယ် ထင်နေတာ၊ ဒီနေ့နံနက်ကျမှ အိတ်ထဲမှာပဲ စာရှိနေတာကို တွေ့ရတော့ တယ်၊ သိပ်ဆန်းတာပဲ'

ကျွန်တော့်မှာ အချောင်သက်သက် အနာတရဖြစ်ရခြင်းကို ကြိတ် မနိုင် ခဲမရဖြစ်မိပြီးမှ 'အေး… ငါလဲ မင်းကို သိပ်ဆန်းတာတစ်ခု ပြောပြရ ဦးမယ်'ဟု ဆိုလိုက်ရာ…

'ဘာလဲကွ…၊ ပြောစမ်းပါဦး'

'မင်း… ဦးသာဒင်ကို ယောက္ခမ မတော်ချင်ပေမယ့် ဦးလေး မတော်ချင်ဘူးလား'

'ဒီလိုလေကွာ၊ မင်းအဒေါ်ကြီး ဒေါ်ဒေါ်ညွန့်နဲ့ ဦးသာဒင်တို့ ယူကြတော့မလို့တဲ့'ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် လှထွန်းသည် ထွက် ပြေးမည်ပြုသဖြင့် 'ဟော့… ဘာလဲ'ဟု မေးလိုက်လေ၏။

'ဘူတာရုံကို'

'ဘာလုပ်မလို့လဲ၊ ရထားနင်းခံပြီး သေတော့မလို့လား'

'မဟုတ်ဘူးကွ၊ ငါဒီမြို့ကနေပြီး မီးရထားနဲ့ ပြေးတော့မယ်'ဟု ဆိုကာ သုတ်ခြေတင်၍ပြေးသည်ကို ကျွန်တော့်မှာ ငေး၍ကြည့်လျက် ကျန်ရစ်ခဲ့ရလေတော့၏။ ။

မြန်မာ့အလင်းမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၁၉၃၈။

www.burmeseclassic.com

www.burmeseclassic.com

## ထင်မိယောင်များ

မောင်ဖေသည် မယားအလှလေး မယ်သော့အား ဘယ်တော့မှ မမုန်းပါဘူးဟူသောမေတ္တာနှင့် အထူးချစ်ရှာလေ၏။ သို့သော်လည်း ဘဝက ကုသိုလ်ကံပေးသည့်အလျောက် လောက်ငရုံမျှသာ စားသောက်ကြရသော်လည်း မောင်ဖေသည် မိမိသုံးစွဲမည့်အရာများကို မသုံးစွဲဘဲ မယားလက်ထဲသို့ ရသမျှလခကလေးကို စုပုံ၍အပ်ကာ မိမိ၏အချစ်နှင့်အမျှ ဆန္ဒပြေအောင် မပြုစု၊ မဆင်ယင်နိုင်စေကာမူ ဇနီးမယား၏စိတ်ကို အေးချမ်းစွာပြုပေ၏။

မယ်သော့မှလွဲလျှင် ဖွံ့နှင့်ဆန်ကွဲ ရှိရွှေသည့်တံထွေးပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာကာ ကညာပျိုနုနု ရာဂပိုအောင်ပြုစုပြီးလျှင် ရှုကြည့်စရာ အံ့မဆုံး၊ သုဇိတာ မယ်ပျိုဖုန်းကဲ့သို့၊ ဘယ်လိုပင်လှဦးတော့၊ ပြုံးလို့မှ လှည့်မကြည့်၊ ရှိသည်မှမထင်၊ တစ်လင်ကွာ တစ်ခုလပ်၊ နှပပ်ဖပ် ရွှန်းစိုစို၊ ဘယ်လိုပင်လှလှ၊ ဘယ်လိုပင်ချောချော၊ သဘောမှာ မထင်မြင်၊ မယ်သော့မှ ခင်မင်ပြီးလျှင် ထာဝစဉ်ပေါင်းသင်းရန် စိတ်ကိုဆုံးဖြတ်လိုက်လေ၏။

မယားဆိုသည်မှာ လင်၏ အနွံအတာကိုခံပြီးလျှင် ဆိုးတူကောင်းဖက်၊ ဆက်ဆံပေါင်းသင်းကာ လင်၏စိတ်နှလုံးကို သိမ်းကျုံးရွှင်ပျအောင် မာယာနှင့်ကြံဆောင်နိုင်မှ လင်သည်က မြတ်နိုးတတ်လေသည်။ သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



မယ်သော့သည် ငါ၏လိုအင်ဆန္ဒကို တတ်နိုင်သမျှပေးစွမ်း၍ အေးချမ်းအောင် ပြုပေသည်။ ငါအလုပ်ကပြန်လာလျှင် တီတီတာတာနှင့် ကြည်လင်စရာတစ်မျိုး ဆန်းပြီး စိတ်ရွှင်လန်းအောင် လုပ်ပေတယ် စသည်ဖြင့် မောင်ဖေသည် မယား မယ်သော့အပေါ်၌ အမျိုးမျိုး စိတ်ထဲမှချီးမွမ်းမိလေသတည်း။

သို့ဖြစ်ရကား မယ်သော့၏ပူဆာသမျှတို့ကို ဘာမှမလိုရန် ဇနီးမယား ၏ဆန္ဒပြည့်အောင် စွမ်းဆောင်လေ့ရှိသဖြင့် မယ်သော့ကလည်း လင်သား အပေါ်၌ ကြင်အားတော်ပိုကာ ချိုသာစွာပြောဆို၍ သဘောအလိုကို ဖြည့်ရှာ ပေ၏။ ထို့ကြောင့် မောင်ဖေကလည်း အထူးကြင်နာပေ၏။

တစ်နေ့သ၌…

မောင်ဖေသည်ကား ထိုနေ့၌ အထူးရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်ပေ ၏။ အကြောင်းမူကား ထိုနေ့သည် လခထုတ်သောနေ့ဖြစ်ပေ၏။ မောင်ဖေသည် အိမ်လခ၊ လက်ဖက်ရည်ကြွေးများကို ပေးဆပ်ပြီးနောက် ကျန်ငွေထဲမှ မယား ပုလဲဆင်မြန်းဖို့ အဆင်ဆန်းသမျှ ပိုးဖဲတို့ကို အဖိုးမနည်းနည်းအောင် ဆစ်စွက် ရွေးချယ်၍ဝယ်ယူကာ ပေါင်ဒါ၊ ရေမွှေးစသည်တို့ကိုပါ ဝယ်ခဲ့၍ လန်ချားပေါ်၌ တင်ပြီးလျှင် ရွှင်ပြုံးသောမျက်နှာထားနှင့် မယားသည်ထံ ပြန်ခဲ့လေ၏။

မောင်ဖေသည် မိမိဝယ်ခဲ့သောအရာတို့ကို ပွေ့ပိုက်ကာ တိုက်လှေကား ကိုမှ ဘယ်နှထစ်နင်းခဲ့ရမှန်းမသိဘဲ ပွင့်နေသောမိမိအခန်းထဲသို့ ရောက်သွား လေ၏။ မောင်ဖေသည် အခန်းဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရှေးဦးစွာ ၎င်း၏ မျက်စိကို ဆွဲငင်ထိခိုက်စေသော အရာတစ်ခုသည်ကား 'တုတ်ကောက် တစ်ချောင်းနှင့် ဆေးတံတစ်တံ' ဖြစ်၏။ ၎င်းတို့မှာ စားပွဲဝိုင်းကလေးပေါ်တွင် တည်ရှိကြပေ၏။ ငါမရှိတုန်း ဘယ်သူအလည်လာပါလိမ့်မလဲဟု မောင်ဖေ သည် တွေးတောမိကာ မယ်သော့ကို ရှာဖွေလေ၏။

သို့သော်လည်း မယ်သော့ကို အခန်းတွင်း၌ မတွေ့ရပေ။ ထိုအခါ မောင်ဖေ၏စိတ်ထဲ၌ တစ်မျိုးတစ်မည် ထင်မြင်ခြင်းပြုပြီးလျှင် ရွှင်ပြုံးသော မျက်နှာမှာ ရာဟုဖမ်းသည့် လပြည့်ဝန်းကဲ့သို့ မည်းမှောင်၍သွားပေ၏။ 'ငါမရှိတုန်းကို ဘယ်သူလာပါလိမ့်မလဲ'ဟု ထပ်၍တွေးတောမိကာ မယ်သော့ ဒီလူနဲ့ပဲ ထွက်သွားရောလား၊ ဒီလူ ဘယ်လိုလူစားမျိုးပါလိမ့်မလဲ၊ အသိ



မိတ်ဆွေလား၊ မောင်ဖားဆွေမျိုးလား၊ ကြာသမားလား၊ မယ်သော့ ဒီလိုလဲ မဖောက်ပြန်တတ်ပါဘူး၊ အဲလေ… မိန်းမဆိုတာ လျှာနှစ်ခွနဲ့မြွေမျိုးလို အင်မတန် ကောက်ကျစ်ဆိုးဝါးပေတာပဲ'စသည်ဖြင့် နှုတ်ခမ်းမှ မကြားတကြား တရွရွရွတ်ဆိုကာ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်မည်အပြုတွင် တစ်စုံတစ်ခုကို သတိပြုမိပြန်လေ၏။

အိပ်ရာခင်းမှာ ဒိုဘီပေးခါစဖြစ်သဖြင့် ဖြူစင်ပြန့်ပြူးနေသော်လည်း အလယ်ကကြေလျက်ရှိပေ၏။ ခြေရင်းဘက်မှာလည်း ရှုံ့လျက်ရှိပြန်သဖြင့် မောင်ဖေ၏စိတ်၌ မသင်္ကာသောအနံ့သည် တပြန်ပြန်တိုးတက်လာပေ၏။ ထို့နောက် အိပ်ရာကို အသေအချာစုံစမ်းကြည့်ပြန်ရာ ခေါင်းအုံးပေါ်မှ ကော့(စ)မတစ်အနံ့သည် မောင်ဖေ၏နှာဝသို့ တိုးဝှေ့၍ဝင်လေ၏။ 'ဟင်… ဟုတ်ပြီ၊ ဧကန္တတော့ ဧကန္တပဲ၊ ငါလဲ ဘယ်တော့မှ ကော့(စ)မတစ် မလိမ်းဘူး၊ မယ်သော့လဲ မလိမ်းဘူး၊ ဟုတ်ပြီ၊ သင်းတို့နှစ်ယောက်တော့ ငါမရှိတုန်း ဒီအိပ်ရာပေါ်မှာ ပလူးနေကြတာပဲ'ဟု အောက်မေ့မိလေ၏။

ထိုခဏ၌ မောင်ဖေသည် အပေါ်သို့တက်လာသော ဖိနပ်သံကိုကြား သဖြင့် တံခါးကြားမှ ချောင်းမြောင်း၍ကြည့်ရာ မယ်သော့လည်း ဖီးလိမ်း ပြင်ဆင်လျက် လည်ပတ်ရာမှ ပြန်လာသည်ကိုမြင်သဖြင့် စိတ်ထဲ၌ အလွန် အမင်း ဒေါသထွက်မိသော်လည်း ပညာဖြင့်သိမ်းဆည်းကာ ၎င်း၏အမူအရာ တို့ကို မသိသကဲ့သို့ တုတ်ကောက်နှင့်ဆေးတံကို ဗီရိုကြားထဲသို့ ထိုးဝှက်၍ ထားလေ၏။

မယ်သော့သည် မောင်ဖေ၏ ညှိုးနွမ်းဆိုင်းမှိုင်းသောမျက်နှာကြီးကို မြင်ရလေလျှင် စိတ်ထဲတွင်ထိတ်လန့်ကာ 'ကိုဖေ၊ ရှင်ဘာပြုလို့လဲ၊ နေ မကောင်းဘူးလား၊ ဟိုသွေးဆေးကလေး သောက်လိုက်ပါလား၊ အလုပ်ပင် ပန်းတယ်မှတ်တယ်၊ ကျွန်မနှိပ်ပေးရဦးမလား'ဟု ဆိုကာ ပဝါကိုချိတ်တင်ရင်း ပြောလေ၏။ မောင်ဖေသည် မျက်နှာကိုပြင်လိုက်ပြီးလျှင် 'အို… ဘာမှ မဖြစ်ပါဘူးကွယ်'ဟု ပြောသော်လည်း စိတ်တွင်းက ပူပြင်းလောင်ကျွမ်းကာ မယ်သော့ပြောသမျှစကားသည် ငါ့အား မာယာနှင့်လှည့်ဖြားပြောဆိုသော စကားများပေတည်းဟု စွဲမြဲယူဆလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ထမင်းစားပြီးပြီလား'

'ဟင့်အင်း… မင်းမလာနိုင်လို့ စောင့်နေတယ်'

'အို… ကိုဖေကလဲ… ဆာလို့ရှိရင် တစ်ယောက်တည်းစားတော့ ဘာဖြစ်ရဦးမှာလဲ၊ ကျွန်မပါမှတဲ့လားလို့၊ ကျွန်မလဲ အရှေ့ပိုင်းက ဘုရားကိုးဆူ လုပ်လို့ သွားပြီးစားသောက်လာခဲ့တယ်၊ ကျွန်မတော့ တယ်ပြီးမဆာလှပါဘူး၊ ရှင်ပဲ သွားစားပါတော့၊ အပြန်ကျမှ ဘဲပေါင်းကလေး ကျွန်မဖို့ ဝယ်ခဲ့ပါ…'

မောင်ဖေ၏စိတ်ထဲ၌ မယ်သော့ပြောသမျှစကားသည် ငါ့အား လှည့်ဖြား၍ တခြားသို့သွားအောင်နှင်တာဟု အောက်မေ့ကာ မသကာ်ပဲ ညစျေးတန်းသို့ထွက်သွားလေ၏။ မောင်ဖေထွက်သွားသောအခါ မယ်သော့သည် မောင်ဖေ၏အမူအရာ ထူးခြားပုံများကို တွေဝေစဉ်းစားနေရင်း အခန်းထောင့်တွင် ထောင်ထားသော မိန်းမဆောင်း ဖဲထီးကလေးတစ်စင်းကို တွေ့မြင်ရသောအခါ ရင်တွင်းဝယ် ထိတ်၍သွားလေ၏။

'ဒါဟာ မိန်းမဆောင်းတဲ့ထီးပဲ၊ ငါမရှိတုန်း ဒီမိန်းမ ကိုဖေ့ထံလာမှာပဲ၊ ငါ့လင်ဟာ မခုတ်တတ်တဲ့ကြောင်ပါးလို ငါ့အား လှည့်ဖြားပြီး နေတာပဲ'ဟုအောက်မေ့ရင်း မောင်ဖေကဲ့သို့ အိပ်ရာကို ကြည့်မိသောအခါ မသကာ ခြင်း တိုးတက်လာလေ၏။ ထိုနောက် မယ်သော့သည် ထီးကလေးကို ယူ၍ အပြန်အလှန်ကြည့်ရင်း ရင်တွင်းဝယ် ဒေါသဆူပွက်လျက် မျက်ရည်များ ရစ်ဝဲ၍ကျလာလေ၏။

မောင်ဖေသည် ထမင်းကိုဝအောင်မျှ စည်းစိမ်ခံ၍မစားနိုင်ဘဲ လျှင်မြန်စွာထပြီးလျှင် ဘဲပေါင်းထုပ်ကလေးကိုကိုင်ကာ ငါမရှိတုန်း ဘယ်လို များဖြစ်နေဦးမလဲဟု အောက်မေ့လျက် လန်ခြားတစ်စီးကိုခေါ်၍ ဘောကီး… ဘောကီး၊ ဗားရာ…ဒိုင်းနားဆိုရင်းနှင့်ပင် များမကြာမီနေအိမ်သို့ ရောက် လာလေ၏။

မောင်ဖေသည် အသံမကြားအောင် လှေကားကို ခြေဖျားထောက်၍ နင်းကာတက်လာရင်း အခန်းဝနားသို့မရောက်မီ အတွင်းသို့ချောင်းမြောင်း၍ကြည့်လိုက်ရာ မယ်သော့၏ညှိုးငယ်သောမျက်နှာကို မြင်ရသဖြင့် ဘယ်လို



အကြောင်းပေနည်းဟု တွေးတော၍မရနိုင်ဘဲ 'အဟမ်း'ဟု ချောင်းသံပြုကာ ခြေသံပေး၍ ဝင်သွားလေ၏။

'ကိုဖေ… ရှင်သွားတာ မြန်လှချည့်လား၊ စားမှစားခဲ့ရဲ့လား'

'စားခဲ့ပါတယ်၊ မင်းကတော့ မြန်တယ်ထင်မှာပေါ့လေ'

'အို… ရှင့်စကားက ဘာအဓိပ္ပာယ်လဲ'

'ဘာအဓိပ္ပာယ်မှ မဟုတ်ပါဘူး'

ထိုသို့ တစ်ဦးကိုတစ်ဦး၊ ငြိတိတိ ချိတ်စောင်း၍ ပြောဆိုနေကြရင်း လှေကားပေါ်သို့တက်လာသော ခြေသံများကိုကြားရသဖြင့် စကားပြောရပ်သွားလေ၏။ များမကြာမီ မိန်းမတစ်ယောက်နှင့်ယောကျ်ားတစ်ယောက် အခန်းထဲသို့ ဝင်လာကြလေ၏။ မယ်သော့နှင့်မောင်ဖေသည် ထိုမိန်းမကို သိသော်လည်း ၎င်းနှင့်ပါလာသူကိုကား တစ်ခါမျှမမြင်ဖူးကြချေ။ ထိုမိန်းမသည်ကား ယခုမောင်ဖေတို့ နေသောအခန်းကို မောင်ဖေမနေမီ ငှား၍နေသဖြင့် ထိုမိန်းမနှင့်ပတ်သက်ပြောဆို၍ ထိုအခန်းကိုနေကြရသောကြောင့် ၎င်းကိုသိကြလေ၏။

'ဩော်… လာပါ၊ မစော ဘာကိစ္စလဲ၊ ညှို့သည်လဲခေါ်ပါ၊ ဝင်ခဲ့ပါ'

'ကိစ္စကတော့ ဘာမှအထူးမဟုတ်ပါဘူး၊ ညှို့သည်ဆိုတာ ကျွန်မ မောင်ပါ၊ အရင် ကျွန်မ ဒီအခန်းမှာနေတုန်းက သူလာပြီးလည်ဖူးတယ်၊ နောက်တော့ မရောက်တာကြာပါပြီ၊ ကနေ့တော့ သူလဲတစ်မြို့က လာတာနဲ့ ကျွန်မလဲ ဒီမှာနေသေးတယ်မှတ်လို့၊ တံခါးက စေ့ရုံစေ့ထားတာတွေ့တာနဲ့ ဝင်လာတာပေါ့၊ နို့ပေမယ့်… ဘယ်သူမျှ မတွေ့တာနဲ့ မကြာခင် ကျွန်မ ပြန်လာလိမ့်မယ်ထင်ပြီး ကျွန်မဖို့ဝယ်လာတဲ့ ဖဲထီးကလေးထောင့်မှာ ထောင်ထားပြီး ညောင်းတာနဲ့ အိပ်ရာပေါ်လှဲပြီး အိပ်နေသေးတယ်ဆိုပဲ၊ နောက်တော့ ဘယ်သူမှမလာနိုင်တာနဲ့ ပြီးတော့မှ လာဦးမယ်လေဆိုပြီး ထွက်လာခဲ့တော့ ဆေးတံနဲ့ တုတ်ကောက်ပါ မေ့ကျန်ခဲ့တယ်၊ နောက်တော့ ကျွန်မနဲ့ရုပ်ရှင်ရုံတစ်ရုံ ရှေ့မှာတွေ့တော့ ကျွန်မတခြားကို ပြောင်းသွားတာပြောပြတော့ သူလဲ ကျန်ရစ်ခဲ့တဲ့ ထီးနဲ့တုတ်ကိုယူရအောင် ကျွန်မပါ လိုက်လာခဲ့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ… ဟုတ်လား' ဟု ပြောကာ မောင်ဖေသည် တုတ်ကောက်နှင့်ဆေးတံကို ထုတ်ပေးလေ၏။ မယ်သော့သည် ထီးကိုထုတ်ပေးလေ၏။ ထို့နောက် ၎င်းတို့ထွက်သွားကြသောအခါ မောင်ဖေနှင့်မယ်သော့တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ပြုံးစိစိ လုပ်နေကြရာ တစ်ယောက်ကိုတစ်ယောက် 'ဘာကြောင့်ပြုံးသလဲ' ဟုမေးကြည့်ကြမှ နှစ်ဦးစလုံးတို့၏အမှားကို သိကြရလေသတည်း။ ။

ဗန္ဓုလမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၃၀။

# ကျွန်တော့်မိန်းမ

'ဦးဘကျော်၊ မန်နေဂျင်းဒါရိုက်တာ' ဟု သဘော်ဆေးအဖြူဖြင့် ရေးသားထားသော မှန်တံခါးရှေ့တွင် မိန်းမပျိုကလေးသည် မဝင်ရဲသည့် အမူအရာဖြင့် ရပ်တန့်ကာ ဝင်ဖို့ရန် ချီတုံချတုံဖြစ်၍နေလေ၏။

ထိုမိန်းမပျိုမှာ ရုပ်ရည်အတော်ပင်ချောသော သူကလေးတစ်ယောက်ဖြစ်သော်လည်း ယခုအချိန်အခါတွင် မျက်နှာဖြူရော်ဖျော့တော့နေလျက် စိုးရိမ်ပူပန်ခြင်းဖြင့် မျက်နှာညှိုးငယ်သွယ်ကျလျက် ရှိလေတော့၏။ မျက်လုံးကလေးများမှာ ထိတ်လန့်ခြင်းဖြင့် နဂိုထက်ပင် ပို၍ပြူးကျယ်လျက်ရှိပြီး အဝတ်အစားများမှာ နွမ်းနယ်စပြုလာသည့် အရိပ်အရောင်ကို ပြလျက်ရှိလေ၏။

မိန်းမပျိုကလေးသည် တုန်ယင်သောလက်များဖြင့် ကိုင်ထားသည့် စာရွက်ကလေးကို ပြန်၍ကြည့်လေ၏။ စာရွက်ပေါ်တွင် ဦးဘကျော်၏ လက်ရေးဖြင့် 'မတင်ညွန့် … ခေတ္တအမြန်' ဟု ရေး၍ခေါ်ထားသည်ကို ဖတ်ကြည့်လေ၏။ ထိုစာကို ထပ်၍ဖတ်မိသည့်အခါတွင် မတင်ညွန့်သည် ထပ်၍ ကြက်သီးထမိလေ၏။ မိမိ၌အပြစ်ရှိ၍ ခေါ်သည်ကိုသိ၏၊ ထိုအပြစ်ကြောင့် ဆူပူကြိမ်းမောင်းခြင်းခံရမည်ကို ကြောက်ရွံ့သဖြင့် မပင်ရဲဘဲရှိလေ၏။

www.burmeseclassic.com



သို့သော် မဝင်ဘဲနေလျှင် သာ၍ဆိုးမည်ကိုတွေးမိကာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် တံခါးကိုတွန်း၍ဝင်သွားလေ၏။

ဦးဘကျော်သည် အလုပ်လုပ်နေရာမှ လှမ်း၍ကြည့်ကာ မိမိ၏အနီးသို့ မတင်ညွန့်ချဉ်းကပ်ရပ်တန့်မိသည့်တိုင်အောင် ဒေါသဖြစ်သောမျက်နှာဖြင့် ငြိမ်သက်စွာ စိုက်၍ကြည့်နေလေ၏။

'ဘယ့်နှယ့်ကွာ…၊ ဒါလောက်တောင် မှားယွင်းရအောင် မင်းတို့မှာ ဦးနှောက်မရှိဘူးလား' ဟု ဦးဘကျော်က မိုးထစ်ခြိမ်းလိုက်သကဲ့သို့ ကြောက်မက်ဖွယ်အသံကြီးဖြင့် ပြောဆိုကာ 'မင်းတို့ကို ဦးနှောက်ဉာဏ်သုံးဖို့ အလုပ်ခန့်ထားတာ၊ အလုကြည့်ရအောင် ကျောက်စားပွဲပေါ်မှာတင်ပြီးထားဖို့ ခေါ်ထားတာ မဟုတ်ဘူး၊ လက်နှိပ်စက်စာရေးကလေးဆိုပြီး လခကြီးပေးပြီး ငှားထားတာ…' ဟု ဆက်လက်ပြောဆို၍ စကားမဆုံးမီ…

မတင်ညွန့်က 'တစ်လ သုံးဆယ့်ငါးကျပ်ဆိုတဲ့လခဟာ…' ဟု ဖြတ်၍ပြောစဉ်မှာပင် ဦးဘကျော်က 'အေးလေ… များတာ၊ မများတာ ထားလိုက်ပါ၊ ဒီလခကို ကျေနပ်လို့ အလုပ်ဝင်ပြီး လုပ်ပြီမဟုတ်လား၊ အလုပ်ဝတ္တရားကို ကျေပွန်အောင်လုပ်ဖို့ပဲရှိတယ်၊ အခု မင်းဂရုမစိုက်၊ ပေါ့ပေါ့ဆဆ လုပ်လိုက်တဲ့ကိစ္စဟာ ငါ့ကို ဘယ်လောက်ထိခိုက်သလဲ' ဟု ဆိုလေ၏။

'ကျွန်မအများကြီး ဝမ်းနည်းပါတယ်' ဟု မတင်ညွန့်က တောင်းပန်အသနားခံလေ၏။

'မင်းဝမ်းနည်းတယ်ဆိုတာနဲ့ ငါ့ဂုဏ်သရေကို ထိခိုက်တဲ့ကိစ္စဟာ ပပျောက်မသွားဘူး သိရဲ့လား၊ မင်းကိုမနေ့က ငါစာနှစ်စောင် လက်နှိပ်စက်ရိုက်ဖို့ ပါးစပ်နဲ့ပြောပေးတယ်၊ တစ်စောင်က ဟိုခွေးမသား အောင်သာက ငါ့ကို လူလိမ်လူညာကြီး၊ ကြောင်သူတော်ကြီးဆိုပြီး ရေးလိုက်တဲ့စာကို ပြန်ပြီးချေလိုက်တဲ့စာ၊ နောက်တစ်စောင်က… ဟိုဒင်း…'

'မြင်းထရိန်နာသီ မေးလိုက်တဲ့…'

'အေးလေ… ငါသိပါတယ်၊ မင်းထောက်ပေးနေဖို့မလိုပါဘူး၊ ငါ့မိတ်ဆွေဆီ ပေးလိုက်တဲ့စာပဲ၊ ဒီစာနှစ်စောင်ကို မင်း အိတ်ချင်းလွဲပြီး ထည့်လိုက်တယ်၊ အဲဒါကို မှားသွားမှန်းသိရင်လဲ ချက်ချင်းပြောပြပါလား'



'ကျွန်မလဲ တိုက်မှာတုန်းက မှားမှန်းမသိဘူး၊ အိမ်ရောက်တော့မှပဲ…'

'ဒီနေ့ ငါ့မိတ်ဆွေဆီကသာ တစ်စုံတစ်ခု မကြားရရင် ငါလဲသိမှာမဟုတ်ဘူး၊ မင်းလဲ မှားကြောင်းဝန်မခံဘဲ ငြိမ်သက်နေလိုက်မှာပဲ' ဟု ဦးဘကျော်က ဆိုပြီးနောက် 'ဒီမနက် ငါ့မိတ်ဆွေဆီပေးတဲ့စာကို အောင်သာတွေ့သွားလို့ ဖတ်ပြီးလို့ရှိရင် ငါဘယ်အထိ နာမည်ပျက်မယ်ဆိုတာ မင်းနားလည်ရဲ့လား…' ဟု မေးလိုက်လေ၏။

မတင်ညွန့်သည် မိမိမှား၍ထည့်လိုက်သည့်စာကြောင့် ဦးဘကျော်၏နာမည်အား မည်မျှထိခိုက်စေမည်ကို ကောင်းစွာသိပေ၏။ ထိုအကြောင်းကို ယမန်နေ့က အိမ်သို့ပြန်၍ရောက်မှ သိရတော့သဖြင့် တစ်ညလုံး မျက်လုံးပြူးကာ တစ်ကိုယ်လုံးထူပူလျက် အိပ်မပျော်နိုင်ဘဲ ရှိခဲ့လေ၏။

ဦးဘကျော်မှာ မော်တော်ကား စက်ကိရိယာများ၊ စက်ဘီး၊ ဓာတ်စက်၊ ရေဒီယိုအသံလွှင့်စက်များကို တင်သွင်းရောင်းချခြင်းဖြင့် အလုပ်အကိုင်ဖွံ့ဖြိုးကြီးမားလျက် မြို့ပေါ်တွင် ထင်ရှားကြီးကျယ်သူတစ်ဦးဖြစ်ပြီး မြို့ရေးရွာရေးကိစ္စများတွင် မြို့မိမြို့ဖတစ်ဦးအဖြစ် အသိအမှတ်ပြုကာ လူများက ကြည်ညိုခြင်းခံရသူတစ်ဦး ဖြစ်ပေ၏။

ထိုသို့လူတိုင်းက ကြည်ညိုရိုသေနေသူတစ်ယောက်ကို 'အလကားလူပဲ၊ လူကြီးလူကောင်းတစ်ယောက်မဟုတ်ပါဘူး၊ သစ္စာသမာဓိ မရှိဘူး' ဟု ပြောဆိုပုတ်ခတ်နေသူမှာ ဦးဘကျော်နှင့် မြို့ပေါ်ရပ်ရွာကိစ္စတွင် အပြိုင်အဆိုင် အတိုက်အခံဖြစ်ခဲ့ဖူးသူ မြေပိုင်ရှင်ဦးအောင်သာပင် ဖြစ်ပေ၏။ ဦးဘကျော်နှင့် ဦးအောင်သာတို့မှာ ဂုဏ်တုဂုဏ်ပြိုင်ဖြစ်ကြသဖြင့် မသင့်တင့်ဘဲ ရှိနေကြရသည့်အထဲတွင် ဦးအောင်သာ၏တူ မောင်အုံးဖေသည် ဦးဘကျော်၏အလုပ်တိုက်နားမှာပင် အလားတူအရောင်းအဝယ်လုပ်ငန်းကို အရင်းအနှီးငယ်နှင့် စတင်လုပ်ကိုင်ထူထောင်၍နေလေရာ ဦးဘကျော်က ပစ္စည်းအင်အားနှင့်ဖိ၍ ပြုတ်ပျက်သွားအောင် ကြိုးစားရုံမျှမကဘဲ 'အလကား အကောင်ကလေးပါ၊ ဂျပိုးထိုး၊ မြင်းလောင်း သောက်စားနေရာက သူဌေးလေး မြှောက်ပေး

www.burmeseclassic.com

www.burmeseclassic.com



လို့ လှုလှုသူသူလာလုပ်ပြီး ခြေဖျားထောက်နေတာပါ’ ဟု ပြောဆိုသည်ကို ဦးအောင်သာကြားရသဖြင့် ထိုရန်ငြိုးမှာ တိုး၍ကြီးကျယ်လာခဲ့ပေ၏။

ထို့ပြင် ဦးဘကျော်မှာ ဘုရားလူကြီးများပင် မြင်းပွဲနှင့် ပတ်သက်ခြင်း မကင်းကြသော ယခုကာလ၌ လူကြီးလူကောင်း၏ အရည်အချင်းနှင့်ပြည့်စုံရန်မှာ ထိုကိစ္စများတွင်ပါဝင်ခြင်း၊ အနည်းငယ်စမ်းသပ်ကြည့်ခြင်း ပြုအပ်သည်ဟု ယူဆလျက် ရံဖန်ရံခါ လောင်းကစားကြည့်ခြင်း ပြုလေရာ ထိုအကြောင်းကို ဦးအောင်သာ သိသင့်သလောက် သိသဖြင့် မိမိ၏တူအပေါ်၌ ပြောဆိုလိုက်ခြင်းကို မခံနိုင်ဘဲ ဦးဘကျော်ကို ထုတ်ဖော်စွပ်စွဲ၍ စာရေးလိုက်ရာ ထိုစာကို ပြန်လည်ချေပသည့်စာမှာ မိမိ၏အသိအကျွမ်းဖြစ်သော မြင်းထရိန်နာ တစ်ဦးထံ သေချာပေါက် တစ်တောင်းလိုက်သည့်စာနှင့် လွဲသွားသဖြင့် ထိုအမှားကို သိရခြင်းသည် ဦးဘကျော်၏ ရုပ်အင်္ကျီကုပ်ထဲသို့ ရေခဲတုံးချလိုက်သကဲ့သို့ အေးစိမ့်စိမ့်ကြီး ဖြစ်သွားစေလေတော့၏။ ထိုစာမှာ ဦးအောင်သာအဖို့ လူလယ်ကောင်တွင် အရှက်ခွဲပြနိုင်စရာ လုံလောက်သောသက်သေခံတစ်ခု အဖြစ်သို့ ရောက်ရှိတော့မည်ကို စိုးရိမ်မိလေ၏။

‘ဒီစာကို မင်းတစ်နည်းနည်းနဲ့ ပြန်ပြီးရအောင် လုပ်ရလိမ့်မယ်’

‘ကျွန်… ကျွန်မ… ဘယ့်… ဘယ့်နှယ့်လုပ်’

‘အို… မင်းဘယ်လိုလုပ်ဖို့ကို ငါနားမလည်ဘူး၊ မင်းအမှားကို မင်းပြန်ပြီး ပြင်ဖို့ပဲရှိတယ်၊ ဖြစ်တဲ့နည်းကိုရှာပြီး လုပ်ရုံရှိတာပဲ၊ အခု ဆယ်နာရီခွဲပြီ၊ ပထမအကြိမ်ပို့တဲ့စာထဲမှာ ပါသွားမှာပဲ၊ ဒါပေမယ့် ဒီလူက သူ့ကိုယ်သူ ဘိလပ်သားထင်ပြီး မနက်စောစောလမ်းလျှောက်ရတာနဲ့၊ ဘာလုပ်ရ ညာလုပ်ရတာနဲ့၊ လာတဲ့စာတွေကို သူ့ကိုယ်စားလှယ်က အရင်ဖွင့်ထားပြီးမှ သူက ခပ်အေးအေးကြည့်တယ်၊ ဘာပဲဖြစ်ဖြစ်လေ… ဒီစာကိုမင်းရအောင် ပြန်ယူပေးရမယ်၊ မရဘူးဆိုရင်…’

‘ဒါပေမယ့် ဦးရယ်…’

‘အို… ဘာမှ ဆင်ခြေပေးမနေနဲ့၊ ရရင်ရ၊ မရရင် မင်းကိုအလုပ်က ထုတ်ပစ်လိုက်ရမှာပဲ’



မတင်ညွန့်သည် မျက်နှာညိုးငယ်၍သွားရာက ဝမ်းနည်းသောအသံဖြင့် ‘ဟုတ်ကဲ့… ကျွန်မရအောင် ကြိုးစားပါ့မယ်’ ဟု ပြော၍ ထွက်ခွာခဲ့လေ၏။

* * * * *

ထိုအချိန်မှာ နံနက် ၁၁နာရီသာသာမျှ ရှိပြီဖြစ်ပေ၏။

ဦးအောင်သာ၏အိမ်ရှေ့တွင် မော်တော်ကား အမျိုးမျိုးအစားစားတို့မှ စက်ကိရိယာအစိတ်အပိုင်းများဖြင့် ပြင်ဆင်ပြုလုပ်ထားသဖြင့် အမျိုးအမည်တစ်ခုတည်းခေါ်၍မရနိုင်သော ကားတစ်စင်း ဆိုက်ရောက်လာပြီးလျှင် ဦးအောင်သာ၏တူဖြစ်သူ အုန်းဖေသည် ကားပေါ်မှဆင်းသက်၍ လာလေ၏။ အုန်းဖေ၏မျက်နှာမှာ များစွာကြည်လင်ပုံမရချေ။ အကြောင်းသော်ကား မိမိ၏မော်တော်ကားအလုပ်ရုံနှင့် စက်ကိရိယာမျိုးစုံရောင်းသောဆိုင်မှာ တဖြည်းဖြည်းကြီးပွားလာစအပြုတွင် အနီးရှိ ဦးဘကျော်၏မော်တော်ကားနှင့် ရေဒီယိုအလုပ်တိုက်ကြီးက မိမိ၏အလုပ်မျိုးကိုပါယူ၍လုပ်ကာ ငွေလုံးကြေးလုံးနှင့် ဖိ၍တိုက်နေသည့်အတွက် အလုပ်တွင်များစွာထိခိုက်၍နေသောကြောင့် မိမိ၏ဉာဏ်စွမ်းရှိသလောက် အလုပ်အကိုင်ကို ချဲ့ထွင်နိုင်ရန် အနည်းဆုံးငွေသုံးထောင်ခန့်မျှ နောက်ထပ် အရင်းအနှီးလိုနေခြင်းကြောင့် ဖြစ်လေ၏။ ယခုရောက်ရှိလာရခြင်းသည်လည်း ထိုလိုသောငွေကိုရရှိနိုင်ရန် ဦးလေးတော်သူထံမှ ချေးငှားပြောဆိုမည့်အကြံဖြင့် •လာရောက်ခြင်းဖြစ်ပေ၏။

အုန်းဖေသည် ဝင်းတံခါးကိုကျော်လွန်၍ ခြံထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက်၊ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်သွားလေ၏။ အကြောင်းမူကား အိမ်ဝင်းလမ်းဘေးတစ်ဖက်တစ်ချက်ရှိ ပုဏ္ဏရိတ်ပင်များအကြားမှ ရှိုက်လိုက်သလို၊ ငိုလိုက်သည့်အလား ထူးခြားသောအသံကို ကြားရလေ၏။ အုန်းဖေသည် သရဲတစ္ဆေခြောက်လှန့်သလားဟု ခေါင်းနားပန်းကြီးသွားကာ ဟိုဟိုဒီဒီ ကြည့်ရှုရာ လမ်းဘေးရှိ ခုံတန်းကလေးပေါ်တွင် မျက်ရည်ကလေးများကျနေသော မိန်းမပျိုတစ်ယောက်ကို တွေ့ရလေ၏။ အုန်းဖေမှာ မိမိ၏ပူပန်စရာကိစ္စတို့တွင်

www.burmeseclassic.com

www.burmeseclassic.com



အတွေးလွန်၍လာသည့်အတိုင်း အိမ်ဝင်းထဲသို့ ဝင်လာစဉ်က ထိုမိန်းမပျိုအား လုံး၍မမြင်မိဘဲ ရှိပေ၏။

'ဒီမှာ... အို... ဘာဖြစ်လို့တုန်း'

မိန်းကလေးသည် မော့၍ကြည့်ကာ မိမိအနီး၌လူရှိနေသည်ကို ယခုမှ သိရှိလန့်ဖျပ်သကဲ့သို့ ဖြစ်သွားပြီးမှ 'ဟုတ်ကဲ့... ဟင့်အင်း... မဟုတ်ပါဘူး၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ဝမ်းနည်းလို့ပါ' ဟု ဖြေလေ၏။

အုန်းဖေသည် မျက်ခုံးချီကာ ခေါင်းကိုဘယ်ညာစောင်းငဲ့၍ကြည့်ရင်း တွေဝေစဉ်းစားနေလေ၏။ ဤမျှချောမောသော မိန်းကလေးတစ်ယောက်သည် ဤသို့ ဝမ်းနည်းရှိုက်ငိုနေခြင်းမှာ တစ်စုံတစ်ခု အကြောင်းရှိ၍သာဖြစ်သည်ဟု တွေးမိလေ၏။

'ဒီမှာ အရင်က မမြင်ဖူးပါဘူး၊ ဘယ်ကလဲ၊ နာမည်...'

'ကျွန်မနာမည်... မတင်ညွန့် ခေါ်ပါတယ်၊ ဦးအောင်သာနဲ့ တွေ့ရအောင် လာတာပါ၊ ကျွန်မ ဒီကမဟုတ်ပါဘူး'

'သြော်... အခန်းထဲမဝင်ရဘူးဆိုပြီး စာအုပ်နဲ့ပေါက်ထုတ်လို့လား'

'အို... ဒီလိုမဟုတ်ပါဘူး၊ ကိုယ်စားလှယ်လုပ်တဲ့လူက မဝင်ရဘူးတဲ့'

'ဟုတ်တယ်... ဟုတ်တယ်... ကျုပ်ဟာ သူ့တူပဲ၊ အုန်းဖေဆိုတာ ကျုပ်ပဲ၊ ကျုပ်ဦးလေးဟာ အင်မတန်ဆန်းတယ်၊ ကျုပ်ကိုတောင် သူ့သဘောနဲ့ မတွေ့ရင် စာအုပ်အကြီးဆုံးရှာပြီး အခန်းထဲက ပေါက်ထုတ်လို့မေးတာ၊ ကိုစံညွန့်က ဝင်ခွင့်မပေးတာ ကံကောင်းတယ်လို့ အောက်မေ့ပါ'

'မဟုတ်ပါဘူးရှင်၊ ကျွန်မကိစ္စက အင်မတန်အရေးကြီးပါတယ်၊ သူနဲ့မတွေ့ရဘူးဆိုရင် ကျွန်မအလုပ်ကို ထိခိုက်ပါလိမ့်မယ်၊ အလုပ်ပြုတ်မှာပဲရှင့်'

'သြော်... ဒါလောက်တောင်ပဲ အရေးကြီးသလား၊ အကျိုးအကြောင်းပြောပြလို့ သိရမယ်ဆိုရင်ဖြင့် ဖြစ်မြောက်အောင်ကူညီပါမယ်'

'ကိစ္စကတော့... စာတစ်စောင်အတွက်ပါပဲ၊ ဒီစာကို စာအိတ်ချင်း



လွဲပြီးထည့်မိတာပါ၊ အကြောင်းကတော့ ဒီလိုရှင့်' ဟု အစချီကာ မတင်ညွန့်က အဖြစ်အပျက်အလုံးစုံကို ပြော၍ပြလေ၏။

'သြော်... မတင်ညွန့်က ဒီသတ္တဝါကြီးဆီမှာ အလုပ်လုပ်တာကိုး၊ သူပဲ ကျုပ်အလုပ်အကိုင်ကို ပျက်စီးအောင် ဖိနေတာ'

'ကြားရတာ ဝမ်းနည်းပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မမှာ ဘယ်သူ့ရယ် ဘယ်ဝါရယ် မဟုတ်ပါဘူး၊ ဝမ်းရေးအတွက် သူ့ဆီမှာ လုပ်ရတာပါပဲ'

'အို... မတင်ညွန့်ကို သူ့ဆီမှာလုပ်ရကောင်းလားရယ်လို့ အပြစ်ဆိုနေတာလဲ မဟုတ်ပါဘူး၊ သူ့ဆီကလူဖြစ်တဲ့အတွက်လဲ အမုန်းမထားပါဘူး' ဟု ဆိုပြီးနောက် အုန်းဖေသည် ဖြစ်နေသောအခြေအနေကို တွေးတောစဉ်းစား ကြည့်လေ၏။ ထိုစာသည် မိမိအား မလိုလားသူဖြစ်သည့် ဦးဘကျော်အား ထိခိုက်စေနိုင်သည့် မိမိအဖို့အချက်ကောင်းတစ်ခုဖြစ်ရာ မတင်ညွန့်အား ပြန်၍ရအောင်လုပ်ပေးလျှင် ဦးဘကျော်အား နှက်နိုင်မည့်အချက်ကောင်းကို လွတ်ရတော့မည်၊ အလွတ်မခံလိုခဲ့သော် မတင်ညွန့်မှာ အလုပ်ကို ထိခိုက်တော့မည်ဟု ဝေခွဲမရနိုင်အောင် ရှိ၍နေတော့၏။

'နို့... ဒီစာကို... မတင်ညွန့်က ဘယ်လိုပြန်ပြီးရအောင်လုပ်မယ် ကြံသလဲ'

'ကျွန်မ... ဦးအောင်သာကိုဝင်တွေ့ပြီး အကျိုးအကြောင်း ပြောပြ တောင်းယူမယ်ကြံတာပဲ'

'မဖြစ်ဘူး... မဖြစ်ဘူး...၊ ဒီအကြောင်းကို ကျုပ်ဦးလေးသိရင် ဒီစာကို သာပြီးတော့ မပေးသေးတယ်၊ ကျုပ်တို့ ပရိယာယ်သုံးမှရမယ်'

'ဘယ်လိုလဲရှင့်' ဟု မတင်ညွန့်က မျှော်လင့်သောအမူအရာဖြင့် မေးလေ၏။

'ဒီလိုရှိတယ်၊ ဦးလေးအလုပ်တွေဟာ ကိုစံညွန့်ပဲ လုပ်နေရတယ်၊ ဦးလေးကတော့ မနက်လမ်းလျှောက်မယ်၊ စာအုပ်တွေဖတ်မယ်၊ ပန်းခြံကို ကြည့်မယ်၊ ဒါတွေပဲရှိတယ်၊ စာတွေဆိုတာ ကိုစံညွန့်ကပြမှ သတိပေးမှ ဖတ်လေ့ရှိတာ၊ ဒီတော့... ဒီစာကို ဦးလေးမဖတ်ရခင် ကိုစံညွန့်လက်ထဲက ရအောင်ယူမှဖြစ်မယ်'

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်ရှင်၊ ဒီစာပြန်ရရင် ကျွန်မအလုပ်မြဲမှာမို့ ကျွန်မကို ထမင်းမငတ်အောင် ကယ်ဆယ်တာနဲ့ အတူတူပါပဲ' ဟု မတင်ညွန့်ပြော၍ စကားမဆုံးမီ အုန်းဖေ၏ပါးစပ်မှ 'ဟာ… ခက်တာပဲ' ဟူသော အသံထွက်လာသဖြင့် မတင်ညွန့်မှာ အားလျော့၍သွားလေ၏။

'ဘယ်စာလဲဆိုတာ မတင်ညွန့်မှ မှတ်မိမှာမို့ လိုက်ခဲ့မှဖြစ်မယ်'

'ဒါပေမယ့်… ဦးလေးနဲ့တွေ့ရင် မတင်ညွန့်ဟာ ဘယ်သူဆိုတာ ဘယ်လိုလုပ်ပြီး ပြောရပါ့မလဲ၊ အသိအကျွမ်းလို့ ပြောရအောင်ဟာကလဲ အသိအကျွမ်းဆိုတာ နေရာတကာခေါ်လာရတာမဟုတ်၊ အထူးသဖြင့် မိန်းမအသိအကျွမ်းဆိုတော့လဲ ခက်တာပဲ'

'ဟုတ်ကဲ့…၊ ကိုအုန်းဖေပြောတာလဲ မှန်တာပါပဲရှင်၊ ဒါပေမယ့် ကိုအုန်းဖေအလုပ်ရုံက စာရေးမပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ဆိုရင်ကော'

'အို… မဖြစ်နိုင်ဘူး၊ အခုဒီကိုလာတာဟာ အလုပ်အတွက် မလုံလောက်လို့ ငွေချေးရအောင်လာတဲ့ကိစ္စပဲ၊ စာရေးမထားတယ်ဆိုရင် စီးပွားလမ်းဖြောင့်နေလို့ပဲလို့ အယူရှိပြီး လိုတဲ့ငွေမရမှာလဲ စိုးရိမ်ရတယ်'

ထိုအခိုက်တွင် အုန်းဖေ၏မျက်လုံးများမှာ တောက်ပြောင်ကြည်လင်၍လာကာ ရွှင်ပြုံးကြည်လင်သောအမူအရာဖြင့် မတင်ညွန့်ကို ကြည့်လေ၏။

'ပြောရမှာတော့ အားနာတာပဲ'

'ပြောပါရှင်၊ ဘာမှအားမနာပါနဲ့၊ ပြောပါ'

'အဲ… အို… မတင်ညွန့်ဟာ ကျွန်တော့်မိန်းမ၊ ဒီကနေ့ပဲ ရုံးမှာလက်ထပ်ခဲ့ကြတယ်လို့ ပြောရင်တော့…' ဟု ပြောနေရာက မတင်ညွန့်မှာ မျက်လုံးပြူးသွားသည်ကိုတွေ့ရသဖြင့် အုန်းဖေသည် စကားကို ခေတ္တမျှရပ်၍ နေလိုက်မိလေ၏။ ထို့နောက်မှ ဆက်လက်၍…

'ဦးလေးကလဲ ကျုပ်ကို အခုလိုနေလို့မဖြစ်ဘူး၊ မိန်းမယူရမယ်၊ ဒါမှ တာဝန်ရှိလာတဲ့အတွက် စုမိဆောင်းမိမယ်၊ သူကလဲ ဒီအခါ ကြည့်ဦးမယ်လို့ ပြောထားတဲ့စကားရှိတော့…' ဟု ဆို၍ရပ်ထားပြန်၏။

မတင်ညွန့်သည် ခေါင်းကလေးငုံ့၍ တွေဝေကာ ရှက်ကြောက်ဝမ်းနည်းသကဲ့သို့ ရင်ထဲတွင်ဖို၍ နေလေတော့၏။

BURMESE CLASSIC .com



'ဘယ့်နှယ်လဲ…၊ ဒီလိုမှပဲ ဖြစ်နိုင်လိမ့်မယ်ထင်တယ်၊ မတင်ညွန့်အကြံလဲအောင်ရော၊ ဒီက အလိုဆန္ဒလဲ ပြည့်ဝရောပဲ'

မတင်ညွန့်သည် တစ်ချက်မျှမော်၍ကြည့်ပြီး ခေါင်းပြန်ငုံ့၍သွားရင်း 'ကျွန်မစာကိုပြန်ရမယ်ဆိုရင် ဘာပဲဖြစ်ဖြစ်လုပ်ရတာပေါ့၊ ကျွန်မ ငြင်းဖို့မရှိပါဘူးရှင်' ဟု မရဲတရဲ ဖြေလိုက်လေ၏။

'ကဲ… လာ… ဝင်ကြမယ်' ဟု အုန်းဖေက ရွှင်လန်းဝမ်းမြောက်စွာ ပြောဆိုကာ အိမ်ထဲသို့ ခေါ်ငင်သွားလေ၏။

နှစ်ဦးသား အိမ်တွင်းသို့ ရောက်သွားကြသောအခါ ရှေးဦးစွာ ကိုစံညွန့်ကိုတွေ့ကြရာ ကိုစံညွန့်သည် မတင်ညွန့်အား မြင်ဖူးသလိုလို၊ မသကာသလိုလို စိုက်၍ ကြည့်နေလေ၏။

ထိုအခါ အုန်းဖေက ရယ်မောလျက် 'ဘယ်သူမှတ်လို့လဲ၊ ဟဲဟဲ… အဲဒါ ကျွန်တော့်ဇနီးချောပဲ' ဟု ပြောလိုက်ရာ ကိုစံညွန့်မှာ အံ့အားသင့်၍သွားလေ၏။

'ဟုတ်လား၊ ဟင်… ဘယ့်နှယ်…မပြောမဆို…၊ ဦးအောင်သာ သိရဲ့လား'

'မသိသေးဘူး'

'ဒါဖြင့် နေကြဦး၊ သွားပြောလိုက်ဦးမယ်'

ကိုစံညွန့်ထွက်သွားသည်နှင့်တစ်ပြိုင်နက် အုန်းဖေသည် ကိုစံညွန့်၏အလုပ်စားပွဲပေါ်ရှိ စာများကိုရှာကာ မတင်ညွန့်အား ကြည့်ခိုင်းလေ၏။

'တစ်စောင်မှ မဟုတ်ဘူး၊ ဒီမှာလဲ မရှိဘူး'

'ရှိရမှာပေါ့၊ မနေ့က ထည့်လိုက်တယ်ဆိုရင်…' ဟု အုန်းဖေ၏ စကားမဆုံးမီ ကိုစံညွန့်ဝင်ရောက်လာသဖြင့် စကားရပ်၍သွားလေ၏။

'ဘာရှာကြတာလဲ…၊ ဘာလိုချင်လို့တုန်း၊ ပြောပါ'

'အလကားပါ၊ အလုပ်တွေများကြောင်းကို မတင်ညွန့်ကို ပြနေတာ၊ ဒီနေ့ စာတွေတယ်ပြီးများတယ်နော်'

'ဟာ… ဒီလိုပဲ၊ တစ်ခါတစ်ခါသိပ်များတာပဲ၊ ဒါထက် ဒီနေ့ စာအဆန်းတစ်စောင် ရောက်တယ်၊ ဦးဘကျော်က ဦးအောင်သာနာမည်နဲ့ ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ အထဲမှာတော့ မြင်းအကြောင်းတွေပါနေတယ်၊ ကိုယ်နဲ့လဲ မဆိုင်တာနဲ့ ဦးအောင်သာကိုပဲ ပေးလိုက်တယ်၊ ဖတ်မှဖတ်သေးရဲ့လား မသိဘူး၊ ခုတင်ကပဲ ပေးလိုက်တယ်၊ သူလဲ စာအုပ်ဖတ်နေတာနဲ့ ယူမကြည့်သေးဘူး၊ ကဲ.. ကဲ... သွားပြီး တွေ့လိုက်ကြဦး၊ အထဲက စောင့်နေတယ်'

အုန်းဖေနှင့် မတင်ညွှန့်တို့မှာ ထိုစကားကို ကြားလျှင်ကြားရခြင်း 'ဟိုက်' ဟု အသံမထွက်ရုံတမယ် ရှိသွားကြပြီး 'ဖတ်မှဖတ်ရသေးရဲ့လား မသိဘူး'ဟူသည့်စကားကိုကြားလိုက်ကြရမှ အနည်းငယ် စိတ်သက်သက်ရာ ရသွားကြကာ ဦးအောင်သာ စာဖတ်နေသည့်အခန်းထဲသို့ ဝင်သွားကြလေ၏။

ဦးအောင်သာသည် အုန်းဖေတို့ဝင်ရောက်လာသည်ကို သိရသဖြင့် စာအုပ်ကိုချ၍ စာကြည့်မျက်မှန်ကိုချွတ်ပြီး စားပွဲပေါ်၌တင်ကာ အုန်းဖေတို့အား လှမ်း၍ကြည့်နေလေ၏။

'ဒါ မင်းမိန်းမလား'ဟု ဦးအောင်သာကမေးလေ၏။

'ဟုတ်ကဲ့' ဟု အုန်းဖေက ပြုံး၍ဖြေလေ၏။ မတင်ညွှန့်မှာမူ ခေါင်းငုံ့နေလေ၏။

'မင်း ဘယ်လိုလုပ်လာတာလဲ၊ တို့ကို စောစောစီးစီး တိုင်ပင်ခြင်း မပြုဘူး၊ မင်း ထင်သလိုလုပ်လာတာပဲလား'

'ကျွန်... ကျွန်တော်...'

'ငါသိတယ်... ငါသိတယ်၊ မင်း ခိုးလာတာမဟုတ်လား'

အုန်းဖေသည် လက်ထပ်လာခဲ့ကြသည်ဟု ပြောသည်ထက် ခိုးလာသည်ဟု ဝန်ခံလိုက်ခြင်းက ပို၍ယုတ္တိတန်မည့်အပြင် ဦးအောင်သာ၏ထင်မြင်ခြင်းကို လေးနက်စေမည်ဟု ယုံကြည်ကာ ခေါင်းညိတ်လိုက်လေ၏။

ဦးအောင်သာသည် ဒေါသထွက်သည့်အမူအရာဖြင့် 'မင်း သူများသားသမီးကို ဒီလိုခိုးယူလာတယ်ဆိုတာ ကောင်းနိုင်ပါ့မလား၊ မင်းမှာလဲ လူကြီးမိဘနဲ့၊ သူ့မှာလဲ လူကြီးမိဘနဲ့၊ တကယ်ဆိုရင် တောင်းရမ်းယူဖို့ မရှိပါလား' ဟု ကြိမ်းမောင်းလိုက်ပြီးနောက် 'သူ့ ဘယ်သူ့ သားသမီးလဲ'ဟု မေးလိုက်လေ၏။



အုန်းဖေမှာ အဖြေရခက်၍နေကာ မတင်ညွှန့်၏မျက်နှာကို လှည့်ကြည့်လိုက်ရာ မတင်ညွှန့်သည် အရိပ်အကဲဖမ်းမိသည့်အလျောက် 'ကျွန်မ မိဘများရန်ကုန်မှာ မနေကြပါဘူး၊ ကျွန်မက သုံးဆယ်ကပါ၊ ရန်ကုန်မှာ ကျွန်မ ဆွေမျိုးစပ်တစ်ဦးအိမ်မှာနေပြီး အလုပ်လာလုပ်နေတာပါ' ဟု ပြောလေ၏။

ဦးအောင်သာလည်း မတင်ညွှန့်အား အသေအချာစိုက်၍ ကြည့်နေပြီးနောက် 'မင်း... သူ့ကို မေတ္တာရှိလို့ လိုက်လာတာလား'ဟု မေးလေ၏။

မတင်ညွှန့်သည် ထိုအမေးကို ပါးစပ်ဖြင့်ဖြေရန် မရဲသကဲ့သို့ ခေါင်းညိတ်လိုက်လေ၏။

'အို... မင်းတို့ အခုလို လိုက်လာကြလို့ ဘယ်ဖြစ်မလဲ၊ တော်တော်ကြာ အရှုပ်အရှင်းတွေ ဖြစ်လာမှာစိုးရိမ်ရတယ်၊ သွား...သွား... မင်းတို့ မြန်မြန်ဆန်ဆန် အရေးပိုင်ရုံးမှာသွားပြီး လက်ထပ်လိုက်ကြဦး' ဟု ဦးအောင်သာသည် ပြောပြောဆိုဆို ထိုင်ရာမှထကာ အုန်းဖေနှင့် မတင်ညွှန့်တို့အား လက်နှစ်ဖက်ကိုမြှောက်၍ ကြက်မောင်းသလို အခန်းထဲမှ ထုတ်နေသည့်အတွက် အုန်းဖေသည်လည်း မတင်ညွှန့်၏လက်ကိုဆွဲ၍ အပြင်ဧည့်ခန်းထဲသို့ ခေါ်ခဲ့ရလေ၏။

'ကိုအုန်းဖေ... စာကိုမြင်ခဲ့ရဲ့လား' ဟု မတင်ညွှန့်က မေးလေ၏။

'မြင်တော့ မြင်ခဲ့တာပဲ၊ ဒါပေမယ့် ဆွဲယူဖို့အချိန်မရဘူး၊ စားပွဲပေါ်က စာအုပ်တွေကြားထဲမှာ ချထားတယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဟောဒါဆွဲယူခဲ့တယ်' ဟု ဆိုကာ အုန်းဖေက လက်ထဲမှ တစ်စုံတစ်ရာကို ပြလေ၏။

'မျက်မှန်လား'

'အင်း... ဒါမရှိရင် သူစာဖတ်လို့ရမှာမဟုတ်ဘူး၊ ခဏနေဦး၊ ကျေပ် ဒါကို သွားပြီးဖှက်ထားလိုက်ဦးမယ်၊ နောက်တော့... ကိုစံညွှန့် ဆိုင် တွေ့မှာပါပဲ' ဟု ပြောပြောဆိုဆို ထွက်ခွာ၍သွားလေ၏။

မတင်ညွှန့် အိမ်ဘေးဖက် ပြတင်းပေါက်သို့သွား၍ရပ်ကာ ဝမ်းနည်း

www.burmeseclassic.com



ပူပင်ခြင်းမကင်းသော မျက်လုံးများဖြင့် ပန်းခြံထဲသို့ တွေဝေငေးစိုက်၍ ကြည့်နေလေ၏။

မကြာမီပင် အုန်းဖေပြန်၍ရောက်လာကာ 'မတင်ညွန့်… ဘာစိတ်ပူနေသလဲ၊ အခု သူစာကိုမဖတ်နိုင်အောင်လုပ်ထားလိုက်ပြီ၊ တော်တော်ကြာအချက်ရရင် စာကိုပြန်ပြီးရအောင် လုပ်ဖို့ရှိတာပဲ' ဟု ဆိုလေ၏။

'ကျွန်မ… ဒါကိုမပူပါဘူး ကိုအုန်းဖေ၊ ဦးလေးအကြောင်းကို စဉ်းစားနေတာပါ၊ ကျွန်မတို့ပြောလိုက်တဲ့ စကားတွေဟာ လွန်ကုန်ပြီထင်တယ်'

အုန်းဖေသည် ကျေနပ်နှစ့်သိမ့်သောအမူအရာဖြင့် မပွင့်တပွင့်ပြုံးကာ မတင်ညွန့်၏လက်ကလေးကို ဆွဲကိုင်လိုက်လေ၏။ မတင်ညွန့်မှာ ထိုသို့ ဆုပ်ကိုင်ခံရသည့်အတွက် ထူးခြားသောအတွေ့၊ ထူးခြားသောတုန်လှုပ်ခြင်း ဖြစ်မိသော်လည်း မတွန့်မလှုပ်ဘဲ ငြိမ်သက်စွာနေလိုက်လေ၏။

'စကားလွန်သွားတာကို ဝမ်းနည်းသလား' ဟု အုန်းဖေက မေးလေ၏။

'ဝမ်းနည်းတယ်လို့တော့ မဆိုလိုပါဘူး၊ ဒါပေမယ့် မဟုတ်ဘဲနဲ့တော့…'

'မဟုတ်ဘဲနဲ့ အထင်ခံရတာ ရှက်သလား၊ ဒါကတော့ ယုံကြည်အောင် လုပ်ရတဲ့ကိစ္စကိုး၊ ဒါပေမယ့် ဟုတ်တဲ့အတိုင်း အထင်ခံရရင်ကော…'

'ရှင်…' ဟု မတင်ညွန့်သည် အံ့အားသင့်စွာပြောဆိုလျက် ပြူးကျယ်သောမျက်လုံးများဖြင့် အုန်းဖေအား စိုက်၍ကြည့်နေမိလေ၏။

အုန်းဖေသည် ရုတ်တရက်အပြောရခက်အောင် လည်ချောင်းတွင် တစ်စုံတစ်ရာတစ်ဆို့နေသကဲ့သို့ တံတွေးကိုမျိုချလိုက်ပြီးလျှင်…

'မတင်ညွန့်၊ ကျုပ်စိတ်ထဲမှာရှိတာကို အမှန်အတိုင်းပြောရရင် ကျုပ် မတင်ညွန့်ကို အခုမှ တွေ့ရသော်လဲ ရှေးကတည်းက သိခဲ့ ချစ်ခဲ့ကြပြီး သမီးရည်းစားဖြစ်နေကြ သလိုပဲ စိတ်ထဲမှာအောက်မေ့နေတယ်၊ ဒီစိတ်ဖြစ်ပေါ်လာတာကိုထောက်ရင် ကျုပ် မတင်ညွန့်အပေါ်မှာ ချစ်နေပြီဆိုတာ သိရတာပဲ' ဟု ပြောပြလိုက်ရာ မတင်ညွန့်မှာသာ၍ပင် အံ့သြတုန်လှုပ်ခြင်း ဖြစ်သွားလေ၏။



ထိုစကားမျိုးကိုလည်းကောင်း၊ ထိုသဘောသက်ရောက်သည့်စကားမျိုးကိုလည်းကောင်း မတင်ညွန့်သည် တစ်ခါမှမကြားခဲ့၊ အပြောမခံခဲ့ရဘူးလေရာ ယခုကဲ့သို့ ကြားလိုက်ရသည်တွင် ခါတိုင်းနေရသလိုနှင့်မတူဘဲ ထူးခြားလှုပ်ရှားခြင်း ဖြစ်မိ၏။ ဝမ်းသာသလိုလိုလည်း ရှိ၏။ ရှက်သလိုလိုလည်း ရှိ၏။ ဝမ်းနည်းသလိုလိုလည်း ရှိ၏။ အထူးသဖြင့် အုန်းဖေ၏မျက်နှာကိုပင် မော်၍ မကြည့်ရဲသကဲ့သို့ရှိကာ ခေါင်းငုံ့၍နေမိလေ၏။

'ဒီကတော့ဖြင့် တကယ့်ကိုပဲ အမှန်ချစ်မိတာပါပဲ၊ မတင်ညွန့်ကသာ ပြန်ပြီးချစ်နိုင်မယ်ဆိုရင် ဦးလေးပြောမိခဲ့တဲ့စကားတွေဟာ ဘာမှလွန်တယ်လို့ ဆိုစရာမရှိပါဘူး၊ ဘယ့်နှယ့်လဲ မတင်ညွန့်… ချစ်နိုင်ရဲ့လား'

မတင်ညွန့်သည် အဖြေကိုရှာမရသကဲ့သို့ ခေါင်းငုံ့မြဲငုံ့၍ နေလေ၏။

'ပြောပါ… မတင်ညွန့်ရယ်…၊ စာကိစ္စကို ဖယ်ထားပြီးတော့ မတင်ညွန့်ဟာ ကျုပ်အပေါ်မှာ ရိုးရိုးသဘောနဲ့ ချစ်နိုင်ရဲ့လား၊ ချစ်သလား'

မတင်ညွန့်သည် မျက်နှာကို အနိုင်နိုင်မော့ကာ အုန်းဖေ၏မျက်နှာကို စိုက်၍ကြည့်လေ၏။ ထိုသို့ကြည့်ရင်း မတင်ညွန့်၏ နှလုံးသားများအတွင်းဝယ် တဖြည်းဖြည်း အဖြေပေါ်ပေါက်လာကာ 'ဟုတ်ကဲ့၊ ကျွန်မလဲ ချစ်…' ဟု ဆိုကာ စကားအဆုံးသတ်ရမည်ကို ခက်သလိုလို၊ ရှက်သလိုလို ခေါင်းငုံ့သွားလေ၏။

အုန်းဖေမှာ ဝမ်းအမြောက်ကြီးမြောက်၍ သွားလေ၏။ ထိုနေရာတွင်ပင် ထ၍ခုန်ချင်သလိုလို ဖြစ်မိလေ၏။ ခြေဖျား၊ လက်ဖျားများကိုပင် ကိုးရိုးကားရားလှုပ်ရှားမိကာ 'ဝမ်းသာလိုက်တာ အညွန့်ရယ်၊ နေဦး ညွန့်…၊ ဒီမှာနေဦး၊ ကျုပ် ဦးလေးဆီဝင်ပြီး အလုပ်အတွက် ငွေသုံးထောင် တောင်းဦးမယ်၊ ရလို့ရှိရင် ညွန့်နဲ့… ဒီက ကို… အင်း… ကိုကိုနဲ့…' ဟု စကားကို မဆက်တတ်ဆက်၍ မပြောရဲသကဲ့သို့ ရပ်တန့်ထားကာ 'နော်… ညွန့်…၊ နေဦးနော်…' ဟု ဆို၍အခန်းထဲသို့ ပြန်ဝင်သွားလေ၏။

'ဟော့ကောင်… လာပြန်ပြီလား၊ မင်း ဘာအလုပ်ရှင်းလာပြန်တာတုန်း'

'ဦးလေး၊ ကျွန်တော့်အလုပ်အတွက် ငွေသုံးထောင်လောက်ချေးပါ'

www.burmeseclassic.com



'ဘာ…' ဟု ဦးအောင်သာက ပြုံးပြုံးပြုံပြုံ မေးလိုက်လေ၏။

'ကျွန်တော့်အလုပ်ကို ဦးဘကျော်က နှိပ်နေတဲ့အတွက် သူနဲ့ အပြိုင် အဆိုင်လုပ်နိုင်အောင် အလုပ်ချဲ့ဖို့ ငွေသုံးထောင်လောက် လိုချင်လို့ပါ'

'မင်းတယ်ခက်တာကိုး၊ စောစောက မိန်းကလေးတစ်ယောက် ခေါ်လာပြီး နိုးလာတယ်ပြော၊ တစ်ခါအခု အလုပ်ချဲ့မယ်ပြော၊ မင်းဟာ… ဘယ့်နှယ်တုန်း' ဟု ဆိုနေရာက အုန်းဖေ၏လက်များ ရုတ်တရက်လှုပ်ရှား လိုက်သည်ကိုတွေ့ရသဖြင့် 'ဟော့… ဟော့… မင်း ဒီစာဘာလုပ်တာလဲ' ဟု မေးလေ၏။

'ဘာမှမလုပ်ပါဘူး…' ဟု ဆိုကာ အုန်းဖေသည် စာအိတ်ကို ပြန်၍တင်ထားလိုက်ပြီး 'ဦးဘကျော်နာမည် စာအိတ်ပေါ်မှာ နှိပ်ထားတာ တွေ့ရလို့ ဘာလဲလို့…' ဟု ပြောလိုက်လေ၏။

'သြော်… အခုမှငါသတိရတယ်၊ ဒါ ဘကျော်က ငါ့ဆီပေးလိုက် တဲ့စာကွဲ့၊ ဘာတွေပါတယ်ဆိုလား… ခုနက စံညွှန့်ပြောပါတယ်၊ ငါလဲ မဖတ်ရသေးဘူး၊ နေစမ်းပါဦး… ငါ့မျက်မှန် ဘယ်ရောက်သွားပါလိမ့်…၊ ဟော့… မောင်စံညွှန့်၊ ငါ့မျက်မှန်ရှာစမ်းပါဦး…' ဟု အခန်းတံခါးဝသို့ထွက်၍ ကိုစံညွှန့်အား လှမ်းပြောလေ၏။

'ဟုတ်ကဲ့… ရှာပါ့မယ်' ဟု ကိုစံညွှန့်က လှမ်း၍ပြောကာ ထလာ လေ၏။

'ကျွန်တော်လဲ ရှာပေးပါ့မယ်' ဟု အုန်းဖေသည်နောက်နားမှ ပေါ် ပေါက်၍လာကာ ပြောဆိုပြီးလျှင် အပြင်သို့ထွက်ခဲ့လေ၏။

ကိုစံညွှန့်သည် အခန်းထဲသို့ဝင်ကာ ဦးအောင်သာနှင့်အတူ မျက်မှန်ကို လိုက်၍ရှာလေ၏။ သို့ရာတွင် တော်တော်နှင့်မျက်မှန်ကို မတွေ့ရဘဲ ရှိနေကြ ခိုက် အိမ်ရှေ့အခန်းမှ လူခေါ်သံကိုကြားသဖြင့် ကိုစံညွှန့် ထွက်၍သွားပြီးနောက် များမကြာမီ ပြန်၍လာကာ 'ဦးဘကျော်က တွေ့ချင်လို့ပါတဲ့' ဟု ပြောလေ၏။

'ဒီလူက အခုစာပေး၊ အခုလူလာ၊ ဘာလုပ်ဖို့များလဲ မသိဘူး၊ သွား… လာခဲ့ပါလို့ ပြောလိုက်'



ဦးဘကျော်မှာ မတင်ညွှန့် လျှင်မြန်စွာပြန်၍ မရောက်လာသဖြင့် စိုးရိမ်ပူပန်ကာ လိုက်၍လာခဲ့ခြင်း ဖြစ်ပေ၏။

'ဘာကိစ္စလဲ' ဟု ဦးအောင်သာက ဆီး၍မေးလိုက်လေ၏။

'ကျုပ်စာအတွက် လာတာပဲ'

'ဗျာ… ဘာစာလဲ…၊ ဘယ့်နှယ်စာလဲ'

'ဘာစာလဲဆိုတာ ခင်ဗျားဖတ်ပြီးလို့ သိရောပေါ့၊ အဲ့ဒီစာကို ပြန်ပြီး တောင်းဖို့ ကျုပ်အလုပ်တိုက်က မိန်းကလေးတစ်ယောက်ကို လွှတ်လိုက် တယ်၊ အခုထက်ထိ ပြန်မလာသေးတာနဲ့ စာမရလို့ဘဲဆိုပြီး ကျုပ်လိုက်လာခဲ့ တာပဲ'

'သြော်… ဟိုစာလား၊ အယ်… ဒါပေမယ့် ကျုပ် ဖတ်မကြည့်ရ သေးပါဘူး၊ ဘယ်မိန်းကလေးမှလဲ မလာဘူး၊ အုန်းဖေရဲ့ မိန်းမပဲလာတယ်၊ ဟုတ်တယ်မဟုတ်လား… မောင်စံညွှန့်'

'ဟုတ်ပါတယ်'

'နို့… ကိုဘကျော်က စာရေးမတစ်ယောက် လွှတ်လိုက်တယ်ဆိုပါ ကလား'

'ဆယ်နာရီခွဲကျော်ကျော်လောက်တုန်းက ဦးဘကျော်ဆီက ဆိုပြီး မိန်းကလေးတစ်ယောက်တော့ လာတာပဲ၊ ဒါပေမယ့် အလုပ်များနေတယ်၊ မတွေ့နိုင်ဘူးလို့ ပြောလွှတ်လိုက်တာပဲ၊ နောက်တော်တော်ကြာကျတော့ ဒီမိန်းကလေးပဲ မောင်အုန်းဖေနဲ့ရောက်လာပြီး သူ့မိန်းမလို့ ဆိုနေပြန်တယ်'

'သွား…သွား… သွားခေါ်ချေစမ်း'

ကိုစံညွှန့်သည် အပြင်သို့ထွက်သွားကာ ပြန်၍လာပြီးနောက် 'မရှိ တော့ဘူး၊ နှစ်ယောက်စလုံး ထွက်သွားကြပြီ' ဟု ပြောပြလေ၏။

'နို့… ဟိုစာဟာ ရှာစမ်းပါဦး'

ကိုစံညွှန့်သည် စာအုပ်များအကြားမှ စာအိတ်တစ်ခုကို ထုတ်၍ပေးရာ ဦးအောင်သာက ယူလိုက်ပြီး 'မင်း မျက်မှန်ရှာပါဆိုတာလဲ မတွေ့သေး ဘူးလား၊ ဘာစာလဲ၊ မင်းပဲ ဖတ်စမ်းပါဦး' ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဘကျော်က 'ဒီစာကို မဖတ်ဖို့ တားမြစ်ချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် တခြားလူတစ်ယောက်ဆီ ပေးတဲ့စာနဲ့ လွဲပြီး ထည့်လိုက်မိတဲ့စာဖြစ်နေတယ်၊ ဒါကြောင့် ပြန်ယူရအောင်လာတာ' ဟု ပြောဆိုလေ၏။

'အို… ဒီလိုလား၊ ဒါ ခင်ဗျားပေါ့လျော့တဲ့အပြစ်ပဲ၊ နောင်ကို ဂရုစိုက်ပါ၊ ရော့… ခင်ဗျားစာ၊ ကျုပ် ဒီလိုသူများကိစ္စကို ခိုးဝှက်ပြီး မသိချင်ဘူး'

ဦးဘကျော်သည် စာကိုရသည်နှင့်တစ်ပြိုင်နက် ကြာကြာမနေတော့ဘဲ လျင်မြန်စွာနှုတ်ဆက်၍ စာအိတ်ကို အင်္ကျီထဲသို့ ထိုးသွင်းထည့်ခဲ့ပြီး ပြန်ခဲ့လေ၏။

အလုပ်တိုက်သို့ပြန်၍ရောက်သောအခါ မတင်ညွန့် ပြန်၍ရောက်နေသည်ကိုတွေ့ရသည့်အပြင် ၄င်းစားပွဲအနီး၌ ယောကျ်ားပျိုတစ်ယောက်လည်း ထိုင်နေသည်ကို တွေ့ရလေ၏။ ထိုသူမှာ မိမိ၏အလုပ်ကို ပြိုင်နေသော မောင်အုန်းဖေဖြစ်သည်ကို ဦးဘကျော်သည် ကောင်းစွာသိရှိလေ၏။

ဦးဘကျော်သည် မတင်ညွန့်အား မိမိအခန်းထဲသို့ လိုက်ခဲ့ရန်ခေါ်၍ ပင် မနေအားတော့ဘဲ အနားသို့ကပ်သွားကာ 'မင်းကို ငါမှာလိုက်တာကို မင်းမလိုက်နာဘူး၊ မင်းကို အလုပ်က ထုတ်ပစ်ရလိမ့်မယ်၊ ဘယ်မလဲစာ' ဟု ဦးဘကျော်က ဆိုလေ၏။

ထိုအခါ အုန်းဖေကကြားဝင်ကာ 'စာ ကျွန်တော့်ဆီမှာ' ဟု ပြောလိုက်ရာ ဦးဘကျော်မှာ ရုတ်တရက် မျက်လုံးပြူး၍သွားလေ၏။

'ဘာ… မင်းက… ငါ့ကိုဘာကြောင်တာလဲ၊ မင်းဟာ ငါ့အလုပ်ကို နှောင့်ယှက်နေရုံတင်မကဘူး၊ ငါ့ကိစ္စထဲမှာတောင် ဝင်ရှုပ်ချင်နေသေးသလား၊ ဒီမှာ ငါ့စာ' ဟု ဦးဘကျော်သည် စာအိတ်ကိုထုတ်၍ အုန်းဖေ၏မျက်နှာရှေ့တွင် ဂျောက်ဂျက်ခေါက်သလိုလုပ်၍ပြပြီးနောက် စာရွက်ကိုဖြန့်ကြည့်လိုက်ပြီး မျက်လုံးပြူးကာ ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။ စာရွက်မှာ အလွတ်ဖြစ်နေ၏။

'ဟိုက်… ဒါ ငါ့စာမဟုတ်ပါကလား'



'ခင်ဗျားစာ ကျွန်တော့်ဆီမှာ…၊ ကျွန်တော် စာရွက်အလွတ်တစ်ခုနဲ့ လဲထားပြီး ယူလာခဲ့တယ်' ဟု အုန်းဖေက ပြောပြီးနောက် 'အမှန်ကိုပြောရရင် ကျွန်တော် ခင်ဗျားအလုပ်ကို နှောင့်ယှက်နေတာ မဟုတ်ဘူး၊ ကျွန်တော့် အလုပ်ကို ပျက်စီးအောင် ခင်ဗျားကသာ ဖိနှိပ်နေတာ၊ အခု ခင်ဗျားစာ ကျွန်တော့်လက်ထဲမှာရှိနေပြီ၊ ဒီစာကို ဦးလေးသိရင် ခင်ဗျား ဘယ်အခြေအနေ ရောက်သွားမယ်ဆိုတာ သိရဲ့လား၊ အခု ကျွန်တော့်ကို ပျက်စီးအောင်ကြံသလို ခင်ဗျားကို ကျွန်တော်လုပ်နိုင်ပြီ' ဟု ဆိုလိုက်လေ၏။

ဦးဘကျော်မှာ ထိတ်လန့်သွားကာ ရုတ်တရက်စကားမပြောနိုင်ဘဲ ရှိနေပြီးမှ 'တူမောင်… ဒီစိတ်မျိုးလဲမထားနဲ့လေ၊ တစ်ဦးနဲ့တစ်ဦး ရန်သူလုပ်နေကြရင် နှစ်ယောက်စလုံး အလုပ်အကိုင် ပျက်စီးမှာပဲ၊ မတင်ညွန့်ကို အလုပ်ကဖြုတ်မယ်ဆိုတာလဲ တကယ်ပြောတာမဟုတ်ပါဘူး' ဟု ဆိုလေ၏။

'ဟုတ်ကဲ့၊ ဆိုပါဦး'

'ဦးတို့အလုပ်နဲ့ ပတ်သက်ပြီး စေ့စပ်ကြရင် ကောင်းမယ်ထင်တာပဲ၊ တူမောင်ဟာ ရှေ့ကိုကြီးပွားဖို့ အများကြီးရှိတယ်၊ တူမောင့်အလုပ်ကို ပျက်ပြားအောင် ဦးလေးလုပ်ပေမယ့် ခရီးမရောက်၊ တော်တော်နဲ့အထမမြောက်နိုင်ဘူးဆိုတာလဲ သိရပြီ၊ ဦးမှာလဲ တူမောင်လို အရည်အချင်းနဲ့ပြည့်စုံတဲ့ အလုပ်တူ အလုပ်ဖက် လိုနေတယ်၊ ဒီတော့ အလုပ်ချင်းပေါင်းပြီး…'

'ပါတနာသဘောမျိုးလား…၊ ဒီလိုဆိုရင်လဲ အကောင်းသားပဲ' ဟု အုန်းဖေကပြောကာ 'ဒါပေမယ့် ဒီကိစ္စကိုနောက်မှ တိုင်ပင်နှီးနှောပါရစေ၊ အခုအရေးကြီးနေတာက ကျွန်တော့် ဦးလေးရဲ့အမိန့်ကို လိုက်နာဖို့ရှိနေပါတယ်၊ ဒီကိစ္စကတော့ မတင်ညွန့်နဲ့ကျွန်တော် အရေးပိုင်ရုံးကိုသွားပြီး လက်ထပ်ဖို့ရှိနေပါတယ်၊ လာ… မတင်ညွန့်' ဟု ဆိုကာ အုန်းဖေသည် မတင်ညွန့်အား ခေါ်၍သွားရာ ဦးဘကျော်သည် ဝမ်းမြောက်ကျေနပ်သော အမူအရာဖြင့် ပြုံးပြုံးကြီးကြည့်လျက် ကျန်ရစ်ခဲ့လေသတည်း။ ။

ကြီးပွားရေးမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၄၀။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အီကြာကွေး

စာရေးဆရာဘဝသည် ပစ္စည်းမဲ့လူတန်းစား တောင်သူလယ်သမား၊ ဆင်းရဲသားတို့၏ဘဝနှင့် ခြားနားခြင်းမရှိဟု ဆိုကြသည်။ အချို့ကလည်း စာရေးဆရာကြီး မည်သူမည်ဝါသည် ဝန်ကြီးရာထူးကိုပင် မမက်မော၊ လစဉ်ဝင်ငွေမည်မျှရှိ၍ အိမ်သုံးဘတ်ဂျက် မည်သို့စီမံထားသည်၊ ဆင်းရဲသည်၊ တော်သည်ဆိုသော စာရေးဆရာတို့သည် ဖဲရိုက်၊ မြင်းလောင်း၊ မိန်းမလိုက်၊ အရက်သောက်ခြင်းကြောင့် တော်ပြတ်နေကြခြင်းဖြစ်သည်ဟု ရေးကြလေသည်။

စာရေးဆရာစိန်ဝင်းအဖို့မှာ ထိုအဆိုနှစ်ခုစလုံး မှားသည်ဟု ဆိုရပေလိမ့်မည်။ စိန်ဝင်းမှာ နာမည်ကျော်ကြားသလောက် စိန်ဝင်း၏ဝတ္ထု အလိုရှိကြသူတို့သည် ရွှေဘုံသာလမ်း ပလာတာဆိုင်သို့ စားသောက်ရန်လာသူကိုကုလားများ ဝိုင်း၍ဆွဲသည်နှင့်မခြား ဝိုင်းအုံလုယက်၍ နေကြသောကြောင့် မည်သူ၏ တောင်းဆိုချက်ကိုမျှ မလိုက်လျောနိုင်အောင် ရှိနေတော့၏။ တောင်းသူများကား စာအုပ်တိုက်၊ မဂ္ဂဇင်းတိုက်လောက်မျှသာမဟုတ်၊ သတင်းစာ၊ ဂျာနယ်၊ ရုပ်ရှင်၊ ပြဇာတ်၊ ဝါဒဖြန့်ပွားရေးဌာန၊ အသံလွှင့်ဌာနတို့အပြင် သမဝါယမဗဟိုဒင်၊ ရက်ကန်း၊ လယ်သမား၊ အလုပ်သမား၊ ဆေးပညာ၊ လူငယ်ရဲဘော်စသောအသင်းအဖွဲ့၊ ပါတီတို့ကလည်း စိန်ဝင်း၏စာကို ရမည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အာသာဝတီ နွယ်နီနတ်ပန်းကို ဆွတ်ချူရယူလာသကဲ့သို့ အထူး လိုလားကြ၏။ ထိုမျှလောက် လိုချင်သူများပြားနေရာ တစ်ဦးအတွက် လက်ခံ လိုက်လျှင် ကျန်လူများကို မရေးပေးက မကောင်း၊ အားလုံးကို ရေးပေးရမည် ဆိုလျှင် အသင်္ခိရိခေါင်းကဲ့သို့ ဦးနှောက်ဆယ်လုံးနှင့် ကာလီနတ်သမီးကဲ့သို့ လက်ခြောက်ချောင်းရှိသည့်တိုင်အောင် အလုပ်မလုပ်နိုင်ဘဲ အသျောင်းမိကာ ချိ၍ သေဖို့ပင်ရှိသဖြင့် နံနက်အိပ်ရာထမှ မိုးချုပ်အထိ ဝတ္ထုတောင်းလာသူတို့ကို တောင်းပန်၍ စာတစ်ကြောင်းမျှမရေးဘဲ အချိန်ကုန်၍ နေလေတော့၏။

စိန်ဝင်းမှာ နာမည်ရလာအောင် ကြိုးစားရစဉ်က စာနယ်ဇင်းတိုက် များကိုအောက်ကျို့ပြီး ဝတ္ထုရေးပေးခဲ့ရာ ဘယ်ကတောင်းပါမည်လဲဟု တမျှော် မျှော်နေခဲ့ရသည်ကို ပြန်၍တွေးမိကာ ထိုအခါက ရေးလည်းရေးနိုင်တုန်းဖြစ်၍ ယခုလိုသာ ဝတ္ထုတောင်းသူတွေရှိခဲ့လျှင် ပြည်လမ်းတွင် တိုက်လေးလုံးလောက် ဆောက်နေရပြီဟု တွေးမိ၏။ သို့သော် ထိုအခါက ယခုလို တောင်းသူမရှိ၊ ယခုလို လိုချင်သူ လက်ယှက်ထိုးနေသည့်အခါတွင် မရေးနိုင်ရသည့်အထဲ ဧည့်သည်များကို တောင်းပန်လွှတ်ရင်း လက်ဖက်ရည်တိုက်ရသည့် စရိတ်ကပင် ဘတ်ဂျက်ကိုထိနေသဖြင့် 'စာရေးဆရာတို့မည်သည် ချမ်းသာခြင်းကင်းရ မည်' ဟု ထာဝရဘုရားသခင် ဒဏ်ခတ် ပညတ်တော်မူထားလေရော့သလား ဟု ထင်မိလေ၏။

ဤသို့ ဝတ္ထုတောင်းရန်လာသူတို့ကို ဧည့်မခံရသည့်အချိန်တွင် နာမည်ကျော်စာရေးဆရာဆိုသည်မှာ နှုတ်ခမ်းမွေးကြီးနှင့်လား၊ ဦးချိုနှင့်လား၊ ဖာတ်လိုက်မင်းသား မောင်တင်မောင်နှင့် မည်သူကချောပါလိမ့်မလဲ၊ လူပျိုပဲ လား… စသဖြင့်သိလို၍ သက်သက်လာရောက် တွေ့ဆုံမိတ်ဆက် အချိန်ဖြုန်း သူတို့ကို ဧည့်ခံလိုက်ရပြန်သေး၏။ ထိုသို့လာ၍ တိရစ္ဆာန်ရုံ အခမဲ့ဝင်ကြည့်ရ သလို ကြည့်သူတို့အထဲတွင် မိန်းမပျိုများသာမက ဘုန်းကြီးများလည်း ပါသေး သဖြင့် အခါများစွာ စိတ်အညစ်ကြီးညစ်မိလေ၏။ သို့ဖြစ်၍ ဧည့်သည်များအား တွေ့ဆုံခွင့်ပြုနိုင်သည့်အချိန်၊ အလုပ်ချိန်သတ်မှတ် စာဆွဲထားရန်မှာလည်း မြန်မာမှန်လျှင် ရာခိုင်နှုန်း ၉၀ခန့်မျှ ထိုစည်းကမ်းမျိုးကို မရိုသေမလေးစား၊ အိပ်ရာထဲ၌ပင် အတင်းဝင်နှိုးလျှင် နှိုးတတ်သဖြင့် (စကားခပ်ရိုင်းရိုင်း သုံးရ



လျှင်) ဖင်ခေါင်းကျယ်သည်ဟု အပြောခံရရုံမှတစ်ပါး အကျိုးထူးမမြင်၍ အလုပ်ချိန်ကိုလည်း မကန့်သတ်နိုင်။ ဤအတွင်းဝယ် ထိုအသင်း၊ ဒီအသင်း စသည်တို့က ဖိတ်ကြားကြသည်ကိုလည်း မသွားဘဲနေဖန်များလျှင် လူရာမဝင် ဖြစ်ဦးမည်ကြောင့် မရှိမဲ့ရှိမဲ့အချိန်ကလေးကို အစည်းအဝေးများသို့ ဝေငှနေရ ပြန်ရာ စိန်ဝင်းမှာ နာမည်ကြီး အလုပ်များ၊ ပရိသတ်တောင့်တသလောက် ပစ္စည်းမဲ့ ဂုဏ်သရေရှိ လူတန်းစားတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေ၏။

စိန်ဝင်းသည် ထိုဝဋ်ဆင်းရဲမှလွတ်မြောက်ရေးကို ကြံစည်စိတ်ကူး ရရှာလေတော့ရာ စိန်ဝင်း၏ဉာဏ်တွင် မှန်ပြသလို အကြံကောင်းတစ်ခု ပေါ်လာလေ၏။ ထိုအကြံရသည်နှင့် စိန်ဝင်းသည် မိမိ၏ဆောင်းပါး၊ဝတ္ထုများ အတွက် မည်သည့်စာရေးဆရာမျှ စိတ်မကူးဖူးသော ဉာဏ်ပူဇော်ခကို တောင်း ရာ နောက်ဆုတ်ပြေးသူတို့ ပြေးကြပြီး ဘာပဲဖြစ်ဖြစ် ကောင်းတာမကောင်းတာ အပထား၊ သူ့နာမည်နှင့် သူ့စာကို ထည့်ရတယ်ဆိုရင် တော်ပြီဟု သဘော ထားကာ တောင်းသမျှဖွတ်ပေးသူတို့လည်း ပေါ်လာလေ၏။

စိန်ဝင်း၏ပါးစပ်မှ 'ဝတ္ထုရေးပါမည်' ဟူသော ကတိကိုရဖို့ရန် အတော်ခဲယဉ်းနေသည့်အထဲက စရန်ငွေလက်ခံလိုက်သည့်အတွက် ဝမ်းသာ နေကြသော စာနယ်ဇင်းထုတ်ဝေသူတို့မှာ မိမိတို့စရန်ပေးပြီး ခုနစ်ရက်အကြာ တွင် 'နိုင်ငံကျော် စာရေးဆရာကြီးစိန်ဝင်း ပျောက်နေခြင်း' ဟူသောသတင်းကို သတင်းစာ၌တွေ့ကြရသဖြင့် မျက်လုံးပြူးသွားကြလေ၏။ ပုဒ်မ ၅ဖြင့်ဆွဲမည်ကို ကြောက်၍ပုန်းနေသလား၊ ကွန်မြူနစ်များနောက်သို့ လိုက်သွားလေပြီလားဟု တွေးသူက တွေးနေကြ၍ 'စာရေးဆရာတွေဟာ ဒီလိုချည်းပဲ၊ စရန်ငွေယူပြီးရင် တစ်ခါတည်း လူရောငွေရော အပျောက်ရိုက်တာပဲ၊ တွေ့ရလှပါပြီ၊ ဘယ်ဆရာ့ ဆရာမှမကောင်းဘူး' ဟု ညည်းတွားကာ ရေစက်ချသူ ချလိုက်ကြလေ၏။

စိန်ဝင်းမှာ ရန်ကုန်၌နေလျှင် စာတစ်ကြောင်းမျှ ရေးဖြစ်မည်မဟုတ်။ သို့ဖြစ်၍ ပြင်ဦးလွင်မြို့၊ အနီးစခန်းတွင် အိမ်တစ်လုံးငှားရမ်းကာ မိမိ လက်ခံသောဝတ္ထုများ၊ စာအုပ်များကို ရေးမပြီးမချင်း ရန်ကုန်သို့မပြန်ဟု ပိုင်းဖြတ်ကာ ရန်ကုန်မှ ထွက်ခဲ့ခြင်းဖြစ်ပေ၏။

www.burmeseclassic.com



စစ်ဘေးစစ်ဒဏ်ကြောင့် အိုးအိမ်ရှားပါးနေသောအချိန်အခါတွင် အိမ်လွတ်တစ်ခုလုံးငှားရမ်း၍ ရနိုင်ဖို့ရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ သို့ရာတွင် စိန်ဝင်းအဖို့မှာ အနီးစခန်းတွင် သပ်သပ်ရပ်ရပ်နှင့် အိမ်ကလေးတစ်လုံးကို လွယ်လွယ်နှင့်ရနိုင်ပေ၏။ သို့ရရှိခြင်းကား စာရေးဆရာကြီးတစ်ယောက်နေမည်ဆိုသဖြင့် မျက်နှာလိုမျက်နှာရ ဖော်လံဖားချင်၍ ငှားရမ်းခြင်းကြောင်းမဟုတ်။ မတန်တဆ အိမ်လခပေးနိုင်၍ရခြင်းလည်းမဟုတ်ဘဲ တစ္ဆေခြောက်သည်ဟုအယူရှိကာ နေထိုင်ဝံ့သူမရှိသော အိမ်တစ်လုံးရှိနေခြင်းအတွက် စိန်ဝင်း၏အလိုဆန္ဒ ပြည့်ဝခြင်းဖြစ်ပေ၏။

စိန်ဝင်းမှာ စာရေးဆရာဆိုသော်လည်း ကျမျက်ရည် ပင်လယ်ဝေလျက်၊ အဆွေးတွေလှိုင်းထပြီး ချစ်လောကမုန်တိုင်းဆင်သည့် ဝတ္ထုမျိုးကို ရေးသည့် အလွမ်းသမား၊ အဆွေးသမားမဟုတ်။ ဖေတော့ မောင်တော့ အလုပ်တွေပဲဟု များစွာစက်ဆုပ်၏။ ရယ်ရလျှင်ပြီးစတမ်း ဇာတ်လမ်းကို အရေးမစိုက်၊ မဟုတ်တာကို ဉာဏ်ဆင်ပြီး အူရွှင်ကာဟားတိုက်အောင် ဇက်ကြောကို ကလိပေးသည့် အရွှမ်းသမားလည်းမဟုတ်။ စာကောင်းပေကောင်းကို ဖျက်ဆီးသည့် အဖျက်သမားမဟုတ်။ ဟာသငရဲ ဆီပူအိုးထဲတွင်ပဲ နစ်မြုပ်၍နေမည်ဟု အထူးပင် ရှုတ်ချလေ့ရှိ၏။

စာကောင်းပေကောင်းထဲသို့ဝင်သည်ဟု စိန်ဝင်းဆုံးဖြတ်ခြင်းခံရသောဝတ္ထုကား စာဖတ်သူတို့၏ အတွေးအခေါ်၊ စိတ်ကူးဉာဏ်ကို ရင့်သန်စေသောဝတ္ထု၊ ပျောက်ဆုံးသောစာရွက်စာတမ်းများ၊ ညဥ့်၏သန်းခေါင် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့် စူးရှစွာအော်လိုက်သော အသံများ၊ မည်းနက်သောခြေရာကြီး (ဂူးဖန်ချူ)စသည့် နာမည်များရှိသော သွားချေးထူထူနှင့် စာအုပ်ကြီးများ၊ ဦးခေါင်းမပါသော လူသေအလောင်း (သို့မဟုတ်) လည်ပင်းအောက် တစ်ကိုယ်လုံးမပါသော လူသေအလောင်း၊ သွေးစွန်းနေသောလက်ကိုင်ပဝါ၊ မှောင်ထဲမှချောင်းကြည့်နေတတ်သော မျက်လုံးကြီးနှစ်လုံး၊ လူမမြင်ရဘဲ တဟားဟားရယ်လိုက်သော အသံကြီးစသည့် အကြောင်းအရာများနှင့် ကင်းလွတ်ခြင်းမရှိစေရဘဲ ခြောက်လုံးပြူး၊ လက်ထိတ်၊ နံပတ်



တုတ်၊ စတင်းဂန်း၊ မျက်နှာဖုံးခပ်များများပါသော ဝတ္ထုမျိုးသာလျှင် ဂန္ထဝင်၌ ပါထိုက်သော စာပေများဖြစ်သည်ဟု ဆုံးဖြတ်ထား၏။

စိန်ဝင်းသည် စုံထောက်ခန်း၊ စွန့်စားခန်းများကို ရေးသားခြင်းဖြင့် ထင်ရှားကျော်ကြားသော စာရေးဆရာကြီးတစ်ဦးဖြစ်လေရာ တစ္ဆေခြောက်သည်ဆိုခြင်းကြောင့် စိတ်တုန်လှုပ်ခြင်းမရှိ။ လက်တွေ့သဘောတရားကို အခြေခံပြု၍ စာရေးသူဖြစ်ခြင်းကြောင့် တစ္ဆေသရဲကို မယုံကြည်။ သို့ဖြစ်၍ ထိုအိမ်ကြီးကို အရတော်လေစွဟု ဝမ်းသာ၍မဆုံးရှိလေ၏။

ထိုအိမ်မှာ မိမိရေးသည့်ဝတ္ထုများ၌ မကြာခဏ ပါရှိတတ်သော မှောင်မည်းနေသည့်အခန်းများ၊ လက်နှင့်ထိလိုက်လျှင် ခလုတ်ပွင့်သွားသော တံခါးများ၊ ကြောင်လိမ်လှေကား၊ ခွေးလိမ်လှေကား စသည်တို့ရှိသောအိမ်မျိုး မဟုတ်သော်လည်း အေးချမ်းတိတ်ဆိတ်သော ရပ်ကွက်ကလေးတွင် သပ်သပ်ရပ်ရပ်ဆောက်လုပ်ထားလျက် ပန်းခြံမြက်ခင်းကလေးနှင့် သာယာလှသောကြောင့် မြင်ရုံနှင့် မိမိစိတ်ကို ဆွဲညို့နေသည်ဟု စိန်ဝင်း၏စိတ်ထဲ၌ ထင်မှတ်ကာ များစွာကျေနပ်နှစ်သက်မိလေ၏။

အိမ်ငှားမရှိသည့်အခါ ထိုအိမ်ကြီးကို အမြဲစောင့်ရှောက်နေသော ကိုပန်းဘူးဆိုသည့် အသက်ငါးဆယ်ခန့်ရှိ ခြံစောင့်ကလည်း စိန်ဝင်းအတွက် ထမင်းချက်အလုပ်ကိုပါ ကူညီလုပ်ကိုင်ပေးပြန်ရာ စိန်ဝင်းမှာ ဘာမှမပူပင်ရတော့ဘဲ မြန်မာပြည်၏ နယ်နိမိတ်ရှစ်မျက်နှာကို ကျော်ထွက်၍ နာမည်ကြီးလောက်အောင် ဝတ္ထုများကို အားကြိုးမာန်တက် ရေးထုတ်လိုက်ရန် စတင်လေ၏။

စိန်ဝင်း ပထမရေးသည့်ဝတ္ထုကြီးကား မြန်မာပြည်နှင့် လက်ဝဲနိုင်ငံကြီးတစ်ခု လျှို့ဝှက်ချုပ်ဆိုသည့် စာချုပ်ကြီးတစ်ခု၊ သမ္မတကြီးအိမ်တော်မှ လက်ရာမပျက် ပျောက်ဆုံးသွားသဖြင့် နိုင်ငံခြားတိုင်းပြည်အသီးသီးရှိ သံအမတ်ကြီးများ ခေါင်းချင်းရိုက်ကုန်ကြသည့်ပြင် စကော့တလန်ယာဒ်မှ ကျော်ကြား ကျော် စုံထောက်ကြီးများ ခြေချင်းလိမ်နေကြကာ တစ်ကမ္ဘာလုံးက အာရုံစိုက်နေသည့်အမှုကြီးကို အခြေခံပြုထားသည့် ကိုးနဝင်း အမည်ပေးထားသော ဝတ္ထုကြီးပင် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိန်ဝင်းကား အသစ်စက်စက် ဖောက်ကာစဆေးဘူးမှ လတ်ဆတ်
ကြိုင်လှိုင်သည့် ဆေးအနံ့အရသာကို ဆေးအိုးတစ်ဆုံပြီးတစ်ဆုံ ရှုရှိုက်ခံစားရင်း
တစ်ချက်တစ်ချက် အကွင်းလိုက်၊ အလိပ်လိုက် ပျံတက်သွားသော အခိုးအငွေ့
များကိုကြည့်၍ စဉ်းစားလိုက်၊ ကလောင်တန်ကိုင်ပြီး သွက်သွက်ကြီးရေးလိုက်
နှင့် တစ်နာရီလျှင် စာလုံးရေတစ်ထောင် စံချိန်ကို အမီလိုက်ရေးနေလေ၏။
အချိန်ကား ညနေပိုင်းဖြစ်၍ ရာသီဥတုမှာလည်း သာသာယာယာရှိလေရာ
စိန်ဝင်းမှာလွန်စွာ ကြည်နူးစိတ်ရွှင်မြူးစွာဖြင့် ဝတ္ထုတစ်ခန်းကို သုတ်သုတ်ကြီး
ရေးပြီးသွားလျှက် ခဏမျှရပ်နား၍ မြိန်မြိန်ရှက်ရှက်ကြီး ဆေးတံခဲနေလိုက်ပြီး
လျှင် ဒုတိယအခန်းကိုဆက်လေ၏။

*'ရုတ်တရက်သော် စုံထောက်ကြီးဦးဉာဏ်ရှားသည် မိမိစိတ်ထင်၍*
*လားဟု ထင်လိုက်၏၊ သို့ဖြစ်၍ ခေတ္တမျှကိုယ်ရှိန်သတ်လိုက်ပြီးလျှင် နားစွင့်*
*အကဲခတ်နေစဉ် ထိုအသံသည် ပေါ်၍လာပြန်လေ၏၊ ထိုအသံကား မမှားနိုင်၊*
*တံခါးအပြင်ဘက်မှ ဖြေးဖြေးမှန်မှန် ကုတ်ခြစ်နေသော အသံပင်ဖြစ်၏'*

*'ဦးဉာဏ်ရှား၏ ပါးလှပ်သောနှုတ်ခမ်းများသည် ပိုက်ဆံအိတ်ကဲ့သို့*
*စေ့ပိတ်ကာ မျက်မှောင်ကြုတ်သွားသည်ကို တွေ့ရပေ၏။ ထို့နောက် ဦး*
*ဉာဏ်ရှားသည် စာရေးစားပွဲသို့ ခြေသံမကြားအောင် လှမ်းသွားပြီးလျှင် အံဆွဲကို*
*ဖြည်းဖြည်းဆွဲဖွင့်၍ အော်တိုမက်တစ် ခြောက်လုံးပြူးတစ်လက်ကို ဆွဲထုတ်*
*လိုက်လေ၏'*

*'ဦးဉာဏ်ရှားကား အဆိပ်အပ်ဖြင့် အသတ်ခံရသောအမှုကို တွေကြုံ*
*ခဲ့ရပြီးကတည်းက မတော်တဆအဖြစ်မျိုးကို မခံရအောင် အမြဲသတိထားပြီး*
*ဖြစ်ပေသည်။ ထို့ကြောင့် ဦးဉာဏ်ရှားသည် ခြောက်လုံးပြူးကို တံခါးဘက်သို့*
*အသင့်ချိန်ပြီးသားဆုပ်ကိုင်ကာ လေးလေးမှန်မှန် ခြေသံမကြားအောင် လျှောက်*
*လာပြီးလျှင် ဖျတ်ခနဲ တံခါးဆွဲဖွင့်လိုက်လေ၏'*

*'တံခါးတွင် ရပ်နေသူကလေးကား မိမိ၏တစ်သက်တာတွင် ဤမျှ*
*လောက် လှပသည်ကို မမြင်ခဲ့ရဖူးသော မိန်းမပျိုကလေးတစ်ဦး ဖြစ်နေလေ၏။*
*ဦးဉာဏ်ရှား၏စိတ်တွင် ထိုမိန်းကလေးကား ကျမ်းစာအုပ်ထဲမှ ခုန်ထွက်*
*လာသော မိန်းမပျိုလေးလားဟူ၍ပင် ထင်လိုက်မိ၏။ မိန်းမပျိုလေးသည်*



*မချိုမချဉ်ပြုံးလျှက် ဦးဉာဏ်ရှားအား မိမိ၏သွယ်ပျောင်းနူးညံ့သော လက်ညှိုး*
*ကလေးဖြင့် ကရော်ကမည်လုပ်ပြလျှက် 'ရှက်ပါတယ် ဦးဉာဏ်ရှား၊ ခင့်ကို*
*တောင် မမှတ်မိတော့ဘူးလား' ဟု ချစ်စဖွယ်ကောင်းသောအသံဖြင့် ပြောကာ*
*ဝိုင်းစက်ကြည်လင်သောမျက်လုံးကလေးများကို (ထွက်)ပြလေ၏'*

စိန်ဝင်းသည် ထိုသို့ရေးပြီးသည်နှင့်တစ်ပြိုင်နက် မိမိရေးသည့်စာကို
ပြန်၍ကြည့်မိကာ မျက်လုံးပြူးသွားလေ၏။ ဤဝတ္ထုသွားမျိုးကို ရေးရန်
ဘယ်အခါမျှ မကြံစည်ခဲ့ဘဲ ယခုကဲ့သို့ ရေးသွားမိခြင်းကို မစဉ်းစားတတ်
ဖြစ်သွားလေ၏။

စိန်ဝင်းကား ဝတ္ထုရေးရာတွင် တင်းကျပ်စွာလိုက်နာလေ့ရှိသော
စည်းကမ်းတစ်ခုကို ထား၏။ ထိုစည်းကမ်းကား မိမိဝတ္ထုများအတွက် အသက်
နှစ်ဆယ့်လေးနှစ်အောက် မိန်းကလေးများကို မည်သည့်အခါမျှ မပါစေရ။
မိန်းမဆိုလျှင် အသက်ကြီးကြီး၊ မကောင်းကြံစည်တတ်သော အိမ်ရှင်မကြီး
များနှင့် ကပြားသံပါသော ခင်ရှုပ်ငွေများလောက်သာ ထည့်လေ့ရှိသည်။
တင်ပါးဆုံလှလှ၊ ရင်အုံရွရွ မြင်ရုံနှင့်ထကြွလောက်သည့်မိန်းမမျိုး (ဝါ) အပျို၊
ကညာ၊ ကုမ္မာရီ၊ ဂေါရီ၊ စမူ၊ မဒီ၊ မြာ၊ သွေးစုန်း၊ မျက်မည်း၊ ငတိမ၊
ငနဲမ၊ ဘယ်မချောမျှ မိမိဝတ္ထုများတွင် မပါဝင်စေရ။ စုံထောက်ဝတ္ထုမှန်က
ဇာတ်လိုက်မင်းသမီးမရှိရ။ ဇာတ်လိုက်မင်းသမီးသည် ပြေးလွှား စွန့်စားခန်း
များကို နှောင့်နှေးစေပြီး ပုလိပ်လိုက်၍ ပြေးနေရသည့်အထဲတွင် ဇာတ်လိုက်
မင်းသားကိုဖမ်း၍ ချွဲလျှင်ချွဲနေတတ်၍ လူဆိုးလုပ်သူမှ ဇာတ်လိုက်မင်းသမီး
နှင့်တွေ့လျှင် နောက်ပိုးရှုးဖြစ်မှန်းမသိ ဖြစ်သွားလိုက်၊ သရုပ်ကို ပျက်စေတတ်
သည်ဟု ယူဆထားကာ စိန်ဝင်း၏ဝတ္ထုများသည် ကာမဝိဇ္ဇာ တဏှာပေမ
စသော အာသဝေါကင်းသည့် ဝတ္ထုများချည်းဖြစ်ပေ၏။

သို့ပါလျှက် တိုင်းပြည်အတွက် အလွန်လေးနက်သော စုံထောက်ဝတ္ထု
ကြီးကိုရေးနေရာတွင် အရေးအကြီးဆုံးအခန်းတွင် မချိုမချဉ်မျက်နှာထား
နှင့် ဘွားခနဲပေါ်ပေါက်လာပြီးလျှင် စုံထောက်ကြီးဦးဉာဏ်ရှားကိုပင် လက်ညှိုး
ကလေးတငေါ့ငေါ့ဖြင့် 'ကရော်… ကရော်၊ မရှက်တီး စောင်လျှားသီးက

www.burmeseclassic.com

www.burmeseclassic.com



မနာလို' ဟာ၍လုပ်သည့်မိန်းမမျိုး (ခင်)လာခြင်းကို မစဉ်းစားတတ်အောင် ဖြစ်မိ၏။

ဝတ္ထုဇာတ်လမ်းအကျဉ်းချုပ် မှတ်ထားသည့်စာရွက်များကို ပြန်ကြည့်လိုက်သည့်အခန်း၌လည်း မိန်းမပျိုဟူ၍မပါ၊ ထိုနေရာ ထိုအခန်းတွင် *စုံထောက်ကြီးက တံခါးကို ဆွဲဖွင့်လိုက်သည့်အခါ သေခါနီးဆဲဆဲ လူတစ်ယောက် အခန်းထဲသို့ ထိုးစိုက်လဲကျလာကာ 'သစ္စာဖောက်... သစ္စာဖောက် ဘယ်သူလဲဆိုရင်...' ဟု ပြောရင်း စကားပြတ်ပြီး အသက်ထွက်သွားသည်ကို ဦးဥာဏ်ရှားသည် တွေတွေကြီးစိုက်ကြည့်နေသည်* ဟူ၍ ပါရှိ၏။ မိန်းမနှင့် ပတ်သက်၍ ဘာမှုမပါ၊ စိတ်ကူးမှုမထည့်ခဲ့ခြင်းကို သိရ၏။

သို့ဖြစ်၍ စိန်ဝင်းသည် တစ်ခဏမျှအတွင်း ရုတ်တရက် ဖောက်ပြန်သွားခြင်းကို ဒေါ်ပွမိကာ ရေးပြီးသားစာများပေါ်တွင် မှင်ဖြင့်အထပ်ထပ် ဖျက်ပစ်ပြီးလျှင် မိမိမူလရေးလိုသောအကြောင်းအရာကို ပြင်၍ထည့်လိုက်လေ၏။ ထိုနောက် ဆက်လက်၍ရေးမည်အပြုတွင် တစ်စုံတစ်ခုသောအသံကို ကြားရသဖြင့် မရေးနိုင်ဘဲ အာရုံပြတ်၍သွားလေ၏။

ထိုအသံကား မာန်ဖီနေသော ခွေးဟိန်းသံဖြစ်သဖြင့် အခန်းတွင်းသို့ ကြည့်လိုက်ရာ အခန်းထောင့်နားတွင် အီကြာကွေး ရောက်နေသည်ကို တွေ့ရလေ၏။

အီကြာကွေးမှာ ခြံစောင့်ကိုပန်းဘူး မွေးထားသည့်ခွေး ဖြစ်ပေ၏။ အီကြာကွေးသည် စိန်ဝင်း ထိုအိမ်ကြီးသို့ရောက်လာရာတွင် အတင်းပြေးကပ် ပတတ်ရပ်၍ နှုတ်ဆက်သဖြင့် စိန်ဝင်းသည် အီကြာကွေးအား ဦးပန်းဘူးကဲ့သို့ အိမ်သူအိမ်သားအဖြစ် အသိအမှတ်ပြုခဲ့ရ၏။ သို့ရာတွင် စိန်ဝင်းသည် အီကြာကွေး မကြာခဏ ဟိန်းဟောက်မာန်ဖီလေ့ရှိသည်ကို မနှစ်သက်။ တစ်စုံတစ်ရာကိုမြင်၍ မာန်ဖီသည်ဆိုရအောင်လည်း ဘာကိုမှ လိုက်ကြည့်၍မမြင်။ တစ်ခါသော် မာန်ဖီရာက ထ၍ထ၍အူရာ စိန်ဝင်းစိတ်မရှည်နိုင်ဘဲ မျဉ်းလုံး ဆွဲ၍လိုက်သဖြင့် အီကြာကွေး ထွက်အပြေးတွင် မျဉ်းလုံးနှင့်ပေါက်လိုက်မှ၏။ သို့သော် အီကြာကွေးသည် မျဉ်းလုံးကိုလိုက်၍ကိုက်ကာ ပါးစပ်နှင့်ချီယူပြီး စိန်ဝင်းထံလာ၍ပေးသဖြင့် တုတ်ကောက်ရန် သင်ပေးထားသည့်ခွေး ဖြစ်နေ



သည်ကိုသိရကာ 'ဒီခွေးကို တုတ်နဲ့ပစ်လို့တော့ သူ့ကိုဆုံးမတယ်ထင်မှာ မဟုတ်ဘူး၊ တခြားဟာ တွေ့ကရာနဲ့ပစ်မှပဲ' ဟု နှလုံးပြုလျက် အီကြာကွေး မာန်ဖီတိုင်း တွေ့ကရာနှင့်ပစ်ရာ ခြံဝင်းထဲတွင် မီးခြစ်ဘူးမှအစ ဆင်သစ်ဆွဲသည့် ပန်းပုရုပ်လုံးအထိ စားပွဲပေါ်တွင်တင်လေ့ရှိသည့် ပစ္စည်းမျိုးစုံ ပြန့်ကျဲလျက်ရှိတော့၏။ သို့သော် အီကြာကွေးသည် အလျှော့မပေး၊ အခန်းထဲတွင် စိန်ဝင်းရှိတိုင်း အမြဲဝင်၍ လာလေ့ရှိပေ၏။

ယခုမူကား စိန်ဝင်းသည် ဝတ္ထုရေးရင်းက ရုတ်တရက် ဇာတ်လမ်းဖောက်ပြန်သည့်အတွက် ဒေါသဖြစ်နေရသည့်အထဲတွင် အီကြာကွေး၏ မာန်ဖီသံကြောင့် စိတ်ထဲတွင်တိုး၍ အနှောင့်အယှက်ဖြစ်ကာ အခန်းထောင့်ရှိ ဗန္ဒုလဓားရှယ်နေသည့်အရုပ်ကို ကုတ်ဆွဲ၍ကိုင်လိုက်ရာ အီကြာကွေးမှာ ကြုံဖူးပေါင်းများပြီဖြစ်၍ လျင်မြန်စွာ အပြင်သို့ထွက်သွားလေ၏။

ထိုအခိုက်တွင် အပြင်ဘက်မှ 'ဟဲ့... သွား၊ မလာနဲ့ ... သွား... သွား' ဟု မောင်းနှင်နေသော အသံနှင့်တကွ စွာလောင်စွာလောင်နှင့် သံသေးသံကြောင်ဖြင့် ခွေးဟောင်သံကိုကြားရသဖြင့် အီကြာကွေး၏ဟောင်သံမဟုတ်သည်ကို သိရှိရသည့်အလျောက် ပြတင်းပေါက်မှလှမ်းကြည့်လိုက်ရာ ခွေးကလေးတစ်ကောင်ပိုက်လျက် ခြံထဲသို့ဝင်လာသော မိန်းမပျိုတစ်ယောက်ကို တွေ့ရလေ၏။

မိန်းမပျိုသည် ခုန်၍ခုန်၍ဆွဲနေသော အီကြာကွေး၏ပါးစပ်မှ မိမိလက်ထဲရှိ ခွေးကလေးကိုလွတ်အောင် မြှောက်၍ရှောင်ရှားရင်း အီကြာကွေးအား မောင်းနှင်နေရှာလေ၏။

အီကြာကွေးကား စားရဝါးရမှန်းသိတတ်သည့်အရွယ်ကစ၍ ကမ္ဘာပေါ်တွင် ရှိရှိသမျှအရာဝတ္ထုတို့သည် မိမိ၏အာဟာရအတွက် ဖန်တီးထားသည်ဟုယူဆကာ ထိုအာဟာရစာရင်းထဲတွင် အမဲရိုး၊ ဖိနပ်စုတ်၊ ဘိုင်စကယ်နောက်ဘီး၊ သားရေလုံးတို့ကို အပျင်းပြေ နေ့လယ်စာ စာရင်းထဲတွင် ထည့်သွင်းထားပေသည်။ သို့သော် ထိုအာဟာရတို့ကို စားရဖန်ရိုးနေသဖြင့် စိန်ဝင်းပစ်လိုက်သော ဆင်ဦးစီးရုပ်၏ကုပ်သားကို မြည်းကြည့်မည်ဟု စိတ်ကူးထားရာတွင် အိမ်ထဲသို့ဝင်လာသော မိန်းမပျိုလက်တွင်းရှိ ဖြူဖြူဖွေးဖွေး အမွေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖွားဖွား လှုပ်ရှားတွန့်လိမ်နေသောအရာဝတ္ထုကလေးမှာ ညစာမတိုင်မီ ပါစကတေဇောဓာတ် ဝမ်းမီးကိုအေးစေ၍ လေနိမ့်ထားနိုင်မည့် အဆာပြေ သွတ်ထား၊ ဟာဇရီကလေးတွဲ၍ ပွဲတော်တည်ရန် တိုး၍တိုး၍ ဟပ်နေလေ၏။

'အီကြာကွေး…'

စိန်ဝင်းသည် ခက်ထန်တင်းမာသောအသံဖြင့် မိမိ၏မွေးစားသား ကိတ္တိမ သုနက္ခတ်ကိုလှမ်း၍ အော်ငေါက်လိုက်လေ၏။ အီကြာကွေးသည် စိန်ဝင်းကို တစ်ချက်လှည့်ကြည့်လိုက်ကာ စိန်ပင်း၏ခေါ်သံကို အသိအမှတ် ပြုသောအားဖြင့် အမြီးနှံ့ပြလိုက်ပြီးနောက် မိမိ၏ပွဲတော်စာကလေးကို လှမ်း၍မျှော်လိုက်ပြန်လေ၏။

'အိုရှင်… ဒီခွေးဆိုးကြီးကို ခေါ်စမ်းပါဦး၊ ကျွန်မ လီလီကလေး ကို ကိုက်မလို့ရှင့်'

စိန်ဝင်းသည် စိတ်မြန်လက်မြန်သူတစ်ဦး ဖြစ်သည်နှင့်အညီ အီကြာ ကွေးအား တစ်ကြိမ်ခေါ်၍မရလျှင် ဒုတိယအကြိမ် သတိပေးနေလေ့မရှိဘဲ လက်တွေ့အရေးယူလေ့ရှိသည့်အတိုင်း မိမိ၏လက်ထဲရှိ ဗန္ဒုလကို သောင်းကျန်း ရေး နှိမ်နင်းရန် စေလွှတ်လိုက်လေ၏။ အီကြာကွေးသည် မိမိ၏နံဘေးကို ဗန္ဒုလဝင်၍ ပစ်ဆောင့်ခံရသည်နှင့်တစ်ပြိုင်နက် ဖနောင့်နှင့်အမြီး တစ်သား တည်းကျအောင် စည်းကမ်းသေဝပ်စွာနှင့် ဆုတ်ခွာ၍ ပြေးလေတော့၏။

ခဏအကြာတွင် စိန်ဝင်းသည် မိန်းမပျိုအနီးသို့ရောက်လာကာ နှစ်ယောက်သား မျက်နှာချင်းဆိုင်မိကြလေ၏။ မိန်းမပျိုကလေးကား ဝတ္ထုထဲမှ ဇာတ်လိုက်မင်းသမီးတမျှ ထူးထူးခြားခြား ချောမောလှပသူကလေး ဖြစ်ပေ၏။ ကိုယ်ကာယကလေးမှာ နွဲ့နွဲ့ပျောင်းပျောင်းဖြစ်၍ သူ၏ဆံယဉ်ဆံနွယ်ကလေး များမှာ လေညင်းတွင် ယိမ်းနွဲ့လျက်ရှိနေ၏။ ဖောင်းမို့အိစက်သော ပါးကလေး နှစ်ဖက်မှာ စိန်ဝင်းနှင့်မျက်နှာချင်းဆိုင်ရသဖြင့် ရှက်သွေးကလေးများ ဖြာလာ သကဲ့သို့ နှင်းဆီသွေးလျှမ်းကာ ချစ်စရာအသွင်ကို ဆောင်လေ၏။

စိန်ဝင်းအဖို့ကား မဆိုလျှင် မုန်းစရာဟု နှလုံးပြုထားရကား ထိုမိန်းမ ပျို၏ လှပသောအဆင်းဟူသမျှတို့မှာ ကေသာ၊ လောမာ၊ နခါဒန္တာတစော ထဲသို့ မျောပါလွင့်ပျောက်သွားပေတော့၏။



'ဘယ်သူ့ကို တွေ့ချင်လို့လဲ…' စိန်ဝင်းက ဣန္ဒြေ ခွက် တစ်ဆယ် သားနှင့် တည်တည်မေးလိုက်၏။

'ဒီအိမ်ကြီးကို ကြည့်ချင်လို့ပါပဲရှင်၊ ဒီအိမ်ကြီးဟာ ကျွန်မတို့အဒေါ် ရတနာပုံခင်လေးကြီးနေသွားတဲ့ အိမ်မို့ပါ…'

'စာဆိုတော်အမျိုးသမီး ခင်လေးကြီးလား…'

'မှန်ပါတယ်… မန္တလေးမောင်ခင်မောင်တို့၊ ဝန်ထောက်ဦးလတ် တို့နှင့် ခေတ်ပြိုင်စာဆိုတော်တစ်ဦးပါပဲ၊ သူရေးတဲ့ဝတ္ထုပြဇာတ်တွေ ဖတ်ဖူး မှာပေါ့ရှင်၊ ကျွန်မကတော့ ကိုယ့်အဒေါ်ရေးတာမို့ ပြောတာမဟုတ်ပါဘူး၊ ရတနာပုံခင်လေးကြီးရဲ့ စာယဉ်စာနုတွေ ဖတ်လိုက်ရမှဖြင့် စိတ်ထဲမှာ အင်မတန် ကြည်နူးပါတယ်'

'ဒီအိမ်ကို အရင်က မရောက်ဖူးဘူးလား'

'ဟုတ်ကဲ့၊ စာဆိုတော်ခင်လေးကြီး အနိစ္စရောက်သွားတော့ ကျွန်မ ဟာ အခါလည်သမီးပဲ ရှိပါသေးတယ်၊ အဲဒီနောက် ဒီအိမ်ကြီးကို ရောက် လာတဲ့လူများဟာ နဂိုက စိတ်ခက်ထန်တင်းမာတဲ့လူများတောင် စိတ်နှလုံး ပျော့ပျောင်းသွားပြီး ကဗျာ၊ လင်္ကာ၊ သုခုမပညာလိုက်စားလိုတဲ့စိတ်တွေ ပေါ်ပေါက်လာတယ်လို့ ကြားရပါတယ်'

'ကျုပ်… ဒီအိမ်ကြီးရောက်လာတော့ သိပ်မကြာသေးပါဘူး၊ ဒါပေမယ့် ကျုပ်ကတော့ မူလကတည်းက စာရေးဆရာပဲ၊ နာမည်က စိန်ဝင်း လို့ခေါ်ပါတယ်၊ ရေးတော့ စုံထောက်ဝတ္ထုတွေရေးတာပဲ၊ ရတနာပုံခင်လေးကြီး အရေးအသားတွေနဲ့တော့ တခြားစီနေတာပေါ့'

'ဩော်… စာရေးဆရာကြီး ဦးစိန်ဝင်းလား၊ ကြားဘူးပါတယ်၊ ရှင်ရေးတဲ့ဝတ္ထုတွေတော့ ကျွန်မ မဖတ်မိဘူးရှင့်၊ ထိတ်လန့်စရာ၊ အသည်းယား စရာတွေကိုဖတ်မိရင် ကျွန်မ အိပ်လို့မရတော့ဘူး။ ကာလပေါ် အချစ်ဝတ္ထု အလွမ်းဝတ္ထု၊ အညှို၊ အသော့၊ ကဗျာ၊ လင်္ကာပါတဲ့ ဝတ္ထုမျိုးစုံဆိုရင်တော့ လက်မလွှတ်တမ်း ဖတ်ရှုပါတယ်'

စိန်ဝင်းသည် မိမိ၏စာပေအရေးအသားနှင့်ပတ်သက်၍ ဝေဖန် ပြောဆိုမှုကို မဆက်လိုသဖြင့် 'ကဲ… ကဲ… အိမ်ကြီးကြည့်ချင်ရင်လဲ ဝင်

www.burmeseclassic.com



ကြည့်ပါလေ၊ လိုက်ပြပါ့မယ်…’ ဟု ဆိုကာ ရှေ့ဆောင်၍ အိမ်ထဲသို့ဝင်လာခဲ့လေ၏။

မိန်းမပျိုသည် စိန်ဝင်းပြရာသို့ လိုက်ပါကြည့်ရှုပြီးနောက် စိန်ဝင်းနှင့်အတူ ခြံထဲသို့ပြန်၍ထွက်လာကာ…

‘ကျေးဇူးတင်ပါတယ်ရှင်၊ ရတနာပုံခင်လေးကြီးရဲ့စာတွေဟာ အခုလိုဆိတ်ငြိမ်သာယာတဲ့အိမ်ကြီးမှာရေးရတော့ စိတ်ကူးကြွယ်ပေတာပဲလို့ ယူဆမိပါတယ်၊ ပတ်ဝန်းကျင်အခြေအနေဟာ စိတ်ကိုပြုပြင်ဖန်တီးပေးနိုင်တာ အမှန်ပါပဲ၊ အခုလိုလိုက်ပြတာ ကျေးဇူးတင်ပါတယ်ရှင်၊ ပြန်ပါဦးမယ်၊ ကျွန်မနာမည်ကတော့ မစန်းကြည်လို့ခေါ်ပါတယ်’ ဟု ပြောပြီးလျှင် ‘ခွင့်ပြုပါရှင်၊ သွားပါဦးမယ်’ ဟု နှုတ်ဆက်လေ၏။

‘ကောင်းပါပြီ’ ဟု စိန်ဝင်းက ပြန်ပြော၍နှုတ်ဆက်ကာ မစန်းကြည်ခြံပြင်သို့ရောက်သည့်တိုင်အောင် မျှော်ကြည့်နေလေ၏။ မစန်းကြည်လည်း စိန်ဝင်းကို လှည့်ကြည့်ရင်းကြည့်ရင်း ထွက်သွားလေ၏။

စိန်ဝင်းသည် မစန်းကြည်ကို မျက်တောင်မခတ်ကြည့်နေရာက မျက်လုံးပြူးသွားပြီး ‘နောက်ဆုတ်… နောက်ဆုတ်… သတိထား…’ ဟု လှမ်းအော်လိုက်လေ၏။ စိန်ဝင်း၏သတိပေးချက်မှာ နောက်ကျသွားလေပြီ။ တစ်နာရီလျှင် မိုင်လေးဆယ်ခန့်မောင်းနှင်လာသော ကားတစ်စင်းသည် အရှိန်ကို မသတ်နိုင်၊ လမ်းဘေးတစ်ဘက်မှာလည်း ချိုင့်မြောင်းကြီးဖြစ်နေ၍ လွတ်အောင်မရှောင်နိုင်ဘဲ ပွတ်၍တိုက်သွားရာ မစန်းကြည်မှာ လမ်းဘေးတွင် ပုံလဲကျသွားလေ၏။

စိန်ဝင်း၏စိတ်ထဲတွင် ပူ၍သွားပြီး မစန်းကြည်ဆီသို့ပြေးသွားကာ ပွေ့၍ထူမည်လုပ်ပြီးမှ မရပ်ဘဲမောင်းပြေးသော ကားကိုလှမ်းကြည့်လိုက်ရာ ဝေးသွားသဖြင့် နံပါတ်ကိုမမှတ်မိနိုင်ဘဲ ရှိလေ၏။

စိန်ဝင်းသည် မစန်းကြည်၏ပျောင်းအိနွဲ့နှောင်းသော ကိုယ်ကာယကလေးကို သိမ်းကျုံးပွေ့ပိုက်ကာ အိမ်ထဲသို့သယ်ယူလာခဲ့လေ၏။

အနူကို လက်နှင့်တို့နိုင်းလျှင် တို့ချင်သေး၏။ မိန်းမဆိုလျှင် အနားကပ်လျှောက်သွားက လေငွေ့ဟပ်၍သွားမည်ကိုပင် မသတီသကဲ့သို့ အထူး



ရှောင်ရှားခဲ့သော စိန်ဝင်းသည် မိန်းမပျိုတစ်ယောက်ကို ထိုသို့ပွေ့လိုက်ရန် ဘယ်အခါမျှ စိတ်မကူးခဲ့။ ယခုပွေ့ပိုက်မိရာတွင်လည်း မိမိတစ်သက်လုံး စောင့်ထိန်းလာခဲ့သောစည်းကမ်းကို ဖောက်ဖျက်မိပြီဟူ၍ မတွေးမိ။ ရုတ်တရက် စိုးရိမ်စိတ် ကြီးမားပေါ်ပေါက်လာရာတွင် တစ်သက်တွင်မကြုံဖူးသော အထိအတွေ့သည် စိန်ဝင်း၏ သံမဏိနှလုံးကြားတွင် လေမုန်တိုင်းဝင်၍ ဖွေ့ရမ်းပစ်လိုက်လေ၏။

မစန်းကြည်၏ခွေးကလေးလီလီသည် ကံအားလျော်စွာ ဘာမျှထိခိုက်ခြင်းမရှိဘဲ မိမိသခင်အား ပွေ့ချီသွားသောစိန်ဝင်း၏နောက်က တမော့မော့နှင့်လိုက်လာခဲ့ရာ ဗန္ဓုလခေါင်းနှင့်အဆောင့်ခံထားရသော အီကြာကွေးသည် ယခုပြန်၍တွေ့ရသောအခါ၌ စိတ်တစ်မျိုးပြောင်းလဲသွားပြီးလျှင် အုထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲထွက်လာသည့် တကွိကွိအသံပြုကာ လီလီ၏ တင်ပါးကလေးကို နှုတ်သီးဖြင့်ထိုး၍အနံ့ခံရင်း အမြီးနှံ့လျက် နောက်ဆုံးကပါလာလေ၏။

စိန်ဝင်းသည် မစန်းကြည်ကို မိမိ၏ တစ်ယောက်အိပ် ခုတင်ပေါ်သို့ အသာအယာ ချသိပ်လိုက်ပြီးလျှင် ခြံစောင့်ကိုပန်းဘူးကို လှမ်းခေါ်လိုက်ပေ၏။

‘ကိုပန်းဘူး…၊ ကျုပ်တို့အိမ်ရှေ့မှာ ဟောဒီမိန်းကလေးကို ကားတိုက်သွားတယ်၊ ဆရာဝန်တစ်ယောက် မြန်မြန်သွားခေါ်စမ်းပါ’

‘ဘာနဲ့သွားရမှာလဲ’

‘စက်ဘီးရှိတယ်မဟုတ်လား’

‘နောက်ဘီးတာယာကို အီကြာကွေးစားပစ်လိုက်ပြီ’

‘ဒါဖြင့် ဖြစ်တဲ့နည်းနဲ့ရောက်အောင်သွား၊ ရော့… စရိတ် ငွေငါးကျပ်၊ အမြန်ဆုံး ခေါ်လာခဲ့ပါ’

ကိုပန်းဘူးသည် ဝမ်းသာအားရ ငွေငါးကျပ်ကိုလှမ်းယူပြီးနောက် ကသောကမျော ထွက်သွားလေ၏။

စိန်ဝင်းသည် မစန်းကြည်၏ဘေးမှရပ်၍ ခေါင်းအုံးပေါ်တွင် ပုံ့ပုံ့ကလေးအိပ်လျက်ရှိသော မျက်နှာကလေးကိုကြည့်ရင်း ကဏ္ဍီပါ ဖဲမွေ့ရာပေါ်တွင် နှင်းဆီပွင့်ကလေး ကြွေကျနေဘိသကဲ့သို့ စိတ်ထဲ၌ဆင်မြင်လာ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတင်ဦးသည် မော်တော်ကားနှင့် ချက်ချင်းရောက်ရှိလာကာ မစန်းကြည်အား စမ်းသပ်ကြည့်ရှုလေ၏။

စိန်ဝင်းသည် စိုးရိမ်မကင်းသောအမူအရာဖြင့် 'စိုးရိမ်ရသလား ဆရာ'ဟု မေးလိုက်ပြီးလျှင် အရိုးထိသွားသည်၊ ဦးနှောက်ထိသွားသည် စသည့် အဖြေမျိုးကိုကြားရမည်လားဟု တထိတ်ထိတ်ဖြစ်နေလေ၏။ သို့ရာတွင် စိန်ဝင်းမျှော်လင့်သောအဖြေကိုကား မကြားရဘဲ 'အင်း… ချစ်စရာကလေး နော်' ဟူသော အဖြေကိုကြားရသောအခါ အံ့အားသင့်သွားမိလေ၏။

'ဒဏ်ရာဘယ်လိုနေသလဲ ဆရာ'

'ဒဏ်ရာက ကိစ္စမရှိပါဘူး၊ ပွန်းပဲ့တာလောက်ပါပဲ၊ နို့ပေမယ့် လန့်သွားပြီး သတိမရဖြစ်နေတာပါ'

'ဆေးရုံကို ပို့ရရင် မကောင်းဘူးလား'

'လန့်ပြီးဖြစ်သွားတာမို့ မရွှေ့ဘဲ မပြောင်းဘဲထားရင် ပိုပြီးကောင်းမယ်၊ ဒီညတော့ သတိရလိမ့်ဦးမယ် မဟုတ်ဘူး'

'ကျွန်တော့်အသိလဲ မဟုတ်ဘူး၊ သူဘယ်ကမှန်းလဲ ကျွန်တော် မသိဘူး၊ ထားလို့ ဖြစ်ပါ့မလား'

'ခင်ဗျားကော သိလား'ဟု ဆရာဝန်က ကိုပန်းဘူးကို လှမ်းမေးလိုက်လေ၏။

ကိုပန်းဘူးက ခေါင်းခါပြလေ၏။ ဆရာဝန်တင်ဦးသည် ဤကိစ္စမျိုးမှာ ဂါတ်သို့တိုင်ကြားရသည့် ပုလိပ်အရေးယူနိုင်သောအမှုဖြစ်သည်ကို သိသော်လည်း ဆရာဝန်တို့မည်သည် ရုံးသို့သက်သေလိုက်လျှင် တစ်နေ့လုံးအချိန်ကုန်၊ အလုပ်ပျက်၍မလိုက်လိုကြသည့်အတိုင်း ဂါတ်သို့တိုင်ရန် အကြံမပေးလိုသဖြင့် 'ဒီတစ်ညအတွက်တော့ ခင်ဗျားလဲ တာဝန်မကြီးပါဘူး၊ မနက်ကျ သတိရလာရင် သူ့အိမ် လိုက်ပို့နိုင်တာပေါ့၊ သူ့အတွက်တော့ တစ်စုံတစ်ရာဖြစ်သွားမှာ မစိုးရိမ်ပါနဲ့' ဟု ပြောပြီးလျှင် 'ကြည့်လိုက်ပါဗျာ၊ မိန်းကလေးတစ်ယောက် ဒုက္ခရောက်တာကို စောင့်ရှောက်အပ်တဲ့ဝတ္တရား ရှိပါတယ်' ဟု ထိုညတွင် စိန်ဝင်းအိမ်၌ထားရန် တိုက်တွန်းခဲ့လေ၏။

စိန်ဝင်းသည် မိမိမှာယောက်ျားပျိုတစ်ဦးဖြစ်လျက် မိမိ၏အိမ်ထက်၊



အိပ်ရာထက်ဝယ် မိန်းမပျိုတစ်ယောက် ရောက်ရှိနေသည့်အရေးသည် မည်သို့သော အရှုပ်အထွေးများ ဖြစ်ပေါ်လာနိုင်စရာ ရှိလေမည်နည်းဟူသော အမေးဖြင့် စုံထောက်တွေးတွေးကာ ခြံဝင်းတွင်းသို့ဆင်း၍ လမ်းလျှောက်ရင်းစဉ်းစားလေသည်။

မိုးဦးကျရာသီတွင် တိမ်ပန်းချီရောင်စုံလျှမ်းသည့် ညနေချမ်း၏ သာယာသောလောကဓာတ်သည် စိန်ဝင်း၏စိတ်ထဲ၌ အမည်မသိသော အန္တရာယ်ကြီးတစ်ခုကို ကြောက်ရွံ့သကဲ့သို့ ရင်ဖိုသလိုလို၊ ဝမ်းနည်းသလိုလို နှင့် ဖြစ်နေစေ၏။ ခြံဝင်းတွင်းရှိ သော်ကပင်ပေါ်မှ ငှက်ကလေးတစ်ကောင်သည် တေးဆိုလျက်ရှိ၏။ ဆိုသည့်တေးသံကား 'အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ်'ဟူသော သီချင်းပင်ဖြစ်ပေ၏။ စိန်ဝင်း၏စိတ်ထဲတွင် ဤသို့ ထင်မြင်မိတော့၏။

စိန်ဝင်းသည် မစန်းကြည်ကို သတိရလာပြီးလျှင် စိုးရိမ်ပူပန်သော စိတ်ဖြစ်ပေါ်လာကာ မည်သို့နေသေးသည်ကိုသိရှိရန် အိမ်ထဲသို့ပြန်၍ဝင်ခဲ့၏။

စိန်ဝင်းသည် မစန်းကြည်ဘေးမှရပ်လျက် မလှုပ်မယှက်ရှိနေသော မျက်နှာကလေးကို စိုက်ကြည့်တွေဝေနေစဉ် ကိုပန်းဘူးရောက်လာကာ 'ထမင်းပြင်ရတော့မလား ဆရာ' ဟုပြောမှ ညစာစားသောက်ရန် သတိရလေ၏။

'အေး… စားမယ်၊ ပြင်လိုက်'

ကိုပန်းဘူးသည် ထမင်းပြင်ရန် ထမင်းစားခန်းထဲသို့ ဝင်လာရာတွင် စားပွဲပေါ်ရှိ စားပွဲခင်းအဖြူကြီးမှာ အလယ်ကကုန်း၍ထလာပြီးလျှင် ဝုန်းခနဲ ထပျံလေ၏။

'အောင်မလေး… သရဲပါဗျ…'ဟု ပန်းဘူးသည် ငယ်သံပါအောင် ကုန်းအော်လိုက်ပြီး ဣတိပိသောအစ၊ သံဗုဒ္ဓေအလယ်၊ ယံဒုန္နိအဆုံး လုံးထွေးရွတ်ဖတ်ကာ ထွက်၍ပြေးရာ စားပွဲခင်းသည် ပျံဝဲနေရာက မြေပေါ်သို့ကျ၍ ပန်းဘူးနောက်သို့ ပြေး၍လိုက်လေ၏။

စိန်ဝင်းသည် ပန်းဘူးအော်သံကြောင့်ပင် လျှင်မြန်စွာရောက်လာပြီး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လျှင် ပန်းဘူးနောက်က ပြေး၍လိုက်နေသော စာပွဲခင်းအဖြူကြီးကို လှမ်း၍ဆွဲရာ အီကြာကွေးဖြစ်နေသည်ကို တွေ့ရလေတော့၏။

အီကြာကွေးကား ထမင်းဆာလှသဖြင့် စားပွဲပေါ်သို့တက်၍ စားပွဲခင်းအောက်တွင် စားစရာတွေ့ရလိုတွေ့ရငြား ခေါင်းလျှိုဝင်နေခိုက် ပန်းဘူးရောက်လာ၍ လန့်ခုန်ပြီး အဝတ်များဖြင့် ထွေးလုံးရစ်ပတ်ခါ မမြင်မစမ်းနှင့် ပန်းဘူးနောက်သို့ ထိုး၍လိုက်မိခြင်းပင် ဖြစ်ပေတော့၏။

'အမယ်လေး··· မောလိုက်တာ၊ တစ္ဆေမှတ်သွားတာပဲ'

'ဒီအသက်အရွယ်ကြီးကျမှ တစ္ဆေကြောက်နေရသေးသလား၊ ယုံသလား'

'မယုံမရှိနဲ့ဆရာ၊ ဒီအိမ်မှာ အပျိုကြီးတစ္ဆေရှိတယ်၊ ဒီအကြောင်း ဆရာကြီး မသိသေးဘူးလား'

စိန်ဝင်းမှာ ထိုအိမ်ကြီးအကြောင်းနှင့်ပတ်သက်၍ မသိုးမသန့် ကြားထားရသဖြင့် ပန်းဘူးပြောသည့်စကားကို စိတ်ဝင်စားလာပြီးလျှင် 'ကဲ··· ထိုင်စမ်းပါဦး၊ မင်းသိတာပြောစမ်း' ဟု ဆိုလေ၏။

'ဒီအိမ်ဟာ စာဆိုတော်အပျိုကြီးတစ်ယောက် နေသွားတဲ့အိမ်ပဲ၊ အဲဒီအပျိုကြီးဟာ အချစ်ဒုက္ခကို ကြိတ်ပြီးခံစားခဲ့ရတာမို့ အချစ်နဲ့ပတ်သက်တဲ့ စာတွေချည်းရေးတယ်၊ သူသေသွားတဲ့နောက်ပိုင်း ဒီအိမ်ကိုရောက်လာတဲ့ ယောကျ်ားပျို၊ မိန်းမပျိုမှန်သမျှဟာ အချစ်ရောဂါမိလေ့ရှိတာပဲ၊ ယောကျ်ားကလေးရှိရင် မိန်းကလေးတစ်ယောက် အလိုလိုပေါ်ပေါက်လာပြီး၊ မိန်းကလေးရှိရင် ယောကျ်ားပျို တစ်နည်းနည်းနဲ့ ပေါ်လာလေ့ရှိတယ်၊ အဲဒီလိုတွေ့ကြပြီး ချစ်မိလို့ရှိရင် ညားသွားကြလို့တော့ ဘာမှမဖြစ်ဘူး၊ မညားဖြစ်လို့ရှိရင် ရူးရင်ရူး၊ ကြိုးဆွဲချ သေချင်သေ၊ တစ်ခုခုတော့ဖြစ်တတ်တာပဲ'

'အဲဒါ အပျိုကြီးတစ္ဆေနဲ့ ဘာဆိုင်သလဲ၊ အချစ်စိတ်မွေးမိရင် တစ်ခုမဖြစ် တစ်ခုဖြစ်စမြဲပဲ'

'မညားရတာနဲ့ လူတိုင်းသတ်သေကြတာမှ မဟုတ်ဘဲဆရာ၊ တစ်ခုခုဖြစ်ပြီးတော့လဲ မသေဘူး၊ လူတိုင်းလဲ မရူးဘူး၊ ဒီမှာဆိုရင် အချစ်ဒီဂရီဟာ



တစ်ရာ့လေး၊ တစ်ရာ့ငါးမကဘဲ ရေခဲတင်လို့ မရတဲ့အချစ်ကိုချည်း ရောက်ကြတယ်'

'အိုကွာ··· တောက်တီးတောက်တဲ့စကားတွေ လျှောက်ပြောမနေပါနဲ့၊ ကဲ··· ထမင်းသွားခူးချေ'

ပန်းဘူး ထမင်းပြင်ဆင်ပြီးသောအခါ စိန်ဝင်းသည် ထမင်းစားချင်စိတ် မရှိသလိုလို ဖြစ်လာပြီးလျှင် 'ငါ မစားတော့ဘူး၊ သိမ်းလိုက်တော့' ဟု အမိန့်ပေးလိုက်လေ၏။

'အလုပ် ဆက်ပြီးလုပ်တော့မလို့လား'

'စာရေးလို့လဲ ဖြစ်မှာမဟုတ်ဘူး၊ စာရေးစားပွဲကိုလဲ သိမ်းလိုက်တော့'

ပန်းဘူးသည် မပွင့်တပွင့်ပြုံးရင်း 'စလုံးရေစပြီဆရာ' ဟု ပြောလိုက်လေ၏။

'စလုံးရေစတော့ ဘာဖြစ်သလဲ'

'ခေတ်သစ်သင်ပုန်းကြီးကတော့ စလုံးရေစပြီးတော့ စလုံးရေးချစာကိုကျော်ပြီး စလုံးနောက်ပစ် ဆွဲတယ်ဆရာ'

'စလုံးရေးချ ဝစ္စနှစ်လုံးပေါက် စွားလေကွာ' ဟုဆိုကာ စိန်ဝင်းက လှမ်း၍ ကန်လိုက်မှ ပန်းဘူးသည် ဖနောင့်ဒဏ်လွတ်အောင် လစ်ပြေးရလေ၏။

စိန်ဝင်းသည် မစန်းကြည်အား သိပ်ထားသောခုတင်ဘေးရှိ ပက်လက်ကုလားထိုင်ပေါ်တွင် လှဲမှီကာ ခေါင်းပေါ်တွင်လက်ပစ်၍ စဉ်းစားခန်း ထုတ်လေ၏။ စိန်ဝင်း၏ထွေရာလေးပါးစိတ်ကူးတွင် ဘယ်အခါကမှ မဝင်ရောက်ဖူးသော ချစ်ကြည်မှုပြဿနာကြီး ဝင်ရောက်လာလေရာ ထိုပြဿနာကို အကြိမ်ကြိမ်ပယ်ချသော်လည်း 'ကာမမြို့နယ် ဃရာဝါသ ပါတီအတွင်းရေးမှူး သတ္တဘာဂအမတ်၏ ချစ်ကြည်ရေးအဆို' မှာ ထပ်ခါထပ်ခါ တင်သွင်းခံရသည်ကို တွေ့ရလေ၏။

သို့နှင့်စိန်ဝင်းမှာ အတော်ညဉ့်နက်သည်အထိ တွေးရင်းတွေးရင်းနှင့် ပက်လက်ကုလားထိုင်ပေါ်၌ အိပ်ပျော်သွားရာ အိပ်ရာမှနိုးလာသောအခါတွင် ခုတင်ပေါ်မှာ မစန်းကြည်မရှိတော့သည်ကို တွေ့ရလေ၏။ စိန်ဝင်းနှင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိတ်ခနဲဖြစ်သွားလျက် ပျာပျာသလဲထသွားပြီး အခန်းတွေထဲ လိုက်၍ကြည့်လေ၏။ တစ်အိမ်လုံးအထက်အောက် နံ့အောင်ရှာသော်လည်း မစန်းကြည်ကို မတွေ့ဘဲရှိရာ ဘယ်သို့ ပျောက်သွားလေရော့သနည်း။

နောက်ထပ်တွေ့ချင်၍ ဘယ်မှာလိုက်ရှာရမည်နည်းဟု ဆွေးစိတ်ဝင်၍ သွားလေတော့၏။ ထို့နောက်မှ ပန်းဘူးပြောသည့်စကားမှာ မှန်နေရော့သလား။ တစ္ဆေခြောက်သည့်အိမ်ကြီးဟု သူပြောသည့်အတိုင်းဟုတ်ခဲ့လျှင် ယမန်နေ့က တွေ့ရသည့်မစန်းကြည်မှာ နာနာဘာဝ တစ္ဆေသရဲ၊ ဥစ္စာစောင့် တစ်ခုခုများ ဖြစ်နေလေရော့သလားဟု စိတ်ထဲတွင်ထင့်ခနဲဖြစ်မိပေ၏။

'ပန်းဘူး… ပန်းဘူး၊ ဟေ့… ပန်းဘူး'

'ဗျာ' ထူးရင်း ပန်းဘူးရောက်လာလေ၏။

'ကောင်မလေး ဘယ်ပျောက်သွားလဲ'

'ရှိပ့်… ဆရာရယ်၊ ခြံထဲမှာ'

စိန်ဝင်းသည် ခြံတွင်းသို့ ပြတင်းပေါက်မှထွက်ကြည့်၍ မစန်းကြည်ကိုမြင်ရမှ စိတ်အေးသွားကာ မျက်နှာကမန်းကတန်းသစ်၊ ထမင်းစားပွဲပေါ်တွင် အသင့်ပြင်ထားသော လက်ဖက်ရည်ကို ပါးစပ်တွင်းသို့ ပက်သွင်းလိုက်ပြီး နောက် ခြံထဲသို့ဆင်းသွားလေ၏။

'မစန်းကြည်… ဘာဖြစ်လို့ အိပ်ရာထဲမှာ ငြိမ်ငြိမ်မနေသလဲ'

'ကျွန်မ မနေ့က လန့်ပြီး သတိမရဖြစ်နေတာ၊ ဘာမှမဖြစ်ပါဘူးရှင့်၊ စိုးရိမ်စရာ မရှိပါဘူး'

'နေကောင်းသွားလို့ ပြန်မယ်ဆိုရင် လိုက်ပို့မယ်လေ၊ ဘယ်ကိုပို့ရမှာလဲ'

'ကျေးဇူးတင်ပါတယ်ရှင်၊ ကိစ္စမရှိပါဘူး၊ ကျွန်မ နောက်နေ့ပဲ ဖေဖေဆီလူလွှတ်ပြီး စာရေးပေးလိုက်ပါပြီ၊ လာခေါ်ပါလိမ့်မယ်'ဟုပြောပြီး…

'ကျွန်မကို အခုလိုပြုစုတာ အများကြီးကျေးဇူးတင်ပါတယ်ရှင်၊ ဦးစိန်ဝင်းကျေးဇူးကို တစ်သက်လုံးမမေ့ပါဘူး' ဟု ပြောလေ၏။

'ဦးစိန်ဝင်းလို့တော့ မခေါ်ပါနဲ့၊ အသက်မကြီးသေးပါဘူး'

'ဦးထည့်ခေါ်တာ မနှစ်သက်ရင် မခေါ်ပါဘူးရှင်၊ ကျွန်မမျက်စိထဲမှာ



အင်မတန်ယောက်ျားပီသ ခံ့ညားတဲ့ရုပ်ကိုတွေ့ရလို့ ရတနာပုံခင်လေးကြီး ရေးတဲ့ သစ္စာမဏ္ဍိုင်ဝတ္ထုထဲက ခင်မောင်လတ်နဲ့ သိပ်တူတာမို့လို့ အောက်မေ့ခေါ်တာပါ'

'ဟဲ… ဟဲ… အဲဒီဝတ္ထုထဲက ဇာတ်လိုက်မင်းသမီးကလေးဟာ မစန်းကြည်ပဲလို့ ကိုယ့်ကိုယ်ကိုပြန်ပြီး မထင်မိဘူးလား'

'အမယ်လေး… လုပ်ပါဦး၊ လုပ်ပါဦး'

'ဘာ… ဘာ… ဘာဖြစ်တာလဲ'

'ဟိုမှာ… ဟိုမှာ… ကျွန်မ ခွေးကလေး ရေတွင်းနှုတ်ခမ်းပေါ်က ရေတွင်းထဲလိမ့်ကျသွားပါပြီ၊ ကယ်ကြပါဦး… ကယ်ကြပါဦး'

စိန်ဝင်းသည် ရေတွင်းဆီသို့ပြေးသွားပြီးလျှင် ရေတွင်းထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်တော့မည်လုပ်ပြီးမှ တွင်းမှာအတော်နက်ပုံရသည့်အတွက် ဒိုင်ဗင်မထိုးဝံ့ဘဲဖြစ်သွားလေ၏။

'လီလီ… သေပါတော့မယ်ရှင်၊ ဆယ်ကြပါဦး၊ ဆယ်ကြပါဦး' ဟု မစန်းကြည်၏ စိုးရိမ်ပြင်းပြသောအသံသည် စိန်ဝင်းအား ရေတွင်းထဲသို့ ဆင်းရန်လှုံ့ဆော်ပေးနေသည်တွင်… 'လုပ်ကြပါဦးဗျို့၊ ကျုပ်မြာကလေး ရေနစ်သေရချည့်ရဲ့… ဝုတ်ဝုတ်…' နှင့် အိကြာကွေးကလည်း ရေတွင်းပတ်ချာလှည့်ပြေး၍ ပျာလောင်ခတ်နေလေတော့၏။

စိန်ဝင်းသည် ရေဆွဲသောစက်သီးကြိုးကို ရေတွင်းထဲသို့ချလိုက်ပြီးနောက် ကြိုးစအဆုံးကို ရေတွင်းတိုင်တွင် ချည်နှောင်ပြီးလျှင် စက်သီးကြိုးကိုဆွဲ၍ ရေတွင်းထဲသို့ဆင်းလေ၏။ မစန်းကြည်၏စိတ်ထဲတွင် စိန်ဝင်းအား ရတနာပုံခင်လေးကြီးရေးသော သစ္စာမဏ္ဍိုင်ဝတ္ထုထဲမှ ဇာတ်လိုက် ခင်မောင်လတ်ပင်ဖြစ်တော့သည်ဟု ထင်မြင်မိလေ၏။ စိန်ဝင်းသည် ရေတွင်းထဲသို့ ရောက်ပြီးနောက် ခွေးကလေးကို ဖမ်းပွေ့လိုက်ကာ ခက်ခက်ခဲခဲဖြင့် ရေပုံးကြိုးကို ဆွဲ၍တက်ရာတွင် လူအားနှင့်ရေပုံးကြိုးမှာ မမျှသဖြင့် ပထမဆင်းစဉ်ကပင် နာ၍နေသောကြိုးမှာ ပြတ်၍ကျကာ ခွေးရောလူပါ ရေတွင်းသို့ကျပြီး ခဏ၌ နစ်မြုပ်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မစန်းကြည်မှာ 'အမလေး… ကယ်တော်မူကြပါရှင်'ဟု အလန့်တကြား အော်လိုက်မိလေ၏။

ထိုအခါ ပန်းဘူးသည် ဝါးလုံးရှည်တစ်ချောင်းကိုပြေး၍ ဆွဲယူလာပြီးလျှင် တွင်းထဲသို့ချလိုက်မှ စိန်ဝင်းလည်း ခွေးကိုပိုက်ကာ ပြန်တက်လာနိုင်လေ၏။

မစန်းကြည်သည် ခွေးကလေးကို လှမ်းယူလိုက်ပြီးနောက် စိန်ဝင်းအား တကယ့်လူစွမ်းကောင်းကြီးတစ်ယောက်အနေနှင့် ကြည်ညိုလေးစားစွာ စိုက်ကြည့်နေမိလေ၏။

'ကျွန်မ ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်ရှင်'

စိန်ဝင်းကား တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်ရှိကာ မစန်းကြည်၏ ခွေးကလေးရေခါသလို မိမိကိုယ်ကိုလည်း လှုပ်၍ရေခါမိတော့မလိုလို ဖြစ်မိလေ၏။

'ကျေးဇူးတင်စရာ မလိုပါဘူး၊ မစန်းကြည်ရဲ့စိတ်ထဲမှာ ချမ်းသာသွားတယ်ဆိုရင် ကျေးဇူးတင်စကားကိုကြားရတာထက် ဝမ်းသာပါတယ်'

'ဆရာ့တစ်ကိုယ်လုံး ရေတွေရွှဲနေပြီ၊ အပြင်ရပ်ပြီး စကားပြောနေလို့ မဖြစ်ဘူး၊ အအေးမိနေလိမ့်မယ်'

ထိုအခါမှ အဝတ်အစားမြန်မြန်လဲဖို့ရန် သတိရပြီး 'ကဲ… အိမ်ထဲသွားကြစို့၊ ဟော့… ပန်းဘူး၊ မစန်းကြည်ရဲ့ခွေးကလေးကို အဝတ်တစ်ခုယူပြီး ရေသုတ်ပေးလိုက်' ဟု ပြော၍ အိမ်ထဲသို့ ဝင်ခဲ့ကြလေ၏။

စိန်ဝင်းသည် အိမ်ပေါ်သို့တက်၍ အဝတ်အစားလဲလှယ်ပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းလာသောအခါ အိမ်ရှေ့ခန်းတွင် မစန်းကြည်သည် စိန်ဝင်းအား ကိုယ်ငွေ့လုံ၍သွားရန် အငွေ့တထောင်းထောင်းနှင့် ကော်ဖီအသင့်ဖျော်ထားသည်ကို တွေ့ရလေ၏။

စိန်ဝင်းသည် စိတ်ထဲ၌ ကျိတ်၍ကျေနပ်နှစ်သိမ့်ကာ ကော်ဖီသောက်ရင်း မစန်းကြည်အား တစိမ့်စိမ့်စိုက်ကြည့်နေမိလေ၏။

'ဘာဖြစ်လို့ ဒါလောက်စိမ်းစိမ်းကြီး စိုက်ကြည့်နေတာလဲရှင်၊ ကျွန်မ မနေတတ်ပါဘူး'



'စိတ်လဲမဆိုးပါနဲ့ မစန်းကြည်၊ ကျုပ်စိတ်ထဲမှာ မစန်းကြည်လို အလိုက်သိတတ်တဲ့ မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ဖက်ဖြစ်ရရင် လောကကြီးမှာ အကြီးဆုံးသုခကြီးပဲလို့ တွေးမိလို့ပါ'

မစန်းကြည်မှာ မျက်နှာတွင်ရက်သွေးကလေးများသမ်းကာ ခေါင်းကလေးငုံ့သွားပြီးမှ မျက်လုံးကလေးများချည်းမော်၍ ရှက်ကိုးရှက်ကန်း ကြည့်လျက် 'ကျွန်မလဲ…' ဟု ဆို၍ ရပ်နေလိုက်လေ၏။

စိန်ဝင်း၏စိတ်ထဲတွင် ဖိုလှိုက်ဖိုလှိုက် ဖြစ်နေလေ၏။

'ကျွန်မကလဲ… ကိုဝင်းလို သူရသတ္တိနဲ့ပြည့်စုံပြီး ကြင်နာတတ်တဲ့ ယောက်ျားကို ခင်ပွန်းဖြစ်ရရင် လောကမှာ ချမ်းသာခြင်းပဲလို့ ထင်မိပါတယ်၊ ဒါပေမယ့်…'

စိန်ဝင်းမှာ မစန်းကြည်၏စကားကိုကြားရာတွင် ဝမ်းသာမဆုံးဖြစ်မိရာက 'ဒါပေမယ့်'ဆိုသောစကားကြောင့် သိန်းထီပေါက်သဖြင့် ဝမ်းသာနေရာက အိပ်ရာမှလန့်နိုး၍ အိပ်မက်ဖြစ်နေသကဲ့သို့ မချင့်မရဲဖြစ်မိလေ၏။

'ဒါပေမယ့် ဆိုပြီး စကားရပ်မထားပါနဲ့ဦး'

'ကျွန်မအကြောင်းပြောမိရင် ရာဇဝင်အရှည်ကြီးပါတဲ့၊ ကိုဝင်းရယ်…'

'မစန်းကြည်အကြောင်းဆိုရင် နံဗွာန်မရောက်ချင်နေပါစေ၊ မထတမ်း နားထောင်ချင်ပါတယ်'

'ဒီလိုပါရှင်… ဒီအိမ်ကြီးကိုမူလပိုင်တဲ့ ရတနာပုံခင်လေးကြီးဆိုတာ ကျွန်မ မေမေရဲ့အစ်မပါပဲ၊ ကျွန်မ မေမေဟာ ကလေးဘဝချစ်ခဲ့သူနဲ့ ခိုးရာလိုက်ပြေးတဲ့အတွက် တစ်ဆွေလုံး၊ တစ်မျိုးလုံးက သဘောမတူဘဲ အမွေပြတ်စွန့်ပစ်ထားခဲ့ပါတယ်၊ ဒါနဲ့ ကျွန်မ မေမေနဲ့ဖေဖေဟာ ဆင်းဆင်းရဲရဲနဲ့နေထိုင်ကြရာက ဖေဖေသေသွားပြီး ဖေဖေနဲ့အင်မတန်ချစ်တဲ့မိတ်ဆွေနဲ့ ဖေဖေမသေခင်မှာကြားခဲ့တဲ့အတိုင်း လက်ဆက်ကြပါတယ်၊ လက်ဆက်ပြီး မကြာခင်မေမေ ဆုံးပြန်ပါတယ်၊ အခု ကျွန်မဖေဖေလို့ပြောနေတာဟာ ကျွန်မ ထွေးပါပဲ၊ ဒါပေမယ့် ကျွန်မအပေါ်မှာ အထူးပဲစောင့်ရှောက်ခဲ့ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သြော်… မစန်းကြည်ရဲ့ဘဝဟာ ဆင်းရဲဒုက္ခတွေအမျိုးမျိုး တွေ့ခဲ့တာပဲနော်'

'ကျွန်မ မေမေကလဲ ပထွေးနဲ့မယားပါသမီးတို့ ဖြစ်ရိုးဖြစ်စဉ်ကိုတွေးမိလို့ သမီးကလေးကို ငါ့သွေးသားမဟုတ်ဘူးရယ်လို့ ပစ်ထားတာထက် အရွယ်ရောက်လာတဲ့အခါ အိမ်ထောင်ပြုလိုက ပြုပါတော့လို့ မှာခဲ့တယ်ဆိုတာ ကျွန်မ သိရပါတယ်'

'အခု မစန်းကြည်ရဲ့အုပ်ထိန်းသူဟာ အတော်အသက်ကြီးပြီလား'

'အသက် သိပ်မကြီးလှသေးပါဘူး၊ ကျွန်မအသက်နဲ့ဆိုရင်တော့ အသက်နှစ်ဆယ်လောက်ကြီးမှာပဲ၊ အင်မတန်လဲ ကျွန်မအပေါ် ကောင်းရှာပါတယ်၊ ကိုဝင်းကို ကျွန်မ မတွေ့ရခင် ကျွန်မစိတ်ထဲမှာ မေ့မေ့စကားနဲ့အညီ သူ ကျွန်မကိုယူမယ်ဆိုရင်လဲ သူ့အလိုအတိုင်းလိုက်နာဖို့ ပိုင်းဖြတ်ပြီးသားပါပဲ၊ အခုတော့…'ဟု ပြောရာက 'ဟော… ဟိုမှာ ဖေဖေလာနေပြီ' ဟု ဆိုလိုက်လေ၏။

စိန်ဝင်းသည် မစန်းကြည်၏ ဆန်းကြယ်သောအဖြစ်ကို ကြားရ၍ စိတ်ထဲ၌ အတော်ထိခိုက်သွားမိပေ၏။ ထိုအခိုက်တွင် မစန်းကြည်၏ အုပ်ထိန်းသူဝင်ရောက်လာသည်ကို တွေ့ရသောအခါ မျက်နှာချင်းပင် မဆိုင်လိုဘဲ ထွက်သာပြေးချင်မိပေ၏။ သို့ရာတွင် ထိုလူကြီး၏မျက်နှာကို ကြည့်လိုက်သောအခါ စိတ်နှလုံးထားကောင်းသောသူတစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်မှတ်လောက်သည့် ခံ့ညားကျက်သရေရှိသောမျက်နှာကို တွေ့ရလေ၏။

ထိုလူကြီးသည် အခန်းထဲသို့ရောက်ရှိလာပြီးနောက် 'ဘယ်လိုဖြစ်လာကြတာလဲ' ဟု မေးရင်း ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။

'ဖေဖေ၊ ကျွန်မ မနေ့က ဒေါ်လေးတို့အိမ်ကြီးကိုလာကြည့်ရင်း အိမ်ရှေ့မှာ ကားတိုက်မိလို့'

'ကားတိုက်မိရင် ဖေဖေ့ကိုအကြောင်းကြားပါလား၊ ဆေးရုံလဲ မပို့၊ ဂါတ်လဲမတိုင် တစ်ညလုံးပြန်မလာဘူးဆိုတော့ ဖေဖေစိုးရိမ်မိတယ်၊ သမီးအပေါ်မှာလဲ အထင်အမြင်လွဲစရာဖြစ်နေပြီ'



'ကားတိုက်ပြီး ကျွန်မလဲ ဘာမှသတိမရတော့ဘူး၊ မနက်ကျမှ ကိုစိန်ဝင်းအိပ်ရာပေါ် ကျွန်မ ရောက်နေတာကိုသတိရတယ်…'

မစန်းကြည်၏ဖခင် ဦးတင်မောင်မှာ ထိုစကားကိုကြားရ၍ မျက်လုံးပြူးသွားလေ၏။

'ယောက်ျားတစ်ယောက်ရဲ့ အိပ်ရာပေါ်မှာဟုတ်လား'

'ဒီလိုပါခင်ဗျား' ဟု စိန်ဝင်းက ရှင်းလင်းပြောပြရင်း စကားစလိုက်ကာ…

'သူဟာ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်မသိရ၊ သူကလဲ စကားမေးမရတဲ့အပြင် ဆရာဝန်ကလဲ သူ့ကိုမလှုပ်ရှားစေရဘူးလို့ ပြောတဲ့အတွက် ကျွန်တော့်ခုတင်ပေါ်မှာသိပ်ထားပြီး ကျွန်တော်လဲအနားမှာ ပက်လက်ကုလားထိုင်နဲ့ထိုင်ပြီး တစ်ညလုံးစောင့်ရှောက်နေပါတယ်'

ဦးတင်မောင်သည် စိန်ဝင်း၏မျက်နှာကို သေချာစွာကြည့်၍ အကဲခတ်လိုက်ပြီးနောက်…

'အခုလိုပြုစုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါထက် မောင်ရင့်အကြောင်းသိပါရစေ' ဟု မေးလေ၏။

'ကျွန်တော့်နာမည်ကတော့ စိန်ဝင်းလို့ခေါ်ပါတယ်၊ စာရေးဆရာတစ်ယောက်ပါပဲ၊ ရန်ကုန်က ဒီကိုလာပြီး အနားယူနေတာပါ'

'သြော်… စာရေးဆရာကြီးပဲ ကြားဖူးပါတယ်၊ တွေ့ရတာ ဝမ်းသာပါတယ်' ဟု ဦးတင်မောင်ကပြောပြီးနောက် 'မနေ့က မစန်းကြည် အခုလိုဖြစ်တာကို မသိကြတဲ့လူများက ညထွက်သွားပြီး ပြန်မလာဘူးဆိုတာကို မစန်းကြည်နာမည်ပျက်အောင် ထင်မြင်ချက်အမျိုးမျိုးပေးနေတယ်၊ တိုတိုပြောရရင် မစန်းကြည်ဟာ ကျုပ်ရဲ့သမီးအရင်းမဟုတ်ဘူး၊ အဲဒါကြောင့် ကျုပ်ရန်ကိုကြောက်လို့ ထွက်ပြေးတာပဲလို့ ပြောနေကြတော့ နှစ်ယောက်စလုံး မကောင်းအောင်ဖြစ်နေတာပဲ' ဟု ပြောပြလေ၏။

မစန်းကြည်ကား ခေါင်းကလေးငုံ့၍နေလေ၏။ စိန်ဝင်းကား နှလုံးကို မျက်နှာရှောင်လွှဲလျက် ပြတင်းပေါက်အပြင်ဘက်သို့ လှမ်း၍ မျှော်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် ပန်းဘူး အူယားဖားယား ပြေးလာပြီးလျှင် 'ဆရာ… ဆရာ အိကြာကွေးလိုက်လို့ လီလီထွက်ပြေးပြီဆရာ'ဟု သတင်းပေးလေ၏။

'လုပ်ကြပါဦး… လုပ်ကြပါဦး၊ ဖမ်းပေးကြပါဦး' ဟု မစန်းကြည်က စိုးရိမ်တကြီးပြောရာ စိန်ဝင်းလည်း ဖြုံးခနဲထိုင်ရာမှထလိုက်ပြီး…

'မဖြစ်ဘူး၊ လိုက်ဦးမှပဲ'ဟု ဆိုကာ လျှင်မြန်စွာထွက်ခဲ့လေ၏။ မစန်းကြည်သည် လီလီအတွက် လွန်စွာစိုးရိမ်ကာ ပြတင်းပေါက်မှနေ၍ လမ်းဘက်သို့လှမ်းကြည့်လိုက်ရာ အစီအစဉ်အားဖြင့် ရှေ့ဆုံးကလီလီကပြေး၍ သူ့နောက်ကို အိကြာကွေးကလိုက်၊ အိကြာကွေးနောက်ကို စိန်ဝင်းကလိုက်ပြီး စိန်ဝင်းနောက်ကို ပန်းဘူးလိုက်နေသည်ကိုတွေ့ရလေ၏။

အတန်ကြာသောအခါ စိန်ဝင်းသည် လီလီကိုပိုက်လျက် ပန်းဘူးက အိကြာကွေးကို လည်ပတ်မှဆွဲကိုင်ပြီး လေးဦးစလုံး မောမောပန်းပန်းနှင့်ပြန်၍ ရောက်ကြလေ၏။

မစန်းကြည်သည် စိန်ဝင်းအား ပြေး၍ဖက်လုမတတ် ဝမ်းသာအားရနှင့် ပြေးကပ်သွားကာ လီလီကိုပွေ့ယူလိုက်ပြီးလျှင် ကျောကလေးကို ပွတ်သပ်ပေးရင်း စိန်ဝင်းအား တောက်ပကြည်လင်သော မျက်လုံးကလေးများဖြင့် စူးစိုက်ကြည့်ကာ 'ကိုစိန်ဝင်း အတော့်ကိုမောသွားသလား'ဟု မေးလိုက်လေ၏။

စိန်ဝင်းမှာ ဟောဟဲ အသံမထွက်ရအောင် မနည်းဖိလျက်…

'အို… မစန်းကြည်အတွက်နဲ့ဆိုရင် မမောပါဘူး'ဟု ခပ်ပြုံးပြုံး ပြန်၍ဖြေလေ၏။

ဦးတင်မောင်သည် နှစ်ယောက်စလုံးကို ခပ်ပြုံးပြုံးကြည့်နေရာက 'ကဲ… လာကြပါဦး၊ ဦး ပြောစရာရှိပါသေးတယ်'ဟု ခေါ်လိုက်လေ၏။

စိန်ဝင်းနှင့်မစန်းကြည်တို့လည်း ဦးတင်မောင်အနားသို့ ပြန်၍ရောက်သွားကြလေ၏။

'မစန်းကြည်ဟာ ကျုပ်ရန်ကိုကြောက်လို့ ယောကျ်ားတစ်ယောက်နဲ့ ထွက်ပြေးတာပဲလို့ အများကပြောနေကြတယ်၊ သူ့ကိုအခုပြန်ခေါ်သွားရင် နိုးရာလိုက်ပြေးရာက အတင်းလိုက်ပြီး သိမ်းထားပေတယ်လို့ ထင်နေကြမှာပဲ၊



အဲဒါထက် စကားခပ်ရိုင်းရိုင်းပြောရရင် သူ့ကိုအပျိုမစစ်ဘူးလို့ ရှုတ်ချကြတော့မယ်'

စိန်ဝင်းနှင့်မစန်းကြည်မှာ ဘာမျှမပြောဘဲ ငြိမ်၍နားစိုက်နေကြလေ၏။

'အဲဒီလိုဖြစ်ရခြင်းဟာ မောင့်တာဝန်လဲ မကင်းဘူးလို့ ဆိုရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် တိုင်ကြားလိုက်မယ်ဆိုရင် မသင်္ကာစရာမရှိဘူး'

'ဆရာဝန်အသိပါပဲ ခင်ဗျာ…'

'ဒါပေမယ့် ကျန်တဲ့လူတွေက မသိကြဘူး၊ ဒါပေမယ့် ခုတင်မောင်အပြင်သွားတုန်း မစန်းကြည်ပြောပြလို့ ကျုပ်နဲ့သူ့အကြောင်းကို မောင်အားလုံးသိပြီးပြီဆိုတော့…'

'ကျွန်တော်သိရတဲ့အတိုင်း ဦးဟာ မစန်းကြည်ကို အိမ်ထောင်ပြုမယ်ဆိုတော့ သူ့အပေါ်မှာ ဦးမသင်္ကာစရာမဖြစ်ရင် ပြီးတာပါပဲ ဦးရယ်'

ဦးတင်မောင်သည် အသံများထွက်အောင် ရယ်လေ၏။ 'အင်း… အင်း'ဟု ခေါင်းတညိတ်ညိတ်နှင့်လုပ်နေပြီးနောက်မှ ဦးတင်မောင်က 'သူ့မိခင်မဆုံးခင်က မှာသွားတဲ့စကားက သူ့ကို အိမ်ထောင်ပြုတဲ့အထိ စောင့်ရှောက်ဖို့ မှာသွားတာပါပဲ၊ အဲဒါကို မယားပါသမီးနဲ့ပထွေးဆိုတော့ တစ်မျိုးပြောနေကြတယ်၊ မစန်းကြည်ကလဲ ငယ်ငယ်မို့ စကားကိုကောင်းကောင်းနားမလည်လို့ ဒီလိုပဲ မှာသွားတယ်ထင်နေတာ၊ ဦးကလဲ ကိုယ့်သမီးအရင်းမဟုတ်တဲ့အတွက်ကြောင့် ပထွေးဆိုရင် တစ်သက်လုံးမကောင်းဘူးလို့ထင်နေ၊ မှတ်နေကြတာကတစ်ကြောင်းကြောင့် သူ့အတွက် သိပ်တာဝန်ကြီးပြီး မတော်တရော်လူများနဲ့ ဖြစ်မသွားရအောင်၊ ကုန်ကုန်ပြောမယ်ကွာ၊ ချစ်သူကို လိုက်ရှာဖို့ စိတ်မကူးမိအောင် သူထင်တဲ့အတိုင်း ဟုတ်တဲ့အနေမျိုးနဲ့ နေခဲ့တာပဲ…'

မစန်းကြည်နှင့်စိန်ဝင်းတို့၏မျက်နှာတွင် ဦးတင်မောင်၏စကားကို လွန်စွာစိတ်ဝင်စားလျက်ရှိသော အမူအရာများ ပြလျက်ရှိကြလေ၏။

'သို့ပေမယ့် လူများဟာ တစ်သက်တစ်ခါ ဝက်သက်မပေါက်ဘဲ မနေရသလို အချစ်ဆိုတာလဲ ရှောင်လွှဲလို့မရနိုင်ကြတဲ့အတိုင်း မောင်တို့နှစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က အတိအလင်းဖွင့်သာမပြောသော်လဲ မြင်မြင်ချင်းပဲ မေတ္တာရှိနေပြီ ဆိုတာ ဦးသိရတယ်'

စိန်ဝင်းနှင့်မစန်းကြည်တို့မှာ ရှက်ကိုးရှက်ကန်း ဖြစ်နေကြလေ၏။ စိန်ဝင်းကား မချစ်ကြရပါသေးကြောင်းကို ပြန်၍ပြောမည်ကြံသော်လည်း အသံမထွက်ဘဲ ဖြစ်နေလေ၏။ ထိုသို့ပြောလိုက်သည့်အတွက် မစန်းကြည် စိတ်၌ ထိခိုက်သွားမည်ကိုလည်း တွေး၍ပူပန်မိလေ၏။

'မေတ္တာရှိနေကြတာဟာ မောင်တို့မျက်နှာမှာ ပြနေပါပြီ၊ မဟုတ်ဘူး လို့ ငြင်းမနေကြပါနဲ့တော့၊ အဲဒီတော့ ဦးပြောချင်တာက မစန်းကြည်ရဲ့နာမည် ကိုလဲ ဆယ်တင်ရာရောက်အောင်၊ ဦးလဲ ပထွေးဆိုတိုင်း ဆိုးဝါးကြတာ မဟုတ်ဘူး၊ သမီးရင်းထက်ပိုပြီးတာဝန်ကြီးတဲ့အတိုင်း ဝတ္တရားကျေပွန်ရာလဲ ရောက်အောင်၊ မောင်လဲ တစ်ကိုယ်တည်းနေရတဲ့ဒုက္ခကို ကူညီဖြေရှင်း ပေးနိုင်မယ့် ကိုယ်မေတ္တာရှိသူရဲ့ အကူအညီရအောင် မစန်းကြည်နဲ့ အိမ်ထောင် ပြုစေချင်တာပဲ'

စိန်ဝင်းမှာ ထူးခြားသောအဖြစ်ဆန်းကို တွေ့ရသကဲ့သို့ မိမိကြားရ သည့်စကားများကို မယုံကြည်နိုင်အောင်ရှိပေ၏။ မယားတစ်ယောက်ကို ဤမျှလောက် လွယ်လွယ်ကူကူနှင့်ရနိုင်ခြင်းသည် ဖြစ်နိုင်စရာအကြောင်းရှိပါ မည်လားဟု တွေးမိလေ၏။ ထိုသို့တွေးရာတွင် မဟော်သဓာသည် လက်သီး ထောင်ပြရုံနှင့် အမရာကိုရဖူးသောထုံးကို စဉ်းစား၍ မိမိမှာ စွန့်စားခန်း အဆစ်ထည့်ရသေးသဖြင့် လူကြားလျှင် မယုံနိုင်စရာတော့ဖြင့် မရှိတန်ဘူးဟု တွေးမိလေ၏။

'ဘယ့်နှယ်လဲ··· မောင့်စိတ်ထဲမှာ အခုချက်ချင်း ဆုံးဖြတ်လို့ ရနိုင် ပါ့မလား'

'ဟုတ်ကဲ့'

'ဘယ်လို ဆုံးဖြတ်ချက်ပေးမလဲ'

စိန်ဝင်း၏ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ လျှို့ဝှက်ထားလိုပေ၏။ သို့သော် အိကြာကွေး၏ဆုံးဖြတ်ချက်ကိုကား လျှို့ဝှက်၍မရပေ။



အကြောင်းမူကား···

အိကြာကွေးသည် တစ်နှစ်အတွင်းမှာပင် သားသမီးလေးယောက် ဖခင် ဘူတားကြီးဖြစ်၍သွားသည်ကို တွေ့ရပေသတည်း။ ။

သွေးသောက်မဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၄၈။

www.burmeseclassic.com

## ဝတ်လုံတော်ရ

ရုပ်ချောခြင်း၊ အပြောပါခြင်း၊ သီချင်းအဆိုကောင်းခြင်းများကြောင့်သာလျှင်၊ ရုပ်ရှင်ဇာတ်လိုက်မင်းသားတစ်ယောက် ဖြစ်ရမည်ဟုဆိုလျှင် ချစ်ဖေသည် ခေါင်းဆောင်မင်းသားဘဝနှင့် မော်တော်ကားအခန့်စီး၍ နေနိုင်မည်မှာ ကြာလှရော့မည်ပင်ဖြစ်သော်လည်း ယခုထက်ထိ ချစ်ဖေမှာ ဒုတိယမင်းသားအဖြစ်ဖြင့်သော်လည်းကောင်း၊ ခေါင်းဆောင်ဇာတ်လိုက်မင်းသား၏ မိတ်ဆွေအပေါင်းအသင်းအဖြစ်ဖြင့်သော်လည်းကောင်း ကပြအသုံးခံရရုံနှင့် တင်းတိမ်နေရခြင်းကိုထောက်သော် ချစ်ဖေသည် မိမိ၏အခြားသောအရည်အချင်းများကို ဒါရိုက်တာလုပ်သူ သိမြင်ရအောင်ပြသရန် အခွင့်အရေးမရခဲ့ခြင်းကြောင့် တစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း ဒါရိုက်တာများနှင့်သူဌေးလုပ်သူတို့ အထင်အမြင်ကြီးခြင်းခံရလောက်အောင် တည်တည်တံ့တံ့မနေဘဲ ကြမ်းပိုးကျကျနေခြင်းကြောင့်တစ်ကြောင်း၊ ထိုသို့သောအကြောင်းတို့ကြောင့်ပင် ဖြစ်သည်ဟုဆိုလျှင် မလွဲနိုင်ဖြစ်လေ၏။

ချစ်ဖေ၏အရေးကြီးဆုံးအလုပ်မှာ မိမိတို့၏ကုမ္ပဏီမှ ရုပ်ရှင်ကားသစ်ကို ရုံတင်ပြသည့်အခါ လှလှပပကျကျနန ဝတ်ဆင်ဖီးလိမ်း၍ ရုံပေါက်တွင် လူဟန်ပြကာ လာသမျှမိန်းမပျိုတို့ကို လျှောက်ပြန်သံပေး၊ လူရေးဟန်ပြ၊

www.burmeseclassic.com



မစားရအညှော်ခံသည့် နောက်ပိုးနည်းဖြင့် ပိုးသည့်အလုပ်ပင်ဖြစ်လေရာ ထို အလုပ်ကိုပင် ဇာတ်လိုက်မင်းသားအဖြစ်ဖြင့် လခကြီးကြီးစားနေရသည်ထက် ပို၍နှစ်သက်သဘောကျ၍ နေမိလေ၏။

ချစ်ဖေမှာ ယောက်ျားပီသသော ချောမောခြင်းဖြင့် ရုပ်ချောသူ တစ်ယောက်ဖြစ်လေရာ ထိုသို့ဝတ်စားဆင်ယင်ထားသည့်အခါ မိန်းကလေးများ အထူးပင် ငေးစိုက်ကြည့်မိကြရပေ၏။ ထိုသို့ ရုပ်ရှင်ကြည့်ရန် လာကြသည့် မိန်းကလေးများထဲတွင် ရုပ်ရှင်မင်းသားကို ကျိတ်၍ပိုးပန်းနှစ်သက်တတ်သူများ၊ ခေါင်းဆောင်နာမည်ကျော်မင်းသားကို မဆိုထားဘိ၊ ဇာတ်ကားထဲတွင် ပါဝင်ဖူး သူတို့အပေါ်တွင် အထင်အမြင်ကြီးသောသူများလည်း ပါကြလေရာ ချစ်ဖေမှာ အပြောအဆိုကောင်းသူတစ်ယောက် ဖြစ်သည့်အလျောက် မျက်နှာလိုမျက်နှာရ လက်မှတ်ဝယ်ပေးခြင်း၊ နေရာကောင်းရှာပေးခြင်း၊ တစ်ခါနှစ်ခါမြင်ဖူးသူကို ဖမ်း၍ပြုံးရယ်နှုတ်ဆက်ခြင်း စသောအလုပ်များ၌ နှောင့်နှေးခြင်းမရှိသည့် အတိုင်း အသိအကျွမ်း အတော်ပေါများနေလျက် ချိတ်မိဆက်မိသူ နှစ်ဦးသုံးဦး ရှိ၍နေလေတော့၏။ သို့ဖြစ်လေရာ တစ်ခါတစ်ရံ မိမိတို့ကုမ္ပဏီမှ ဇာတ်ကား သစ်ကို ရုံတင်၍မပြသော်လည်း အခြားကုမ္ပဏီများမှ ကားသစ်လဲသည့်အခါ များ၌ ၎င်း၏အဆက်များက ကြည့်ချင်သည်ဟု ပူဆာသည့်အခါ ပတ်စ် လက်မှတ်အလကားရအောင် တောင်းပေးရသည့်အခါ ပေးရ၍ တစ်ခါတစ်ရံ လည်း မိမိအိတ်ထဲမှ ပိုက်ဆံထုတ်၍ ပြရသည့်အခါ ပြရရှာပေ၏။

ရုပ်ရှင်ကားသစ်လဲသည့် ပထမတနင်္ဂနွေပတ်တွင်မူ ပရိသတ် ကြိတ် ကြိတ်တိုးစည်ကားသည့်အလျောက် ချစ်ဖေမှာ လက်မှတ်သိမ်းရ၊ စစ်ရ၊ နေရာ ပေးရသည့်အလုပ်တို့ဖြင့် အလုပ်များ၍နေသည့်အပြင် ရုံမန်နေဂျာများ၊ ကုမ္ပဏီ သူဌေးကိုယ်စားလှယ်များကိုယ်တိုင် ငွေဝင်လစ်ဟင်းခြင်းမရှိရအောင် စောင့်၍ ကြည့်နေခြင်းကြောင့်တစ်ကြောင်း၊ အခမဲ့ဝင်ခွင့်လက်မှတ်များကို ခွင့်မပြု သေးခြင်းကြောင့် တစ်ကြောင်း ထိုအပတ်တွင် ချစ်ဖေမှာ မိမိ၏အချိတ်အဆက် တို့ကို မခေါ်နိုင်ဘဲ ဒုတိယ၊ တတိယ တနင်္ဂနွေပတ်များ၌သာ ၎င်းတို့ကို ရက်လွှဲ၍ အချိန်းအချက်ပေးကာ တစ်လဲစီယှဉ်တွဲပြီး အသားယူရလေ၏။



ထိုနေ့သည်ကား ဒုတိယတနင်္ဂနွေပတ်တွင် မိန်းကလေးတစ်ယောက် နှင့် ချိန်းထားသည့်နေ့ဖြစ်လေရာ ချစ်ဖေမှာ လက်မှတ်ယူရန်၊ သိမ်းရန်အလုပ် ကိုအရေးမစိုက်နိုင်ဘဲ ချိန်းဆိုထားသည့်မိန်းမပျိုကိုသာလျှင် တမျှော်မျှော်နှင့် ရှိနေလေတော့၏။ ထိုနေ့တွင် ချိန်းဆိုထားသည့်မိန်းကလေးမှာ ပထမပွဲပြီး၍ သွားသည့်တိုင်အောင် ပေါ်၍မလာချေ။ သို့ရာတွင် ချစ်ဖေသည် စိတ်မပျက်ဘဲ ဒုတိယပွဲ မစမီအထိ ဆက်လက်၍မျှော်ပြန်လေ၏။ ပွဲစရန်အချိန်သည် နီးသည် ထက်နီး၍လာလေ၏။ မိန်းမပျိုလည်း ပေါ်၍မလာချေ။ ချစ်ဖေသည် အနည်း ငယ် စိတ်ပျက်စပြု၍လာလေ၏။

ထိုအချိန်တွင် ရုံရှေ့၌ လန်ချားတစ်စီး ဖျတ်ခနဲထိုး၍ဆိုက်ကာ လန်ချားပေါ်မှ ကြက်သွေးရောင်လုံချည်နှင့် ကြက်သွေးရောင်ပန်းကလေး ပန်ထားသောမိန်းမပျိုတစ်ယောက် ဆင်း၍လာသည်ကိုတွေ့ရလေရာ ချစ်ဖေမှာ မိုးပေါ်မှနတ်သမီးကလေး ကျလာသည်ကို တွေ့ရသကဲ့သို့ ဝမ်းမြောက်၍သွား ကာ မိမိထံသို့လာနေသည်ကို ရောက်အောင်မစောင့်နိုင်ဘဲ သွက်လက်စွာ သွားရောက်တွေ့ဆုံပြီး ရွှင်လန်း၍မဆုံးသောမျက်နှာဖြင့် 'တင်တင်… ပထမ ပွဲမှာ အရောက်လာမယ်ဆိုလို့ စောင့်နေလိုက်ရတာ၊ မတွေ့ရတော့ ဒီက အထဲခဏဝင်နေမိတုန်း ရောက်လာပြီး မတွေ့တာနဲ့ စိတ်ကောက်ပြီး ပြန်သွား ရှာသလားလို့ စိတ်ထဲမှာ ပူတောင်နေမိသေးတယ်' ဟု ပြောလေ၏။

'မျှော်နေမယ်ဆိုတာ တင်တင်လဲ အထင်သားပဲ၊ တင်တင် လာမလို့ ဟာ၊ အဒေါ်မလစ်တာနဲ့ မထွက်ခဲ့ရဘူး၊ အခုအချိန်ကျမှ အိမ်နားက မိန်းမ တစ်ယောက်နဲ့ သိမ်ကြီးဈေးသွားမလိုလိုလုပ်ပြီး ထွက်လာခဲ့ရတာ'

ထိုအခိုက်တွင် ရုံရှေ့သို့ ကြီးမားခံ့ညားသော မော်တော်ကားကြီး တစ်စင်းဆိုက်လာရာ ချစ်ဖေ၏အမူအရာမှာ ပျာပျာသလဲဖြစ်သွားကာ 'ကဲ… တင်တင်‥ ဝင်နှင့်၊ သူဌေးလာနေတယ်၊ ပြီးတော့မှလိုက်လာခဲ့မယ်' ဟုဆိုကာ လိုက်ကာကိုဖွင့်၍ သွင်းလိုက်လေ၏။

ကုမ္ပဏီသူဌေးသည် အထဲသို့မဝင်သေးဘဲ ရုံရှေ့တွင်ရုပ်ကား အပြင် တွင်အလုပ်လုပ်သူများနှင့် စကားပြော၍နေလေရာ ချစ်ဖေမှာ ဣန္ဒြေလုပ်၍

www.burmeseclassic.com

www.burmeseclassic.com



နေရသည့်အတွက် အထဲသို့မဝင်နိုင်သေးဘဲရှိ၍ စိတ်ထဲတွင် မငြိမ်မသက် ရှိနေလေ၏။

ထိုအချိန်တွင် ရုပ်ရှင်ကားလည်း စတင်၍ ပြလေတော့၏။ သူဌေးလုပ်သူကလည်း ပရိသတ်အနည်းအများ၊ ငွေအဝင်အနည်းအများ၊ အခမဲ့အနည်းအများ၊ ပရိသတ်တို့၏ဝေဖန်ထင်မြင်ချက်တို့ကို မေး၍နေသည်မှာ စကားမသတ်နိုင်ဘဲ ရှိလေ၏။

အတန်ကြာမှ သူဌေးလည်း အပေါ်ထပ်သို့တက်၍ သွားလေရာ ထိုအခါကျမှ ချစ်ဖေလည်း စိတ်ထဲတွင်သက်သာရာရ၍ ပထမတန်းထဲသို့ ဝင်သွားပြီးလျှင် အပေါက်စောင့်တစ်ယောက်အား 'ဟေ့… စောစောက ပန်းကလေးတစ်ပွင့်တည်းပန်ပြီး တစ်ယောက်တည်းဝင်လာတဲ့ မြာကလေး ဘယ်နေရာပို့လိုက်သလဲ'ဟု မေးပြီးနောက် 'ဟိုဘက်ဆုံး အစွန်နားမှာ'ဟူသော အဖြေကိုရသည်နှင့်တစ်ပြိုင်နက် ချစ်ဖေသည် ညွှန်ပြလိုက်သည့်နေရာသို့ စမ်းတဝါးဝါးလုပ်၍ သွားရောက်လေ၏။

ချစ်ဖေမှာ အလင်းရောင်ထဲမှ အမှောင်ထဲသို့ ဝင်လာသူဖြစ်ရာ ၎င်း၏မျက်လုံးများမှာ ဘာမျှသဲကွဲစွာမမြင်ရချေ။ ရုပ်ရှင်ကားပေါ်တွင် လင်းနေသည့်အရိပ်အရောင်များမှတစ်ပါး တစ်ရုံလုံး မည်းမှောင်၍နေသည်ကိုသာ တွေ့ရလေ၏။ သို့အားဖြင့် ကုလားထိုင်များကို စမ်းပြီးလျှောက်သွားရာ အစွန်တစ်နေရာသို့ရောက်၍ မိန်းမပျိုတစ်ယောက် ထိုင်နေသည်ကို တွေ့ရပြီးလျှင် ၎င်း၏ဘေးတွင် ကုလားထိုင်အလွတ်တစ်လုံးကို စမ်းမိ၍ ထိုနေရာတွင် ဝင်၍ ထိုင်လိုက်ရလေ၏။

'တင်တင်… ဒီနေရာက ကောင်းကောင်းမြင်ရရဲ့လား'ဟု ချစ်ဖေက မေးလိုက်လေ၏။

မိန်းမပျိုကလေးသည် မဖြေဘဲနေလေ၏။

'မချောကတော့လုပ်ပြီ'ဟု ချစ်ဖေက ခပ်တိုးတိုးဆိုကာ မိမိ အရောက်နောက်ကျသည့်အတွက် စိတ်ကောက်ဟန်ဖြင့် မူနေခြင်းဖြစ်သည်ဟု တွေး၍ပြုံးမိလျက် ဆက်လက်၍မပြောတော့ဘဲ ချစ်ဖေကလည်း မူ၍နေလိုက်လေ၏။



ရုပ်ရှင်ဇာတ်လမ်းမှာ မင်းသားနှင့်မင်းသမီး ပွေ့ခန်း၊ ဖက်ခန်းသို့ ရောက်၍လာလေ၏။ ချစ်ဖေနှင့်တင်တင်တို့သည် ထိုသို့သောအခန်းမျိုးသို့ ရောက်လာလျှင် ဇာတ်ကားကို အာရုံစိုက်လေ့မရှိကြဘဲ ကိုယ်တိုင်ကပြ အသုံးတော်ခံလေ့ရှိကြသည့်အတိုင်း ချစ်ဖေ၏လက်သည် မိန်းမပျို၏လက်ပေါ်သို့ ရောက်၍သွားလေ၏။ မိန်းမပျိုကလေးသည် ၎င်း၏လက်ကို ဆတ်ခနဲ တွန့်ဆုတ်၍ သွားလေ၏။

'ဟဲ… ဟဲ… အခုမှ တင်တင်က အဆန်းဖြစ်နေသလား'ဟု ပြောပြောဆိုဆို ချစ်ဖေ၏လက်သည် မိန်းမပျို၏ပခုံးပေါ်သို့ရောက်သွားကာ အားရပါးရပွေ့ဖက်၍ မိမိဘက်သို့ဆွဲယူပြီး မျက်နှာချင်းအပ်လိုက်လေ၏။

'အမယ်လေး…'ဟူသော စူးရှသည့် မိန်းမပျိုကလေး၏အသံသည် တစ်ရုံလုံး ထိတ်လန့်သွားစေလေ၏။ ချစ်ဖေ၏လက်ထဲမှ မိန်းမပျိုသည် အတင်းရုန်းကန်ဖယ်ရှား လွတ်မြောက်သွားပြီးနောက် 'ဖြန်း…ဖြန်း'ဟု သွက်လက်သောလက်များဖြင့် ချစ်ဖေ၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်လေ၏။ ချစ်ဖေမှာ မျက်လုံးထဲမှ မီးပွင့်သွားသည်ဟု ထင်မိလေတော့၏။ ထိုခဏ၌ တစ်ရုံလုံး ဓာတ်မီးလုံးများ ပွင့်လင်းလာလေ၏။

ချစ်ဖေသည် ပါးနှစ်ဖက်ကိုလက်နှင့်ပွတ်လျက် မိမိ၏ရှေ့တွင် ဒေါသလည်းထွက်၊ ရှက်လည်းရှက်ကာ တစ်မျက်နှာလုံးနီမြန်းနေသည့် မိန်းမပျိုကလေးတစ်ယောက်ရပ်နေသည်ကို တွေ့ရပြီးလျှင် ထိုမိန်းမပျိုကလေးမှာ မိမိ၏အဆက် တင်တင်လည်းမဟုတ်၊ မိမိနှင့် တစ်ခါမျှသိကျွမ်းဖူးသူလည်း မဟုတ်သည်ကိုတွေ့ရသဖြင့် မျက်လုံးမျက်ဆန် ပြူးကျယ်ထိတ်လန့်သွားလေ၏။

ရုံမန်နေဂျာနှင့်တကွ အစောင့်များသည် အနီးသို့ရောက်လာကြကာ ချစ်ဖေကိုတွေ့ရသောအခါ အံ့အားသင့်နေမိကြပြီးမှ 'ဟေ့ကောင်… ဘာလုပ်တာလဲ'ဟု မန်နေဂျာက မေးလေ၏။ ချစ်ဖေမှာ အဖြေမပေးနိုင်ဘဲ ဖြစ်နေလေ၏။ မိန်းမပျိုကလေးမှာလည်း ထိုအမေးကိုဖြေရန် ခက်၍နေလေ၏။

'ဘာလုပ်ရမှာလဲ ခွေးမသားတွေ၊ မိန်းမပျိုကလေးတွေကို စော်ကားဆိတ် ဒီနိုက်လုပ်နေတဲ့အကောင်တွေ၊ အပြင်ဆွဲထုတ်ပြီး ပုလိပ်အပ်လိုက်ဗျာ'ဟု ပရိသတ်ထဲမှ လူတစ်ယောက်က ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ခွေးမသား… ကြမ်းပိုး၊ ပုလိပ်ကိုမအပ်ခင် ဝိုင်းရိုက်ကြလေဗျာ'

'အို… မလုပ်နဲ့… မလုပ်နဲ့၊ ပုလိပ်ကိုသာ အပ်လိုက်'

မန်နေဂျာလုပ်သူသည် ချစ်ဖေအားကြည့်ကာ 'မင်းရုံကို နာမည်ဖျက်တာလား၊ လာ လိုက်ခဲ့၊ သူဌေးဆီပို့မယ်' ဟု ဆိုကာ ခေါ်သွားလေ၏။

မိန်းမပျိုကလေးမှာ ဆက်လက်ကြည့်နေရန်လည်း အခက်၊ ပြန်ရမှာလည်းခက်နေကာ မျက်နှာကိုပင် မဖော်ရဲတော့ဘဲ တရှုပ်ရှုပ်ရှိုက်ငို၍ နေရှာလေတော့၏။ ခေတ္တမျှကြာသောအခါ မန်နေဂျာရောက်လာပြီး မိန်းမပျိုကလေးအား 'ကျွန်တော်တို့သူဌေးက ခေတ္တကြွပါလို့ ခေါ်နေပါတယ်' ဟု ပြောလေ၏။ မိန်းမပျိုကလေးမှာ လူများဝိုင်းဝန်းကြည့်နေခြင်းကို ခံရသည်ထက် လိုက်၍သွားခြင်းက အနည်းငယ် အနေရသက်သာမည်ဟု နှလုံးပြုကာ လိုက်၍သွားလေ၏။

သူဌေးလုပ်သူသည် မိန်းမပျိုကိုကြည့်ကာ 'အခုလိုဖြစ်တာ သိပ်ပြီးဝမ်းနည်းပါတယ်၊ ဟိုသူငယ်ကိုလဲ ပုလိပ်လက်ထဲ အပ်လိုက်ပါပြီ၊ ဦးတို့ကုမ္ပဏီကလဲ အလုပ်ဖြုတ်ပစ်လိုက်ပါပြီ၊ ကျေနပ်ပါလို့ တောင်းပန်ပါတယ်' ဟု ဆိုပြီးနောက် သေသေချာချာစိုက်၍ ကြည့်နေပြီးလျှင် 'မိန်းကလေးဟာ ဆီနိတ်တာဦးဘသွင်ရဲ့သမီးမဟုတ်လား' ဟု မေးလိုက်လေ၏။

မိန်းမပျိုသည် ခေါင်းငုံ့နေရင်းပင် 'ဟုတ်ကဲ့' ဟု မပွင့်တပွင့်ဖြေလေ၏။

သူဌေးသည် စုတ်သပ်ပြီးလျှင် 'အို… ဖြစ်မှဖြစ်ရပလေ' ဟု ဆိုလိုက်ပြီးနောက် တပည့်တစ်ယောက်အား 'ဟေ့… ဦးဘသွင်ဆီကို ကားလွှတ်လိုက်ဖို့ တယ်လီဖုန်းဆက်လိုက်စမ်း' ဟု အမိန့်ပေးလိုက်ပြီးလျှင် 'ဘာဖြစ်လို့တစ်ယောက်တည်းလာသလဲကွယ်၊ အဖော်ကလေး ဘာကလေး ခေါ်ခဲ့ရောပေါ့၊ ကလေးမနာမည်က ဘယ်သူ…' ဟု မေးလေ၏။

'ညွှန့်ညွှန့်ခင်'

သူဌေးသည် စဉ်းစားနေပြီးနောက် 'နောင်ကိုကြည့်ချင်ရင် ဦးဆီတယ်လီဖုန်းနဲ့ဆက်ပြီး ပတ်စ်တောင်းပြီးကြည့်ပါလား၊ အောက်ထပ်မှာအင်မတန်ရှုပ်တယ်၊ အပေါ်မှာ အေးအေးကြည့်ရတယ်၊ အားမနာပါနဲ့၊ ဘယ်အခါမဆို ကြည့်ချင်ရင်ပြောပါ' ဟု ဆိုပြီးနောက်…



'ဦးဘသွင်ကိုလဲ တောင်းပန်ပါဦးမယ်' ဟု ပြောပြလေ၏။

ညွှန့်ညွှန့်ခင်မှာ ကားဆက်လက်ပြနေသည်ကိုလည်း မမြင်နိုင်တော့ချေ။ စိတ်ထဲတွင် ရှက်ကြောက်မှုန်ထူ၍နေလေရာ မော်တော်ကား ရောက်လာမှပင် အနည်းငယ်စိတ်သက်သာရာရကာ ရုံထဲမှ ထွက်ခဲ့လေတော့၏။

ဦးဘသွင်မှာ နိုင်ငံရေးတွင် ထင်ရှားသောပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေရာ ထိုသို့ထင်ရှားသူတစ်ဦး၏ သမီးပျိုတစ်ယောက်သည် ပရိသတ်အလယ်တွင် အရှက်တကွဲအကျိုးနည်းဖြစ်ရသည်ကို ဦးဘသွင်နှင့် အတိုက်အခံဖြစ်သော သတင်းစာများက ထိုကိစ္စကို အကြီးအကျယ်ချဲ့၍ ရေးကြလေရာ နောက်နေ့နံနက်တွင် ထိုသတင်းသည် ရန်ကုန်တစ်မြို့လုံးနှင့်တကွ နိုင်ငံရေးရပ်ကွက်အထက်တန်းစားရပ်ကွက်တို့တွင် လှုပ်ရှား၍သွားလေတော့၏။

ချစ်ဖေ၏ပုံမှာ သတင်းစာတိုင်းတွင် ပါရှိနေလျက် ဓာတ်ပုံအောက်၌ရေးသားထားသောစာများမှာ ချစ်ဖေအဖို့ မိမိကိုယ်ကိုမိမိ ကြီးစွာသောစွန့်စားသူတစ်ယောက်ဟု အထင်အမြင်ကြီးလောက်အောင်တစ်မျိုး၊ ရှက်၍သေချင်လောက်အောင်တစ်မျိုး တွေ့ရှိရပေသည်။

ချစ်ဖေမှာ ဂါတ်သို့ရောက်ရှိရခြင်းကို ဝမ်းမနည်းလှချေ။ နောက်နေ့သတင်းစာတွင် ထိုအကြောင်းများကို ဖတ်ရှုရသောအခါ ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်အား ဣန္ဒြေပျက်လောက်အောင် စော်ကားမိပြီကို သိရသဖြင့်ကြီးလေးသော်အပြစ်ဒဏ်ရမည်ကို ကြောက်ရွံ့ခြင်းထက် ထိုသို့ ပြုမိခြင်းကိုစိတ်ထဲတွင်လွန်စွာမကောင်းဘဲ ဝမ်းနည်း၍မဆုံးနိုင် ရှိနေလေတော့၏။ မိမိကဲ့သို့ လွန်ကြူးလိုက်ရသူတစ်ယောက်က စိတ်ထဲတွင် ဤသို့ဖြစ်ခဲ့လျှင် ညွှန့်ညွှန့်ခင်မှာမူ မည်မျှစိတ်ဆင်းရဲရှာလေမည်နည်းဟု ကိုယ်ချင်းစာ၍ ကြည့်မိလေ၏။

ထိုမျှသာမက တင်တင်အဖို့မှာလည်း မိမိ၏အကြောင်းကိုသိရ၍အလွန်ပင် စိတ်နာသွားရှာတော့မည်ကို စဉ်းစားမိလေ၏။ သို့ရာတွင် ချစ်ဖေမှာတင်တင်အပေါ်တွင် နှစ်နှစ်သက်သက် မေတ္တာရှိလှသည်မဟုတ်၊ တွေ့ကရုံစိတ်ရှင်လန်းရုံမျှ သဘောထားလေရာ ယခုအချိန်လောက်တွင် တင်တင်သည်မိမိအား အမုန်းကြီးမုန်းလေတော့မည်။ အပြတ်ကြီးပြတ်လေတော့မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သိသော်လည်း ဝမ်းမနည်းမိချေ။ ညွှန့်ညွှန့်ခင်အတွက်သာလျှင် ယူကျုံးမရဖြစ်၍ နေမိလေတော့၏။

ချစ်ဖေ၏ကိစ္စမှာ သာမန်မိန်းကလေးတစ်ယောက်နှင့်ဖြစ်လျှင် ဤမျှ လောက်ကြီးလေးမည်မဟုတ်ချေ။ ယခုမူ အထက်တန်းစားဂုဏ်သရေရှိ မိကောင်းဖခင်သားသမီးတစ်ယောက်နှင့် ဖြစ်ပျက်ရသည့်ကိစ္စတစ်ခုဖြစ်နေ လေရာ ဂါတ်က ချစ်ဖေအတွက် အာမခံမပေးရဲ၊ အာမခံမည့်သူလည်းမရှိဘဲ ချစ်ဖေမှာ အချုပ်နှင့်နေရရှာလေ၏။

* * * * * *

ထိုနေ့သည်ကား ချစ်ဖေ၏အမှုကို ရုံးတင်၍စစ်ဆေးမည့်နေ့ဖြစ်လေ၏။ ရန်ကုန်တစ်မြို့လုံးမှာ ထိုအမှုအကြောင်းကိုသာလျှင် ပြောဆိုနေခဲ့ကြရာ အမှုစစ်မည့်နေ့တွင် ရုံး၌ စည်ကားပြည့်နှက်လျက် ရှိလေတော့၏။

ရန်ကုန်မြို့ကြီးတွင် အချိန်အား၊ လူအားများ ပြည့်နှက်လျက်ရှိလေရာ ဘာမျှလုပ်စရာမရှိကြလျှင် ရုံးသို့သွား၍ အမှုများနားထောင်သူမရှားဘဲ သာမန် အမှုအခင်းကလေးများမှာပင် အတော်လူစည်ကားလျက်ရှိရာ ယခုကဲ့သို့ တိုင်း သိရွာသိ ထင်ရှားသောအမှုမှာ ရုံးပြင်ဘက် ဝရန်တာတွင် ဖြတ်၍လမ်းလျှောက် စရာ နေရာမရှိနိုင်လောက်အောင် စည်ကား၍နေလေ၏။

ဦးဘသွင်မှာ ထိုအမှုသည် မိမိတို့အဖို့ လျှပ်လေမြှုပ်လေ၊ အမှုလုပ်လေ ပို၍အရှက်ကွဲစရာအကြောင်းရှိလေတော့မည်ကို စဉ်းစားမိ၍ အမှုမလုပ်ချင် လှသော်လည်း လူသိနတ်ကြားထင်ရှားသော ပုလိပ်မှုဖြစ်နေလေရာ ရှက်စရာ ကောင်းသည်ကို သိလျက်နှင့်ပင် မလွှဲသာတော့ဘဲ ညွှန့်ညွှန့်ခင်ကိုခေါ်၍ ရုံးသို့ရောက်လာလေ၏။

လာ၍ကြည့်နေကြသော ပရိသတ်တို့သည် ညိုးငယ်နေသောမျက်နှာ ကလေးနှင့် အဝတ်အစားရိုးရိုးယဉ်ယဉ်ကလေးဝတ်ထားသော ညွှန့်ညွှန့်ခင်ကို မြင်ကြရသောအခါ များစွာကရုဏာသက်မိကြပြီးလျှင် 'ခွေးမသား၊ ရက် များများကျပါစေကွာ၊ နမချင်းမှမစာဘူး' ဟုဆိုကြ၍ အချို့ကလည်း 'ငနဲမ



ကလေးကလဲ ဖက်နမ်းချင်လောက်အောင် ရုပ်ချောတာကိုး၊ ငါဆိုရင်လဲ ဒီလိုသာ နီးနီးကပ်ကပ်နေရရင် ဖက်ပြီးနမ်းမိမှာပဲ' ဟု ပြောကြလေ၏။

ချစ်ဖေသည် ဝင်လာသောညွှန့်ညွှန့်ခင်ကို တရားခံစစ်တန်းထဲမှနေ၍ မရဲတရဲ လှမ်းပြီးကြည့်လိုက်မိလေ၏။ နားထောင်ရန်လာသူတို့သည် ချစ်ဖေ ကြည့်သည်ကိုမြင်ရသည့်အခါ 'ကမြင်းမသား၊ အခုထက်ထိ မာန်ဖီနေသေး သလားမသိဘူး' ဟု တီးတိုးပြော၍ ရယ်သူကရယ်ကြလေ၏။

ကုမ္ပဏီသူဌေး ဦးဘငြိမ်းလည်း အမှုတွင်ပါဝင်နေသည့်အတွက် သက်သေခံရန် ရောက်၍လာပြီးလျှင် ညှိုးမှိုင်နေသောချစ်ဖေကို မြင်ရသော အခါ 'ခွေးမသား… ရုပ်ရှင်ရိုက်နေတယ်လို့ သူ့စိတ်ထဲမှာထင်ပြီး အလွမ်း အိုက်တင်ထုတ်နေပြန်သလား မသိဘူး' ဟု စိတ်ထဲ၌ပြောမိလေ၏။

မကြာမီ အမှုခေါ်လေ၏။ ပရိသတ်တို့သည် ချောင်းဆိုးချောင်းဟန့် သံမျှ မကြားရစေဘဲ ငြိမ်သက်စွာနားစိုက်နေကြလေ၏။

ညွှန့်ညွှန့်ခင်မှာ သက်သေစစ်တန်းထဲသို့ ကိုယ်ကိုမနည်းဟန်၍ လဲမကျအောင် သတိထားကာ တက်ရောက်သွားလေ၏။ စစ်တန်းထဲသို့ရောက် သောအခါ ရှက်ကြောက်ခြင်းမွှန်၍ နေရသည့်အထဲတွင် လူအများဝိုင်းအုံ ကြည့်ရှုနားထောင်နေကြသည်ကို သိရသည့်အလျောက် မည်သည့်စကားကို ပြောရမည်ကိုပင်မသိသကဲ့သို့ ကြောင်တောင်ငေးမောနေမိကာ အမှုလိုက်နှင့် တရားသူကြီးတို့က တစ်ခွန်းစီမေးမှ တစ်ခွန်းစီမနည်းစဉ်းစားပြီး ဖြေရှာလေ၏။

တရားသူကြီးသည် မိန်းမပျိုကလေး၏အရှက်ကိုငဲ့ကွက်၍ အပြန် အလှန်မေးခွန်းများမပြုလုပ်တော့ဘဲ ချစ်ဖေဘက်သို့လှည့်၍ 'ဘာမေးစရာရှိ သလဲ' ဟု မေးလိုက်လေ၏။

'မရှိပါဘူး' ဟု ချစ်ဖေက ပြန်၍ဖြေလေ၏။

ညွှန့်ညွှန့်ခင်မှာ ကြာမြင့်စွာအစစ်ခံ၍မနေရဘဲ မိမိထိုင်နေသော နေရာသို့ ပြန်၍ရောက်လာခဲ့လေ၏။ သို့ရာတွင် ၎င်း၏စိတ်ထဲ၌ကား စစ်တန်း ထဲတွင် တစ်ခဏမျှ ရပ်နေခဲ့ရသည်ကို နာရီပေါင်းများစွာရပ်နေရသကဲ့သို့ အောက်မေ့မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သက်သေတစ်ဦးစီ၊ တစ်ဦးစီ စစ်လေ၏။ အမှုမှာ ထင်ရှားသောအမှုတစ်ခုဖြစ်နေပြီးလျှင် ထွက်ဆိုချက်များမှာ ချစ်ဖေအဖို့ သက်သာစရာတစ်ကွက်မျှမရှိ ဖြစ်နေ၏။ နားထောင်နေကြသူများ၏စိတ်တွင် 'သွားပြီ··· ဒီကောင်တော့ တစ်နှစ်လား၊ နှစ်နှစ်လားမသိဘူး' ဟု တွေးမိကြလေ၏။ ချစ်ဖေ၏စိတ်ထဲ၌လည်း မိမိမှာ မုချဧကန် ထောင်ကျတော့မည်ကို သိနေလေ၏။

တရားသူကြီးသည် သက်သေများကို စစ်ဆေးပြီးစီး၍ ချစ်ဖေဘက်သို့ လှည့်ကာ 'မင်းဘာပြောလိုတာရှိသလဲ၊ ရှေ့နေငှားဦးမလား' ဟု မေးလေ၏။

'ရှေ့နေခေါ်ဖို့ မလိုပါဘူး၊ ကျွန်တော် ပြောပြပါရစေ'

တရားသူကြီးသည် ချစ်ဖေအား ပြောရန်ခွင့်ပြုလိုက်လေ၏။ ချစ်ဖေမှာ ဤအမှု၌ မိမိလွတ်ဖို့ရန်ကား မရှိတော့ပြီ၊ သက်သာအောင် ပြောဆိုအသနားခံသော်လည်း ဖြစ်နိုင်မည်မဟုတ်။ မိမိကျူးလွန်သည့်အတွက် ညွန့်ညွန့်ခင်၌ နစ်နာနေခြင်းကို တတ်နိုင်သမျှ အသရေဆည်ဖို့ရန်သာ ရှိတော့သည်ဟု နှလုံးပြုမိလေ၏။

'ကျွန်တော် တရားလိုအပေါ်မှာ ကျူးလွန်မိတာကို ငြင်းကွယ်စရာမရှိပါ၊ တရားလိုဟာ မိကောင်းဖခင်သားသမီးဖြစ်ကြောင်းကို မြင်ရရုံနှင့် ကျွန်တော်ကောင်းကောင်းကြီးသိပါတယ်၊ ယခုလို ကျွန်တော် ကျူးလွန်မိခဲ့တာဟာလဲ ခပ်ပျက်ပျက် မိန်းကလေးတစ်ယောက်ပဲ၊ ငါဆွယ်ရင် ပါရမယ်ဆိုတဲ့ မကောင်းတဲ့အကျင့်အကြံမျိုးနဲ့ ပြုလုပ်မိတာ မဟုတ်ပါ၊ ကျွန်တော်ဟာ တရားလိုရဲ့ လှပတဲ့မျက်နှာကလေးကို မြင်လိုက်ရတာနဲ့တစ်ပြိုင်နက် ကျွန်တော့်စိတ်ထဲမှာ မြင်မြင်ချင်း မေတ္တာစိတ်တွေ တဖွားဖွားပေါ်လာပါတယ်···'

ထိုသို့ပြောလိုက်ရာတွင် ရုံးခန်းတစ်ခုလုံး ပြုံးရယ်ကြလေ၏။ အမှုလိုက်လုပ်သူက တစ်ဖန် 'စက္ခုရူပနံ သံဝါသာဆိုတာမျိုးလား' ဟု မေးလိုက်ရာ ထပ်မံ၍ ရယ်သံများပေါ်ထွက်လာလေ၏။

'ကျွန်တော် ဆက်ပြီးပြောပါရစေ' ဟု ချစ်ဖေက ခွင့်တောင်းရာ ရုံးမင်းက ခွင့်ပြုပေ၏။ ထိုခဏတွင် ချစ်ဖေသည် ညွန့်ညွန့်ခင်ဘက်သို့ လှမ်းကြည့်လိုက်ရာ ညွန့်ညွန့်ခင်ကလည်း မိမိအား မသိမသာကြည့်နေခြင်းနှင့် ဆုံမိလေ၏။ ညွန့်ညွန့်ခင်မှာ စောစောကရှက်လည်းရှက်၊ ချစ်ဖေအပေါ်တွင်



ဒေါသလည်းဖြစ်နေရသည့်အထဲတွင် ဤကဲ့သို့ ချစ်ဖေပြောသံကိုကြားရသောအခါ ထူးဆန်းလှ၍ ချစ်ဖေအား ကြည့်လိုက်မိပေ၏။ ထိုသို့ကြည့်လိုက်မိသဖြင့် မျက်နှာချင်းဆုံမိရာတွင် ညွန့်ညွန့်ခင်၏စိတ်ထဲ၌ လှုပ်ရှားသွားကာ လျှင်မြန်စွာမျက်နှာလွှဲလိုက်ရလေ၏။ သို့ရာတွင် ချစ်ဖေမှာ ချောမောလှပသူတစ်ယောက်ဖြစ်နေခြင်းကို မျက်စိထဲမှပျောက်၍မရနိုင်ဘဲ ထိုမျက်နှာကလေးမှာ ညှိုးငယ်နေလျက် ဆံပင်ကပိုကရိုနှင့်ရှိနေခြင်းကို မြင်လိုက်ရသည်မှာ ညွန့်ညွန့်ခင်၏ကရုဏာစိတ်ကို သွား၍ထိခိုက်မိလေ၏။

'အချစ်ဆိုတဲ့စိတ်ဟာ တမင်ရိုက်နှက်ခိုင်းစေလို့ ဖြစ်နိုင်ပေါ်နိုင်တာမဟုတ်ဘဲ အလိုလိုဖြစ်ပေါ်လာတဲ့အရာမို့ အထပ်ထပ်အလဲလဲ မြင်ဖူးမှသာဖြစ်နိုင်တာမဟုတ်ဘဲ မြင်မြင်ချင်းလဲ ဖြစ်နိုင်တဲ့အတွက် တရားလိုဟာ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေဆိုတဲ့ ဆုတောင်းနဲ့ပြည့်တဲ့သူတစ်ယောက်ဖြစ်လေရော့သလားမသိ၊ ကျွန်တော် သူ့ကိုမြင်တာနဲ့တစ်ပြိုင်နက်ချစ်မိတာအမှန်ပါပဲ၊ ဒီစိတ်ပေါ်လာတဲ့အခါမှာ ကျွန်တော်ဟာ သူနဲ့ မတူမတန်ဘူး၊ အင်မတန်အဆင့်အတန်း နိမ့်ကျတာပဲဆိုတာကို စဉ်းစားမိသော်လဲ ပေါ်ပေါက်လာတဲ့စိတ်ကို ချိုးနှိမ်လို့မရအောင်ဘဲရှိပါတယ်၊ ဒီစိတ်ရှိနေလို့လဲ သူဟာ ဘယ်သူမှန်းကျွန်တော်မသိ၊ ဒီခဏကလေးတွေ့ရပြီး နောက်ကို ဘယ်လိုက်ရှာရပါ့မလဲ၊ ရုပ်ရှင်ပြီးရင် လူချင်းကွဲရတော့မယ်လို့ ပူပင်တဲ့စိတ်ပေါ်ပေါက်လာပါတယ်၊ ကျွန်တော့်အဖို့မှာ သူနဲ့ကွဲသွားရရင် ရူးရတော့မလောက် ဖြစ်သွားတာပါပဲ'

ထိုစကားများသည် ညွန့်ညွန့်ခင်အား အသည်းနှလုံးတို့ကို မြှုသလိုလို၊ ကလိသလိုလို၊ မချိမဆန့်ညှဉ်းပန်းခြင်းခံရသလိုလို ရှိစေလေတော့၏။ မျက်နှာမှာလည်း ရှက်သွေးများမွန်လျက် မျက်ရည်လည်၍လာလေ၏။ နားထောင်နေကြသူများမှာကား ချစ်ဖေ၏စကားထဲတွင် တဖြည်းဖြည်း အာရုံဝင်စားလာကြလေ၏။ ရုပ်ရှင်ကုမ္ပဏီသူဌေးသည်လည်း ချစ်ဖေအပေါ်တွင် ဒေါသဖြစ်နေသောစိတ်များပျောက်၍သွားကာ ချစ်ဖေ၏ပြောပုံဆိုပုံ၊ ဝမ်းနည်းသွားသည့်မျက်နှာ၊ စိတ်ထက်သန်လာသည့်မျက်နှာ စသော အမူအရာတို့ကို အာရုံစိုက်၍ကြည့်နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီအချိန်မှာ ရုပ်ရှင်ကားက ပြန်ပြီးဟပ်တဲ့အဖြူရောင်ဟာ တရားလိုရဲ့ မျက်နှာပေါ်မှာ မှုန်မှုန်မွှားမွှားထင်နေတာကို တွေ့ရတဲ့အခါ ကျွန်တော့်စိတ်ထဲမှာ အိပ်မက်မက်နေသလိုလို၊ မိုးပေါ်ကနတ်သမီးကလေး အနီးကိုကျလာတာ တွေ့ရသလိုလို အောက်မေ့နေမိပါတယ်၊ တရားလိုရဲ့ ကိုယ်က သင်းပျံ့မွှေးကြိုင်တဲ့ ရနံ့တွေဟာလဲ ကျွန်တော့်ရဲ့စိတ်ကို ပိုပြီးလှုပ်ရှားထကြွအောင် ဖန်တီးနေပါတော့တယ်၊ ဒီလိုဖြစ်နေတုန်းမှာပဲ ရုပ်ရှင်ကားထဲမှာ တွေ့ရမြင်နေရတဲ့ အခန်းဟာ ချစ်ခန်းကြိုက်ခန်းဖြစ်နေတဲ့အတိုင်း ကျွန်တော့်ရဲ့ မေတ္တာစိတ်ဟာ မျိုသိပ်ဖိနှိပ်လို့ မရနိုင်တော့ဘဲ ဒီအချိန်ဒီအခါမှာ ကျွန်တော်ကိုယ်တိုင် ဘာကို လုပ်လိုက်မှန်းမသိဘူး၊ တစ်ရုံလုံး မီးတွေထိန်ထိန်လင်းပြီး ကျွန်တော့်ရှေ့မှာ ဒေါသဖြစ်တဲ့အမူအရာနဲ့ရပ်နေတဲ့ တရားလိုကိုတွေ့ရတော့မှ ကျွန်တော့်ရဲ့ မေတ္တာကို တုံ့ပြန်ခြင်းမခံရဘဲ မနှစ်သက်ကြောင်းကို ကျွန်တော်သိရတော့တာပါပဲ၊ အမှန်အားဖြင့် ကျွန်တော်တမင် ကာမဂုဏ်ဖျက်ဆီးရအောင် ပြုလုပ်ရခြင်း မဟုတ်ဘဲ ကျွန်တော့်ရဲ့ကြီးမားလှတဲ့ မေတ္တာကိုပြမိခြင်းပါပဲ'

ချစ်ဖေစကား ရပ်သွားသောအခါ နားထောင်နေသူများသည် မလှုပ်မရှား ခေတ္တမျှ အံ့သြတွေဝေ၍နေကြမိပြီးမှ 'ဟော့…တယ်လဲ အပြောပါတဲ့ ငနဲပဲ၊ သူပြောတာ… ဟုတ်လဲ ဟုတ်နိုင်စရာပဲ'ဟု တီးတိုးပြောဆိုမိကြကာ ချစ်ဖေအပေါ်တွင် ဖြစ်ခဲ့သောဒေါသစိတ်များသည် ပြေ၍လာကြလေ၏။ ရုပ်ရှင်သူဌေးမှာ ဤတွင်မှ ချစ်ဖေအား အလွန်သဘောကျ၍သွားကာ ဤမျှ အပြောကောင်း၊ အဆိုကောင်း၊ အမူအရာကောင်းပါလျက် ထိုသူမျိုးကို မိမိ၏ ဒါရိုက်တာများက အဘယ်ကြောင့်အသုံးမပြုဘဲ နေကြပါသနည်းဟု စဉ်းစား မရသကဲ့သို့ ရှိသွားလေတော့၏။

ညွန့်ညွန့်ခင်မှာ ဒေါသများပြေပျောက်သွားကာ ချစ်ဖေအပေါ်တွင် သနားစိတ် ဝင်စား၍လာလေ၏။ အချစ်မှောင်ဆိုတာ သိပ်ပြီးကြီးမားပေတာပဲ။ ငါ့ကိုချစ်မိတဲ့အတွက် သူ့ခမျာအပြစ်ခံရတော့မယ်ဟု တွေးမိလေ၏။ ဦးဘသွင်မှာမူ လက်ကိုပိုက်ကာ လက်မတစ်ဘက်မှ လက်သည်းကို ငုံ၍ကိုက်ရင်း စဉ်းစားငေးစိုက်၍ နေလေတော့၏။

တရားသူကြီးလည်း ကလောင်တန်ကိုကိုက်ကာ အတန်ကြာစဉ်းစား



နေပြီးနောက် ချစ်ဖေပြောစကားများမှာ အကြောင်းပြချက်ကောင်းလှသည်ကို တွေးမိလေ၏။ သို့ရာတွင်မူကား အမှုမှန်ဖြစ်၍ ဥပဒေအရ မလွတ်ကင်းနိုင်တော့ချေ။ ရုပ်ရှင်ရုံများတွင်လည်း မိန်းမပျိုကလေးများအား ဆိတ်ခြင်း၊ နှိုက်ခြင်း စသော အကျင့်ဆိုးများရှိ၍နေလေရာ နောင်လူများ ကြောက်လန့်သွားအောင် ပြုလုပ်ရန်လိုသည်ဟု နှလုံးပြုပြီးလျှင် 'မောင်မင်း ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားတဲ့အတွက် ဒဏ်ငွေ တစ်ရာ့ငါးဆယ်ကျပ် ကျဆောင်စေ၊ မဆောင်နိုင်လျှင် ထောင်ဒဏ်လေးလ ကျခံစေ'ဟု စီရင်ချက်ချလိုက်လေ၏။

စောစောက ချစ်ဖေအား ထောင်ချရန်ကိုသာ လိုလားနေကြသော သူများသည် ယခုမူ စီရင်ချက်ကိုကြားရသောအခါ စိတ်မကောင်းနိုင်ဘဲ ရှိကြလျက် ချစ်ဖေအား သနားသွားမိကြလေ၏။

'ဒဏ်ငွေဆောင်မလား' ဟု တရားသူကြီးက မေးလေ၏။

'ကျွန်တော့်မှာ ဒီအမှုဖြစ်တာနဲ့ အလုပ်ကဖြုတ်ပစ်ခြင်း ခံခဲ့ရပါတယ်၊ ဒဏ်ငွေဆောင်စရာမရှိပါ၊ ထောင်ပဲ အကျခံပါတော့မယ်'ဟု ဖြေလိုက်ရာ ညွန့်ညွန့်ခင်မှာ ရုတ်တရက် စုတ်သပ်လိုက်မိပြီးမှ ချက်ချင်းသတိရ၍ ကာခြွေ ဆည်၍ နေလိုက်ရလေ၏။

ချစ်ဖေမှာ အမှုလာရောက်နားထောင်နေသူတို့၏ မျက်မှောက်တွင် အချစ်အာဇာနည်တစ်ယောက်အဖြစ်သို့ရောက်သွားကာ နားထောင်သူထဲမှ လူတစ်ယောက်ကထ၍ 'ဒဏ်ငွေကို ကျွန်တော်တို့စုဆောင်းပြီး ဆောင်ပါ့မယ်၊ ခုနစ်ရက် ခွင့်ပြုပါ'ဟု တရားသူကြီးအားလျှောက်လေ၏။ ထိုသို့ တစ်ယောက်က စလိုက်ရာတွင် ချစ်ဖေအတွက် ဒဏ်ငွေဆောင်ရသည်မှာ တိုင်းပြည်ကျေးဇူးရှိဖို့ ကိစ္စတစ်ခုအတွက် ရန်ပုံငွေထည့်ရသလို ဂုဏ်ရှိသည့်အလား ဒဏ်ငွေ ဆောင်လိုသူ တစ်ယောက်ပြီးတစ်ယောက် ပေါ်၍လာလေ၏။

ထိုအခိုက်တွင် ရုပ်ရှင်သူဌေးကထကာ 'တရားခံအတွက် ကျွန်တော်ကပဲ ဒဏ်ငွေဆောင်ပါ့မယ်'ဟုဆို၍ ချက်ချင်းပင် အိတ်ထဲမှ ငွေကိုနှိုက်ယူကာ ဘီးလစ်၏လက်ထဲသို့ အပ်လိုက်ပြီးနောက် ချစ်ဖေ၏အနီးသို့သွားကာ 'မင်းကို ငါ့ကုမ္ပဏီမှာ အသံထွက်ဇာတ်ကားရိုက်ဖို့ ခေါင်းဆောင်မင်းသား

www.burmeseclassic.com



အဖြစ်နဲ့ မင်းလိုချင်တဲ့လခအတိုင်း ငါးနှစ်စာချုပ်ချုပ်မယ်၊ မင်းသဘောတူရဲ့လား' ဟု ပြုံးပြုံးကြီးမေးလိုက်လေ၏။

ထိုနောက်ချစ်ဖေသည် ကုမ္ပဏီသူဌေးနှင့်အတူ ရုံးထဲမှထွက်လာကာ ညွှန့်ညွှန့်ခင်အား တောင်းပန်မည်ဟုရှာသောအခါ ပြီးသည်နှင့်တစ်ပြိုင်နက် လျှင်မြန်စွာပြန်သွားကြပြီကို သိရလေ၏။

'ဦးလေးချုပ်မယ်ဆိုတဲ့စာချုပ်ကို ကျွန်တော်လက်မှတ်ထိုးပါမယ်၊ ဒါပေမယ့် ကျွန်တော့်အတွက် တစ်ခုဆောင်ရွက်ပေးပါ'

'ဘာလဲ··· ဆိုစမ်း၊ မင်းလိုချင်တာရစေမယ်'

'ကျွန်တော့်ကို ဦးလေးကိုယ်တိုင်လိုက်ပြီး ညွှန့်ညွှန့်ခင်အပြစ်လွှတ်အောင် တောင်းပန်ပေးပါ'

'အို··· ဒါ မခဲယဉ်းပါဘူး၊ ဦးဘသွင်နဲ့ အများကြီးခင်တာပဲ'

'နောက်ပြီးတော့···'

'ဆိုစမ်း'

'ကျွန်တော့်မိဘအဖြစ်နဲ့ တောင်းရမ်းပေးစေလိုပါတယ်'

သူဌေးသည် ခေတ္တမျှစဉ်းစားနေပြီး 'ဒါတော့ မင်းအရည်အချင်းကို အရင်ပြဦး၊ မင်းပထမရိုက်တဲ့ဓာတ်ကားဟာ စွံသွားလို့ရှိရင် ဒီကိစ္စအတွက် စိတ်သာချပေတော့'

ချစ်ဖေ၏အမှုမှာ နောက်တစ်နေ့တွင် သတင်းစာများထဲ၌ အထူးအဆန်းတစ်ခုအဖြစ် ပါ၍လာလေ၏။ ရုပ်ရှင်နှစ်သက်သူများအဖို့၌ 'ကုမ္ပဏီနှင့် ငါးနှစ်စာချုပ်လိုက်ပြီ' ဟူသော သတင်းကိုသိရသောအခါ 'ဒီကားတော့ မုချကောင်းပြီးသားပဲ၊ တို့များတော့ ပထမပြတဲ့နေ့မှာ ကြည့်ရအောင် တိုးမှာပဲ' ဟု ကြိမ်းဝါးထားကြလေ၏။ ရုပ်ရှင်သူဌေးလည်း ပရိသတ်တောင့်တနေသည်ကို သိရ၍ 'ဝတ်လုံတော်ရ' ဟူသောအမည်ဖြင့် အမြန်စတင်ရိုက်ကူးစေလေ၏။

'ဝတ်လုံတော်ရ' ပထမစတင်ပြသသည့်ညတွင် အထူးခန်း၌ ညွှန့်ညွှန့်ခင်နှင့်ချစ်ဖေတို့ ယှဉ်တွဲကြည့်နေသည်ကိုတွေ့ရ၍ ဘေးတစ်ဖက်စီတွင် ဦးဘသွင်နှင့် ရုပ်ရှင်သူဌေးတို့ကို တွေ့ရပေသတည်း။ ။

*သူရိယမဂ္ဂဇင်း၊ မေလ၊ ၁၉၄၀။*

# ရောင်နီပေါ်ထွန်းလာခဲ့ပြီ

ကြံတိုင်းလည်းမဖြစ်၊ မကြံဘဲလည်းဖြစ်၏။

ဘုရားအစရှိသော သူတော်စင်တို့နှင့် ပညာရှင်ပုဂ္ဂိုလ်အပေါင်းတို့က ဤသို့ဆိုခဲ့ကြသည်။ ထိုစကားသည်မှန်၏။ ထိုမှန်သောစကားကို 'ကံမကောင်းချင်တော့ ဘုရားလောင်းတောင် ဝက်စာခေါင်းဖြစ်ရ' ခြင်းက ထောက်ခံနေသလို၊ မင်းနောင်၏အဖြစ်ကလည်း သက်သေခံနေပေသည်။ သို့သော် ထိုအဖြစ်နှစ်ရပ်မှာ တစ်ခုနှင့်တစ်ခုမတူ။ ဘုရားလောင်းတောင် ဝက်စာခေါင်းဖြစ်ရခြင်းက ကြံတိုင်းလည်း မဖြစ်သည့်အဖြစ်မျိုး။

ပန်းပုဆရာသည် သစ်တုံးကြီးတစ်တုံးကို ဘုရားဆင်းတု ထုလုပ်ရာတွင် ရုပ်လုံးပေါ်မလာဘဲရှိသဖြင့် နောက်ဆုံးတွင် စိတ်ပျက်လက်လျှော့ကာ ထိုသစ်တုံးကြီးကို အလယ်ကထွင်းပြီး ဝက်စာထည့်ရန်အသုံးချလိုက်ရလေသည်။ သို့ဖြင့် ဘုရားအလောင်းအလျာဖြစ်သော သစ်တုံးကြီးမှာ ဝက်စာခေါင်းအဖြစ်ဖြင့် ဓာတ်သိမ်းမလှ ဖြစ်ရရှာလေသည်။

မင်းနောင်၏အဖြစ်မှာကား ဝက်စာခေါင်းအဖြစ်နှင့် ဆန့်ကျင်ဘက်ဖြစ်ရပ်။ တစ်နည်းပြောရလျှင် မရှယ်ဘဲနှင့် စော်ကဲမင်းဖြစ်သည့်အဖြစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်မျိုးကား သန်းခေါင်ထက်ညဥ့်မနက်(ဝါ) အရုဏ်မတက်မီ အမှောင်ဆုံးဖြစ်သည်ဟူသော ဆိုရိုးစကားနှင့်ကိုက်ညီလှပေသည်။

မင်းနောင်သည် တက္ကသိုလ်ကျောင်းထွက်၊ အလုပ်အကိုင်မရှိသေးသော ဘွဲ့ရတစ်ဦးဖြစ်သည်။ စင်စစ်အားဖြင့် သူ့အဖို့မှာ အလုပ်လုပ်လိုပါက အလုပ်မရှားပါ။ သူ့မိခင်ဘက်က ဘကြီးဦးကျောက်လုံးမှာ ပယင်းရောင်သွေးအားတိုးဆေးတိုက်ပိုင်ရှင် သူဌေးကြီးဖြစ်သည်။ သူ့ကို တက္ကသိုလ်မှ ဘွဲ့ရသည်အထိ ပညာသင်ပေးခဲ့သူမှာလည်း သူ၏ဘကြီး ဦးကျောက်လုံးပင်ဖြစ်သည်။

ဦးကျောက်လုံးသည် မင်းနောင်ကို ထွန်းထွန်းပေါက်ပေါက် အားထားလောက်သည့် လူတစ်ယောက်ဖြစ်လာမည်ဟု ငယ်ငယ်ကတည်းကပင် ယုံကြည်မျှော်လင့်ခဲ့သည်။ မျှော်လင့်သည့်အတိုင်းလည်း မိမိကိုယ်တိုင် ငွေကြေးအကုန်အကျခံ၍ ပညာသင်ပေးခဲ့သည်။ အကောင်းဆုံးကျောင်းမှာထား၍ အကောင်းဆုံးဆရာများနှင့် သင်ကြားစေခဲ့သည်။

ထိုသို့ပညာရေးတွင် အဖက်ဖက်ကလိုလေးသေးမရှိအောင် သင်ကြားပေးခဲ့ပြီး တက္ကသိုလ်မှဘွဲ့ထူးဂုဏ်ထူး ဆွတ်ခူးရယူခဲ့ပြီးသည့်နောက်တွင် မိမိနှင့်အတူ မိမိ၏စီးပွားရေးလုပ်ငန်းတွင် လက်ရည်တစ်ပြင်တည်း လုပ်ကိုင်ရန် ရည်မှန်းထားခဲ့သည်။

သို့နှင့် တက္ကသိုလ်ဘွဲ့နှင်းသဘင်မှ ဘွဲ့ယူ၍ပြန်လာခဲ့ပြီးသည့်နောက် ဘကြီးဦးကျောက်လုံးထံသို့ ဝင်ရောက်၍လာရာတွင် ဦးကျောက်လုံးက 'ကဲ… ရှည်ရှည်ဝေးဝေး ပြောမနေနဲ့တော့၊ မင်းလဲ ပညာဆုံးခန်းရောက်ပြီ၊ ငါ့ဆီမှာပဲ ဝင်ပြီးအလုပ်လုပ်ပေတော့'ဟု ပြောလိုက်လေသည်။

မင်းနောင်သည် ဦးကျောက်လုံးထံလာစဉ် သူ့မျက်နှာရွှင်ပျခဲ့သလောက် ဦးကျောက်လုံး၏အဆိုပြုချက်ကို ကြားရသည့်အခါတွင် မျက်နှာညှိုးသွားလေသည်။

သူသည် ဦးကျောက်လုံး၏ သွေးအားတိုးဆေးအပေါ်တွင် အယုံအကြည်ရှိသလို ထိုလုပ်ငန်းအပေါ်တွင်လည်း အထင်ကြီးသည်။ သွေးအားတိုးဆေးလုပ်ငန်းသည် ယခုခေတ်တွင် အလွန်စီးပွားဖြစ်သော လုပ်ငန်းဖြစ်ခြင်း



ကို သူ့ဘကြီး၏ကြွယ်ဝချမ်းသာမှုက သက်သေထူနေသည်ကို သူသိ၏။ အထူးသဖြင့် သွေးအားတိုးဆေးဖြင့် စီးပွားဖြစ်နေသူတို့အထဲတွင် ဦးကျောက်လုံးသည် အောင်မြင်မှုသရဖူဆောင်းနေခြင်းကို သူမြင်နေရ၏။ သို့သော် သူသည် ထိုလုပ်ငန်းထဲဝင်ပြီး အောက်ခြေကစတင်၍ လုပ်ရမည့်အလုပ်ကို မလုပ်ချင်။ ထို့ထက် သူ၏ဘဝရည်မှန်းချက်က သွေးအားတိုးဆေး ဖော်စပ်ရောင်းချခြင်းနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေလေသည်။

'ကျွန်တော်ကသိပ္ပံပညာသင်ခဲ့ပေမယ့်လဲ ကျွန်တော် ဝါသနာပါတဲ့ ဖော်နည်းစပ်နည်းက သွေးအားတိုးဆေး ဖော်စပ်နည်းမဟုတ်ဘဲ ဘဝကို သရုပ်ဖော်တဲ့ ကဗျာစပ်နည်းဖြစ်နေတယ် ဘကြီးရယ်၊ ကျွန်တော့်ဘဝ ရည်မှန်းချက်က ဆေးဆရာမဟုတ်ဘဲ ကဗျာဆရာဖြစ်ဖို့ပါ'

'ဟေ… ကဗျာဆရာ၊ ဟုတ်လား'

'ကဗျာဆရာက သေးနုပ်ပါတယ်၊ စာဆိုပညာရှင်ဖြစ်ချင်တယ် ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်'

'နေပါဦး၊ ဒီအတွေးအခေါ်တွေ ဘယ်တုန်းကများ မင်းခေါင်းထဲဝင်နေခဲ့တာတုန်း'

'ကျွန်တော် ၂၁နှစ်ပြည့်တဲ့မွေးနေ့မှာ အဲဒီစိတ်၊ အဲဒီအမြင်အာရုံ ပေါ်လာခဲ့တာပါ'

'အင်း… သုံးနှစ်ရှိခဲ့ပြီဆိုပါတော့'

မင်းနောင်က ခေါင်းညိတ်လိုက်သည်။

ဦးကျောက်လုံးသည် စကားကိုရပ်ထားလိုက်ပြီး အနည်းငယ်စဉ်းစားနေလိုက်သည်။ သူသည် မင်းနောင်ထံမှကြားရသည့်စကားများကို မနှစ်မြို့ချေ။ သို့သော်လည်း ထိုသို့မနှစ်မြို့ခြင်းကြောင့်တော့ဖြင့် ပစ်ပစ်ခါခါမပြောလို။ ဖြစ်ပေါ်လာသောအခြေအနေထဲမှ မိမိလိုရာသို့ရောက်အောင် မည်သို့ဆွဲငင်စေ့စပ်ယူရမည်ကိုသာ နည်းလမ်းရှာကြည့်လေသည်။

'အင်း… မင်းက ကဗျာဆရာလုပ်ချင်တာနဲ့ ငါ့လုပ်ငန်းနဲ့တော့ မနီးစပ်စရာ အကြောင်းမရှိပါဘူးလေ၊ တို့အတူတူလုပ်လို့ ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ စီးပွားရေးလုပ်ငန်းတွေမှာ ကဗျာနဲ့ယှဉ်တွဲပြီး ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာတွေ ရှေးကတည်းက ရှိခဲ့တာပဲမဟုတ်လား၊ ကျားဘမ်းတို့၊ ဗလရှင်တို့ကို ဒီလိုပဲ ကြော်ငြာခဲ့တာပဲ'

'ဒီနေရာမှာတော့ ဘကြီးနဲ့ကျွန်တော် အတွေးအခေါ်ချင်း မတူကြပါဘူး၊ ကျွန်တော့်ကဗျာတွေက ရသမြောက်တဲ့ အနုကဗျာစာပေပါ၊ ဒီလို အဆင့်အတန်းမြင့်တဲ့ကဗျာတွေကို အပေါစားကြော်ငြာစာအဖြစ်နဲ့ အသုံးချဖို့ ကိုတော့ ကျွန်တော် မလိုက်လျောနိုင်ပါဘူး'

'အေးပေါ့ကွာ··· အေးပါ၊ ငါကလဲ မင်းလိုအဆန်ချောင်နေတဲ့ ဦးခေါင်းထဲက ထွက်လာတဲ့ကဗျာကို သုံးဖို့မပြောနဲ့၊ မင်းခေါင်းလို အဆန်ချောင်နေတဲ့ ဇာတိပွိုလ်သီးမျိုး ငါဖော်စပ်မယ့်အထဲ ပါလာရင်တောင် ကောက်ပြီး လွှင့်ပစ်မှာပါမောင်ရာ'

ဦးကျောက်လုံးက စိတ်တိုတိုဖြင့်ပြောလိုက်သည်။ မင်းနောင်ကမူ ထိုသို့ပြောလိုက်ခြင်းကို မည်သို့မျှသဘောမထားသည့်ပြင် သူ့ဘကြီး၏ စကားအသုံးအနှုန်းကို ဘဘောကျကာ ရယ်၍ပင်နေလိုက်လေသည်။

မင်းနောင်မှာ ဘွဲ့နှင်းသဘင်မှ ပြန်လာကတည်းက ပျော်နေသည်။ သူသည် ဘွဲ့ရပညာတတ်တစ်ဦးဖြစ်သော်လည်း ငယ်ရွယ်နုပျိုသူတစ်ယောက်မျှသာဖြစ်၍ အလုပ်လုပ်ဖို့ရန် စိတ်မကူးသေးချေ။ ထို့ကြောင့် ဦးကျောက်လုံးက အလုပ်နှင့်ပတ်သက်၍ စိတ်ပျက်စရာစကားကိုဆိုသော်လည်း သူ့ဘာမျှမပူ၊ အပြုံးပင်မပျက်။ ယခုအချိန်တွင် သူသည် ပူပင်ရမည်ဆိုလျှင် အလုပ်လုပ်ရမည့်ကိုသာ ပူပင်စရာရှိနေပေသည်။

ဤအချိန်ကား ဆောင်းအကုန်နွေအကူး မင်းလွင်မြူး၍ လေဦးသုန်သုန်ချိုလျက်ရှိရာ သူ့ရင်တွင်းမှာလည်း လေရူးနှင့်အပြိုင် မြူးကာရူးကာ စိတ်ကူးယဉ်စရာတွေ တင်းကျမ်းပြည့်နေသည်။

ရာသီဥတုကလည်းသာယာ၊ ကောင်းကင်ကလည်း ပြာပြာ၊ နေခြည်ကလည်းဖြာဖြာမို့ ယခုလိုအခါတွင် သူ့စိတ်ထဲ၌ ဦးကျောက်လုံး၏ ဇာတိပွိုလ်သီး၊ ပန်းဖြူ၊ ပန်းမာ၊ နံ့သာ၊ ကြံ့သွေးတို့ကို စိတ်မဝင်စားဘဲ ယင်းတို့အစား အချစ်နှင့်မေတ္တာတို့ကိုသာ အရေးထား၍နေမိပေသည်။



အထူးသဖြင့် ထိုနေ့တွင် သူ့ရင်ထဲ၌ အချစ်ရေးနှင့်အချစ်သွေးတို့ ဆူဝေလျက်ရှိနေပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဘွဲ့နှင်းသဘင်တက်စဉ်က သူ့ရှေ့တည့်တည့်တွင်ထိုင်သည့် ဘွဲ့ယူမည့် အမျိုးသမီးကလေးတစ်ဦး၏ ရူပါရုံတွင် ငြိတွယ်ခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

မင်းနောင်၏မျက်စိထဲတွင် ထိုမိန်းမပျိုသည် ဘဒ္ဒကမ္ဘာတွင် အလှဘုရင်မဟု ထင်ပေါ်ခဲ့သမျှ သမိုင်းဝင်အလှမယ်တို့၏ အလှတွေစုနေသည့် အလား ထင်စားမိသည်။ ထိုအလှမယ်ကလေးကို အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလတို့က 'မမ' ခေါ်ရမည်ဟူ၍ စာဖွဲ့လျှင် ထိုစာမှာ ဟိနတ္တကဒေါသ သင့်ချေတော့မည်။ ယခုလို ဖွတ်မွဲစာဆိုတို့ရေးခဲ့သည့်စာထက် အပြန်တစ်ရာ သာသောစာမျိုးဖြင့် ချီးကျူးမှ မှန်ရာကိုဖွဲ့ဆိုရာရောက်၍ ဂုဏ်မြောက်မည်။ ထိုသို့ဖွဲ့ဆိုနိုင်မည့်သူ၊ ဖွဲ့ဆိုနိုင်လောက်သည့်အရည်အသွေးကို အမှန်တကယ် သိနားလည်သူမှာ မိမိသာဖြစ်သည်ဟု ယုံကြည်ကာ ထိုအတွေးထဲတွင် နစ်မျောနေစဉ် ထမင်းစားခေါ်သည့်ခေါင်းလောင်းသံကြောင့် ခေတ္တခဏမျှ သူ၏ စိတ်ကူးယဉ်အိပ်မက်ကမ္ဘာကြီး ကွယ်ပျောက်သွားလေသည်။

ဦးကျောက်လုံးနှင့်မင်းနောင်တို့သည် အလုပ်စားပွဲမှ ထမင်းစားပွဲသို့ ရွှေ့လာခဲ့ကြ၏။ ထိုနောက် ထမင်းစားပွဲတွင် ထိုင်မိကြသည့်အခါ မင်းနောင်၏ မျက်စိထဲတွင် ဘွဲ့နှင်းသဘင်ခန်းမထဲက မိမိ၏အသည်းထဲတွင် စွဲငြိခဲ့သည့် မိန်းမပျို၏မျက်နှာကို ပြန်၍မြင်ယောင်လာ၏။ စင်မြင့်ပေါ်မှ အခမ်းအနားမှူးက ဘွဲ့ယူရန် ကြေညာလိုက်သည့် ထိုမိန်းမပျို၏နာမည်ကိုလည်း ကြားယောင်မိလေ၏။

'ဝင်နီသာကျော်'

လူလှသလို နာမည်ကလည်း အလွန်ခေတ်မီသည်။ သာကျော်ဆိုသည့် နာမည်မျိုးမှာ ရှားသည်။ ဂုဏ်သရေရှိ ဆွေကြီးမျိုးကြီးထဲက ဖြစ်ရမည်။

မင်းနောင်သည် သူ့အတွေးနှင့်သူ ကျေနပ်လျက်ရှိနေလေရာ ဦးကျောက်လုံး၏ သခွားသီးတကြွပ်ကြွပ်ဝါးသံသည် သူ့နားထဲတွင် ဖွတ်··· ဖွတ်'ဟု ထောက်ခံနေသကဲ့သို့ ထင်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မင်းနောင်သည် မနက်ဖြန်မှစ၍ ဝင်နီသာကျော်အား ရှာပုံတော်ဖွင့်ရန် သန္နိဋ္ဌာန်ချလိုက်လေသည်။

မင်းနောင်သည် ဝင်နီအား မိမိကဲ့သို့ စာရူး၊ ကဗျာရူးတစ်ယောက်ဖြစ်မည်ထင်၍ စာပေဆွေးနွေးပွဲ၊ ဟောပြောပွဲများတွင် လိုက်၍ရှာ၏။ မတွေ့။

ပြဇာတ်၊ ကဇာတ်၊ ပြပွဲပြိုင်ပွဲများတွင် လိုက်၍ကြည့်၏။ မမြင်။ ဝင်နီသည် ကဗျာစာပေတွင်လည်း စိတ်မဝင်စား၊ သူ့ကိုဘယ်မှာများ ရှာလို့တွေ့ရပါလိမ့်။

မင်းနောင်သည် တရုတ်ရုပ်ရှင်ကား၊ ကုလားရုပ်ရှင်ကား၊ လူများများတိုးသောရုပ်ရှင်ကားမှန်သမျှ မလွတ်တမ်းကြည့်ကာ ဝင်နီကိုရှာ၏။

တစ်နေ့တွင် ပပဝင်းရုပ်ရှင်ရုံကအထွက် အပြင်ဘက်တွင် လက်မှတ်ဝယ်ရန်စောင့်နေသော ကျောင်းနေဖက်သူငယ်ချင်း ဇော်လင်းနှင့်တွေ့ရာ ဇော်လင်းက 'ဘယ်နှယ့်လဲဟေ့၊ ကားကောင်းရဲ့လား'ဟု ဆီး၍မေးလေ၏။

'ကောင်းလား… မကောင်းလား မသိပါဘူးကွာ၊ ငါက ရုပ်ရှင်ကြည့်ရအောင် လာတာမဟုတ်ဘူး၊ လူရှာရအောင် လာတာ'

'တွေ့ခဲ့ရဲ့လား'

'မတွေ့ပါဘူးကွာ'

'နေပါဦး၊ မင်းက ဘယ်သူ့ကိုလိုက်ရှာတာလဲ'

'ဝင်နီလေ'

'ဝင်နီသာကျော်လား'

'အေး…'

'မင်းနဲ့သူနဲ့က အဆက်လား…'

'အဆက်မဟုတ်ပါဘူး၊ အဆက်လုပ်ရအောင် လိုက်ရှာနေတာ'

'ဟ…. သူ့ကိုဒီလိုနေရာမှာ မရှာရဘူးကွ၊ သူက ကပွဲမှသွားတာ'

'မင်း သူနဲ့သိလား'

'သိရုံဘယ်ကမလဲ၊ အားကြီးခင်တာ'

'ဒီလိုဆိုရင်… ငါနဲ့ မိတ်ဖွဲ့ပေးစမ်းပါကွာ'



'ဒါဆိုရင် ချိုင်းနိစ် ရက်(စ်)စတောရန့်မှာ ဒင်နာတစ်ပွဲပေးရလိမ့်မယ် မောင်'

'အို… စိတ်ချ'

ဝင်နီသည် ဆိုရှယ်ကျသော မိန်းကလေးတစ်ယောက်ဖြစ်၏။ ထို့ကြောင့် တက္ကသိုလ်တွင် သူ့ကို မသိသူရှားလေသည်။ သို့သော် မင်းနောင်မှာ ကျောင်းတွင်ရှိစဉ်က စာကလွဲပြီး အခြားဘာကိုမျှ အာရုံမစိုက်ခဲ့သဖြင့် ဝင်နီကို မသိခဲ့ပေ။ ဘွဲ့နှင်းသဘင်နေ့က ဘွဲ့ယူရန် မိမိရှေ့တွင်ထိုင်နေသည့် ဝင်နီကို တွေ့ရတော့မှ လောကတွင် စာပေအပြင် အချောအလှကလေးတွေ ရှိနေခြင်းနှင့် အတူ သူ၏ရင်တွင်း၌ အချစ်မီး တောက်လောင်လေခဲ့တော့သည်။

သို့နှင့် သူငယ်ချင်းဇော်လင်းကို ဖူးစာရေးနတ်နေရာ၌ထားကာ ကိုကြီးနတ်၏လမ်းညွှန်ချက်ဖြင့် ဝင်နီကို ရှာပုံတော်ထွက်ရလေ၏။

ယခင်က ဝင်နီကိုရှာရသည်မှာ ဓာတ်သိများအဖို့ အလွန်လွယ်သည်။ သူ့ကို မေဖဲယား၊ ဒိုမီနိုစသည့် ကပွဲခန်းများတွင် တွေ့ရတတ်သည်။ ယခုမူ ကပွဲခန်းများပိတ်ထားသဖြင့် ခေတ်ဆန်သူတို့၏ ဆိုရှယ်ပွဲများမှာ သူ့ကိုရှာမှ တွေ့နိုင်ပေသည်။

ဇော်လင်းသည် ဝင်နီလိုပင် ဆိုရှယ်ကျသူတစ်ယောက်ဖြစ်၍ ဝင်နီသွားတတ်သည့်နေရာများကို ကောင်းစွာသိရှိသည့်အလျောက် ဝင်နီအား ခက်ခက်ခဲခဲမရှာရချေ။ ဝင်နီကို ဒဂုံမြို့နယ်အတွင်း၌ နေထိုင်သော ဆရာဝန်မကလေးတစ်ဦး၏ မွေးနေ့ပွဲတွင် ပက်ပင်းပါတိုး၍နေလေသည်။

ဇော်လင်းသည် ဝင်နီကိုတွေ့လျှင်တွေ့ချင်း မင်းနောင်နှင့် မိတ်ဆက်ပေးလိုက်သည်။

'ဟောဒါ ကဗျာဆရာကိုမင်းနောင်ဆိုတာပေါ့ ဝင်နီရဲ့၊ ကိုယ်တို့နဲ့ တစ်နေ့တည်း ဘွဲ့ယူခဲ့ကြတာလေ'

ဝင်နီသည် မင်းနောင်ကို သေသေချာချာကြည့်ပြီး ပြုံးလိုက်သည်။

'ဒီကဗျာဆရာကတော့ ချောသားပဲ'

မင်းနောင်၏ရင်ထဲတွင် ဖိုးကျိုင်းတုတ်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဗျာဆရာဆိုတာ ရုပ်မချောရဘူးလား' ဇော်လင်းကမေးသည်။

'ဝင်နီကြားဖူးတာက ကဗျာဆရာဆိုတာ နှုတ်ခမ်းမွေးကလဲ စုတ်ဖြတ်ဖြတ်၊ မျက်လုံးကလဲ ကလယ်ကလယ်၊ ဆံပင်ကလဲ မသပ်မရပ်၊ သွားချေးကလဲ အထပ်ထပ်နဲ့ ဆိုလားလို့ပါ'

သုံးဦးသား ဟက်ဟက်ပက်ပက် ရယ်ကြသည်။

ထိုခဏမှာပင် သူတို့၏ရယ်သံကို တူရိယာသံများက လွှမ်းဖုံးသွားသည်။ ထိုတူရိယာသံမှာ အိမ်ခေါင်မိုးသွပ်ပြားပေါ်တွင် သံရက်မကြီးကျသလို ဝုန်းခနဲမြည်သံဖြင့်စသည်။ ထို့နောက် ချစ်တီးဘုရား ခေါင်းလောင်းထိုးသံ၊ ထိုနောက် ကြောင်အမြီးပေါ်တက်နင်းမိ၍အော်သံ၊ ထို့နောက် သဘောကျင်းတွင် သံထည်ကို ရိုင်ဝက်ရိုက်သည့်အသံ၊ လမ်းဖောက်သည့်လေမှုတ်လွန်သံများ တစ်ကျော့စီလည်းကောင်း၊ တွဲ၍လည်းကောင်း၊ စုပြုံ၍လည်းကောင်း မရပ်မနား ထွက်ပေါ်၍လာလေသည်။

ဤတွင် မင်းနောင်ကစ၍ အင်္ဂလိပ်လို စကားဆိုလိုက်သည်။

'ရှယ်လဝီ... ဒန့်စ်'

'ငိုင်းနော့'

မင်းနောင်သည် ဝင်နီကိုပွေ့၍ တအားမွှေလိုက်သည်။ သူသည် တခြားတစ်နေရာတွင် ဝင်နီကို ယခုလိုပြုလုပ်မိလျှင် ကာယနွေ့ဖျက်မှုဖြင့် ရက်သုံးဆယ်လောက် အုန်းဆံထုနေရမည်။ ထို့ပြင် ယနေ့လူငယ်တွေ ယဉ်ကျေးမှုပျက်ပြားနေခြင်းနှင့်ပတ်သက်သော တရားသူကြီး၏သြဝါဒကထာကိုလည်း ကောင်းစွာနာယူခဲ့ရမည် ဖြစ်သည်။

ဤနေရာတွင်မူ ယခုလိုပြုမူခြင်းမှာ 'ဆိုရှယ်'ဟူသော အကာအကွယ်ဖြင့် ခေတ်ဆန်သည်ဟူ၍ အသိအမှတ်ပြုထားကြသည်။ ဤနေရာမျိုးတွင် ဤသို့ မွှေနိုင်မှလည်း ပေါ်ပြူလာဖြစ်သည်။ တော်ပါပေသည်ဟူ၍လည်း ချီးကျူးခံရတတ်သည်။

မင်းနောင်သည် ဟိုလူ့တိုက် ဒီလူ့တိုးနှင့် ဝေ့ကာဝိုက်ကာ ဝင်နီကို သယ်၍သွားရာက လူပုံအလယ်သို့ ရောက်သည့်အခါတွင် ရှေ့မတိုးသာ



နောက်မဆုတ်သာတော့သဖြင့် ထိုနေရာမှာပင် လက်တွဲမဖြုတ်ဘဲ တိမ်း၍ယိမ်း၍ ညွတ်၍ နေရလေတော့သည်။

'ဒီလိုတော့လဲ ကဗျာဆရာက တယ်ပြီးညက်ပါကလား'

'ဝင်နီက ဘာကိုညက်တယ်ဆိုတာလဲ၊ ကဗျာလား၊ လူလား၊ သနပ်ခါးလား၊ ဒါပေမယ့် ပါးကွက်တော့ ခြယ်မထားပါဘူး'

'ဝင်နီက ကိုမင်းနောင်ရဲ့ကတာ၊ လှတာကိုပြောတာပါ'

'ဒါကတော့ ကဗျာဆရာချင်းတူပေမယ့် အလှချင်းမတူသလိုပေါ့'

ဝင်နီမှာ မင်းနောင်၏စကားကြောင့် ရယ်ရပြန်လေသည်။

မကြာမီ တီးလုံးပြီးဆုံးသွားသဖြင့် တစ်ဦးနှင့်တစ်ဦး ခွဲခွာလိုက်ကြရလေသည်။

မင်းနောင်နှင့်ဝင်နီတို့သည် ယခုမှတွေ့ကြရသူများဖြစ်သော်လည်း ရှေးကတည်းက သိကျွမ်းခဲ့ကြရသလို ရင်းရင်းနှီးနှီး ဖြစ်သွားကြလေသည်။

ဝင်နီ၏ဖော်ရွေမှုသည် မင်းနောင်အား ရှေ့တစ်လှမ်းတိုးချင်အောင် အားပေးအားမြှောက်ပြုနေသော်လည်း ထိုနေ့အဖို့ ထိုမျှလောက်နှင့် တော်လောက်ပြီ။ ထိုထက်ပိုလွန်ခဲ့လျှင် တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသလို ဖြစ်မည်ဟု မင်းနောင်ကဆုံးဖြတ်ကာ ထိုနေ့အဖို့ တစ်ခန်းရပ်လိုက်ရလေသည်။

သို့သော် မကြာမီမှာပင် မင်းနောင်သည် ဆိုရှယ်ပွဲတစ်ပွဲတွင် ဝင်နီနှင့် နောက်တစ်ခန်းဆက်ရပြန်လေသည်။ ထိုနေ့တွင် မင်းနောင်မှာ 'ညက်တယ်... ညက်တယ်၊ ဒီနေ့မှ သာ၍ညက်တယ်' ဟု ချီးကျူးခံရပြန်လေသည်။

'ဒီနေ့မှပိုပြီးညက်၊ ဒီနေ့မှ ပိုပြီးသွက်တာ သိရဲ့လား၊ အဲဒါ ဝင်နီအပေါ်မှာ ကိုမင်းနောင်ရဲ့အချစ်ဟာ ပိုပြီးဒီရေတက်လာလို့'

'ဩော်... ဟုတ်လား၊ ဒါကတော့ ဝင်နီ မသိပါဘူး၊ ဝင်နီကို လူတိုင်းက ချစ်နေကြတာပဲ'

'ဒါပေမယ့် ကိုမင်းနောင်ရဲ့အချစ်က သူများတွေနဲ့မတူဘူး၊ ကိုမင်းနောင်ရဲ့အချစ်က မိန်းမတစ်ယောက်အပေါ်မှာ ဘယ်ယောက်ျားကမှ မချစ်ဖူးတဲ့အချစ်မျိုးနဲ့ ချစ်တဲ့အချစ်ပါ'

'အဲဒီတော့...'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ကိုမင်းနောင်ချစ်သလို ဝင်နီက ကိုမင်းနောင်ရဲ့အပေါ်မှာ ပြန်ပြီးချစ် မချစ်…'

'ဩော်… ဒီလိုလား၊ ဒါဆိုရင်တော့ ဝင်နီက ဘယ်သူ့ကိုပဲဖြစ်ဖြစ် ပုပုရှရှမြင်သမျှ မေတ္တာထားနေတာပဲ'

'မဟုတ်ဘူးလေ၊ ကိုမင်းနောင်သိချင်တာက ငါးရာနှစ်ဆယ့်ရှစ်သွယ်သောမေတ္တာ၊ သြဒီသ အနောဒီသမေတ္တာနဲ့ ချစ်တာမျိုး မဟုတ်ပါဘူး'

'ဩော်… ကိုမင်းနောင်ကို ချစ်ခင်ပေါင်းသင်း စုံဖက်နှစ်သက်ခြင်းမျိုးလား'

'တိုတိုပြောရရင် ကိုမင်းနောင်ကို ဝင်နီယူဖို့၊ ပေါင်းသင်းဖို့၊ လက်ထပ်ဖို့၊ အိမ်ထောင်ပြုဖို့၊ ထိမ်းမြားဖို့၊ စုလျားရစ်ပတ်…'

'သိပြီ… သိပြီ၊ ဒီလောက်တိုတိုပြောရုံနဲ့ သဘောပေါက်ပါပြီ၊ ဒီလိုဆိုရင် ဝင်နီ ပွင့်ပွင့်လင်းလင်းမေးမယ်နော်'

'မေးပါလေ… မေးပါ'

'ကိုမင်းနောင် ဘယ်လောက်ချမ်းသာသလဲ'

'အခုနေမှာတော့ မေတ္တာအသချေ့ ကုဋေကုဋာ ချမ်းသာတဲ့သူပါ'

'အိမ်ထောင်ရေးမှာ မေတ္တာတစ်ခုတည်းနဲ့ ပြီးတာမဟုတ်သေးဘူး ကိုမင်းနောင်၊ ငွေ… ငွေ… ငွေ… ငွေကပထမ၊ ပညာကဒုတိယ၊ စာရိတ္တကတတိယ၊ ရုပ်ရည်ကစတုတ္ထ၊ မေတ္တာဆိုတာက အဲဒီလေးကောင်နောက်က ယက်ကန်ယက်ကန်နဲ့ ပါလာတဲ့မြင်းမျိုးပါ'

'ဒီခေတ်မှာအချစ်ထက် ငွေကအရေးပါသေးသလား ဝင်နီရယ်'

'ဒီခေတ်မှာမို့ သာပြီးအရေးပါတာပေါ့၊ ဝင်နီက ကိုမင်းနောင် ဘယ်လောက်ချမ်းသာသလဲမေးနေတာ တခြားကြောင့်မဟုတ်ဘူး၊ ဝင်နီကို လာပြီးစပ်နေတဲ့ ကိုဟင်နရီစံပေါ်ဆိုတာ အင်မတန်ချမ်းသာတာ၊ သူ့ထက် ကိုမင်းနောင် အနည်းဆုံးနှာတစ်ဖျား၊ နှုတ်ခမ်းမွေးတစ်မျှင်လောက်သာမှ အဖေကသဘောတူမှာ၊ အဖေကနာမည်နဲ့လိုက်အောင် သူများထက်သာတာ၊ ကျော်တာမှ သဘောကျတာ'



'ဒီလိုဆိုရင် ကိုမင်းနောင် မနက်ဖြန်ခါ ဘကြီးဦးကျော်လုံးကို သွားပြီးတွေ့မယ်၊ ဘကြီးက အင်မတန်ချမ်းသာတာ'

'ဘာလုပ်ဖို့လဲ၊ ဘကြီးဆီက ငွေချေးဖို့လား၊ ဒါလောက်နဲ့တော့ မဖြစ်ဖူး'

'ကိုမင်းနောင်ရဲ့ဘကြီးက ဘယ်သူ့မှ ငွေချေးတာမဟုတ်ဘူး၊ သူက ချစ်တီးကပ်စေး၊ ကိုမင်းနောင် သူ့ဆီကိုသွားမှာက လခကောင်းကောင်းနဲ့ အလုပ်တောင်းဖို့၊ သူနဲ့အတူတူ အလုပ်လုပ်ဖို့ပါ၊ တစ်နေ့ကျရင် သူ့လုပ်ငန်းကြီး တစ်ခုလုံး ကိုမင်းနောင်လက်ထဲ ရောက်လာမှာပါ'

'ဒီလိုဆိုရင် ကြည့်ကြသေးတာပေါ့၊ တကယ်လို့ ကိုမင်းနောင်က ကိုဟင်နရီစံပေါ်ထက် တရေးသာမယ်ဆိုရင် ဝင်နီက ကိုမင်းနောင်ကို အချစ်လူစွမ်းကောင်းအဖြစ်နဲ့ အဲဗားဝဲလကမ်းပါပဲ၊ ဒါပေမယ့် လက်ရှိ ဟင်းဒီကက် ခဲစာရင်းအတိုင်းမှာတော့ ဒီပွဲဟာ ကိုစံပေါ်တစ်ယောက်တည်း ဝေါ့အိုဗာနဲ့ အနိုင်ယူမယ့်ပွဲပဲဆိုတာတော့ မမေ့နဲ့နော်'

မင်းနောင်သည် ဝင်နီ၏စကားကြောင့် စိတ်ပျက်လက်လျှော့ခြင်း မရှိဘဲ ဟင်နရီစံပေါ်ကို အနိုင်ကြဲလိုက်မည်ဟူ၍အားခဲပြီး အိမ်သို့ပြန်ခဲ့လေ၏။

သူသည် ဘကြီးဦးကျော်လုံး၏ ပယင်းရောင်သွေးအားတိုးဆေး လုပ်ငန်းတွင် မိမိ၏ကဗျာများကို ကြော်ငြာအဖြစ် အပေါစားအဖြစ်မျိုး အရောက်မခံနိုင်ဟု ယခင်ကတင်းမာခဲ့သော်လည်း ယခုစိတ်တစ်မျိုးပြောင်းလာသည်။ သူသည် ပယင်းရောင်သွေးအားတိုးဆေးကို မိမိ၏ကဗျာများဖြင့် ချီးကျူးထောမနာပြုခဲ့လျှင် စီးပွားရေးကြော်ငြာမှုတွင် ကဏ္ဍသစ်တစ်ခုပေါ်လာမည့်ပြင် ကဗျာလောကတွင်လည်း သမိုင်းသစ်ထူနိုင်လိမ့်မည်ဟူ၍ အတွေးပေါ်လာလေသည်။

သူသည် မိမိ၏စိတ်ကူးသစ်ကို ဦးကျော်လုံးအား တင်ပြမည်။ ထိုအတိုင်း ဦးကျော်လုံးသဘောတူလျှင် မိမိ၏လစာကို အရေးဆိုမည်။ နှစ်တိုးလစာနှင့်ဆုငွေကို နှစ်ရှည်စာချုပ်မည်။ ထိုဝင်ငွေနှင့်ဆိုလျှင် ဦးသာကျော်က သူ့သမီးအား မိမိနှင့်ပေးစားရန် မုချသဘောတူမည်။ အရေးကြီးသည်မှာ မိမိ၏ချစ်သူနှင့် ပေါင်းသင်းရဖို့ဖြစ်သည်။ ထိုသို့ပေါင်းသင်းခွင့်ရရန် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



ပညာဉာဏ်ပဋိဘာန်ကို သွေးအားတိုးဆေးကြော်ငြာအတွက် တန်ဖိုးချချင်ချရပါစေ။ အချစ်ဆိုသည်မှာ အနစ်နာခံခြင်းပင် မဟုတ်ပါလော။

သူသည် အကောင်းဆုံး ဖူးစကက်စာရေးစက္ကူတစ်ထုပ် ဝယ်လိုက်သည်။ စိတ်ကူးထွက်ရန် ကော်ဖီကျကျတစ်ခွက်ဖျော်၍ သောက်လိုက်သည်။ ပြီးလျှင်ဘယ်သူမှလာ၍ အနှောင့်အယှက်မပြုနိုင်အောင် အခန်းတံခါးကို လုံအောင်ပိတ်လိုက်ပြီး ပယင်းရောင်သွေးအားတိုးဆေးအတွက် လေးနက်စွာ စိတ်ကူးထုတ်၍ ကဗျာတစ်ပုဒ်ရေးစပ်လေသည်။ ထိုကဗျာကား ဦးကျောက်လုံးအား နမူနာပြရန်ဖြစ်ပေသည်။

မင်းနောင်သည် မိမိရေးစပ်ထားသည့်ကဗျာကို အခေါက်ခေါက်အခါခါဖတ်ရှုပြီး အကျေနပ်ကြီးကျေနပ်သွားသည်။ ထို့နောက် ဖူးစကက်စာရွက်ကို ကောင်းစွာလိပ်၍ ဦးကျောက်လုံးထံသို့ ထွက်လာခဲ့လေသည်။

ဦးကျောက်လုံးသည် မိမိ၏တူအပေါ်တွင် ကြည်ဖြူသဒ္ဓါ မကုန်ခန်းသေးသဖြင့် ရွှင်လန်းသောမျက်နှာဖြင့် ကြိုဆိုလေသည်။

'ကဲ... ဘယ်လိုလဲ ဆိုစမ်း၊ မင်းအခုလာတာ အလုပ်ကိစ္စနဲ့ ပြောရအောင် လာတာပဲမဟုတ်လား'

'ဟုတ်ပါတယ်'

'အေးပေါ့ကွယ်၊ လူတိုင်းလူတိုင်းဟာ ကိုယ့်မာနကလေးနဲ့ကိုယ် ရှိကြတာပေါ့ကွယ်၊ မင်းလိုခေတ်ပညာတတ် ဘွဲ့ရသူတစ်ယောက်အဖို့မှာ အောက်ခြေကစပြီး အလုပ်ဝင်လုပ်ရဖို့ဆိုတာ အင်မတန်အောက်ကျတယ်လို့ ထင်စရာပေါ့၊ ဒါပေမယ့် ဒီလိုရှိတယ်ကွာ၊ အလုပ်ရဲ့သဘောဟာက အပြေးမတတ်ခင် လမ်းလျှောက်အရင်သင် ဆိုရတာမျိုး၊ ဒီလုပ်ငန်းကြီးတစ်ခုလုံးကို ဦးစီးဖို့ဆိုတာ အောက်ခြေသိမ်းတတ်ထားမှ၊ အတွေ့အကြုံရှိပြီးမှ လုပ်လို့ကိုင်လို့ဖြစ်တာ၊ ဒီလိုအခါရောက်မှလဲ ဘကြီးက တာဝန်လွှဲပေးနိုင်မှာ၊ အခုနေတော့ အောက်ခြေကစပြီးလုပ်ရမှာပဲ ဟုတ်ရဲ့လား'

'ဟုတ်ကဲ့၊ အဲ... ဟုတ်တော့ဟုတ်ပါရဲ့၊ ဒါပေမယ့်လဲ အားလုံးတော့ မဟုတ်ဘူး'

'နေပါဦး၊ မင်းစကားက ဘယ်လိုလဲ'



'ဒီလိုပါ၊ ကျွန်တော့်လို ကဗျာကဝိ၊ ပါရဂူတစ်ယောက်အဖို့ သွေးအားတိုးဆေးကြော်ငြာရေးစပ်ရတယ်ဆိုတာ အင်မတန်နုံချာတဲ့အလုပ်ပဲဆိုတာ အခုအထိ စွဲစွဲမြဲမြဲယုံကြည်နေလျက်ပါပဲ၊ ဒါပေမယ့် ကဗျာနဲ့ကြော်ငြာရေးစပ်တဲ့လုပ်ငန်းတစ်ခုလုံးကိုပါ ကျွန်တော့်လက်ကိုအပ်မယ်ဆိုရင်တော့ ဒီအလုပ်ကို လက်ခံဖို့အသင့်ပါပဲ'

'ဒီလိုဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ဘုရားဆိုသလို အင်မတန်မှ လျှောက်ပတ်တာပေါ့ကွယ်၊ ဘကြီးတောင် ဟောဒီကြော်ငြာကဗျာကို ဖတ်ကြည့်ပြီး အားမလိုအားမရဖြစ်နေတယ်၊ မင်း နားထောင်ကြည့်စမ်း'

ချည့်ချည့်နဲ့နဲ့ ပိန်သေးသေး
မြာတွေစွဲဖို့ အလွန်ဝေး၊
ပယင်းရောင်ဆေး အားကိုမွေး
ဖျံတိုင်းကြိုက်လို့ လိုက်ခဲ့လေး။

ဦးကျောက်လုံးသည် ကြော်ငြာကဗျာကိုဖတ်ပြီး ခေါင်းကိုဖြည်းညင်းစွာ ခါပြလေသည်။ မင်းနောင်ကလည်း လိုက်၍ခေါင်းခါလေသည်။

'ဘကြီးက ဒီထက်အသားပါ၊ ဟာသလဲပါတဲ့ကဗျာမျိုး၊ အားရှိတဲ့ကဗျာမျိုးမှကြိုက်တာ၊ ကျားတိုက်က ဘမ်းပရုတ်ဆီကြော်ငြာကို ရွှေတလေးကာတွန်းနဲ့ ကဗျာစပ်တာလိုပေါ့၊ ဟိုဒင်းလေကွာ၊ မုံတောက်သံ...မုံတောက်သံ'

'ငါ့ကို သူ တောသားမို့ ကျားကျားလို့အော်၊ ခွေးမသား ငါဆော်မယ်၊ ဟော့ ပေါက်ဖော် ဖယ်စမ်း၊ ဆရာကီး မှုလောပါနယ်၊ စူပြောတာ ကျားတိုက်က ဘမ်း' ဆိုတာမျိုးမှ အဓိပ္ပာယ်လဲပါ၊ သရုပ်လဲပေါ်၊ ရယ်လဲရယ်ရသကွယ့်၊' ဟား... ဟား'

မင်းနောင်သည် နောက်ထပ် ခေါင်းတစ်ချက်ခါလိုက်၏။

'ကဗျာနဲ့ပတ်သက်လို့ ကျွန်တော်တစ်ခုပြောပါရစေ'

'ပြောစမ်း... ပြောစမ်း... တစ်ခုမကဘူး၊ ပြောချင်သလောက် ပြောစမ်းပါကွဲ့'

'ဒီလိုပါ၊ ဘကြီးအခု ရွတ်ဖတ်ပြသွားတာတွေဟာ ဘိုးတော်ဘုရားလက်ထက်က ကဗျာတွေပါ'

www.burmeseclassic.com



'အိုကွာ… ဘိုးတော်ဘုရားလက်ထက်ကပဲဖြစ်ဖြစ်၊ ဘကြီးတော်ဘုရားလက်ထက်ကပဲဖြစ်ဖြစ်၊ ရသသဘာဝနဲ့ ပြည့်စုံတယ်၊ အဓိပ္ပာယ် ယုတ္တိလဲ ရှိတယ်၊ ဒီနေ့အထိ အသက်ဝင်နေသေးတယ်ဆိုရင် ဒါဟာ ကဗျာကောင်းပဲ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဟုတ်ရင် ဘာပြောစရာရှိသေးလဲ'

'မဟုတ်ဘူးခင်ဗျ'

'နေပါဦးကွ၊ မင်းစကား ငါဘယ်လို နားလည်ရမှာလဲ'

'ဘကြီးစောစောကပြောသလို ရှေးကစပ်ဆိုကြတဲ့ကဗျာတွေဟာ ကာဏ်အလင်္ကာ ရောတီတိလင်္ကာဆိုတဲ့ ဝိဂြိုဟ်အတိုင်း နားထောင်ကောင်းရုံ စပ်ကြတာ၊ နဘေတွေ၊ ကာရန်တွေ၊ လုံးထပ်တွေများပြီး လေးနက်မှု ဘာမှ မရှိဘူး၊ တစ်နည်းပြောရရင် ရှေးကကဗျာစပ်ကြတာဟာ နားအရသာခံဖို့ သက်သက်ပါ၊ ဒီခေတ်မှာတော့ နှလုံးသားနဲ့အရသာခံဖို့ စပ်ဆိုကြတာ များပါတယ်၊ ကဗျာဟာ ရှစ်ဆယ်ပေါ်ခေတ်ကနေပြီး ရာပြည့်ခေတ်ထဲ ပြောင်းခဲ့ပါပြီ'

'အင်း… မင်းစကားတွေဟာ တယ်ပြီးဆန်းပါလား'

'တစ်နည်းပြောရရင် ရှေးကစိတ်ကူးယဉ်ပြီး စိတ်ထဲမှာလွင့်ပါးနေတဲ့ ကဗျာမျိုးတွေကို စပ်ကြတယ်၊ ဒီခေတ်မှာ ကျွန်တော်တို့စပ်နေကြတဲ့ကဗျာတွေဟာ မြေကြီးနဲ့နီးစပ်တဲ့ ကဗျာတွေပါ'

'အမယ်လေး… အမယ်လေး…၊ ငါ့သွေးအားတိုးဆေးကြော်ငြာကိုတော့ မြေကြီးနဲ့နီးစပ်တဲ့ကဗျာမျိုး မလုပ်လိုက်ပါနဲ့ကွယ်၊ ငါ့သွေးအားတိုးဆေးသောက်ရင် သုသာန်ကမြေကြီးထဲရောက်တော့မှာပဲလို့ ထင်ကုန်ပါဦးမယ်၊ အင်း… ဒါထက်မေးပါရစေဦး၊ မင်းအခုပြောနေတာဟာ ကာရန်မဲ့ကဗျာဆိုတာမျိုးလား'

'ကာရန်မဲ့ကဗျာဆိုတာ အခေါ်မှားနေတဲ့စကားတစ်လုံးပါ၊ အခုခေတ်ကဗျာတွေဟာ အားလုံးကာရန်မဲ့တာ မဟုတ်ပါဘူး၊ တစ်ပုဒ်တည်းမှာပဲ ကာရန်ပါတဲ့အပိုဒ်လဲရှိတယ်၊ မပါတဲ့အပိုဒ်လဲရှိတယ်၊ ဒီလိုဖြစ်ရတာဟာ



ကာရန်ကိုင်နေရရင် အဓိပ္ပာယ်တိမ်မြုပ်ပြီး ဆိုလိုရင်းမပေါ်တတ်ဘဲရှိလို့ ကာရန်ထက် အနှစ်အရသာကိုအရေးထားလို့ ဖြစ်ပါတယ်၊ ဒါကိုအများ နားလည်လွယ်တဲ့စကားနဲ့ပြောရရင် ပုံစံသစ်ကဗျာလို့ဆိုမှ မှန်ပါလိမ့်မယ်၊ အဲဒီလို ပုံစံသစ်ကဗျာမျိုးနဲ့ သွေးအားတိုးဆေးကြော်ငြာတစ်ပုဒ်ကို ကျွန်တော်ရေးထားပါတယ်'

'ဩော်… ရေးပြီးသားတောင် ရှိနေပြီလား'

'ဟုတ်ပါတယ်၊ စံနမူနာပြအဖြစ် ကျွန်တော်ရေးပြီးယူခဲ့ပါတယ်'

'ကဲ… ဒီလိုဆိုရင် ရွတ်ပြစမ်းပါကွာ၊ နားထောင်ရအောင်'

မင်းနောင်သည် ကဗျာရွတ်ဆိုရန် လည်ချောင်းကို လမ်းရှင်းပေးလိုက်သည်။

* *ပယင်းရောင် ညဥ့်မှောင်စိတ်ကူး* *

သူသေတစ်ယောက်
ပိန်ချောက်လက်လို
မည်းနက်သစ်ကိုင်း
ရိုးပြိုင်းပြိုင်းတို့
ဝေရှိုင်းကောင်းကင်
အာကာပြင်နောက်ခံကားရှေ့
ဇော့ယမ်းလှုပ်ရှားခိုက်
တိုက်သော့ညှို့လေအေး စိမ့်စိမ့်ချမ်း
ကြက်သီးသိမ့်သိမ့် တဖြန်းဖြန်း
လင်းနို့တောင်ပံ ဖြန့်ကာပျံသန်း။
ကြေကြေကွဲကွဲ သရဲတစ္ဆေ
မြည်သံဆန်း
ကြောက်ခမန်း၊ လန့်မခန်း
ရံဝန်းမြေမဟီ
တီကောင်၊ သန်ကောင်

www.burmeseclassic.com

www.burmeseclassic.com



လောက်၊ ဖြုတ်
ဖားပြုတ်၊ မြွေဖား
မြွေတွားသတ္တဝါအပေါင်း
ပျပ်ဝပ်ခညောင်း
မကောင်းသူထိပ်၊ ကောင်းသူထိပ်
ပလိပ်၊ ဝက်သက်၊ တုပ်ကွေး
နှာစေး၊ ချောင်းဆိုး၊ ကြက်ညှာ
ဘရင်ကိုက်နှာ၊ လိပ်ခေါင်း
ညောင်း- ဒူဝေ… ဒူဝေ၊ သွား ဟုန်ဟုန်၊
ငါကား လင်းနို့လေနှင့်အတူ
ငါကား တီကောင်မြေနှင့်အတူ
လေမှာကွန့်မြူး၊
မြေမှာလွန့်လူး၊
ပယင်းရောင် ညဦးမှောင်စိတ်ကူး။

ဦးကျောက်လုံးသည် နားထောင်ပြီး အဆုံးတွင်'ပူး'ခနဲ ပါးစပ်မှ လေမှုတ်ထုတ်လိုက်၏။

'ဘယ့်နှယ်လဲဘကြီး၊ ကျွန်တော့်ကဗျာ ကြိုက်ရဲ့လား'

မင်းနောင်သည် သူ့ကဗျာထဲက ဖားပြုတ်၏မျက်လုံးလို ရွှံ့နေသော မျက်ခွံကို ပေကလပ်ပေကလပ်လုပ်ကာ မေးလိုက်လေသည်။

'မင်းကဗျာကို ပိဋကတ်အဓိပ္ပာယ်၊ အဝယတ္တအဓိပ္ပာယ် ရှင်းပြပါဦး'

'အဓိပ္ပာယ်က အရှင်းကြီးပဲဘကြီးရဲ့၊ ဒီကဗျာက ပယင်းရောင် သွေးအားတိုးဆေး မစားမီပုံနဲ့ ဆေးစားပြီးပုံကို ဖော်ကျူးထားတာပါ၊ ဒီကဗျာ စာသားကို ပရင့်တင်းပေပါစက္ကူအကောင်းစားနဲ့ရိုက်ပြီး အတ်ပေပါကြွေရောင် စက္ကူအချောနဲ့ဖုံး၊ အားလုံး စောင်ရေငါးရာပဲရိုက်ပါ၊ ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးပါ့မယ်'

တောင်…



ဦးကျောက်လုံးသည် စားပွဲတင်ခေါင်းလောင်းကို လက်နှင့်ဆောင့် လိုက်သည်။

တစ်ခဏအတွင်း သန်မာထွားကျိုင်းသော အခိုင်းအစေတစ်ယောက် ဝင်လာသည်။

'ကျွန်တော့်ကို ခေါ်ပါသလားခင်ဗျာ'

'အေး… မင်းဟောဒီအကောင်ကို အပြင်ဆွဲထုတ်ပြီး သုံးဘီးကားနဲ့ တင်လွှတ်လိုက်၊ ရော့… ငွေငါးကျပ်၊ နောင်ကိုဘယ်အခါမှ ငါ့အိမ်ရိပ်ကို သူမနင်းစေနဲ့၊ ကဲ… သွားတော့'

လူငယ်လူရွယ်ဘဝပိုင်းသည် လောကဓံကို ကြံ့ကြံ့ခံနိုင်သော အချိန် ကာလဖြစ်လေသည်။ သူသည်နုပျို၏။ ခွန်အားရှိ၏။ ကြံ့ရည်ဖန်ရည် ရှိသည်။ သူ့အဖို့ ဘဝ၏မျှော်လင့်ချက် အပြည့်အဝရှိနေ၏။

မင်းနောင်သည် ကြီးမွားလမ်းတစ်ခု ပျက်ပြားဆုံးရှုံးရသည့်ပြင် ဖင်ညောင့်ရိုးကျိုးမတတ် ဦးကျောက်လုံးအိမ်ထဲမှ ဆွဲကိုင်ပစ်ပေါက်ခြင်း ခံခဲ့ရသော်လည်း ဦးကျောက်လုံးထံမှ အရေးနိမ့်၍ပြန်ခဲ့ရခြင်းမှာ မော်စကိုမှ နပိုလီယံစစ်ရှုံး၍ ပြန်ခဲ့ရသလိုမဟုတ်ဘဲ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဒန်းကတ်မှ မဟာမိတ်တပ်တို့ အောင်မြင်စွာဆုတ်ခွာခဲ့ရသလို နောက်ဆုံးတွင် အောင်မြင်ရမည်ဟူသော မျှော်လင့်ချက်ရှိနေပေ၏။

တကယ်တော့ ငွေထက်အရေးကြီးသည်မှာ အချစ်မဟုတ်လော။ ငွေကြောင့်ဒုက္ခပင်လယ်ဝေနေသော ဤကမ္ဘာကြီးတွင် အချစ်နှင့်မေတ္တာသာ မရှိခဲ့လျှင် မီးဟုန်းဟုန်းတောက်လောင်ပျက်စီးခဲ့မည်သာ မဟုတ်ပါလော။ အချစ်သည် မိမိ၏အသည်းနှလုံးတွင် ရာနှုန်းပြည့်ရှိနေ၏။ ထိုသို့ရှိနေသမျှ ကာလပတ်လုံး ဝင်နီကိုရဖို့အတွက် မျှော်လင့်ချက်မဆုံးနိုင်။ မေတ္တာသဒ္ဒါ အနန္တော၊ ကိုယ်ကမေတ္တာရှိနေလျှင် သူကလည်း မေတ္တာရှိရမည် မဟုတ်ပါ လော။

မင်းနောင်သည် မိမိစိတ်ကူးဖြင့် မိမိကြည်နူးလျက်ရှိကာ သုံးဘီးကား ပေါ်တွင် လေတချွန်ချွန်ဖြင့် လိုက်ပါလာလေရာက တစ်စုံတစ်ခုကိုသတိရ၍ သူငယ်ချင်းဇော်လင်းထံ ကားကိုမောင်းနိုင်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝင်နီ၏ဖခင် အငြိမ်းစားစစ်ကဲကြီးဦးသာကျော် ဘယ်မှာနေသည်ကို ဇော်လင်းအားမေးကြည့်မည်။ မေးကြည့်၍ သိရပြီးနောက် ဦးသာကျော်ထံသွားမည်။ သူ့သမီးမရခင် သူ့အဖေကို မျှာလိုလိပ်၊ ထိပ်ပေါ်မှာတင်ဆိုသလို အချိုသာဆုံးသောစကားများဖြင့် ပြောဆိုမြှောက်ပင့်ကာ ဝင်နီအပေါ်တွင်ထားရှိသော မိမိ၏အချစ်ကို ဖွင့်ဟပြောပြမည်။ မိမိ၏ကဗျာများဖြင့် လူတစ်ဖက်သားကို မျက်ရည်ကျအောင် လုပ်နိုင်သေးလျှင် ဦးသာကျော်ရောဘာသားနှင့်လုပ်ထားသူမို့ ခံနိုင်မည်နည်း။ တစ်ခွန်းပြောရုံမျှဖြင့် ဖော့ဖယောင်းလိုပျော့ပျောင်းညွတ်ခွေလာရမည်မှာ သေချာသည်။

ဤသို့စိတ်ကူးယဉ်ခဲ့သည့်အတိုင်း ဇော်လင်းထံမှ ဦးသာကျော်၏နေရပ်လိပ်စာကိုမေးခဲ့ပြီးလျှင် သူနေထိုင်ရာ သော်မဆင်ရိပ်သာသို့ ရွှေစကြာဖြန့်ခဲ့ရလေသည်။

'ခွေးကိုက်တတ်သည်'

'အလှူခံ သည်းခံပါ'

'စာထည့်ရန်'

ဇော်လင်းညွှန်ပြလိုက်သည့်အတိုင်း ဆိုင်းဘုတ်အမျိုးမျိုးတပ်ထားသည့်အိမ်ရှေ့သို့ရောက်သောအခါ မင်းနောင်သည် တံခါးပေါင်ရှိခေါင်းလောင်းခလုတ်ကလေးကို နှိပ်လိုက်လေသည်။

သူသည် လူခေါ်ခေါင်းလောင်းတီးလိုက်သော်လည်း လူထွက် မလာဘဲ ခွေးထွက်လာလျှင် အပြေးရလွယ်အောင် ခြေတစ်ဖက်ကို ရှေ့သို့လှမ်း၊ ခြေတစ်ဖက်ကိုနောက်သို့ဆုတ်ပြီး ထုပ်ဆီးတိုးဟန်အနေအထားဖြင့် အသင့်ရပ်နေရလေသည်။

ခဏမျှအကြာတွင် တံခါးဖွင့်လာရာ ကံအားလျော်စွာ ခွေးထွက်၍မလာ။ သို့သော် ခွေးဘီလူးထက် မျက်နှာပေါက်ဆိုးသူ လူကြီးတစ်ယောက်ထွက်၍လာလေသည်။

ထိုလူကြီးသည် မင်းနောင်အား ခြေဆုံးခေါင်းဆုံးကြည့်ရှု အကဲခတ်ပြီး 'မရှိဘူး… မရှိဘူး၊ စတ္တူ ပုလင်း၊ နို့ဆီခွက် ရောင်းစရာမရှိဘူး' ဟု ဆိုကာ တံခါးကိုပြန်၍ပိတ်မည် ပြုလိုက်၏။



'နေပါဦးဗျ… ကျွန်တော် နို့ဆီခွက်ဝယ်တဲ့လူ မဟုတ်ပါဘူး၊ ဦးသာကျော်နဲ့တွေ့ရအောင် လာတာပါ'

'သူက ချိန်းထားလို့လား'

'ဟုတ်…. ဟုတ်… ဟုတ်ပါတယ်'

မင်းနောင်သည် နောင်ခါမှဖြစ်ချင်ရာဖြစ်တော့၊ အိမ်ထဲရောက်ဖို့က အရင်အရေးကြီးသဖြင့် မျက်စိမှိတ်၍ လိမ်လိုက်ရလေ၏။

ထိုအခိုက်တွင် အိမ်တွင်းရှိအခန်းတစ်ခုထဲမှ လှမ်း၍ပြောလိုက်သောအသံကိုကြားရ၏။

'ဟေ့… ဖိုးချက်'

'ဘုရား'

'ဟိုကောင်လားဟေ့'

'မှန်ပါ'

'ကဲ… ဒီအထဲ ခေါ်ခဲ့'

မင်းနောင်သည် အိမ်တွင်းရှိအခန်းတစ်ခုထဲသို့ ရောက်ရှိသွားကာ အသက် ခုနစ်ဆယ်ခန့်ရှိ နှုတ်ခမ်းမွေးကားကားနှင့် တုတ်တုတ်ခိုင်ခိုင် ယောက်ျားကြီးတစ်ယောက်ကို ရင်ဆိုင်ရလေ၏။

'ကျွန်းမာတော်မူပါစခင်ဗျ'

'အေး… မာလဲမာ၊ စားလို့လဲကောင်းပါ့ကွာ၊ အဲသလို စားလို့ကောင်းလေ ခက်လေပေါ့၊ အိမ်သာ ရေဆွဲလို့မရတော့ ဒုက္ခပဲဟေ့'

'ခင်ဗျာ၊ ဦးပြောတဲ့စကားကို တစ်ဆိတ်ကလေး ပြန်ပြီးအမိန့်ရှိပါဦး'

'အိမ်သာ… အိမ်သာ အ လုံးတင်မသတ်အိမ်၊ သရေးချသာ အိမ်သာ၊ အဲဒါကြိုးဆွဲမရလို့ မင်းကိုခေါ်ရတာလေ၊ ကဲ… ရှင်းပြီလား'

'ဒီလိုပါ၊ ကျွန်တော်လာတာက အိမ်သာကိစ္စမဟုတ်ပါဘူး၊ အိမ်သူကိစ္စအတွက်ပါ၊ ကျွန်တော့်နာမည် မောင်မင်းနောင်လို့ခေါ်ပါတယ်'

'ဘာကွဲ့… မင်းနာမည်က မင်းနောင်၊ လာတဲ့ကိစ္စက အိမ်သူ၊ မင်းပြောတာတွေ ငါတစ်ခုမှနားမလည်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အကြောင်းကတော့ ဒီလိုပါခင်ဗျာ၊ ကျွန်တော်ပြောတဲ့စကားကို နားနဲ့မနာ ဖဝါးနဲ့နာတော်မူပါ'

'မင်းမေဂလိန်းလား၊ ဖဝါးနဲ့နာလို့ ကြားရတာမဟုတ်ဘူး၊ နားနဲ့မှ ကြားရတာ'

'မဟုတ်ပါဘူး'

'ဘာ…'

'ဟုတ်ပါတယ်၊ ကျွန်တော်ပြောမယ့်စကားက ဦးမင်းကို နားဖောက်ရမယ့်စကားပါ'

'တိုတိုပြောစမ်းပါကွာ'

'တိုတိုပြောရရင်တော့ ဦးမင်းရဲ့သမီးကို ကျွန်တော်မေတ္တာရှိနေလို့၊ ကျွန်တော်နဲ့ပေးစားဖို့'

'ငါ့သမီး'

'ဟုတ်ပါတယ်၊ ဦးရဲ့သမီးပါ'

'ငါ့သမီး၊ ဘယ်သမီးလဲ'

'ဝင်နီပါ'

'ငါ့သမီး ဝင်နီ'

'မှန်ပါတယ်'

ဦးသာကျော်သည် မင်းနောင်ကို စိမ်းစိမ်းကြည့်ပြီး လူကဲခတ်လိုက်သည်။

'မင်းတံတားကလေး ရောက်ဖူးသလား'

'မရောက်ဖူးပါဘူး'

'မင်းမှာ ဝင်ငွေထောင်ကျော်ရှိရဲ့လား'

'အခုတော့ မရှိသေးပါဘူး'

'မာဇဒါ၊ ဖယ်မလီယာ ရှိရဲ့လား'

'မရှိပါဘူး'

'ရကော်ဒါ ချိန်ဂျာရှိရဲ့လား'

'မရှိပါဘူး'



'စတီရီယို သံစုံထွက်ရဲ့လား'

'မထွက်ပါဘူး'

'ဖိုးချက်ရေ…'

ဦးသာကျော်က ခွေးဘီလူးရုပ်နှင့်တူသူကို လှမ်း၍ခေါ်လိုက်၏။

'ဘုရား…'

'ဒီငနဲကို ကုပ်ဆွဲပြီးထုတ်ပစ်လိုက်စမ်း'

မင်းနောင်သည် လေထဲတွင်ပျံဝဲကာ ဦးသာကျော်၏အိမ်ရှေ့ သမံတလင်းတွင် ဖင်ထိုင်ရက်သား ကျ၍သွားလေ၏။ ရုတ်တရက်သော် မင်းနောင်သည် ဒေါသမွန်ထူနေသဖြင့် နာရမှန်းမသိ။ ထလိုက်တော့မှ ဖင်ညောင့်ရိုးမျက်ကာ မျက်နှာမဲ့သွားလေ၏။

သူသည် ကြိတ်မနိုင်ခဲမရ ဒေါပွလျက်ရှိနေသေးရာ သူ့အနားသို့ လူတစ်ယောက်ကပ်လာပြီး 'ဒီမှာ… ဒီမှာ'ဟုခေါ်သည်ကိုပင် မကြားရ။ သူ့အင်္ကျီစကိုဆွဲထားခံရတော့မှ ထိုလူကို သတိပြုမိလေသည်၊ ထိုသူမှာ ကျွဲကော်မျက်မှန်ကိုင်းကြီးတပ်ထားသော်လည်း မျက်နှာထားပြေပြစ်၏။ လက်ထဲတွင် အော်လံတစ်ခုကို တစ်ဖက်ကကိုင်၊ ဖိုင်တွဲတစ်ခုကို တစ်ဖက်က ပိုက်ထား၏။

'ဒီမှာ… မိတ်ဆွေ၊ တစ်ဆိတ်လောက်'

မင်းနောင်သည် ထိုသူကို စိမ်းစိမ်းဝါးဝါးစိုက်ကြည့်နေလိုက်ပြီး 'ချစ်ရေးကြုံက်ရေးမှာ ရှောက်သီးဆေးပြားသည်က ကန့်လန့်'ဟု စိတ်ထဲက ရေရွတ်ကာ ထိုသူ၏လက်ထဲကအော်လံကိုဆွဲယူပြီး ဦးသာကျော်အိမ်ထဲသို့ ပစ်ပေါက်လိုက်ကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ခပ်လှမ်းလှမ်းရောက်မှ နောက်သို့ပြန်ကြည့်လိုက်ရာ ဦးသာကျော်အိမ်ထဲမှ ကိုဖိုးချက်ထွက်လာပြီး ကျွဲကော်မျက်မှန်နှင့်လူကို ကြိမ်းလားမောင်းလားလုပ်နေသည်ကိုမြင်ရ၍ ထိုနေရာနှင့် ဝေးနိုင်သမျှဝေးအောင် သုတ်ခြေတင်ပြေးရလေ၏။

မင်းနောင်မှာ ဝင်နီ၏အချစ်ကိုပိုင်ဖို့အရေးအတွက် ဘကြီးဦးကျောက်လုံးထံမှ အထောက်အကူမရ။ ဝင်နီ၏ဖခင်ဦးသာကျော်နှင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေဖြစ်ခဲ့လေရာ သူ့အဖို့မှာ ထိုသို့ ဝင်နီ၏အချစ်ကို ထာဝရပိုင်ဆိုင်ရေးအတွက် နည်းလမ်းတစ်ခုသာ ကျန်လေတော့၏။ ထိုနည်းလမ်းကား ဝင်နီအား နောက်ဆုံးစကားဆိုရန်ဖြစ်လေသည်။

လောကတွင် ငွေဆိုသည်မှာအလကား၊ ကြေးပြား၊ သတ္တု၊ စက္ကူမျှသာဖြစ်သည်။ အချစ်သာလျှင် အဖိုးမဖြတ်နိုင်အောင်တန်ဖိုးရှိ၏။ တန်ခိုးသတ္တိကြီးမား၏။ ငွေသည်အရေအတွက်၊ အချစ်သည် အရည်အချင်း၊ ဤသဘောကို ဝင်နီနားလည်အောင်ပြောလျှင် မချောငြင်းနိုင်ပါမည်လော။

မင်းနောင်သည် ဝင်နီအား သူသွားတတ်သည့်နေရာများတွင် လိုက်၍ရှာရာ ဝိုင်အမ်စီအေမှာ တွေ့လေသည်။

'မနက်စောစော ကိုလူချော ဘာပြောစရာရှိသလဲ ကိုမင်းနောင်၊ ပြောစရာရှိရင် မြန်မြန်ပြော၊ ဝင်နီ နှစ်မိနစ်လောက်ပဲ အချိန်ပေးနိုင်မယ်၊ သွားစရာရှိသေးလို့'

'ဝင်နီကို တစ်နေ့က ကိုမင်းနောင်ပြောတဲ့စီမံကိန်းဟာတော့ဖြင့် ချော်သွားပြီ၊ အဘိုးကြီးက အလုပ်မပေးတဲ့အပြင် အမွေတောင်ဖြတ်လိုက်သေးတယ်'

'ဒီလိုဆို ငွေရပေါက်ကတော့ဖြင့် ပါတောပိတ်ပြီဆိုပါတော့'

'ဒါပေမယ့် ဝင်နီရယ်… အချစ်ဆိုတာ ငွေထက်အဖိုးတန်ပါတယ်၊ တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ ရွှေပုံပေါ်မှာစံရ၊ ချစ်တာမေတ္တာပဓာနလို့ ဆိုတယ်မဟုတ်လား၊ ကိုယ်ကလဲ ဝင်နီကိုချစ်တယ်၊ ဝင်နီကလဲ ကိုယ့်ကို ချစ်တယ်၊ ဒီတော့ ဘာလိုသေးသလဲ၊ အမြန်ဆုံးမီရာရထားနဲ့ ဟန်းနီးမွန်းထွက်ကြရုံပဲရှိတယ် မဟုတ်လားကွယ်'

'ဆောရီးပဲ ကိုမင်းနောင်၊ ဒီပွဲမှာတော့ ကိုဟင်နရီစံပေါက အလျားပေါင်းများစွာဖြတ်ပြီး အံနိုင်ရသွားပြီရှင့်၊ ကိုမင်းနောင်က ဝင်နီ မျှော်မှန်းသလို နှာတစ်ဖျား၊ နှုတ်ခမ်းမွှေးတစ်မျှင်လောက်မှ သာအောင် မကြဲနိုင်တော့လဲ လွဲရပြီပေါ့'

မင်းနောင်မှာ ကမ္ဘာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်သည်ဆိုသောစကားကို ယခုမှ လက်တွေ့ယုံမိလေ၏။



'ဝင်နီ ဒီငနဲကိုယူဖို့ တကယ်ဆုံးဖြတ်လိုက်ပြီပေါ့'

'ကိုမင်းနောင် ဝင်နီ့စကားကိုမယုံရင် မေလရှစ်ရက်နေ့၊ ရှစ်နာရီနဲ့ သုံးဆယ့်ငါးမိနစ်၊ တစ်စက္ကန့်မှာ ကမ်းနားလမ်းဟိုတယ်ကို လာကြည့်လှည့်လေ၊ ဗေဒင်ဆရာအခါပေးတာ အဲဒီအချိန်ပဲ'

'ဒီလိုဆိုတော့ ဝင်နီကိုယ်ကို ရွှေပေးပြီးဝယ်တာ ခံလိုက်တယ်ပေါ့လေ'

'ရွှေနဲ့ဝယ်တာလောက်ဆိုရင် မစဉ်းစားပါဘူး၊ စိန်တစ်ဆင်စာပါသေးတယ်ဆိုတော့ စဉ်းစားစရာ မဖြစ်ပေဘူးလား'

'ဒါနဲ့ဝင်နီ ကိုမင်းနောင်ကို ချစ်တယ်ဆို…'

'ချစ်တယ်လေ ချစ်သမှသိပ်ချစ်၊ ဝင်နီအချစ်က တစ်သက်လုံးမမေ့နိုင်တဲ့အချစ်၊ ဒါပေမယ့် ချစ်တာဟာ ချစ်တာပဲ၊ ချစ်ရုံနဲ့ထမင်းဝမှာမဟုတ်လေတော့….' ဟု ဝင်နီကပြောနေရင်း စကားကိုဖြတ်၍ အန့်ထော်နီဟု တံခါးစောင့်ကို ခေါ်လိုက်သည်။

'ရှိပါတယ်'

'အပြင်မှာ မိုးရွာနေလား'

'မရွာပါဘူး'

'အိမ်ရှေ့မှာ ညစ်ပတ်နေသလား'

'သန့်ရှင်းပါတယ်'

'ကဲ… ဟော့ဒီ ဘရားဆပ်ကို ခါးကကိုင်မြှောက်ပြီး ပေါက်ထုတ်လိုက်စမ်းကွယ်'

မင်းနောင်အဖို့ ဝင်နီကိုရဖို့စခန်းမှာ ဤတွင်ဓာတ်လမ်း နိဂုံးတံလေပြီ။ သူသည် သော်မဆင်ရိပ်သာတွင် ကိုဖိုးချက်ကိုင်၍အပေါက်ခံရစဉ်က ဒေါသဖြင့် စကားတစ်ခွန်းမျှမထွက်နိုင်ရှိသကဲ့သို့ ယခုအန့်ထော်နီ၏ ကိုင်ပေါက်ခံရသည့်အခါ၌လည်း လည်ချောင်းတွင် ဒေါသဆို့နေသဖြင့် စကားတစ်ခွန်းမျှ ပြောလို့မရ။ သူ၏လက်ရုံး၊ ပခုံး၊ မျက်လုံး၊ မျက်တောင်၊ နှာရောင်၊ ပါးစပ်တို့က အသံတိတ်ဓာတ်ခင်းကာ သူ့ရင်တွင်းက အချစ်ဝေဒနာကို သရုပ်ဖော်၍ နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းနောင်မှာ ဘကြီးကိုလည်း အားမကိုးရ။ ယောက္ခမလောင်း အဖြစ် မျှော်မှန်းသူကလည်း မကြည်။ ဝင်နီကလည်း ရင်ဝကိုကန်လိုက်ပြီ ဖြစ်လေရာ သူ့အဖို့ ရှေ့ဆက်၍လျှောက်ရမည့်ခရီးမှာ တစ်လမ်းတည်းသာ ရှိလေသည်။ ဤသည်မှာ ကိုယ့်ကိုယ်ကိုသတ်၍ သေရန်ပင်ဖြစ်ပေတော့၏။

သို့ဖြင့် သူသည် သေဖို့ကိုစဉ်းစား၏။ သေနည်းအမျိုးမျိုးကို တွေးကြည့်၏။ ရန်ကုန်မြို့ကြီး၏ လမ်းထိုထိုတွင် ဥဒဟိုသွားလာနေသောကားများ အောက်သို့ ထိုးဝင်မည်လော၊ မီးရထားအကြိုတ်ခံမည်လော၊ အဆိပ်နှင့် အိပ်ဆေးတစ်ခုခု ရွေးမည်လော၊ လည်ပင်းကိုကြိုးဆွဲ၍ သေပွဲဝင်ရကောင်းမည်လော။

သူသည် မရပ်မတည် လှည့်လည်သွားလာကာ အဖြေရှာသော်လည်း ခေါင်းထဲမှာပေါ်၍မလာ။ အချိန်မှာလည်း ညနေကမိုးချုပ်၊ မိုးချုပ်ကသန်းခေါင်၊ မှောင်သည်ထက်မှောင်၍လာခဲ့လေပြီ။ မင်းနောင်ကား ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် ဒေးကြောင်သွားလာနေလျက်ပင် ရှိနေလေသည်။

သို့ရှိရာက ဗိုလ်တထောင်ဆိပ်ကမ်းဘက်သို့ ရောက်၍လာလေသည်။ လောကဓာတ်ကြီးတစ်ခုလုံးကား တိတ်ဆိတ်လျက်ရှိသည်။ လူသူဆို၍ မှောင်ရိပ်ခိုသူသာရှိပေ၏။

ဤနေရာတွင် ရေထဲခုန်၍ဆင်းလိုက်ပါက ဆွဲမည့်သူရှိမည် မဟုတ်၍ မိမိ၏ချစ်ဒုက္ခကို မုချငြိမ်း၍ ဓာတ်သိမ်းနိုင်ပေတော့မည်။

သို့ဖြင့်သူသည် ဇောတ်တားပေါ်သို့ လျှောက်၍အလာတွင် နောက်မှ လူတစ်ယောက်ပြေးလာကာ သူ့ကို အတင်းဆွဲထားလိုက်လေသည်။

'အမယ်လေး… ကျုပ်ရွှေတုံးရွှေခဲကြီးကို ရေထဲပစ်မချလိုက်ပါနဲ့'

မင်းနောင်သည် မိမိအားဆွဲထားသူကို လှည့်ကြည့်လိုက်ရာ သော်မဆင်ရိပ်သာတွင် တွေ့ခဲ့ရသော ကျွဲကော်မျက်မှန်နှင့်လူ ဖြစ်နေသည်ကို မြင်ရလေ၏။

'ခင်ဗျား ဘာလိုက်ရှုပ်နေတာလဲ'

'မရှုပ်ရပါဘူးဗျာ၊ ကျုပ်က ခင်ဗျားအကျိုး၊ ကျုပ်အကျိုးအတွက်



ခင်ဗျားကို နေ့ရောညပါ လိုက်ရှာနေခဲ့တာပါ၊ ကျုပ်နဲ့ ခင်ဗျားနဲ့ သော်မဆင်ရိပ်သာမှာ တွေ့ခဲ့တာမှတ်မိသေးသလား'

မင်းနောင်သည် ထိုသူကို သုန်သုန်မှုန်မှုန်ကြည့်နေပြီး 'အဲဒါ ဘာဖြစ်သလဲ' ဟု မေးသည်။

'အဲဒီတုန်းက ကျုပ်လက်ထဲကအော်လံကြီးကို ခင်ဗျားဆွဲပြီးပစ်လိုက်တာ အိမ်ထဲကမှန်တွေကွဲပြီး ငွေငါးရာလျော်လိုက်ရတယ်'

'အဲဒီအတွက် ကျွန်တော့်ဆီက ငွေရဖို့တော့ မမျှော်နဲ့၊ တစ်ပြားမှ မရှိဘူး'

'ငွေငါးရာပေးလိုက်ရတာ အရေးမဟုတ်ပါဘူးဗျာ၊ အဲဒီငွေငါးရာဟာ ကျုပ်အတွက်အရင်းအနှီး၊ ကျုပ်အဖို့ ငါးထောင်လဲဖြစ်လာနိုင်တယ်၊ ငါးသောင်းလဲ ဖြစ်လာနိုင်တယ်၊ ငါးသိန်းလဲ ဖြစ်လာနိုင်တယ်'

'ဖြစ်လဲ ပြီးရောပေါ့'

'ပြီးဖို့ဆိုတာက ဒီလိုရှိတယ်၊ ကျုပ်ဟာ တခြားမဟုတ်ဘူး၊ ဇမ္ဗူကျွန်းလုံးရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာထွတ်ဖုံးခေါင်ဆိုသူပါ၊ ကိုယ်တိုင်ဝတ္ထုရေး၊ ကိုယ်တိုင်ဓာတ်ညွှန်းရေး…'

'ဓာတ်ဆောင်၊ မှန်ထောင်၊ ဂျပ်ရိုက်ကောလုပ်တာပဲလား'

'ကျုပ်က ဓာတ်ဆောင်မလုပ်ဘူး၊ ဓာတ်ဆောင်ကို လိုက်ရှာနေတာ၊ ဟိုနေ့က သော်မဆင်လမ်းထဲမှာ ကျုပ်တို့ရုပ်ရှင်ရိုက်နေတုန်း ခင်ဗျားကို စတွေ့ရတာပဲ၊ တွေ့တုန်းက ဒီကိစ္စပြောဖို့မဟုတ်ဘူး၊ ရိုက်ကွင်းထဲ ခင်ဗျားဝင်သွားမှာစိုးလို့ အတင်းလိုက်ဆွဲတာ မရလိုက်ဘူး၊ ဒါနဲ့ အဲဒီအပိုင်းကို ချက်ချင်းဆေး၊ ချက်ချင်းကူးကြည့်တော့ ကျုပ်ဒါရိုက်တာပိုင်ရှင်အဖြစ်နဲ့ တစ်သက်လုံး လိုက်ရှာနေတဲ့ဓာတ်ဆောင်ကို တွေ့ပါရောဗျာ'

မင်းနောင်သည် မိမိတွေ့နေ၊ ကြားနေရသည်မှာ တကယ်လား။ အိပ်မက်လားဟုသိရအောင် လက်မောင်းကိုဆိတ်ကြည့်မိလေသည်။

'ခင်ဗျားက… ကျွန်တော့်ကို ဓာတ်လိုက်…'

'ဓာတ်လိုက်မှ ရိုးရိုးမဟုတ်ဘူး၊ ဟာသဓာတ်လိုက်'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… ကျွန်တော့်လို အသည်းကျွမ်းတဲ့ အလွမ်းသမား၊ အဆွေးသမား၊ ချစ်ဒုက္ခကောင်ကို ဟာသဇာတ်လိုက်လုပ်မယ်… ဟုတ်လား'

'အလွမ်းသမားမို့ ဟာသဇာတ်ဆောင် လုပ်စေချင်တာပေါ့၊ ရှေးခေတ်က ဦးရွှေရိုး၊ ဒီခေတ်မှာ ဖိုးပါကြီး၊ ဟာသဇာတ်ဆောင်မင်းသားအဖြစ်နဲ့ အလွမ်းကားတွေ ရိုက်သွားတယ်မဟုတ်လား၊ အခု ဦးရွှေရိုးလဲ မရှိဘူး၊ ဖိုးပါကြီးလဲ ဇာတ်လိုက်လုပ်လို့မရတော့ဘူး၊ ကြီးသွားပြီ၊ ပြီးတော့ ဦးရွှေရိုးက ချာလီချက်ပလင်၊ ဖိုးပါကြီးက ဟာရိုလွိုက်၊ ဒီကနေ့ထိ မြန်မာရုပ်ရှင်လောကမှာ မပေါ်သေးတာက ဘတ်စတာကီတန်လို မျက်နှာသေနဲ့ ဟာသအလွမ်းမင်းသား၊ ဒီနေရာမှာ ခင်ဗျားကလွဲလို့ ဘယ်သူမှမလုပ်နိုင်ဘူး'

'ကျွန်တော်က မြန်မာ၊ ဘတ်စတာကီတန် လုပ်ရမယ်လား'

'ငြင်းမနေပါနဲ့ဗျာ၊ ခင်ဗျား ဘယ်လောက်ယူမလဲ၊ တစ်ကားကို တစ်သောင်းပေးမယ်ဗျာ'

'တစ်သောင်း… ဟုတ်လား'

'နည်းသလား… နည်းရင် သောင်းငါးထောင်ယူဗျာ'

မင်းနောင်မှာ ငိုရမလို ရယ်ရမလို ဖြစ်နေသည်။

'ဒါမှ နည်းသေးတယ်ထင်ရင် သောင်းငါးထောင်နဲ့ စာချုပ်ပြီး အပျောက်သပ်သပ်ပေးဦးမယ်၊ အဲဒါ… အပြီးမဟုတ်သေးဘူး၊ ပထမကားစွံလို့ရှိရင် ခင်ဗျား ကိုဇော်ဝမ်းတို့၊ နေဝင်းတို့၊ ကျော်ဟိန်းတို့ရတဲ့ကြေးထက် ပိုပြီးပေးမယ်… ဟုတ်ပလား'

'မင်းသမီးကကော၊ ဘယ်သူနဲ့ တွဲရမှာလဲ'

'ခင်ဗျားကြိုက်တဲ့သူ ပြောလေ'

'ကျွန်တော်…၊ ကြိုက်ထားတဲ့သူ ရှိနေပြီ'

မင်းနောင်သည် အရှေ့ဘက်သို့ မျက်နှာမူလိုက်ရာ ရောင်နီတွေဖြာလျက်ရှိနေပြီကို တွေ့ရလေ၏။ ။

*မြဝတီမဂ္ဂဇင်း၊ ဇော်တင်ဘာလ၊ ၁၉၇၆။*

## ဇာတ်လိုက်လုပ်မယ်

'ရှီ…'ဟု ရှည်လျားသော ဂါတ်ဗိုလ်၏ ခရာသံထွက်ပေါ်လာပြီးနောက် အင်းစိန်လိုကယ်မီးရထားသည် တဂျုတ်ဂျုတ်အသံပေးကာ ရန်ကုန်ဘက်သို့ ထွက်ခွာစပြုလေ၏။

မီးရထားသမံတလင်းစကြံန်ပေါ်တွင် အသက်သုံးဆယ်နီးပါးခန့်ရှိသော ယောကျ်ားပျိုတစ်ယောက်သည် မီးရထားတွဲများတွင် မိမိ၏အသိကို ရှာသကဲ့သို့ ရပ်၍ကြည့်နေရာက မိမိရှာနေသူကိုမတွေ့ရသဖြင့် စိတ်ပျက်သည့်အမူအရာဖြင့် မျက်နှာကိုလွှဲပြီးလျှင် ဘူတာရုံအတွင်းဘက်သို့လှည့်၍ ဟိုဟိုဒီဒီကြည့်ရှုလေ၏။

ထိုအခိုက်တွင် အသက်နှစ်ဆယ့်လေးနှစ်ထက် ငယ်လိမ့်မည်မဟုတ်ဟု ခန့်မှန်းရသော မိန်းမပျိုကလေးတစ်ယောက်သည် မီးရထားမမီမည်စိုး၍ လက်မှတ်ကိုပင်မဝယ်ယူဘဲ တံခါးဝမှစောင့်၍လက်မှတ်စစ်ဆေးနေသူကို ဖွတ်အတင်းတိုးဝင်ပြေးလာသည်ကို တွေ့မြင်ရလေ၏။

မီးရထားသည် အရှိန်ယူစပြုလေ၏။ သို့ရာတွင် မိန်းမပျိုကလေးသည် ကြောက်ရွံ့စိုးရိမ်ခြင်းအလျှဉ်းမရှိသည့်အနေဖြင့် ရထားတွဲကိုလှမ်း၍ဆွဲလိုက်လေ၏။ ထိုသို့ဆွဲတက်လိုက်စဉ်မှာပင် သန်မာအားကောင်းသော

www.burmeseclassic.com



လက်တစ်ခုသည် ထိုမိန်းမပျိုကလေးအား ရထားဘေးတွင် တွယ်ကပ်ပါလာရာမှ ဆွဲ၍ချလိုက်သည်ကိုတွေ့ရလေ၏။

မိန်းမပျိုကလေးသည် ဒေါသလည်းထွက်၊ ရှက်လည်းရှက်ကာ မိမိအားဆွဲချသူအားကြည့်လိုက်ရာ မိမိတစ်ခါမျှမသိသည့် ယောက်ျားပျိုတစ်ယောက်ဖြစ်နေသည်ကိုတွေ့ရသဖြင့် တိုး၍ဒေါသထွက်မိကာ 'ရှင်ဘယ့်နှယ့်လုပ်တာလဲရှင့်၊ မတော်တဆလိမ့်ကျသွားရင် ဘယ့်နှယ့်လုပ်ပါ့မလဲ' ဟု ခပ်မာမာမေးလေ၏။

'လိမ့်ကျပြီး သေသွားမှာစိုးလို့ ဆွဲလိုက်ရတာ' ဟု ယောက်ျားပျိုက ပြန်၍ပြောပြီးနောက် ပမာမခန့်သောပြုံးခြင်းဖြင့် 'ကိုယ့်ကိုယ်ကို သတ်ပြီး သေချင်နေတာ ဘယ်လောက်ကြာပြီလဲ' ဟု မေးလိုက်လေ၏။

'ရှင်… ဘယ်လိုလူစားလဲရှင့်၊ ကျွန်မလိမ့်ကျရုံမကလို့ ဘာပဲဖြစ်ဖြစ် ရှင့်အပူဘာရှိသလဲ၊ ရှင်ဆွဲမထားလိုက်ရင် ကျွန်မ အခုမီးရထားထဲမှာပါသွားပြီ'

'မီးရထားထဲမှာပါမယ်၊ မပါဘူးတော့မပြောတတ်ဘူး၊ မီးရထားဘီးအောက်မှာပါသွားမှာကတော့ အများကြီးသေချာတာပဲ'

ထိုအတောအတွင်းဝယ် ထိုမိန်းမပျိုကလေးနှင့် မီးရထားပေါ်တွင် မကြာခဏတွေ့ရှိသိကျွမ်းပုံရသည့် လက်မှတ်စစ်တစ်ဦးသည် အနားသို့ ကပ်လာပြီးလျှင် 'မခင်ကြည်… စိတ်မဆိုးပါနဲ့၊ ဒီမိတ်ဆွေ ပြောတာအမှန်ပဲ၊ မတော်တဆအဖြစ်မျိုးဆိုတာ မဖြစ်ဘူးလို့ ဘယ်သူမှမဆိုနိုင်ဘူး' ဟု ပြောပြလေ၏။

ထိုအခါ ယောက်ျားပျိုသည် မခင်ကြည်အား အံ့အားသင့်သောအမူအရာဖြင့် စက္ကန့်အနည်းငယ်မျှစိုက်၍ကြည့်နေပြီးနောက် 'ဪ… မခင်ကြည်လား၊ ကျွန်တော် မောင်ချစ်ထွန်းပါပဲ၊ အကြောင်းကိုပြောရရင်တော့' ဟု စကားပြော၍မှ အဆုံးမသတ်ရသေးမီ၊ မခင်ကြည်က 'အို… ရှင့်အကြောင်းကို ကျွန်မသိစရာမလိုပါဘူး၊ ရှင့်နာမည် မောင်ချစ်ထွန်းမကလို့ မဟာဗန္ဓုလပဲဖြစ်ဖြစ် ကျွန်မဂရုမစိုက်ပါဘူး၊ ကျွန်မကိစ္စကို ရှင်ဘာဝင်ပြီး နှောင့်ယှက်စရာရှိသလဲ၊ အခုကျွန်မမှာ ဆယ့်တစ်နာရီကို တွေ့ဖို့ချိန်းထားတဲ့ အလုပ်တစ်ခုအတွက် နောက်ကျနေပြီ' ဟု ဆိုလေ၏။



'နေပါဦး… နားထောင်ပါဦး၊ ဒီကပြောပြပါမယ်'

သို့ရာတွင် မခင်ကြည်သည် ချစ်ထွန်းပြောပြမည့်စကားကို နားထောင်၍မနေလိုတော့ချေ။ ဤမျှမုန်းတီးဖွယ်ကောင်းသည့်လူတစ်ယောက်ရှေ့တွင် ကြာကြာနေရလျှင် ချုံးချ၍လည်းငိုမိချေမည်။ သို့မဟုတ် ကျားကုတ်၊ ကြောင်ကုတ် ထိုသူ၏မျက်နှာကို အတင်းကုတ်ဖွဲ့မိချေတော့မည်။ ထိုနေရာကပြေးမှ တော်ရောမည်ဟု နှလုံးပြုကာ ဘူတာရုံအပြင်သို့ အမြန်ထွက်ခဲ့လေ၏။

ချစ်ထွန်းသည် မခင်ကြည်အား ငေး၍ကြည့်ကာ ကျန်ရစ်ခဲ့ပြီးမှ ရုတ်တရက်သတိရကာ ပြေး၍လိုက်လေ၏။

'ဒီမှာ မခင်ကြည်၊ မခင်ကြည်… ခဏ'

ခင်ကြည်သည် ချစ်ထွန်း၏အသံကိုမကြားရတော့ချေ။ ထိုအချိန်တွင် ခင်ကြည်သည် ဘူတာရုံထဲမှ လုံးလုံးကွယ်ပျောက်၍သွားပြီဖြစ်လေ၏။

ထိုသို့ခင်ကြည်သည် ဘူတာရုံအပြင်ဘက်သို့ ရောက်ရှိလာသည်တွင် တစ်ဖုံတစ်ခုသောအကြံကိုရလေ၏။ အချို့သောသူတို့သည် ကားပိုင်ရှိသော်လည်း ရန်ကုန်သို့ ခေါက်တုံ့ခေါက်ပြန်သွားရန်ကိစ္စရှိသည့်အခါ ကားကို ဘူတာရုံအပြင်တွင် ဆိုက်ကပ်ထားခဲ့ကြကာ ဆီဇင်တီကတ်ကို အသုံးပြုကာ မီးရထားဖြင့်လိုက်ပါလေ့ရှိကြသည်ကို ခင်ကြည်စဉ်းစားမိလေ၏။

ခင်ကြည်၏အစ်ကိုနှစ်ဝမ်းကွဲတော်သူ ကိုအောင်မြင့်ဆိုသူသည် အဖြပင်သူ၏ကားကို ဘူတာရုံရှေ့တွင် ထားပစ်ခဲ့လေ့ရှိသူတစ်ယောက်ဖြစ်ပေ၏။ ခင်ကြည်သည် ကိုအောင်မြင့်၏မော်တော်ကားကို မကြာခဏယူ၍မောင်းဖူးလေ၏။ သို့ဖြစ်ရာကား မီးရထားမမီလိုက်သည့်အတွက် ကိုအောင်မြင့်ကားကိုယူ၍မောင်းသွားလျှင် မိမိအားအလုပ်ပေးမည်ဟု ချိန်းဆိုထားသောသူဌေးနှင့် ချိန်းထားသည့်အချိန်ကို အမီရောက်နိုင်တော့မည်။ ကိစ္စပြီးသည်နှင့်တစ်ပြိုင်နက် ပြန်လာပြီး ကားကို နေရာတကျပြန်၍ထားလျှင် ကိုအောင်မြင့်သိမည်မဟုတ်။ သိလျှင်လည်း အကျိုးသင့်အကြောင်းသင့်ပြောပြက ကျေနပ်မည်အမှန်ပင်ဖြစ်သည်ကို တွေးတောစဉ်းစားမိကာ ပြေးလွှားနေဟန် အင်္ဂလိပ်မရုပ်ကလေး ကပ်ထားသော အပြာရောင်ကားကလေးကိုကြည့်ရာ အဆင်သင့်ပင် တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်ကြည်သည် ဆိုင်းငံ့စဉ်းစားနေခြင်းမပြုတော့ဘဲ ကားပေါ်သို့ လျှင်မြန်စွာတက်ရောက်ကာ စက်နှိုးပြီး မောင်းနှင်ထွက်ခွာလာခဲ့လေ၏။ ထိုသို့ထွက်ခွာလာခဲ့ရာတွင် ဘူတာရုံဆီမှ အော်သံတစ်ခုကို ကြားရလေ၏။ သို့ရာတွင် ခင်ကြည်မှာ အရေးကြီးသောကိစ္စရှိနေသဖြင့် ထိုအော်သံကို ဂရုမစိုက်နိုင်ချေ။ သူတို့ဟာသူတို့ အော်ချင်တာအော်၊ ဖြစ်ချင်တာဖြစ် ငါ့အပူမရှိဟု နှလုံးပြုကာ လှည့်၍ပင်မကြည့်ဘဲ ဆက်လက်မောင်းနှင်ခဲ့လေ၏။

ခင်ကြည်သည် ငြိမ့်ညောင်းညင်သာသော ထိုကားကို စီးလာခဲ့ရသဖြင့် စောစောကဖြစ်ပျက်သည်တို့ကို သတိမေ့ပျောက်ကာ မိမိ၏ကိုယ်ပိုင်ကားနှင့် အလုပ်ဆင်း၍လာခဲ့ရသကဲ့သို့ ထင်မြင်နေမိလေတော့၏။ ခင်ကြည်မှာ နဂိုရဲရင့်ဖျတ်လတ်သည့်မိန်းကလေးဖြစ်သည့်ပြင် အင်္ဂလိပ်စာကိုလည်းတတ်ကျွမ်းသော ခေတ်မီသူတစ်ယောက်ဖြစ်ပေ၏။ သို့ဖြစ်သောကြောင့် ယခင် အင်္ဂလိပ်တိုက်ကြီးတစ်ခု၌ စာရေးမအလုပ်ကိုလုပ်ကိုင်နေရာက မကျန်းမာသဖြင့် အလုပ်မှခွင့်ယူကာ ထွက်နေလိုက်ရပြီးလျှင် ယခုကောင်းစွာကျန်းမာလာသောအခါ ယခင်အလုပ်မျိုးကို ရှာဖွေမရနိုင်ဘဲရှိရာတွင် ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုက မင်းသမီးသစ်တစ်ယောက်အလိုရှိကြောင်း ကြော်ငြာကိုတွေ့လိုက်ရသဖြင့် ဘာပဲဖြစ်ဖြစ် ရရာအလုပ်ကိုလုပ်မည်ဟု နှလုံးပြုကာ မိမိ၏ရုပ်ပုံနှင့်တကွ ပူးတွဲ၍ လျှောက်လွှာတင်လိုက်ရာတွင် ရုပ်ရှင်ကုမ္ပဏီသူဌေးက သဘောကျသွားကာ အလုပ်နှင့်ပတ်သက်၍ တွေ့ဆုံစကားပြောလိုကြောင်း ခေါ်လိုက်သဖြင့် အရေးတကြီးသွားရောက်ရခြင်းပင်ဖြစ်ပေ၏။

ခင်ကြည်သည် အလုပ်ကိစ္စနှင့်ပတ်သက်၍ မီးရထားချိန်နောက်ကျရခြင်းမှာ ၎င်း၏ပေါ့လျော့မှုကြောင့် မဟုတ်ပေ။ မိမိလုပ်ကိုင်ရမည့်အလုပ်မှာ ဖြီးလိမ်းပြင်ဆင်တတ်ခြင်းလည်း အရေးကြီးစွာလိုလားအပ်သော အရည်အချင်းတစ်ခုဖြစ်သောကြောင့် အလုပ်ပိုင်ရှင်စိတ်တွင် နှစ်ခြိုက်ကျေနပ်သွားစေရန် မည်သည့်အချိန်တွင်သွားလျှင် မီးရထားမီနိုင်သည်။ ထိုအချိန်အတွင်း ကောင်းစွာဆင်ပြင်လိုက်မည်ဟု နှလုံးပြုလျက် ကျနသပ်ရပ်စွာဖြီးလိမ်းဝတ်ဆင်နေလေရာ ပြီးသည့်အခါတွင်မှ မိမိ၏နာရီမှာ ရပ်၍နေသည်ကိုသိရသောကြောင့် အစီအစဉ်ပျက်၍သွားကာ ဘူတာရုံသို့ ကမန်းကတန်းပြေးခဲ့ရလေ၏။



ခင်ကြည်သည် ကားပေါ်တွင် ကျေနပ်ရွှင်လန်းသောစိတ်ဖြင့် ရုပ်ရှင်ကုမ္ပဏီသူဌေးနှင့်တွေ့လျှင် မည်သို့ပြောလိုက်မည်၊ ဆိုလိုက်မည်ဟု ကားမောင်းလာရင်း တွေးလုံးထုတ်လျက် စီစဉ်၍လာခဲ့ရာ အတန်ကြာမောင်းနှင်လာမိလျှင်ပင် မိမိ၏နောက်ဆီမှ ပြင်းထန်စွာတီးမှုတ်လာသော မော်တော်ကားဘက်ထရီဟွန်းသံကိုကြားရသဖြင့် အတွေးပျက်၍သွားပြီး မိမိကားကို ကျော်တက်လိုကကျော်တက်ရန် လက်ပြလိုက်လေ၏။ သို့ရာတွင် တော်တော်နှင့်ကျော်တက်သည်ကိုမတွေ့ရ ဟွန်းကိုသာလျှင် မနားမနေတီးနေသည်ကိုတွေ့ရသောကြောင့် မိမိမောင်းလာသောကားထဲရှိ မှန်ကလေးထဲသို့ကြည့်လိုက်ရာ လိုက်လာသောကားမှာ အနည်းငယ်အလှမ်းကွာ၍နေသည်ကိုတွေ့ရပြီး ထိုကားထဲမှဒရိုင်ဘာသည် မိမိမောင်းလာသောကားကိုရပ်ပေးရန် အမျိုးမျိုးလက်ဟန်၊ ခြေဟန်ပြ၍နေသည်ကိုတွေ့ရလေ၏။

ခင်ကြည်မှာ ထိုလိုက်လာသောကားသည် မိမိအားကျော်တက်လိုလျှင်တက်ရန် လမ်းအကျယ်ကြီးရှိနေသည်။ မိမိမှာ အချိန်မီအရေးတကြီးတွေ့ရန်ရှိသောကြောင့် မိမိမောင်းလာသည့်ကားကို အရှိန်သတ်၍မပေးနိုင်ဟု စိတ်ပိုင်းဖြတ်ကာ မောင်းမြဲအတိုင်းမှန်မှန်မောင်း၍လာလေ၏။

နောက်မှလိုက်လာသောကားသည် တဖြည်းဖြည်းအရှိန်တိုးမြှင့်၍လာလေရာ လမ်းအဖြောင့်သို့ရောက်သောအခါ ကားချင်း၊ ဘေးချင်းတိုက်ယှဉ်မိကြလေ၏။ နောက်တစ်မိနစ်ခန့်ကြာသောအခါ လိုက်လာသောကားသည် ခင်ကြည်၏ကားကို လမ်းဘေးသို့ဖိ၍မောင်းရာ ခင်ကြည်မှာ ကားကိုဆွဲ၍ရပ်လိုက်ရလေ၏။ လိုက်လာသောကားလည်း ရှေ့သို့ထိုး၍ရပ်လိုက်လေ၏။

မကြာမီ ရှေ့တွင်ထိုး၍ရပ်လိုက်သောကားထဲမှ လူနှစ်ယောက်ဆင်း၍လာကြလေ၏။ ထိုသူနှစ်ယောက်တွင် တစ်ယောက်မှာ ခင်ကြည်နှင့်လုံးဝမသိဖူးဘဲလျက် စကားအချေအတင်များခဲ့ရသူ ချစ်ထွန်းဆိုသူဖြစ်ပေ၏။ အခြားတစ်ယောက်မှာကား လုံးလုံးမမြင်ဖူးသူတစ်ယောက်ဖြစ်လေ၏။

ခင်ကြည်သည် ချစ်ထွန်းနှင့်မျက်နှာချင်းဆုံမိရာတွင် အံ့အားသင့်သွားကာ 'ဟင်း… ဘယ့်နှယ့်… လာပြန်ပြီလား' ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အလို… မဟုတ်ပါ၊ ဘယ့်နှယ်လုပ်ပြန်တာလဲ'ဟု ချစ်ထွန်းက မေးလေ၏။

'ကျွန်မက ဘာလုပ်တာလဲ'

ချစ်ထွန်းနှင့်ပါလာသူက 'ခင်ဗျား ဘယ့်နှယ်ကြောင့် သူများရဲ့ ကားကို ခိုးပြေးရတာလဲ'ဟုမေးလေ၏။

'အလိုရှင်… ကျွန်မ ဘယ်သူ့ကားကိုခိုးရမှာလဲ၊ ဒါကျွန်မအစ်ကိုရဲ့ ကားပါ'

'မခင်ကြည်၊ ဒီစကားကို သူများကိုပြောရင် ယုံချင်ယုံမယ်၊ ကျုပ် ကားရှင်တစ်ယောက်လုံးရှိနေရက်နဲ့'

'ရှင်မဟုတ်တာမပြောပါနဲ့၊ ကားအရောင်ရော၊ အရုပ်ရော၊ နံပါတ် ရော ကြည့်ပါဦး'

'ကဲ… နံပါတ်ပဲကြည့်ပါဦး၊ ဘယ်လောက်လဲလို့'

'နံပါတ်… အာအီး ၁၀၃ မဟုတ်လို့ ဘာလဲလို့'ဟု ဆိုပြီးမှ ခင်ကြည်သည် 'ဟင်…'ခနဲအသံထွက်ကာ စကားရပ်၍သွားလေ၏။ ကားနံပါတ်မှာ ၂၁၃၄ ဖြစ်နေသည်ကိုတွေ့ရလေ၏။ ခင်ကြည်မှာ မျက်လုံးပြူး၍ သွားလေတော့၏။ မိမိနှင့်ကတောက်ကဆတ်ဖြစ်သူတစ်ဦးရှေ့တွင် ယခုလို ဖြစ်ရသည်မှာ ရှက်ကြောက်ဝမ်းနည်း၍မဆုံးရှိလေ၏။ ခင်ကြည်မှာ ဆက်၍ စကားမပြောတတ်တော့ဘဲ ချစ်ထွန်း၏ပါးစပ်မှ မည်သည့်စကားများထွက်လာ မည်ကိုသာလျှင် စိုးရိမ်စွာငေးစိုက်နေမိလေ၏။

ချစ်ထွန်းသည် မိမိနှင့်ပါလာသူဘက်သို့လှည့်ပြီးလျှင် 'ခင်ဗျားကို ကျွန်တော်ဒုက္ခပေးမိတာ ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်ဒီကားကို အမိဖမ်း ရအောင် ဖမ်းခိုင်းတာ ကျွန်တော့်ကားကို ခိုးသွားတယ်မှတ်လို့ပါ၊ အခုတော့ မှားပြီးယူသွားတာ'

'အို…. ကိစ္စမရှိပါဘူး၊ ပျော်စရာတောင်ကောင်းသေးတယ်၊ ကဲ… ခင်ဗျားကားကို ပြန်တွေ့ပြီမဟုတ်လား၊ ကျွန်တော်သွားတော့မယ်'

ထိုသူသည် ၎င်း၏ကားပေါ်သို့တက်ကာ လက်ပြနှုတ်ဆက်၍



ထွက်သွားရာ ချစ်ထွန်းနှင့်ခင်ကြည်နှစ်ယောက်တည်းသာလျှင် ချစ်ထွန်း၏ ကားဘေးတွင် ရပ်၍ကျန်ရစ်ခဲ့ကြလေ၏။

ချစ်ထွန်းသည် အားရစွာရယ်လိုက်ပြီးလျှင် 'နောက်တစ်ခါ ကားယူ စီးမယ်ကြံရင် နံပါတ်ကိုလဲ အရင်ကြည့်ပါဦး'ဟု ဆိုလေ၏။

ခင်ကြည်သည် ချစ်ထွန်း၏ကားကို မှားယွင်းစီးမိသည့်အတွက် တောင်းပန်မည်ကြံထားသောစကားများမှာ ချစ်ထွန်း၏နောက်ပြောင်လိုက် သောစကားများကြောင့် လျှာဖျားသို့ရောက်မှ လည်ချောင်းထဲသို့ ပြန်၍ဝင်သွား ပြီးလျှင် ထိုသို့နောက်ပြောင်ခံရခြင်းကြောင့် ရှက်ကြောက်ဝမ်းနည်းခြင်းနှင့် ဒေါသဖြစ်မိလေ၏။

'ကျွန်မ… ရှင့်ကားကို မှားပြီးစီးမိတာတော့ စီးမိတာပဲ၊ ဒါပေမယ့်… ရှင့်ဒါလောက် ကျွန်မကို ပြောင်လှောင်သရော်ဖို့မရှိပါဘူး'

'အလိုလေးဗျာ… ကျုပ်ကားလဲ ခိုးစီးသေး၊ ကျုပ်ကိုလဲ ရန်တွေ့သေး'

'ရှင့်ကားကို ခိုးတာမဟုတ်ဘူး၊ ရှင့်ကားမှန်းသိရင် လက်ဖျားနဲ့ မပြောနဲ့ ဝါးလုံးဖျားနဲ့တောင်မထိဘူးသိရဲ့လား… သွားပါ'

'ကျုပ်မသွားနိုင်သေးဘူး၊ ပြောစရာရှိသေးတယ်'

သို့ရာတွင် ခင်ကြည်သည် ချစ်ထွန်းပြောမည့်စကားကို ဂရုစိုက်၍ နားထောင်မနေချေ။ အင်းစိန်ဘက်မှလာသော ကားကလေးတစ်စင်းကို တွေ့မြင်ရသဖြင့် ရပ်ပေးရန် လက်ပြလိုက်လေ၏။

ထိုကားကလေးမောင်းလာသူမှာ ခင်ကြည်တို့တစ်အိမ်သားလုံးနှင့် အကျွမ်းတဝင်ချစ်ခင်သော မေဘဲလ်အောင်ကြီးဆိုသူ ကရင်အမျိုးသမီးဆရာမ အပျိုကြီးတစ်ယောက်ဖြစ်လေ၏။ မေဘဲလ်အောင်ကြီးသည် ခင်ကြည်အား မြင်၍ ကားကိုရပ်ပေးလိုက်လေ၏။

'မခင်ကြည် ဘာဖြစ်နေသလဲ'

'ဘာမှမဖြစ်ပါဘူး… ရန်ကုန်သွားရင် ကျွန်မကိုလဲပို့ပါ'

'အို… ဝန်မလေးပါဘူး တက်လေ၊ ဒါပေမယ့် ကားကတော့ တယ်စိတ်မချရဘူး၊ တစ်မနက်လုံး ဒုက္ခပေးနေတယ်'ဟုဆို၍ ခင်ကြည် ကားပေါ်သို့ရောက်သောအခါ 'မခင်ကြည် မိတ်ဆွေကော'ဟုဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မိတ်ဆွေမဟုတ်ပါဘူး၊ သူ့ဟာသူ တခြားသွားမှာပါ'

မောင်ဘဲလ်အောင်ကြီးသည် 'ဩော်' ၍ဟုသာ တစ်ခွန်းမျှဆိုလိုက်ပြီးနောက် ခင်ကြည်ပိတ်သည့်တံခါးကို စိတ်မချသေးသကဲ့သို့ ပြန်၍ပိတ်ပြီး ကားကိုမောင်းနှင်ခဲ့လေ၏။

ကားထွက်၍လာသောအခါ ခင်ကြည်က မိမိအလုပ်ကိစ္စအတွက် လာကြောင်း၊ မီးရထားမမီလိုက်ကြောင်းတို့ကို ပြောပြလေ၏။ ချစ်ထွန်းနှင့် စကားများရသည့်အကြောင်းကိုကား ဖော်၍မပြောဘဲထားလေ၏။ မောင်ဘဲလ်အောင်ကြီးသည် ခင်ကြည့်ကိစ္စမှာ အရေးကြီးသည်ကိုသိရှိရသဖြင့် ခင်ကြည်အားအရင်ပို့ပြီးမှ မိမိကိစ္စရှိရာသို့သွားမည်ဟု ကတိပေးလိုက်လေ၏။ ခင်ကြည်မှာ ယခုမှစိတ်ချမ်းသာ၍သွားကာ စပ်မိစပ်ရာစကားများကို ရွှင်ရွှင်ပျပျ ပြောဆိုလိုက်ပါ၍လာခဲ့လေ၏။

မောင်ဘဲလ်အောင်ကြီးမှာ ခင်ကြည်ပြော၍လာသောစကားများကို အမှုမဲ့အမှတ်မဲ့သာပြန်၍ဖြေဆိုနိုင်လေ၏။ ၎င်း၏နားမှာ မိမိ၏မော်တော်ကားစက်သံကိုသာ အာရုံစိုက်၍နေလေ၏။

'ကားက… လုပ်လာပြီ၊ ဒီအတက်ကလေးကို ဆွဲမှဆွဲပါ့မလား မသိဘူး' ဟု မောင်ဘဲလ်ကပြောလိုက်၍ မကြာမီမှာပင် တောင်အတက်တွင် မောပန်းချောင်းဆိုးဘိသည့်အလား ကားကလေးသည် ဆက်ကာ… ဆက်ကာ ကျယ်လောင်စွာမြည်သောအသံဖြင့် ရပ်၍သွားလေ၏။

'အဲဒါမှဒုက္ခပဲ၊ တစ်နေနေရာကျရင် ဒုက္ခပေးတော့မှာပဲလို့ အထင်မိသား' ဟု မောင်ဘဲလ်ကပြောပြီးနောက် 'ကဲ… မခင်ကြည် ဆင်းဦး၊ စက်ကို ဖွင့်ပြီးကြည့်ကြဦးမှပဲ' ဟု ဆိုလေ၏။

ထိုနောက် နှစ်ယောက်စလုံး ကားပေါ်မှဆင်းကြပြီးနောက် မောင်ဘဲလ်သည် ကားစက်ဖုံးကိုဖွင့်လိုက်ပြီး နှစ်ယောက်သား စက်များကိုကြည့်ကြလေ၏။ နှစ်ယောက်စလုံးမှာ ကားကိုသာလျှင် အာရုံစိုက်၍နေကြလေရာ မိမိတို့အနီးအနားတွင် တစ်စုံတစ်ရာလှုပ်လှုပ်ရှားရှားရှိခြင်းကို သတိမမူမိကြဘဲ 'ဘာဖြစ်လို့လဲခင်ဗျာ… ကျွန်တော့် အကူအညီလိုသလား' ဟု မေးသံကိုကြားရမှ လန့်ဖျပ်ပြီးလှည့်ကြည့်မိကြလေ၏။



မိမိတို့နောက်နားတွင် ညင်သာစွာကားတစ်စင်းလာရောက်၍ဆိုက်နေပြီး ကားပေါ်၌ပြုံး၍ကြည့်နေသူမှာ ချစ်ထွန်းဖြစ်နေသည်ကို တွေ့ကြရလေ၏။ ခင်ကြည်၏မျက်နှာမှာ နီမြန်း၍သွားလေ၏။ ဒီသေခြင်းဆိုး ရောက်လာပြန်ပြီလားဟု စိတ်ထဲ၌ရေရွတ်မိလေ၏။ သို့ရာတွင် မောင်ဘဲလ်ကမူ နှစ်ပေါင်းများစွာက ကွဲကွာနေသောမောင်ကြီးတစ်ယောက်ကိုတွေ့ရသကဲ့သို့ အားတက်သောအမူအရာဖြင့် ပြုံးရွှင်နှုတ်ဆက်လာ၏။

'ကျေးဇူးတင်ပါတယ်၊ ကူညီနိုင်မယ်ဆိုရင် အလွန်ပဲဝမ်းသာရမှာပဲ၊ ဒီကားဟာ မောင်းလာရင်း ရုတ်တရက်ရပ်သွားတယ်၊ ဘာဖြစ်သလဲမသိဘူး'

ချစ်ထွန်းသည် စက်ကိုကြည့်လေ၏။ ထို့နောက်ကားကို စက်နှိုးလေ၏။ ထိုနောက် ကားပေါ်မှဆင်းပြန်၍ စက်ကိုကလိလေ၏။ ထို့နောက် ကားပေါ်သို့ပြန်တက်၍ စက်နှိုးပြန်လေ၏။ ချစ်ထွန်းသည် ကားမှာမည်သည့်အရာ ချို့ယွင်းနေသည်ကိုသိ၍ ပြုံးလေ၏။ သို့သော် ထိုအကြောင်းကိုပြောပြရလျှင်ကောင်းမကောင်း ခဏမျှစဉ်းစားနေပြီးနောက် 'ကရင့်ရှပ်ဖ် ကျိုးသွားတယ်၊ ရုတ်တရက်ပြင်လို့မရဘူး' ဟု ပြောလိုက်လေ၏။

'အဲဒါမှ ခက်တာပဲ၊ ကျွန်မက အရေးမကြီးဘူး၊ ဟောဒီ အဖော်က အချိန်မီအရေးတကြီးတွေ့ဖို့ ကိစ္စတစ်ခုရှိနေတယ်'

'ဒီလိုဆိုရင် ကျွန်တော့်ကားနဲ့လိုက်ပို့ပါ့မယ်၊ ဒီကားတော့ ကားပြင်ဆိုင်တစ်ခုကို အကြောင်းကြားလိုက်ပြီး သူတို့ပဲယူသွားပြီး ပြင်ခိုင်းဖို့ပဲရှိတာပဲ၊ ကျွန်တော်လဲ ရန်ကုန်သွားရမှာပဲ'

'ကျေးဇူးကြီးလှပါတယ်ရှင်… သိပ်အဆင်သင့်တာပဲ၊ လာ မခင်ကြည် ဒီကားနဲ့ပဲလိုက်ကြစို့'

ခင်ကြည်မှာ ငြင်း၍မနေသာ၊ အခြားကြံရာလည်းမရ၊ မိမိအမုန်းတီးဆုံးလူ၏ကားနှင့်ပင် လိုက်ရတော့မည်ဖြစ်နေသဖြင့် ဘာမျှပြောဆိုခြင်းမပြုဘဲ ချစ်ထွန်း၏ကားပေါ်သို့ တက်ရောက်ထိုင်လိုက်လေ၏။

ခင်ကြည်မှာ နောက်တန်းမှထိုင်၍လိုက်ပြီး မောင်ဘဲလ်မှာ ချစ်ထွန်းနှင့်ယှဉ်၍စီးလာခဲ့လေရာ မောင်ဘဲလ်နှင့်ချစ်ထွန်းမှာ အသိဖြစ်၍မှမကြာမီ မောင်ဘဲလ်၏ မကြာခဏရယ်သံများကိုကြားရသောကြောင့် မိမိအကြောင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွန်းပြောပြနေလေပြီဟု ခင်ကြည်၏စိတ်ထဲ၌ မသိုးမသန့်ဖြစ်မိလေ၏။

ခင်ကြည်မှာ တစ်လမ်းလုံး စိတ်မချမ်းမသာဖြစ်ခဲ့ရပြန်ကာ ရုပ်ရှင်ကုမ္ပဏီရှေ့သို့ ကားဆိုက်ရောက်သည့်အခါမှ စိတ်သက်သာရာရရှိတော့သည့်ပြင် ချိန်းဆိုထားသည့်အချိန်ထက် ငါးမိနစ်ဦးနေသည်ကို သိရ၍ ဝမ်းမြောက်သွားလေ၏။

ခင်ကြည်သည် မိမိ၏အပြုအမူတို့ကို ချစ်ထွန်းအား တောင်းပန်မည်ကြံလိုက်သေး၏။ သို့ရာတွင် မိမိအားချစ်ထွန်းက သရော်သလိုပြုံး၍ ကြည့်နေသည်ကိုတွေ့ရသောကြောင့် တောင်းပန်လိုသောစိတ်များ ပပျောက်သွားကာ 'ကျေးဇူးတင်ပါတယ်ရှင်'ဟူသောစကားကိုပင် အနိုင်နိုင်ညှစ်၍ပြောခဲ့ပြီး ရုပ်ရှင်ကုမ္ပဏီတိုက်ထဲသို့ ဝင်ရောက်သွားလေ၏။

ရုပ်ရှင်ကုမ္ပဏီသူဌေးဦးဘညာဏ်သည် ခင်ကြည်အား တွေ့ဆုံစကားပြောပြီးနောက် ခင်ကြည်၏ဟန်အမူအရာ၊ မျက်နှာအနေအထား စကားပြောပုံဆိုပုံနှင့် ကိုယ်လုံးသဏ္ဌာန်တို့ကို များစွာသဘောကျ၍သွားလေတော့၏။

'ဦးလေးတို့အလိုရှိနေတဲ့ ရုပ်ရှင်မင်းသမီးဟာ မခင်ကြည်ဖြစ်နိုင်လိမ့်မယ်လို့ ဦးလေးအများကြီးပဲ ယုံကြည်တယ်၊ ဒါပေမယ့် မခင်ကြည်ကိုအလုပ်ခန့်ဖို့ဟာ ဦးလေးသဘောတစ်ခုတည်းနဲ့ မပြီးသေးဘူး၊ ဦးလေးရဲ့တူတစ်ယောက် ကောလိပ်ကထွက်ပြီး ဦးလေးရဲ့လုပ်ငန်းထဲမှာဝင်ပြီး ဒါရိုက်တာလုပ်နေတယ်၊ အခု မင်းသမီးလိုတာက သူရိုက်မယ့်ဇာတ်ကားအတွက်လိုနေတာဖြစ်တော့ သူ့သဘောကိုမေးမြန်းရဦးမယ်'ဟု ဦးဘညာဏ်က ပြောပြလေ၏။

'ဟုတ်ကဲ့... သူနဲ့တွေ့ရအောင် ဘယ်နေ့ကိုလာခဲ့ရဦးမလဲ'

'ရက်ဆိုင်းနေဖို့မလိုပါဘူး၊ ဒီနေ့ပဲတွေ့ရမှာပါပဲ၊ ခပ်စောစောက သူအပြင်ကိုထွက်သွားတယ်၊ အလုပ်ပြန်ဝင်ပြီလား မသိဘူး'ဟုဆိုကာ ခေါင်းလောင်းတီး၍ ခိုင်းစေသောသူငယ်ကလေးတစ်ယောက်ကိုခေါ်ပြီးလျှင် 'ဟေ့... အပါကြီးရောက်ပြီလား'ဟု မေးလိုက်လေ၏။

'ဟုတ်ကဲ့... အခုပဲရောက်ပါတယ်'

ဦးဘညာဏ်သည် ထိုင်ရာမှထကာ 'ကဲလာ... သူ့ဆီကို သွားကြစို့'



ဟု ခင်ကြည်အား ခေါ်၍သွားလေ၏။ ခင်ကြည်မှာ သူဌေးဖြစ်သူ၏ကျေနပ်သဘောကျခြင်းကိုတွေ့ရ၍ အလုပ်အတွက် တစ်ဝက်သေချာနေပြီဖြစ်သဖြင့် ဝမ်းမြောက်မိသော်လည်း မသေချာသေးသော ကျန်တစ်ဝက်အတွက် ထိုဒါရိုက်တာသစ်သည် မည်သို့သဘောထားလေမည်နည်းဟု ရင်တစ်ထိတ်ထိတ်နှင့်ပင် ဦးဘညာဏ်၏နောက်မှ ထပ်ကြပ်မကွာလိုက်ပါသွားလေ၏။

ဦးဘညာဏ်သည် မှန်တံခါးတွင် 'ဒါရိုက်တာ' ရေးထားသော အခန်းကိုတွန်း၍ ဝင်သွားပြီး 'ဟေ့... အပါကြီး၊ ဘယ်အချိန်က ပြန်ရောက်လာသလဲ'ဟု မေးလိုက်လေ၏။

အခန်းတွင်းရှိ စာပွဲကြီးတွင်ထိုင်၍ တစ်စုံတစ်ရာ ရေးချွတ်နေသော အသက်သုံးဆယ်အရွယ်ခန့်ရှိ ဒါရိုက်တာဖြစ်သူသည် ခေါင်းမော်၍ကြည့်လေ၏။ ခင်ကြည်သည်နှုတ်ဆက်ရန် ချိုသာသောမျက်နှာကလေးဖြင့် ရှေ့သို့တိုးလာခဲ့ရာ ဒါရိုက်တာဖြစ်သူ၏မျက်နှာကို တွေ့မြင်ရသောအခါ ရွှင်ပျသောအရိပ်အရောင်များ လွင့်စဉ်ပြေးလေတော့၏။ အကြောင်းမူကား မိမိနှင့်တွေ့ရမည့်သူမှာ မိမိအလွန်မုန်းတီးခဲ့သူ ချစ်ထွန်းပင်ဖြစ်နေလေ၏။

'ဟောဒါ... တို့များကြော်ငြာအတွက် မင်းသမီးလျှောက်ကြတဲ့အထဲက မခင်ကြည်ဆိုတာပဲ၊ ဦးလေးတော့ သူ့ကိုရွေးဖို့စိတ်ကူးတယ်'

ချစ်ထွန်းသည် ယခင်က တွေ့ဖူးမြင်ဖူးမရှိသည့်မျက်နှာမျိုးဖြင့် ခင်ကြည်အားစိုက်ကြည့်လျက် 'ထိုင်ပါ... ထိုင်ပါ'ဟု ဆိုလေ၏။

ခင်ကြည်သည် ကုလားထိုင်တွင်ထိုင်မိသောအခါ စိတ်ညှိုးငယ်စပြု၍လာကာ ယခင်ဒေါသစိတ်များ ပြေပျောက်၍သွားလေ၏။ ခင်ကြည်မှာ အလုပ်မရှိဘဲ လေးငါးလမျှနေခဲ့ရလေရာ ယခုအလုပ်ရမှဖြစ်မည်။ မရလျှင် မိမိ၏မိခင်နှင့်တကွ မောင်ကလေးတစ်ယောက်ပါ ဒုက္ခရောက်ရတော့မည်။ ဤကဲ့သို့ အခွင့်ရေးကောင်းနှင့်ကြုံကြိုက်ကာ မိမိမှာ အလုပ်ရှင်နှင့် ရန်ဖြစ်ခဲ့ရတော့သည်ဟုတွေးမိကာ မိမိ၏ဒေါသထွက်လွယ်ခြင်း၊ စိတ်ထက်ခြင်းတို့ကို နောင်တရမိလေ၏။ မိမိပြောခဲ့ဆိုခဲ့၊ ပြုမူခဲ့သမျှတို့ကို ပြန်၍ကြည့်မည်ဆိုလျှင် ဤအလုပ်ကိုရနိုင်ဖို့ရန်မှာ အတော်ခဲယဉ်းလေတော့သည်။ မိမိ၏အသက်ကို ကယ်လိုက်သည့်အတွက် ဆုပူခဲ့ရုံမက သူ၏ကားကိုလည်း နင်းယူပြေးသေးသည့်

www.burmeseclassic.com

www.burmeseclassic.com



ပြင် အနည်းငယ်မျှပင် မတောင်းပန်ခဲ့သည်မှာ မိမိအပေါ်တွင် ဦးဘညွှန့်ကျေနပ်သလောက် ချစ်ထွန်းကျေနပ်မည်မဟုတ်သည်ကို စဉ်းစားမိလေတော့၏။

ချစ်ထွန်းသည် ခင်ကြည်အား ရှေ့နောက်ဝဲယာဘေးစောင်း အမျိုးမျိုးသောနေရာတို့မှနေ၍ ခင်ကြည်အား စေ့စေ့စပ်စပ်ကြည့်လေ၏။ ခင်ကြည်မှာ ချစ်ထွန်းနှင့်တစ်စုံတစ်ရာဘာမျှမဖြစ်ခဲ့လျှင် ထိုသို့ကြည့်ခြင်းကို များစွာဝမ်းမြောက်ကျေနပ်နေမည်ဖြစ်သော်လည်း ယခုအလုပ်ပေးမည်မဟုတ်ဘဲ တမင်ညှဉ်းဆဲနေခြင်းခံရသကဲ့သို့ စိတ်ထဲတွင်အောက်မေ့မိလေ၏။

'ဘယ့်နှယ်လဲ··· စတီးလ်ရိုက်ယူထားမလား'ဟု ဦးဘညွှန့်ကမေးလေ၏။

'မလိုဘူး··· ဦးလေး၊ သူ့ကိုပဲရွေးလိုက်ပြီ'ဟု ပြောလိုက်ရာ မမျှော်လင့်သောစကားကိုကြားရသဖြင့် ခင်ကြည်မှာ အံ့အားသင့်၍သွားလေ၏။ ထိုနောက်မှ ရွှင်ပျသောအရိပ်အရောင်များထွက်လာလေ၏။

ထို့နောက် ချစ်ထွန်းသည် ခင်ကြည်ဘက်သို့လှည့်ကာ 'မခင်ကြည်တနင်္လာနေ့ကစပြီး အလုပ်ဝင်ရလိမ့်မယ်'ဟု ပြောလေ၏။ ခင်ကြည်မှာ ဝမ်းသာခြင်းဖြင့် စကားမပြောနိုင်အောင်ရှိလေတော့၏။

'ပြောစရာရှိတာ ပြောကြဦး၊ ပြီးတော့ မခင်ကြည်ရဲ့လခအကြောင်းပြောရအောင် ဦးလေးအခန်းကို လာခဲ့ပါဦး'ဟုဆို၍ ဦးဘညွှန့်သည် မိမိ၏အခန်းသို့ပြန်၍သွားလေ၏။

ဦးဘညွှန့်ထွက်သွားပြီး တံခါးပြန်၍စေ့သည့်အခါကျမှ ခင်ကြည်မှာ စကားပြောနိုင်လာသကဲ့သို့ရှိလေ၏။

'ကိုချစ်ထွန်း··· စောစောကဖြစ်ခဲ့တာတွေ ကျွန်မအများကြီးပဲဝမ်းနည်းပါတယ်၊ အခုလိုဖြစ်ခဲ့တာတောင် ကျွန်မအပေါ်မှာ စိတ်မနာဘဲရှိတာကိုသိရတဲ့အတွက် ကိုချစ်ထွန်းရဲ့စိတ်ဓာတ်ကို ကျွန်မအများကြီးပဲချီးမွမ်းမိပါတယ်၊ ကျွန်မကို မီးရထားပေါ်က လိမ့်မကျအောင် ကယ်လိုက်တာကျွန်မကျေးဇူးတင်စရာပါပဲ၊ ဒါပေမယ့် ကျွန်မမှာ ဒီအလုပ်ရဖို့၊ အလုပ်ချိန်းတဲ့အချိန်အမီရောက်ဖို့ အရေးကြီးနေတဲ့အတွက်'



'ဒါ ဒီကအပြစ်ပါပဲ၊ မခင်ကြည်စိတ်ညစ်နေတဲ့အထဲက ဒီကတရယ်တည်းရယ်နေတယ်ဆိုတော့ ဒေါသဖြစ်မှာပဲ၊ ဒါပေမယ့် ရယ်တတ်တာဟာ ဒီကဝါသနာဖြစ်နေဘော့မတတ်နိုင်ဘူး၊ ကိုယ့်ကိုယ်ကို သတ်သေတော့မယ့်အတိုင်း ရထားပေါ်ပြေးတက်၊ မော်တော်ကားနိုးပြေး၊ လမ်းမှာကားပျက်ရ နောက်ဆုံး ကျုပ်တို့ဒီမှာလာပြီးတွေ့နေရပြန်တယ်ဆိုတာ'

ချစ်ထွန်းသည် စကားကိုပင်အဆုံးမသတ်ဘဲ နှစ်ခြိုက်စွာရယ်လေရာ ခင်ကြည်မှာလည်း ဟန်လုပ်မနေနိုင်တော့ဘဲ ရယ်မောမိလေ၏။

ရယ်မောခြင်းသည် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးခြင်းကို အစပြုချည်နှောင်သောအရာတစ်ခုဖြစ်လေရာ ရယ်မောသံများရပ်ဆဲကြသည့်အခါတွင် ခင်ကြည်ရင်ထဲ၌ ယခင်က ဒေါသကိန်းအောင်းနေသောနေရာများတွင် ချစ်ခင်သောစိတ်သည် နေရာလု၍ဝင်ရောက်ကိန်းအောင်းနေလေတော့၏။

'ကျွန်မ ဝင်လာလာချင်း ကိုချစ်ထွန်းဖြစ်နေတာကို တွေ့ရတော့တက်ပြီးသွားတော့မလိုဖြစ်နေတာပဲ၊ လောကမှာ ဒီလိုတိုက်ဆိုင်တာမျိုးတစ်ခါမှ'

'ဒါတိုက်ဆိုင်တာမဟုတ်ပါဘူး၊ မခင်ကြည်ဟာ ဘယ်သူလဲဆိုတာအစကတည်းကသိနေပါတယ်'

ခင်ကြည်အံ့အားသင့်လျက် 'ရှင်···'ဟုဆိုမိလေ၏။

'မင်းသမီးအလုပ်လျှောက်လွှာတွေ၊ ဓာတ်ပုံတွေရွေးနိုင်းလို့ ဒီကကိုယ်တိုင်ဓာတ်ပုံတွေကိုကြည့်နေရတာမို့ မခင်ကြည်ကိုဓာတ်ပုံထဲမှာ မြင်ရဖူးနေပြီဖြစ်တဲ့အပြင် ဒီနေ့ မခင်ကြည်လာမယ်ဆိုတာလဲ သိနေရတဲ့အတွက် မနက်စောစောက အင်းစိန်ကိုကိစ္စတစ်ခုနဲ့သွားရင်း မခင်ကြည်ကိုတွေ့ရလိုတွေ့ငြား ဘူတာရုံကိုလာပြီးရှာတာပဲ၊ တကယ်လို့ ဒီကကားနဲ့ရန်ကုန်လိုက်မယ်ဆိုရင်လဲ ခေါ်ခဲ့မလို့ပါပဲ'

'နို့··· ကျွန်မနဲ့တွေ့တော့ ဒီလိုဘာပြုလို့မပြောသလဲ'

'အို··· ပြောဖို့အချိန်မှမရဘဲ၊ ဘူတာရုံထဲ လေမုန်တိုင်းလို ပြေးဝင်လာပြီး ဒီကပြောမယ်ကြံပြန်တော့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်... ဟုတ်တယ်... ဟုတ်တယ်၊ ကိုချစ်ထွန်း တစ်ခါနှစ်ခါ ပြောမလို့လုပ်သားပဲ၊ ကျွန်မက နားမထောင်ဘဲ ဖွတ်အတင်းရှောင်ခဲ့တာပဲ'ဟုဆိုပြီးနောက် 'ကျွန်မ သိပ်ဝမ်းသာတာပဲ၊ တစ်ခါမှမသိဘူးတဲ့မိန်းကလေးတစ်ယောက်အပေါ် အခုလိုကူညီလိုတဲ့စိတ်ရှိတယ်လို့သိရတာ ဝမ်းသာစရာကြီးပဲ'ဟု ဆိုလေ၏။

'မခင်ကြည်ကတော့ မသိဘူးထင်ပေမယ့် ဒီကတော့ ဓာတ်ပုံမြင်ရကတည်းက ရေးကသိခဲ့ရတာနဲ့မခြားတဲ့အပြင် လူချင်းလဲ အလုပ်ကိစ္စနဲ့မဆိုင်ဘဲ သိပ်ပြီးအသိအကျွမ်းဖြစ်ချင်မိတာပဲ'

'အခု ကျွန်မကိုတွေ့ရပြီးတော့ ဒီစိတ်မရှိတော့ဘူးဆိုပါတော့'

'ဒီထက်တိုးလာတဲ့အပြင် အနားကတောင်မခွာချင်တော့ဘူး'ဟု ပြောလိုက်ရာ ခင်ကြည်သည် ရှက်သည့်အမူအရာဖြင့် ခေါင်းကလေးကိုငုံ့သွားပြီးနောက် မျက်လုံးကလေးကိုလှန်ကာ ပြုံး၍ကြည့်ပြီးလျှင် မချိုမချဉ်မျက်နှာကလေးလုပ်၍နေလိုက်လေသတည်း။ ။

*သူရိယမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၄၀။*

## အရုပ်ဆိုးမ

'ဒီကောင်ကြီးတော့ ပြောမနေပါနဲ့ကွာ၊ အလကားပိုနေတာပဲ' ဟူသောစကားသည် ဇော်ဝင်းနှင့်အလုပ်တူလုပ်ဖက်ဖြစ်သော စာရေးစာချီအားလုံး၏ လက်သုံးစကားဖြစ်နေတော့၏။

ဇော်ဝင်းကား အသောက်အစားမရှိ၊ လောင်းကစားခြင်းလည်းကင်း၍ မိန်းမနှင့်ပတ်သက်လာလျှင် အလုပ်တိုက်ရှိ စာရေးမကလေးများအားမိမိထက်ငယ်သော အဒေါ်ဖျိုကလေးများကဲ့သို့ သဘောထားလေ့ရှိရာ အရာရာတွင် ဇော်ဝင်းနှင့် တစ်ဖက်တစ်လမ်းကျသော အလုပ်တူလုပ်ဖက် အောင်သင်းဆိုသူက 'လောကမှာ လူရယ်လို့ဖြစ်လာရင် အပျော်အပါးတစ်ခုမဟုတ်တစ်ခုတော့ ရှိရဦးမပေါ့၊ ဒီလိုဟာကလေးတစ်ခုခုမရှိရင် ဒါလောက်စိတ်ညစ်စရာ ဒုက္ခပင်လယ်တွေဝေနေတဲ့လောကကြီးကို လူအဖြစ်နဲ့ ခင်မင်တွယ်တာပြီး အသက်ရှင်နေချင်စရာ ဘာတစ်ချက်ရှိသေးတော့သလဲ၊ ဒီလိုမှပျော်မှုပါးမှုမရှိရင် ရဟန္တာသော်လည်းကောင်း၊ နွားသော်လည်းကောင်း တစ်ခုခုပဲဖြစ်ရမယ်'ဟု မှတ်ချက်ပြုဖူးလေသည်။

ဇော်ဝင်းကား တင်းနစ်ရိုက်ကစားခြင်း၊ အလေးမခြင်း၊ ဖက်ဒူ့ထိုးခြင်းစသည့် အားကစားနှင့်ပတ်သက်မှုတို့၌သာ ဝါသနာထုံ ကိုက်လေရာ

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်ကြီးတော့ မိန်းမတစ်ယောက်ယောက်ရမှပဲ'ဟု အောင်သင်းက ပြောစမှတ်ပြုဖူးလေ၏။ ထိုစကားအတိုင်း ဇော်ဝင်းအား လူရာသွင်းချင်သည့် စာရေးမကလေးများရှိကြသော်လည်း ဇော်ဝင်း၏ 'ညီလို၊ အစ်ကိုလို' သဘောထားမှုကြောင့် မည်သည့်မိန်းကလေးမှ အကြံမအောင်ပဲရှိရာလေ၏။

ထိုသို့ဇော်ဝင်းအား အမိဖမ်းရန် ကြံစည်ကြသူတို့မှာ မအောင်မြင်ကြသော်လည်း တစ်ညတွင်ကား မမျှော်လင့်သောနည်းအားဖြင့် (ဝါ) အောင်သင်းအလိုဆန္ဒနှင့် မတူသောနည်းအားဖြင့် ဇော်ဝင်းမှာ အခြားမိန်းကလေးတစ်ဦးတစ်ယောက်က ကားတင်ပြေးခြင်းကို ခံရလေ၏။

ထိုနေ့ညနေတွင် ဇော်ဝင်းမှာ ခါတိုင်းထက်အလုပ်ပြန်ချိန် နောက်ကျလေ၏။ ထိုသို့နောက်ကျရခြင်းမှာ စီးပွားရေးအခြေအနေ ပြောင်းလဲကျပ်တည်းမှုကြောင့် အလုပ်တိုက်အသီးသီး အခြေအနေယိမ်းယိုင်၍နေကြသည့်အထဲတွင် 'အမျိုးသားစီးပွားရေး လီမီတက်ကြီး' ပျက်သွားပြီဟူသောသတင်းကြောင့် ဇော်ဝင်းမှာ အလုပ်ကို ဝီရိယစိုက်ပြီး လုပ်ကိုင်စစ်ဆေးနေရခြင်းကြောင့်ပင် ဖြစ်ပေ၏။

ထိုနေ့တွင် ဇော်ဝင်းမှာ ညဂုနာရီခန့်မှ အလုပ်ဆင်းဖြစ်ရာ ကိုယ်လက်လှုပ်ရှားမှုအတွက် အချိန်မရတော့သဖြင့် အိမ်သို့လမ်းလျှောက်ပြန်ရန် စိတ်ပိုင်းဖြတ်ပြီးလျှင် ဘားလမ်းထဲမှဖြတ်၍ ဘူတာရုံဘက်သို့ လျှောက်လာခဲ့လေ၏။ ဘားလမ်းမှာ တစ်ခါက လူအနေအထိုင်သန့်ရှင်းသောနေရာရပ်ကွက်ဖြစ်သော်လည်း ခွေးလှေးပျားတောနှံ့ဆိုသကဲ့သို့ ရပ်တိုင်းရွာတိုင်း လူမျိုးပေါင်းစုံ ပြွတ်သိပ်ရောထွေးနေကြရသည်။ ယခုအချိန်အခါတွင် ထိုရပ်ကွက်မှာလည်း မသန့်ရှင်းနိုင်တော့ဘဲရှိလေ၏။ လမ်းဓာတ်မီးများကလည်း ပျက်စီးလျက်ရှိလေရာ ဇော်ဝင်းသည် အမှောင်တစ်ကွက်၊ အလင်းတစ်ကွက်ရှိသည့် ထိုလမ်းထဲမှ ခပ်မှန်မှန်လျှောက်၍လာရာတွင် သုံးထပ်တိုက်တစ်တိုက်၏ အောက်ဆုံးလှေကားမှ 'မိန်းမပျို'တစ်ယောက် ထွက်၍လာသည်ကို ရိပ်ခနဲတွေ့လိုက်ရလေ၏။

ဇော်ဝင်းမှာ ထိုမိန်းမပျိုအား ကိုက်နှစ်ဆယ်ခန့်အကွာလောက်ကပင်



မြင်ရသော်လည်း အဝတ်အစားကိုကြည့်ရခြင်းအားဖြင့်လည်းကောင်း၊ အလင်းရောင်ဟပ်သဖြင့် ဝိုးတိုးဝါးတား မြင်ရသောမျက်နှာအားဖြင့်လည်းကောင်း၊ အတော်အကျည်းတန်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်ကို အကဲခတ်မိလေ၏။ သို့ရာတွင် ဇော်ဝင်းသည် ထိုမိန်းကလေးအား အာရုံစိုက်လိုက်မိခြင်းမှာ ထိုလမ်းထဲတွင် မိန်းမရှုပ်များရှိသည်ဟူ၍ ကြားရဖူးခြင်းကြောင့်မဟုတ်၊ ထိုမိန်းကလေး၏ ရုပ်လက္ခဏာကြောင့်လည်းမဟုတ်ဘဲ၊ ထိုမိန်းကလေး၏ အမူအရာ တုန်လှုပ်ချောက်ချားနေပုံကို မြင်ရခြင်းကြောင့်ပင်ဖြစ်ပေ၏။

ထိုမိန်းကလေးကိုကြည့်ရခြင်းအားဖြင့် ၎င်းမှာတစ်စုံတစ်ရာပြုလုပ်ရန် စိတ်ပိုင်းဖြတ်၍မရ၊ စိတ်ဒွိဟဖြစ်နေပုံကို သိသာနိုင်ပေ၏။ ၎င်းသည် ဇော်ဝင်းလာနေသည်ကို လှမ်း၍ကြည့်လိုက်၊ လမ်းအထက်အောက်ကို မျှော်မှန်း၍ကြည့်လိုက်နှင့်လုပ်နေရာက မိမိအနီးသို့ ဇော်ဝင်းရောက်လာရာတွင် လှေကားပေါ်သို့ ပြန်တက်မည်ကဲ့သို့ နောက်ဆုတ်လိုက်ပြီး အနီးသို့ ဇော်ဝင်းကပ်လာမှ ရှေ့သို့ပြန်ထွက်ကာ ဇော်ဝင်း၏ရှေ့မှ ဆီး၍ရပ်လိုက်လေ၏။

ဇော်ဝင်းသည် မိမိရှေ့မှမိန်းကလေးတစ်ယောက် ကာဆီးနေသဖြင့် ကွေ့ရှောင်မည်အလုပ်တွင် ထိုမိန်းကလေးသည် ဇော်ဝင်း၏လက်မောင်းကို လှမ်းဆွဲဆုပ်ကိုင်ကာ 'ဒီမှာ… ရှင်နဲ့အတူတူ လမ်းထိပ်အထိ ကျွန်မလိုက်ခဲ့ပါရစေ'ဟု အရေးကြီးသည့်လေသံမျိုးဖြင့် တိုးတိုးပြောလေ၏။

ဇော်ဝင်းမှာ အတော်ကလေးလန့်၍သွားလေ၏။ မိန်းကလေး၏ မျက်နှာမှာ အလွန်အမင်းချယ်သထားသည်ကို တွေ့မြင်ရသည့်အပြင် နှာခေါင်းမှာလည်း ပွယောင်းယောင်းနှင့် ပေါင်ဒါကို မှုတ်တက်အောင်ရိုက်ထားသည့်အတွက် ရုပ်ကိုမြင်ရခြင်းအားဖြင့် မိန်းမကောင်းတစ်ယောက်မဟုတ်နိုင်၊ သူ့လက်နှင့်အကိုင်ခံရသည်ကိုပင် မိမိမှာသနစ်၍သွားလေပြီဟု အထင်ရှိမိလေ၏။

ဇော်ဝင်းမှာ ထိုသို့မကြိုက်မနှစ်သက်သော်လည်း မိန်းကလေးတစ်ယောက်အား ခါးခါးတောက်တောက် ဘယ်အခါမှ ပြောဆိုဖူးသူတစ်ယောက်မဟုတ်သဖြင့် ရှောင်လွှဲ၍ပြေးနိုင်ရန် ဆင်ခြေ ရမယ်ရှာဖို့ စကားလုံးကိုစဉ်းစားနေစဉ် မိမိ၏လက်မောင်းကိုကိုင်ထားသည့် ထိုမိန်းကလေး၏လက်များသည် ပို၍တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်ကို တွေ့ရပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



'လာပါရှင့်… ခပ်မြန်မြန်'ဟု အလျင်စလိုပြောသံကို ထပ်မံ၍ ကြားရပြန်လေ၏။

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ ညအချိန် ဦးထုပ်ဆောင်းထားသည့် လူတစ်ယောက်လျှောက်လာကာ တစ်စုံတစ်ယောက်ကို လွှတ်သွားမည် စိုးရိမ်သည့်အမူအရာဖြင့် ဟိုကြည့်ဒီရှာနှင့် သုတ်သီးသုတ်ပျာလာနေသည်ကို တွေ့ရလေရာ ထိုလူနှင့်ထိုမိန်းကလေး အဆက်အသွယ်တစ်စုံတစ်ရာရှိရမည်ဟု တွေးမိလေ၏။

'အိုရှင်… ခပ်မြန်မြန်ကလေး လာစမ်းပါ'ဟု နောက်ထပ်၍ ကြားရပြန်ရာ ဇော်ဝင်းမှာ ဆင်ခြေပေးစရာစကားကို ရှာ၍မတွေ့နိုင်ဘဲ နောက်တစ်စက္ကန့်အတွင်း၌ ထိုမိန်းကလေးဆွဲခေါ်ရာသို့ ပါသွားလေ၏။

ဇော်ဝင်းမှာ မစဉ်းစားတတ်၊ မကြံတတ်၊ ဘယ်ရောက်၍ရောက်လာသည်ကိုပင်မသိဘဲ အိပ်မက်ထဲတွင်လမ်းလျှောက်သကဲ့သို့ လိုက်ပါလာရာက 'ဒီမှာ… ကိုယ်တော်ချောကြီးရဲ့၊ အိမ်ပြန်လို့ဘာမှလုပ်စရာလဲမရှိဘူး၊ ပျင်းခြောက်ခြောက်ကြီးဖြစ်နေမှာပဲ၊ ရုပ်ရှင်ဝင်ကြည့်ရအောင် ဒီနေ့ ကားလဲ တယ်၊ ဓာတ်လမ်း တော်တော့ကိုကောင်းသတဲ့'ဟု ထိုမိန်းကလေးသည် စောစောကကဲ့သို့ အသံမတိုးတော့ဘဲ ခပ်သွက်သွက် ခပ်ကျယ်ကျယ်ကလေး ပြောရာ ဇော်ဝင်း၏စိတ်ထဲမှာ အခုနေ အသိတစ်ယောက်ယောက် ဒီလိုမြင်၊ ဒီလိုကြားရရင် ဘယ်လိုထင်သွားမလဲဟု အတွေးပေါက်ပြီး ပူထူဖိန်းရှိန်း၍ သွားလေ၏။ သို့ရာတွင် ကံအားလျော်စွာ မည်သည့်အသိတစ်ယောက်ကိုမျှ မတွေ့ဘဲ စောစောကလှမ်း၍မြင်ရသော ဦးထုပ်နှင့်လူ အနီးသို့ရောက်လာနေပြီကိုတွေ့ရလေ၏။

ထိုသူသည် မိမိတို့ကိုမြင်သည်နှင့် မိန်းကလေး၏မျက်နှာကို ပြူးတူးပြဲတဲ စူးစိုက်၍ကြည့်လေ၏။ စင်စစ်အားဖြင့် နှာခေါင်းပွပွ၊ ပေါင်ဒါတရကြမ်း၊ နှုတ်ခမ်းရဲရဲနှင့် ဟိုတယ်ဒေဝီပမာ ဖီးလိမ်းခြယ်လှယ်ထားသည့်မိန်းကလေးတစ်ယောက်မှာ ယခုလောက် စူးစိုက်ကြည့်ဖွယ်ကောင်းလှသည့် မက်စရာရုပ်မဟုတ်ချေ။

မိန်းကလေးသည် ထိုသူ၏အနားသို့ရောက်ခါမှ ပို၍အသံကျယ်ကာ



'ဒီမှာရှင့်… ရှင့်ကို ကျွန်မယူထားတာ တနင်္ဂနွေတစ်ပတ်မှ ခုနစ်ရက်လုံးလုံး အိမ်မှုငုတ်တုတ်ကြီးထိုင်နေတာ ကြည့်ချင်လို့မဟုတ်ဘူး၊ လင်ရယ်မယားရယ်လို့ ပျော်ပျော်ပါးပါး တွဲပြုသွားချင်၊ ပွဲလမ်းသဘင်ကလေးလဲ ကြည့်ချင်သေးတာပေါ့၊ အိုရှင်… ရှင်ဟာ ဘယ့်နှယ့်တုန်း၊ စကားမပြောဘာမပြောနဲ့ တုံးဏိုဘာဝေ လုပ်မနေစမ်းပါနဲ့၊ တစ်ခါတလေမှ ရုပ်ရှင်ပွဲကလေးကြည့်တာ ဘယ်လောက်ကုန်ခန်းသွားမှာလိုက်လို့'ဟု ဆက်၍ပြောပြန်လေ၏။

ဇော်ဝင်းကား တန်တော့… ငါတော့ အရူးမတစ်ယောက်နဲ့တွေ့ပြီ။ အရူးမလည်းဖြစ်၊ အရုပ်ကလည်းဆိုး၊ ဓာတ်သိထဲကတွေ့ရင်တော့ အကြီးအကျယ် အရှက်ကွဲဖို့အပေါက်ပဲ၊ အဲဒီတော့…. ဘယ့်နှယ့်လုပ်ရပါ့မလဲ။ လမ်းမှာတွေ့တဲ့ပုလိပ်ကိုခေါ်ပြီး၊ ဟောဒီမှာ အရူးမတစ်ယောက် အတော်ကလေးဆိုးနေတယ်ဆိုပြီး ထိုးအပ်လိုက်မှဖြစ်တော့မှာပဲဟု အကြံထုတ်မိလေ၏။ သို့ရာတွင် မိန်းကလေး၏ပါးစပ်မှ လေသံတိုးတိုးဖြင့် နောက်ထပ်ထွက်လာသောစကားမှာ ဤအကြံကို မေ့ပျောက်သွားစေလေတော့၏။

'ဒီမှာ… တစ်ဆိတ် နောက်ကိုပြန်လှည့်ကြည့်လိုက်စမ်းပါ၊ ခုနက ဦးထုပ်နဲ့လူ လိုက်လာသလားလို့'

ဇော်ဝင်းသည် ယခုအဖြစ်အပျက်မှာ ထူးခြားသောကိစ္စတစ်ခုပင်ဖြစ်သည်ကို ရိပ်မိလာပြီးလျှင် ထိုအရှုပ်အထွေးထဲတွင် အလိုတူအလိုပါအဖြစ်မပါဝင်လိုလှသော်လည်း ထိုမိန်းကလေးခိုင်းသည့်အတိုင်း နောက်သို့လှည့်ကြည့်မိကာ 'ရပ်ပြီး ဒီဘက်ကိုလှည့်ကြည့်နေတယ်'ဟု အဖြေပေးလိုက်လေ၏။

'အဲ… ခက်တော့တာပဲ၊ ရိပ်မိသွားပြီထင်တယ်၊ ဒီလိုဆိုရင်တော့ မဖြစ်ဘူး၊ ရှေ့အချိုးကျရင် ပြန်ပြီးတစ်ချက်ကြည့်ပါဦး၊ သူလိုက်လာတယ်ဆိုရင်တော့ ကားတစ်စင်းစင်းပေါ်တက်ပြီး ထွက်ပြေးကြမှပဲ'

ဇော်ဝင်းမှာ အူကြောင်ကြောင်နှင့်ပါလာရာ ထိုမိန်းကလေး၏ ခြေလှမ်းများမှာ သွယ်သည်ထက်သွက်၊ မြန်သည်ထက်မြန်လာသည်ကို တွေ့ရလေ၏။ ထိုမိန်းကလေးကား အရူးမတစ်ယောက်မဟုတ်၊ ထိုသူ၏အား မိန်းမထိန်းဖြစ်၍ ထိုမိန်းကလေးကား မိန်းမပျက်ကလေးတစ်ယောက်ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့ဖြစ်လျှင် သူတို့၏အရှုပ်အထွေးတွင် မိမိဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်စရာမလို။ ထိုမိန်းကလေးထွက်ပြေးခြင်းကို မိမိက ကူညီရန်အကြောင်း မရှိဟုတွေးတောကာ လွတ်ရာသို့ရှောင်ပြေးဖို့ စိတ်ကူးလေ၏။ သို့ရာတွင် မိမိ၏လက်ကိုဆုပ်ကိုင်ထားသည့်လက်များမှာ တင်းကျပ်စွာဆုပ်ထားသဖြင့် သူ့အားတွန်းပစ်ဖယ်ရှားမှ အလွတ်ရုန်းနိုင်မည်။ မိန်းကလေးတစ်ယောက်အားလည်း ထိုသို့အကြမ်းမလုပ်လို။ သို့နှင့် ဇော်ဝင်းသည် ဘယ်ရောက်၍ရောက်လာမှန်းဂရုမပြုမိဘဲပါလာရာက နောက်သို့တစ်ချက်လှည့်ကြည့်လိုက်ရာ ဦးထုပ်နှင့်တွေ့ခဲ့ရသောသူသည် အပြေးကလေးလိုက်လာသည်ကို မြင်ရလေ၏။

ဤတွင် မိန်းမပျိုကလေးက 'တက်··· တက်··· မြန်မြန်တက်' ဟုဆိုသဖြင့် ဇော်ဝင်းသည် ရှေ့သို့ကြည့်လိုက်ရာ ဆိုက်ရပ်ထားသော ပရိုက်ဗိတ်တက္ကစီတစ်စင်းကို တွေ့ရပြီးလျှင် မိန်းကလေး၏စကားကြောင့် ရှေ့နောက်စဉ်းစားမနေနိုင် နောက်ကလူလိုက်လာမည်ကို ထိုမိန်းကလေးလန့်သကဲ့သို့ မိမိလည်းရော၍လန့်ကာ တက္ကစီတံခါးကိုဖွင့်ပြီး တက်လိုက်မိလေ၏။ မိန်းမပျို လည်း **ဇော်ဝင်းနှင့်ထက်ကြပ်မကွာ** ကသောကမျောကားပေါ်သို့ တက်ကာ တံခါးကိုဆွဲပိတ်လိုက်ပြီး ဒရိုင်ဘာအား 'ကဲ··· မောင်းမောင်း··· မောင်းချင်တဲ့ဆီမောင်း' ဟု ပြောလိုက်သဖြင့် ဒရိုင်ဘာလည်း ဤအဖြစ်မျိုး တွေ့ရကြုံရဖူးလှပြီဖြစ်သကဲ့သို့ ကားကိုချက်ချင်းစက်နိုး၍ မောင်းလေ၏။ ဇော်ဝင်းမှာ ကားပေါ်သို့ရောက်မှ မိမိသည် အရူးမတစ်ယောက်ကို (သို့မဟုတ်) မိန်းမပျက်တစ်ယောက်ကို ကားတင်ခိုးပြေးသည့်အဖြစ်မျိုး ရောက်ရချေတော့မည်လားဟု ပူပင်ကာ နောက်သို့တစ်ချက်လှည့်ကြည့်လိုက်ရာ မိမိတို့နောက်သို့ လိုက်လာသူသည် ကားထွက်လာသည့်နေရာသို့အရောက်တွင် ရပ်တန့်ကာ 'ဟေ့··· မလှကြည်··· မလှကြည်··· ကားရပ်လိုက်' ဟု လှမ်း၍အော်သည်ကို ကြားရမြင်ရလေ၏။

ကားသမားကား ရပ်၍မပေးဘဲ မလှကြည်၏အမိန့်အတိုင်း ဦးတည်ရာသို့ စွတ်ပြီးမောင်းလာရာ ထိုအချိန်တွင်လည်း အသွားအလာယာဉ်များအနည်းငယ် ရှင်းလာပြီဖြစ်၍ ပန်းဆိုးတန်းမှ ရေကျော်သိမ်ဖြူ



မီးရထားရုံး ဦးအုန်းခိုင်လမ်းမှတောင်ညွန့်သို့ လမ်းတွင်အတားအဆီးမရှိဘဲ တောက်လျှောက်မောင်းလာခဲ့လေ၏။

တစ်လမ်းလုံးငြိမ်သက်၍လာခဲ့ကြရာ တောင်ညွန့်သို့ရောက်မှ မိန်းမပျိုကလေးက စကားကိုစလေ၏။

'ရှင်တော့··· ကျွန်မကို တစ်မျိုးတစ်မည်ထင်မှာအမှန်ပဲ'

အမှန်ပင် ဇော်ဝင်းသည် မလှကြည်အပေါ်တွင် တစ်စုံတစ်ရာ ထင်ထားပြီးဖြစ်ပေ၏။ သို့ရာတွင် ယခုပြောလိုက်သော မလှကြည်၏အသံမှာ အရုပ်ဆိုးသလောက် နူးညံ့ပျော့ပျောင်းရကား ဇော်ဝင်းမှာ မိမိစိတ်၌ရှိသည့် အထင်ကို ဖွင့်၍မပြောရက်ဘဲ ခေါင်းကြီးငိုက်စိုက်ချ၍ ငြိမ်သက်စွာလိုက်လာခဲ့လေ၏။

ထိုအခိုက်တွင် မိန်းမပျို၏လက်ကလေးများသည် အလုပ်များနေကာ သူ၏မျက်နှာကို လက်ကိုင်ပဝါကလေးဖြင့် ပွတ်သပ်ပြုပြင်လျက် ကျွဲကော်ကိုင်းဖြူတပ်ထားသောမျက်မှန်ကလေးကို ဖြုတ်လိုက်လေ၏။

'အင်း··· ဘယ်လိုမှတော့ မထင်ပါဘူး၊ အဆန်းပဲလို့ အောက်မေ့တာပါပဲ' ဟု ဇော်ဝင်းကပြောပြီး မိန်းမပျိုဖက်သို့ကျောပေးကာ ကားပြင်သို့ ကြည့်နေလိုက်လေ၏။

'အဆန်း··· အဆန်း··· ဟုတ်လား'

ဇော်ဝင်းကား ဘာမျှပြန်၍မဖြေ။ မိမိတစ်စုံတစ်ရာပြောလျှင် သူ့အား အားပေးရာရောက်မည်ဖြစ်ရာ ထိုသို့အားပေးသည့်အနေမျိုးရောက်လျှင် ရှေ့လျှောက်ဘာလုပ်မည်ကို မစဉ်းစားဝံ့အောင်ရှိလေ၏။ သို့ဖြစ်၍ ဇော်ဝင်းသည် မိန်းကလေးအား လှည့်၍ပင်မကြည့်၊ ဒီလိုအရုပ်ဆိုးဆိုး၊ အန့်ချင်စရာ၊ သားစိတ်မယားစိတ် ကုန်ခန်းစရာဟုတွေးရာက အို··· လှလှ၊ မလှလှ သူ့ဟာသူဘာဖြစ်ဖြစ်ဟု ဇော်ဝင်းသည် အတွေးကိုဖျောက်လိုက်လေ၏။

'ဆန်းပြားလှတယ်ပဲဆိုပါတော့ရှင်··· နို့ပေတဲ့ တစ်ခါမှမသိတဲ့ သူစိမ်းတစ်ရံဆံတစ်ယောက်ကို အတင်းအသိဖွဲ့၊ ခွတ်အားကိုးရတာဟာ ကျွန်မအဖြစ် ဘယ်လောက်ဆိုးလွန်းလို့ဆိုတာ တွေးမိရင်တော့'

www.burmeseclassic.com



ဇော်ဝင်းမှာ ထိုမိန်းမပျိုကို မျက်နှာမကြည့်ဘဲ အသံချည်းသာ ကြားရမည်ဆိုလျှင် အတော်ကိုချောမောလှပကျက်သရေ ပြည့်ဝသူကလေး တစ်ယောက်ဖြစ်လိမ့်မည်ဟူ၍ လူတိုင်းယူဆကြလိမ့်မည်ဟု နှလုံးပြုမိလေ၏။ သူ့အသံကလေးကား လွှမ်းစွာပင်သာယာ ညွတ်ပျောင်းလျက် နားထဲတွင် ကြည်နူးစိမ့်အေး၍ သွားစေတော့၏။ မျက်နှာကိုစေ့စေ့ကြည့်လိုက်ဘိမူကား ထိုသို့စိတ်ကူးယဉ်ခြင်းကို ချက်ချင်းပပျောက်သွားစေနိုင်မည်ဖြစ်၏။ သို့ရာတွင် ဇော်ဝင်းသည် အရုပ်ဆိုးလှသောမျက်နှာကိုမကြည့်ချင် စိတ်ကူးယဉ်နေရခြင်း ကပင် အနည်းငယ်စိတ်သက်သာရာရမည်ဟုယူဆကာ လုံးဝလှည့်မကြည့်ဘဲ နေလိုက်ကာ 'အင်း… ဟုတ်သပေါ့လေ၊ အကြောင်းတစ်ခုခုတော့ရှိမှာ ပေါ့လေ'ဟု ပြန်ပြောလေ၏။

'ဟုတ်ကဲ့၊ အမှန်ပါပဲရှင်၊ ကျွန်မမှာ အင်မတန်ရှုပ်ထွေးတဲ့ကိစ္စကြီး ထဲမှာ မထွက်နိုင်အောင်ဖြစ်နေရတာပါပဲ'

ဇော်ဝင်းမှာ ထိုမိန်းမပျို၏အသံသည် မိမိ၏စိတ်ကို ညွတ်လာအောင် ပြုလျှက်ရှိနေလေပြီဟုတွေးမိကာ စိတ်ကိုတင်းလိုက်ပြီးလျှင် မိမိသည်စိတ်ကူး ယဉ်နေ၍မဖြစ်၊ ကြာလျှင် သည်ထက် သည်သနားစရာဇာတ်လမ်းကိုခင်းကာ ထိုဇာတ်ထဲတွင် မိမိကိုပါဝင်ပြီးကပြအသုံးတော်ခံစေသည့် အဖြစ်သို့ ဆိုက် တော့မည်။ သို့ဖြစ်၍ သူ့မျက်နှာကိုကြည့်လိုက်ရင် သနားစိတ်ပျောက်သွား ပေလိမ့်မည်ဟုအောက်မေ့ကာ မလှကြည်ဘက်သို့ မျက်နှာလှည့်လိုက်လေ၏။

ထိုသို့ကြည့်လိုက်ရာတွင် မိမိ၏လွှမ်းစိတ်သနားစိတ်ကို ပျောက်သွား စေမည့် အရုပ်ဆိုးဆိုးမျက်နှာကို မတွေ့ရတော့ဘဲ စောစောကတပ်ထားသည့် မျက်မှန်ကိုချွတ်၍ ပါးပေါ်တွင်ထူလဗျစ်ဖို့ထားသည့် ပေါင်ဒါများမှာ ချောမွတ် ညီညာစွာရှိနေကာ ပွရောင်းရောင်းနှာခေါင်းကြီးသာမရှိတော့လျှင် အတော့်ကို ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်မည်ကို တွေ့ရလေ၏။

ထိုသို့ မျက်လုံးမျက်ခုံး အသားအရေမှစ၍ တစ်မျက်နှာလုံးလှသမျှ ကြည့်မရအောင်ဖျက်ဆီးနေသောနှာခေါင်းကြီးကို ဇော်ဝင်းစူးစိုက်ကြည့်နေ သည့်အတွက် မလှကြည်သည် ရှက်၍သွားကာ 'အို…'ဟုဆိုပြီး နှာခေါင်းကို လက်ကိုင်ပဝါနှင့် ဖုံးအုပ်ထားလိုက်လေ၏။



'စိုက်ကြည့်မိတာ စိတ်မဆိုးပါနဲ့နော်'

'အို… ကိစ္စမရှိပါဘူး၊ ကျွန်မလဲ လုပ်တာလွန်သွားတယ်၊ ဒါကြောင့် လဲ ကိုထွန်းရွှေ ရိပ်မိသွားတာပဲဖြစ်မယ်'ဟု ပြောပြောဆိုဆိုနှင့် မလှကြည်သည် ခွေးနေသောအသားများကို လက်နှင့်ဖဲ့ခွာဘိသည့်အလား ပွရောင်းရောင်း နှာခေါင်းကြီးကို လက်နှင့်ဖဲ့၍ဖဲ့၍ခွါချလေ၏။

'အဲဒါ… ကျွန်မကို မမှတ်မိအောင် နှာခေါင်းကိုဖယောင်းတွေအုံပြီး ရုပ်ဖျက်ထားတာပဲ၊ ဒီဖယောင်းဟာ ရုပ်ရှင်တွေမှာ ရုပ်ပြောင်းရုပ်လွှဲလုပ်ရင် သုံးရတဲ့ဖယောင်းပဲ၊ ကျွန်မက လုပ်နေမကျလို့ လုပ်တာလွန်သွားတော့ ရိပ်မိပုံရတာပဲ၊ ကျွန်မနဲ့အတူတူနေတဲ့ မခင်စီဆိုတာ ရုပ်ရှင်ပြဇာတ်မင်းသမီး၊ သူအိမ်မှာရှိရင် ကျကျနနလုပ်ပေးမှာပါပဲ၊ သူမရှိလို့ ကျွန်မဟာ ကျွန်မ လုပ်ရတော့'ဟု ပြောရာက မလှကြည်က 'လက်ကိုင်ပဝါကြီးကြီးတစ်ထည် မပါဘူးလား'ဟု မေးလေ၏။

ဇော်ဝင်းသည် အံ့သြခြင်းဖြစ်လျက် မိမိ၏လက်ကိုင်ပဝါကို ထုတ် ပေးပြီးလျှင် နှာခေါင်းပေါ်ရှိဖယောင်းများကို မလှကြည်ပွတ်သပ်ပစ်နေ သည်ကိုကြည့်ရင်း အတော်လှသောမိန်းကလေးတစ်ယောက်ဖြစ်သည်ကို တွေ့ရကာ ဒါလောက်လှတဲ့မိန်းကလေးတစ်ယောက် ရောက်နေတဲ့ဒုက္ခကို ဘာဒုက္ခပဲဖြစ်ဖြစ် ငါဝင်ပြီးကူညီထမ်းရွက်မယ်ဟု စိတ်ဆန္ဒဖြစ်ပေါ်လာလေ၏။

မလှကြည်သည် မိမိမျက်နှာကို ပွတ်သပ်သုတ်သင်ပြုပြင်လိုက်ရာ အရုပ်ဆိုးလှသောလူနတ်သမီးသဏ္ဌာန်မှ ဒေဝစ္ဆရာအချောအလှကလေးအဖြစ် သို့ ရုတ်ချည်းပြောင်းလဲလာသည်ကို တစိမ့်စိမ့်ကြည့်ရှု နှစ်သိမ့်နေလေတော့၏။

'ကျွန်မပြုပြင်နေကျမဟုတ်လို့ ကိုထွန်းရွှေ ရိပ်မိသွားတာ၊ ဒါတောင် ရှင့်ကိုကျွန်မရုပ်ရှင်ကြည့်ရအောင်၊ ဘာလုပ်ရအောင်နဲ့ အသံမြှင့်ပြီးပြောလိုက် တော့ သူရုတ်တရက် အကဲမခတ်နိုင်အောင်ဖြစ်သွားသေးတယ်၊ မခင်စီလဲ ပြဇာတ်အတွက် ဇာတ်တိုက်ရအောင်သွားနေလို့ သူ့ပစ္စည်းတွေယူပြီး ကျွန်မ ကိုယ်တိုင် ရုပ်ပြောင်းရုပ်လွှဲလုပ်ခဲ့ရတယ်၊ အစကတော့ ကျွန်မ ဒီလိုရုပ်ပြောင်း ရုပ်လွှဲလုပ်ပြီး ထွက်ပြေးဖို့စိတ်မကူးပါဘူး၊ မခင်စီသာရှိရင် ပြေးမှာကို မဟုတ်ဘူး၊ နို့ပေမယ့် ဘယ်သူမှလဲမရှိ၊ ကျွန်မအိမ်လိပ်စာကိုလဲ ကိုထွန်းရွှေ

www.burmeseclassic.com



သိတဲ့အတွက် အလုပ်တိုက်က ကသောကမျောအိမ်ပြန်၊ ကမန်းကတန်း ရုပ်ပြောင်းပြီးပြေးခဲ့ရတာ၊ စင်စစ်မတော့ မန်နေးဂျင်းဒါရိုက်တာ အိမ်ကို အရောက်သွားမလို့ပါဘဲ၊ လမ်းမှာ အလုပ်တိုက်က တစ်ယောက်ယောက် တွေ့ရင် ချောက်ကျတော့မှာကိုသိလို့ ရုပ်ပြောင်းလာရတာပဲ၊ ကျွန်မပြောတာ ရှင်းရဲ့မဟုတ်လား'

စင်စစ်ဇော်ဝင်းမှာ ကောင်းစွာနားရှင်းလှသည်မဟုတ်ပေ။ လူအတွေ့ မခံလို၍ ရုပ်ပြောင်းရုပ်လွှဲလုပ်လာခြင်းကိုသာသိ၍ ဘာကြောင့်ထွက်ပြေး လာခြင်းကိုမသိ။ သို့ရာတွင် မလှကြည်ပြောလိုသည့်စကားများကို ဆုံးအောင် နားထောင်ဦးမည်ဟု စိတ်ပိုင်းဖြတ်ကာ 'အင်း… ရှင်းပါတယ် ဆိုပါတော့'ဟု ပြောလိုက်လေ၏။

'အဲဒီလိုထွက်လာပြီး မကြံတတ်မစည်တတ်ဖြစ်နေတုန်း ရှင့်ကို မြင်ရတော့ ယုံကြည်စိတ်ချရတဲ့လူတစ်ယောက်ပဲလို့ လှမြင်ရုံနဲ့ အကဲခတ်မိပြီး အတင်းဝင်ရောရတော့တာပါပဲ၊ ရတ်တရက်တော့ ဘယ်လိုမိန်းကလေးလဲလို့ အောက်မေ့မှာပဲနော်'

'ဒါထက် ကိုထွန်းရွှေဆိုတာက ဘယ်သူ'

ဇော်ဝင်း၏စကားမဆုံးမီ ဒရိုင်ဘာသည် နောက်သို့လှည့်ကြည့်ကာ လက်ဟန်ခြေဟန်ဖြင့်ပြ၍ 'ဟော… ဟော… နောက်ကလိုက်လာပြီ'ဟု ပြောလိုက်သဖြင့် စကားပြတ်သွားပြီးနောက်သို့ လှည့်ကြည့်ကြရာ ကားတစ်စင်း နှင့် အမီလိုက်လာနေသော ကိုထွန်းရွှေကိုတွေ့ရလေ၏။

ဇော်ဝင်း၏စိတ်ထဲတွင် ဤကဲ့သို့ ပြေးနေကြ၍မဖြစ်နိုင်။ လွတ်ဖို့ လည်းအကြောင်းမရှိ မလှကြည်ပြေးလာရခြင်းအကြောင်းရင်းကို သိရမှ ထွန်းရွှေ၏ဘေးရန်ကို ရှောင်ကွင်းနိုင်လိမ့်မည်ဟုတွေးတောကာ 'ကိုထွန်းရွှေ ဆိုတာက ဘယ်သူလဲ'ဟု မေးလိုက်လေ၏။

'ကျွန်မတို့အလုပ်တိုက်က မန်နေဂျာဦးမြဘူးရဲ့လူယုံတော်ပါပဲ၊ သူတို့ နှစ်ယောက်စလုံးဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ရှုပ်နေကြတာပဲ'

'နို့… အခုထွက်ပြေးလာတဲ့အကြောင်းကတော့ကော'

'ဒါကိုပြောရရင် အရှည်ကြီးပဲ၊ ပြောလို့မပြီးခင် မိနေတော့မှာပဲ'



'နေပါဦး၊ မလှကြည်က ဘာများ ဘေးအန္တရာယ်ရောက်စရာ ဖြစ်လောက်တဲ့ကိစ္စတစ်ခုခု လုပ်ခဲ့မိလို့လဲ'

'အမလေး…' ဟူသော မလှကြည်၏အသံသည် ဇော်ဝင်းအား ရုတ်တရက် ထိတ်လန့်သွားစေတော့၏။ ကားမှာ ဆတ်ခနဲထိုး၍ရပ်လိုက်ရာ ဇော်ဝင်းနှင့်မလှကြည်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ကိုယ်လုံးချင်းဆောင့် မိသွားလေ၏။ ကားမှာ လမ်းတစ်လမ်းသို့အဖြတ်တွင် အပြင်းမောင်းလာသော ဘတ်(စ်)ကားတစ်စင်းနှင့် ဝင်၍တိုက်တော့မည်ကဲ့သို့ ဖြစ်သည့်အတွက် ရုတ်တရက် ရပ်လိုက်ခြင်းပင်ဖြစ်ပေ၏။

ဇော်ဝင်းနှင့်မလှကြည်တို့မှာ ကားရုတ်တရက်ရပ်လိုက်သည့်အတွက် တစ်ယောက်အပေါ်တစ်ယောက် ထပ်၍လဲတော့မည်ကဲ့သို့ရှိရာက ပြန်၍ ကျကျနနထိုင်မိကြရာတွင် ထွန်းရွှေ၏ကားမှာ ဘေးချင်းကပ်၍ ဆိုက်ရပ် လိုက်ပြီး ကားပေါ်မှ ထွန်းရွှေဆင်း၍လာလေ၏။

'ကဲ… မလှကြည်၊ ဘယ့်နှယ်လုပ်တာလဲ'ဟု ထွန်းရွှေက မေးလေ၏။

မလှကြည်သည် ထွန်းရွှေ၏အမေးကိုအဖြေမပေးဘဲ ဇော်ဝင်း၏ လက်ရုံးနှစ်ဘက်ကိုဆုပ်ကိုင်ပြီး မျက်နှာကလေးကိုမော့ကြည့်ကာ 'ကျွန်မ ကို ပစ်မပြေးပါနဲ့နော်'ဟု ပြောရှာလေ၏။

ဇော်ဝင်းသည် ယခင်အခါများ၌ မိန်းကလေးတစ်ဦးတစ်ယောက် နှင့် နီးနီးစပ်စပ်နေရလျှင် ရှက်ကြောက်နေတတ်သော်လည်း ယခုမူ ကေသရာဇာခြင်္သေ့မင်း၏ရဲရင့်ခြင်းမျိုးဖြင့် 'အို… စိတ်သာချ'ဟုပြန်၍ ပြော လိုက်လေ၏။

ထွန်းရွှေသည် ကားထဲသို့ငုံကြည့်ကာ 'မလှကြည်၊ သူက ဘယ်သူ လဲ ပြောစမ်းပါဦး'ဟု ဆိုလေ၏။

ဇော်ဝင်းသည် မလှကြည်အဖြေရမခက်အောင် 'ကျုပ်နာမည် ဇော်ဝင်းပဲ'ဟု ဝင်၍အဖြေပေးလေ၏။

'သြော်… တွေ့ရတာဝမ်းသာပါတယ်၊ ဒါထက် မလှကြည်

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်တုန်း၊ ဘာတွေလျှောက်လုပ်နေတာတုန်း၊ ကျုပ်နဲ့ပြန်လိုက်ခဲ့ပါ၊ ဦးမြဘူးနဲ့တွေ့ဖို့ အရေးကြီးနေတယ်'

'မလိုက်ဘူးရှင်··· မလိုက်ဘူး'

ထိုအချိန်တွင် ဒရိုင်ဘာနှစ်ယောက်စလုံး ကားပေါ်ကဆင်း၍ ၎င်းတို့ပြောဆိုနေသောစကားများကို နားထောင်နေကြလေ၏။ လမ်းသွားလမ်းလာ တစ်ဦးနှစ်ဦးကလည်း ထူးခြားသလိုရှိကာ လာ၍ရပ်ကြလေ၏။ အတန်ကြာလျှင် လူနည်းစုကလေးတစ်စုဖြစ်လာကာ ပုလိပ်တစ်ယောက်လည်း ရောက်ရှိ၍လာလေ၏။

'ဒီမှာ··· ဘာဖြစ်ကြတာလဲ'ဟု ပုလိပ်ကမေးလေ၏။

'ဘာမှမဟုတ်ပါဘူး၊ ကျွန်တော်တို့အလုပ်တိုက်က စာရေးမပါ၊ အမျိုးသားစီးပွားရေးလီမိတက်က သူ ဒီကနေ့ ခွင့်မရဘဲ အလုပ်စောစောပြန်ပြေးလို့ တိုက်အုပ်ကြီးဦးမြဘူးက မှားယွင်းနေတဲ့အလုပ်စာရင်းတစ်ခုအတွက် သူ့ကိုအခေါ်ခိုင်းတာ သူက မလိုက်ဘူးလုပ်နေတာပါ'

ပုလိပ်သည် အိတ်ထဲမှ မှတ်စုစာအုပ်ကိုထုတ်ကာ ကားနံပါတ်များကိုရေးမှတ်ပြီးနောက် မလှကြည်အား 'နို့··· အလုပ်အတွက်ခေါ်တာ ခင်ဗျားက ဘာပြုလို့မလိုက်သွားနိုင်တာလဲ'ဟုမေးလေ၏။

'အို··· မလိုက်နိုင်ဘူး'ဟု မလှကြည်ကပြောကာ ဇော်ဝင်းအားတင်းကျပ်စွာဆုပ်ကိုင်ပြီး 'ကိုဇော်ဝင်း၊ ကျွန်မအနားက မခွာနဲ့နော်···'ဟု ပြောလေ၏။

ပုလိပ်သည် ကားထဲသို့ငုံ့ကြည့်ကာ ဇော်ဝင်းကိုမြင်၍ 'သူကကော ဘာလဲ'ဟု မေးလေ၏။

'ကျုပ်··· အဲ··· သူနဲ့လက်ထပ်မယ့်သူပဲ'ဟု ဇော်ဝင်းသည် မလှကြည်၏မျက်နှာကိုမကြည့်ရဲဘဲ ပြောချလိုက်လေ၏။ ထိုသို့ပြောလိုက်ပြီးနောက် ဇော်ဝင်းမှာ ချောက်ကျစရာရှိလျှင် မလှကြည်နှင့်အတူတူ ချောက်ကျတော့မည်ကို တွေးလိုက်မိသော်လည်း မလှကြည်က မိမိပြောလိုက်သည့်စကားကို ကျေနပ်သကဲ့သို့ မိမိ၏လက်ကို အားရပါးရ ဖျစ်ညှစ်ပြလိုက်သည့်အတွက် အတော်ကလေးစိမ်တွေ့ အားတက်သွားလေ၏။



'သြော်··· ဒီလိုဆိုရင်လဲ ပြီးတာပဲလေ၊ ကျွန်တော်က တစ်ခုခုများဖြစ်နေကြရော့လားလို့ ဒါဖြင့် ကျွန်တော်မလိုတော့ဘူးပေါ့'

ထိုအခါ ထွန်းရွှေက 'မလိုဘူးဆိုရင်လဲ ဟုတ်တာပဲ၊ နို့ပေမယ့် ဒီမိန်းကလေးမလိုက်ဘူးဆိုရင်တော့ လိုလိမ့်မယ်၊ အလုပ်တိုက်က ငွေစာရင်းကို ဗလောင်းဗလဲလုပ်ထားလို့'ဟုပြောလေ၏။

'အို··· ကျွန်မနဲ့ ငွေစာရင်းနဲ့ ဘာဆိုင်သလဲ'

'နို့ဘာပြုလို့ မျက်မှန်တပ်၊ နှာခေါင်းအတုလုပ်၊ ရုပ်ဖျက်ပြီး ကျုပ်လိုက်ခေါ်တော့ ထွက်ပြေးရတာလဲ'

ရုပ်ဖျက်သည်ဟူသောစကားကြောင့် ပုလိပ်လည်း ပြန်၍စိတ်ဝင်စားလာကာ မလှကြည်အား သေသေချာချာကြည့်လေ၏။

'သူ့မှာ ရုပ်ဖျက်ထားတာ ဘာမှလဲ မတွေ့ရပါကလား'

'ဟောဒီ··· သူတို့ဒရိုင်ဘာပဲ မေးကြည့်ပါ'ဟု ထွန်းရွှေက သက်သေတင်လေ၏။

'သူတို့တက်လာတုန်းက ရုပ်ဖျက်ထားတယ်လို့ ကျွန်တော်မသိဘူး၊ ခိုးရာထွက်ပြေးတဲ့ သမီးရည်းစားနှစ်ယောက်ပဲလို့ အောက်မေ့ပြီးတင်ခဲ့တာပဲ၊ အခုမှ စောစောကလို နှာခေါင်းပွကြီးနဲ့ အရုပ်ခပ်ဆိုးဆိုးမဟုတ်တော့တာ တွေ့ရတယ်'

'ဘယ်ကနေပြီး တင်လာတာလဲ'

'ပန်းဆိုးတန်းထောင့်က'

'ကဲ··· ဗိုလ်ကြီး၊ ကျေနပ်ပြီမဟုတ်လား'ဟု ထွန်းရွှေက ပုလိပ်အား ကြိုက်လုံးစကားဖြင့် မြှောက်ပင့်ပြောပြီးလျှင် 'ကဲ··· မလှကြည်၊ စဉ်းစဉ်းစားစား လုပ်စမ်းပါ၊ ပြန်လိုက်လာရင်ကောင်းလိမ့်မယ်'

မလှကြည်သည် ဇော်ဝင်းအား ဆုပ်ကိုင်ထားသည့်လက်များကို လွှတ်လိုက်ပြီးလျှင် ပုလိပ်အား 'ကျွန်မ သူခေါ်တာမလိုက်ဘူးဆိုရင် ဘာလုပ်နိုင်သလဲ'ဟုမေးလေ၏။

'သူ့တိုင်ချက်အရ ဝတ္တရားအတိုင်း ဂါတ်ကိုခေါ်သွားရမှာပဲ'

'ဂါတ်ကို···'ဟု မလှကြည်က လိုက်၍ဆိုမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းရွှေကလည်း 'ဂါတ်ကို…'ဟုဆိုကာ သဘောမကျပုံကို ပြလေ၏။

'အို… စောစောက ဒါကိုမတွေးမိဘူးရှင်၊ ဂါတ်ကို… ဟုတ်လား' ဟု မလှကြည်ကဆိုပြီးနောက် ဇော်ဝင်းအား 'ကျွန်မကို ဂါတ်ကိုခေါ်သွားရင် ကိုဇော်ဝင်းလဲ လိုက်မယ်မဟုတ်လား' ဟု မေးလေ၏။

'အို… မလှကြည်ဘယ်သွားသွား၊ ဘယ်ရောက်ရောက် မြေအဆုံးမိုးအဆုံးလိုက်မှာပဲ'

ထွန်းရွှေသည် လေသံတစ်မျိုးပြောင်းကာ 'ဒီလိုလေ… ဒီကိစ္စဟာ ရုံးတွေဂါတ်တွေရောက်ရအောင်လဲ မဟုတ်ပါဘူး၊ အေးအေးနဲ့ပြီးသင့်တဲ့ကိစ္စ ပြီးပါစေပေါ့'ဟု ပြောလေ၏။

'အို… မဟုတ်ဘူး၊ ဖြစ်မယ့်ဖြစ်လဲ ဂါတ်ရောက်တဲ့အထိဖြစ်တာပဲ ကောင်းတယ် ဒါမှအေးမယ်'

'ဟဲ့… ကောင်မလေး၊ နင်ရူးနေလား'ဟု ထွန်းရွှေက ဒေါ်ဖောင်းလာပြီး သီးသီးနင့်နင့်ပြောလိုက်လေ၏။

ဤတွင် မလှကြည်သည် အကြံတစ်ချက်ရလာကာ 'ကိုဇော်ဝင်း သူ့ကိုလုပ်လိုက်စမ်းရှင်'ဟု ပြောလိုက်ရာ ဇော်ဝင်းသည် ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ထွန်းရွှေ၏မျက်နှာတည့်တည့်ကို လက်သီးနှင့်တစ်ချက်တည်း ထွပ်၍တင်လိုက်လေ၏။

ဇော်ဝင်းမှာ အားကစားလေ့ကျင့်နေသူတစ်ယောက်ဖြစ်သည့်အတိုင်း သူ၏လက်သီးချက်မှာ အလွန်ပြင်းထန်ကား ထွန်းရွှေမှာ ချာလည်လည်၍ သွားရာ လမ်းဘေးသမံတလင်းပေါ်သို့ ကိုင်၍ရိုက်လိုက်သလို လဲကျ၍မသွားအောင် ပုလိပ်ကဆီး၍ဖမ်းလိုက်ရလေ၏။

'ကဲ… စောစောက ခင်ဗျားတို့ကို ကျုပ်မဖမ်းနိုင်ပေမယ့်၊ အခု ဖမ်းရတော့မယ်၊ ကျုပ်ရှေ့မှာပဲ ခင်ဗျားတို့ ကိုယ်ထိလက်ရောက် ကျူးလွန်မှု ဖြစ်နေပြီ'

'ခင်ဗျား ဝတ္တရားအတိုင်းလုပ်လေ'ဟု ဇော်ဝင်းကဆိုလေ၏။

'ဘယ်ဂါတ်ကို ခေါ်မလဲ'ဟု ထွန်းရွှေက မေးလေ၏။



'တောင်လုံးပြန်ဂါတ်ကို အနီးဆုံးပဲ၊ ကျုပ်က တရားခံနှစ်ယောက်နဲ့အတူတူ ရှေ့ကသွားမယ်၊ ခင်ဗျားက ခင်ဗျားကားနဲ့ နောက်ကလိုက်ခဲ့'

ဒရိုင်ဘာနှစ်ယောက်စလုံးမှာ မိမိတို့တာဝန်ကျလာပြီဖြစ်၍ ကားပေါ်သို့တက်ကြလေ၏။ ကြည့်နေသောပရိသတ်မှာ နောင်ဂျိမ်ခန်းသို့ရောက်ကာမှ အားရအောင်မကြည့်လိုက်ရဘဲ တစ်ပိုင်းတစ်စနှင့် ပြတ်သွားသည့်အတွက် မကျေမချမ်းဖြစ်၍နေကြစဉ် ကားနှစ်စင်းသည် ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့ကြလေ၏။

ဂါတ်ရှေ့သို့ရောက်သောအခါ ဇော်ဝင်းက ဦးစွာဆင်း၍ ငွေတစ်ဆယ်တန်တစ်ရွက်ကို ဒရိုင်ဘာအားထုတ်ပေးလိုက်ရာ ဒရိုင်ဘာသည် ကျေနပ်ရွှင်ပြုံး၍သွားလေ၏။ ထိုနောက်မှကားပေါ်က ပုလိပ်နှင့်မလှကြည်တို့ ဆင်းလာကြပြီးလျှင် ပလက်ဖောင်းပေါ်တွင်ရပ်၍ နောက်သို့လှမ်းမျှော်ကြည့်ကြရာ ထွန်းရွှေ၏ကား ပါ၍မလာသည်ကို တွေ့ရလေ၏။

'ဟိုကား… ဘယ်နှယ့်လဲ… ပါမလာပါလား၊ ကျုပ်က လိုက်လာတယ်မှတ်လို့'

'သူမလာလဲ ကျွန်မတို့ချည်း ဂါတ်ထဲဝင်ကြမယ်လေ'

'အို… တရားလိုမှမရှိဘဲ၊ ခင်ဗျားတို့ကို ဖမ်းမထားနိုင်ဘူး'

'ကျွန်မတို့ကိုယ်တိုင် ဝင်ပြီးအဖမ်းခံမှာပေါ့'

'ဒါဖြင့်… အင်စပက်တော်ကို တိုင်ချက်ပေးလေ'

'ဪ… ဟုတ်တယ်၊ စောစောက သတိမရဘူး၊ ဟုတ်ကဲ့ ကျွန်မတိုင်ချက်ပေးမယ်'ဟုဆိုကာ ဂါတ်ထဲသို့ ဝင်သွားကြလေ၏။

'ဘာအမှုလဲ'ဟု အင်စပက်တော်ကမေးလေ၏။

'လက်ရောက်ကျူးလွန်မှု'ဟု ပုလိပ်ကဖြေလေ၏။

'ဘယ်သူက တရားလို၊ ဘယ်သူက တရားခံလဲ'

'ကျွန်မတို့နှစ်ယောက်စလုံး တရားခံတွေပဲ၊ တရားလို ပါမလာဘူး၊ အခုတရားလိုမရှိတဲ့အတွက် ကျွန်မက တိုင်ချက်တစ်ခုဖွင့်ပါရစေ'

'လက်ရောက်ကျူးလွန်မှုအတွက်လား'

'အဲဒီအမှုဖြစ်ရတဲ့အထိ တိုင်ချက်ဖွင့်ချင်ပါတယ်'ဟု မလှကြည်က

www.burmeseclassic.com

www.burmeseclassic.com



စကားပလ္လင်ခံကာ ဆက်လက်၍ ‘ဒီလိုပါ၊ ကျွန်မက အမျိုးသားစီးပွားရေး လီမိတက်မှာ စာရေးလုပ်ပါတယ်၊ မန်နေဂျာက ဦးမြဘူး၊ လက်ထောက်က ကိုထွန်းရွှေပါ၊ အဲဒီကုမ္ပဏီမှာ ငွေစာရင်းတွေ ဖြစ်ချင်သလိုဖြစ်၊ အလုပ်အကိုင် ပျက်စီးဆုံးရှုံးပြီး နောက်ဆုံး လီမိတက် ဖျက်သင့်မဖျက်သင့်၊ ဆက်ပြီးလုပ်သင့် မလုပ်သင့် စဉ်းစားရအောင် ဒါရိုက်တာအစည်းအဝေးကို ဒီညနေခေါ်ပါတယ်၊ အဲဒီအစည်းအဝေးမှာ ဒါရိုက်တာအကြီးဆုံး ဦးဘိုးသွင်က စာရင်းတွေအားလုံး ကိုတင်ပြပြီး တစ်ခုမကျန် စစ်ဆေးဖို့ပြောပါတယ်၊ အဲဒီလိုပြောတဲ့အခါမှာ ဦးမြဘူးဟာ တစ်ခါတည်းမျက်နှာပျက်သွားတာပဲ၊ စင်စစ်ကြားသိရသမျှမှာ ဒီလုပ်ငန်းကြီးတစ်ခုလုံးကို ဦးမြဘူးထင်သလို ခြယ်လှယ်နေတာပဲ၊ အဲဒီလို ဦးဘိုးသွင်က ပြောလိုက်တယ်ဆိုရင်ပဲ ဦးမြဘူးက သူ့လူတွေကို အချက်ပေး လိုက်တယ်၊ အချက်ပေးပုံက စားပွဲပေါ်မှာသူ့လက်နှစ်ဖက်ကို အခြေတင်ထားပြီး သူ့လက်တွေဟာ ကြေးနန်းရိုက်သလိုအချက်ပြနေတယ်၊ ကျွန်မ ၁၈နှစ်တုန်းက ကြေးနန်းရုံးမှာ အလုပ်လုပ်ဖူးပါတယ်၊ အဲ့ဒါကြောင့် သူ့လက်လှုပ်ရှားတာကို ကြည့်တဲ့အခါ ညာဘက်လက်က ‘ဒေါ့’၊ ဘယ်ဘက်လက်က ‘ဒက်ရှ်’ အဖြစ်ထားပြီး အချက်ပြနေတယ်၊ သူအချက်ပြတဲ့စကားလုံးတွေ ပေါင်းလိုက်တဲ့ အခါ ‘အားလုံးပေါ်ပြီ၊ ပြေးကြပေတော့’ လို့ အချက်ပေးလိုက်တာကို ကျွန်မ တွေ့ရတာပဲ၊ အဲဒီအချက်ပေးတာကို ကျွန်မအကဲခတ်နေကြောင်း သူရိပ်မိ သွားပြီး ကျွန်မနာမည်ကိုပါ အချက်ပြတာတွေ့ရတော့ ကျွန်မသိသွားပြီ၊ ကျွန်မကို သတိထားဖို့၊ တစ်ခုခုလုပ်ဖို့ အချက်ပေးလိုက်တာဖြစ်ကြောင်း ရိပ်မိတာပဲ၊ အဲဒီအခါမှာ ဒါရိုက်တာတွေနောက်ကရပ်နေတဲ့ ဦးဘဟန်၊ ဦးစံတင်နဲ့ ကိုထွန်းရွှေတို့ကလဲ သူ့လက်ပြအချက်ပေးတာကိုပဲ စိုက်ကြည့် နေကြတာကိုတွေ့ရတယ်၊ အဲဒီတွင်ပဲ ကျွန်မလဲ သူတို့အလစ်မှာ ထွက်ပြေးခဲ့ တာပဲ၊ ထွက်ပြေးပြီးအိမ်ရောက်တော့ ကျွန်မနဲ့အတူတူနေတဲ့ ပြဇာတ်မင်းသမီး မခင်စီလဲ ဇာတ်တိုက်ဖို့သွားနေ၊ အိမ်မှာလဲ ဘယ်သူမှမရှိ၊ တစ်ယောက်တည်း မနေရဲတော့ဘဲ၊ အကျိုးအကြောင်းအလုံးစုံကို ဒါရိုက်တာအကြီးဆုံးဖြစ်တဲ့ ဦးဘိုးသွင်ကိုသွားပြီးပြောမယ်၊ ကျွန်မကိုယ်ကိုလဲ အကာအကွယ်တောင်းမယ် လို့စိတ်ကူးပြီး မခင်စီသုံးတဲ့မိတ်ကပ်တွေနဲ့ရုပ်ဖျောက်ပြီး ထွက်ပြေးရတာပဲ၊



ကိုထွန်းရွှေနဲ့မတွေ့မီတုန်းကတော့ ဦးဘိုးသွင်ဆီသွားဖို့ပဲ စိတ်ကူးထားတာ၊ အခုကိုထွန်းရွှေနဲ့ ပုလိပ်အမှုထမ်းကိုတွေ့ရတော့မှ ဂါတ်မှာ တိုင်ချက်ပေးဖို့ပါ သတိရတော့တာပဲ’

အင်စပက်တော်သည် တိုင်ချက်ကိုလိုက်၍ရေးပြီးသည့်အဆုံးတွင် မလှကြည်က ‘ကျွန်မကို ဒီညဒီဂါတ်မှာပဲ ထားပါတော့၊ ကျွန်မ မပြန်ရဲဘူး’ ဟု ပြောလေ၏။

‘အို… မဖြစ်ဘူး၊ ခင်ဗျားမှာ ဘာမှအပြစ်မရှိဘဲ ကျုပ်တို့ဂါတ်မှာ ထားချင်လို့မရဘူး’

‘အဲဒါမှ ခက်တာပဲ’ ဟု မလှကြည်က ညည်းတွားကာ ခေါင်းကိုင်၍ နေပြီးနောက် ဇော်ဝင်း၏မျက်နှာကိုမော်၍ကြည့်ကာ ‘ကိုဇော်ဝင်းမှာ အတူတူနေတဲ့ အမေတို့၊ နှမတို့ မိန်းမသားထဲက တစ်ယောက်ယောက် မရှိဘူး လား’ ဟု မေးလေ၏။

‘အမေရော၊ နှမရောရှိပါတယ်’

‘ဒါဖြင့်ရင် ကျွန်မ…’

ဇော်ဝင်းသည် ငါးစက္ကန့်မျှ အပြင်းအထန်စဉ်းစားလိုက်ပြီးနောက် မိမိအိမ်သို့ခေါ်ရန်သဘောတူကြောင်းကို ခေါင်းညိတ်၍ပြလိုက်လေ၏။

‘တကယ်လို့ ကိုထွန်းရွှေ လိုက်လာပြန်ရင်ကော…’

‘ဒီမှာလေ…’ ဟုဆိုကာ ဇော်ဝင်းသည် လက်သီးကိုဆုပ်၍ လက် မောင်းကြွက်သားကိုထုပ၍ပြရာ မလှကြည်သည် အားရနှစ်သက်၍မဆုံးသည့် အမူအရာဖြင့် ကြည့်နေလေ၏။

ခဏမျှကြာသောအခါ နှစ်ဦးသား မိမိတို့စောစောကစီးသည့် တက္ကစီ ပေါ်တွင်ယှဉ်တွဲကာ ဂါတ်မှထွက်လာကြလေ၏။

‘ရှင့်အမေကမေးရင် ဘယ်လိုပြောမလဲ’

‘အမေက မိန်းမပေးစားချင်တာကြာလှပြီ၊ အဲဒီတော့ မိန်းမခိုးလာ တယ်လို့ ပြောလိုက်ရင်…’

‘ဘယ်လမ်းလဲ ဆရာ…’ ဟု ဒရိုင်ဘာက လှမ်းမေးလိုက်သဖြင့် စကားပြတ်သွားသည့်အတွက် ဇော်ဝင်းက ‘မောင်းချင်သော မောင်းကွာ၊

www.burmeseclassic.com

www.burmeseclassic.com



ဦးတည့်ရာသာမောင်း၊ စကားဆုံးတော့မှ သွားချင်တဲ့နေရာပြောမယ်’ဟု ဖော်ဝင်းကပြောလိုက်ပြီးနောက် ဖော်ဝင်းနှင့်မလှကြည်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မောရင်း ကားခေါ်ရာသို့ ပါသွားကြလေ၏။

*ရွှေမဝမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၆၀။*

## ကျေးဇူးရှင်

လူပျိုကြီးဟုအခေါ်ခံရခြင်းမှာ သားမယားမရှိခြင်းကို အခမဲ့ကြော်ငြာ၍ပေးရာရောက်သဖြင့် မိန်းမပျိုများရှေ့တွင် အတော်ပင်စနိုးပွင့်သော အမည်တစ်မျိုးပင်ဖြစ်သော်လည်း ဘကွန်းမှာ မိမိအား ထိုအမည်ဖြင့် ခေါ်ဝေါ်ခြင်းခံရသည့်အခါတိုင်း များစွာမနှစ်သက်ခြင်းကို ဖြစ်မိပေ၏။ အကြောင်းမှုကား လူပျိုကြီးဟု အခေါ်ခံရသူတိုင်း မိန်းမရခဲသောကြောင့် ထိုအမည်မှာ အလွန်လာဘ်တိတ်သောအမည်တစ်ခုဟု ဘကွန်း၏စိတ်၌ ယူဆထားမိပေ၏။

ဘကွန်းသည် နံနက်အလုပ်မဆင်းမီ အဝတ်အစားလဲလှယ်ပြင်ဆင်ဆံပင်ဖြီးရန် မှန်ကြည့်မိသည့်အခါတိုင်း မိမိရုပ်မှာ များစွာမခေလှသည့်ပြင် မိန်းမချောချောကလေးတစ်ယောက်ကို ခေါင်းခေါက်ယူနိုင်ကြောင်း ကောင်းမွှာတွေးတောထင်မြင်မိပေ၏။ ထိုကဲ့သို့ မိမိရုပ်ရည်နှင့် မိန်းမချောချောကလေးတစ်ယောက်ကို ရနိုင်ပါလျက်၊ ယခုထက်တိုင် သားမယားမရှိသေးခြင်းမှာ မိမိအားချစ်ကြိုက်နိုင်မည့်သူ မရှိ၍မဟုတ်။ ယခုမိမိရရှိထားသောပခကလေးမှုလောက်နှင့် မိမိချစ်ကြိုက်သူမိန်းကလေးအား မိမိစိတ်တိုင်းကျကျေးမွေးဆင်ပြင်ထားနိုင်လိမ့်မည်မဟုတ်ဟု ယူဆထားခြင်းကြောင့်ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သည့်အလျောက်' မိမိအား ခင်မင်ရင်းနှီးသူများက 'ဘယ့်နှယ့်လဲဟေ့…
လူပျိုကြီး၊ ဒီနှစ်ဆောင်းတွင်းမှမစွံရင် ဘယ်တော့စွံမှာလဲကွ၊ တို့များတော့
မင်းတို့မင်္ဂလာဆောင်က ကော်ဖီနဲ့ကိတ်မုန့်ကိုစားချင်လှပြီ' ဟု ပြောပြသည့်
အခါများတွင် ခေါင်းငုံ့၍ခံခဲ့ရသော်လည်း စိတ်ထဲတွင်ကား မိမိ၏အလုပ်
တိုက်ရှင် ဦးအောင်ညွန့်အပေါ်တွင် ကျိတ်၍ဒေါပွမိလေ၏။

မိမိလုပ်ကိုင်သည့်အလုပ်တိုက်တွင် မိမိထက်အကြီးအကဲဟူ၍
သူဌေးဦးအောင်ညွန့်တစ်ယောက်တည်းသာလျှင်ရှိလျက် အလွန်အရေးကြီး
သည့်အလုပ်အကိုင်များကို မိမိအားသာလျှင် တာဝန်လွှဲအပ်ထားခြင်းခံရ
သော်လည်း မိမိရရှိသည့်လခနှင့်တာဝန်မှာ မညီမျှရှိသောကြောင့် အလုပ်
တိုက်သို့ရောက်၍ စားပွဲပေါ်တွင်ပုံ၍နေသောအလုပ်များကို တွေ့ရသည့်
အခါတိုင်း များစွာစိတ်ပျက်မိကာ လခတိုးတက်ဖို့နှင့် မိန်းမတစ်ယောက်
ရနိုင်ဖို့တော့ ဝေးပါသေးရဲ့ဟု တွေးတောစိတ်မကောင်းဖြစ်မိ၏။

ယမန်နေ့ညကမူ အတော်ချမ်းအေးလိုက်သဖြင့် ထွေးပိုက်မလုံ၊
စောင်ခြုံမနွေး၊ ဝီစကီခြုံသော်လည်း နိုက်နိုက်တုန်အေးသောကြောင့် ယခုလို
အခါတွင် မေတ္တာစောင်ခြုံ၍ ဆောင်းတွင်းမီးဖိုကြီးကိုလှုံရမှ နွေးတော့မည်ဖြစ်
သောကြောင့် ဆောင်းတွင်းမီးဖိုကြီးနှင့် ဘယ်နေ့သောအခါမှ နီးရပါမည်လဲဟု
အလုပ်ခွင်တွင်ထိုင်၍ တွေဝေတွေးတောနေမိလေ၏။

ထိုသို့စဉ်းစားခြင်းဖြင့် တွေဝေငေးမောနေမိရာက တိုက်ထဲသို့
ဝင်လာသော မိန်းမချောချောလှလှကလေးတစ်ယောက်ကို မြင်လိုက်ရ
သည်တွင် စိတ်မရှင်ပျခြင်းပပျောက်ကာ ၎င်းအားစိုက်၍ကြည့်နေမိလေ၏။
ဘကွန်း၏မျက်စိရှေ့တွင် မိမိတစ်သက်၌ ထိုထက်ချောမောလှပသော
မိန်းကလေးတစ်ဦးတစ်ယောက်ကို တစ်ခါမျှမမြင်ခဲ့ဘူးသကဲ့သို့ အောက်မေ့မိ
လေ၏။ မျက်လုံးကလေးများမှာ ဝိုင်းစက်ကြည်လင်လျက် အသနားခံနေသည့်
အလားကဲ့သို့ရှိပြီးလျှင် ညိုညာလှပ လေးကိုင်းကဲ့သို့ ကျနသောနှုတ်ခမ်းကလေး
များမှာ နှင်းဆီကြက်သွေးပွင့်ကြီးမှ ပွင့်ချပ်ကလေးတစ်ခုကပ်၍နေသကဲ့သို့
တွတ်တွတ်နီမြန်းလျက်ရှိပေ၏။



ထိုမိန်းမပျိုကလေးသည် မရဲတရဲဟန်အမူအရာဖြင့် ဘကွန်းဆီသို့
လျှောက်၍လာကာ ဘကွန်းအားကြည့်၍ နှုတ်ဆက်တိုးလျှိုးသကဲ့သို့ ပြုံးရယ်
လိုက်ရာ ခွက်၍ဝင်သွားသောပါးကလေးနှစ်ဖက်နှင့် ဖွေးဖွေးဖြူလျက်
နှစ်သက်စဖွယ်ရှိသော သွားကလေးများသည် ဘကွန်း၏စိတ်ကို ကြိတ်ခဲ၍
မရနိုင်အောင်ဖြစ်စေလေ၏။

ထိုအခိုက်တွင် သွက်သွက်လက်လက် ချက်ချက်ချာချာ ဘာကိုမျှ
ဂရုမစိုက်သည့်အမူအရာမျိုးဖြင့် နောက်ထပ်ဝင်လာသောမိန်းမပျိုကလေး
နှစ်ယောက်ကိုမြင်လိုက်ရမှ ဘကွန်းသည် ဦးအောင်ညွန့်၏ကြော်ငြာကို
သတိရမိကာ 'လက်ရိုက်စက်စာရေးမတစ်ယောက်အလိုရှိသည်၊ အလုပ်
သေချာ၍ လျင်မြန်ရမည်၊ ဦးအောင်ညွန့်၊ (၃၂၉)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့' ဟု
မိမိကိုယ်တိုင်ရေးပေးလိုက်သောစာကို မျက်စိထဲတွင် ပြန်၍မြင်မိလေ၏။

ဘကွန်းမှာ အလုပ်လျှောက်လာသောမိန်းကလေးများကို ဦးအောင်
ညွန့်၏အခန်းထဲသို့သွင်းရန် မိမိတာဝန်ဖြစ်သည့်အလျောက် ပထမလာရောက်
သောမိန်းကလေးများကို ပထမဆုံးသွင်းရန်ဖြစ်လေရာ အကယ်၍ အခြား
တစ်ယောက်ယောက် ရောက်ရှိလာကာ ဦးအောင်ညွန့်အခန်းထဲသို့သွင်းလိုက်ရ
၍ ထိုတစ်ယောက်တည်းနှင့်ပင် ဦးအောင်ညွန့်ကျေနပ်လျက် အခြားသူများအား
ဆက်လက်မခေါ်တော့ဘဲထားမည်ကို စိုးရိမ်ပူပန်မိသောကြောင့် မိမိထံသို့
အခြားမိန်းကလေးများမရောက်လာမီ အဆိုပါမိန်းကလေးအနီးသို့ ထ၍သွား
လေ၏။

'အလုပ်လျှောက်မလို့လား' ဟု ဘကွန်းက မေးလိုက်သည်တွင်
မိန်းမပျိုကလေးမှာ အလုပ်တိုက်သား အကြီးအကဲတစ်ယောက်၏ ဂရုစိုက်
ခြင်းကိုခံရသည့်အတွက် များစွာဝမ်းမြောက်သွားသောအမူအရာဖြင့် ခေါင်း
ညိတ်၍ပြကာ 'ဟုတ်ကဲ့… ကျွန်မ လျှောက်လွှာတင်ထားတယ်၊ ဒီနေ့လာပြီး
တွေ့ရည့်ပါဆိုလို့ လာတာပါပဲ၊ ကျွန်မ အလုပ်လက်မဲ့ဖြစ်နေတာ သုံးလ
လောက်ရှိပါပြီ' ဟု ပြောပြလေ၏။

'သြော်…' ဟု ဘကွန်းသည် ကရုဏာသက်သောအမူအရာဖြင့်
ပြောမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မှ မိမိ၏အလုပ်စားပွဲဆီသို့ ပြန်၍လာခဲ့ရာ ထိုမိန်းကလေးသည် ဘကွန်းနှင့်ထက်ကြပ်မကွာ လိုက်၍လာခဲ့လေ၏။ ဘကွန်းသည် စားပွဲပေါ်၌တင်ထားသော လျှောက်လွှာဖိုင်တွဲကို ဆွဲယူလိုက်ပြီးလျှင် 'နာမည်ဘယ်လိုခေါ်သလဲ' ဟု မေးလိုက်လေ၏။

'မပြုံးကြည်...' ဟု ထိုမိန်းမပျိုကလေးက ပြောပြလေ၏။

'လက်ရေးတို ရေးတတ်ရဲ့လား'

'ကောင်းကောင်းမရေးတတ်ဘူး' ဟု ပြောလိုက်သဖြင့် ဘကွန်းက 'အင်း... အဲဒါခက်တာပဲ' ဟု ညည်းတွားလိုက်မှ 'လက်နှိပ်စက်တော့ ကောင်းကောင်းနိုင်ပါတယ်' ဟု ပြောပြလေ၏။

ထိုအခါ ဘကွန်း၏စိတ်ထဲတွင် အနည်းငယ်သက်သာရာ ရသကဲ့သို့ 'ဒီလိုဆိုရင်လဲ တော်ပြီ' ဟုဆိုပြီးမှ 'ဒါဖြစ်ရင် ဦးအောင်ညွန့်ရှိသွားကာ 'ဒီလိုဆိုရင်လဲ' ...

ရှိသွားကာ အခန်းထဲကိုဝင်သွားရင် အခန်းတံခါးကိုပြန်မပိတ်ဘဲ နည်းနည်းဟထားခဲ့သိသလား၊ ကျုပ်စားပွဲကနေပြီးကြည့်လိုက်ရင် သူထိုင်နေတဲ့နေရာနဲ့ တည့်နေတာပဲ၊ အဲဒီတော့ သူပြောသမျှစကားတွေကို မပြုံးကြည်က ရေးနိုင်သမျှလိုက်ရေးမလိုက်နိုင်တာလဲ ဟန်ဆောင်ပြီးလျှောက်ခြစ်ထားပေါ့၊ ကျုပ်က အပြင်ဘက်ကလိုက်ပြီးမှတ်မယ်၊ မှတ်ပြီးတဲ့နောက် မပြုံးကြည်မထွက်လာခင် အရှည်ပြန်ရေးပြီး ကြမ်းပေါ်မှာပစ်ချထားလိုက်မယ်၊ မပြုံးကြည်ထွက်လာတဲ့အခါ မပြုံးကြည်လက်ထဲကစာရွက်လွတ်ကျသလိုလုပ်ပြီး ကျုပ်ရေးတဲ့စာရွက်နဲ့လဲယူလိုက်၊ ပြီးတဲ့နောက် လက်နှိပ်စက်ရိုက်တဲ့စားပွဲပေါ်မှာကူးယူပြီး သူ့ကိုပြန်ပြီးပြလိုက်တာပေါ့' ဟု အကြံပေးလေ၏။

မပြုံးကြည်မှာ ဘကွန်း၏စကားကိုကြားရလျှင် လွန်စွာအားတက်လျက် ကျေးဇူးတင်၍မဆုံးဘဲရှိလေ၏။ ထိုနောက်မှ တစ်စုံတစ်ရာကို စဉ်းစားမိလျက် 'ဒီလိုလုပ်လို့ အလုပ်ရပေမယ့် နောက်ကျတော့ ကောင်းကောင်းမတတ်တာ သိရင်မခက်ဘူးလား' ဟုမေးလေ၏။

'အို... ဒီအထိ တွေးပြီးပူမနေပါနဲ့၊ နောင်ကိုအမြဲလက်ရေးတိုရေးဖို့အလုပ်လဲ မရှိပါဘူး၊ စာပေးစာယူလုပ်ဖို့ရှိတဲ့ကိစ္စတွေဟာ အရင်ကလုပ်ပြီးသားတွေပြန်ကြည့်ပြီး လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်သွားဖို့ရှိတာပါပဲ၊



ဒါလောက်လဲ မခက်ပါဘူး၊ အခုလက်ရေးတို ရေးနိုင်းစမ်းကြည့်တာ မလိုလဲအသုံးချရအောင် တတ်မတတ်စမ်းကြည့်တဲ့သဘောပါပဲ၊ ပထမဦးဆုံးအလုပ်ရဖို့အရေးကြီးတာပဲ၊ အလုပ်ရပြီးတဲ့နောက် တဖြည်းဖြည်းသင်ပြီးယူတာပေါ့၊ မပြုံးကြည်လဲ အခုတတ်သလောက် တတ်သားပဲ'

'ကျေးဇူးတင်လိုက်တာ... ကို...'

'ဘကွန်း'

'ကျေးဇူးတင်ပါတယ် ကိုဘကွန်းရယ်၊ သိပ်ကိုကျေးဇူးတင်တာပဲ'

'မတင်နဲ့ဦး... အလုပ်ရပြီးမှတင်' ဟု ဘကွန်းကပြောပြီးနောက် မပြုံးကြည်၏လျှောက်လွှာကိုရွေးယူကာ ဦးအောင်ညွန့်အခန်းထဲသို့ ဝင်သွားလေ၏။

မကြာမီ ဘကွန်းပြန်၍ထွက်လာပြီးလျှင် မပြုံးကြည်အား ခေါ်လိုက်လေ၏။

ဦးအောင်ညွန့်မှာ များစွာခဲယဉ်းသူတစ်ယောက်မဟုတ်။ အစစ်အဆေး၊ အမေးအမြန်းလည်း ထူလှသူတစ်ယောက်မဟုတ်ပေ။ မပြုံးကြည်အားမေးသင့်မေးထိုက် ရှိသမျှလောက်သာ မေးမြန်းပြီးနောက် စာတစ်စောင်ကိုကောက်ငင်ရေးမှတ်ရန် ပါးစပ်ကတောက်လျှောက်ပြောသွားပြီးလျှင် အပြင်သို့သွား၍ လက်ပုံနှိပ်စက်ဖြင့် ရိုက်ကူးရန် ခိုင်းလိုက်လေ၏။

မပြုံးကြည်မှာ ဘကွန်း၏ကူညီစောင်မခြင်းအားဖြင့် နာရီဝက်မျှကာလအတွင်း အလုပ်ခန့်လိုက်ပြီဟူသောစကားကိုကြားရကာ ထိုအချိန်မှစ၍အလုပ်ဝင်ရလေ၏။

မပြုံးကြည်မှာ ကိုယ်တိုင်ထိမပေါက်ဘူးသောကြောင့် ထီပေါက်သူတို့၏စိတ်၌ ဝမ်းမြောက်ခြင်းမည်မျှကြီးမားမည်ကို မမှန်းဆနိုင်သော်လည်း မိမိအလုပ်ရခြင်းအတွက် ဝမ်းမြောက်ခြင်းမှာ ထီပေါက်ရသည်ထက်ပင် ပို၍ဝမ်းမြောက်မိသကဲ့သို့ အောက်မေ့မိလေ၏။ ဘကွန်းမှာလည်း မပြုံးကြည်အလုပ်ရအောင် ဆောင်ရွက်ပေးလိုက်ရခြင်းအတွက် ကျေနပ်လျက်ရှိကာ မပြုံးကြည်အား ထိုင်၍အလုပ်လုပ်ရန် နေရာစားပွဲစသည်များကို ပြသညွှန်ကြားရင်း ၎င်းနှင့်စကားပြောရခြင်းကို ဝမ်းမြောက်၍မဆုံးနိုင်ဘဲရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်လက်ဖက်ရည်သောက် ခေတ္တအလုပ်ဆင်းချိန် ဘကွန်းသည် အပေါ်အင်္ကျီကို လျှို၍ဝတ်ရင်း မပြုံးကြည်အလုပ်လုပ်သည့်နေရာဆီသို့ လှမ်းကြည့်ကာ အပြင်သို့ထွက်ရန် ပြင်ဆင်၍ထားမထားကို ကြည့်လိုက်ရာ စားပွဲတွင်အလုပ်ကြိုးစားလုပ်ကိုင်နေသည်ကို တွေ့ရသောကြောင့် အနားသို့ ကပ်ရောက်သွားပြီးလျှင် 'မပြုံးကြည်၊ အလုပ်လုပ်ရတာ ပျော်ရဲ့လား'ဟု မေးလိုက်လေ၏။

'ပျော်ပါတယ်ရှင်… သိပ်ပျော်တာပဲ၊ အခုလောက်ပျော်တာ တစ်ခါမျှမတွေ့သေးဘူး'

'နို့… မပြုံးကြည်၊ မုန့်ကလေးဘာကလေးစားရအောင် အပြင်မထွက်တော့ဘူးလား'

'ကျွန်မ… ကျန်နေတဲ့အလုပ်ကလေးတွေ လုပ်လိုက်ဦးမယ် စိတ်ကူးနေတယ်'

'မနက်က တိုက်ကိုမလာခင် ထမင်းစားလာခဲ့သလား'

မပြုံးကြည်သည် ခေါင်းခါပြလေ၏။

'အို… အစကပြောရောပေါ့၊ မစားရသေးရင် စောစောက ပြန်စားနိုင်သားပဲ'ဟုဆိုပြီးမှ 'ဒါဖြင့်… အခုအိမ်ပြန်ဖို့ အချိန်မရှိရင် အပြင်ထွက်စားပါဦးလား၊ အလုပ်ကိုပြန်တော့မှ ဖြည်းဖြည်းလုပ်တာပေါ့' ဟုဆိုလေ၏။

မပြုံးကြည်သည် တစ်စုံတစ်ရာကိုပြောရန် ဘကွန်းအားစိုက်ကြည့်နေသော်လည်း စကားမထွက်နိုင်ဘဲရှိသဖြင့် ဘကွန်းက ရိပ်မိကာ 'အို… ပိုက်ဆံမပါလာလို့လား၊ လာပါလေလိုက်ခဲ့ပါ၊ အားမနာပါနဲ့'ဟု ဆိုပြီးနောက် 'စောစောကပြောရောပေါ့ မပြုံးကြည်ရယ်၊ ငွေလိုရင် အက်ဒဗန့် ထုတ်ယူနိုင်သားပေါ့၊ ကဲလေ… ငွေလိုတာ သူဌေးပြန်လာတော့မှ ထုတ်ယူပါ၊ အခုဆာနေရော့မယ်… လာသွားစို့'ဟု ဖွတ်အတင်းခေါ်နေသည့်အတွက် မပြုံးကြည်မှာ အားနာစွာငြင်းပယ်သော်လည်းမရဘဲ လိုက်ပါသွားရလေ၏။

မပြုံးကြည်မှာ မိမိအား အလုပ်ရအောင်ပြုလုပ်ဆောင်ရွက်ပေးခြင်းအတွက် များစွာကျေးဇူးတင်၍မဆုံးနိုင်ဘဲရှိသည့်အထဲက ယခုကဲ့သို့



နေ့လယ်စာစားရန်ခေါ်ပြန်သည့်အခါ သာ၍ပင်ကျေးဇူးတင်မိကာ ဘကွန်း၏ကျေးဇူးကို မိမိတစ်သက်တွင် ဘယ်ပုံဘယ်နည်းနှင့် ကျေးဇူးဆပ်၍ကုန်နိုင်ပါမည်နည်းဟု စဉ်းစား၍မရအောင်ရှိစေလေတော့၏။

ဘကွန်းသည် မပြုံးကြည်အား သာမန်လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်သို့ခေါ်၍မသွားဘဲ မုန့်တိုက်ကြီးတစ်ခုသို့ခေါ်၍သွားကာ စေတနာဒလဟော ယိုဖိတ်စွာဖြင့် ရက်ရက်ရောရော မှာယူကျွေးမွေးလေ၏။ မပြုံးကြည်သည် မျက်နှာချင်းဆိုင်လျက် လက်ဖက်ရည်နှင့်မုန့်များကို အတူတူစားသောက်ရင်း တစ်ချက်တစ်ချက် ဘကွန်း၏မျက်နှာကို မော်၍ကြည့်ကာ ထိုသို့မော်ကြည့်မိသည့်အခါတိုင်း မျက်နှာကို ရုတ်တရက်လွှဲ၍မရဘဲ ခပ်ကြာကြာကလေး စိုက်၍စိုက်၍ကြည့်နေမိလေ၏။ ဘကွန်းကလည်း မပြုံးကြည်၏မျက်နှာကို မကြာမကြာ စိုက်၍ကြည့်မိရာ အမြဲလိုလိုပင်အကြည့်ချင်းဆုံမိလေ၏။ သို့ရာတွင် ထိုသို့အကြည့်ချင်းဆုံမိသည့်အခါတိုင်း မျက်နှာလွှဲရှောင်၍သွားခြင်းမရှိဘဲ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ပြုံးမိလေ့ရှိကြလေ၏။ သို့သော် မပြုံးကြည်၏ပြုံးခြင်းမှာ ရှက်သွေးနှောလျက်ရှိသည်ကို မသိမသာတွေ့ရလေ၏။

ယခုအကြိမ် လက်ဖက်ရည်သောက်ကြခြင်းသည်ကား အကြိမ်ပေါင်းများစွာ၊ နေ့လယ်စာအတူတူစားသောက်ကြခြင်း၏ ပထမဦးဆုံးအကြိမ်ပင်ဖြစ်ပေတော့၏။ ဘကွန်းမှာ မပြုံးကြည်မပါလျှင် နေ့လယ်စာမစားတတ်သကဲ့သို့ရှိပေ၏။ မပြုံးကြည်မှာကား ထိုသို့ ဘကွန်းကျွေးမွေးခြင်းကိုအကြိမ်များစွာစားသောက်ရခြင်းအားဖြင့် အားနာမိသဖြင့် တစ်ခါတစ်ရံမလိုက်လိုသော်လည်း ဘကွန်း၏စေတနာကို မပိတ်ပင်လိုသောကြောင့်ခေါ်တိုင်းလိုလိုပင် လိုက်မိပေ၏။ ၎င်း၏စိတ်ထဲ၌ မိမိကျေးဇူးရှင်၏အလိုကိုဆန့်ကျင်ဘက်မပြုလို၍ချေ။ ထိုသို့ ဘကွန်းခေါ်တိုင်း လိုက်ပါနေရခြင်းကိုတိုက်သားများနှင့်တကွ နေ့စဉ်မြင်ကြသူတို့က မိမိအပေါ်တွင် ကဲ့ရဲ့ပြောဆိုကြမည်ကို တွေးတောရိပ်မိသော်လည်း ဘကွန်းစိတ်၌ ကျေနပ်ခြင်းဖြစ်လျှင်မည်သည့်အရာကိုပင် ပြုလုပ်ရစေကာမူ မိမိအတွက်မငဲ့ကွက်ဘဲ လိုက်နာမည်ဟူသောစိတ်ကို ပိုင်းဖြတ်ထားပြီးဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မပြုံးကြည်မှာ တိုက်ရှင်သူဌေးပြီးလျှင် အကြီးအကဲဖြစ်သော ဘကွန်း တစ်ယောက်၏ အကူအညီအစောင်အမရှိနေခြင်းကြောင့် အလုပ်လုပ်ရာတွင် များစွာစိတ်ထက်သန် ပွင့်လင်းလျက်ရှိကာ အလုပ်ကိုလည်း အထူးကြိုးစား လျက် လက်ရေးတိုကိုလည်း ကျင်လည်စွာတတ်အောင် အလုပ်လုပ်ရင်း ကြိုးစား၍သင်လေ၏။ ဘကွန်းကလည်း နေ့လယ်စာစားရန် ထွက်သည့် အချိန်တိုင်း တစ်နေ့လျှင် ၁၅မိနစ်ခန့်မျှ လက်ရေးတို အမြန်လိုက်နာရေးမှတ်ခြင်း ကျင့်သားရစေရန် သင်ကြား၍ပေးသည့်အတွက် နှစ်လမကြာမီပင် မပြုံးကြည် မှာ အလုပ်ကိုကောင်းစွာကျွမ်းကျင်နိုင်နင်းခဲ့လေ၏။

ဦးအောင်ညွန့်မှာ မပြုံးကြည်၏အလုပ်နိုင်နင်းခြင်းကို တွေ့ရသဖြင့် များစွာကျေနပ်နှစ်သက်၍မဆုံးဘဲရှိလေ၏။ သို့ရာတွင် မိမိ၏ ကျေနပ်နှစ်သက် ခြင်းကို ပါးစပ်ဖြင့် ဖွင့်ဟ၍မပြောဘဲ အရေးကြီးသောအလုပ်များကို လွှဲအပ် လေ့ရှိကာ အလုပ်များကိုပို၍ပို၍ပေးခြင်းအားဖြင့် ဦးအောင်ညွန့် သဘောကျ ကြောင်းကို ကောင်းစွာသိသာနိုင်ပေ၏။ မပြုံးကြည်သည် မည်သည့်အခါမျှ အလုပ်များသည်ဟု မညည်းမညူဘဲ ကြိုးစားအားခဲ၍ အလုပ်လုပ်သည့်အတွက် နှစ်လမျှကြာရုံနှင့်ပင် လခတိုး၍ရခဲ့လေ၏။

လခတိုးသည့်နေ့သို့ကျရောက်ခါမှ ဦးအောင်ညွန့်သည် မပြုံးကြည်နှင့် ဘကွန်းတို့ကိုခေါ်ပြီးလျှင် ဘကွန်းအား မိမိပြောမည့်စကားထဲတွင်ကြားဝင်၍ မစွက်ရန် မျက်နှာအရိပ်အကဲပြလိုက်ပြီးနောက် မပြုံးကြည်ဘက်သို့လှည့်၍…

'မပြုံးကြည်‥ မင်းကို ဒီလကစပြီး လခတိုးပေးလိုက်တယ်၊ မင်းဟာ ဦးလေးအလုပ်မှာ အင်မတန်အသုံးဝင်တယ်ဆိုတာ ဦးလေးတို့သိပြီ၊ မင်း အလုပ်တွေကို အထူးပဲသဘောကျတယ်၊ ဒီတိုက်မှာ ကာလအပိုင်းအခြားမရှိ အလုပ်ကို ဆက်လက်လုပ်ကိုင်ဖို့ကိုလဲ စိတ်ပိုင်းဖြတ်စေချင်တယ်' ဟု ဆိုလိုက် ပြီးနောက်…

'ဒီနေ့အထိ ဦးလေးမှာ အလုပ်အတွက် စာရေးမတွေ့နဲ့ချည်း အခက် အခဲ တွေ့နေရတယ်၊ သူတို့ကိုခေါ်ပြီး အလုပ်ခန့်လိုက်လို့ အလုပ်ကလေး တစ်ခု နိုင်နိုင်နင်းနင်း လုပ်နိုင်လာပြီလို့ဆိုရင် မကြာပါဘူးဗျာ…၊ လင်ယူရ



အောင် အလုပ်ကထွက်ကြချည်းပါရော့ပဲ၊ ဦးလေးတို့တိုက်ကို အောင်သွယ် ကုမ္ပဏီများအောက်မေ့ပြီး လာနေကြရော့လားမသိဘူး၊ အင်း… မပြုံးကြည် အတွက်တော့ ဒါကိုဖြင့် မစိုးရိမ်ရဘူးလို့ ထင်တာပဲ' ဟု ပြောပြလေ၏။

'ဟုတ်ကဲ့… စိတ်ချပါ' ဟု မပြုံးကြည်က တွေတွေကြီးလုပ်၍ ပြောလိုက်လေ၏။

'တနင်္ဂနွေနေ့ညနေက မပြုံးကြည်ကို ယောကျ်ားပျိုလေးတစ်ယောက် နဲ့ ရုပ်ရှင်ရုံတစ်ရုံရှေ့မှာ မြင်လိုက်သလားလို့ အောက်မေ့တယ်'

မပြုံးကြည်မှာ မျက်နှာပျက်မသွားရအောင် မနည်းထိန်းချုပ်၍ နေလိုက်ရပြီးလျှင် ဘကွန်း၏မျက်နှာကိုမော်ကြည့်ကာ အကဲခတ်လိုက်လေ၏။ ဘကွန်းသည် မျက်ခုံးချီလျက် ဦးအောင်ညွန့်ကိုသာ စိုက်ကြည့်နေလေ၏။

'ဒီသူငယ်ရဲ့မျက်နှာဟာ မောင်ဘကွန်းနဲ့ တထေရာတည်းပဲ သိပ်တူ တာပဲ'

ဘကွန်းသည် ဘာမျှဝင်၍မပြောဘဲ ပြုံး၍နေလိုက်လေ၏။

'မပြုံးကြည်၊ ဦးလေးပြောတဲ့စကား ကြားပြီမဟုတ်လား၊ ဒီတိုက်ဟာ အလုပ်တိုက်ဖြစ်တယ်၊ အောင်သွယ်ကုမ္ပဏီမဟုတ်ဘူးဆိုတာ စွဲစွဲမြဲမြဲ မှတ်ထားစမ်းပါ၊ ဟုတ်လား'

'ကောင်းပါပြီရှင်' ဟု ရှေးကထက်ပို၍ တွေဝေလေးကန်စွာ ဖြေလိုက် လေ၏။

ထို့နောက် ဘကွန်းဘက်သို့လှည့်၍ 'မင်းဘာမှလုပ်စရာ မရှိဘူးလား' ဟုမေးရာ 'ဦးလက်ချာရိုက်ပြီးရင် မပြုံးကြည်ကို မုန့်စားထွက်ရအောင် ခေါ်မလို့' ဟု ပြောလိုက်သဖြင့် ဦးအောင်ညွန့်လည်း မပြုံးတပြုံးလုပ်ကာ 'ကဲ… သွားတော့၊ သွားကြတော့' ဟု နှစ်ယောက်စလုံးကို ခွင့်ပြုလိုက်လေ၏။

လက်ဖက်ရည်စားပွဲတွင် အတူတူထိုင်မိကြသောအခါ ဘကွန်းသည် စားသောက်စရာများကိုမှာယူပြီးနောက် များစွာစကားမပြောဘဲ တွေဝေစဉ်းစား ၍နေလေ၏။

ဘကွန်းမှာ မပြုံးကြည်အား စ၍တွေ့သည့်နေ့ကတည်းကပင် မေတ္တာ စိတ်များပွားများလာခဲ့ပေ၏။ သို့ရာတွင် မိမိ၏မေတ္တာရှိခြင်းကို ဖွင့်ဟ၍မပြောရဲ

www.burmeseclassic.com



သဖြင့် ထိုစကားကိုပြောရန် အောင့်အည်းလာရသည်မှာ ကြာခဲ့ပြီဖြစ်ပေ၏။ ထိုသို့မပြောရဲခြင်းမှာ မည်သည့်စကားကစ၍ ပြောရမည်ကို စဉ်းစား၍မရနိုင် ပြောစရာစကားမှာ ပါးစပ်ထဲက မထွက်နိုင်ခြင်းကြောင့် ဖြစ်ရသည့်အပြင် မိမိ၌သားမယားတစ်ယောက်ကို မိမိစိတ်ရှိသလောက် ပြုစုကျွေးမွေးသုတ်သင် ဆင်ပြင်နိုင်လောက်အောင် လခမတောင့်တင်းသေးသည်ကို စဉ်းစားတွေးတော နေမိခြင်းအားဖြင့် ပြောမည်ကြံတိုင်း မထွက်နိုင်ဘဲရှိခြင်းကြောင့်ပင်ဖြစ်ပေ၏။

ထိုနေ့တွင်ကား ဘာပဲဖြစ်ဖြစ် မိမိဖွင့်ဟ၍ပြောတော့မည်ဟု စိတ်ကူး မိပေ၏။ ထိုနောက်မှ ယခုဖွင့်ဟ၍မပြောသေးဘဲ မိမိ၏လစာလောက်နှင့် မပြုံးကြည်၏စိတ်တွင် ကျေနပ်စွာပေါင်းသင်းနိုင်ပါမည်လောဟု ဦးစွာ ထောက်စမ်းဖို့ရန်အကြံပြုလိုက်မိလေ၏။

'အခုကာလမှာ ယောကျ်ားများအိမ်ထောင်ပြုမယ်ဆိုရင် လက်ထဲမှာ ငွေအများကြီးရှိဖို့လိုတာပဲနော်၊ ရှေးတုန်းကဆိုရင် ခန်းဝင်ပစ္စည်းအနည်းအကျဉ်း ဝယ်နိုင်တယ်ဆိုရင် ပြီးတာပဲ၊ အခုကာလတော့ ပကာသနတွေကလဲ တယ်ပြီး များတော့ အနည်းဆုံးငွေတစ်ထောင်၊ ထောင့်ငါးရာလောက် အကုန်မခံနိုင်ရင် ဒီမင်္ဂလာဆောင်ဟာ လူရာမဝင် အင်မတန်မျက်နှာငယ်တာပဲ'

မပြုံးကြည်သည် စကားအဆက်အသွယ်မရှိဘဲ ရုတ်တရက်ဖောက်၍ ပြောလိုက်သောစကားကိုကြားလိုက်ရသည်တွင် အံ့အားသင့်ကာ စိုက်ကြည့် နေမိပြီးမှ 'ဟုတ်တာပဲ… ခေတ်ချင်းကလဲ တူမှမတူတော့ဘဲကိုး'ဟုဆိုပြီး နောက် 'ကိုဘကွန်း အိမ်ထောင်ပြုမယ်လို့ စိတ်ကူးနေသလား'ဟု မေးလိုက်လေ ၏။

'အင်း… ဟုတ်တယ်'ဟု ဘကွန်း၏အဖြေကိုကြားလိုက်ရလျှင် မပြုံးကြည်မှာ နည်းနည်းမျှမကြည်နိုင်တော့ဘဲ မျက်လုံးပြူးလျက် မျက်နှာ ပျက်၍သွားလေ၏။

မပြုံးကြည်မှာလည်း ဘကွန်းကို ကျိတ်၍နှစ်သက်လျက်ရှိကာ တစ်နေ့လျှင် မိမိအား ဘကွန်းက ချစ်ကြိုက်စကားပြောခြင်းကို ကြားရလိမ့်မည် ဟု မျှော်လင့်မိခဲ့သည့်ပြင် ထိုသို့ ဘကွန်းပြောလိုက်လျှင် ငြင်းပယ်ခြင်းမပြုရန်



စိတ်ပိုင်းဖြတ်ထားခဲ့မိပေ၏။ သို့ရာတွင် ဘကွန်း၏ပါးစပ်မှ ယခုကဲ့သို့ ကြားလိုက်ရသောအခါ မျှော်လင့်ထင်မြင်ချက်များမှာ အလုံးစုံပျက်ပြား ပျောက်ကွယ်၍သွားပြီးလျှင် များစွာဝမ်းနည်း ညှိုးငယ်ခြင်းဖြစ်မိလေတော့၏။

'ဒါပေမယ့် ကျုပ်ချစ်တဲ့မိန်းကလေးကို တွေ့ရုံပဲတွေ့ရသေးတယ်၊ ယူဖို့ပြုဖို့ မပြောရသေးပါဘူး'ဟု ဘကွန်းက ဆက်လက်၍ပြောပြလေ၏။

'နို့… ဘာဖြစ်လို့ မပြောသေးသလဲ၊ အိမ်ထောင်ပြုဖို့ စိတ်ကူးပြီး ပြီမဟုတ်လား'

'ခက်တာက… လက်ထဲမှာ ငွေ စုမိဆောင်းမိ မရှိသေးလို့ပါဘဲ၊ ကိုယ့်လက်ထဲမှာ ဘာမှမရှိသေးဘဲနဲ့ အိမ်ထောင်ပြုဖို့စကားပြောလို့ မတော် သေးဘူးထင်တာဘဲ'

'ဒီလိုဆိုရင်လဲ၊ သူလဲ ကိုဘကွန်း ငွေ စုမိဆောင်းမိရှိအောင် စောင့်နိုင် ဦးမှပေါ့၊ ဘယ်နှယ့်လဲ… သူ့ကြည့်ရတာ စောင့်နိုင်ပုံမပေါ်ဘူးလား'

ဘကွန်းသည် ထိုအမေးကိုတိုက်ရိုက်မဖြေဘဲ 'ကျုပ်တော့ တစ်နည်း နည်းနဲ့ ငွေကိုရအောင်အရင်လုပ်ချင်တာပဲ၊ တရားသောနည်းနဲ့မှမရရင် မတရားနည်းနဲ့ဘဲ ရအောင်လုပ်ရတော့မှာပဲ'ဟု ပြောပြလေ၏။

'ဒီလိုလုပ်မှဖြစ်မယ်၊ ဒီလိုလုပ်ဖို့ လိုတယ်ထင်ရင် ဒီနည်းပဲရှိတာပဲ'

မပြုံးကြည်မှာ ထိုနေ့အဖို့ များစွာစကားမပြောချင်တော့ပေ။ စိတ်နှလုံးထွေမှိုင်လျက် ရှုပ်ထွေး၍နေလေတော့၏။ ဘကွန်းသည် ဆက်၍ မပြောတော့ဘဲ နှစ်ယောက်စလုံးအလုပ်တိုက်သို့ ပြန်၍ရောက်သည့်တိုင်အောင် တိတ်ဆိတ်ငြိမ်သက်စွာ ပြန်ခဲ့ကြလေ၏။

မပြုံးကြည်မှာ ဘကွန်းသည် အခြားမိန်းကလေးတစ်ယောက်အပေါ် တွင် မေတ္တာရှိနေသည်ကိုသိရသည့်အတွက် များစွာစိတ်မကောင်းဖြစ်မိ သော်လည်း ဤကိစ္စတွင် မိမိမှာ မနာလိုဖြစ်မိ၍ မထူးတော့ပြီ။ မိမိ၏ ကျေးဇူးရှင်၏အလိုဆန္ဒပြည့်ဝအောင် မိမိတတ်နိုင်သည့်နည်းအားဖြင့် ကူညီဖို့ ရန်သာရှိတော့သည်ဟု စိတ်ပိုင်းဖြတ်လိုက်မိပေ၏။ သို့ရာတွင် မိမိမှာ ဘာမျှ ဥစ္စာပစ္စည်းမရှိ၊ ဘကွန်း၏စောင်မခြင်းကြောင့်ပင် ဤအလုပ်ကိုရခဲ့ရာ ဘကွန်း သာလျှင် မိမိအား စောင်မကူညီနိုင်၍ မိမိကမူ ဘကွန်းအား ကူညီစောင်မ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖို့ရန် များစွာခဲယဉ်းသည်ကို အစဉ်းသားသိလေ၏။ သို့သော် မိမိတတ်နိုင်မည့်ဘက်က အကူအညီလာ၍တောင်းလျှင်ကား ဘယ်အခါမျှငြင်းပယ်ခြင်း မပြုဖို့ရန်ကို စိတ်လုံးလုံးဖြတ်လိုက်လေ၏။

တိုက်သို့ပြန်၍ရောက်သောအခါ ဦးအောင်ညွန့်သည် မပြုံးကြည်အား ခေါ်၍ အလုပ်ပေးပြီးလျှင် 'ဒီနေ့တော့ မပြုံးကြည် နည်းနည်းကလေး နောက်ကျပြီးမှ အလုပ်ဆင်းရလိမ့်မယ်ထင်တယ်၊ ဒီအလုပ်တွေ ဒီကနေ့ပြီးဖို့ အရေးကြီးတယ်၊ မနက်ဖြန်မနက်ကို အသင့်ဖြစ်စေရမယ်… ဟုတ်လား'ဟု ပြောပြီးနောက် 'အဲဒါတွေ လုပ်ပြီးလို့ရှိရင် အာမခံသေတ္တာထဲမှာ သိမ်းထားခဲ့၊ နောက်ပြီး သေတ္တာပိတ်ခဲ့ဖို့ကိုလဲ မမေ့နဲ့နော်'ဟု အသေအချာမှာခဲ့လေ၏။

ညနေအလုပ်ဆင်းချိန်တွင် ဘကွန်းသည် မပြုံးကြည်အနားသို့ ရောက်ရှိလာပြီးလျှင် အလုပ်နှင့်လက်မပြတ်သေးသော မပြုံးကြည်ကို မြင်ရသဖြင့် 'မပြုံးကြည် ဒီအလုပ်တွေ အရေးကြီးလို့လား'ဟု မေးလိုက်၏။

'ဟုတ်ကဲ့… ဒီကနေ့အပြီးလုပ်ဖို့ မှာသွားတယ်'

'ဒါဖြင့် ဘယ်လောက်လောက်ကြာအောင် လုပ်ရဦးမှာလဲ'

'သိပ်မကြာပါဘူး… အလွန်ဆုံးကြာမှ တစ်နာရီလောက်ပါပဲ'

'ဒါဖြစ်ရင် မပြုံးကြည် မပျင်းရအောင် အနားကထိုင်ပြီးစောင့်နေမယ်၊ စိတ်ဆိုးဦးမှာလား'ဟု ဘကွန်းက ပြုံးရယ်၍မေးလိုက်လေ၏။

'အို… စိတ်မဆိုးပါဘူး၊ ကျွန်မအလုပ်ကို အနှောင့်အယှက် မဖြစ်ရင်ပြီးတာပဲ'

ဘကွန်းသည် စားပွဲကြီးတစ်လုံးတွင် သူ့ဗွေးဂိုက်နှင့်ဝင်၍ထိုင်ကာ မပြုံးကြည်အလုပ်လုပ်ကိုင်နေပုံကို စိမ့်စိမ့်စားစားစိုက်၍ ကြည့်နေလေ၏။

အတန်ကြာသောအခါ ဘကွန်းသည် ထိုင်ရာမှထသွားကာ 'ပြီးပြီ လား'ဟု မပြုံးကြည်အား မေးလိုက်လေ၏။

'ပြီးပါပြီ… နို့ပေမယ့် ဒီစာတွေ အာမခံသေတ္တာထဲမှာ ထည့်ခဲ့ ရဦးမယ်'

'ဒါဖြင့်ရင် ကျုပ်ထည့်လိုက်ပါမယ်၊ မပြုံးကြည်သာ လုပ်စရာရှိတာ ပြင်ဆင်ထားတော့'



ဘကွန်းသည် စာရွက်များကိုယူ၍သွားလေရာ မပြုံးကြည်သည် လက်ကိုင်သားရေအိတ်ကလေးကို ဖွင့်၍မှန်ကြည့်လျက် မျက်နှာ၌ချွေးစို့၍ ပျက်ကွက်နေသည့်ပေါင်ဒါများကို တို့ပတ်ရိုက်ရာက ဘကွန်းအား လှမ်း၍ ခေါ်လိုက်ပြီးလျှင် 'ကိုဘကွန်း၊ သေတ္တာကိုသေသေချာချာ ပြန်ပြီးပိတ်ဖို့ မမေ့ပါနဲ့နော်'ဟု မှာလေ၏။

'အို… စိတ်ချ၊ မှာတဲ့အတိုင်းဖြစ်စေရမယ်'

များမကြာခင် နှစ်ယောက်သား အလုပ်တိုက်ထဲမှဆင်းလာကြကာ အတော်ဝေးကွာသည့်နေရာသို့ရောက်ကြသည့်တိုင်အောင် ခြေလျင်လျှောက် လာပြီးမှ ဘကွန်းက 'မပြုံးကြည် အခုညနေ ရုပ်ရှင်ပွဲသွားပြီးကြည့်ရအောင်' ဟုပြောလေ၏။

'ဒီလိုဆိုရင် ကျွန်မ အိမ်ပြန်ပြီးပြောခဲ့ဦးမှဖြစ်မယ်၊ နို့ပြီး ထမင်းလဲ မစားရသေးဘူး'ဟု ပြောလိုက်သဖြင့် 'ဒါဖြင့် လာ… တက္ကစီနဲ့သွားကြမယ်၊ ထမင်းတော့ မြို့ထဲပြန်ရောက်မှပဲ ဆိုင်တစ်ဆိုင်ဆိုင်မှာ စားတာပေါ့'ဟု ဘကွန်းကပြောပြီးလျှင် လမ်းတစ်ဖက်တွင် စီတန်း၍ရပ်ထားသောတက္ကစီ များကိုကြည့်ကာ ကားတစ်စင်းကို လေချွန်၍ ခေါ်လိုက်ပြီးနောက် တက်ရောက် ထွက်ခွာသွားကြလေ၏။

နောက်နေ့နံနက်တွင် မပြုံးကြည်မှာ များစွာစိတ်မချမ်းမသာဖြစ်၍ နေလေ၏။ ထိုသို့ စိတ်မချမ်းမသာဖြစ်ရခြင်းမှာ ဦးအောင်ညွန့်သည် မြင်မြင်ရာ လူများကိုခေါ်၍ ဆူပူကြိမ်းမောင်းနေခြင်းကြောင့်ဖြစ်လေရာ ယမန်နေ့ညနေက မိမိမှာ သွားချင်ပြန်ချင်ဇောနှင့် အလုပ်ကိုကစန်းကတန်း လုပ်ခဲ့မိသည့်အတွက် အမှားအယွင်းများရှိနေလေမည်လားဟု စိုးရိမ်ပူပန်မိခြင်းဖြစ်ပေ၏။

မကြာမီ မိမိအား ဦးအောင်ညွန့်ကခေါ်သည်ကိုသိရလျှင် မိမိထင်မြင် သည့်အတိုင်း ဟုတ်ပြီဟုအောက်မေ့မိကာ ကြောက်ရွံ့စွာ ဝင်၍သွားလေ၏။

ဦးအောင်ညွန့်သည် မပြုံးကြည်လုပ်ထားသည့်အလုပ်များကို ကြည့် လျက် စာရွက်များကို 'ဖြန်းခနဲ… ဖြန်းခနဲ'ဆွဲလှန်နေလိုက်ပြီးမှ 'အင်း… မပြုံးကြည်အတော်သားကပဲ၊ မနေ့က အာမခံသေတ္တာပိတ်ဖို့ မမေ့ခဲ့ပါဘူး'ဟု ဆိုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ… မပိတ်ခဲ့ပါဘူး၊ ကိုဘကွန်း ပိတ်ခဲ့တာပါ'

'ဘာ… ဘကွန်း… ဟုတ်လား၊ သူက ဘာလာပြီးလုပ်တာလဲ'

'ဟုတ်ကဲ့… ကျွန်မကိုလာပြီး စောင့်နေတာပါ'

'ဩော်… ပျင်းမှာစိုးလို့ကိုး'ဟု ဦးအောင်ညွန့်က ပြောလိုက်လေ၏။ ၎င်း၏လေသံမှာ သရော်သည့်အသံမျိုးကဲ့သို့ရှိလေ၏။ ထို့နောက်မှ ၎င်း၏မျက်နှာမှာ ပြောင်းလဲ၍လာကာ 'ငွေတွေဘယ်မလဲ'ဟု မပြုံးကြည်အား မေးလေ၏။

မပြုံးကြည်မှာ မျက်နှာပျက်လျက် 'ဘာငွေတွေလဲ'ဟု မေးလိုက်လေ၏။

'ဘာငွေတွေရမှာလဲ… မနေ့က အာမခံသေတ္တာထဲ ထားခဲ့တဲ့ငွေတွေပေါ့၊ အခုမရှိတော့ဘူး၊ ပျောက်နေပြီ၊ ဘယ်သူ'ဟုဆိုပြီးမှ စကားကိုမဆက်ဘဲ စားပွဲတင်ခေါင်းလောင်းကို ဆက်ကာဆက်ကာ လက်နှင့်ရိုက်နှိပ်လျက် 'မောင်ဘကွန်း'ဟု ကျယ်လောင်စွာအော်၍ ခေါ်လိုက်လေ၏။

ဘကွန်းသည် ချက်ချင်းပင်ရောက်လာပြီး 'ကျွန်တော့်ကို ခေါ်တယ်ထင်တယ်'ဟု ဆိုလေ၏။

'ထင်မနေပါနဲ့… ခေါ်တယ်… ခေါ်တယ်၊ ငွေတွေဘယ်မှာလဲ'

'ဘာငွေတွေလဲ'

'ဘာငွေတွေလဲ… ဘာငွေတွေလဲ၊ တစ်ယောက်လာရင်လဲ ဘာငွေတွေလဲ… ဘာငွေတွေမှမဟုတ်ဘူး၊ ပဋ္ဌမမြောက်ကျော့ဘုရင် ရုပ်ပုံတွေနဲ့ငွေတွေ၊ မနေ့ကငါထည့်ထားခဲ့တယ်၊ မင်းဒီငွေတွေ ဘာလုပ်ပစ်သလဲ'

'ဘာမှမလုပ်ရပါကလား… ခင်ဗျာ'

'မင်း… ဒီငွေတွေမမြင်ဖူးလား'

'ရှိမှန်းတောင်မသိဘူး'

ဦးအောင်ညွန့်မှာ များစွာဒေါသထွက်လာပြီးလျှင် 'မနေ့က ငါအလုပ်ကမပြန်ခင် အာမခံသေတ္တာထဲမှာထည့်ပြီး ထားရစ်ခဲ့တယ်၊ ဒီသေတ္တာအနားကို မင်းနဲ့မပြုံးကြည်ပဲ ကပ်နိုင်တယ်၊ မနေ့ကလဲ မင်းတို့နှစ်ယောက်ပဲ



နောက်ဆုံးကျန်ရစ်ခဲ့ကြတာပဲ၊ မင်းတို့နှစ်ယောက် တစ်ယောက်ယောက်ယူမှာပဲ၊ ဘယ်သူယူသလဲ'ဟု မေးလိုက်လေ၏။

'ဒါဖြင့် ကျွန်တော်တို့ကို သူခိုးလို့စွပ်စွဲနေတာပေါ့လေ'

'ငါစွပ်စွဲနေတာမဟုတ်ဘူး၊ ဟုတ်တာပြောနေတာ၊ မင်းတို့မှမယူရင် ဘယ်သူယူမလဲ၊ ပြောပြော… ဘယ်သူယူသလဲ ဘာလုပ်စရာရှိလို့ယူတာလဲ'

'မဟုတ်ပါဘူး၊ တစ်ခုခုမှားလို့ ဖြစ်ပါလိမ့်မယ်၊ အထားပဲမှားသလား၊ အထင်ပဲမှားသလား၊ ကျွန်တော်တော့ဖြင့် မနေ့ညနေက ရှင်းရှင်းကိုပဲမမြင်မိဘူး' ဦးအောင်ညွန့်သည် မပြုံးကြည်ဘက်သို့ လှည့်ကာ 'ဘယ်နှယ့်လဲမပြုံးကြည်'ဟု မေးလိုက်လေ၏။

မပြုံးကြည်သည် ရုတ်တရက်ဘာမျှပြန်၍မပြောသေးဘဲ ဘကွန်း၏မျက်နှာကိုကြည့်နေလိုက်လေ၏။ ထိုသို့ကြည့်လိုက်ရာတွင် ယမန်နေ့ကလက်ဖက်ရည်သောက်ကြစဉ် တရားသောနည်းနှင့်ပင်ရရ၊ မတရားသဖြင့်ရရငွေရအောင်ရှာမည်ဟု ဘကွန်းပြောသောစကားသံများကို ကြားယောင်မိလေ၏။ သို့ဖြစ်၍ ဘကွန်းသည် ငွေကိုအလွန်လိုချင်နေသည့်အတွက် ယူလိုက်မိခြင်းဖြစ်ပေတော့မည်။ မိမိမှာ ဤနေရာတွင် ဘကွန်းအား ကာကွယ်ခြင်းအားဖြင့်ဘကွန်း၏အလိုကိုဖြည့်ကာ ကျေးဇူးဆပ်နိုင်ပေတော့မည်ဟု နှလုံးပြုမိလေ၏။

မပြုံးကြည်သည် ဦးအောင်ညွန့်ဘက်သို့ပြန်၍လှည့်ကာ 'ဦးလေးကျွန်မ… ကျွန်မ'ဟုပြောရင်းက ဆက်၍မပြောနိုင်တော့ဘဲ တစ်ကိုယ်လုံးတုန်၍နေတော့၏။

ဦးအောင်ညွန့်သည် မိမိစွပ်စွဲချက် မှန်ပြီဟုကျေနပ်သည့်အမူအရာမျိုးဖြင့်ပြုံးကာ 'မပြုံးကြည်ယူမိသလား… ဟုတ်သလား၊ မကြောက်နဲ့လေဖွင့်သာပြောပါ၊ ဘာလုပ်ပစ်တယ်ဆိုတာကိုပဲ သိချင်တယ်'ဟုဆိုလေ၏။

'ကျ… ကျွန်မ… ဘာမှလုပ်မပစ်ပါဘူး၊ ကျွန်မအကြွေးကြီးဆပ်စရာရှိလို့ပါ၊ နောင်ကိုပြန်ပေးဖို့ ကျွန်မစိတ်ကူးထားပါတယ်'ဟု ပြန်၍ပြောရာက မပြုံးကြည်သည် မိမိအား ဦးအောင်ညွန့်က စိုက်ကြည့်လိုက်သည်ကို တွေ့ရသည့်အတွက် အကြည့်ချင်းရှောင်လွဲကာ ခေါင်းငုံ့၍နေလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ညွှန့်သည် စိတ်ထဲမှပါးစပ်သို့ရောက်အောင် ထွက်ပေါ်လာသောဒေါသကို အံကြိတ်၍ပိတ်ဆို့ထားလိုက်ရသကဲ့သို့ 'ဟင်း... 'ဟူသောအသံကိုပြုလိုက်လေ၏။

'မဟုတ်ဘူး... မဟုတ်ဘူး၊ မပြုံးကြည်ယူတာမဟုတ်ဘူး၊ တစ်ခုခုအမှားအယွင်းရှိနေပြီထင်တယ်၊ ဘယ်နည်းနဲ့မှ မပြုံးကြည် မယူဘူးဆိုတာ'ဟု

**ဘကွန်းက တင်းမာစွာပြော၍မှ စကားမဆုံးမီ...**

'မပြုံးကြည်ကိုယ်တိုင်က သူယူမိပါတယ်လို့ ဝန်ခံတဲ့စကားကို ကြားနေရပြီးဖြစ်လို့မှ ဘာအမှားအယွင်းရှိလို့ ဖြစ်စရာရှိတော့သလဲ'ဟု ဦးအောင်ညွှန့်က ဖြတ်၍ပြောလိုက်ပြီးလျှင် 'မင်း ဘာပြောစရာရှိသေးတော့သလဲ'ဟု ဆိုလိုက်လေ၏။

ဘကွန်းမှာ ညှိုးငယ်စိတ်ပျက်သော အမူအရာဖြစ်ပေါ်လာကာ 'တစ်ခုခု အမှားရှိနေပြီထင်တာပဲ၊ သေသေချာချာလဲ ပြန်ပြီးစဉ်းစားကြပါဦး'ဟု လေပျော့သောအသံဖြင့် ပြောလိုက်လေ၏။

သို့ရာတွင် မပြုံးကြည်က 'အို... ဘာမှအမှားမရှိပါဘူး၊ ကျွန်မယူမိတာအမှန်ပါပဲ၊ ကျွန်မမှာ အကြွေးတင်တွေတင်နေလို့ပါ၊ ကျွန်မ တတ်နိုင်တဲ့တစ်နေ့ကျရင် ပြန်ပြီးပေးဖို့ရာကို ရည်စူးပြီးသားပါပဲ၊ ဒီလို ပေးတာမျိုးကိုးကို ဦးလေး လက်ခံမယ်ဆိုရင် ကျွန်မအမှန်ပဲပေးပါ့မယ်'ဟု ပြောလိုက်လေ၏။ ထိုသို့ပြောရာတွင်လည်း မပြုံးကြည်သည် မည်သူ၏ မျက်နှာကိုမှမကြည့်ဘဲ ခေါင်းကိုသာလျှင် အတွင်ငုံ့၍နေလေသည်တော့၏။

ဦးအောင်ညွှန့်သည် မိမိဒေါသကို ဖြေဖျောက်စေရန် မနည်းကြိုးစားအားထုတ်လိုက်ပြီးမှ 'မပြုံးကြည် ဒါလောက်အကြွေးတွေတင်နေတယ်ဆိုရင်လဲ စောစောကပြောရောပေါ့၊ တတ်နိုင်သလိုကူညီမှာပေါ့၊ အခုလဲလေ ပြီးတဲ့ကိစ္စပြီးပါစေတော့၊ မပြုံးကြည်ယူတဲ့ငွေကိုလဲ ဆပ်နိုင်တဲ့အခါမှာ တဖြည်းဖြည်းဆပ်သွားတာပေါ့'ဟု ပြောပြီးလျှင် ဘကွန်းဘက်သို့လှည့်၍ 'ကိုင်း... မောင်ဘကွန်း၊ မင်းအလုပ် မင်းသွားပြီးလုပ်ချေဟုပြော၍ အပြင်သို့ထုတ်လိုက်လေ၏။



ဘကွန်းမှာ အပြင်သို့ရောက်၍ မိမိ၏စားပွဲတွင် ထိုင်မိသောအခါ ကမ္ဘာကြီးတစ်ခုလုံးသည် မိမိ၏အနီးအနားတွင် ကပ်၍ပြိုပျက်သွားသည်ကို ကြားလိုက်ရသကဲ့သို့ပင် အောက်မေ့မိပေတော့၏။ မပြုံးကြည်သည် သူတစ်ပါး၏ပစ္စည်းကို ခိုးယူလေ့ရှိသည့် မိန်းကလေးမျိုးမဟုတ်သည်ကို ဘကွန်းသည် ကောင်းစွာတွေးမိလေ၏။ သို့သော် မပြုံးကြည်၏ပါးစပ်မှ မိမိကိုယ်တိုင်ယူမိပါသည်ဟု ဝန်ခံခြင်းကား ကြားနေရပြီဖြစ်ရာ မပြုံးကြည်မှာ ခိုးတတ်သည့်မိန်းမစားကလေးမျိုးထဲကမဟုတ်ကြောင်းကို ဦးအောင်ညွှန့်အား ပြောပြယုံကြည်စေနိုင်ဖို့ ခဲယဉ်းသည်သာမက မိမိ၏စိတ်ထဲ၌မှာပင် မပြုံးကြည်သည် သူခိုးမကလေးတစ်ယောက်မဟုတ်ဟု ယုံကြည်နိုင်ရန်ကိုပင် အတော်ခက်ခဲနေချေပြီဟု တွေးမိလေ၏။

မပြုံးကြည်သည် ငွေကိုပြန်၍ပေးဆပ်ပါမည်ဟု ကတိပေးသည်ကို မိမိကြားရသည်မှာမှန်၏။ သို့ရာတွင် ထိုသို့ပေးပါမည်ဟု ကတိပြုခြင်းကို ကြားရခြင်းအားဖြင့် မပြုံးကြည်အပေါ်တွင် သူခိုးဟု စွဲမှတ်ထားလိုက်ခြင်းကို ဖျောက်ဖျက်၍မရနိုင်ကြောင်း ကောင်းစွာစဉ်းစားမိလေ၏။ ပြန်၍ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ပိုင်ရှင်မသိဘဲ ငွေကိုတိတ်တဆိတ်ယူခြင်းမှာ သူခိုးဟူ၍စွပ်စွဲလောက်အောင်ပင် ရှိနေသည်ကိုလည်း တွေးမိပြန်လေရာ မိမိမည်သည့်နည်းဖြင့် မပြုံးကြည်၏အပြစ်ကို ပြော၍မရနိုင်သည်ကို သိရှိလေတော့၏။ သို့အားဖြင့် ဘကွန်း၏စိတ်ထဲတွင် မပြုံးကြည်အား သူခိုးမကလေးတစ်ယောက်ဖြစ်သည်၊ မိမိမပိုင်ဆိုင်သည့်ပစ္စည်းကိုယူသော သူခိုးမကလေးတစ်ယောက်ဖြစ်တော့သည်တကားဟု စိတ်ထဲတွင် စဉ်းစားပွားများမိကာ ယူကျုံးမရဖြစ်မိလေတော့၏။

သူခိုးမကလေး.... သူခိုးမကလေးဟူသော စကားသည် ဘကွန်း၏နားထဲတွင် ကုလားဗုံတီးသကဲ့သို့ မခံမရပ်နိုင်အောင်ရှိနေစေလေတော့၏။ သင်း.... ဒီလိုမလုပ်ခင် ငါ့ဆီက အကူအညီတောင်းဖို့ကိုပဲ ဘာပြုလို့ မတွေးလေရောသလဲ၊ ငါ့ကို အားမကိုးလောက်ဘူး ထင်နေလေရော့သလားစသည်ဖြင့် တွေးတောမိခြင်းသည် ဘကွန်း၏စိတ်နှလုံးကို ပို၍ပင်ကြည်းစေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘကွန်းမှာ ထိုနေ့တစ်နံနက်လုံး အလုပ်လုပ်၍ မဖြစ်နိုင်တော့ပေ။ မပြုံးကြည်၏အကြောင်းကို စဉ်းစားလျက်ရှိနေမိခြင်းအားဖြင့် ဦးနှောက်ရှုပ်ထွေး၍နေလေတော့၏။

နေ့လယ်ချိန်လောက်တွင် မပြုံးကြည်သည် ခါတိုင်းကဲ့သို့ အပြင်သို့ မုန့်ထွက်၍စားရန် ဘကွန်း၏အခေါ်ကိုစောင့်မနေတော့ဘဲ တစ်ယောက်တည်း ထွက်သွားလေ၏။ ထိုသို့သွားခြင်းမှာ ခေတ္တသွားခြင်းမဟုတ်ဘဲ အပြီးအပိုင် စွန့်လွှတ်သွားခြင်းပင် ဖြစ်ပေတော့၏။

နောက်တစ်နေ့၌ ဘကွန်းသည် တစ်နံနက်လုံး မပြုံးကြည်အား စောင့်ကြည့်နေသော်လည်း မပြုံးကြည်ပေါ်၍မလာသည်ကို တွေ့ရသည်တွင် ဦးအောင်ညွန့်သည် ခေါင်းကိုညိတ်ပြလိုက်ပြီးလျှင် 'သူက ထွက်ချင်တယ် လုပ်နေတာပဲ၊ အကျိုးအကြောင်းပြောပြလို့လဲ မရဘူး၊ ပြောတာကို နားမထောင်တော့ဘူး၊ ဒါတော့လဲလေ မိန်းမသားပေကိုး၊ ရှက်ရှာတာပေါ့၊ ပြောလို့ဖြေလို့ဘယ်ရနိုင်ပါမလဲ၊ ငါကလဲ ပြောပါတယ်၊ ဒီငွေလောက်နဲ့ အရေးမကြီးပါဘူး၊ စည်းစိမ်လဲမပြုတ်၊ အလုပ်တိုက်လဲ မပျက်နိုင်ပါဘူး ဆိုပေမယ့် သူ့စိတ်ထဲမှာ အခုလို… အခုလို အကြောင်းတွေပေါ်လာပြီးတဲ့နောက်မှာ ဆက်ပြီးအလုပ်မနေချင်တော့ရှာဘူး၊ သူကလဲ ပျောက်သမျှငွေကို တတ်နိုင်တဲ့နေ့ ပြန်ပြီးပေးဆပ်မယ်လို့ ပြောသွားရှာပါတယ်၊ ဒါပေမယ့် ဒီငွေလောက်ကို အရေးမစိုက်ပါဘူး'ဟုပြောပြလေ၏။

'ဒါဖြင့်… ကျွန်တော် ဒီနေ့ညနေ သူနဲ့သွားပြီးတွေ့ဦးမယ်'

'အေး… မင်းတွေ့နိုင်ရင်လဲ ကောင်းသားပဲ၊ ငါကတော့ အခုလို အလုပ်ရည်ဝတဲ့မိန်းကလေးတစ်ယောက်ကို တယ်ပြီးမစွန့်ပစ်ရက်နိုင်ဘူး'ဟု ဦးအောင်ညွန့်က ပြောလိုက်လေ၏။

ဘကွန်းသည် ထိုနေ့ညနေမှာပင် မပြုံးကြည်တို့အိမ်သို့ လိုက်၍သွားလေရာ မပြုံးကြည်သည် တစ်စုံတစ်ရာနှုတ်မပေးဘဲ ချက်ချင်းပြောင်းရွှေ့၍သွားခြင်းကြောင့် မတွေ့ရဘဲရှိလေတော့၏။ အဘယ်အရပ်သို့ ပြောင်းရွှေ့သွားသည်ကိုလည်း မသိရဘဲရှိချေ၏။



ဘကွန်းသည် စိတ်မောလူမောဖြစ်၍သွားကာ တိုက်သို့ပြန်လည်သွားရောက်၍ ဦးအောင်ညွန့်အား အကျိုးအကြောင်းပြောပြရန်ကိုပင် စိတ်မရှိတော့ဘဲ မိမိ၏အသိရှိရာ အနီးဆုံးတယ်လီဖုန်းပြောနိုင်သည့်နေရာသို့ သွားရောက်ကာ ဦးအောင်ညွန့်ထံသို့ ဆက်ပြီးလျှင် အကျိုးအကြောင်း ပြောပြလိုက်လေ၏။ ထိုသို့ပြောရာက ဦးအောင်ညွန့်၏ ပြန်၍ပြောလိုက်သည့် စကားကို နားထောင်ပြီးလျှင် 'မပြုံးကြည် ယူသွားတဲ့ငွေတွေအတွက် ဘယ့်နှယ့် လုပ်မလဲ'ဟု မေးလိုက်လေ၏။

ထိုနောက် ဦးအောင်ညွန့်စကားကို နားစိုက်နေပြီးမှ တစ်ဖန် 'ငွေတွေက… ဘယ်လောက်များသလဲ'ဟု မေးလိုက်ရာ ဦးအောင်ညွန့် အဖြေကိုကြားလိုက်ရသည်တွင် ဘကွန်းမှာ မျက်လုံးပြူး၍သွားလေတော့၏။

ရက်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီဖြစ်သော်လည်း ဘကွန်းသည် မပြုံးကြည်အား အနှံ့အပြားလိုက်လံရှာဖွေသော်လည်း အဘယ်နေရာတွင်မှ မတွေ့ရဘဲရှိချေတော့၏။ ရက်များစွာကြာမြင့်သလောက် ရာသီဥတုမှာလည်း တစ်နေ့ထက်တစ်နေ့ တိုး၍တိုး၍ချမ်းအေးလျက် နှင်းမြူပိတ်ဖုံး ခိုက်ခိုက်တုန်၍မဆုံးနိုင်ဘဲရှိ၍လာလေရာ ဘကွန်းမှာ ဆောင်းတွင်းမီးဖိုကြီးနှင့်ဝေးလျက် အေးစက်စက်စိုတိုတိုဖြင့် လူပျိုကြီးဖြစ်နေရဦးမည်ကို တွေး၍ဝမ်းနည်းလျက် ရှိနေမိလေတော့၏။

ဘကွန်းသည် တစ်နေ့မှစိတ်မပျက်ဘဲ မပြုံးကြည် သွားလေ့သွားထရှိသည့်နေရာများ၊ ရုပ်ရှင်များ၊ ဘုရားပွဲများတွင် လိုက်၍ရှာသော်လည်း ဘယ်မှာမှမတွေ့ရ၊ သတင်းစာထဲ၌ ကြော်ငြာသည့်တိုင်အောင် ဘယ်နေရာကမှ ပြန်စာမလာဘဲရှိလေ၏။

ကံအားလျော်စွာ တစ်နေ့တွင် အလုပ်တိုက်တစ်ခုပေါ်မှ မပြုံးကြည် ဆင်း၍လာခိုက် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရသဖြင့် မပြုံးကြည်ဟု ဝမ်းသာအားရ ခေါ်လိုက်ရာ မပြုံးကြည်သည် ၎င်းကို မြင်ရသည်နှင့်တစ်ပြိုင်နက် ကြောက်ရွံ့ထိတ်လန့်သည့်အမူအရာဖြင့် စိုက်ကြည့်နေမိလေ၏။

'မပြုံးကြည် အလုပ်ရနေပြီလား'

'မရပါဘူး၊ အလုပ်လျှောက်ရအောင် လာတာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် တော်ပါသေးရဲ့၊ မပြုံးကြည်ကို သူဌေးက သိပ်တွေ့ချင်နေတယ်၊ ကျုပ်လဲ လိုက်ရှာတာ နေရာတကာနဲ့နေပြီ'

'ဘာဖြစ်လို့ တွေ့ချင်သတဲ့လဲ'

'ဘာဖြစ်လို့လဲဆိုတာ မသိဘူးလား၊ ပြောဖို့မလိုဘူးထင်တယ်'ဟု ဘကွန်းပြောပြီးမှ 'မပြုံးကြည်၊ ဘာဖြစ်လို့ ဒီငွေကိုယူရတာလဲ'ဟု မေးလိုက်လေ၏။

'ရှင်...'ဟု မပြုံးကြည်သည် အံ့အားသင့်စွာ ပြောလိုက်မိပြီးနောက် 'ကိုဘကွန်းယူတာ... ကိုဘကွန်းအသိသားပဲမဟုတ်လား၊ ကျွန်မကို ပြန်ပြီး မေးနေစရာလိုသေးသလား၊ ကျွန်မကို ဝေါ်ပြတ်နေတဲ့ဘဝက အလုပ်ရအောင် လုပ်ပေးတဲ့ကျေးဇူး ကို ဆပ်ချင်လို့ဝန်ခံပြီး ကိုဘကွန်းအတွက် ကာကွယ်တာကိုပဲ ကျွန်မ ယူတယ်လုပ်ဦးမလား'ဟု ဆိုလေ၏။

'ဘာ... ကျုပ်ယူတယ် ဟုတ်လား'

'နို့... ကိုဘကွန်း ပြောတယ်မဟုတ်လား၊ လက်ထပ်ဖို့ ငွေလိုတဲ့အတွက် ဘယ်နည်းနဲ့ရရ ရအောင်ရှာမယ်လို့ ပြောဖူးတယ်မဟုတ်လား'

ထိုအခါမှ ဘကွန်းသည် ဟက်ဟက်ပက်ပက်ရယ်ကာ 'သြော်... ကျုပ်အတွက် မပြုံးကြည် ကာကွယ်တာကိုး၊ ဒါပေမယ့် တကယ်မယူဘူးဆိုတာလဲ ကျုပ်အစကတည်းက ရိပ်မိပါတယ်၊ နောက်တော့ ဒီငွေဟာလဲ တကယ်ပျောက်တာမဟုတ်ဘဲ ဦးအောင်ညွှန့် အထားမှားလို့ဖြစ်တယ်ဆိုတာ သိရပါပြီ'ဟု ပြောပြလေ၏။

'သြော်... ဟုတ်လား၊ ဒါဖြင့် ကိုဘကွန်းလဲ ယူတာမဟုတ်ဘူးပေါ့'

'ကျုပ်က ဘာလုပ်ဖို့ယူမလဲ မပြုံးကြည်ရယ်...၊ အားလုံးမှ ငွေကလေး ခြောက်ကျပ်တစ်မတ်တည်းပါ၊ အိတ်စောင့်ခြေစောင့်သုံးဖို့ ဦးအောင်ညွှန့်ထားတာပါ၊ အမယ်လေး... ဒီငွေကလေးလောက်နဲ့ မယားတစ်ယောက်ရနိုင်ပါ့မလား'

ထိုအခါမှ မပြုံးကြည်သည် အမည်နှင့်လိုက်အောင် ကြည်လင်ပြုံးရွှင်၍လာနိုင်ကာ 'ဖြစ်မှဖြစ်ရလေရှင်...၊ ကျွန်မက အများကြီးမှတ်လို့



ကိုဘကွန်းအတွက် ကာကွယ်မိတာပဲ၊ နို့... အခုတော့ ငွေမရှိသေးဘူးပေါ့'ဟု ဆိုလေ၏။

'ငွေလား... အခုတော့ လိုတာကိုရပါပြီ၊ ချစ်တဲ့သူကိုသာ မပြောရသေးတာ တစ်ခုပဲကျန်တော့တယ်'

'နို့... ပြောပါတော့လား၊ သူကလဲ သဘောတူလိုက်မှာမှာပါပဲ ထင်ပါရဲ့'ဟု ကိုဘကွန်းသည် မပြုံးကြည်အားကြည့်ကာ ပြုံးပြုံးကြီးလုပ်နေလေ၏။

မကြာမီ... ဘကွန်းနှင့်မပြုံးကြည်တို့သည် ဦးအောင်ညွှန့်ရှေ့သို့ ရောက်လာကြ၍ ဦးအောင်ညွှန့်က ပြန်၍ရောက်လာခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောဆိုသံကို နားထောင်နေကြပြီးနောက် ဘကွန်းက 'ဒါထက် မပြုံးကြည်လဲ အိမ်ထောင်ပြုတော့မယ်'ဟု ပြောလိုက်ရာ ဦးအောင်ညွှန့်မှာ ဒေါသထွက်သောမျက်နှာသို့ပြောင်းလဲသွားပြီးလျှင် 'မင်းတို့တတွေ ဒီလိုချည်းပဲ အလုပ်ကိုနိုင်နိုင်နင်းနင်းလုပ်နိုင်ရင် လင်ယူပြီးထွက်ဖို့လောက်ပဲ စိတ်ကူးနေကြတယ်၊ အစကတည်းက ဒီအကြောင်းကို ပြောထားတယ်မဟုတ်ဘူးလား'ဟု ဆိုလေ၏။

ထိုအခါမှ ဘကွန်းကပြုံး၍ 'ဒါပေမယ့်... မပြုံးကြည် အိမ်ထောင်ပြုလို့ အလုပ်တိုက်က လက်လွှတ်လိုက်ရမှာ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ လက်ထပ်မလို့ပါပဲ'ဟု ပြောလိုက်မှ ဦးအောင်ညွှန့်မှာ ဝမ်းမြောက်ရွှင်လန်းသာကာ 'ဟေ... ဟုတ်လား၊ ဒီလိုဆိုရင် ငါက ငွေငါးရာ လက်ဖွဲ့ပါ့မယ်ကွာ၊ ခင်းတို့လင်မယား အိုအောင်၊ မင်းအောင် ချမ်းချမ်းသာသာ ပေါင်းနိုင်ပါစေ'ဟု ဆုပေးကာ မညားကြရမီကပင် လင်မယားဘွဲ့ထူးကို ချီးမြှင့်လိုက်လေတော့သတည်း။ ။

*သူရိယမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၃၉။*

www.burmeseclassic.com

www.burmeseclassic.com

## သူဒိုးပါတော့

မိန်းမယူရတော့မည်ကိုကြောက်သဖြင့် လူပျိုကြီးလုပ်၍နေလိုသူ အမြောက်အမြားရှိကြသည့်အထဲတွင် ဘလှသည် တစ်ယောက်အပါအဝင် ဖြစ်ပေ၏။ သို့ရာတွင် ဘလှသည် သူများတကာကဲ့သို့ မိန်းမကိုမုန်းတီးသူလည်းမဟုတ်၊ အိမ်ထောင်မှုကိစ္စနှင့်ပတ်သက်၍ ထမ်းရွက်ရမည့်တာဝန်ကို ကြောက်ရွံ့၍လည်းမဟုတ်၊ အာသဝေါကင်းသူလည်းမဟုတ်၊ အလွန်ပျော်မွေ့ဖွယ်ကောင်းလှသောလူပျိုဘဝကို မစွန့်လွှတ်နိုင်၍လည်းမဟုတ်၊ မိမိအားယူလိုသည့်မိန်းမ မရှိ၍လည်းမဟုတ်။ သို့ပါလျက် ဘလှသည် မိန်းမယူရမည်ကို ကြောက်ရွံ့၍နေခြင်းမှာ ရုတ်တရက်စဉ်းစားလိုက်မည်ဆိုသော် စဉ်းစားရခက်ကောင်းခက်ပေလိမ့်မည် ဖြစ်ပေ၏။

စင်စစ်မှာ ဘလှသည် အသက်နှစ်ဆယ့်ခုနစ်နှစ်တိုင်အောင် တစ်ကိုယ်ရေတစ်ကာယ လူပျိုဘဝနှင့် နေလာခဲ့ရသည်ကို ငြီးငွေ့စပြုကာ မိန်းမယူလိုသောစိတ်များပေါ်ပေါက်နေခဲ့သည်မှာ အမှန်ပင်ဖြစ်ပေ၏။ သို့ရာတွင် မိမိ၏ စိတ်တိုင်းကျ သဘောကျ၍ မိမိချစ်ခင်နှစ်သက်သော မိန်းကလေးတစ်ယောက်ယောက်ကို ရွေးကောက်ကာ လက်ထပ်ပေါင်းသင်းနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးသည် မိမိ၌မရှိဘဲ မိမိ၏အိမ်ထောင်ရေးမှာ အဒေါ်ဖြစ်သူအပျိုကြီး တစ်ဦး၏ စီမံခန့်ခွဲချက်အတိုင်း လိုက်နာရမည်ဖြစ်သောကြောင့် ဘလှမှာ မိန်းမယူရမည့်အရေးကို ရင်လေး၍နေခြင်းပင်ဖြစ်ပေ၏။

ဘလှ၏အဒေါ်ဖြစ်သူ ဒေါ်ဒေါ်နုမှာ ပစ္စည်းဥစ္စာတောင့်တင်းသော အပျိုကြီးတစ်ဦးဖြစ်လေရာ မိမိသေဆုံးသွားလျှင် ကြွင်းကျန်ရစ်ခဲ့သောပစ္စည်းများကို ဘလှအား အမွေအနှစ်ပေးခဲ့ရမည်ဖြစ်ရာ ပစ္စည်းပိုင်ရှင်၏သဘောထား အတိုင်း မိမိတို့၏ပစ္စည်းများကို မကွဲမပျက်စေလိုသောကြောင့် ချမ်းသာသူ၊ ဂုဏ်ရှိသူ၊ အထက်တန်းကျသူတို့၏ သားသမီးများနှင့်သာ လက်ဆက်ပေးလို သောဆန္ဒရှိသည်နှင့်အညီ ဘလှအား မိန်းမပေးစားရန် မကြာခဏကြိုးစား အားထုတ်လျက် ပိုက်ဆံရှိသူ၊ ဂုဏ်ရှိသူတို့၏သမီး အပျိုကလေးများနှင့် စပ်ဟပ် ပြောဆိုခဲ့ပေ၏။ သို့ရာတွင် ဘလှသည် ပစ္စည်းကြောင့်၊ ဂုဏ်ကြောင့် လက်ထပ် ရမည်ကို များစွာမုပင် မနှစ်သက်သူတစ်ဦးဖြစ်သည့်ပြင် မိမိမမြင်ဘူး၊ မချစ် ဘူးသူ တစ်ဦးတစ်ယောက်နှင့် ပေါင်းသင်းရမည်ကိုလည်း အလွန် စက်ဆုပ် မုန်းတီးလှသဖြင့် မိန်းမယူဖို့ရန် စိတ်မကူးဝံ့သေးကြောင်း၊ ယခု သဘောဘက် တွင် အင်ဂျင်နီယာကလေးအလုပ်မှ တဖြည်းဖြည်းတိုးတက်ဖို့ကိုသာ ကြိုးစား လျက် အလုပ်ကြီးအကိုင်ကြီးရမှ မိန်းမယူလိုကြောင်း စသည်ဖြင့် အမျိုးမျိုး အကြောင်းပြကာ အဒေါ်အပျိုကြီး၏စကားများကို ပယ်ရှားလာခဲ့လေ၏။

သို့ရာတွင် ဒေါ်ဒေါ်နုမှာ ဘလှ၏အိမ်ထောင်ရေးအတွက် ကြာရှည်စွာ စောင့်စား၍မနေနိုင်ဘဲ ဤအတောအတွင်း မတော်မတန်သောမိန်းမနှင့် ဖြစ်ပျက်မည်ကိုစိုးရိမ်ကာ မိမိမသေမီတွင် စိတ်ချလက်ချ ထားပစ်ခဲ့ချင်သော ကြောင့် ဘလှအတွက် သင့်တော်မည့်သူကို အမြဲပင်ရှာ၍နေလေ၏။

ဒေါ်ဒေါ်နုမှာ မင်းပိုင်း၊ စိုးပိုင်းတွင် လှည့်လည်နေသူဖြစ်သည့်အပြင် သမာဓိမြို့ဝန် ခန့်အပ်ထားခြင်းခံရသူဖြစ်သည့်အလျောက် မင်းပွဲ၊ စိုးပွဲ၊ သူဌေး ညှိခံပွဲစသော ပွဲတကာပွဲတွင် သူမပါလျှင်မပြီးသလောက် ဖြစ်ပေ၏။ ထိုသို့ သောပွဲများတွင် ပိုက်ဆံချမ်းသာသူများ၊ အထက်တန်းစားအရာရှိများသည် မိမိတို့၏သားသမီးများကို ခေါ်၍လာလေ့ရှိကြ၏။ ဒေါ်ဒေါ်နုသည် ဘလှနှင့် သင့်တော်မည့်မယားလောင်းကို ရွေးချယ်စရာရှိသည်နှင့်အညီ မိမိ၏မျက်စိ



တွေ့သူတစ်ဦးတစ်ယောက်ကိုမြင်လျှင် ဘလှအား အိမ်သို့ခေါ်ကာ ပြောဆို ဖျောင်းဖျလေ့ရှိပေ၏။

ထိုသို့ဖြစ်ရကား ဘလှသည် ဒေါ်ဒေါ်နုထံမှခေါ်သည်ဆိုလျှင် ထို အကြောင်းမျိုးကိုကြားရတော့မည်ကို ကြိုတင်သိနှင့်လေ၏။ တစ်ခါတစ်ရံ မှုကား ခေါ်သည်ကိုမသွားရအောင် အမျိုးမျိုးအကြောင်းရှာကာ မသွားဘဲနေ သည့်အခါ နေလိုက်ပေ၏။ ထိုသို့ အမျိုးမျိုးလှည့်ပတ်လာရာ ယခုမူ တိမ်းရှောင် ၍ မလွတ်နိုင်သော အချက်တစ်ခုကို တွေ့နေရလေတော့၏။

ထိုသို့တိမ်းရှောင်၍မလွတ်နိုင်ခြင်းမှာ ဒေါ်ဒေါ်နုသည် ဘလှအား အကြောင်းကြားခြင်းမပြုဘဲ မိမိသဘောအတိုင်း စစ်ကဲဦးပုဆိုသူ၏သမီး တစ်ယောက်နှင့် စကားစေ့စပ်ပြောဆိုပြီးမှ ဘလှထံ စာဖြင့်ရေး၍ အကြောင်း ကြားကာ ထိုနေ့ညနေတွင် သမက်လောင်း၏မျက်နှာကိုပြရန် အတူတူသွား ကြဖို့ ကုက္ကိုင်းရှိ မိမိနေအိမ်သို့လာရန် ခေါ်လိုက်ခြင်းကြောင့် ဖြစ်ပေ၏။

ယင်းကဲ့သို့ ဒေါ်ဒေါ်နုသည် တုပ်မိနှောင်မိဖြစ်အောင်ပြုလုပ်ပြီးမှ ခေါ်လိုက်ခြင်းဖြစ်ရာ ဘလှမှာ မည်သည့်နည်းနှင့်မျှ ငြင်းဆန်ပယ်ရှား၍ မသွားဘဲနေ၍ မဖြစ်တော့သည်ကို ကြုံတွေ့နေကာ စိတ်အညစ်ကြီးညစ်မိ လေ၏။

ဒေါ်ဒေါ်နု၏စာထဲတွင် စစ်ကဲကြီးမှာ ဘဏ်တွင်စုထားသော ငွေ အမြောက်အမြားရှိသည်ဟု ပါလာလေရာ ဂုဏ်လည်းရှိ၊ ပိုက်ဆံလည်းရှိသူ တစ်ဦးတစ်ယောက်သည် မိမိ၏သမီးကို ဘိလပ်ပြန်ဝတ်လုံ အိုင်၊ စီ၊ အက် စသည်တို့မှ ရည်မှန်းမည်ဖြစ်ပါလျက် 'မိမိကဲ့သို့သောသူတစ်ယောက်ကို သမီးဖြစ်သူနှင့် ပေးစားလိုသောဆန္ဒရှိသည်မှာ ထိုထိုသောဘိလပ်ပြန် အိုင်၊ စီ၊ အက် တို့ထဲက မကြိုက်ချင်စရာအကြောင်းတစ်ခုခုရှိ၍သာလျှင် ဖြစ်ပေ မည်ဟု ဘလှ၏စိတ်ထဲတွင် မှတ်ထင်မိလိုက်လေ၏။

သို့ဖြစ်ရကား အဆိုပါ စစ်ကဲကြီး၏သမီးမှာ နာမည်ပျက်ရှိ၍ပင် လော။ မီးယပ်ပိန် မီးယပ်ချောက်၊ ကျောက်ပေါက်မာ လက်တစ်နှိုက်လောက် နှင့် မျောက်အိုမကြီးပင်ဖြစ်၍လော။ သွားခေါခေါ၊ အရုပ်ဆိုးဆိုး၊ ပါးဖောင်းရိုးမ အသက်လေးဆယ်ကျော်ကြီးပင် ဖြစ်၍လောဟု ဘလှ၏စိတ်ထဲတွင် တွေးတော

www.burmeseclassic.com

www.burmeseclassic.com



ကာ မိမိမှာ ငွေကိုမက်၍ မိန်းမယူရမည့်အဖြစ်မျိုးကို အလွန်တရာမှ စက်ဆုပ်သည့်အထဲတွင် ကျွန်ကဲ့သို့ အရုပ်ဆိုး၊ အသက်ကြီးသောမိန်းမတစ်ယောက်ကို ယူရမည်ဖြစ်နေပြန်သဖြင့် မိမိမချစ်မနှစ်သက်ဘဲ ဖွတ်အတင်းယူရမည့်အရေးကို ရင်လေးကာ အော်ဂလီဆန်လျက် အဘယ်ပုံဖန်၍ ထိုထောင်ချောက်မှ လွတ်မြောက်အောင်လုပ်ရပါမည်နည်းဟု အကြံထုတ်ရလေတော့၏။

ဘလှမှာ မသွားလျှင်မဖြစ်တော့သည်ရှိရာ မိမိသွားခဲ့လျှင် ထိုအရုပ်ဆိုးမကြီးနှင့်တွေ့ရတော့မည်။ ထိုသို့တွေ့ကြလျှင် မိမိကဲ့သို့ ရုပ်ရည်သန့်ပြန့်သူတစ်ယောက်ကို အဘယ်နည်းနှင့်မျှ မကြိုက်ဘဲနေနိုင်မည်မဟုတ်၊ ထိုသို့စစ်ကဲကြီးသမီး၏ပါးစပ်မှ ကြိုက်ပါသည်၊ မိဘစကားအတိုင်းပါပဲဟု ပြောလိုက်လျှင် အမယ်အိုတစ်ပိုင်း၊ ခါးကိုင်းကိုင်းနှင့် ရှုတိုင်းမလှ၊ ရွတ်တွတွ မျောက်အိုမကြီးနှင့် ပေါင်းရတော့မည် မလွဲတော့သည်ကို တွေးမိလေ၏။

သို့ဖြစ်၍ နုံနုံချာချာဝတ်ဆင်သွားချေက မိမိအား အရုပ်ဆိုးသူတစ်ယောက်ဖြစ်သည်ဟု ထင်မြင်စရာရှိသည်အပြင် ဆင်းရဲသည်ဟု ယူမှတ်စရာဖြစ်၍ အဘယ်နည်းနှင့်မျှ စစ်ကဲကြီးက မက်မောမည်မဟုတ်။ မိမိ၏အဝတ်အစား ဟောင်းနွမ်းစုတ်ပြတ်စွာ ဝတ်ဆင်လာခြင်းကြောင့် အဒေါ်ဖြစ်သူကလည်း ထိုနေ့အဖို့ ထိုနေရာသို့ ခေါ်၍သွားချင်မှသွားပေလိမ့်မည်ဟု နှလုံးပြုကာ နုံချာချာဝတ်စားသွားရန် အကြံရလေ၏။

ထိုအကြံပေါ်ပေါက်သည်နှင့်တစ်ပြိုင်နက် ဘလှသည် အားရဟော့ရှင်ခြင်းဖြစ်ကာ လေတရွှီရွှီချွန်ရင်း ဟောင်းနွမ်းသောအဝတ်အစားများကို ရှာဖွေပြီးလျှင် မှန်ရှေ့တွင်ဝတ်ဆင်လျက် မိမိကိုယ်ကို အရုပ်မဆိုးဆိုးအောင် ဖန်တီးနေလေတော့၏။

အရုပ်ဆိုးအောင် ပြုပြင်ရသောအလုပ်မှာ ထင်သလောက် မလွယ်လှပေ၊ နဂိုရှိ အနေအတိုင်းနှင့်မတူဘဲ တစ်မျိုးပြုပြင်ပြောင်းလဲရာ၌ လှပအောင်ပြုလုပ်ရခြင်းမှာ အတော်အတန်ခက်ခဲလှသော်လည်း လူတိုင်းလိုလိုပင် အခါအားလျော်စွာ အလှအပပြုလုပ်ကြဖူးသဖြင့် လှပအောင်ပြုလုပ်ရန်မှာ လွယ်ကူသေး၏။ သို့ရာတွင် အရုပ်ဆိုးအောင်ပြုလုပ်ရသောအလုပ်မှာ ရုပ်ရှင်မင်းသား



လူကြမ်းများမှတစ်ပါး မည်သူမျှ မိမိကိုယ်ကို တမင်အရုပ်ဆိုးအောင် မလုပ်ကြဖူးသဖြင့် အရုပ်ဆိုးအောင် ပြုလုပ်ရခြင်းမှာ သာ၍ခက်ခဲလေတော့၏။ သို့ဖြစ်ရကား ဘလှမှာ မိမိကိုယ်ကို အရုပ်မဆိုးဆိုးအောင် အဝတ်အဟောင်းအနွမ်းများကို ဝတ်ဆင်ကြည့်ရာ၌ အရုပ်ဆိုးပုံမပေါက်။ ဆင်းရဲသော လူချောတစ်ယောက်၏ပုံမျိုးပေါက်သဖြင့် မိမိ၏မျက်နှာကို အဘယ်သို့ပြုပြင်ရမည်နည်းဟု အတန်ကြာစဉ်းစားခန်းထုတ်ပြီးမှ ဆံပင်များကို လက်ငါးချောင်းနှင့်မွှေ၍ ဖွာကြည့်လေ၏။

ထိုသို့ပြုလုပ်ရာတွင် အရုပ်ဆိုးနှင့်မတူဘဲ အရူးနှင့်တူနေသဖြင့် စိတ်ပျက်သွားပြီးလျှင် ဆံပင်ကို ပြန်၍ဖြီးရပြန်လေ၏။ ဘလှမှာ ရုပ်ရည်သန့်ပြန့်သူဖြစ်သည်နှင့်အညီ သပ်သပ်ရပ်ရပ် ဖြီးလိမ်းနေထိုင်တတ်သောကြောင့် ဆံပင်ပွရောင်းရောင်းနှင့်နေရမည်ကို ခေါင်းယားကာ ထိုအကြံကို ပယ်ဖျက်လိုက်ပြီး ဆံပင်ကောင်းစွာဖြီး၍သွားရန် နှလုံးပြုလိုက်လေ၏။

နောက်ဆုံးတွင် ဘလှသည် အကြံတစ်ခုရ၍ နှုတ်ခမ်းကိုရွဲ့ကာ မျက်စိကို စွေစောင်းပြီး မှန်ထဲသို့ကြည့်လိုက်ရာ အတော်အတန် ရုပ်ပျက်သွားသည်ကိုတွေ့ရသဖြင့် အလွန်သဘောကျ၍သွားကာ ပွဲသို့ရောက်လျှင် ထိုအတိုင်းပြုလုပ်၍နေရန် ဆုံးဖြတ်လိုက်လေ၏။

ထိုသို့ မိမိသဘောကျသောအချက်ကို တွေ့ရသည်နှင့်တစ်ပြိုင်နက် မိမိ၏ကားကလေးထားရာ ရုံဆီသို့သွားလေ၏။ ကားရုံသို့ရောက်လျှင် ဘလှသည် မိမိ၏အဝတ်အစားနှင့်ကားကို ယှဉ်၍ကြည့်ပြီးလျှင် ကျေနပ်သောအမူအရာဖြင့်ပြုံးလေ၏။ အကြောင်းမူကား ထိုကားကလေးမှာ ပိုင်ရှင် လေးငါးဦး ပြောင်းပြီးမှ မိမိလက်ထဲသို့ရောက်လာသော အော်စတင်ကားအဟောင်းကလေးပင်ဖြစ်ပေ၏။ ဘလှမှာ အင်ဂျင်နီယာတစ်ဦးဖြစ်သည့်အတိုင်း အလွန်ဈေးပေါစွာရသော ထိုကားကလေးကို အပျက်ဘဝမှဝယ်ယူပြီး မိမိလက်ထဲသို့ရောက်ခါမှ ကားအမျိုးမျိုးမှ ပစ္စည်းအတိုအစများတပ်ဆင်ကာ မိမိကိုယ်တိုင်ပြင်ဆင်အသက်သွင်းထားသောကားကလေးဖြစ်သဖြင့် ထိုကားကလေးကို အလွန်ချစ်နေသူတစ်ယောက်ဖြစ်ပေ၏။ ယခုမှ မိမိ၏အဝတ်အစားကလည်း နွမ်းနွမ်း၊ မိမိ၏ကားကလေးကလည်းစုတ်စုတ်နှင့် ပန်ရနေသည်ကို အလွန်

www.burmeseclassic.com



သဘောကျကာ ကားကလေးပေါ်သို့တက်၍ စက်နှိုးပြီးလျှင် လေကလေး တချွန်ချွန်ဖြင့် မောင်းနှင်၍ထွက်ခွာလာလေ၏။

ဘလှမှာ အကြံကောင်းတစ်ချက်ရ၍နေသဖြင့် အလွန်ပျော်ရွှင်၍ နေသူဖြစ်ရကား စိတ်ကူးဖြင့် လောကကြီးကို သတိမေ့နေသောကြောင့် တစ်နာရီလျှင် မိုင်နှစ်ဆယ်သာသာမျှဆွဲသော မိမိကားကလေးကို လီဗာအဆုံး နင်း၍ မောင်းနှင်လာခဲ့လေရာ ဘေးပတ်လည်တွင် ချာလည်လည်၍ နေရစ်ခဲ့ သော သစ်ပင်တိုက်တာများနှင့် အပြေးအလွှားရှောင်တိမ်းရင်း ကျန်ရစ်ခဲ့သူ တို့ကို သတိမမူနိုင်ဘဲ ရှိပေတော့၏။

ထိုသို့ ကားကလေးကို စက်ကုန်နှိုး၍ မောင်းနှင်လာခဲ့လေရာ မိမိ သွားရမည့်နေရာသို့ အရောက်တွင် ကားဦး၏ ရေဒီယိတ်တာ ရေနွေးအိုးမှ အငွေ့တထောင်းထောင်းထကာ ရေနွေးများဆူပွက်၍ ထွက်လာသည်ကို တွေ့ရသောကြောင့် မျက်လုံးပြူး၍သွားကာ ကားကိုစက်ရပ်ပြီးလျှင် ကားပေါ် မှ ဆင်းလိုက်ရလေ၏။

ဘလှသည် ရေဒီယိတ်တာအဖုံးကို ဖွင့်လိုက်ရာ ရေနွေးများဆူပွက်၍ ပန်းပြီးထွက်လာသည်ကို တွေ့ရလေ၏။ ထိုအခါမှ မိမိသည် အိမ်မှထွက်လာ စဉ်က ရေဒီယိတ်တာထဲသို့ ရေမထည့်မိသည်ကို သတိရတော့၏။ ရေဒီ ယိတ်တာမှာ အလွန်ပူသောကြောင့်၊ အဘယ်နေရာမှ ရေရှာ၍ထည့်ရပါမည် နည်းဟု မိမိ၏ဝဲယာပတ်လည်ကို ကြည့်လေ၏။

ထိုသို့ကြည့်လိုက်ရာတွင် ကိုက်တစ်ရာခန့်မျှ လွန်၍ကျန်ရစ်ခဲ့သော ခြံဝင်းကြီးက အိမ်ကြီးတစ်အိမ်ကို တွေ့မြင်လိုက်ရသဖြင့် ထိုအိမ်သို့သွား၍ ရေတောင်းရန် ကားကလေးကို ထိုနေရာ၌ပင်ထားခဲ့ပြီးလျှင် ထိုအိမ်ကြီးဆီသို့ ပြန်၍လျှောက်လာလေ၏။

ဘလှသည် ထိုအိမ်ခြံဝင်းထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အိမ် အောက်ထပ်အဝင်ဝတွင်ရပ်နေသော ဖြူဖြူသွယ်သွယ် အသက်ခြောက်ဆယ် ခန့်ရှိ မိန်းမကြီးတစ်ယောက်ကိုတွေ့မြင်ရသဖြင့် အိမ်ရှင်ဖြစ်သည်ကိုသိရှိကာ ရေတောင်းရန် ထိုမိန်းမကြီးထံသို့ တိုက်ရိုက်လျှောက်သွားလေ၏။ ဘလှသည်



ထိုမိန်းမကြီး၏မျက်နှာထားကို ကြည့်လိုက်ရခြင်းအားဖြင့် မိမိဝင်ရောက် လာမည်ကို သိရှိစောင့်စား မျှော်လင့်နေပုံဖြစ်သည်ကို ထင်မြင်မိလေ၏။

ဘလှသည် ထိုမိန်းမကြီး၏အနီးသို့ရောက်သွားသည်နှင့်တစ်ပြိုင်နက် မိမိ၏ဒုက္ခကို ပြောပြကာ ရေတောင်းမည်ဟု ပါးစပ်ဟလိုက်သည်နှင့် တစ်ပြိုင်နက် ထိုမိန်းမကြီးက 'သြော်··· မောင်ရင် ရောက်လာမှကိုး'ဟု ဆီး၍ပြောလိုက်ရာ ဘလှမှာ အံ့အားသင့်၍သွားလေ၏။ ထို့နောက်မှ အဆိုပါ မိန်းမကြီးသည် မိမိ၏ကား၌ တစ်စုံတစ်ရာ ချွတ်ယွင်းနေသည်ကို လှမ်း၍ မြင်နေသောကြောင့် စိတ်သဘောကောင်းသူဖြစ်သည့်အတိုင်း မိမိအပေါ်တွင် အလိုက်သိစွာ ပြောဆိုလိုက်ခြင်းဖြစ်ပေလိမ့်မည်ဟု တွေးမိလေ၏။

ထိုသို့ ငေးမောတွေးတောနေစဉ် မိန်းမကြီးက 'ဝင်လေ၊ ဘာလုပ်မလို့ ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေရတာလဲ'ဟု ပြောလိုက်ရာ ဘလှမှာ သာ၍အံ့အားသင့်သွားပြီးလျှင် ထိုမိန်းမကြီး၏စကားကို စိတ်အလိုအလျောက် လိုက်နာမိကာ အိမ်ထဲသို့ဝင်လိုက်မိလေ၏။

အိမ်ထဲသို့ရောက်သည်တွင် ထိုမိန်းမကြီးက ဘလှအား 'ဧည့်ခန်း အပေါ်ထပ်မှာရှိတယ်'ဟု ပြောလိုက်ရာ ဘလှမှာ 'ဧည့်ခန်းဟုတ်လား'ဟု သံယောင်လိုက်၍ပြောမိရင်း စောစောကထက် ပို၍အံ့အားသင့်မိလေ၏။

'ဧည့်ခန်း အပေါ်ထပ်မှာပေါ့မောင်ရဲ့၊ အပေါ်ထပ်မှာမထားလို့ မီးဖိုချောင်မှာ ထားရမှာလား'

'မဟုတ်ပါဘူး၊ ကျွန်တော်ပြောလိုတာက···'

'ဘာများပြောလိုနေပြန်ပါလိမ့်မလဲ၊ ဧည့်ခန်းမှာ ပီယာနိုမထားလို့ ဘယ်မှာထားရမှာလဲ'

ဘလှမှာ ထိုမိန်းမကြီး၏စကားကို ဘာမျှနားမလည်နိုင်အောင် ရှိပေ ၏။ ပီယာနိုလည်း ပါ၏။ မည်သည့်စကားမျှ မိမိနားမလည်သောကြောင့် မိမိသည် စိတ္တဇရောဂါကုသသောဆေးရုံသို့ ရောက်လာလေရော့လားဟု တွေးတောမိပြီးလျှင်···

'တဆိတ်··· ကျွန်တော်အစီရင်ခံပါရစေဦး' ဟု စကားလိုက်ပါ သော်လည်း ထိုမိန်းမကြီးသည် မိမိအား ဘာမျှအရေးမယူဘဲ အိမ်ပေါ်သို့တက်

www.burmeseclassic.com

www.burmeseclassic.com



သောလှေကားထိပ်သို့ လှမ်းကြည့်ပြီးလျှင် 'နွဲ့နွဲ့ရေ··· အောက်ကိုဆင်းခဲ့ဦး' ဟု ခေါ်လိုက်လေ၏။

ထိုသို့ ခေါ်လိုက်ပြီးသည်နှင့်တစ်ပြိုင်နက် ဘလှက မိမိစကားကို ဆက်လက်၍ပြောမည်ဟု နှုတ်ခမ်းပြင်လိုက်ပြီး ကြက်သေသေ၍ ငေးမောကာ လှေကားဆီသို့ ငေးစိုက်၍နေလေတော့၏။ ထိုသို့ ငေးစိုက်နေမိခြင်းမှာ ဘလှသည် လှေကားပေါ်မှ ဆင်း၍လာသောမိန်းမပျိုတစ်ဦး၏ မျက်နှာကလေးကို မြင်လိုက်ရသည်တွင် မိမိ၏တစ်သက်တွင် မြင်မြင်သမျှ မိန်းမများအနက် လှပသည်ဟုဆိုရလောက်သော မိန်းကလေးဟူ၍ ယခုဆင်းလာသူတစ်ယောက်သာ တွေ့မြင်ရသောကြောင့် ငေးစိုက်မိခြင်းဖြစ်ကာ နွဲ့နွဲ့ဆိုသူမှာ ထိုမိန်းမပျိုကလေးပင် ဖြစ်ပေလိမ့်မည်ဟု နှလုံးပိုက်လျက် စိုက်၍နေလေတော့၏။

နွဲ့နွဲ့၏အသားကလေးမှာ ဖြူဖွေးနုထွတ်၍နေရကား ဘလှ၏စိတ်ထဲတွင် ယခုကဲ့သို့ ခပ်လှမ်းလှမ်းမှ ကြည့်ရှုမှုပင် ပါးပေါ်တွင် ရှက်သန်းနေသော အကြောစိမ်းကလေးများကို မြင်ရသကဲ့သို့ ထင်မြင်မိပေ၏။ မျက်ခုံးကလေးများမှာ ဆေးရေးထားသကဲ့သို့ သေးကွေးလှသည့်ပြင် မျက်လုံးများမှာမူ ကြည်လင်ဝိုင်းစက်၍နေသည်ကို တွေ့ရပေ၏။ အိမ်တွင်း၌နေသည့်အခါဖြစ်၍ ပြင်ဆင်ဖြီးလိမ်းမထားသော်လည်း ကပိုကရိုထုံးထားသော ဆံထုံးသည် ပွရောင်းရောင်းခွေနွဲ့ကာ လေထဲတွင်လွင့်နေသော ဆံမြိတ်နှင့်ဆံလျှဉ်သည် လည်းကောင်း၊ အကြီးတစ်လုံး အငယ်တစ်လုံး သီကုံးထားသော လည်ဆွဲ ပုတီးကုန်းသည်လည်းကောင်း ဘလှ၏စိတ်ထဲတွင် အလွန်မှပင် အဆင်ပြေ၍ နေလေ၏။

ဘလှမှာ မိမိအနီးသို့ နွဲ့နွဲ့ရောက်၍လာသည်တိုင်အောင် ငေးမောတွေးတောကာ မတုန်မလှုပ်ကြည့်၍နေမိပြီး နွဲ့နွဲ့အား ခေါ်လိုက်သောမိန်းမကြီးက 'နွဲ့နွဲ့၊ သူ့ကိုဧည့်ခန်းမှာ ခေါ်သွားပေတော့' ဟု ပြောလိုက်မှ ဘလှသည် ငေးမောနေရာမှ သတိရ၍လာလေ၏။

ထိုအခါမှ ဘလှသည် မိမိလာခြင်းမှာ ရေယူရန်လာခြင်းဖြစ်လေရာ ဘုမသိဘမသိ ဧည့်ခန်းသို့လိုက်ရမည်ကို စဉ်းစား၍မရနိုင်ဘဲ မိမိလာရင်း အကြောင်းကိုပြောပြမည်ကြံကာ နွဲ့နွဲ့အားကြည့်လိုက်ရာ နွဲ့နွဲ့က 'လာလေ···



အပေါ်တက်ခဲ့ပါ' ဟု ခေါ်လိုက်သည်တွင် ပြောပြမည့်စကားများ၊ ကြံထားသော စကားများ လွင့်စင်ပျောက်ပျက်၍သွားကာ နွဲ့နွဲ့၏ရုပါရုံ၏ ဆွဲငင်ခြင်းအားဖြင့် ရှေ့တွင်ဘာပဲဖြစ်ဖြစ် ဒါလောက်လှတဲ့သူတစ်ယောက် ခေါ်ရာနောက်ကို လိုက်သွားမည်ဟုအကြံပြုကာ မိမိ ရေအလိုရှိခြင်းကိုမပြောဘဲ ငြိမ်၍နေလိုက်လေ၏။

ထိုအခိုက်တွင် မိန်းမကြီးက ဘလှအား 'နို့··· မောင်ရင့် တန်ဆာပလာတွေကော' ဟု မေးလိုက်ရာ ဘလှမှာ ဘာမေး၍ ဘာကိုဖြေရမှန်းမသိဘဲ ရှိကာ···

'ခင်ဗျား၊ ကျွန်တော့် တန်ဆာပလာဟုတ်လား' ဟု ပြန်၍ဆိုမိလေ၏။

'အေးလေ··· တန်ဆာပလာမရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး ပီယာနို ပြင်မှာ တုန်း'

ထိုသို့ပြောလိုက်ကာမှ ဘလှသည် ယခုဖြစ်ပျက်နေသော အရှုပ်အထွေးအကြောင်းကို ရေရေလည်လည် သိရှိရိပ်မိကာ မိမိ၏အဝတ်အစားကို ငုံ့၍ကြည့်မိလေ၏။ မိမိမှာ အဝတ်အစား နွမ်းနွမ်းနယ်နယ်နှင့် ဝင်၍လာခဲ့သူဖြစ်လေရာ ပီယာနိုပြင်ပေးမည့်သူကို စောင့်မျှော်နေသည့်သူသည် မိမိ၏ အဝတ်အစားကိုကြည့်၍ မိမိအား တူရိယာတိုက်ကြီးတစ်တိုက်မှ လွှတ်လိုက်သော စက်ပြင်ဆရာတစ်ယောက်ဟု အထင်အမြင်လွဲနိုင်စရာအကြောင်းရှိသည့်အပြင် မိမိစီးနင်း၍လာသောကားကလေးမှာ တိုက်ဆိုင်ကြီးများမှ အသုံးပြုသောကားနှင့် တူနေသောကြောင့် မိမိအား ပီယာနိုပြင်ရန်လာသူနှင့် အထင်လွဲခြင်းဖြစ်ပေတည်းဟု ရိပ်မိလျက် ရယ်ချင်သောစိတ်ကို မနည်းမျိုသိပ်ထားလိုက်ရလေ၏။

ဘလှသည် ၎င်းတို့အထင်လွဲခြင်းကို သိရပြီဖြစ်ရာ ဤနေရာတွင်ပင် အကျိုးအကြောင်း ရှင်းလင်းပြဖို့ပင်ရှိသော်လည်း ထိုသို့ပြောပြလိုက်ခြင်းကား အထင်လွဲနေကြသူများ ရှက်ရမ်းအားနာ၍ မသွားစေလိုသည့်ပြင် ထိုသို့ပြောလိုက်က ရေရပြီးသည်နှင့်တစ်ပြိုင်နက် နွဲ့နွဲ့နှင့် ခွဲခွာလိုက်ရတော့မည်ဖြစ်သောကြောင့် ၎င်းတို့အထင်လွဲသည်ကိုပင် အလိုက်သင့်နေလိုက်ကာ နွဲ့နွဲ့နှင့် ခပ်ကြာကြာ နီးကပ်စွာနေဖို့ရန် စိတ်ပိုင်းဖြတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သည်နှင့်လျော်ညီစွာ ဘလုသည် ထိုမိန်းမကြီး၏မေးခွန်းကို ကြားရသည့်အခါတွင် 'ဟုတ်ကဲ့၊ ပထမဦးဆုံး ပီယာနိုမှာ ဘယ်နေရာက ပျက်နေတယ်ဆိုတာ ကြည့်ပြီးမှ အလိုရှိတဲ့ စူးဆောက်တန်ဆာပလာကို ပြန်ပြီး ယူပါ့မယ်' ဟု လှည့်ပတ်၍ပြောလိုက်ပြီးလျှင် နွဲ့နွဲ့နောက်မှ တက်၍လိုက်သွားရန် ဟန်ပြင်နေလေ၏။

နွဲ့နွဲ့သည် ရှေ့ကလမ်းညွှန်၍ တက်သွားမည်အပြုတွင် ထိုမိန်းမကြီးက 'နွဲ့နွဲ့ရေ… အပေါ်မှာ သူတစ်ယောက်တည်း မထားနဲ့နော်၊ ငွေမီးခြစ်ဘူး၊ ငွေဖလားကလေးတွေ အံဆွဲထဲထည့်ပြီး သော့ပိတ်ထားလိုက်' ဟု လှမ်းပြော၍ ပြောလိုက်ရာ နွဲ့နွဲ့သည် ဘလု၏မျက်နှာကိုကြည့်ပြီး အားနာသောအမူအရာကို ပြကာ မျက်နှာတွင် ရှက်သွေးဖြန်းလျက် 'အို… မေမေကလဲ၊ ဘာတွေပြောတာလဲလို့' ဟု ဘလု ရှက်မသွားအောင် ပြောလိုက်လေ၏။

'နွဲ့နွဲ့ ညည်းမသိပါဘူး၊ လာပါဦး' ဟု အမေကြီးက ခေါ်လိုက်ပြန်သဖြင့် နွဲ့နွဲ့သည် တက်တော့မည်လုပ်နေရာမှ ပြန်၍ဆင်းကာ ဘလုအား ရှက်ပြုံးပြုံး၍ကြည့်ခဲ့ပြီးလျှင် ၎င်း၏မေမေထံသွားလေ၏။

'ဒီကောင်လေးရုပ်ကြည့်ရတာ ရိုးပုံမရဘူး၊ ဘိန်းစားမျက်လုံးမျိုးနဲ့ အကြည့်မရိုးဘူး'

'မဟုတ်ပါဘူး မေမေရယ်၊ ကျွန်မမျက်စိထဲမှာ လူရိုးလူကောင်း တစ်ယောက်ပဲလို့ ထင်တာပဲ'

'ဒါပေမယ့် ငါ့မျက်စိထဲမှာ သူခိုးလိုလို၊ အရူးလိုလို ထင်နေတာပဲ၊ သူခိုးဖြစ်ဖြစ်၊ အရူးဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အမြဲကြည့်နေဖို့လိုတယ်'

နွဲ့နွဲ့မှာ မိမိ၏မိခင်အကြောင်းကို နားလည်ပြီးသားဖြစ်၍ ထပ်၍ စကားရှည်နေရန်မလိုဟု ထင်သောကြောင့်လား၊မသိ ဘာမျှပြန်မပြောတော့ဘဲ ပြန်၍သွားပြီး ဘလုအား အိမ်ပေါ်သို့လိုက်ခဲ့ပါဟုခေါ်၍ တက်သွားလေ၏။

အပေါ်ထပ်သို့ရောက်သောအခါ ဘလုသည် ခမ်းနားလှပသော ဧည့်ခန်းကြီးကိုတွေ့ရသဖြင့် ထိုအိမ်ကြီးတွင် နေကြသူများမှာ အထက်တန်းစားထဲကဖြစ်သည်ကို တွေးမိလေ၏။



နွဲ့နွဲ့သည် ဘလု၏ရှေ့ကသွားပြီးလျှင် ဧည့်ခန်းနံရံတစ်ဖက်တွင် ကပ်ထားသော ပီယာနိုအနားသို့ကပ်ကာ 'ဟောဒီဟာ ပြင်ပေးဖို့ပဲ' ဟု ပြောပြလေ၏။

ဘလုမှာ စက်မှုလက်မှုပညာ၌သာ ဝါသနာပါရှိတတ်မြောက်သူဖြစ်၍ တူရိယာ၊ တေးကဗျာ၊ ဂီတတို့တွင် ဝါသနာမပါ၊ ဘာမှလည်း နားမလည်သူတစ်ယောက်ဖြစ်သဖြင့် မည်သို့မည်ပုံ ပြုလုပ်ရပါမည်နည်းဟု မကြံတတ်အောင်ရှိပေ၏။ ထို့ပြင် ယခုပြင်ရမည့်ပစ္စည်းမှာ စက်နှင့်ပတ်သက်သော ပစ္စည်းမျိုးမဟုတ်သောကြောင့် ဘလုမှာ စက်အတတ်တွင် နားလည်သော်လည်း ထိုပစ္စည်းကို မည်သို့မည်ပုံ ပြင်ရမည်မသိ မည်သည့်နေရာ၊ မည်သည့်အရပ်တွင် မည်သည့်အရာရှိသည်ကိုလည်း မသိသောကြောင့် အခက်ကြုံ၍နေလေ၏။ သို့ရာတွင် မိမိဇာတ်ကို မိမိထွင်ခဲ့ပြီးဖြစ်ပေရာ မီးစင်ကိုကြည့်၍ ကရတော့မည်ဖြစ်ရကား ဘာမှနားမလည်သူနှင့်စာလျှင် မိမိမှာ စက်မှုပညာတတ်ထားသူတစ်ယောက်ဖြစ်သောကြောင့် လုပ်ရင်းကိုင်းရင်း အမှားကို တွေ့နိုင်မည်ဖြစ်၍ ပြင်၍ရနိုင်သလောက် ရပေလိမ့်မည်ဟု နှလုံးပြုကာ ဟန်မပျက်စေရအောင် ပီယာနိုကိုဖွင့်၍ကြည့်လေ၏။

ဘလုသည် ပြင်၍ရနိုင်သည့် အရာအားလုံးကို ဖွင့်၍ကြည့်ပြီးလျှင် အသံစမ်းသည့်သဘောမျိုးဖြင့် ခလုတ်များကို နှိပ်ကြည့်လိုက်ရာ ပီယာနိုမှာ နဂိုက ပျက်၍နေရသည်တွင် ဘလု၏ လက်ပေါက်စမ်းပုံမှာလည်း နည်းမဟုတ်သောကြောင့် ခွေးဝဲစားအကန်ခံရသလို ပီယာနိုမှာ တဂိန်ဂိန်မြည်၍ ထွက်လာလေ၏။

ထိုသို့ တဂိန်ဂိန်မြည်သံကြားရ၍လည်း အဘယ်နေရာတွင် ပျက်နေသည်ကို ဘလုမှာ မသိချေ။ သို့ရာတွင် မိမိ၏အမူအရာမပျက်စေရန် ချွတ်ယွင်းနေချက်ကို သိရှိသည့်အလား 'အင်း… အတွင်းက နည်းနည်းပျက်နေတယ်၊ ပြင်တဲ့ပစ္စည်းတွေ သွားယူလိုက်ဦးမယ်' ဟု နွဲ့နွဲ့အား ခပ်တည်တည်ပြောပြီးလျှင် ဆင်းခဲ့လေ၏။

အောက်သို့ရောက်သောအခါ နွဲ့နွဲ့၏မိခင်ကြီးနှင့်တွေ့ရာ မိမိအား တစ်စုံတစ်ရာ ဆီး၍မေးမည်စိုးသောကြောင့် မမြင်ဟန်ဆောင်၍ ထွက်ခဲ့ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ကားကလေး ဆိုက်ထားရာနေရာသို့သွားလေ၏။ ကားဆီသို့ရောက်သော အခါတွင် ဘလှသည် ရှေ့သို့ဆက်၍ ဘယ်ပုံလုပ်ရပါမည်နည်းဟု အကြံထုတ်လေ၏။

မိမိဘာမျှမသိဘဲ ဆက်လက်ပြီးလိမ်နေလျှင် အလိမ်ပေါ်က ဒုက္ခတော့ တွေ့တော့မှာပဲဟုအောက်မေ့ကာ ထိုအိမ်ကြီးသို့ပြန်၍မသွားဘဲ ကားကို ရေထည့်ရန် တခြားနေရာသို့သွား၍တောင်းပြီး ဆက်လက်ထွက်ခွာသွားရလျှင် ကောင်းမည်လားဟု စဉ်းစားလိုက်ရာ ထိုသို့ထွက်ခွာသွားလျှင် နောင်ကို နဲ့နဲ့နှင့် တွေ့ရတော့မည်မဟုတ်၊ ယခုလည်း အားရပါးရမကြည့်ရ၊ မတွေ့ရ၊ မပြောဆိုရသေးသဖြင့် ဝေခွဲ၍မရနိုင်ဘဲရှိပြီးမှ နဲ့နဲ့၏ဆွဲငင်သောအာရုံမှာ ပြင်းထန်လှသောကြောင့် 'ဟယ်… ဖြစ်ချင်ရာဖြစ်ပါစေ၊ နောင်ခါလာ နောင်ခါချေးပဲ'ဟု နှလုံးပြုကာ မော်တော်ကားပြင်သော ကိရိယာများထဲမှာ အသုံးချနိုင်မည်ထင်သောပစ္စည်းများကို ရွေးချယ်ပြီးလျှင် ပြန်၍လာခဲ့လေ၏။

ဘလှသည် ပီယာနိုရှိသည့်နေရာသို့ ပြန်ရောက်သည့်တစ်ပြိုင်နက် တန်ဆာပလာများကိုချကာ အင်္ကျီလက်မောင်းကိုပင့်ပြီးလျှင် ပီယာနိုကို ဖြုတ်ချင်ရာဖြုတ်၊ ခွာချင်ရာခွာ၊ ဝက်အူကို လှည့်လိုရာလှည့်၊ ကျပ်လိုရာကျပ်သဖြင့် အမျိုးမျိုးဖျက်ဆီး၍နေလေတော့၏။ ပီယာနိုမှာ လွန်စွာနုနယ်နယ် ကိုင်တွယ်ရသောပစ္စည်းဖြစ်ရာတွင် စက်မောင်းများဖြုတ်တပ်ပြင်ဆင်ရာ၌ အကြမ်းပတမ်းကိုင်တွယ်ရလေ့ရှိသော ဘလှ၏ ထင်သလို ပြုခြင်းအားဖြင့် ကြည့်ရှု၍မကောင်း ဖြစ်နေလေတော့၏။ သို့ရာတွင် ဘလှမှာ ဘာမှဂရုမစိုက်ဘဲ မော်တော်ကားပြင်သည့်ပမာ ပီယာနိုအောက်တွင် ပက်လက်လှန်လျက် ဖြုတ်လိုက် တပ်လိုက် လုပ်၍နေလေရာ နဲ့နဲ့မှာ ဘလှ၏အမူအရာကိုကြည့်ပြီး ဘာမျှမပြောနိုင်ဘဲ စိုက်ကြည့်၍နေလေ၏။

ထိုနောက် ဘလှသည် စောစောက ဖြုတ်ထားသောပစ္စည်းများကို ပြန်၍တပ်ဆင်ပြီးနောက် နဖူးမှချွေးများကိုသုတ်ရင်း 'အင်း… ဒီပီယာနိုကျမှ အတော့်ကိုပြင်ပြီးယူရတာပဲဟု နဲ့နဲ့အားပြောလေ၏။

'အခုကောင်းသွားပြီးလား'ဟု နဲ့နဲ့ကိုမေးလေ၏။

'ကောင်းသွားပြီ၊ တီး… တီးကြည့်ပါလား'



နဲ့နဲ့သည် ကျေနပ်အားရသောအမူအရာဖြင့် ပီယာနိုအနားသို့ကပ်ကာ တီးကြည့်ရာ ဘာမျှအသံမထွက်ဘဲ စောစောက ဂိန်ဂိန်အသံပင် ပြန်၍မကြားရသောကြောင့် ဘလှအား လှည့်၍ကြည့်လိုက်ရာ ဘလှမှာ မျက်လုံးပြူး၍နေလေတော့၏။

'ဘယ့်နှယ်တုန်း၊ အသံလဲမထွက်တော့ပါလား'

ဘလှမှာ ပြူးကြောင်ကြောင်၊ ကြက်သေသေနေရာက ထိုသို့ပြောလိုက်သံကြားရမှ သတိရလာပြီးလျှင် ရုတ်တရက် ဉာဏ်ထုတ်၍ 'ဩော်… နောက်ထဲက ခလုတ်တွေကို ဆီမထည့်ရသေးလို့' ဟု ပြောကာ ပီယာနို နောက်ဖုံးကို ခွာပြန်လေ၏။

နဲ့နဲ့မှာမူကား မိမိ၏ပီယာနို ပျက်တော့မှာပဲဟု စိုးရိမ်သည့်အမူအရာဖြင့် ကြည့်နေလေ၏။ ဘလှမှာမူ ခလုတ်များကို ဆီထည့်သလိုလိုလုပ်ရင်း ကျပ်နေသောဝက်အူများကို လျှော့၍ပေးကာ မတပ်မိဘဲထားသောအရာများကို ပြန်၍တပ်ပေးပြီးလျှင် 'ရှေ့က နှိပ်ကြည့်စမ်းပါဦး'ဟု နဲ့နဲ့အား ပြောလိုက်ရာ နဲ့နဲ့သည် လက်ပေါက်စမ်းကြည့်လိုက်သည်တွင် 'ဒန့်… ဒလန်းဒန်… ဒိန်း'ဟူ မြည်၍ထွက်သွားလေ၏။

ဘလှသည် နဲ့နဲ့ မျက်နှာမဲ့သွားသည်ကို မကြည့်ဘဲ အသံထွက်လာသည်ကို ကြားရခြင်းဖြင့် ကျေနပ်၍သွားကာ ဆက်လက်၍လုပ်ရင်း 'အခု ကောင်းသွားပါပြီ၊ အသံညှိဖို့ပဲလိုတော့တယ်' ဟု စိတ်ချလက်ချ ပြောလိုက်လေ၏။

သို့ရာတွင် နဲ့နဲ့သည် ဘလှ၏စကားကို မယုံသည့်ပမာ ၎င်း၏ အရိပ်အကဲကို စိုက်ကြည့်နေမိပြီးလျှင် 'ရှင်… ပီယာနိုပြင်တာ သိတ်ပြီးမတတ်သေးဘူးထင်တယ်၊ အခုမှ အလုပ်သင်စ ထင်တယ်'ဟု ပြောလေ၏။

ဘလှသည် နဲ့နဲ့အားကြည့်လိုက်ပြီးလျှင် 'အလုပ်သင်စဆိုရင်လဲ မမှားပါဘူး၊ နို့ပေတဲ့ ဒီပစ္စည်းမျိုးက ခက်ခက်ခဲခဲတွေ သိပ်ပြီးများတယ်၊ အခုတော့ နေရာကျလာပြီ'ဟု ပြောလိုက်လေ၏။

'ဒါဖြင့်… မေမေ့ကိုခေါ်ပြီး ပြလိုက်မယ်လေ'ဟု နဲ့နဲ့က ပြောရာ ဘလှ၏စိတ်တွင် မိမိပြောသလိုမဖြစ်သေးက ထိုမိန်းမကြီးတွေ့မှ သာပြီးခက်

www.burmeseclassic.com

www.burmeseclassic.com



မည်ကို လန့်သွားကာ 'နေပါဦးလေ၊ စမ်းကြည့်ပါဦး'ဟု မိမိ၏ လုပ်စရှိသည့် နေရာများကို ဆက်လက်၍ လုပ်နေလေ၏။

'အို... ပြီးလုမှပဲ၊ စမ်းကြည့်ဖို့ မလိုတော့ပါဘူး'ဟု ပြောပြီး နွဲ့နွဲ့သည် လှေကားဆီသို့လှမ်း၍ 'မေမေ'ဟုခေါ်လိုက်ရာ ဘလှမှာ လုပ်ရင်းကိုင်ရင်း တုန်တုန်ယင်ယင် ဖြစ်နေလေ၏။

ထိုသို့ ဘလှသည် နွဲ့နွဲ့၏မိခင်ကြီးရောက်လာမည်ကို ကြောက်ရွံ့နေရသည့်တွင် ထိုမိန်းမကြီးရောက်၍လာသောအခါ ခက်ထန်၍ မျက်မာန်ရှသောမျက်နှာထားကို တွေ့မြင်ရသည့်တွင် သာ၍ထိတ်လန့်သွားလေ၏။

အပေါ်ထပ်သို့ တက်၍လာသည့်တွင် ထိုမိန်းမကြီးသာမဟုတ်ဘဲ ၎င်း၏နောက်ကလည်း လူတစ်ယောက်ပါလာသည်ကိုတွေ့ရကာ ထိုသူတွင် ပီယာနိုပြင်သောကရိယာများ ပါလာသည်ကိုတွေ့ရသောကြောင့် ဘလှမှာ ပီယာနိုပြင်ဆရာနှင့် ရင်ဆိုင်တွေ့နေပြီကိုသိကာ မိမိ၏အယောင်ဆောင်မှု ပေါ်တော့မည်ကို ထိတ်လန့်မျက်လုံးပြူးလျက် ထွက်ပေါက်ကို ကြိုတင်၍ ရှာထားလေ၏။

နွဲ့နွဲ့၏မိခင်ကြီးသည် ဘလှအား လက်ညှိုးထိုးပြကာ မိမိနောက်မှ ပါလာသော ပီယာနိုပြင်သည့်ဆရာအား 'ဒီသူငယ်ကို သိသလား'ဟု မေးလေ၏။

'ဟင့်အင်း... မသိဘူး၊ ဒီမျက်နှာမျိုး ဒီတစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးတယ်'

'ဒါဖြင့် မင်းတို့ကုမ္ပဏီကမဟုတ်ဘူးပေါ့'

'ဟင့်အင်း... မဟုတ်ဘူး'

ထိုသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက် နွဲ့နွဲ့မိခင်ကြီး၏မျက်နှာမှာ ကြမ်းကြုတ်ရက်စက်သောအမူအရာသို့ ပြောင်းသွားပြီးလျှင် 'အစစ်ပါပဲ တော်... သူခိုးပါပဲ၊ အစက ကျုပ်အထင်သား၊ မျက်နှာကိုက မရိုးဘူး၊ကျုပ် ထင်ရင် မမှားဘူး၊ ဟိုတစ်နေ့က ဝင်ဒါမီယာခြံထဲမှာ အိမ်တစ်အိမ် ဖောက်သွားတာ သူတို့ပါပဲ၊ ဒီသူခိုး ဘယ်မှမပြေးစေနဲ့၊ ဂါတ်ကို တယ်လီဖုန်း ဆက်လိုက်ဦးမယ်'ဟု ဆိုကာ တယ်လီဖုန်းရှိရာသို့ သွားသည့်တွင် ဘလှမှာ ဘာမျှမမြင်နိုင်



တော့ဘဲ ထူပူမူးဝေ၍သွားကာ နွဲ့နွဲ့၏မျက်နှာကိုပင် မကြည့်ဝံ့ပဲရှိပြီးလျှင် ဆင်း၍ထွက်ပြေးရန် လှေကားဆီသို့ လှမ်းကြည့်လိုက်လေ၏။

ထိုသို့ကြည့်လိုက်ရာတွင် လှေကားထိပ်ဆီ၌ ပီယာနိုပြင်သူသည် ပိတ်ဆီးရပ်တန့်နေသည်ကို တွေ့ရပြီးလျှင် ထိုသူလည်း ဘလှထွက်ပြေးမည့်ဟန်ဖြင့် ကြည့်သည်ကိုတွေ့ရ၍ လှေကားထိပ်တွင် လက်နှစ်ဖက် ဆန့်တန်းကာ ထုပ်ဆီးတမ်းကစားသလို လက်ခြေကားယားနှင့် ကာဆီး၍နေလေ၏။

သို့ဖြစ်၍ ဘလှမှာ ထိုအပေါက်က ဆင်း၍ပြေးလျှင် ပီယာနိုပြင်သည့်ဆရာ၏လက်ထဲတွင် ကွိခနဲမိ၍နေမည်ကိုသိသောကြောင့် အိမ်တွင်းခန်းသို့ စွတ်၍ပြေးလေ၏။ ထိုသို့ပြေးသည်ကို နွဲ့နွဲ့၏မိခင် မြင်သည်နှင့်တစ်ပြိုင်နက် 'လိုက်ကြပါဟဲ့... ဖမ်းပါဟဲ့... ဆီးပါဟဲ့' ဟု အော်လေရာ ပီယာနိုပြင်ဆရာလည်း အိမ်တွင်းသို့ ဝင်၍လိုက်လေ၏။ နွဲ့နွဲ့မှာမူ လှေကားမှနေ၍ ဆင်းပြေးလေ၏။

ဘလှသည် နောက်ကပြေး၍လိုက်လာသည်ကို သတိရ၍ စားပွဲတစ်လုံးကို လမ်းတွင် ပိတ်ဆို့ပစ်လှဲထားလိုက်ရာ လိုက်၍လာသော ပီယာနိုပြင်ဆရာမှာ အရှိန်မသတ်နိုင်တော့ဘဲ စားပွဲနှင့်တိုက်၍ လဲလေ၏။ ထိုအခါမှ ဘလှသည် နောက်ဖေးသို့ရောက်သွားပြီးလျှင် အောက်သို့ဆင်းသော လှေကားတစ်ခုကိုတွေ့၍ ထိုလှေကားမှဆင်းပြေးရာ အောက်ထပ်နောက်ဖေးခန်းသို့ ရောက်သွားသဖြင့် ထိုနောက်ဖေးခန်းမှထွက်လျှင် အစေခံများလက်ထဲသို့ ရောက်တော့မည်ကိုသိသောကြောင့် အိမ်ရှေ့ဘက်ဆီသို့ ပြေးလာခဲ့လေ၏။

ထိုသို့ပြေးလာရာတွင် အိမ်ရှေ့ခန်းသို့ထွက်သောတံခါးမှာ အပြင်ဘက်ကပိတ်ထားသည်ကိုတွေ့သဖြင့် ထွက်ဖို့ရန်အကြံခက်နေပြီးမှ ကိုယ်လုံးနှင့် တိုက်၍ဖွင့်ရန် သတိရပြီးလျှင် တံခါးကို ကိုယ်နှင့် ဘေးစောင်းတိုက်လေ၏။ သို့ရာတွင် တစ်ချက်နှစ်ချက်တိုက်သည်တိုင်အောင် တံခါးမပွင့်ဘဲရှိသဖြင့် နောက်တစ်ချက်တွင် အရှိန်ယူ၍ပြေးပြီးတိုက်လိုက်ရာ အပြင်ဘက်မှ တစ်ဦးတစ်ယောက်က တံခါးဖွင့်ခိုက်နှင့် ကြုံကြိုက်နေသဖြင့် အားလွန်၍သွားကာ ဘလှမှာ ရှေ့သို့ ထိုးစိုက်၍လဲပြီး လိမ့်၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘလုမှာ နာကျင်သည်ကို ဂရုမစိုက်နိုင်ဘဲ လဲရာက ထလိုက်ရာ တံခါးဖွင့်ပေးသူမှာ နွဲ့နွဲ့ဖြစ်သည်ကိုတွေ့ရပြီးလျှင် မိမိအား နွဲ့နွဲ့က စိုက်ကြည့်ကာ 'ပြေး... ပြေး... မြန်မြန်ပြေး၊ မေမေ ပုလိပ်ကိုခေါ်လိုက်ပြီ'ဟု ပြောလိုက်ရာ ဘလုမှာ နွဲ့နွဲ့၏စကားကိုကြားရ၍ အံ့အားသင့်သွားပြီး ပြေးဖို့ ကိုပင်မေ့ကာ တွေဝေ၍ကြည့်နေသောကြောင့် နွဲ့နွဲ့က ထပ်မံ၍အပြေးနိုင်း လေ၏။

'ကျုပ်ကိုမဖမ်းဘဲ ဘာပြုလို့အပြေးခိုင်းတာလဲ၊ ကျုပ် သူခိုးမဟုတ်ဘူးဆိုတာ ဘယ်နှယ့်ကြောင့်သိသလဲ'ဟု ဘလုက အံ့သြသောအမူအရာဖြင့် မေးလေ၏။

'အို... ကိုယ့်ဖာသာကိုယ် လွတ်အောင်သာပြေးပါ၊ ဘယ်နည်းနဲ့ သိသိ မေးမနေပါနဲ့'

ဘလုသည် မကျေနပ်သေးဘဲ ထပ်၍မေးမည်အပြုတွင် အိမ်တွင်းမှ ပြေး၍လိုက်လာသော ပီယာနိုပြင်ဆရာကို တွေ့ရသဖြင့် မမေးနိုင်တော့ပဲ ပြေးရလေ၏။ ထိုသို့ထွက်ပြေးရာတွင် လိုက်လာသောသူမှာ ဝလည်းဝ၊ မောလည်းမောသဖြင့် မမီနိုင်ဘဲရှိကာ အိမ်ဝင်းတံခါးဝတွင် ကျန်ရစ်ခဲ့လေ၏။

ဘလုသည် ကားရှိရာသို့ အမြန်ရောက်အောင်ပြေးပြီး ကားပေါ်သို့ တက်၍ စက်နှိုးလေ၏။ ကားမှာ အတန်ကြာရပ်ထားသောကြောင့် ရေဒီယိတ်တာ အေး၍သွားပြီဖြစ်သဖြင့် အနှောင့်အယှက်မပေးဘဲ ထွက်သွားမှ ဘလုမှာ စိတ်အေးသွားလေတော့၏။ ထိုအခါမှ ဘလုမှာ မိမိ၏အဖြစ်အပျက်များကိုတွေး၍ ငိုချင်၊ ရယ်ချင်သလိုကြီးဖြစ်မိကာ နောက်ဆုံးတွင် အသံထွက်အောင် ဟက်ဟက်ပက်ပက်ကြီး ရယ်မိလေတော့၏။

သို့နှင့် ဘလုသည် ကားကို ခပ်မှန်မှန်မောင်း၍လာခဲ့ရာ မိုင်ဝက်ခန့်မျှ မောင်းမိလျှင် မိမိရှေ့မှလာနေသော မော်တော်ကားကြီးတစ်စင်းကို တွေ့မြင်ရသဖြင့် အံ့အားသင့်သွားလေ၏။ အကြောင်းမူကား ထိုကားမှာ ဒေါ်ဒေါ်နု၏ ကားဖြစ်ပေတော့၏။

မကြာမီ ကားတစ်စင်းနှင့်တစ်စင်း ကိုက်ငါးဆယ်မျှအကွာသို့ ရောက်ကြသောအခါ ဘလုသည် ရှေ့မှလာသောကားထဲမှာ လက်ထုတ်ပြကာ

BURMESE CLASSIC .com



အရပ်ခိုင်းလိုက်သော ဒေါ်ဒေါ်နုကိုတွေ့ရသဖြင့် ကားကိုအရှိန်သတ်လိုက်ကာ ဒေါ်ဒေါ်နု၏ကားဘေးတွင် ဝင်၍ဆိုက်ရပ်လိုက်လေ၏။

'အပါ.. မင်း ဘယ်နှယ့်လုပ်တာလဲကွဲ့၊ တကတည်း စောင့်လိုက်ရတာ၊ မင်းမလာနိုင်လွန်းတာနဲ့ အိမ်ကိုလိုက်ပြီးခေါ်ရအောင် ထွက်လာခဲ့ရတယ်'ဟု ဒေါ်ဒေါ်နုက ကားပေါ်မှနေ၍ပြောရင်း ဘလု၏ကိုယ်၌ အဝတ်အစားကို ကြည့်မြင်မိသဖြင့် 'အို... ဘယ်လိုလုပ်တာလဲ အပါရဲ့၊ သမက်လောင်းပြုရအောင်သွားတာ ဒီလိုပဲ ဝတ်လာရသလားကွယ့်၊ တယ်လဲခက်တာကိုး၊ မင်းတစ်ယောက်ကတော့လေ သိပ်ပြီး ဖွတ်တာရွတ်နိုင်တာပဲ'ဟု မြည်တွန်လေ၏။

ဘလုသည် ကားပေါ်မှဆင်း၍ ဒေါ်ဒေါ်နု၏ကားဘေးတွင်ရပ်ရင်း မည်သို့လီဆယ်ရပါမည်နည်းဟု ဉာဏ်ထုတ်လိုက်ပြီးသော် 'မဟုတ်ပါဘူး ဒေါ်လေးရဲ့၊ ဒေါ်လေးဆီကစာနဲ့ ကျွန်တော်နဲ့ လွဲနေပြီ၊ ဒေါ်လေးစာကို ခုတော့ အချိန်မရှိတာနဲ့ ကျွန်တော်လဲ ကမန်းကတန်းထွက်လာခဲ့ရလို့ပါ၊ ဒါတောင်နောက်ကျနေသေးတယ်' ဟု လီဆယ်လိုက်လေ၏။

ဒေါ်ဒေါ်နုသည် စိတ်မသက်သာသောအမူအရာဖြင့် ဘလုကို ငေးစိုက်၍ကြည့်ရင်း တစ်စုံတစ်ရာတွေး၍နေပြီးမှ စိတ်ကူးရလာသော အမူအရာဖြင့် 'ကဲ... ကဲ မင်းကိုအဝတ်အစားပြန်ပြီး လဲခိုင်းဖို့လဲ အချိန်မရှိတော့ဘူး၊ ဒီအဝတ်အစားနဲ့လဲ မင်းလိုက်လို့တော့ မဖြစ်ဘူး၊ မင်းအဝတ်အစားနဲ့ မြဒင်အဝတ်အစား လဲကြပေတော့' ဟု ပြောလိုက်ရာ ဒေါ်ဒေါ်နု၏ ဒရိုင်ဘာမြဒင်မှာ မိမိအကောင်းဆုံးဝတ်လာသော အဝတ်အစားကို ဘလု၏ အစုတ်အပြတ်နှင့် လဲလှယ်ဝတ်ရန် နှလုံးမသက်သာ ဖြစ်သွားလေ၏။

ဘလုမှာမူ တစ်စုံတစ်ရာ အပြောရခက်သောမျက်နှာနှင့် ကြည့်နေရာ ဒေါ်ဒေါ်နုက မင်းတို့မှာ အတွင်းခံဘောင်းဘီမှ မပါကြဘူးလားကွယ့်၊ မပါရင်လဲ ကားနောက်မှာ သွားပြီးလဲကြပါ၊ ငါမျက်နှာလွှဲထားပါမယ်' ဟု ပြောလိုက်သဖြင့် ဘလုနှင့်မြဒင်တို့မှာ ဘာမျှမပြောနိုင်ဘဲ ကားနောက်သို့ ရောက်သွားကြလေ၏။

မကြာမီပင် ဘလုသည် အဝတ်အစားပြောင်ပြောင်လက်လက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍လာပြီး မြဒင်မှာမူ မိမိကိုယ်ပေါ်ရှိ အဝတ်အစားကိုကြည့်ကာ ရှုံ့မဲ့မဲ့ကြီး ဖြစ်နေလေတော့၏။

'ကဲ… အပါ၊ ဒေါ်လေးကားနဲ့ လိုက်ခဲ့ပေတော့'

'နို့… ကျွန်တော့်ကားကလေး ဘယ်လိုလုပ်ထားခဲ့ရမှာလဲ'

ဒေါ်ဒေါ်နုသည် ခေတ္တမျှစဉ်းစားပြီး 'မြဒင်နဲ့ ထားခဲ့တာပေါ့' ဟု ပြောလိုက်ရာ မြဒင်မှာ တစ်ဖက်သို့မျက်နှာလှည့်ပြီး တစ်စုံတစ်ရာ ရေရွတ်လိုက်လေ၏။

ထို့နောက် ဘလှသည် ဒေါ်ဒေါ်နု၏ ကားပေါ်သို့တက်ပြီးလျှင် မောင်းနှင်၍ထွက်ခဲ့လေရာ မြဒင်မှာ ဘလှ၏ကားစုတ်ကလေးတွင် ထိုင်၍ ကျန်ရစ်ခဲ့လေ၏။

ဘလှသည် မိမိ၏ဒေါ်လေးမှာ အတော်ပင်တတ်နိုင်သောမိန်းမဖြစ်ပေသည်ဟုတွေးရင်း မောင်းနှင်၍လာခဲ့လေရာ အတန်ငယ်မောင်းနှင်မိလျှင် ဒေါ်ဒေါ်နုက 'ကဲ… အပါရေ၊ ဒီရှေ့မှာရပ်ပေတော့' ဟု ပြောလိုက်သဖြင့် ဘလှလည်း ကားကိုရပ်ပြီးနောက် မိမိတို့ဆိုက်ရောက်လာသောအိမ်ကို ကြည့်လိုက်ရာ နွဲ့နွဲ့တို့၏အိမ်သို့ ပြန်၍ရောက်နေသည်ကိုတွေ့ရသဖြင့် မျက်လုံးပြူး၍သွားလေတော့၏။ ဘလှသည် မိမိ၏ဒေါ်လေး စေ့စပ်ထားသူမှာ နွဲ့နွဲ့ပင် ဖြစ်နေသည်ကိုသိရှိရလေရာ စောစောကအဖြစ်အပျက်များကို အကြောင်းပြု၍ မိမိ၏မျက်နှာကိုပြရန် အခက်ကြုံနေလေတော့၏။

ထိုအခါမှ ဘလှမှာ မိမိဒေါ်လေးအပေါ်တွင် အထင်အမြင် မှားခဲ့ခြင်းကို တွေး၍ယူကြုံးမရ ဖြစ်နေလေတော့၏။ အကယ်၍သာ မိမိသည် ဒေါ်လေး စေ့စပ်ထားသောမိန်းမကို အရုပ်ဆိုးအကျည်းတန်သူတစ်ယောက်ဟူသော ထင်မှတ်ခြင်းကို မပြုခဲ့မိလျှင် မိမိသည် စုတ်ပြတ်သောအဝတ်အစားကို ဝတ်လာမည် မဟုတ်၊ ထိုသို့ မဟုတ်သဖြင့် အဝတ်အစား ကျကျနနဝတ်၍လာခဲ့လျှင် မော်တော်ကားရေထည့်ရန် နွဲ့နွဲ့တို့၏အိမ်သို့ဝင်၍ ရေတောင်းရာ၌ မိမိအား ပီယာနိုပြင်ဆရာနှင့် အထင်မှားမည်မဟုတ်။ ထိုသို့ အထင်မမှားခဲ့လျှင် အမှားမှား အယွင်းယွင်းကိစ္စများ ဘာမျှဖြစ်ပွားမည်မဟုတ်ဘဲ ယခုကဲ့သို့ မျက်နှာပူစရာမရှိဟုတွေးမိကာ မိမိကိုယ်ကိုမိမိ အပြစ်တင်၍မဆုံးနိုင်ဘဲ ကားပေါ်မှ အဆင်းရခက်နေစဉ်တွင် 'အပါ… ဆင်းလေ၊ ဘာဝေးနေတာလဲ' ဟု အောက်



သို့ ရောက်နေသော ဒေါ်ဒေါ်နုကပြောလိုက်မှ ဘလှသည် ယောင်တိယောင်ကန်းနှင့် ကားပေါ်မှဆင်းလေ၏။

'ဒေါ်လေး ကျွန်တော်မလိုက်ချင်ဘူး၊ ဒေါ်လေးတစ်ယောက်တည်း သွားပါတော့၊ ကျွန်တော်ကားထဲမှာ စောင့်နေမယ်'

'အို… မင်းကို လူပြရအောင်ခေါ်လာတာ၊ ကားစောင့်ရအောင် ခေါ်လာတာမှ မဟုတ်ဘဲနဲ့'

'ကျွန်တော်ရှက်တယ် ဒေါ်လေးရဲ့၊ မလိုက်ချင်ဘူး'

'အောင်မာ… ယောကျာ်းကလေးကများ ရှက်ရသေးသလား'

'မဟုတ်ဘူး၊ အဝတ်အစားမကောင်းလို့'

'ဘာပြောတယ်၊ စောစောကတော့ အစုတ်အပြတ်ဝတ်လာပြီး အဲဒီအစုတ်အပြတ်နဲ့တော့ မရှက်ဘဲ ဝင်ရဲလို့လား၊ အခု ကောင်းကောင်းမွန်မွန်ဝတ်ရတော့ ရှက်သလား၊ အလကား မင်းညာတာ၊ မနေရဘူး… လာလိုက်ခဲ့' ဟု အတင်းခေါ်လေရာ ဘလှမှာ နောက်ထပ်ဘာမျှ ဆင်ခြေမတက်နိုင်ဘဲ ဒေါ်ဒေါ်နုခေါ်ရာသို့ ကန့်လန့်ကန့်လန့်နှင့် ပါ၍သွားလေ၏။

ဘလှမှာ အိမ်ထဲသို့ရောက်လျှင် မိမိအား မည်သို့မည်ပုံ ပြုကြမည်နည်းဟု စိတ်မသိုးမသန့်ဘဲရှိရာက အိမ်ထဲသို့ဝင်လိုက်ရာတွင် အိမ်ရှေ့အောက်ထပ်၌ မည်သူမျှ မရှိသည်ကိုတွေ့ရ၍ ရုတ်တရက် ဘာမျှမဖြစ်သေးသောကြောင့် စိတ်သက်သာသွားလေ၏။

'ဒေါ်လေး၊ ကျွန်တော်အောက်ထပ်မှာပဲ နေရစ်ခဲ့ပါမယ်၊ ဒေါ်လေးတစ်ယောက်တည်း တက်သွားပါ'

'မင်းကို မြင်ချင်တယ်ဆိုလို့ ခေါ်လာတာ'

'သူတို့ကြည့်ချင်ရင် ဆင်းကြည့်လိမ့်မပေါ့ ဒေါ်လေးရဲ့၊ သူတို့လဲ ပြောင်ဘယ်ကြည့်ရဲမလဲ၊ မသိမသာကြည့်ကြမှာပေါ့၊ ကျွန်တော်အောက်မှာ ရှိတယ်လို့သာ ပြောလိုက်ပါ'

'မင်း ထွက်မပြေးနဲ့နော်'

'စိတ်ချပါ ဒေါ်လေးရ၊ ဘယ်မှမသွားပါဘူး' ဟု ပြောမှ ဒေါ်ဒေါ်နုလည်း ဘလှ၏စကားကိုယုံကြည်ကာ အိမ်ပေါ်သို့တက်သွားလေ၏။

အိမ်ပေါ်သို့ရောက်သောအခါ ဧည့်ခန်းထဲတွင်ရှိကြသော နွဲ့နွဲ့နှင့်

www.burmeseclassic.com



၄င်းမိခင်ကြီးတို့က ဆီးကြိုနှုတ်ဆက်ပြီးလျှင် နေရာထိုင်ခင်းများပေးပြီးနောက် နွဲ့နွဲ့၏မိခင်ကြီးက 'ကျောင်းအမကြီးတစ်ယောက်တည်းလား' ဟု မေးလေ၏။

'ဒီက လူကလေးလဲ ပါလာပါတယ်၊ အောက်ထပ်မှာ နေရစ်ခဲ့တယ်၊ ဒါထက် စစ်ကဲကြီးကော'

'အပြင်ထွက်သွားတယ်၊ တော်တော်ကြာသွားပြီ၊ ဒီအချိန်ကို ပြန်ပြီး လာမယ် ပြောသွားတယ်'

ထိုအခိုက်တွင် နွဲ့နွဲ့သည် မိမိနှင့်စေ့စပ်လာသူမှာ မည်ကဲ့သို့သော လူစားမျိုးဖြစ်သည်ကို နောက်ဖေးမှဆင်း၍ ချောင်းမြောင်းကြည့်ရှုရန် ထသွားလေ၏။

နွဲ့နွဲ့၏မိခင်ကြီးလည်း သမက်လောင်းကို ကြည့်လိုသဖြင့် အောက်ထက်သို့ဆင်းရန် ဉာဏ်ထွင်ပြီးလျှင် 'ကျောင်းအမကြီး… ခဏထိုင်ပါဦး၊ လက်ဖက်ရည် ဖျော်ခိုင်းလိုက်ပါဦးမယ်' ဟု ဆို၍ထရာ 'အို… ဒုက္ခမရှာပါနဲ့၊ တခြားလူတွေမှ မဟုတ်ဘဲ' ဟု ထုံးစံအတိုင်းပြောသော်လည်း နွဲ့နွဲ့၏မိခင်သည် အတင်းပင်ထ၍လာကာ လှေကားမှဆင်းလေ၏။

ဘလှသည် အောက်ထပ်အိမ်ရှေ့ခန်းရှိ စားပွဲတွင်ထိုင်ကာ ပန်းစိုက်သော ကြေးအိုးကြီးကို ကိုင်၍ကြည့်နေရာမှ အိမ်ပေါ်မှဆင်းလာသောခြေသံကို ကြားရသဖြင့် မော်၍ကြည့်လိုက်ရာ နွဲ့နွဲ့၏မိခင်ကြီးနှင့် မျက်နှာချင်းဆုံ၍ နေသဖြင့် မျက်နှာပုပ်၍သွား၏။

နွဲ့နွဲ့၏မိခင် မင်းကတော်ကြီးသည် ဘလှ၏မျက်နှာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ရှေ့သို့မလှမ်းနိုင်ဘဲ ရပ်တန့်၍သွားကာ ပက်လက်လန်၍ လဲတော့မည်ဟန်မျိုးဖြစ်သွားပြီးလျှင် ပါးစပ်အဟောင်းသားဖြင့် ကြက်သေသေ၍သွားလေ၏။ ထိုအခိုက်တွင် ဘလှသည် ထိုင်ရာမှထလိုက်ရာ မင်းကတော်ကြီးသည် ဘလှထွက်ပြေးမည်အထင်နှင့် သတိရကာ ခပ်မြန်မြန်ဆင်း၍လာလေ၏။

ဘလှမှာ ဘာလုပ်ရမည်မသိဘဲ တုန်တုန်ချည့်ချည့် ဖြစ်၍နေလေတော့၏။ မင်းကတော်ကြီးသည် ခပ်သုတ်သုတ်လျှောက်လာပြီးလျှင် ဘလှရှေ့တွင် ရပ်လိုက်ပြီးနောက် ဘလှအား ခြေဆုံးခေါင်းဆုံးကြည့်လေ၏။ ပြီးမှ ထိုသို့ကြည့်



ရုံနှင့် အားမရနိုင်သေးဘဲ ဘလှ၏နားရွက်ကို ကိုင်၍ကြည့်လေ၏။ ပြီးမှ တစ်ဖန် မေးစေ့ကိုကိုင်၍မော့ကာ ဘယ်ညာလှည့်၍ ကြည့်လေ၏။ ဘလှမှာ ဘာမျှမကြံတတ်ဘဲ လုပ်သမျှခံနေရလေ၏။

မင်းကတော်ကြီးသည် ဘလှအား သေချာစွာကိုင်တွယ်ကြည့်ရှု၍ အားရတော့မှ မျက်နှာကိုစိုက်၍ကြည့်ကာ ကြောက်ရွံ့သောမျက်နှာကို ပြောင်းလိုက်ပြီးနောက် 'သူခိုးပါတော့… သူခိုးပါ' ဟု ငယ်သံပါအောင် ကုန်း၍ဟစ်လိုက်ရာ ဘလှမှာ မကြံတတ်မစည်တတ်ဖြစ်ကာ ဘာမျှမငြင်းနိုင်တော့ဘဲ မျက်လုံးပြာဝေ၍ သွားလေတော့၏။

ဒေါ်ဒေါ်နုမှာ သူခိုးဟုသောအသံကိုကြားလျှင် ထိတ်လန့်၍သွားကာ မိမိဝတ်ဆင်လာသော နားကပ်၊ လက်ကောက်၊ လက်စွပ်များကို ကမန်းကတန်း ဖြုတ်ခါ အတွင်းအင်္ကျီအိတ်ထဲသို့ ထိုးသွင်းသိုဝှက်ပြီးလျှင် ပုန်းစရာနေရာကို ရှာ၍နေလေ၏။

အိမ်နောက်ဖေးတွင်ရှိကြသော အစေခံများမှုကာ သူခိုးအော်သံ ကြားရသည်နှင့်တစ်ပြိုင်နက် လက်နက်အဖြစ်ဖြင့်အသုံးပြုရန် ဆွဲမိဆွဲရာ ဖြစ်သော ယောက်မများ၊ ဖွန်းကြီးများ၊ တံမြက်စည်းများကို ဆွဲကိုင်ကာ ပြေး၍လာကြလေ၏။ ဘလှမှာ ကြောင်တောင်တောင်ငေး၍နေမိရာမှ အစေခံများ ပြေး၍ဝင်လာကြသည်ကိုတွေ့ရလျှင် ၄င်းတို့လက်ထဲ၌ ကိုင်လာကြသော လက်နက်များကို လှံများ၊ ဓားများပမာ မြင်ယောင်ထင်မှားဖြစ်ပြီးလျှင် ချာခနဲလှည့်ကာ ထွက်ပြေးသည်တွင် အစေခံများလည်း အတင်းပြေး၍ လိုက်ကြလေ၏။ ဘလှမှာ ထိုသို့ပြေးရင်း လှည့်ကြည့်လှည့်ကြည့် လုပ်သွားလေရာ တစ်ကြိမ်တွင် နောက်မှလိုက်သူတို့ဘက် ပြန်၍အလှည့်တွင် တစ်ဦး တစ်ယောက်သောသူ၏လက်ထဲသို့ ကွီခနဲဝင်၍တိုးမိကာ မိမိအား အတင်းဖက်၍ ဖမ်းထားသည်ကို တွေ့ရလေ၏။

အစေခံများကလည်း ပြေး၍လိုက်ရာရင်း 'ကိုယ်တော်… ကိုယ်တော် မလွှတ်နဲ့… ကိုယ်တော်၊ မြဲမြဲဖက်ထားပါ' ဟု အော်၍ပြောကြလေရာ ဘလှသည် မိမိဖက်ထားသူကို ကြည့်လိုက်ရာ နှုတ်ခမ်းမွေးကြီးနှင့် ခံ့ညားသော လူကြီးတစ်ယောက်ဖြစ်နေသည်ကိုတွေ့ရ၍ နွဲ့နွဲ့၏ဖခင်ကြီးဖြစ်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိလေ၏။ ဘလှမှာ မိမိအိမ်သို့ပြန်လာသော စစ်ကဲကြီးဦးပု၏လက်ထဲသို့ ဝင်၍တိုးမိကာ အဖမ်းခံရလေ၏။

အစေခံများလည်း အတင်းပြေး၍လာကြပြီးလျှင် ဘလှအား ရိုက်မည် နှက်မည်ပြုလုပ်ကြရာ စစ်ကဲကြီးက 'ဟဲ့… ဟဲ့ မလုပ်ကြနဲ့… မလုပ်ကြနဲ့၊ လက်လွန်ကုန်မယ်၊ အိမ်ထဲခေါ်သွားပြီး ပုလိပ်လက်ထဲအပ်လိုက်ကြ' ဟု ဆိုမှ ဘလှမှာ သက်သာသွားပြီး အစေခံများ ချုပ်ကိုင်ဆွဲခေါ်ရာသို့ လိုက်ပါလာခဲ့ရလေ၏။

ဒေါ်ဒေါ်နုမှာ သူခိုးမိပြီဆိုမှ ကြောက်စိတ်များပျောက်သွားကာ သူခိုးကြည့်ရန်ဆင်းလာရင် မိမိ၏တူကို ဂုဏ်တင်လိုသောကြောင့် 'သူခိုးကို ဘယ်သူဖမ်းပေးသလဲ၊ ဒီကတူ အပါဖမ်းပေးတယ် ထင်တယ်'ဟု ဆို၍မှ မဆုံးမီ အဖမ်းခံရသူမှာ ဘလှဖြစ်နေသည်ကိုမြင်ရ၍ ဟိုက်ခနဲအသံထွက်ကာ အမြန်ဆင်းလာပြီးလျှင် 'အမယ်လေး… အဲဒါ ကျုပ်တူပါတော်၊ သူခိုး မဟုတ်ပါဘူး'ဟု ရင်ဘတ်စည်တီးပြောလိုက်ရာ ဘလှအား ဖမ်းထားသူများမှာ အံ့အားသင့်ကာ ငေး၍နေကြလေ၏။ ထိုအခါတွင် မင်းကတော်ကြီးက 'သေသေချာချာကြည့်ပါဦး ကျောင်းအမရဲ့၊ စောစောကလဲ တစ်ခါခိုးရအောင် လာတာ သူပဲ၊ သူခိုးမှ အစစ်ပါတော်၊ သူခိုးပါပဲ'ဟု ပြောလေ၏။

ဒေါ်ဒေါ်နုသည် ဘလှအားကြည့်ပြီး 'ဟုတ်ပါတယ် မင်းကတော်ရဲ့၊ ဒီကတူအစစ်ပါ၊ မင်းကတော် လူမှားလို့ပါ' ဟု ပြောပြီး ဘလှအား 'ဟဲ့… အပါ၊ မင်းဘယ်နယ့်ဖြစ်တာတုန်း၊ ပြောစမ်းပါဦးကွယ်'ဟု မေးသော်လည်း ဘလှသည် ဘာမျှမပြောဘဲ အလွန်ရှက်ကာ ခေါင်းငုံ့၍နေလေ၏။

ထိုအခိုက်တွင်မှ လှုပ်လှုပ်ရွရွဖြစ်နေကြသော လူစုအကြားထဲသို့ နွဲ့နွဲ့ရောက်၍လာပြီးလျှင် မိခင်ကြီးကိုကြည့်၍ပြုံးကာ 'အဲဒါ သူခိုး မဟုတ်ပါဘူး၊ မေမေရဲ့' ဟု ပြောပြရာ မင်းကတော်ကြီးက 'ညည်းက ငါ့ထက်ပဲ မျက်စိမှုန်နေသလား၊ တွေ့လိုက်ရတာမှ မကြာသေးဘူး၊ မမှတ်မိတော့ဘူးလား' ဟု ပြောလေ၏။

'မဟုတ်ဘူးမေမေရဲ့၊ ကျွန်မပြောပြမယ်' ဟု ဆိုကာ ဘလှအား ပီယာနိုပြင်သူအထင်ဖြစ် မင်းကတော်ကြီး အိမ်ထဲသို့ အတင်းဆွဲခေါ်ကြောင်း၊



မိမိကား ဘလှ၏မော်တော်ကားရပ်သည်ကို အိမ်ပေါ်မှမြင်လိုက်ရပြီး ရေထည့်ရန်လာတောင်းသည်ကို သိရကြောင်း၊ ထိုအခါကပင် ဘလှမှာ လူကောင်း တစ်ယောက်ဖြစ်သည်ကိုသိနေကြောင်း စသဖြင့် အကုန်ဖွင့်ပြောပြရာ အားလုံး ငေးမောနေကြ၏။

'နို့… ဒီလိုမဟုတ်မှန်သိရဲ့သားနဲ့ စောစောက ဘာပြုလို့ မပြောသလဲ' ဟု မင်းကတော်ကြီးကမေးရာ နွဲ့နွဲ့သည် ဘာမျှပြန်၍မပြောဘဲ ရှက်ကြောက်သည့်အမူအရာဖြင့် ပြုံးပြုံးကလေးလုပ်ကာ ခေါင်းငုံ့နေသည်ကို တွေ့ရလေ၏။

ထိုအခါမှ ဒေါ်ဒေါ်နုသည် စောစောကဖြစ်ပျက်ခဲ့ပုံများကို သိရပြီးလျှင် နွဲ့နွဲ့၏ပြုံးနေပုံအကြောင်းရင်းကို ရိပ်မိသောကြောင့် ဘလှအား 'နို့… မင်းကကော ရေယူရန်လာတုန်းက မင်းကိုမှားပြီးခေါ်တာ ဘာပြုလို့ မှားကြောင်းမပြောပြဘဲ ဟန်ဆောင်နေရသလဲ' ဟု မေးလိုက်လေ၏။

ဘလှမှာ မိမိ၏အရှုပ်အထွေး ရှင်းသွားပြီကိုတွေ့ရ၍ စိတ်သက်သာ ပျော်ရွှင်သွားကာ ဒေါ်ဒေါ်နုမေးသောစကားကို အသံကြားအောင်မဖြေဘဲ ဒေါ်ဒေါ်နု၏နားတွင်ကပ်၍ 'သူ့မျက်နှာကလေးကို မြင်ရကတည်းက အနားက မခွာချင်လို့' ဟု တိုးတိုးပြောပြလိုက်ရာ ဒေါ်ဒေါ်နုသည် အူလှိုက်သည်းလှိုက် ရယ်မောကာ 'ဒါနဲ့များ မင်းက မိန်းမ မယူချင်သေးဘူးဆို' ဟုပြောလိုက် သည်တွင် စစ်ကဲကြီးနှင့် မင်းကတော်တို့သည် ထိုစကား၏အနက်ကိုတွေးကာ ဘလှ၏ဖြေလိုက်စကားကိုရိပ်မိ၍ ပြုံးလေရာ ဘလှနှင့်နွဲ့နွဲ့တို့မှာ ရှက်ပြုံးပြုံး၍နေကြလေ၏။

ထိုအခါမှ စစ်ကဲကြီးက ပြုံးရယ်ရွှင်လန်းသောမျက်နှာကြီးဖြင့် 'ဟား… ဟား… လက်စသတ်တော့ သမက်သူခိုးထင်ဆိုတာ ဒါမျိုးကိုး…' ဟု ပြောလိုက်ရာ အစေခံများမှာ စစ်ကဲကြီး၏အမူအရာကိုကြည့်ပြီး အားရပါးရ ရယ်မိကြလေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ရွှေစာပေတိုက်မှ

## ထုတ်ဝေပြီးစာအုပ်များ

၁။ ရာဇကုမာရ (၃-ကြိမ်) … ချစ်ဦးညို
၂။ မိသားစုလက်ရွေးစင်ဝတ္ထုတိုများ … သိပ္ပံမောင်ဝ
၃။ ခေတ်စမ်း၏ပန်းသုံးပွင့်ရနံ့များ … သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်
၄။ အမှတ်တရ သိပ္ပံမောင်ဝ … မြင့်ကြိုင်(အမျိုးသားစာကြည့်တိုက်)
၅။ အဟိတ်… ဝတ္ထုဇာတ်လမ်းများ … သိပ္ပံမောင်ဝ
၆။ မြန်မာစာရေးဆရာတို့၏ကလောင် … စာရေးဆရာစုံ
၇။ အမှတ်တရ ဇော်ဂျီ … စာရေးဆရာစုံ
၈။ လွမ်း (တ-ကြိမ်) … တက္ကသိုလ်ဘုန်းနိုင်
၉။ ငှက်ခမွှသဘင် … ပါရဂူ
၁၀။ လက်ရွေးစင် ဆရာ့ဇာတ်လမ်းရုံ … မောင်သင်
၁၁။ သူဖတ်သောစာ၊ သူရေးသောစာ …မြင့်သန်း
၁၂။ ပဉ္စာကထာ … ပါရဂူ
၁၃။ ရွှေဦးကျက်သရေ …နှင့်ကျွန်တော် ရသစာတမ်းငယ်များ … ဇော်ဂျီ
၁၄။ သိပ္ပံမောင်ဝ ရာပြည့်စာတမ်းများ … သန်းထွတ်(ပညာရေးတက္ကသိုလ်)၊ ယုယုလွင် (Ms.Yuri Takahashi)၊ အောင်စိုးဦး၊ ချစ်နိုင် (စိတ်ပညာ)၊ လှထွန်း(မြန်မာစာ)၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ သုရဇော်၊ မောင်စွမ်းရည်တို့၏ စာတမ်းများ။
၁၅။ ထူးဆန်းသောပုံပြင်များ (၃-ကြိမ်) … သော်တာဆွေ
၁၆။ လိပ်ပြာနှင့်လက်ရွေးစင်စာများ … တိုက်စိုး
၁၇။ ဖန်တီးသူအကြိုက် လက်ရွေးစင်ဝတ္ထုတိုစု … ခင်နှင်းယု၊ ခင်ဆွေဦး၊ ကြူကြူသင်း၊ မစန္ဒာ၊ နုနုရည်(အင်းဝ)၊ ဂျူး၊ သန်းမြင့်အောင်… တို့၏ စိတ်ကြိုက်ဝတ္ထုတိုများ။
၁၈။ ဇဝန ဝတ္ထုတိုပေါင်းချုပ်(၁) … ဇဝန
၁၉။ လွင့်မျောနေသောကမ္ဘာကြီး၏အနုပညာသည်တစ်ဦး … မြင့်သန်း
An Artist of the Floating World by KAZUO ISHIGURO
၂၀။ မြသန်းတင့် … ပါရဂူ
၂၁။ သားမောင်မောင် … တင့်တယ်
၂၂။ ကိုငှက်ရိုးနှင့် … သနပ်ခါးလူးခြင်း … ငြိမ်းကျော်

## ယခုလ

၂၃။ ဇဝန ဝတ္ထုတိုပေါင်းချုပ်(၂) … ဇဝန

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၂၄။ နှစ်လောက … မောင်ထွန်းသူ
Adventures in two worlds … A.J. Cronin
၂၅။ အငွေ့ပျံခြင်းနှင့် လက်ရွေးစင်ဝတ္ထုတိုစု … သန်းမြင့်အောင်

BURMESE CLASSIC .com
www.burmeseclassic.com